Quality စာအုပ်တိုက်မှ စီစဉ်သည်

| | |
|---|---|
| မာန်သစ်မင်း | ကိုးလောင်းနှင့် တွေတွေဆိုင်ဆိုင် |
| ဒဂုန်ရွှေမှူး | မမျှော်လင့်သော အချက်တစ်ခု |
| လက်ျာလင်းပြာ | နဂါးပြာကြီး |
| နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ) | စိတ်တစ်ဖက်ကမ်းက လခြမ်းနီ |
| မိုးကျော် | မှုဆိုးလက်သင် လျှော့်ပိုပြင် |
| ရော | ရတနာသိုက်ရှာပုံတော် |
| မောင်ညီမှိုင်း(သန်လျင်) | သမုဒ္ဒယကြိုးပြတ်ကျွန်း |
| အမ်ဂျီလုကြည် | သွေးရောင်လွှမ်းသည့် အတ္တလွင်ပြင် |
| ဖျာပုံလှမိုးနွယ် | မမျှော်လင့်သော ဘိုးတော်ကြီး |
| ဗဟိုစော | တစ်ပတ်လည်သော အတိတ်စက်ဝိုင်း |
| တင့်ထူး(ဝေဿယျဝတီ) | လူမှုဆိုးနှင့် ဝံမှုဆိုး |
| တင်နိုင်ဝင်း (ထမင်းချေးမြို့) | ထက်ဝက်သော အတတ်ပညာ |



Quality စာအုပ်တိုက်မှ စီစဉ်သည်

# သည်းထိတ်ရင်ဖို


| | |
|---|---|
| မာန်သစ်မင်း | ကိုးလောင်းနှင့် တေ့တေ့ဆိုင်ဆိုင် |
| ဒဂုန်ရွှေမျှား | မမျှော်လင့်သော အချက်တစ်ခု |
| လက်ျာလင်းပြာ | နဂါးပြာကြီး |
| နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ) | စိတ်တစ်ဖက်ကမ်းက လခြမ်းနီ |
| မိုးကျော့ | မုဆိုးလက်သင် လျှော်ပိုပြင် |
| ရော | ရတနာသိုက်ရှာပုံတော် |
| မောင်ညိုမှိုင်း(သန်လျင်) | သမုဒယကြိုးပြတ်ကျွန်း |
| အမ်ဂျိုလုကြည် | သွေးရောင်လွှမ်းသည့် အတ္တလွင်ပြင် |
| ဖျာပုံလှမိုးနွယ် | မမျှော်လင့်သော ဘိုးတော်ကြီး |
| ဗဟိုတေ | တစ်ပတ်လည်သော အတိတ်စက်ဝိုင်း |
| တင့်ထူး(ဇေယျဝတီ) | လူမုဆိုးနှင့် ဝံမုဆိုး |
| တင်နိုင်ဝင်း (ထမင်းချေးမြို့) | ထက်ဝက်သော အတတ်ပညာ |




Quality Publishng House




# ဒဂုန်ရွှေမျှား

## ထူးဆန်းသော အိပ်မက်

အမှတ် ၅၀၈/၅၁၂၊ ၂(ခ)၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

သို့

မှ

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ပုံဖော်နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**Quality Publishing House**

အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

**July 2010**

**မာန်သစ်မင်း**

ကိုးလောင်းနှင့်တေ့တေ့ဆိုင်ဆိုင် ၆

**အရှန်ရွှေမျှား**

မမျှော်လင့်သောအချက်တစ်ခု ၅၁

**လက်ဂျလင်းပြာ**

နဂါးပြာကြီး ၆၅

**နန်းထိုက်စိုး ( နိုင်ငံခြားဘာသာသိပ္ပံ )**

စိတ်တစ်ပက်ကမ်းကာလခြမ်းနီ ၇၄

**ဗိုးကျော့**

မုဆိုးလက်သင်လျော့ဖို့ပြင် ၉၈

**ဧရာ**

ရတနာသိုက်ရှာပုံတော် ၁၁၄

**ယောင်ညှိုမှိုင်း ( သန်လျင် )**

သမုဒ္ဒယကြိုးပြတ်ကျွန်း ၁၅၂

**အမ်ကျိုလှကြည်**

သွေးရောင်လွှမ်းသည့်အတ္တလွှင်ပြင် ၁၆၆

**ဖျာပုံလှမိုးနွယ်**

မမျှော်လင့်သောဘိုးတော်ကြီး ၁၉၃

**ဗဟိုဇော**

တစ်ပတ်လည်သောအတိတ်စက်ဝိုင်း ၂၀၆

**တင့်ထူး ( ဂေယျဝတီ )**

လူမုဆိုးနှင့်ဝံမုဆိုး ၂၄၆

**တင်နိုင်ဝင်း ( ထပင်းရွှေမြို့ )**

ထက်ဝက်သောအတတ်ပညာ ၂၅၇

သည်းထိတ်ရင်ဖို


အသုံးခွင့်ပြုချက် - ၄၄၀၄၃၀၀၉၁၀

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
စိန်ဝင်းစိန်
အုပ်ချုပ်မှုအယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဓေယျာ၊ ဥက္ကာလင်းထက်။
ရုံးအဖွဲ့
ကိုစိုးသိန်း၊ အိမွန်အောင်၊ မိုမိုလွင်၊ မြမြသင်း၊ မြတ်လေးနွယ်၊ ဖိဖိလွင်၊ ဆန်းဇော်၊ ထွန်းထွန်းလွင်၊ ဝေလင်းဦး၊ လှမင်း၊ ဇင်နိုင်ထွန်း။
ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြဲ-၀၄၂၂၁)
Quality Publishing House
အမှတ် - ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
ဓေယျာ
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်
လှသစ်အောင်(အင်းလျား)၊ ဝင်းသိန်း၊ မြတ်မင်းဟန်၊ ကိုကိုကြီး၊ ရန်နိုင်ဦး။
ကွန်ပျူတာနှင့် ဖလင်
Quality
ပုံနှိပ်သူ
ဒေါ်ဆဲနေမူ(ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊
အမှတ် ၁၂၀၊ အလုံလမ်း၊ အလုံမြို့နယ်။
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ- ၅၀၀
တန်ဖိုး- ၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် - ၅၀၈/၅၁၂ (၂၈)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၃၈၃၆၆၄၊ ၃၈၆၈၃၃။


ပူးပူး-၀၁၄၀

# သည်းထိတ်ရင်ဖို အယ်ဒီတာ့စကား

ယခုလမဂ္ဂဇင်းတွင် မာန်ဆစ်မင်း၏ ကိုးလောင်းနှင့်တွေ့တွေ့ဆိုင်ဆိုင်၊ ရေစက်၊ ဂူဘာနာဆိုက်ကဲ့ရှာပုံတော်နှင့် မဟာရီစော၏ တစ်ပတ်လည်သော အထိတ်တစက်ဝိုင်း ဝတ္ထုရှည်သုံးပုဒ်ကို အားပါးတရ ဖတ်ရှုနိုင်အောင် စီစဉ်ဖော်ပြထားပါသည်။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းကို ကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းနေပါသည်။ စာဖတ်သူများထံမှ အကြံဉာဏ်များကိုလည်း လိုလားတောင့်တလျက် ရှိပါသည်။


အယ်ဒီတာအဖွဲ့

သည်းထိတ်ရင်ဖို

# မာနသံစဉ်များ

ကိုးဖြောက်ကြီး နှင့်

တေ့တေ့ဆိုးဆိုး



မိုး

စင်စင်သာ လင်းတော့သည်။

ညက တစ်ညလုံး တစ်ရေးမျှ မမှေးလိုက်ရ။



ကျွန်တော် တစ်ယောက်တည်းလည်းမဟုတ်။ ဘူဒိုဇာစက်ကြီး မောင်းအဖွဲ့၊ ဒေသခံလုပ်သားများနှင့်ကျွန်တော့်ရုံးအဖွဲ့၊ အစုစု လူပေါင်းဆယ့် လေးငါးယောက်စလုံး တစ်အောင့်တစ်နား မှေးခွင့်ရလိုက်သည် ဆိုသာရုံကလေးမျှပင် မမှေးလိုက်ကြရခြင်းဖြစ်၏။

ရန်ကုန် - ပြည်ကားလမ်းမကြီးပေါ် မေးတင်ထားလျက် တိုက်ကြီးမြို့၏ အရှေ့ဘက် ပဲခူးရိုးမတောင်ခြေတောစ၊ ကျားချောင်းရွာမှ သည်ရေတာရှည်မြောင်၊ သံပုရာမြောင်၊ ဒူးကွဲမြောင်၊ တောင်ခြမ်းနှင့် ရေဘုတ်လျှိုများဆီအထိ တစ်ခွင်တစ်ပြင် ဝါးတော၊ အင်တိုင်းတောကြီးအတွင်း၌ အရိုးကွဲလုခမန်း ဒီဇင်ဘာဆောင်းအအေးဒဏ်ကို နိုက်နိုက်တုန်အောင် ငုတ်တုတ်သားပေခံ၍ မိုးစင်စင်လင်းခဲ့ကြရခြင်းဖြစ်သည်။

"ဟောဒီ တောဆင်ရိုင်းအုပ်က သိပ်ဆိုးဝါးတာ ဆရာကြီးရေ။ ဒီလို မွှင့်လင်းရာသီရောက်ပြီဆို မိုးဦးကျမျှစ်စို့ကြီးတွေ ပေါက်လာသလို ရိုးမတောကြီးထဲက ထွက်ပြီး သင်းတို့ရောက်လာကြပြီ။ ဥတိုဘက်ကနေစလိုက်တဲ့ စူပါဝမ်းကုမ္ပဏီနဲ့ ဖော်ကျွန်းအင်တာနေရှင်နယ် ကုမ္ပဏီပိုင် ကြံစိုက်ခင်းကြီးတွေ၊ ပုဂ္ဂလိက ရာဘာစိုက်ခင်း၊ ကျွန်းစိုက်ခင်းကြီးတွေ၊ ဧက ၂၀၀၀ စပါးလင် ဆီမွှေးစိုက်ခင်းကြီးတွေဆီကို အုပ်လိုက် ဝင်မွှေကြပြီ။ ဆင်အုပ်တစ်အုပ်မှာ ဆိုလည်း ဆယ့်လေးငါးကောင်။ တစ်ကောင်ချင်း သင်းကွဲပြီး သောင်းကျန်းတတ်တဲ့ ဆင်ဆိုးကြီးတွေကလည်း ပါချင်ပါတတ်သေးရဲ့။ ညက ကျုပ်တို့ ဘူဒိုဇာစက်ကြီးကို လာလာရန်ရှာနေ၊ ဗျာများနေတဲ့ ကောင်ကြီးက သင်းကွဲကြီးဗျ။ ပန်းဆင် (တစ်ကောင်တည်း အုပ်ခွဲနေသော ဆင်ဆိုး) ဆင်ထီးကြီး။ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး"

ကျားချောင်းရွာ ရွာခံ၊ ကျောက်မိုင်းလုပ်သား ကိုမောင်ဝင်း ရေနွေးကြမ်း ပူပူကို တဖူးဖူး မှုတ်သောက်ရင်း ပြောလိုက်ခြင်းဖြစ်၏။ တိုက်ကြီးမြို့သား ပုဂ္ဂလိက ကျောက်ထုတ်လုပ်ငန်းရှင် ဦးအလီရှား (ခ) ဦးလှမြင့်ကလည်း သူ့စကားကို ခေါင်းညိတ်ထောက်ခံလျက်ရှိသည်။

"ဟုတ်တယ်၊ မန်နေဂျာကြီးရေ။ နှစ်တိုင်း နှစ်တိုင်း ကျုပ်တို့ကျောက်ထုတ်လုပ်ရေးလုပ်ငန်း မြိုင်မြိုင်တွန်းလုပ်ကြရတဲ့ ရာသီနဲ့ ဒီအကောင်ကြီးတွေ သောင်းကျန်းတဲ့အချိန်က ကွက်တိကြီးကို ကျလို့ဗျ။ အားခွန်ဗလကလည်းကြီး၊ ဆင်အုပ်ကလည်း တောင့်၊ ရန်လိုစိတ်ကလည်း ကြိတ်ကြိတ်ခဲခဲ ရှိလိုက်ပခင်ဗျာ။ အရွယ်ရောက်ပြီးတဲ့ အဲဒီအကောင်ကြီးတွေဟာ လူမသတ်ဖူးသေးတဲ့ကောင်၊ လူကိုရန်မရှာဖူးသေးတဲ့ကောင်ဆိုတာ မရှိသလောက်ပဲ။ အားကြီးဆိုးတဲ့ ကောင့်မျိုးကြီးတွေရယ်ခင်ဗျ"

ဦးအလီရှား၏ ညီတော်မောင် ကိုအီဆွတ်ကြီးကလည်း သူတွေ့ဖူးသမျှ ကြားဖူးသမျှတွေကို ရင်ဖွင့်လာသည်။

ပြီးလျှင် ညက ကြုံခဲ့ရပုံများကို တစ်ယောက်တစ်ပေါက် စားမြုံ့ပြန်၍ နေကြလေ၏။

ကျွန်တော်၊ ဒီစီမံကိန်းအကြံပေးပညာရှင် (ဘူမိဗေဒ အရာရှိ) ဦးခင်မောင်လင်း၊ ကျွန်တော့်လက်ရုံးကြီးကြပ်ရေးမှူး ဆရာကြီး ဦးရွှေဝင်းတို့ လူသိုက်မှာ သိပ်သိပ်သည်းသည်း ရှိလှသည့် ဝါးရုံရိပ်၌ ဝိုင်းထိုင်လျက် ကော်ဖီပူပူ၊ ရေနွေးကြမ်း၊ ထမင်းကြော်၊ ကြောင်သားဟင်းတို့ကို အားရပါးရ ကုန်းတွယ်ကြရင်း ကိုယ့်အတွေးတွေနှင့် ကိုယ်စီ ငြိမ်နေမိကြ၏။

ကြောင်သားဟင်းမှာ ရေတာရှည်မြောင်ထိပ်၌ တောင်ယာဟင်းသီးဟင်းရွက်စိုက်ခင်းကလေး မစို့မပို့ကို စိုက်ပျိုးရင်း တောမုဆိုးလုပ်စားနေသည့် စောထူးက လာပို့သွားခြင်း ဖြစ်သည်။ ကျွန်တော်က သူ့အား ကျောက်ထုတ်လုပ်ကွက်ရှာဖွေရေးတာဝန်ခံဟူသည့် ကုမ္ပဏီ၌ တစ်ခါဖူးမျှ မရှိခဲ့ဖူးသော ရာထူးသစ်ကို တီထွင်ခန့်ထားလျက် သူ့တောမုဆိုးအလုပ်လည်း မပျက်စေရဘဲ ကျွန်တော်တို့ ရလိုသည့် ကျောက်အမျိုးအစားပေါ်ပေါ်များများလည်း ရနိုင်မည့် ခင်၊ ကြော၊ လျှို၊ မြောင်၊ တောင်ချပ်၊ ကျောက်မိုင်းကွက်များကို ရှာဖွေလေ့လာလမ်းပြစေသည့် လခစားကုမ္ပဏီ ဝန်ထမ်းအလုပ်ကို ရှာဖွေ ပေးထားလေ၍ ကျွန်တော့်အပေါ် ဦးကြီးဦးလေးသဖွယ် ရိုကျိုးလေးစားစွာ ပြန်လည် ကျေးဇူးပြုခြင်းလည်း ဖြစ်ပါ၏။

စောထူးရှိနေခြင်းကြောင့် အမြဲတမ်း လျှာဦးစိုစို စားရတတ်စမြဲ။

စောထူးသည် ကျားချောင်း ချက်မြှုပ်ဇာတိဖြစ်၏။ တိုက်ကြီးမြို့၏ အရှေ့မြောက်ဘက် ၇ မိုင်ခန့်အကွာ၊ ရန်ကုန်မြို့ကြီးမှ မိုင် ၅၀ ဝန်းကျင်သာသာတွင် တည်ရှိနေသော်လည်း ကျားချောင်းသည် ပဲခူးရိုးမကြောကြီးကို ကျောမှီလျက် ရှည်လျားညိုမှိုင်းသည့် တောင်ကြီးတောတန်းများက ပတ်ပတ်ရံနေ၍



ရဲလည်း တကယ်ရဲတဲ့အကောင်ကြီးဗျာ။ လူသတ်ရတာ လျှာလည်ပြီး အရသာတွေ့နေထင်ပ။ ကျွန်တော်တို့ လူတစ်အုပ်လောက်ကိုများ မျက်စိထဲတောင် ထည့်ထားပုံမရဘူး။

လူသူအပေါက်အရောက်နည်းလှသည့် ခပ်ခေါင်ခေါင်ရွာကလေးသာ ဖြစ်သည်။

သူ့ရှေ့ရွာတွင် ချင်းကုန်းရွာကြီးနှင့် ကျိုးဖြူရေလှောင်တမံကြီး ရှိ၏။ အနောက်ဘက်ခပ်ဝေးဝေး၌ မှုသဲဝါရွာရှိသည်။

ရန်ကုန် - မန္တလေး ခရိုင်ချင်းဆက် လမ်းမကြီး (အနောက်ရိုးမပတ်လမ်း) အမှတ် (၁) ကို ရန်ကုန်တိုင်း၊ ပဲခူး (အနောက်)၊ မကွေးတိုင်း၊ မန္တလေးတိုင်း စသည်ဖြင့် တိုင်းကြီးလေးတိုင်းအား ဖြတ်သန်းဖောက်လုပ်ရန် တာဝန်ဖြင့် ကျားချောင်း ရွာကလေးဆီသို့ ကျွန်တော်တို့ ရောက်ရှိချိန်အထိ ပီဘိ ဝေးလံသီခေါင်၍ တောကျကျရွာကလေးတစ်ရွာသာ ဖြစ်နေသေးသည်။

သို့ရာတွင် ပဲခူးရိုးမကြောတန်းကြီးကို အခြေတည်ထားသည့်အတွက် ကျားချောင်း ရွာကလေးဝန်းကျင်တစ်ခိုမှစ၍ တောပြင်အနှံ့၌ လက်အယားပြေလိုသူ အမဲပစ်ဝါသနာအိုးများ စိတ်ချဉ်ပေါက်လာလောက်အောင်ပင် ပထမတန်းစား တောကောင်အမဲပေါများလွန်းသည့်ဒေသ ဖြစ်နေသည်။ ရစ်၊ ခါ၊ ဒေါင်းစသည့် ငှက်ကြီးမျိုးများကို ရွာနှင့်ဝေးဝေး မသွားရဘဲ အလွယ်တကူ ပစ်၍ရနိုင်သလို ချေ၊ ဆတ်၊ ဒရယ်၊ ဝက်များကိုလည်း တစ်တော၊ နှစ်တောခေါင်းဝင် ခြေဆုံ တိုးဝင်မိရုံမျှနှင့် ပစ်ခတ်ရရှိဖို့ သေချာနေသည်။ တိရစ္ဆာန်ကြီး၊ အမဲကြီးစာရင်းဝင် စိုင်အုပ်ပြောင်အုပ်များ၊ တောဆင်အုပ်ကြီးများနှင့်



ရံဖန်ရံခါ ရွာခြေနားအထိဆင်း၍ နွားအုပ်၊ ကျွဲအုပ်ကို အပိုင်ဝင်ဆွဲရန် ချောင်းမြောင်းနေတတ်သည့် ကျားကြီးများ၊ သစ်ဆင် (ကျားသစ်အကြီးမျိုး) များကိုလည်း မကြာခဏ ခလုတ်တိုက် ကြုံဆုံမိရတတ်လေ့ရှိသည်။

သို့ဖြစ်၍ ဒီလို ဆင်နေကျားအောင်းတောကြီးမျိုးကို ဝင်ခိုမိမှဖြင့် ဒီလိုတောအရေးတွေကို မလွဲမသွေ ကြုံရပေမှာပ ဟုသာ နှလုံးပိုက်လျက် မလှုပ်မရှောက် ငြိမ်နေမိရခြင်း ဖြစ်သည်။

"ကိုယ့်ဆရာငြိမ်လှချည့်ကလား။ တောကြီးတောင်ကြီးတွေထဲကို တိုးဖူးခွေဖူး ဝင်ဖူးထွက်ဖူးရဲ့လည်းဆိုသေး။ ညက အကောင်ကြီး ပြောင်းဆန်ပြလိုက်တာနဲ့တင် သွေးပျက်ရော့လား။ ဒါ အစရှိသေးတာခင်ဗျ။ ကကြီးရေကတောင် မဆိုနိုင်သေးဘူး။ ကြုံရပါလိမ့်ဦးမယ်ခင်ဗျာ။ နောင်ကို ဒါထက်ဆိုးတာ မျိုးတွေချည်း ဒုတ်ဒုတ်ထိ တိုးရဦးမှာကြီးရယ်။ ရိုးမကြောနဲ့ ဆက်နေတာကိုး ...နော့"

ရွာခံမုဆိုးကြီး ဖိုးချစ်ရီကလည်း ပြုံးကျဲကျဲဖြင့် စကားဆိုရင်း အနားဝင်ထိုင်သည်။

ကျွန်တော်က စကားတုံ့တင် မဆိုမိ။

ကော်ဖီမစ်တစ်ခွက်ကိုသာ ရေနွေးဖြင့် ထပ်ဖျော်၍ ကမ်းပေးလိုက်မိသည်။

"ဖိုးချစ်ရီရေ့ မင်းမှာလည်း မုဆိုး မုဆိုးနဲ့ တစ်နေ့တစ်နေ့ ဒီတောဒီတောင် ဒီမြောင်ဒီလျှိုထဲမှာချည်း တဝဲရယ်တဲ့ တလည်လည် ယုန်ကလေးလိုက်လိုက်၊ ကြောင်ကလေးထောင်လိုက်၊ တောဝက်ကလေးပစ်လိုက်နဲ့ ပီတိကျပြီး ထန်းလျက်နဲ့ အချိုကုန်နေတော့ ခက်သားပေါ့ဟာ။ မန်နေဂျာကြီးတို့ ငါတို့ဆိုတာက အစိုးရဌာနထဲမှာလည်း ဌာနထဲမှာမို့၊ အခုလို ပြင်ပပုဂ္ဂလိကကုမ္ပဏီမှာဆိုပြန်တော့လည်း တို့လုပ်နေရတဲ့ အလုပ်တွေကိုက တောတောင်နဲ့မကင်း၊ တောတောင်ကို ခြေကန်ပြီး လုပ်နေရတာမို့ မြန်မာပြည်တစ်ခွင် တောမှန်သမျှ တော၊ တောင်မှန်သမျှတောင် ပြုပြုစင်ပါပဲ

မောင်။ ငါတို့ ခြေမချဖူးတာရှားပ။ ငါတို့ နားရှက်ရာတွေချည်းပဲဟ။ ဒီလောက်နဲ့တော့ဖြင့် နံကြားမညပ်သေးဘူးကောင်ရေ့။ အပတ်ပြောတာ၊ ဟဲ ...ဟဲ ...ဟဲ"

ဆရာကြီး ဦးခင်မောင်လင်းက နှုတ်လှန်ထိုးသည်။

"ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်" ဟု ဆိုကာမှ ဆိုစေ ဦးခင်မောင်လင်းကြီး ပြောသည်ကမူ မှန်လှချည့် ဟုသာ ပစ်စလက်ခတ်ထောက်ခံရမလိုပင် ဖြစ်နေတော့၏။

"ဆရာ ... ကျွန်တော်တို့ စက်ကြီးအဖွဲ့ကို နိုးလိုက်ရတော့မလား။ စားချိန်သောက်ချိန်နဲ့ဆို စက်မောင်းချိန် သိပ်နောက်ကျနေဦးမယ်။ တစ်ဂျူတီ (စက်မောင်းချိန် ၈ နာရီ) ကို စက်ငှားခချည်း တစ်သိန်းခွဲ နှစ်သိန်းပေးငှားထားရတာ ဆရာရဲ့။ တန်အောင်တော့ နိုင်းဦးမှပဲ"

"ခဏတော့ အိပ်ကြပါစေဦး ဆရာကြီး ဦးရွှေဝင်းရာ။ သူတို့ခမျာတွေလည်း တစ်ညလုံး အိပ်ရေးပျက်ထားကြရှာတာ။ ဟိုအကောင်ကြီး လာလာနိုပ်စက်တိုင်း စက်ထန္နီး၊ ဆယ့်လေးငါးမိနစ်မောင်း၊ ရှေ့မီးကြီးတွေကိုလည်း လင်းနေထိန်နေအောင် ထိုးနဲ့။ အဲဒါမျိုးကြီးက မိုးစင်စင် မလင်းမချင်း ဝင်္ကြီးတစ်ခုလိုချည်းကို လုပ်နေခဲ့ကြရတာပဲဥစ္စာ။ အိပ်ကြ နားကြပါစေဦး။ အားကလေး အင်ကလေးများလည်း ပြည့်သွားကြရအောင်"

"ဟုတ်ကဲ့ဆရာ"

"အောင်ဟိန်းဖြိုးရေ"

"ခင်ဗျာ၊ ဆရာကြီး"

"တို့ တောရှင်းအဖွဲ့တွေကိုတော့ ကြိုကြိုတင်တင် ခရီးတွင်အောင် တောတိုးခိုင်းထားပေ့။ မနေ့က လမ်းအူကြောင်း ရှာပေးထားတဲ့အတိုင်း ရေတာရှည်မြောင်ဘက် ဖြတ်ထွက်တဲ့ သုံးလမ်းဆုံ ဘိုးတော်တို့ တဲစုအထိ လမ်းရာပေးပြီး ဝါးကိုင်းတွေ၊ ချုံနွယ်တွေ ရှင်းနှင့်ကြကွာ။ သတိတော့ ထားသွားကြ။ ညကကောင်ကြီး ချောင်တစ်ချောင်ချောင်မှာ ခိုပြီး ဒုက္ခပေးမှာ စိုးရတယ်"



"ဟုတ်တယ်၊ မန်နေဂျာကြီးရေ။ လွန်ခဲ့တဲ့ တစ်ပတ်ဆယ်ရက်လောက်ကပဲ သဲဝါဘက်က တံမြက်စည်းတံရှူးတဲ့မိန်းမတွေ ဆင်လိုက်ခံရပြီး တစ်ယောက်သေ၊ တစ်ယောက်ပေါင်ကျိုးခဲ့ပါရော။ ရေဘုတ်မြောင်နဲ့ မှန်ပြတောင်ဘက် မှိုရှာ၊ မျှစ်ချိုးထွက်ကြတဲ့ သရက်ချောင်းက လူသိုက်တွေလည်း ဒီကောင်ကြီး ထွက်လိုက်တာ မနည်းအသက်လုပြေးခဲ့ကြရသတဲ့။ ကံကောင်းလို့ မသေကြရတာရယ်"

"ဒီအကောင်ကြီးတွေက ဒီလောက်တောင် ဆိုးဝါးသောင်းကျန်းနေသလားဗျာ။ ဒီပုံအတိုင်းဆို တောတောင်ကို မှီပြီး ထမင်းရှာစားနေကြရတဲ့ ရွာကလေးတွေက ရပ်သူရွာသားတွေ ဘယ့်နယ် အသက်မွေးကြမတုံး ခက်ပ"

"အဲဒါကြောင့်၊ ကျွန်တော်က ကျောက်မိုင်းလုပ်သားတွေကို လမ်းမသာသေးသရွေ့ လူနေလူထိုင် မစည်ကားသေးသရွေ့ မြောင်တွေထဲမှာ ညဥ့်အိပ်ညဥ့်နေ အထိုင်ချပြီး အလုပ်မလုပ်ကြနဲ့ဦးလို့ ဖွတ်ကြီး တားနေရတာပေါ့ ဆရာရဲ့။ ပေဘာဒီ လုစိုးတို့ သဲဝါက အသိုက်တွေဟာ အင်မတန် အရဲကိုးပြီး လစ်ရင်လစ်သလို ညအိပ်နေတတ်ကြလွန်းလို့ ခဏတိုင်း သာသာထိုးထိုး ဆဲဆိုကြိမ်မောင်းနေရတာပေါ့"

ပြောရင်းဆိုရင်း စီမံနေရင်းကပင် သည်ဆင်အန္တရာယ်ဆိုးကြီးက မျက်စိစပါးမွေးမစူးဘဲ မနေနိုင်အောင် ဖြစ်လာနေတော့သည်။

ညကဖြစ်ပုံကိုပဲ ကြည့်။

သည်အကောင်ကြီး သောင်းကျန်းပုံနှင့် ဆိုးပုံဆိုးလက်က လွှတ်စိတ်မောချင်စရာ ကောင်းခဲ့သည်။

* * *

ညစာ ထမင်းဝိုင်းကို လက်စသိမ်း။ တစ်အောင့်တစ်နား ခဏတစ်ဖြုတ်စကားစမြည် ပြောပြီးကြသည်နှင့် မြေထိုးစက်ကြီး (Bull-Dozer) ကိုစမောင်းဖို့ ပြင်ဆင်ကြရသည်။

ညဦးပိုင်း ခုနစ်နာရီသာသာကလေး ရှိသေး၏။ လက မထွက်ချင်တတ် သေး။ မှော်ဘီဘက်၊ ဖူးကြီး ရေလှောင်ကန် တာပေါင်ကြီး ကျော်ကျော် ကလေးမှစတင်ကာ သုံးဆယ်ဘက်အဝင် သံဘောလီတံတားကြီးအထိ ဖြစ်၏။

လမ်းအကျယ် ၃၀ ပေ၊ ကျောက်ချောလမ်း အကျယ် ၁၂ ပေ၊ လမ်း အရှည် (၄၀၄) မိုင်ရှိသည့် တိုင်းကြီးလေးတိုင်းဖြတ်မည့် မဟာဗျူဟာ လမ်း ကြီးအတွက် လိုအပ်သမျှ လမ်းခင်းကျောက်အရွယ်အစားမျိုးစုံကို အချိန်မီ လုံလောက်စွာ ထုတ်လုပ်ပေးဖို့ ကျွန်တော်တို့ ကုမ္ပဏီအုပ်စုက တာဝန် ယူ၍ လုပ်ငန်းစာချုပ်ချုပ်ထားသည်။

လမ်းပိုင်းတစ်မိုင်လျှင် ကျောက်လိုအပ်ချက်မှာ ၁၀၀ ကုဗပေကျင်း ၅၉၄ ကျင်းဖြစ်၍ သည်လမ်းကြီး တစ်ခုလုံး ပြီးစီးစေဖို့ လမ်းခင်းကျောက်ကျင်း ပေါင်း ၂၄၀၀၀၀ ကျော်ထုတ်လုပ်ရပေမည်။ သည်တာဝန်က ဒီစီမံကိန်း မန်နေဂျာဖြစ်သူ ကျွန်တော့်ခေါင်းပေါ်၌ အလေးအပင်ကြီး တနင့်တပိုး ရွက် ထားရသလို လေးလေးလံလံ။

"ဆရာ ...တောင်ခြမ်းဘက်တက်တဲ့လမ်းကို အရင်ထိုးရမှာလား။ အဲဒီ လမ်းမှာတော့ ဖော်ကျွန်းက ကြံသယ်ဖို့ ဖောက်ထားတဲ့လမ်းဟောင်းရှာ ရှိ တယ်။ တောခြေအစပ်မို့ သစ်ပင်ဝါးပင်လည်း သိပ်မရှုပ်ဘူး။ အလုပ်ပိုတွင် မယ်ထင်တယ်"

"နေဦး ဆရာကြီး ဦးရွှေဝင်း၊ အလုပ်တွင်ဖို့ အလုပ်ပြီးဖို့ထက် မြောင်ထဲ က ကျောက်မိုးတွေမှာ တောထုတ်ထုတ်ထားတဲ့ ကျောက်ပမာဏ ဘယ် လောက်များများ ရှိနေသလဲ။ အနီးဆုံးဖြတ်လမ်းကို စက်ကြီးနဲ့ တစ်ကြောင်း ထိုး ကောင်းကောင်းထိုးပေးလိုက်နိုင်ရင် ကျောက်ထုတ်ထားပြီးတဲ့ မြောင် တွေထဲအထိ ထော်လာဂျီတွေ၊ ထွန်စက်တွေ မောင်းဝင်နိုင်မလား။ အင်ဂျင် နီယာအဖွဲ့တွေ လမ်းစခင်းမယ့်နေရာနဲ့ အနီးဆုံး ဖြစ်မလား။ အဲဒါကိုပဲ အရင် စဉ်းစားကြည့်ကြရမှာ။ ဟုတ်လား၊ မာမူကြီး"



"ဟုတ်တယ်ခင်ဗျာ မန်နေဂျာကြီး။ ဟုတ်တယ်၊ ကျွန်တော်တို့ ရေတာ ရှည်နဲ့ သံပရာ မြောင်ထဲမှာတင် ကျောက်ကြမ်းထုတ်ပြီး တာကျင်း ၁၀၀၀ ပိုပို လောက်ရှိမယ်ထင်တယ်"

"မြောင်ထဲကတော့ ကျောက်ကြမ်းပဲ ဆွဲထုတ်ကြတာပေါ့။ လမ်းဘေး ရောက်မှပဲ ခွဲစီစီ၊ ကျင်းထိုးပြီး အပ်လိုက်မယ်လေ"

"ဒါဆို ရေတာရှည်ဘက် ဖြတ်တက်တဲ့ ကြံခင်းစု လမ်းခွဲဘက်ကပဲ အရင် ဝင်ကြတာပေါ့။ ဖိုးကူးတို့ တောင်ယာနားရောက်မှာ သံပရာမြောင်ဘက် တစ်လမ်း၊ ရေတာရှည်ဘက်တစ်လမ်း၊ နှစ်လမ်း ဖွင့်ပေးလိုက်မယ်လေ။ ထော်လာဂျီနဲ့ ထွန်စက်တွေ မြန်မြန်ဝင်နိုင်ပြီး လမ်းသာလာရင် လူနေလူ ထိုင်လည်း စည်ကား၊ တချို့တွေလည်း မြောင်ထဲမှာတင် ညအိပ်ညဥ့်နေ စခန်းချနိုင်ကြတာပေါ့"

ကျွန်တော်တို့ လူကြီးပိုင်းက ခေါင်းချင်းရိုက်ကြရသည်။ ယခု အနေတွင် တစ်ကြောင်း ထိုးမြေသားလမ်း မြန်မြန်ပေါက်ဖို့က အရေးကြီးနေသည်။ သည် တောကြီးမျက်မည်း အလယ်ကောင်ကို တိုးလျှိုပေါက်ဖြတ်သွားနိုင်မည့်လမ်း တစ်ကြောင်းသာ ပေါက်ခဲ့လျှင် ...။

"ဖြစ်ပါ့မလား ဆရာကြီး"

"ဘာလို့လဲ ကိုအီဆွတ်ရဲ့။ အဲဒါ အတိုဆုံးနဲ့ အနီးဆုံးလမ်းပဲလေဗျာ။ တောင်ခြမ်း၊ ရေတာရှည်၊ သံပရာမြောင် အားလုံးဆီကို ဖြတ်တက်လို့ရတဲ့ လမ်းအူကြောင်းပဲဟာ"

"ဟုတ်တော့ဟုတ်ပါတယ်"

"ဘာက မဟုတ်သေးလို့လဲ။ ခင်ဗျားစကားကြီးက"

"ဟိုလေ ...အဟာဗျာ ...ဟိုဒင်း"

"ဟာ ...ဘာလဲလို့ အီဆွတ်ရဲ့၊ ပြောစရာရှိတာ ရဲရဲပြောပါ"

"အင်း ...အဲဒီ ကြံခင်းစု အလွန်ကလေးမှာ ဟိုတစ်နေ့က တံမြက်စည်းတံ ခူးတဲ့ မိန်းမတွေကို ဆင်လိုက်ခံခဲ့ရတာခင်ဗျ။ မကြာသေးဘူး တစ်ယောက်

ပျက်စီး၊ တစ်ယောက်က ရန်ကုန်ဆေးရုံကြီးမှာတဲ့။ ကျန်တဲ့ မိန်းမသိုက်တွေ အသက်လုပြီး ပြေးရချက်များတော့ တချို့များဆို ထဘီတောင်မကပ်နိုင်တော့ဘူးတဲ့ ဆရာကြီးရေ"

"အေးပါ၊ ဟုတ်ပါပြီ။ ကျုပ်တို့လည်း ကြားပြီးပါပြီ။ အဲဒါနဲ့ အခု ဘူဒိုဇာ ထိုးမယ့်ကိစ္စက ဘယ်လို ပတ်သက်နေလို့လဲ ကိုယ့်လူရဲ့"

"ဆိုင်ပါသကော ဆရာကြီးရာ။ ကွက်တိဒက်ထိကြီးကို ဆိုင်လို့ ပြောနေရတာပ"

"ကဲ ... လုပ်ပါဦး၊ ဘယ်လိုဆိုင်တာလဲ"

"အဲဒီမိန်းမတွေကို ထွက်လိုက်တဲ့ ပန်းဆင်ကြီးက အခုကျုပ်တို့ လမ်းဖောက်မယ့် ဝါးတောတစ်ဝိုက်မှာ ရှိနေတာတဲ့ခင်ဗျ။ အဲဒီ မြောင်ကြားထဲမှာ စမ်းပေါက်ကလေးကလည်း ရှိ၊ တောင်ခြမ်းဘက် အထွက်ဆီမှာ ရေစိမ်ရေချိုးဖို့ စိမ့်မြေတောကလေးကလည်း ရှိဆိုကိုး။ မျှစ်ကလည်း ပေါ၊ တောငှက်ပျော၊ တောင်ပိန္နဲသီးတွေကလည်း ဖောချင်းသောချင်း။ ဒီမောင်ကြီးက အဲဒီမှာ စိတ်တိုင်းကျခိုနေပြီး မထင်ရင်မထင်သလို ထွက်ထွက်ပြီး ဒုက္ခပေးတတ်တာ။ ဓွတ်ကြီး လိုက်လားလိုက်ရဲ့ နင်းသတ်လားသတ်ရဲ့။ အဲဒါကြောင့် ဒီရက်ပိုင်း ဘယ်သူမျှ တောမတက်ရဲကြဘူး"

"ဟုတ်တယ် မန်နေဂျာကြီးရေ။ ကောင်ရေ ဆယ့်လေးငါးကောင်ပါတဲ့ ဆင်ရိုင်းတစ်အုပ်ကလည်း ဟောဒီတစ်ဝိုက်မှာပဲ ဝဲလည်ခတ်နေတော့တာ။ ဥတိုဘက်ရောက်လိုက်၊ တောင်ခြမ်းဘက် ဒူးကွဲဘက်မှာ တွေ့လိုက်၊ ရူပါဝမ်းနဲ့ ဖော်ကျွန်းက ကြံခင်းတွေဘက်မှာ ပေါ်လာလိုက်။ ဟိုးလယ်ပြင် အနိမ့်ပိုင်းက သနပ်ချောင်းဘက်အထိ တွေ့တွေ့နေရသတဲ့"

"အခု ဒီဝါးတောကြီးထဲ ခိုနေတဲ့ ပန်းဆင်ကြီးဆိုရင် ခြေရာကြီးကိုက ဆန်ကောအငယ်စား တစ်ချပ်စာလောက် ရှိသတဲ့ဗျ။ အကျယ်အဝန်း သုံးပေလောက် ရှိရောပ။ မှန်းကြည့်ရင် ဒီကောင်ကြီး အရပ်အနေက ကိုးပေအောက် မလျော့နိုင်ဘူး။ တချို့ကတော့ ၁၂ ပေလောက်တောင် မြင့်တယ်လို့ ပြောနေကြတာပဲ"



"ကိုင်း ...အဲဒီကောင်ကြီးကို ကြောက်လို့ ဒီအတိုင်းတိုင်းကြီး ငြိမ်ခံနေကြရင်ရော ပြီးသွားမှာတဲ့လားဗျာ။ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြစမ်းပါဦး"

"အင်း ...ဒါလည်း ဟုတ်တာပဲ"

"လမ်းကတော့ ဖောက်ရမှာပဲဗျ။ ဒီကောင်ကြီးရှိနေလည်း လိုအပ်တဲ့ အကာအကွယ်၊ ဘေးဆီးရန်ကာ အစီအမံတွေကို စီစဉ်ပြီးရင် ပြီးအောင်တော့ ဖောက်ရမှာပဲ။ လမ်းကြီးပြီးသွားလို့ ဒီတောဒီမြောင်တွေထဲမှာ လူနေလူထိုင် စည်လာရင် ဒီကောင်ကြီး လူတွေနဲ့ ခပ်ဝေးဝေးကို သူ့အလိုလို တောပြောင်းသွားမှာ အသေအချာပဲ။ ဟုတ်တယ်နော်"

လူအုပ်မှာ ငြိမ်နေကြ၏။

ကျွန်တော်ကလည်း ကျွန်တော့်ဆုံးဖြတ်ချက်က မှန်ကန်သည်ဟု ခံယူထားရာ လက်ဆုပ်မဖြေချင်။ သူတို့ကလည်း ဒေသခံရွာနေ ပြည်ထိုင်တွေမို့ သည်ဆင် ဆိုးအန္တရာယ်ကြီးကို အစင်းသိသိနေကြသဖြင့် မဝံ့မရဲ။

"လုပ်မနေနဲ့ဟေ့။ မြောင်ထဲက ကျောက်တွေလမ်းပေါ်ရောက်မှ ငွေပေါ်မှာ။ ဝမ်းရေးထက်လွမ်းရေးခက်နေဖို့ အချိန်မဟုတ်တော့ဘူး။ လုပ်သင့်တာလုပ်ကြရမှာပဲ။ တို့တွေရဲ့လူအုပ်လည်း တောင့်တာပဲဟ"

ဦးအလီရှားက လူကြီးပီပီ တော့တော့တင်တင် စကားဖွင့်လိုက်ပြီ။ သူပြီးလျှင် ပြီးသလောက် ဖြစ်နေသည့် သူ့လူသိုက်က အင်းမ်လှုပ် အဲမလှုပ်။

"အောင်ဟိန်းဖြိုးရေ၊ မင်းတို့ စက်အဖွဲ့ ဆီဖြည့်ပြီးရင် ထွက်ကြတော့ဟေ့။ (Tool & Plants) တွေတော့ ပြည့်ပြည့်စုံစုံပါအောင် ယူသွ ကြဦး။ တောထဲမှာ တစ်ပတ်ဆယ်ရက်ကြာလိမ့်မယ်နော်။ လမ်းကြီးပေါက်မှ မင်းတို့အဖွဲ့တွေ ပြန်ထွက်လာလို့ ရကြမှာ"

"ဟုတ်ကဲ့ ဆရာကြီး"

"စက်သုံးဆီနဲ့ ရွက်ဖျက်တဲတွေ၊ ဝန်စည်စလယ်တွေကို လှည်းတို့ ထွန်စက်နဲ့ လိုက်ပို့ပေးမယ်။ မင်းတို့က ကြံခင်းစုထိပ်လမ်း အုရုကြောင်းအတိုင်း အလျင်မမောင်းနှင့် ထိုးနှင့်ကြ၊ ဟုတ်လား"

"ဆင်ရန်က ကြောက်ရသေးတယ်ဆိုတော့ တို့လူစုတွေလည်း နောက်က ချက်ချင်း ကပ်လိုက်လာခဲ့မယ်လေ။ မင်းတို့တွေလည်း ဟိုဟိုဒီဒီ ဝေ့မနေဘဲ စက်ကြီးပေါ်က မဆင်းတမ်းသာ မောင်းနေကြ"

"ဟုတ်ကဲ့"

အောင်ပင်န်းမြို့ ဦးဆောင်သော ဘူဒိုဇာစက်ကြီးအဖွဲ့က စက်သံဆူဆူညံညံဖြင့် မောင်းထွက်သွားကြသည်။

ဦးအလီရှားတို့၊ ကိုအီဆွတ်တို့ ဖွဲထွန်စက်မှာလည်း နောက်တွဲယာဉ် (ထရေလာ) အပြည့် လမ်းရှင်းအကူလုပ်သားတွေ တင်လျက် မောင်းလိုက်သွားကြလေသည်။

သည်ရက်ပိုင်း၌ ဆင်ဆိုးလိုက်၍ နင်းသတ်၍ ပျက်စီးဆုံးပါးခဲ့ကြရသည့် နာရေးသတင်းများက ရက်ဆက်ကြီး ကြားသိနေကြရသဖြင့် သတိ၊ ဝီရိယ ကို မပေါ့ဆရဲကြ။

တဖြည်းဖြည်း လထွက်လာခဲ့ပြီ။

ရိုးမရိပ်ကိုခိုလျက် သိပ်သည်းထူထပ်လွန်းသည့် ဒီဖင်ဘာနင်းကလည်း စိမ့်နေအောင် ရက်ရက်ရောရောကြီး အေးလာခဲ့သည်။

"ကိုင်း၊ ကိုင်း ပစ္စည်းတင်တာကို မြန်မြန်လုပ်ကြဟ။ ရှေ့က အဖွဲ့တွေနဲ့ လူစဉ်လူဆက် ပြတ်သွားဦးမယ်။ ကိုလှသန်းရေ၊ ညလယ်စာစားဖို့နဲ့ နံနက်စောစောအတွက် ကောက်ညှင်းပေါင်းဖို့ရယ်၊ ကော်ဖီမစ်ထုပ်တွေကို ပါလုံလောက်အောင် ပါပစေနော်"

"ဟုတ်ကဲ့၊ ဆရာကြီး"

"ကိုင်းဆရာကြီး ဦးခင်မောင်လင်း၊ လိုက်ခဲ့ဦးမလား။ နားမလား၊ ကျွန်တော်တို့ ထွက်တော့မယ်"

"ဟ ...ဟ။ ဒီတော ဒီတောင်ထဲ ကျုပ်မပါဘဲ ခင်ဗျားတို့ချည်း လွှတ်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ ဆရာမာန်ရဲ့။ ချင်းကုန်း ရ.ယ.က ဥက္ကဋ္ဌကိုမြင့်လွင်ကြီးများ လာဦးမလားလို့ ခဏဆိုင်းနေတာဗျ။ ကျွန်တော့်သူငယ်ချင်း ကိုတင့်ဝေကြီး (ဗိုလ်မှူးကြီး တင့်ဝေ၊ အမှတ် ၅ တန်းမြင့် တပ်မတော်တိုက်နိုက်ရေး သင်တန်းကျောင်း၊ ချင်းကုန်း) က Army Rum တွေ ပို့နိုင်းလိုက်မယ်ဆိုလို့"



"လာပါ ကိုယ့်ဆရာရယ်။ ရေမီး အပြည့်အစုံ စီစဉ်ထားပြီးသားပါ။ ကိုလှသန်းကို မှာထားပြီးပါပြီ။ တောထဲတောင်ထဲကျမှ လိုတာ မရှိစေရအောင် ဆေးဝါးကအစ ပတ်မအုပ်စုံ ပါလာပါလိမ့်မယ်"

"ဆရာကြီး ...အားလုံး စုံပြီ"

"ဟုတ်ပြီ၊ ကိုလှသန်းရေ၊ ထွက်ကြစို့။ လှစိုးတို့ ထွန်စက်မှာရော၊ ဆီပေပါတွေ၊ ရှက်ဖျင်တဲတွေ၊ ဝန်စည်စလယ်တွေ စုံအောင် ပါရဲ့နော်"

"ပါပါတယ် ဆရာကြီး"

"တကယ့်ချက်ကောင်းမှာမှ ကျုပ်တို့ ကတွတ်ပီကြီးက ပျောက်နေရတယ်လို့ဗျာ။ သူရှိနေရင် ဒီဆင်အုပ်အန္တရာယ်လည်း ပူစရာ မရှိဘူး။ သူ့အဆက်အသွယ်နဲ့ သေနတ်ကလေး နှစ်လက်သုံးလက်လည်း ခြေစောင့်လက်စောင့် ပါလာခဲ့နိုင်မှာပဲ"

"ဟုတ်ပခင်ဗျာ"

ကျားချောင်းရွာ၌ ကျွန်တော်တို့ ကုမ္ပဏီဝန်ထမ်းအဖွဲ့ အိမ်ငှား၍ စတည်းချနေကြသည့် တည်းခိုအိမ်ပိုင်ရှင် မုဆိုးကျော်ဦးသန်းမောင် (တပ်ကြပ်ကြီး (ငြိမ်း) တပ်မတော်မှတ်တမ်းရုံး) ကို လွမ်းလွမ်းတတ ရှိလှ၏။

ကျွန်တော်တို့ ထွန်စက်နှစ်စီး ကျားချောင်းရွာထိပ်ကိုပင် မလွန်ကြရသေး။ ကြံခင်းစုဘက်ဆီမှ လူသံသူသံ ဟောဟော ဟိုးဟိုး တွေကို ရုတ်ရုတ်သဲသဲ ကြားလိုက်ရ၏။ ဘူဒိုဇာစက်ကြီး၏ ရှေ့မီးကြီးအလင်းရောင် ဝင်းဝင်းထိန်ထိန်ကိုလည်း မှုန်သဲ့သဲ့ လရောင်အောက်၌ ဖွေးခနဲ ဖွေးခနဲ မြင်နေကြရ၏။

"ဆရာမာန်ရေ၊ ချီကတည်းက ယဉ်သကိုဖြစ်ပြီနဲ့ တူရဲ့ဗျို့။ လူသံတွေက ဟိန်းလွန်းလှတယ်။ ဟိုအကောင်ကြီးနဲ့များ တွေ့နေလေပလား မသိ"

"အေးဗျာ၊ ကိုလှစိုးနဲ့ ကိုလှသန်းရေ။ ခပ်သွက်သွက်မောင်းကွာ။ ဟွန်းသံလည်း ပေးလိုက်စမ်းပါဦး။ တို့တွေလိုက်လာမှန်း သိသွားကြရအောင်"

"ဟုတ်ကဲ့၊ ဆရာကြီး"

အိပ်ငှပ်ငှ ဖွဲ့ထွန်စက်နှစ်စီးစလုံး စက်သံခပ်တင်းတင်းမာမာဖြင့် အရှိန်တင်လိုက်ကြသည်။ စူးရှရှ ဆူညံညံ နားကလောချင့်စဖွယ် ပွန်းသံ တဘော်ဘော်က အန္တရာယ်ကင်း မင်္ဂလာ ခရုသင်းသံအလား အချီအချ သံပြိုင်အသံပေးလျက် ထွက်ပေါ်လာကာ လှန့်ချိပေးနေကြလေတော့၏။

ကြံခင်းစုနှင့် နီးလာလေလေ၊ ဝါးခြောက်တွေကို မီးပုံရှို့ထားသည့် မီးရောင်တွေက တလင်းလင်း တထိန်ထိန်။

"အောင်ဟိန်းဖြိုးရေ၊ ဘာတွေဖြစ်နေကြသလဲဟ။ အသံတွေကို ဆူညံလို့ပါကော"

ကျွန်တော်တို့ ထွန်စက်တွေ စက်ပင် မသတ်လိုက်ရသေး။

ကျွန်တော့်တပည့်ကျော် ကျောက်တိုင်းစာရေးကလေး အောင်ဟိန်းဖြိုးနှင့် ဘူဒိုဇာစက်ကြီးမောင်း စောဒေဝေါတို့၊ အောင်မင်းမော်တို့ လူသိုက်က ကဆုန်စိုင်း၍ ပြေးချလာကြ၏။

"ဇာတ်လမ်းကတော့ စပြီ ဆရာကြီးရေ့။ တကယ့်တစ်ကောင်တည်း သင်းကွဲနေတဲ့ ပန်းဆင်ကြီးရယ်ဗျ။ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး။ ကျွန်တော်တို့ ကျားချောင်းဘက်က ထွက်လာကတည်းက ဟောဒီဗျူဟာလမ်းမကြီးရဲ့ မြေသားလမ်းအလယ်တည့်တည့်မှာ မားမားကြီး ရပ်ပြီး စောင့်ကြည့်နေခဲ့တာခင်ဗျ။ လရောင်က မှုန်မှုန်၊နှင်းက မှုန်မှုန်မွဲမွဲထဲမှာ နားရွက်ကြီးတွေကို တဖျတ်ဖျတ်ခတ်ပြီး မာန်စောင်နေတော့တာရယ်။ ကျွန်တော်တို့စက်က ရှေ့မီးသီးကြီးတွေကလည်း နှင်းထုကြောင့် ခပ်ဝေးဝေးအထိ မပြေးဘူး။ ဒီအကောင်ကြီး မည်းမည်းကြီးရပ်နေတာကိုပဲ ခပ်ရေးရေးတွေ့နေရတော့တယ်။

"ကျွန်တော်တို့ စက်ကြီးရဲ့ အသံကြောင့်ပဲနဲ့ တူပါရဲ့။ ကြံခင်းစုဘက် ချိုးချသွားတဲ့ ခြေသွားလမ်းကလေးအတိုင်း ဝါးတောထဲ စွတ်ခနဲ ဝင်ပြေးသွားတော့တာပဲ။ ဆင်က ဆင်ထီးကြီးပါခင်ဗျ။ အရပ်ကိုးပေ ဆယ်ပေကျော်ကျော်တော့ ရှိမယ်။ အစွယ်ကြီးကလည်း အလွန်ကောင်း။ တစ်စီးတည်း၊ တစ်ကောင်တည်းဗျ။ ဆွဲကြိုးအရာ မတွေ့ပုံထောက်ရင် တောဆင်ဖြစ်ဖို့က များတယ်"



ကျွန်တော်တို့ ထွန်စက်နှစ်စီးမှ လူအုပ်တွေ တဖုတ်ဖုတ်ဖြင့် ခုန်ဆင်းအားဖြည့်လာသည့်အတွက် စက်အဖွဲ့လည်း အားရှိလာကြပုံပေါ်သည်။ သူတို့အတွေ့အကြုံတွေကို တစ်ယောက်တစ်ခွန်း ဆူညံစွာ ပြောပြနေကြတော့၏။

ကျွန်တော်နှင့် ဆရာကြီး ဦးခင်မောင်လင်းတို့က တောရိပ်တောင်ခြေကို ဝဲယာဂရုတစိုက်ကြည့်ရင်း စက်မသတ်ဘဲ ရှေ့မီးကြီး လင်းနေသေးသည့် ဘူဒိုဇာစက်ကြီးဆီ တန်း၍ လျှောက်လာခဲ့ကြ၏။

"ဟ …စောဒေဝေါ၊ ဘယ့်နှယ် စက်ကြီးနိုးထားရတာလဲ ငါ့တူရ။ မီးကြီးလည်းလင်းလို့။ Working Hour မပြည့်ခင် ဆီပြတ်သွားလို့ တောကြားတောင်ကြား ချောက်ကျနေမနေ့်။ ဆီကို ချွေတာသုံးကြဦးဟ"

"ခက်ပ ဆရာကြီးရာ၊ ဆရာကြီးအကောင်ကြီးက ရှေ့ခပ်လှမ်းလှမ်း ဝါးတောထဲမှာပဲ ရှိနေသေးတာရယ်။ စက်သတ်လိုက်လို့ စက်သံရပ်သွား၊ မီးအလင်းရောင်ပျောက်သွားတာနဲ့ တစ်ပြိုင်နက် ဆင်ကြံကြံပြီး ဒုက္ခပေးဖို့ လှည့်ပတ်ချောင်းနေတော့တာပဲ။ ရဲလည်း တကယ်ရဲတဲ့ အကောင်ကြီးဗျာ။ လူသတ်ရတာ လျှာလည်ပြီး အရသာတွေ့နေထင်ပ။ ကျွန်တော်တို့ လူတစ်အုပ်လောက်ကိုများ မျက်စိထဲတောင် ထည့်ထားပုံတောင် မရဘူး"

"ဟုတ်ပ၊ ကျွန်တော်တို့ကို ဟိုရှေ့ ကိုက်နှစ်ဆယ် အစိတ်လောက်က ကြိမ်တောကြီး၊ ဝါးသုဉ်းပင်ကြီးတွေနဲ့ လူ့လက်ခုပ်တစ်ဖောင်ကျော်သာသာ ထွေးတောကြီးတွေဘက်က ပတ်ချောင်းလိုက်၊ ဟောဟိုလမ်းတောင်ဘက်က ဝါးရုံတောနောက်ကြောက ပတ်ဝေ့လိုက်လုပ်နေတော့တာခင်ဗျ။ သင်းရဲ့ နားရွက်ခတ်သံ ငြိမ်သွားပြီဆိုရင် စက်သံမြှင့်ပေးလိုက်။ ကျည်ခနဲ တစ်ချက်အော်ပြီး တောထဲဝင်ပြေးပြန်ရော။ သိပ်ဝေးဝေးတော့လည်း မသွားဘူး။ စက်မောင်းသံနည်းနည်းဝပ်သွားတာနဲ့ တရွေ့ရွေ့ရှေ့ကို တိုးလာပြန်တော့တာ"

မှန်သည်။

လူကိုတွေ့စ ကျားဆိုးဆင်ဆိုးတို့၏ သဘောသဘာဝမှာ ကောက်ကျစ်မှု ဉာဏ်၊ ပရိယာယ် တစ်ပုံစံတည်း ဖြစ်၏။

လူကို အန္တရာယ်ပြုဖို့ အကြံယူနေသည့် ကျားသည် နာခေါင်းအရင်းမှ အမွေးကလေးတွေကာစပြီး လှုပ်၍ ထောင်၍ ဦးခေါင်းဆီသို့ ဆန်တက်လာလျက်၊ ကျောရိုးတစ်လျှောက်မှ အမြီးဖျားဆုံးသည်နှင့် ဖြန်းခနဲ လူကို ခုန်အုပ်တတ်လေ့ရှိသည်။

ဆင်ဆိုးကလည်း ထိုနည်းလည်းကောင်း။

လူကို တွေ့ခါစဉ် နားရွက်တဖျတ်ဖျတ်ခတ်၍ အကြံယူချောင်းမြောင်းနေတတ်ပြီး နားရွက်ခတ်လည်းငြိမ်၊ ဝုန်းခနဲ အားနှင့်အင်နှင့် တအားကြီးကျုံး၍ လူကို ပြေးထိုးတတ်လေ့ရှိသည်။

ကျားဆိုး၏ တဘုတ်ဘုတ် အမြီးရိုက်သံ၊ ဆင်ဆိုး၏ တဖျတ်ဖျတ် နားရွက်ခတ်သံ မပျောက်သေးလျှင်တော့ အရေးမကြီးသေး။ ရုတ်တရက် အသံပျောက်လျှင် ငြိမ်သွားပြီဆိုလျှင် သတိသာထားပေရော့။

“အေး ...အနေအထားကတော့ ဘူဒိုဇာနဲ့ဆင် ဝါးတောထဲတွေ့ကြရတဲ့ သဘောမျိုးပလကွာ။ သူ့ဘက်က အကဲသာနေတာက သူကျွမ်းဝင်ကျင်လည်တဲ့ သူ့အိမ်သူ့ရာ၊ သူ့တောသူ့တောင် ဖြစ်နေတော့ မြေပြင်သဘာဝမှာ သူက တစ်ပန်းသာနေသပေါ့။ ပြီးတော့ ညအမှောင်ကလည်း သူ့ဘက်မှာ။ လရောင်မှိန်မှိန်တော့ရှိပါရဲ့။ နှင်းကို မတိုးနိုင်တာက ခက်တယ်”

ဦးခင်မောင်လင်းက တွေးတွေးဆဆ သုံးသပ်၏။

“ဒါပေမဲ့ ကျုပ်တို့က လူတွေလေဗျာ။ လူနှစ်ဆယ် အစိတ်ကြီးက ဆင်ဆိုးတစ်ကောင်ကို ကြောက်လို့ အလုပ်ပျက်ရတယ်ဆိုတော့ အရပ်ရပ်နေပြည်ကြားလို့မှ မတော်စရာကြီး။ မနက်မိုးလင်းရင် ဘယ်မျက်နှာနဲ့ ရွာကို ပြန်ဝင်ပြီး ရွာက လူတွေကို ပြရမလဲဗျ”

“ဒါတော့လည်း ဒါပေါ့ မန်နေဂျာကြီးရယ်။ ဒီနေရာက သူ့ရဲ့အောင်မြေကိုးခင်ဗျ။ ဟိုတစ်နေ့က တစ်ယောက်ကို နင်းသတ်သွားတာ ရှေ့နားလေးမှာတင်ရယ်။ အကယ်၍များ ရှေးလူကြီးသူမတွေပြောသလို သေတဲ့လူရဲ့ဝိညာဉ်က စီးပြီး ဇွတ်ကြီး အန္တရာယ်ပေးလာရင် အားလုံး ပြေးပေါက်မှားကုန်ဦးမယ်နော်”



“ရှာရှာပေါက်ပေါက်ဗျာ၊ ဆင်ယဉ်ဆင်ထိန်းတွေတောင်မှ သူတို့ ဦးကင်းသူတို့ကျောပေါ်ကို မိန်းမ အတင်ခံတတ်တာ မဟုတ်ဘူးရယ်။ ဒီတောဆင်ရိုင်း ဆင်ဆိုးကြီးကို သူနင်းသတ်ထားတဲ့ မင့်အဘတစ္ဆေက စီးရဦးမတဲ့လား။ ဝေးစွခြောက်ပါး”

“ပြောနိုင်ဘူးလေဗျာ။ ဝိညာဉ်ပါဆိုမှပဲ၊ စီးချင်ရင်လည်း စီးနိုင်မှာပေါ့ မန်နေဂျာကြီးရဲ”

“မဟုတ်တာဗျာ။ ခင်ဗျားတို့ဟာတွေက ပေါက်တတ်ကရတွေ။ ဆင်ဆိုးတစ်ကောင်နဲ့ နပန်းလုံးနေရတာ အားမရသေးလို့ တစ္ဆေမတစ်ကောင်ပါ အဆစ် ပါလာပြန်သေးတာလား။ ခက်ပဲခက်တဲ့ လူတွေ”

“ကိုင်း ...ကိုင်း။ ဆရာမာန်ရေ့၊ ကျန်တာနောက်ထား ဒီကောင်ကြီး ဒီနားမှာ ရှိနေသေးသလား။ ကျုပ်တို့ကို ဒုက္ခပေးဖို့ ပတ်ချောင်းနေတုန်းပဲလား သိရအောင် လုပ်ရဦးမဗျ။ အဲဒါက ပိုအရေးကြီးတယ်”

“ဘယ်လိုလုပ်ရမှာလဲဗျာ။ ဖိုးချစ်ရီတို့အဖွဲ့တွေနဲ့ မီးထိုးရှာကြဦးမလို့လား။ လူအုပ်တောင့်တယ်ဆိုပြီး အရဲမကိုးလိုက်ကြပါနဲ့ ကျေးဇူးရှင်တို့ရယ်။ အရေးဟဲ့ အကြောင်းဟဲ့ဆို ဒီအကောင်ဆိုးကြီးကို ရင်ဆိုင်ဖို့ ဘာလက်နက်မျှ လောက်လောက်လားလား ပါလာတာလည်း မဟုတ်ဘူးဗျ။ ခက်လိုက်ပ”

“ဆရာမာန်ရယ်၊ တစ်ခါတလေကျတော့လည်း မလောက်လေး မလောက်စားလက်နက်ကလေးက သေးပေမဲ့ ဒီလိုသတ္တဝါဆိုးကြီးတွေကို ဖင်ထောင်ပြီး ပြေးအောင် စွမ်းနိုင်ပါသေးသဗျ”

“ဟုတ်မှလည်း လုပ်ပါ မောင်ကာဠုရယ် ဆိုတာလို ဖြစ်နေပကောဗျာ”

“ကဲ၊ ဒါဆို လက်တွေ့မျက်တွေ့ကြည့်။ လှစိုးရေ ကိုလှသန်းရေ၊ တို့ ဆင်နှိမ်နင်းရေး လျှို့ဝှက်လက်နက်ဆန်းတွေကို အသင့်ပြင်ခဲ့ကွာ။ မီးခြစ်နဲ့ ဖယောင်းတိုင်လည်း ယူလာခဲ့ကြ”

ပြောသူက တကယ်ယုံယုံကြည်ကြည် စူးစူးနစ်နစ် ပြောနေခြင်းဖြစ်ပြီး သူ့နောက်လိုက်များကလည်း ဝံ့ဝံ့ရဲရဲ ရှိလွန်းနေသဖြင့် အသာကြည့်၍ နေ

လိုက်မိ၏။ "ဘာတွေကို၊ ဘယ်လိုတွေများ လုပ်ကြပါလိမ့်မလဲ" ဟု သိချင်စိတ်တွေပင် လိပ်၍ လိပ်၍ တက်လာနေသည်။

မကြာပါ၊ သိပ်မကြာလိုက်ပါ။

ဦးခင်မောင်လင်း၊ ကိုလှသန်းနှင့် သဲဝါက လှစိုးတို့လူသိုက်တွေ၏ လက်ထဲ၌ သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲကာလမျိုး၌ ကလေးသူငယ်တွေ ဆော့ကစားတတ်သည့် မီးရှူးမီးပန်းထုပ် အရွယ်စုံ၊ ပုံစံစုံပါလာကြ၏။

ကျွန်တော်ဖြင့် ဉာဏ်မမီချင်တော့။

"လူသတ်သမား ဆင်ဆိုးကြီးကိုများ မီးရှူးမီးပန်းတွေ ပစ်လွှတ် ပူဇော်ကြဦးမလို့လား"

သိလိုစိတ်တစ်ဝက်၊ စိုးရိမ်စိတ်တစ်ခြမ်းဖြင့် ရင်ထဲက တဒိတ်ဒိတ်။

"မီးရှို့တော့ဟေ့။ မီးပန်း ဗြောက်အိုးတွေကို အရင်ဖောက်ကြကွ။ ဒီကောင်ကြီး ခိုနိုင်တဲ့ ဟောဟိုတောစပ် ဝါးသုန်းတော၊ ထွေးတောနဲ့ လမ်းတောင်ဘက်က ဝါးရုံပင်စုစု၊ အဲဒါနောက်ကျောကိုင်းတောတွေဘက်ကို ချိန်ပြီးဖောက်ကြ"

"ဟုတ်ကဲ့ဆရာကြီး"

"ဖောင်း ...ဖောင်း ...ဖောင်း"

"ဒိုင်း ...ဒိုင်း ...ဒိုင်း"

"ဖောင်း ...ဖောင်း"

"ဒိုင်း ...ဖောင်း ...ဒိုင်း ...ဖောင်း"

မီးရှူးမီးပန်းပစ်ဖောက်သံတွေက ချက်ချင်းပင် ဧရာမပွက်သည့်နှယ် ဆူညံသွား၏။ ကျွန်တော်တို့ ပတ်ပတ်လည် အရပ်ရှစ်မျက်နှာ တောင်းကင်ယံ၌လည်း မီးရှူးမီးပန်းတွေ ဝင်းခနဲ လက်ခနဲ။

"ကျည်"

ကျွန်တော်တို့ လူသိုက်မေ့လျော့ထားခဲ့မိသည့် ကျွန်တော်တို့ နောက်ကျော သဲလမ်းဖွေးဖွေးကလေးအဝင်ဝ၊ ဝါးရုံပင်စုနှင့် ချုံတောစပ်စပ်မှ



အကောင်ကြီးသလောက် လျင်မြန်လှသည့် သတ္တဝါကြီးတစ်ကောင် ကြောက်လန့်တကြား အော်မြည်ပြေးလွှားသွားသည်ကို တွေ့လိုက်ကြရသည်။

"အောင်မယ်လေး ...ကံကြီးပေလို့ဟေ့။ စက်ကြီးရှေ့ မီးအလင်းရောင်အောက်မှာ စိတ်ကြိုက်နင်းသတ်ပေရော့လို့ အချောင်းသားကြီးတွေ တန်းစီ ရပ်ပြသလိုကြီး ဖြစ်နေတော့တာကလား။ ဘုရား ...ဘုရား"

"အာဂ သတ္တဝါကြီးခင်ဗျာ။ ကျွန်တော်တို့ ရှေ့ကို မဲနေတုန်း နောက်ကျောက ပတ်ချောင်းတာတွေ့လား။ ဆရာကြီးဦးခင်မောင်လင်းတို့သာ လက်မဦးရင် ဒီကောင်ကြီးလက်ချက်နဲ့ မသာဘယ်ရွေးလဲ မေးရဦးတော့မလို့။ ဖွတ် ...ရဲလည်း ရဲတဲ့ကောင်ကြီးပဲ"

ကျွန်တော်ပင်လျှင် အံ့အားသင့်နေမိရသည်။

သူ့ထက် ဉာဏ်ရည်မြင့်မားသည့် လူသားစင်စစ် မနုဿသတ္တဝါတစ်အုပ်တစ်သင်းကို တစ်ဖက်တွင် အယောင်ပြခဲ့ပြီး နောက်မှ ပန်းလျက် အလစ်ဝင်တိုက်ခိုက်ဖို့ ကြံစည်ဝံ့သည့် သင်း၏ ပရိယာယ်၊ လှစ်ခနဲ ပျောက်ကွယ်သွားလောက်အောင် လျင်မြန်လှသည့် သင်း၏ ဖျတ်လတ် သန်စွမ်းမှုတို့ကို ပေါ့ပေါ့ဆဆ၊ လျှော့တွက်၍ မရပြီ။

"ကိုင်းဟေ့၊ စက်ကြီးမောင်းအဖွဲ့က လမ်းရာအတိုင်း မောင်းဖို့ဟာ မောင်းသာမောင်းတော့။ နောက်ထပ် မိုင်ဝက်လောက်အထိကတော့ မထူးလှသေးပါဘူး။ စက်ကြီးနဲ့ ငန်းတိုက်ထိုးသွားလို့ ရပါသေးတယ်။ ရှောင်မလွှတ်တဲ့ ဝါးရုံနဲ့ ထွေးတောတွေကိုတော့ တိုက်လှဲပြီး ဘေးကိုသာ တွန်းထိုးကပ်ထားခဲ့ပေတော့။ ကျုပ်တို့အဖွဲ့က အောက်လင်းမီးအိမ်ကြီးထွန်း၊ ဝါးခြောက်တွေပုံပြီး မီးပုံသုံးလေးပုံ ရှို့ထားကြကွာ။ ကိုလှသန်းက ရေနွေးနဲ့ကော်ဖီလုပ်။ လူလုံးလည်းမကွဲကြစေနဲ့။ တောစတောင်စထဲ တစ်ယောက်တည်းနှစ်ယောက်တည်း စွတ်စွတ် ဝင်မသွားကြနဲ့။ ဒီကောင်ကြီး မကျေပွဲထပ်နွှဲချင် နွှဲနေဦးမှာ။ လှစိုးတို့အဖွဲ့က မင်းတို့ နျူကလီးယား လက်နက်ကြီးတွေကို အရေးဟဲ့ဆို ချက်ချင်း သုံးနိုင်အောင် အဆင်သင့်ပြင်ထားကြကွာ"

ခပ်သုတ်သုတ် စီမံခန့်ခွဲရသည်။

ဘူဒိုဇာ စက်ကြီး စတင်၍ အလုပ်လုပ်တော့ ညကိုးနာရီထိုးတော့မည်။ ခတ်ကွင်းပြင်တာနှင့် ရှာသစ်ကြီး ရောက်ရသည့် ကိန်းဆိုက်၍ နေတော့၏။

အရေးထဲ အရာပေါ်လာပြန်ချေသေးသည်။

"ဟ …ဟ လူရိပ်တွေ့တယ်ဟ။ ဘယ်ကောင် တောထဲတစ်ယောက်တည်း ဝင်ပြန်ပလဲ။ အခုပဲ မန်နေဂျာကြီး ပြောလို့တောင် ပါးစပ်မစေ့ရသေးဘူး။ သေပန်းပွင့်ချင်လို့လား ဟကောင်ရ"

ကိုအီဆွတ်ကြီး၏ အသံ။

သူ့ကျောက်ထုတ်လုပ်သားများအထဲမှ တစ်ဦးဦးဟု ထင်ဟန်တူသည်။ လက်နှိပ်မီးတွေ တဝင်းဝင်းဖြင့် လူစင်ကြည့်ကြရပြန်၏။ လူလျော့ လူပျောက် မရှိ၊ နတ္ထိ။

"ဘာလဲဟ၊ ကိုင်း၊ မီးတုတ်တွေ ယူခဲ့ကြကွာ။ ငါနဲ့ ခဏလိုက် ခဲ့ကြစမ်း။ ဘယ်သူလဲ၊ ဘာလုပ်တာလဲ သေချာသွားအောင် လိုက်ကြည့်ရမယ်"

ဘူဒိုဇာ စက်ကြီး လမ်းဖောက်မြေထိုးနေသည့်နေရာနှင့် ဘယ်လောက်မျှ မဝေး။ ပေအစိတ်၊ ပေ ၃၀ သာသာပဲရှိမည်။ တွေ့ပြီ။ ယောက်ျားကြီးတွေ တန်မဲ့ငယ်သံပါအောင် အော်ဟစ်လျက် ဗလုံးဗထွေးကြီးတွေ ပြန်ပြေးလာကြလေ၏။

"သွေးတွေ၊ သွေးတွေ၊ သွေးကွက်ကြီး မြင်မကောင်းဘူး။ ဟိုနေ့က ဆင်နင်းခံထားရတဲ့နေရာပဲ ဖြစ်မယ်။ အဝတ်အစား တစ်စုံနဲ့ ထမင်းထုပ်တစ်ထုပ်၊ ရေဘူး၊ သနပ်ခါး ကျောက်ပျဉ်အစုံကလည်း ချထားသေး။ အဲဒါ ဘာလုပ်တာလဲ အရပ်ကတို့။ တစ္ဆေခေါ်တာ မဟုတ်ပေဘူးလား"

တစ်စုံတစ်ယောက် တစ်စုတစ်ဖွဲ့က လောကီအစီအရင်နည်းတွေဖြင့် ဘယ်လို မထော်မနန်းကြီးတွေကို တောထဲတောင်ထဲ လာလုပ်ထားမှန်း အတပ်မသိ။ ညကြီးမိုးချုပ် တောကြိုတောင်ကြား၌ အလုပ်လုပ်နေသူများ စိတ်စနိုးစနောင့် ဥပဒ် မဖြစ်ရလေအောင် ဆင်ဆိုးရန် တထိတ်ထိတ်ထဲက ပင်ထိုကိစ္စဆိုးကြီးကို အရေးပေါ်မြေမြှုပ်ပစ်လိုက်ကြရသေးတော့၏။



နောက်တစ်ကြိမ် အထိတ်တလန့် ဖြစ်ကြရတော့ လမွန်းတိမ်းပြီ။ ဆင်ဆိုးကြီးက ကျွန်တော်တို့ထင်ထားသလို အနှောင့်အယှက် မပြုသေးဘဲ ငြိမ်နေလေသဖြင့် အလုပ်ဖောတွေကပ်ကာ တောက်လျှောက်ကြီး တွန်းလုပ်ကြရာ မြေသားတစ်ကြောင်းထိုးလမ်းကလေးပင်လျှင် တစ်မိုင်ခန့် နီးနီးဖြူးဖြူး ဖြောင့်ဖြောင့် ခရီးပေါက်ခဲ့ပြီ။

သစ်ကြီးဝါးကြီးများ သိပ်သိပ်သည်းသည်း ရှိလှသည့် ပဲခူးရိုးမ အဆွယ်ဖြစ်၍ နှင်းပေါက်ကြီးတွေက မိုးရွာချသလို တဖြောက်ဖြောက် တပေါက်ပေါက် ကျဆင်းနေသည်။ အအေးဒဏ်ကလည်း ညဥ့်နက်ပိုင်း ရောက်လာလေ၊ ဆိုးဝါးပြင်းထန်လာလေ၊ ခြေတွေလက်တွေ ထုံကျင်ကိုက်ခဲနေကြတော့၏။

"အောင်ဟိန်းဖြိုးရေ …နားရအောင်ဟေ့။ မင်းတို့စက်ကြီးကို အဲဟိုရှေ့က လွင်သာကလေးမှာပဲ ရပ်ထားလိုက်တော့။ ကျန်တာကိုယ့်အဖွဲ့နဲ့ ကိုယ် လူပြန်စစ်ကြ။ ထွန်စက်သုံးစီးမှာပဲ ရွက်ဖျင်တဲကို ဖြစ်သလို ထိုးလိုက်ကြပေတော့။ နှင်းလုံရင် တော်ရောပေါ့။ ဝါးမီးပုံကြီးတွေတော့ မီးမငြိမ်းထားနဲ့ဟေ့။ သုံးဖွဲ့မှာ တစ်ဖွဲ့အိပ်၊ နှစ်ဖွဲ့က နိုးနိုးကြားကြား ကင်းစောင့်ထားပေးကြ။ ဟို အကောင်ကြီးငြိမ်နေတယ်နော်။ အကောင်းမထင်လိုက်နဲ့ဦး။ စက်ကြီး ရပ်လိုက်လို့ လူသံသူသံဆိတ်သွားရင် သင်းက ရောက်ချင်ရောက်လာဦးမှာ။ အောက်လင်းမီးတော့ မငြိမ်းနဲ့တော့။ အားလုံးမြင်သာအောင် ထွန်စက်မှာ ချိတ်ထားပေးလိုက်။ ကဲ …နားကြ …နားကြ"

ဦးအလီရှား၊ ဦးခင်မောင်လင်းနှင့် ကျွန်တော်တို့က လူကြီးများ ပီပီ သည်ညတော့ဖြင့် လုံးဝမအိပ်တော့ဘဲ လူငယ်များကို ဘေးမသီရန်မခအောင်သာ စောင့်ကြပ်နိုးဆော်နေကြဖို့ သဘောညီကြ၏။

ရေနွေးကြမ်းတစ်အိုး၊ ကော်ဖီတစ်ခွက်စီဖြင့် ပင်ပန်းမှုကို လည်းကောင်း၊ အိပ်ချင်စိတ်ကိုလည်းကောင်း၊ ရိုးမ၏ အအေးဒဏ်ကိုလည်းကောင်း မရမက တွန်းလှန်နေမိကြရသည်။

တောတစ်ပြင်လုံး ညဥ့်ငှက်များနှင့် သားရဲတိရစ္ဆာန်များ၏ အော်မြည်သံများဖြင့် ပွဲတင်ထပ်လျက် ရှိတော့၏။ ဆတ်တစ်သံ၊ ချေဟောက်သံ၊

တောကြောင်ကြီးများ၏ တစ်ကောင်နှင့်တစ်ကောင် ခေါ်နေသံများကို နေရာအနှံ့အပြားမှ ကြားနေရ၏။ ဒီးဒုတ်ငှက်၊ တောလုံးငှက်စသည့် တောကြက်တောငှက်ကြီးများ၏ ကြောက်မက်စဖွယ် မြည်တွန်သံများကလည်း တန်ရှိအသည်းငယ်သူကို ချောက်ချားအောင် ပြုစားလျက်ရှိသည်။

ညဥ့်လယ်ယံကို ကျော်ခဲ့ပြီမို့ နှင်းထုက အုံ့အုံ့ဆိုင်းဆိုင်း ထုနှင့်ထည်နှင့် ဆင်းလာ၏။ သစ်ရွက်ဝါးရွက်များပေါ်သို့ နှင်းမိုးတွေ တသည်းသည်း ကြွေသံ၊ ရွက်ဖျားများဆီမှ နှင်းရည်ပွင့်တွေ တပေါက်ပေါက် ကျဆင်းနေသံများကား တော၏ဂီတသံပမာ မြိုင်ဆိုင်ဝေစည်လှတော့၏။

"ဟော"

"ဘာလဲဟ ဖိုးချစ်ရီ"

"ဆင်အုပ်တောတိုးသံခင်ဗျ။ ဆယ့်လေးငါးကောင်ရှိမယ့် ဆင်အုပ်ပဲ။ ဆင်ငယ်လေးတွေပါပါတော့ ခြေသံမလုံချင်ဘူးရယ်။ ညသံမို့လည်း ပိုပြီးကြားသာတာ။ ကျစ်ကျစ်ကျစ်ကျစ်နဲ့ ကြားနေရတဲ့အသံက ဆင်အုပ်ထိန်းတဲ့ဆင်ကြီး ဒေါ်ထနေတာခင်ဗျ။ သိပ်ကြီးတော့လည်း မဝေးလောက်ဘူး"

"အေး ...ဟုတ်လောက်တယ် ငါ့လူ။ ကျွဲပုတ်ကိုစောလှိုင်ကြီးက ညနေခင်းကပဲ သတိပေးသွားခဲ့သေးတယ်။ သူတို့ ဥက္ကံ၊ ကျွဲပုတ်၊ လဟာမငယ်ဘက်ဆီမှာ တောဆင်အုပ်ဝင်မွှေနေတယ်။ ဆင်ကလေးတွေ အပါအဝင် ၁၅ ကောင်လောက်ရှိသတဲ့။ စပါးခင်းတွေနဲ့ ကြံခင်းတွေ အတော်ပျက်စီးဆိုပဲ။ လဟာမငယ်က သားအဖနှစ်ယောက်တော့ ဆင်နင်းလို့ ပွဲချင်းပြီးပဲ"

"ကောင်းကွာ၊ ပန်းဆင်ကြီးတစ်ကောင်နဲ့တင် ဒုက္ခရောက်လှ ချည့်ဟာကို။ ဒီဆင်ရိုင်းအုပ်ကပါ ဝင်မွှေလို့ကတော့ ညရေးညတာကြီးမှာ ဗြောင်းသပ်ကရော့ပ"

"အဘူရေ ...ဟော့အဘူ"

"ဟ ...ဘာလဲကွ အီဆွတ်ရ။ အော်ကြီးဟစ်ကျယ်နဲ့ မင်းက ဘာဖြစ်ရပြန်ပလဲ"



"ဟိုဟာလေ ...ဟိုဒင်း"

"သောက်ရေးထဲကွာ"

"ငြိမ်ငြိမ် နားထောင်ကြည့်ကြစမ်းပ။ မိန်းကလေးတစ်ယောက် သီချင်းဆိုနေသံလိုလို ကြားနေရသလားလို့"

"ဖွတ်၊ လုပ်ချလိုက်ပြန်ပဟော့။ ဒီအကောင်အီးဘောလောကြီး ကတော့။ ဒီအချိန် ဒီလိုတောကြီးတောင်ကြီးထဲ ဘယ်က နင့်ကြီးတော်က သီချင်းလာဆိုရဦးမှာလဲ သောက်ရူးရဲ့ ...တကာတဲ။

အီဆွတ်ကြီးကို ဖိကြိမ်းနေရာမှ သူ့အသံ ချက်ချင်းငြိမ်။ မျက်နှာ၌ အံ့သြဟန် အရိပ်အခြည်ကို မြင်သည်။ တစ်ဖက်မှ မြင်နေရသည့် အင်တိုင်းတောကြီးဆီကိုလည်း နားရွက်စွင့်ထားလိုက်မိကြရတော့၏။

"မန်နေဂျာကြီး"

"ဗျား"

"အီဆွတ်ကြီး ပြောတာ ဟုတ်နေသလိုလိုပဲနော"

"ကျုပ်လည်း ခပ်သဲ့သဲ့ ကြားလိုက်မိသလို ရှိသား"

"ဆရာကြီး ဦးခင်မောင်လင်းကော၊ ဘယ်လိုလဲ"

"အိမ်း ...နားစွင့်နေတုန်းပဲ"

"ဦးရွှေဝင်းကော"

"တောခြောက်တာများလား ဦးအလီရှားရယ်"

"ပြောတတ်ဘူးလေဗျာ။ ဒါပေသိ၊ မိန်းမသံ ကြားလိုက်ရတာတော့ အစစ်ပဲဗျ"

အားလုံးငြိမ်သွားကြရ၏။

မည်သို့မျှ စဉ်းစားမတတ်အောင်လည်း ရှိနေသည်။

သည်စဉ်အခိုက်မှာပင် ဆင်အုပ်တောတိုးသံ၊ ဝါးရုံဝါးတောတွေဆီမှ တဖြောင်းဖြောင်းမြည်သံ၊ ဆင်ကြီးများ၏ ကျစ်ကျစ်ကျစ်ကျစ် ဟု ဆင်အံသွားကြိတ်သည့် အသံကြီးတွေက တဖြည်းဖြည်း အနီးသို့ ကပ်လာနေသလို အသံကျယ်လာနေ၏။

"အလိုလေးဗျာ ...နည်းတဲ့ကောင်ကြီး မဟုတ်ပါလား"

"ဘာ ...ဘာလဲ ဖိုးချစ်ရေ ဘာလဲ"

ရွာခံမုဆိုးကျော် ဖိုးချစ်ရီက တောရည်ဝသည့် မုဆိုးပီသစွာ ခပ်လှမ်းလှမ်း ဝါးတော၊ ထွေးတောကြီးဆီ လေးတောင့်ထိုးဓာတ်မီးကို ဝင်းခနဲ ဖွေးခနဲ မီးကွင်းချ မီးစိုက်ထိုးလျက် မြေကြီးခဲများဖြင့် ဆင့်ကာ ဆင့်ကာ ပစ်ခတ် ခြောက်ထုတ်နေတော့၏။

အလားလား။ ဖိုးချစ်ရီ လက်ညှိုးတယမ်းယမ်း လုပ်နေရာသို့ မျက်စိလျှင်လျှင်ထား၍ ပြူးကာပြဲကာ ကြည့်လိုက်မိမှသာ တစ်ညလုံး ဒုက္ခပေးနေသည့် ကျေးရွာရှင် အန္တရာယ်ကောင်ကြီးကို ကိုယ့်မျက်လုံးရှေ့မှာ တပ်အပ်ကြီး မြင်လိုက်ရပေတော့သည်။

ဝါးပင်ဝါးရွက်တွေကြားမှ ကြီးမားကားတက်နေသော နားရွက်ကြီးနှစ်ဖက်၊ ကြိမ်နွယ်ကြားမှ ဖောက်ထွက်နေသော အသည်းယားချင့်စရာ ဖြူဖွေးတုတ်ခိုင်လှသည့် အစွယ်ကြီးနှစ်ချောင်း၊ ကိုင်းပင်ဖျားမှ မြေဝါရောင်သဏ္ဌာန် အဆင်းနှင့် ဆင်ဦးခေါင်းကြီး။

"မနည်းမနောကြီးတဲ့ အကောင်ကြီးပါလားဟ။ ဘာမျှလည်း ကြောက်မယ့်ပုံမပေါ်ဘူး။ စောဒေဝါရေ၊ မင့်စက်ကြီး နိုးပါဟ။ ကိုလှသန်း၊ လှစိုး။ မင်းတို့လက်နက်ပုန်းတွေ လုပ်ကြလကွာ။ ရှီးတဲ့မှ မင်းတို့ အမေ့လင်ကြီးက ပြေးဝင်နင်းလို့ အူထွက်ပြီး ကာလနာတိုက်နေကြဦးမယ် ဘုရားသားတွေရဲ့"

ချက်ချင်းပင် ကုလားသိုက်ကျားဝင်ကိုက်သည့်နှယ် ချောက်ချောက်ချားချား လှုပ်လှုပ်ရှားရှားကြီးတွေ ဖြစ်ကြရတော့၏။ ဘူဒိုဇာစက်ကြီး မြေနှိုးသူကနှိုး၊ လက်ကျန်မီးရှူးမီးပန်းတွေ ဖောက်၍ ခြောက်လှန့်သူက ခြောက်လှန့်၊ ရှိသမျှ အသံမြည်နိုင်စေသည့် အရာမှန်သမျှကို ထုထောင်း၍ အသံဗလံပေးသူကပေး၊ နှုတ်ကလည်း အလကား မနေကြရ။ ဟေးဟေး ဟားဟား၊ ညာသံပြု၍ လှန့်လုံးတွေ ဆင်ကြရလေသည်။



တော်ပေသေး၏။

ဘုန်းမောင်တစ်ကိုယ်တည်းရယ် ဟူသည့် သင်းကွဲဆင်မိုက်ခဲကြီးရော၊ ဆင်သားငယ် ဘုစုခရုတွေပါ တစ်မြုံတစ်မပါလာသည့် ဆင်ရိုင်းတစ်အုပ်မှာ ကျွန်တော်တို့ လူသိုက်လုပ်ပုံတွေကို ပြန်လန့်လျက် တကျည်ကျည် တကျာကျာ အသံပြုရင်း ထွက်ပြေးကြပေ၍သာ။

"ဒီအကောင်ကြီးတွေ ဝေးဝေးခွာကြဦးမှာ မဟုတ်ဘူးခင်ဗျ။ ဒီလိုပဲ လာလာ ချောင်းလိုက်၊ အလစ်အငိုက်မိရင် ဝင်ဆွဲ၊ ဝင်မွှေလိုက်လုပ်ဦးမှာ ရယ်"

"အေး ...ပေါက်တဲ့ နှဖူးတူးတော့ပါဘူး ဖိုးချစ်ရီရယ်။ သတိဝီရိယနဲ့ နိုးနိုးကြားကြား နေကြရုံရှိတော့တာပ။ မှန်း ...ဘယ်နှစ်နာရီရှိနေပလဲဟ"

ဝါးပုံမီးရှို့ထားသည့် အလင်းရောင်၌ နာရီကို ပြူးပြဲကြည့်မိရသည်။ နံနက်ဦး နှစ်နာရီသာသာ ရှိသေး၏။ မိုးလင်းဖို့ အပုံကြီး လိုပေသေးသည်။

"ကိုင်း၊ ကိုအီဆွတ်ရေ။ နီးရာဝါးရုံက ဝါးလုံးစိမ်းတွေ ခုတ်ပြီး မီးပုံတွေ ထဲသာ ပစ်ထည့်ကြဗျာ။ ဝါးလုံးပေါက်သံတွေ ဆူဆူညံညံနဲ့ဆိုရင် ဒီအကောင်ကြီးတွေ ရှိန်နေကြမှာပဲ"

"ဟုတ်ကဲ့ဆရာကြီး၊ ဟုတ်ကဲ့"

"နေပါဦး၊ ဆရာကြီး ဦးရွှေဝင်းတစ်ယောက်ကော မမြင်ပါကလား။ ဘယ်ထွန်စက်မှာ သွားခွေနေပြီလဲ"

"မဟုတ်ပါဘူး ဦးခင်မောင်လင်းရယ်။ သူလည်း သူ့ ကျွမ်းကျင်ရာ ပရိတ်တွေ၊ မန္တန်တွေ ရွတ်ဖတ်ပြီး တောစိုးတောင်စိုး တောပိုင်တောင်ပိုင်တွေကို မေတ္တာပို့ပေါ့။ အန္တရာယ်ကင်းပရိတ်ရွတ်နေတာတဲ့ ခင်ဗျ။ လှစိုးတို့ သဲဝါက ထွန်စက်ပေါ်မှာတဲ့"

"ဘုရားကု ကုနေတာပေါ့လေ"

"ဘာပဲဖြစ်ဖြစ်ဗျာ။ တောထဲတောင်ထဲ ဗုဒ္ဓါနုဿတိပွားထုံနေလို့ အကျိုးမဲ့ မဖြစ်တန်ပါဘူး။ ကလေးတွေလည်း အားရှိတာပေါ့။ နေပါစေ။ ကိုင်းဟော့

လင်းလှပါပြီ။ သိပ်မပေါ့ကြနဲ့။ လင်းမှပဲ နားကြပေတော့။ အခုတော့ ဒုက္ခခံလိုက်ကြဦးဟ"

"ရတယ် မန်နေဂျာကြီး၊ ရတယ်"

မည်သို့ပင်ဖြစ်စေ ...

မလှမ်းမကမ်း တောမြိုင်ကြီးထဲမှ သားရဲတိရစ္ဆာန်တို့၏ အသံတွေ၊ ဆင်ရိုင်းအုပ်၏ တလှုပ်လှုပ် တချောက်ချောက်အသံတွေ၊ ပန်းဆင် ဆင်ဆိုးကြီး၏ တကျစ်ကျစ် အသံပြုနေသည့် အန္တရာယ်ခေါ်သံတွေနှင့် နပန်းလုံးရင်းဖြင့် မိုးစင်စင်သာ လင်းခဲ့ရတော့သည်။

တစ်ညလုံး တစ်ရေးမျှ မမှေးလိုက်ကြရ။

✹ ✹ ✹

"အဲဒါပဲ ကတွတ်ပီရေ။ ကျုပ်တို့ရဲ့ ဒီနေ့လည်း ကံမကောင်းပါလား ဖာတ်လမ်းက တစ်ညလုံး မျက်တွင်းချောင်ခဲ့ကြရတာကလား။ သံချောင်းတို့အဖေ ကံကောင်းလို့မသေလို့ ဆိုရမှာပဲဗျို့"

"ဒီလောက် ဆင်ဆိုးရဲနေတဲ့တောကို ခြေစောင့်လက်စောင့် သေနတ်ကလေးတစ်လက်တလေတောင် မပါဘဲ မြွေမကြောက် ကင်းမကြောက် စွတ်ရွတ်ဝင်တဲ့ ဆရာကြီးတို့တွေ မသေကောင်း မပျောက်ကောင်း ရွာပြန်ရောက်လာတာတောင် တော်ပေသေးတာပေါ့ခင်ဗျာ။ ကျုပ်ဖြင့် ရွာပြန်ရောက်လို့ အဘွားကြီးပြောသံလည်း ကြားလိုက်ရော၊ ဖင်နွှေးအောင်တောင် မထိုင်နိုင်ဘူး၊ တန်းပြေးလာခဲ့ရတာတော့"

ကျွန်တော်တို့၏ အိမ်ရှင်၊ ကျွန်တော်က ကတွတ်ပီဟု ချစ်စနိုး ကျီစယ်ခေါ်ဝေါ်နေသည့် မုဆိုးကျော် ဦးသန်းမောင်က ကရုဏာဒေါသောတွေဖြင့် မျက်စောင်းကြီး နာနာခဲရင်း ခပ်ဖိဖိပြောနေတော့၏။

"တော်သေးလို့ ကတွတ်ပီရေ။ အဲဒီ ပန်းဆင်ကြီးဆိုတာဟာ သောက်ကျိုးနည်းကြီးတဲ့ကောင်ကြီးလားဗျာ။ မရှိဘူးဆို ၁၀ ပေ ၁၂ ပေပဲဗျ။ ခြေဆံလက်ဆံ အလုံးအထည်ကြီးကလည်း မြင့်မြင့်မောင်းမောင်းရှိပ့ါ။ အစွယ်ကြီးတွေများ ပြူးပြီး ကော့နေတာပဲ။ ဒီသတ္တဝါကြီးရဲ့ နဖူးရေခွံရေနဲ့ဆို ထင်သလို



နင်းလိုက်ခြေလိုက်ရင် သေကုန်လိုက်ကြမယ့် အမျိုး။ အခုတော့ ပတ်ချောင်းရုံပဲ ချောင်းနေလို့ ခင်ဗျားရေ။ အဲဒါတောင် ကြောက်လွန်လွန်းလို့ တွေးမိတိုင်း အသည်းတုန်နေရတုန်းပဲ"

"နေပါဦး၊ အဲဒီအကောင်ကြီးကို ဆရာကြီးတို့ အပ်ကျမတ်ကျ မြင်လိုက်ကြရလို့လား"

"မြင်လိုက်ရပါသကောဗျာ။ ဆယ့်လေးငါးကောင်ပါတဲ့ ဆင်ရိုင်းအုပ်ကိုသာ အသံတွေကြားရုံကြားရပြီး မမြင်လိုက်ဘဲရှိခဲ့ကြတာရယ်။ အဲဒီ ပန်းဆင် သင်းကွဲကြီးကိုတော့ ကျုပ်တို့အားလုံး အသေအချာကြီးကို မြင်လိုက်ကြရတာခင်ဗျ"

"ထင်ထင်ရှားရှားကြီးပဲလား"

"အင်းပေါ့ဗျ။ ကျုပ်တို့ လက်နှိပ်မီးရောင်နဲ့ အောက်လင်း ဓာတ်မီးရောင်ကြီးအောက်မှာ အကောင်လိုက်ကြီးတွေ့ခဲ့ရတဲ့ ဥစ္စာ"

"ဗိုးသန်းမောင်ရေ. နားရွက်ကြီးတွေ၊ ဖျောမအစွယ်ကြီးတွေ၊ မြေဝါရောင် ဆင်ခေါင်းကြီး၊ အို ...မျက်ထောင့်နီကြီးနဲ့ တကယ့် ဘီလူးသရဲကြီးကျနေတာပဲ မောင်"

ဦးသန်းမောင်က စကားပြန်မလာဘဲ ငြိမ်နေလေ၏။ တစ်စုံတစ်ရာ အတွေးနက်နေဟန်ရှိသည်။

"လဟာမငယ်ဘက်မှာလည်း နှစ်လောင်းပြိုင်နင်းသတ်ခဲ့ပြီး ဟိုးတစ်နေ့ကလည်း ဒီကြံခင်းစုနားမှာ မိန်းဂဂတွေကို လိုက်ရင်းနဲ့ တစ်ယောက်နင်းသတ်ခဲ့သေးဆို"

"အေးလေ ..."

"ဒီအကောင်ကြီးပဲတဲ့လား"

"ပြောကြတာပဲဟ။ လဟာမငယ်ဘက်က နှစ်လောင်းပြိုင် ကိစ္စကြီးကတော့ မသေချာဘူး။ တောဆင်ရိုင်းအုပ်လို့လည်း ပြောနေကြတာပဲ။ ဒီကြံခင်းစုကဟာတော့ ဒီကောင်ကြီး လက်ချက်ဆိုတာ သေချာတယ်။ ထွက်ပြေးတဲ့ မိန်းမတွေက ပြောတဲ့ပုံပန်းသဏ္ဌာန်နဲ့ ဒီအကောင်ကြီးက ချွတ်စွပ်ကြီး"

"ဘာလဲ ဖိုးသန်းမောင်၊ မင်းအကောင်ကြီးကို သတိရနေပြန်ပလား"

ဦးသန်းမောင်က မတုန်မလှုပ်။ တွေတွေငေးငေး။ ရွာခံမုဆိုးကျော် ဖိုးချစ်ရီနှင့် စောယူးတို့ကသာ ကျွန်တော်ငှို၏ ဖာတ်လိုက်ကျော် ကတွတ်ပီ ကိုထူးထူးဆန်းဆန်းကြီး ပျော့ကြည့်နေကြ၏။

"အင်း…"

သူ့ထံက အင်းရှည်ဆွဲသံကြီးက မအီမလည်ထွက်လာသည်။

"ငါ့ကောင်ကြီးတော့ ဟုတ်လောက် မထင်ပါဘူး ဖိုးချစ်ရီရာ။ ဒီအကောင်ကြီးက တောကျွံလာတဲ့ နောက်ထပ် ဒုက္ခကောင်ကြီးတစ်ကောင် ဖြစ်လိမ့်ထင်ပါရဲ့။ ငါ့အကောင်ကြီးအကြောင်းလည်း မင်းတို့ ကျားချောင်း တစ်ရွာလုံး သိကြပြီးသားပဲဟာ။ ငါတို့အိမ်ကလွဲလို့ တစ်ရွာလုံး ငါ့အကောင်ကြီး အသားကို အောင်သေအောင်သားအဖြစ် အိမ်တိုင်းဝေ့ ပွဲတော်တည်ခဲ့ကြတာ မဟုတ်လား။ စဉ်းစားကြည့်လိုက်တိုင်း ရင်ထဲ မချိလွန်းလို့ကွာ။ ငါ့ကောင်ကြီး"

ကျွန်တော့် ကတွတ်ပီခမျာ စကားကို ဆုံးအောင်ပင် မဆက်နိုင်။ စိတ်လက်မကောင်းဟန် သုန်သုန်မှုန်မှုန်ကြီးဖြင့် ရေနွေးကြမ်းကိုသာ အတွင်သား ဖိ၍ မှုသောက်နေတော့၏။

"နေဦးဗျ၊ ဦးလေးကိုသန်းမောင်။ ခင်ဗျားကောင်ကြီးဆိုတာ ဘာကြီးတုံးဗျ။ ဒီမှာ တစ်ညလုံး တထိတ်ထိတ်တလန့်လန့်နဲ့ ရင်တုန်ပန်းတုန်ရှိနေတဲ့အထဲ ခင်ဗျားအကောင်ကြီးက ဘယ်လို ပေါ်လာရပြန်တာလဲ"

"ဘာရှိရမတုံးဟ၊ ကိုလှသန်းရ။ ညက ကောင်ကြီးထက် ပိုမိုက်၊ ပိုရမ်း၊ ပိုကြမ်းတဲ့ ကိုးလောင်း ဆိုတဲ့ ဆင်ဆိုးကြီးပေါ့ကောင်ရ။ မိုက်ချက်ကတော့ ကမ်းကုန်ရော။ ဒီနား ကျားချောင်းနဲ့ ချင်းကုန်းတစ်ပိုက်မှာတင် လူသား ကိုးယောက်တိတိကို နင်းသတ်ပစ်ခဲ့လို့ ကိုးလောင်းလို့ နာမည်ဆိုးတွင်ခဲ့တဲ့ အကောင်ကြီးပေါ့ဟ"

"ကိုးလောင်း ဟုတ်လား"

"ဟုတ်တယ်ခင်ဗျာ။ ကိုးလောင်းတဲ့"



"ကြားရချက်က နား၀ မသက်သာလှပါကလားဗျာ။ ခင်ဗျားတို့ ရွာကလေးကလည်း ရန်ကုန်မြို့ကြီးနဲ့မှ မိုင် ၄၀/၅၀ ဝေးသေးတဲ့ဟာကို ဒီလောက်ကြီးတောင် ဒုက္ခများနေကြရသလားဗျာ။ ကျုပ်တို့ ကိုယ်တွေ့မှသာ ယုံကြရတော့တယ်။ နို့မို့ဖြင့် ယုံချင်စရာ တစ်စက်ကလေးမျှ မရှိဘူး။ မရှိရေးချ မရှိထဲကပဲ"

"ဒါတောင် မန်နေဂျာကြီးရေ၊ ဟောဒီ ရိုးမပတ် "မဟာဗျူဟာ" ခရိုင်ချင်းဆက်လမ်းမကြီး ဒုတ်ဒုတ်ထိ ပေါက်လာလို့ခင်ဗျ။ အရင်ကဆို ကျုပ်တို့ရွာကလေးတွေက ကိုယ့်ဇာတိကိုယ့်မွေးရပ်မှာသာ နေနေကြရတာ။ တကယ့်ပစ္စန္တရာဇ်ပဲ ခင်ဗျာ"

ကျွန်တော့်ရင်ထဲ၌ တကယ်ပင် မကောင်းလှပါ။

တောနှင့် မြို့ ကျေးလက်နှင့် မြို့ကြီးပြကြီးတွေ၏ ကွာဟမှုတွေ မြန်မြန်ကြီး ကျဉ်းမြောင်းလာကြမှသာ သည်လို လက်တွေ့ လူမှုဒုက္ခတွေ ကင်းကြဝေးကြရပေတော့မည်။

ယခုဖြင့် မှော်ဘီ - တိုက်ကြီး ဝန်းကျင်သည်ရွာငယ်ကလေးများမှာ တောဆင်ရိုင်းအန္တရာယ်ကြီးကြောင့် သည်လို ပွင့်လင်းရာသီရောက်လာလေတိုင်း အိပ်ကောင်းခြင်း မအိပ်ကြရ။ အလုပ်ပျက်အကိုင်ပျက်။ တောထဲတောင်ထဲလည်းမဝင်ရဲ။ လုပ်ရာလုပ်ခင်းတွေ ပျက်စီး။ အသက်ဘေးကှာ မလုံခြုံ။ ဒုက္ခ၊ ဒုက္ခ။

"နို့ အဲဒီ ကိုးလောင်းကြီး ဘယ်ရောက်သွား၊ ဘာဖြစ်သွားတုံး"

"စျေးရှာလူထုကို ဒုက္ခပေးလွန်လွန်းလို့ သတ်မိန့်ပေးပြီး တပ်က အဖွဲ့တွေနဲ့ ဝိုင်း၊ ပစ်သတ်လိုက်တာ သေပါပကော"

"အို့ …ဘယ်က မုဆိုးကျော်ကများ ကိုးလောင်းကြီးကို ပစ်သတ်လိုက်တာလဲခင်ဗျာ။ အာဂလူပဲ"

"ဘယ်သူရှိရဦးမလဲဗျ။ ဒီကျားချောင်းက ရွာခံမုဆိုးပဲပေါ့"

"ဟော …ဟုတ်ရဲ့လား။ ဘယ်သူများတုံး"

"ဒီမလေ …၊ ဟောဒီ ဖိုးသန်းမောင်ကြီးပေါ့ဗျ"

"ဗျာ…"

ကျွန်တော့်နှုတ်က ဗျာ ရုံပဲ။ ဗျာနိုင်ပေတော့၏။

အံ့ဩစိတ်တို့က လည်ချောင်းဝအထိ လှိုက်ခနဲ စုန်တက်လာလေသည်။

✹ ✹ ✹

"တကယ်ကတော့ ကျုပ်ဆရာရေ၊ ကိုးလောင်းဟာ ကျုပ်တို့ တိုက်ကြီးနယ်၊ ဖလုံကြိုးဝိုင်းထဲက သစ်ထုတ်လုပ်ငန်းတွေမှာ သုံးဖို့ ပျဉ်းမနား၊ မင်းပြင်ဘက်က ပြောင်းပြီးရောက်လာတဲ့ သစ်ဆွဲဆင်ကြီးတစ်ကောင်ပါပဲဗျာ။ ရေအေးမြောင်ဆင်ဝိုင်းက ဆင်ဦးစီး တောကျော် နောက်ဆုံးစီးခဲ့တဲ့ စွယ်စုံဆင်ထီးကြီးတစ်ကောင်ပ။ အရပ်က ကိုးပေထက် မနည်းမြင့်ပြီး အချိုးအစားအလွန်ကျနရှုံသာမက အလွန်ခွန်အားဗလ ကြီးမားတဲ့ အကောင်ကြီးတဲ့။ အဲ …အလုပ်အကိုင်မှာ အလွန်အသုံးကျ အသုံးဝင်သလောက် စိတ်မြန်လက်မြန်ရှိလွန်းလှတဲ့ အဲဒီဆင်ကြီးဟာ သူ့ကို ဓားရော ချွန်းပါ ရက်ရက်စက်စက်သုံးပြီး နိုင်းစေခဲ့တဲ့ သူ့သခင် ဆင်ဦးစီးပဲ့ချိတ်တွေကို အငြိုးကြီးကြီးနင်းလိုက်ထိုးလိုက်နဲ့ သတ်ဖြတ်ဖူးသတဲ့ ကျုပ်ဆရာရေ့"

"ဩော် …ဩော်"

"အဲဒီအကောင်ကြီးရဲ့ နာမည်အရင်းက စိန်ဘိုးတဲ့ခင်ဗျ။ သူ့ရှာဖဝင်တစ်လျှောက်မှာ လူကိုးယောက်ကို ရက်ရက်စက်စက် နင်းသတ်ခဲ့၊ ထိုး



ကိုးလောင်းကလည်း နာမည်တစ်လုံးနဲ့ အကောင်ကြီးလေ။ အရက်ကလေးသွေထွေနဲ့ ကျောပေါ်တက်ပြီဆိုမှဖြင့် တယ်မဟုတ်ချင်တော့ဘူး။ အာခံချင်သလိုလို ဘာလိုလို ခံတန့်တန့် ညစ်ကက်ကပတ်လှုပ်ချင်သေးဘာ။ တောကျော်ကလည်း စိတ်က လက်တစ်ဆစ်ရယ်။ ထစ်ခနဲဆိုရင် ဓားကိုင် ချွန်းကိုင် …



သတ်ခဲ့တာကြောင့် မူလနာမည်ရင်းပျောက်ပြီး ကိုးလောင်းဆိုတဲ့နာမည်ဆိုးကြီး အဖတ်တင်ကျန်ရစ်ခဲ့တာပေါ့။ ကိုးလောင်းကြီး ဖလုံကြိုးဝိုင်းထဲကိုရောက်လာတော့ သစ်တောဌာနကနေ တကယ်လို့သာ နောက်ထပ် တစ်ယောက်ယောက်ကို သတ်ခဲ့ဦးမယ်ဆိုရင် လူသတ်သမား ကိုးလောင်း ကြီးကို သေဒဏ်ပေးတဲ့သဘော၊ သေနတ်နဲ့ ပစ်သတ်ဖို့ အမိန့်ရပြီးသားတဲ့ ခင်ဗျ"

"ဖြစ်မှဖြစ်ရလေ ကတွတ်ပီရယ်။ သူ့ကို အနီးကပ်ကိုင်တွယ် ထိန်းသိမ်းရတဲ့ အမိလို အဖလို ဆင်ဦးစီးပဲချိတ် ကိုးဦးတိတိကိုတောင် ရက်ရက်စက်စက် သတ်ခဲ့ပြီး နောက်ထပ်လည်း လူထပ်သတ်ဖို့လည်း အလားအလာရှိနေတဲ့ ဒီလို ဆင်ဆိုးကြီးကိုများ ဘာလို့ တစ်ခါတည်း အပြတ်ရှင်း မပစ်ရသလဲဗျ။ ဘာလို့ နောက်ထပ် လူသတ်တဲ့အထိ စိမ်ပြေနပြေ စောင့်ဆိုင်းနေရတာတဲ့တုံး"

"တန်ဖိုးကြီးတဲ့ သစ်ဆွဲဆင်ကြီးကိုးဗျ။ အရွယ်ကလည်း သန်တုန်းမြန်တုန်း၊ အားခွန်ဗလကလည်းကောင်း၊ ရှားရှားပါးပါး အရပ် ၁၀ ပေနီးပါး အကောင်ကြီးဆိုတော့ နမြောစရာကြီးကိုး။ နို့ပြီး သူ့အပေါ် အနိုင်အထက်လွန်လွန်ကဲကဲ နှိပ်စက်လွန်း မညှာမတာ မတရားခိုင်းစေလွန်းမှ လူသတ်လို့သာ သတ်ကရော့၊ သာမန်အချိန်မှာတော့ဖြင့် သစ်ဆွဲဆင်တစ်ကောင်အနေနဲ့ သူ့အလုပ်ကိုသူ ကျွမ်းဝင်ကျင်လည်သလို အလုပ်ကိုလည်း မခိုမကတ်တမ်း တုံးပေကျွဲရေလုပ်တတ်တဲ့ ကောင်ကြီးတဲ့ဗျ။ အလုပ်မလုပ်ရတဲ့အချိန်ဆိုလည်း သူ့ဆင်ဦးစီးတွေနဲ့ ဆင်ဦးစီးကတော်တွေ အလိုကျ ထင်းခွေ၊ ရေခပ်စတဲ့ အိမ်အလုပ်တွေကို အိမ်မှာ မွေးထားတဲ့ ခွေးကလေး ကြောင်ကလေးများလို ကုန္ဒြေရရ လုပ်ပေးတတ်တဲ့ ဆင်လိမ္မာတစ်ကောင်ဖြစ်ကြောင်းလည်း ဆင်ဝိုင်းတစ်ခုလုံး သိနေကြသတဲ့ ကျုပ်ဆရာရဲ့"

"ဩ …အဲဒီလိုကြီးကိုး"

"ဟုတ်ပခင်ဗျာ။ သစ်ဆွဲရာ သစ်ထုတ်လုပ်ရာမှာ အင်မတန် နိုင်းကောင်းတဲ့ ပထမတန်း ဆင်ကြီးတစ်ကောင်တဲ့ခင်ဗျာ။ သူ့သခင် ဆင်ဦးစီးတွေက သူ့ခေါင်းပေါ်ကနေပြီး ချွန်းတစ်ချက် မမြှောက်ရဘဲ ပါးစပ်ကမိုင်းရုံနဲ့တင်

အဆမတန်ကြီးမားလေးလံတဲ့ တန်ကျော်သစ်ကြီးတွေကိုတောင် ဆင်ကူမပါစတမ်း မိုက်မိုက်ကန်းကန်း ဆွဲနိုင်ထုတ်နိုင်သတဲ့။ တောကျော်တောင်ကျော်ပြီးလည်း တစ်ကောင်ချင်း ဆွဲပို့နိုင်သတဲ့ ကျုပ်ဆရာရဲ့"

"ဒီလောက် လိမ္မာနေမှဖြင့်ဗျာ ဘယ့်နယ်လုပ်ပြီး သူ့ဆင်ဦးစီး သူ့သခင်ဖေ့ကို သတ်ပစ်ခဲ့ရတဲ့ ရာဇဝင်ဆင်ဆိုးကြီး ဖြစ်ခဲ့ရပြန်တာတုံး"

"အဲဒါကတော့ ဘဝကံပဲ ကျုပ်ဆရာရေ့၊ သတ္တဝါတစ်ခု ကံတစ်ခုလို့လောက ပြောရိုးရှိပါရော့လား။ အေး၊ အဲဒီအတိုင်းပ။ ဆင်က လိမ္မာပြန်တော့ ဦးစီးပဲ့ချိတ်တွေက ငမူးငရှူး၊ ဖောက်တိဖောက်ထိုး၊ ဖောင်ပဲနရွဲကောင်တွေနဲ့ ချည်း သွားသွား ညားရသကိုး ကျုပ်ဆရာရဲ့၊ အဲ ...အဲဒီမှာပဲ ဆင်ကောင်းက ဆင်ဆိုးဖြစ်ရရှာပြန်ရော၊ ကဲ ...ဘယ့်နယ် တတ်နိုင်ပမတုံး၊ ကံပ"

"ဟုတ်တော့လည်း ဟုတ်ပါသလေ။ လင်ဆိုးမယား တဖားဖား သားဆိုးအမေ တပေပေ ဆိုသလိုပဲ ရှိတော့မပေါ့။ သခင်မကောင်းတော့လည်း ကျွန်ခံ ဖြစ်ရတတ်တာပဲလေ"

"ဟုတ်ဗျား။ အဲ ...အဲဒီအကောင်ကြီးရဲ့ အကျင့်လို့ ပြောရမလား။ ကျောက်ကောင်းကြီးမကာင်းဆိုသလို အကျင့်တန်တယ်ပဲ ရမယ်ရှာရမလား။ အဲဒီကောင် ကိုးလောင်းကြီးဟာ ဆင်ဦးစီးနဲ့ ဆင်ဦးစီးကတော်တွေ လစ်ရင်လစ်သလို ဆားအိုး၊ ငါးပိအိုးတွေကို ခွေ့ခနဲနေအောင် အပိုင်နှိုက်ပြီး ကျကျနနကြီး စားလားစားတတ်ရဲ့၊ ဆန်အိုး၊ ဆီအိုးတွေကို ဆွဲပြီး စားပစ်သောက်ပစ်လုပ်လား လုပ်တတ်ရဲ့တဲ့ခင်ဗျ။ ဆင် အလစ်သုတ်သမားကြီး ဆိုပါတော့လေ"

"ဟား ...ဟား ...ဟား အဲဒီလိုမျိုးလည်း ရှိတတ်သေးသကိုးဗျ။ ကျလဲကျတဲ့ဆင်ပဲ။ လူဝင်စားဆင်လားမှ မသိတာဗျာ"

"ရယ်မနေနဲ့ ကျုပ်ဆရာ၊ အဲဒီအကျင့်တန်တဲ့ကိစ္စတွေကြောင့်ပဲ သူ့သခင်တွေက သူ့ကို ပြုံစုပြီး ရက်ရက်စက်စက် မညှာမတာ အပြစ်ပေးကြတာပ။ အဲ ...အဲဒီတင် သူ့သခင်တွေကို သူက သတ်ပြန်ရော"

"ရှေးဘဝက ဝဋ်ကြွေးတွေထင်ပဗျာ တကဲတဲ။ ကဲ ...နောက် ဘယ့်နယ်ဒီအကောင်ကြီးကို သတ်ဟယ် ဖြတ်ဟယ်ဖြစ်ကုန်ရသတုန်း ကတွတ်ပီရဲ့"



"တောကျော်ကလည်း တောကျော်။ ကိုးလောင်းကလည်း ကိုးလောင်းပြောရတော့မှာပဲဗျို့၊ တောကျော်ဆိုတဲ့ ဆင်ဦးစီးကလည်း အရက်မသောက်ရမနေနိုင်။ အရက်ကလေး တမြမြလုပ်တတ်တဲ့သူ။ အရက်ကလေးမှ နှုတ်ခမ်းမပေလိုက်နဲ့၊ ဒွေးက ဆိုးချင်ပြီ။ ယုတ်စွအဆုံး တဲဘေးမှာ သူ့ဘာသာသူ ခွေခွေကလေး လှဲအိပ်နေတတ်တဲ့ ခွေးပိန်မကိုတောင် အလကားနေရင်းထကန်ချင်ကန်တတ်တဲ့ကောင်။ ကိုးလောင်းကလည်း နာမည်တစ်လုံးနဲ့အကောင်ကြီးလေ။သူ့ကျောပေါ်သူ့ဦးကင်းပေါ်ကိုအရက်မူးတတ်ရင်မကြိုက်တတ်ဘူး။ အရက်ကလေးထွေထွေနဲ့ ကျောပေါ်တက်ပြီလားဆိုမှဖြင့် တယ်မဟုတ်ချင်တော့ဘူး။အာခံချင်သလိုလိုဘာလိုလိုခံတန်တန်ညစ်ကတ်ကတ်လွှတ်လုပ်ချင်တော့တာ။ တောကျော်ကလည်း စိတ်က လက်တစ်ဆစ်ရယ်။ ထစ်ခနဲဆိုရင် ဓားကိုင် ချွန်းကိုင်"

"အင်း ...အဲဒီတော့"

"တိုတို ပြောကြစို့ ကျုပ်ဆရာရယ်။ ဦးကင်းပေါ်ထိုင် အရက်တွေ အလွန်အကျွံမူးနေတဲ့ သူ့သခင်တောကျော်ရဲ့ ဓားချက်ချွန်းချက်တွေရယ်၊ အဆမတန် ပူလောင်ပြင်းပြတဲ့ နွေအပူဒဏ်ရယ်၊ နေမွန်းတိမ်းသည်အထိ မညှာမတာ အခိုင်းခံနေရတဲ့ ပင်ပန်းမှုဒဏ်တွေရယ်ကြောင့် ကိုးလောင်းကြီး စိတ်ဖောက်မာန်ထ၊ သူ့သခင်ကိုခါချ၊ ခြေနဲ့ နင်းသတ်ပြီး တောဝင်သွားခဲ့တော့တာပဲ။ တစ်လကိုးသီတင်း တောနင်းရှာပေမဲ့ မတွေ့ကြရဘူးတဲ့။ ရိုးမထဲ ဝင်သွားမှာပေါ့လေ။ ဆင်ရိုင်းအုပ်တွေကလည်း ဝင်ခလုတ်ထွက်ခလုတ်နဲ့ဟာကိုး။

"ဩော်"

"ဟော ...ပေါ်မယ့်ပေါ်လာတော့ ကျားချောင်းအရှေ့ဘက် ဒူးကွဲမြောင်ဘက် မျှစ်ချိုးတဲ့ ဖိုးသာထူးတို့ သားအဖကို နင်းသတ်လိုက်တော့တာပဲ။

"အဲဒီလိုနဲ့ ရက်ပိုင်းအတွင်းကလေးမှာကို တောင်ခြမ်းဘက်မှာ ဝါးခုတ်တဲ့ အလုပ်သမားတစ်ယောက်၊ ရေဘုတ်ဘက်မှာ ထင်းတောတက်တဲ့ ကရင်ကြီး လင်မယားကို နင်းသတ်ခဲ့ပြန်သေးသလေ"

"အိုး ...အို၊ တယ်ဆိုးတဲ့အကောင်ကြီးပါလား"

"ဒါ ဘာဟုတ်သေးတုန်း ကျုပ်ဆရာ၊ ကျုပ်တို့ကျားချောင်းရွာ မြောက်နားတစ်ခေါ်သာသာမှာ တောင်ယာကလေး၊ ကွမ်းခြံကလေးစိုက်ရင်းပျိုးရင်း ရှာပြင်တောင်ယာမှာပဲ ဓားမဦးချ အိမ်တည်ပြီးနေကြတဲ့ ဖိုးမောင်တို့ မိသားစုတွေကို လုပ်သွားချက်ကမှ လွှတ်နာစရာကောင်းတော့တာကလား"

"အင်း ...အင်း ...လုပ်ပါဦး။ ဘယ်လိုဖြစ်ကြလို့လဲ"

"ကျုပ်တို့ရွာပြင်မှာ နေကြတဲ့သူတွေဟာ ဆင်ထိုးရန်ကို ကြောက်လွန်းလို့ ဘယ်လိုနေကြရသလဲဆိုတာ ကျုပ်ဆရာသိရဲ့ မဟုတ်လား။ ဟောဟိုမလေ၊ ဝါးပင်ဝါးရုံထိပ်ဖျားမှာ ငှက်အသိုက်ဆောက်သလို မဖွယ်မရာလင့်တဲကလေးတွေ ရှိပါရော။ အေး ...နေ့ခင်းဆင်ရန်အေးချိန်ဆို ကိုယ့်အလုပ်ကိုယ်လုပ်။ ပြီးပလား၊ နေညိုပလားဆိုမှဖြင့် အဲဒီဝါးရုံပေါ်က အိမ်ကလေးပေါ်ကို ကြိုးလှေကားနဲ့ စုပြုံတက်။ ပြီးရင်ကြိုးလှေကားကို ခေါက်သိမ်းပြီး တစ်ညလုံး နေကြပေရော့။ လင့်စင်သဘောမျိုးလိုပ ကျုပ်ဆရာ။ စားလည်း အဲဒီပေါ်၊ အိပ်လည်းအဲဒီပေါ်ပဲ ခင်ဗျ"

"ဝင်္ကြီးလိုက်တာဗျာ"

"အဲ ဖိုးမောင်တို့ လင့်စင်။ ထားပါလေ ဝါးရုံအိမ်ကလေးက မြင့်တော်အတော်မြင့်သား။ မရှိဘူးဆို ပေအစိတ်၊ သုံးဆယ်ရှိထင်ပ။ ဒီကအပြန်ကျ ကျုပ်ပြမလေ။ ဆင်တစ်ရပ်၊ နှာမောင်းတစ်ကမ်းမမီနိုင်ပါဘူး။ နို့ပေသိ၊ လူများ ကံဆိုးပြီဆိုတဲ့အခါ ထင်းခြောက်စကတောင် မြွေဖြစ်ပြီး တက်ခဲလို့ သေချင်သေတတ်သေးတာရော။ ဖိုးမောင်တို့ မိသားစုတွေလည်း အဲဒီ အဲဒီအတိုင်းပဲခင်ဗျာ။ ဆင်ရန်ကြောက်လို့ လင့်စင်ပေါ်တက်ပါတယ်ဆိုမှ သမီးအကြီးကလေးက အလေးအပေါ့စွန့်ချင်ရှာလို့ ခဏကလေး ဆင်းမိကြပါတယ်။ ဒီလိုချက်မျိုးကို စောင့်နေတဲ့ သေနာကောင် ကိုးလောင်းကြီးက အလစ်ချောင်းနေရာက ထွက်တဲ့ပြီး ဗျိခနဲ နင်းချလိုက်ပါရောဗျို့။ ကလေးမလေးခမျာ မသေမရှင် မချိမဆံ့ကြီး ဆန့်ငင်ဆန့်ငင်နဲ့တဲ့ခင်ဗျ။ "အဖေရေ ကယ်ပါဦး၊ အဖေရေ ကယ်ပါဦး" လို့ သူ့အဖေကို အားကိုးတကြီး အော်ရာ



သေးသတဲ့။ အကောင်ယုတ်ကြီးကလည်း ကလေးက အော်လေ၊ အသံကြားရာကို တဗျိဗျိနဲ့ နင်းချိုးပစ်လေ လုပ်နေတော့တာကိုး။ ဘယ်ကြည့်ရက်မလဲဗျာ။ ဖအေရင်ထဲ မီးပုံကြီးပေါက်လို့ နေတာပ။ ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး ဒေါသမွှန်မွှန်နဲ့ လက်ထဲက ဓားမကြီးနဲ့ ဖွတ်ဝင်ပိုင်းတော့တာပဲတဲ့လေ။ ဖိုးမောင်က သူ့သမီးလေးများ သက်သာလိုသက်သာငြားပ။ မရလိုက်ရှာတော့ပါဘူး။ ဆင်နင်းတဲ့ယင်တောင်ဆိုသလို ပိချပ်ပြားကို ဖြစ်လို့ဗျား။ ပွဲချင်းပြီး သေရှာပါရော။ အဲ ...ဖိုးမောင်ခမျာလည်း အစွယ်နဲ့ စုံပစ်ထိုးတာကို ခံထားလိုက်ရတာ အူတွေများပွင့်လို့။ အထွေးလိုက်ပဲ။ ကျုပ်တို့ ကျားချောင်းသားတွေ အုပ်လိုက်ကြီး ပြေးလိုက်သွားကြတော့ ကိုးလောင်းကြီးကို မတွေ့ရတော့ဘူးဗျား။ ကံဆိုးတဲ့ ဖိုးမောင်ကိုတော့ ပေါင်တခြား လက်တခြား မရှုမလှ ရုပ်ပျက်ဆင်းပျက် သေပွဲဝင်နေတဲ့ သွေးအလူးလူး အလောင်းကောင်အနေနဲ့ပဲ တွေ့ရပေတော့တယ်"

"ကျွတ် ...ကျွတ် ...ကျွတ်"

"ဒါတောင် ဝါးရုံအိမ်ပေါ်က သူ့မိန်းမခင်လှနဲ့ ကလေးတစ်မြုံ့ကို ဒုက္ခပေးဦးမလို့ ကြံသေးတာရယ်။ ဝါးရုံပင်ကြီးကို နှာမောင်းနဲ့ ပတ်ဆွဲပြီး ခါချနေသေးတာတဲ့ ကျုပ်ဆရာရယ်။ ကျုပ်တို့လူစုတွေရဲ့ အသံ၊ မီးတုတ်တဝင်းဝင်း အလင်းရောင်တွေကြောင့် အန္တရာယ်ကောင်ကြီး ထွက်ပြေးသွားလို့သာရယ်။ နို့မို့ဆို တစ်မိသားစုလုံး ပြုတ်ပြုတ်ပြုန်းဖြစ်ရှာကရောပေါ့"

"အင်း ...ဒုက္ခတွေကလည်း နည်းပါဘူးလား ကတွတ်ပီရယ်"

"အဲဒီမှာတင် ကျုပ်လည်း စိတ်ထဲမှာ တုံးတုံးချလိုက်မိတော့တာပဲ။ ဒီသတ္တဝါဆိုးကြီး မိုက်စမသိမ်းသရွေ့ ဒီအတိုင်းငါမနေတော့ဘူး။ ဒီအကောင်မိုက်ကြီးကို တစ်ဖောရှင်းပစ်ဖို့က ငါ့တာဝန်ပဲလို့လေ"

"ကောင်းပါလေ့ဗျာ"

"သစ်တောဌာနကလည်း ဒီ ကိုးလောင်း ဆင်ဆိုးကြီးကို သတ်မိန့်ခွင့်ပြုပေးလိုက်ပြီးပြီ။ ချင်းကုန်းက တပ်ကို တာဝန်လွှဲသတဲ့။ အဘ ဗိုလ်မှူးကြီး တင့်ဝေတို့တပ် (သင်တန်းကျောင်း) ပေါ့။ ဗိုလ်မှူးကြီးတင့်ဝေနဲ့က မျက်နှာ

နာနေကြတာလေ။ ကျုပ်မိဘလို့ ဖြစ်နေတဲ့ ဆရာသမား အဘကြီး ဗိုလ်မှူး တင့်ဝေကပဲ ချင်းကုန်းဥက္ကဋ္ဌကိုမြင့်လွင်နဲ့ ကျုပ်ကို ခေါ်တွေ့ပြီး ဒီအကောင် မိုက်ကြီးကို လက်စတုံးဖို့ တာဝန်ပေးခဲ့တာပေါ့။ သူ့တပ်က ဗိုလ်ကြီးတစ် ယောက်နဲ့ အရာခံဗိုလ်ကြီးထောင်ဇာလျှံရယ်၊ တပ်စိတ် တစ်စိတ်ရယ် လက် နက်၊ ကျည်အပြည့်အစုံနဲ့ တွဲထည့်ပေးမတဲ့"

"ဒီပွဲတော့ ကျားနဲ့ ဆင်လယ်ပြင် တွေ့ကြတော့တာပဲနော။ နို့ ဒီဆင် ဆိုးကြီးကို လိုက်လို့ရော မီကြသေးရဲ့လား"

"နီး ...နီး ကျုပ်ဆရာ၊ ဆင်ဆိုတဲ့ သတ္တဝါများဟာလေ တတ်သိလိမ္မာရုံ မက ကောက်ကျစ်တဲ့နေရာမှာလည်း လွှတ်ညက်သွားတဲ့ အကောင်မျိုးကြီး တွေ ခင်ဗျ။ သူ့လုပ်ပုံလုပ်ပေါက်တွေနဲ့ သူ့ကို တောနင်းရှာပြီး သတ်ကြတော့ မယ်ဆိုတာ ဒီကောင်ကြီး ရိပ်မိတယ်ဗျာရေ့။ အကင်းအညှာက ပါးပါးလှပ် လှပ်ကလေးရယ်၊ တောင်ခြေတောစဆီကို ပြန်မကပ်တော့ဘဲ ရိုးထဲဝင်နို နေတာ တစ်လကိုးသီတင်း"

"အဲဒါဆို ဘယ်လိုလုပ်တုံး ...ကဲ"

"နေရာတကာမှာ ကီးဆိုတာ ရှိတတ်စမြဲပဲ ကျုပ်ဆရာရေ့၊ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်ဆိုတာတော့ မလွဲ တမ်း ရှိတတ်ကြသား။ ကျုပ်ပြောခဲ့ပကော။ ဒီအကောင် ကိုးလောင်းကြီးဟာ သူ့သခင်တွေရဲ့ မီးဖိုချောင်က ဆီ၊ ဆန်၊ ဆား၊ ငါးပိဆို အလွန်ကြိုက်၊ ကလေး ဆိုးကြီးလိုကို ခိုးစားတတ်ပါသကောဆိုတာကိုလေ"

"အင်း ...အဲဒီတော့"

"အဲဒါအချက်၊ ကီးပွိုင့်။ ဒီအကောင်မိုက်ကြီးကို ဇီဝိန်ခြွေမယ့် ဝှက်ဖဲ ပေါ့ ကျုပ်ဆရာ"

"ဘယ်လို ...ဘယ်လို"

"ဒီလိုခင်ဗျ။ အဲဒီကောင်ကြီးပုန်းနေခိုနေတဲ့ရေဘုတ်တို့၊ လဟာမငယ်တို့ အရှေ့ဘက်ရိုးထဲက မြောင်ကျပ်တွေဆီအထိ ကျုပ်မယ်လိုက်ရတော့တာပေါ့။ ဆင်နဲ့ လူပဲဗျာ။ တိရစ္ဆာန်နဲ့ လူသား။ ရေရှည်မှာ ဘယ်ယှဉ်နိုင်ပမတုံး။ သင်းရဲ့



ခြေရာခြေကြောင်းနဲ့ သင်းခိုနေတတ်တဲ့ လျှိုကိုတွေ့ရောဆိုကြပါစို့။ ဘာလုပ် ရတယ် မှတ်သလဲ။ ထင်းရှုတ်သမား၊ တောတက်သမား မေ့ကျန်သလိုလို နဲ့ ဝါးပလိုင်းထဲမှာ ထမင်းထုပ်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်ငါးခြမ်း သင်းကြိုက် တတ်ရာရာနဲ့ ကလေးတွေထည့်။ သင်းနဲ့ လက်လှမ်းတစ်မီ လက်တစ်ကမ်း မှာ မသိမသာချထား၊ ဒီလိုနဲ့ မျှားခေါ်ခဲ့ရတာ"

"ခင်ဗျားကောင်ကြီးက ခင်ဗျားရဲ့ လက်နက်ပုန်းတွေကို စားကောစားရဲ့ လားဗျာ။ ဘယ့်နှယ်တုံး"

"လူကြံ့ရင် ထရံတောင် ဘာဖြစ်ဆိုလား။ ဟုတ်ဘူးလား ကျုပ်ဆရာ။ ဒီအကောင်ကြီး ဘယ်နေနိုင်လိမ့်မတုံး။ ပြီးတော့၊ စိတ်ရိုင်းစိတ်မိုက်ဝင်နေ တုန်းသာ "ဆင်ကန်းတောတိုး" ဆိုသလို ထင်မိထင်ရာ စွတ်ရွတ်လုပ်တတ် တာကလား။ သိစိတ်ဝင်ချိန် သွေးအေးနေချိန်မှာတော့ဖြင့် ကလေးမြေးငယ် များလိုပဲ သနားစရာ၊ ချစ်ကြင်စရာပါခင်ဗျာ။ ဒီလိုပြောလို့ လူသတ်ကောင် ကြီးဘက်က ရှေ့နေလိုက်နေတာလည်း မဟုတ်ရပါဘူး။ သဘာဝကိုသာ ပြောရတာပါ"

"ဒီတော့"

"တိုတိုပြောကြစို့ ကျုပ်ဆရာ၊ ကျုပ်ကျွေးတဲ့ အပင်းကို သင်းအကောင် ဆိုးကြီး မောင်ကျန်တစ်တို့ဖြစ်ပြီး ကျားချောင်းရွာခြေဆီအထိ ပြန်ရောက် လာတဲ့ ဘဝကို ရောက်ကရော့"

"ကဲ ...ဒီမှာမှ ကျုပ်တို့ မျှော်တော်ဇောနဲ့ မောနေရတဲ့ မြိုင်ရာဇာကတွတ် ပီ ရဲ့ တကယ့်စွန့်စားခန်းက စတော့တာကိုး။ ကိုင်း၊ လုပ်ဗျာ။ ကိုးလောင်းကြီး ရဲ့ ဇာတ်သိမ်းကို နားဆင်ကြရအောင်"

"အဲဒီနေ့က အရေးအခင်းကြီးပြီးလို့ သိပ်မကြာသေးဘူးခင်ဗျ။ ၁၉၈၉ နှစ်စပိုင်း ဇန်နဝါရီလဆန်းလောက် မှတ်တာပဲ။ ရာသီဥတုကတော့ သာယာ တယ်ခင်ဗျာ။ ကိုးလောင်းကြီးရဲ့ သေပန်းပွင့်ချိန်က နေ့ခင်းပိုင်း နှစ်နာရီ သာသာ သုံးနာရီလောက်မှာပ။ နေရာက ကျားချောင်းရွာနဲ့ တစ်မိုင်သာသာ ဝေးတဲ့ ကြိမ်တောလျှိုကြီးထဲမှာ ခင်ဗျ"

မုဆိုးကျော် ကတွတ်ပီက ရေနွေးကြမ်းကို ငွတ်ခနဲ မော့ချလိုက်သည်။ တောက်လျှောက်ကြီး ပြောလာရ၍ သူလည်းမောပြီ။ ရေနွေးတွေလည်း အေးစက်နေပြီ။

ပြီးမှ။

"အဲဒီအချိန် ...အဲဒီနေရာမှာပေါ့ခင်ဗျာ"

✸ ✸ ✸

"ကျေးရွာသူကျေးရွာသားများခင်ဗျား။ ဆင်ဆိုးကြီးရဲ့ အန္တရာယ်ကကြီး လွန်းတာမို့ လိုက်လံကြည့်ရှုခြင်း လုံးဝမပြုကြဘဲ ရွာထဲမှာပဲ စုစုဝေးဝေး နေပေးကြပါခင်ဗျား။ သေနတ်နဲ့ ပစ်ခတ်နှိမ်နင်းရမှာမို့ ကျည်ဦးမှာ လူရှိမနေအောင် ရှားထားပေးရပါမယ်။ ပိုင်းဝန်းကူညီကြပါခင်ဗျား"

"ကိုးလောင်း ဆင်ဆိုးကြီးကို ကြိမ်တောလျှိုကြီးထဲ မောင်းသွင်းရမှာပါခင်ဗျား။ ဘေးကနေပဲ ပန်းပြီး ခြောက်လှန့်ပေးကြပါ။ လုံခြုံရေးရဲဘော်တွေကို ကျော်ပြီးတော့ တားမြစ်နယ်မြေထဲကို လုံးဝ ဝင်မလာကြပါနဲ့ခင်ဗျား"

ချင်းကုန်း ရ.ဝ.န ဥက္ကဋ္ဌကြီး ဦးမြင့်လွင်၏ အသံပြာအက်အက်က အသံချဲ့စက် အော်လံတစ်ဆင့်မှ တရစပ် ထွက်လာနေ၏။ သူမောလျှင် အရာခံဆရာကြီး ထောင်ဇာလျှံ၊ တပ်ကြပ်ဆရာ စိန်သောင်းတို့က တစ်လှည့်စီ အော်ဟစ်သတိပေးနေရလေသည်။

မအော်မဟစ် အသံမပြုဘဲလည်း ငြိမ်နေ၍က မဖြစ်။

ကိုးလောင်း ဆင်ဆိုးကြီးကို သုတ်သင်ကြမည့် ကျားချောင်းမုဆိုးကျော် တပ်ကြပ်ကြီး (ငြိမ်း) ဦးသန်းမောင်နှင့် တပ်က လက်နက်ကိုင်အဖွဲ့တွေ၊ သစ်တောဌာနဝန်ထမ်းတွေ၊ အခြေအနေပေးလျှင် မေ့ဆေးသေနတ်ဖြင့်သာ ပစ်ခတ်ဖမ်းဆီးဖို့ မြိုင်ဟောဝန် ဆင်စခန်းမှ ကျွမ်းကျင်ပညာရှင် ဝန်ထမ်းတွေ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်ရဲဘော်တွေဖြင့်ပင် ထပ်ထပ်ကြမ်း အုန်းအုန်းထ၍ နေပေပြီ။

ဆင့်ဆိုးကြီးကို သုတ်သင်တော့မတဲ့ ဟူသည့်သတင်းကလည်း တောမီးပျံ့သလို ပျံ့နှံ့လောင်လေသဖြင့် ရွာနီးချုပ်စပ်ကျေးရွာကလေးများမှ၊ မော်ဘီ၊ တိုက်ကြီးဘက်မှ ပွဲကြည့်ပရိသတ်တွေကလည်း တောင်မသိ၊ မြောက်မသိ



ဘာမသိ၊ ညာမသိကျားချောင်းကိုချည်း ဦးတိုက်လာလျက် ပွဲကြီးစည်နေတော့သည်။

"ဗိုလ်ကြီးရေ၊ ကိုးလောင်းကြီးကတော့ တွေ့ရာမြင်ရာကို အစွယ်ခမ်းသွားနေပြီခင်ဗျာ။ သူ့ဘက်ကလည်း သေသေကျေကျေ အစွမ်းရှိသလောက် ပြန်တွယ်တော့မယ်ဆိုတဲ့ သဘောပဲဗျို့"

မိုးတွင်းခါ တောင်ကျရေ ဒလဟော ထိုးဆင်းရာမှ သဘာဝအလျောက်ဖြစ်တည်လာခဲ့သည့် ချောက်ကမ်းပါးကြီး၏ ကမ်းပါးယံ၌ မြေပြင်မှ ကိုးပေခန့်အမြင့်တွင် ပေါင်လုံးခန့်ရှိ မသေးလှသော အစွယ်ရာကြီးတွေကို တသီတတန်းကြီး ထင်ထင်ရှားရှား တွေ့နေရသဖြင့် ဦးသန်းမောင်က ဗိုလ်ကြီးတင်အောင်ထွန်းကို လက်ညှိုးညွှန်၍ပြကာ ပြောလိုက်ရသည်။

ချင်းကုန်းတပ်မှ တပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်၍လည်းကောင်း၊ ကျန်ဆင်ဖမ်းအဖွဲ့များက ဟိုးဟိုးဟေးဟေး အော်ဟစ်၍လည်းကောင်း ညာသံပေးလျက် ပတ်ခြာလည်ဝိုင်းကာ လျှိုကြီးအတွင်း မောင်းချခြင်းခံထားရသဖြင့် လူသတ်ကောင် ကိုးလောင်းကြီးက စိတ်ဆိုးမာန်ဆိုး ဒေါဖောင်းနေခြင်း ဖြစ်၏။

အတန်တန် သတိပေးထားပါလျက် သေကွင်းသေကွက် ထိချက်ကောင်းကို သေသေချာချာ မရွေးချယ်ဘဲ လက်တန်းထိုးပစ်ခတ် ထားကြသည့် ကျည်သုံးလေးချက်က ဆင်ကြီးထိမှန်ထားပြီးဖြစ်ကြောင်း သူ့သွားလမ်းကြောင်း တစ်လျှောက်၌ စွတ်ကြောင်းကြီးသဖွယ် တွေ့နေရသည့် ထူးကြိုးရာကြီးနှင့်အတူ သွေးစက်သွေးကွက်များက သက်သေခံလျက်ရှိသည်။

လျှိုချောင်းကလေး၏ အနေအထားမှာလည်း သစ်ပင်ချုံနွယ်များ ပိုမိုထူထပ်လာ၏။ ကြိမ်တော၊ ကိုင်းတော၊ ထွေးတောကြီးများ ရှုပ်ရှုပ်ထွေးလျက် ချောင်းရိုးကလေးမှာ အချိုးအကွေ့ မြွေလိမ်မြွေကောက်များ စဉ်တိုက်ဆက်တိုက်ကြီးဖြစ်၍ လာနေသဖြင့် သူတို့၏အာရုံကို နှောက်ကျစေလျက်ရှိတော့သည်။

"ဆင်နင်းခံချင်ရင်၊ ဆင်နဲ့ အစွယ်ဖမ်းတမ်း ကစားချင်ရင် ချောင်းထဲကလိုက်၊ ဆင်ကြီးကို အပြီးအပိုင် ကျကျနန ပစ်ချင်သုတ်သင်ချင်ရင် ချောင်း

ကမ်းပါးအပေါ်စီးက ‌လျှောက်လိုက်တဲ့ ဗိုလ်ကြီးရဲ့ လူသတ်နေကျ ဆင်ဆိုးကြီးမျိုးနဲ့ ရင်ဆိုင်တဲ့အခါ သူ့ကို တိရစ္ဆာန်ဆိုပြီး လျှော့မတွက်ထားမိဖို့ အရေးကြီးတယ်ခင်ဗျ"

ဦးသန်းမောင်က သူ့စိတ်ကြိုက်ရွေးချယ်ယူဆောင်လာခဲ့သည့် အမဲကြီးပစ် ၄၇၀ ဗို့ နှစ်လုံးပြူး ရိုင်ဖယ်ကြီးကို ပစ်ခတ်ရန် အသင့်အနေအထားဖြင့် သတိရှိရှိ ကိုင်တွယ်ရင်း သူ့ဘေးက ပန်း၍ လိုက်လာနေသည့် ဗိုလ်ကြီးကို ငဲ့ကာကြည့်လျက် ပြောလိုက်သည်။

သူတို့ရှေ့မှ ဆင်ခြေရာကြီးများမှာ အလုမ်းကျဲလျက် တစ်ခါတစ်ခါ တန့်၍ ရပ်နားသွားဟန် သွေးကွက်သွေးအိုင်ကြီးများကို တွေ့ရသည်။ ကြိမ်နွယ်ကြီးများ၊ ဒိုးနွယ်ချုံကြီးများ၊ ကိုင်းတောကြီးများကလည်း သိပ်သိပ် သည်းသည်း အားကောင်းလှတော့၏။ ဦးသန်းမောင်တို့ နှစ်ဦးသားမှာ တစ်ကိုယ်လုံး ချွေးတွေ တုတ်တုတ်ကျလျက် ရွှဲနစ်နေပြီ။

"ဟောဒီမှာဗျို့ သတ္တဝါကြီး ဖြတ်နင်းသွားတဲ့ ခြေရာ လတ်လတ်ဆတ်ဆတ်ကြီးတွေ။ ကိုင်း၊ ဗိုလ်ကြီးရေ့ အသင့်သာ ပြင်ထားပေရော့။ ဒီဆင်ဟာ ကျုပ်တို့နဲ့ သိပ်မဝေးတော့ဘူးဗျ။ ဒီမှာ သူပေါက်သွားတဲ့ သေးတွေ။ အငွေ့ မအေးသေးဘူး၊ သေးမြှုပ်တွေတောင် မငြိမ်သေးဘူးခင်ဗျ"

"ဟုတ်ပ ဆရာကြီးရာ၊ ဒါနဲ့ ဒီကောင်ကြီးမျိုးကို ကျုပ်တို့ လက်စွဲတော် ဂျီသရီး၊ ဂျီဖိုးနဲ့ လဲအောင် လှဲနိုင်ပ့ါမလား ဆရာကြီး"

"သိပ်စိတ်မပူပါနဲ့လေ၊ဦးကင်းနဲ့နားတွင်းလိုချက်ကောင်းကိုထိရင်ဗုန်းခနဲ ပစ်လဲနိုင်ပါရဲ့။ နို့ပေတဲ့၊ ဗိုလ်ကြီးက ဘေးဆီးရန်ကာသဘော ပန်းပြီးသာ လိုက်ခဲ့ပေးပါ။ ဒီသတ္တဝါဆိုးကြီးကို ကျွန်တော်ဆော်ပ့ါမယ်။ ဒီ ၄၇၀ ရိုင်ဖယ်နဲ့ကတော့ ကိုးလောင်း မကလို့ ဆယ်လောင်းဆိုလည်း ဖင်ထိုင်အလဲပဲသာ အောက်မေ့"

ဦးသန်းမောင်က စကားပြောနေရာမှ "ဒီမှာကြည့်လိုက်စမ်းပါဦး ဗိုလ်ကြီးရာ၊ စွယ်လုံးစိုက်ထားတဲ့ အရာကြီးတွေ" ဟု သဲပြင်ပေါ်က ကြီးမားလှသည့် အစွယ်ရာကြီးများကို ပြလိုက်၏။

"ဒိုင်း"



"ဒိုင်း"

ခပ်အုပ်အုပ် ကော်ဒိုက်ယမ်းပေါက်ကွဲသံက ပစ်မှတ်ကို ကျကျနနကြီး ထိမှန်ကြောင်း သက်သေပြနေသလို ရှိသည်။

"ပစ်ပြီဗျို့ ဂျီဖိုးသံပဲ။ ဆရာကြီး စိန်သောင်းတို့ဘက်က ထင်ရဲ့။ ထိတာတော့ ထိတယ်။ လဲမလဲတော့ မသေချာဘူး။ ဟော ...ဟော ...တောတိုးသံခင်ဗျ။ အသင့်သာ ပြင်ထားတော့ ဗိုလ်ကြီးရေ့ သေမင်းငင်ကြီးတော့ ကျုပ်တို့ဆီကို တည့်တည့်ကြီး လာနေပြီ"

ဦးသန်းမောင်က ခပ်သဲ့သဲ့အသံဖြင့် သတိပေးလျက် အသံကြားရာ ချောင်းရိုးကလေး၏ ဟိုးဘက်ကြံခင်း လွင်ပြင်ကြီးနှုတ်ခမ်းမှ ကြိမ်တော၊ ကိုင်းတောကြီးဆီ မေးငေ့ါပြလိုက်၏။

နှစ်ဦးသား သေနတ်များကို အသင့်ပြင်ကာ ရှေ့တူရူမြင်ကွင်းကိုသာ မျက်စိရှင်ရှင် နားလျှင်လျှင်ထား၍ ပြူးကြည့်နေမိကြတော့သည်။

မကြာလှပါ။

"ကျစ်ကျစ်ကျစ်ကျစ်" ဟု ဆင်အံ့သွားကြိတ်သည့် ဒေါသထွက်နေသော အသံကြီးကို ပီပီသသ ရှင်းရှင်းကြီး ကြားလိုက်ကြရ၏။ အလွန်ကြီးမားလှသည့် ကိုယ်လုံးကိုယ်ထည်ကြီးနှင့် ဆင်ဆိုးသတ္တဝါကြီးသည် သူ့နှာမောင်းကြီးကို တဖြောင်းဖြောင်း ရိုက်လျက် ဒယီးဒယိုင် လှမ်းလာနေသည်ကို လည်း တွေ့လိုက်ကြရသည်။

"လူသတ်နေကျ ကိုးလောင်းဆိုတဲ့ ဆင်ဆိုးကြီးဟာ သင်းပဲကိုး"

မုဆိုးကြီး ဦးသန်းမောင်၏ မျက်စိထဲတွင် တောင်ယာတဲတလင်းပြင်ကလေး၌ မြင်မကောင်းရှုမကောင်း လဲကျသေဆုံးနေရှာသည့် ဖိုးမောင်၏ ရုပ်ပျက်ဆင်းပျက် အလောင်းကောင်ကြီးနှင့် မြေပြင်တွင် သွေးတွေအိုင်ထွန်းကာ ချပ်ချပ်ပြားပြားကလေး နင်းချေအသတ်ခံထားရသည့် ဖိုးမောင်၏ သမီးကလေးတို့ကို ဖျတ်ခနဲ မြင်ထင်လာမိသည်။

နှလုံးသားက ရုတ်တရက်ကြီး တင်းခနဲ၊ ဖျဉ်းခနဲ ဖြစ်သွား၏။

"သွားပေရော့လကွာ" ဟု ကြုံးဝါးလျက် ကိုင်းရှက်များအကြားမှ ပြူထွက်လာစ ဆင်ကြီး၏ ဦးနောက်ပိုင်းဆီသို့ တိတိကျကျ ချိန်ရွယ်၍ ၄၇၀ ရိုင်ဖယ်ကြီး၏ ပစ်ခလုတ်ကို မိမိရရ ဆွဲချလိုက်တော့သည်။ ဒိုင်းခနဲ တုန်ဟည်းပွဲတင်ရိုက်ခတ်သွားသည့် ကော်ဒိုက်ယမ်းပေါက်ကွဲသံနှင့်အတူ ပိုလ်ကြီးတင်အောင်ထွန်းထံမှလည်း ဆင်ဆိုးကြီး၏ လက်ပြင်ဆီသို့ ကျိုဖိုးဖြင့် နှစ်ချက်ဆက်တိုက်ကြီး ပစ်ခတ်လိုက်မှုကြောင့် လျှိုချောင်းကလေး တစ်ပြင်လုံးသောသောညံသွား၏။

ကောက်ပင်ရိတ်ချလိုက်သကဲ့သို့ ဖြည်းညင်းလေးကန်စွာ တအိအိပြိုလဲသွားပြီးနောက် ဆင်ကြီး၏ ကိုယ်လုံးကြီးမှာ ပက်လက်လန်၍ လဲကျသွားတော့သည်။

သို့နှင့်တိုင် ဖွတ်ကြီး ဖွဲ့ခတ်ထားသည့်နှယ် မျက်ထောင့်နီကြီးတွေ ပြူးထွက်လာလျက် သူ့ကို ဖိဝိန်ခြွေသည့် မုဆိုးအား ရှာဖွေနေဟန် ဦးသန်းမောင်ကြီးကို စိုက်ကြည့်နေသေးသဖြင့် ဆင်ကြီး၏ ရှေ့တည့်တည့် အချိုင့်ကြီးအလယ်သို့ လက်စသိမ်းကျည်တစ်တောင့်ကို အကျအန ချိန်ရွယ်ကာ ပစ်ချလိုက်တော့မှသာ မလှုပ်မယှက် ငြိမ်ကျသွားတော့၏။

ယခုမှပင် ဟိုမှသည်မှ လူသံသူသံတွေက ဆူညံလာလျက် တော၏ ရှုခင်းသည် အသက်ဝင်လာသလို ရှိလာတော့သည်။

နေဝန်းသည် ကြံခင်းပြင်ကျယ်ကြီးထိပ်နားဆီတွင် တွဲလွဲခိုရင်း ကိုးလောင်းကြီး၏ သက်မဲ့ခန္ဓာကြီးကို ချောင်းကြည့်လျက် အသုဘရှုနေလေတော့သည်တကား။

✸ ✸ ✸

လရောင်သည် ကျားချောင်းရွာကလေးအပေါ်သို့ ထိန်ထိန်သာအောင်ပင် ရက်ရက်ရောရောကြီး သွန်ချနေ၏။

ရွာကလေးသည် ဆိတ်ငြိမ်အေးချမ်းစွာ လဲလျောင်းအိပ်စက်နေပြီ။ ယခင်ညများက ရွာရှိအရွယ်ရောက်ပြီး ယောကျ်ားပျိုပျိုရွယ်ရွယ်မှန်သမျှ ညလုံးပေါက်လုနီး ဆင်ကင်းစောင့်ခဲ့ရလေသမျှ ကို ယခုမှသာ အတိုးချကာ အိပ်စက်နေရဘိသကဲ့သို့ ငြိမ်သက်လွန်းစွ။

မြန်မာ့သစ်ထုတ်လုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် မြိုင်ဟောဝန် ဆင်စခန်းမှ ပညာရှင်ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ဆင်ယဉ်များကို အသုံးပြုလျက် တောကျွံနယ်ကျွံဝင်ရောက်လာသည့် တောဆင်ရိုင်းအုပ်ကို ရိုးမတောကြီးထဲသို့ ပြန်လည်မောင်းနှင်ပို့ဆောင်ပြီးခဲ့သည်မှာ ရက်သတ္တတစ်ပတ်ခန့်ရှိခဲ့ပြီဖြစ်ရာ ဆင်ဆိုးရန်ကင်းပနေသည့် ကျားချောင်းရွာကလေးမှာ လရောင်အောက်၌ ချစ်စရာပင် ကောင်းနေသေးတော့၏။

"ကိုယ့်ဆရာရေ့။ ကျုပ်ရဲ့ မုဆိုးစိတ်ကပဲ စွဲလမ်းနေမိသလား၊ ဥပါဒါန်လားတော့ သိနိုင်ဘူးဗျာ။ ကိုးလောင်းကြီးဟာ ကျုပ်လက်ချက်နဲ့ အသက်သေသွားရတာတောင် အခဲကျေဟန် မတူဘူးခင်ဗျ။ အသက်ထွက်ခါနီး သင်းကြည့်သွားတဲ့ မျက်လုံးကြည့်ပုံကြီးကို ကျုပ်ဖြင့် စိတ်ထဲဖျောက်လို့ကို မရနိုင်ဘူး။ ဒီကောင်ကြီးကလည်း သေတာတောင်မှ မကျွတ်မလွတ်နဲ့ တစ္ဆေဖြစ်နေသေးဟန် တူရဲ့"

"ဘာလို့လဲ ကတွတ်ပီရဲ့။ ဘာကြောင့် အဲဒီလို ဒန်သေကြီး အပ်ကျမပ်ကျပြောနိုင်ရတာတုံး"

"ကျန်တဲ့ကျုပ်အိမ်သားတွေတော့ မသိဘူး။ ကျုပ်တော့ဖြင့် ညလယ်ပိုင်း သန်းခေါင်ကျော် လူခြေတိတ်ချိန်ဆို ကိုးလောင်းတစ္ဆေကြီးက ကျုပ်အိမ်နောက်ဖေးမီးဖိုချောင်က ဆားအိုး၊ ငါးပိအိုးတွေ၊ ဆီပုံးဆန်ပုံးတွေ လျှောက်ဆွဲနေ၊ လှန်လှောနေတာကို ခဏခဏ တွေ့ရသဗျ။ မေတ္တာပို့ပြီး သရဏဂုံ ပုတီးစိပ်လိုက်ရင် ပျောက်သွားပြန်ရော ကိုယ့်ဆရာရေ"

"ဗျို"

တစ်ညသားက ကျွန်တော်တို့၏ မုဆိုးကျော် ဖိုးသန်းမောင်က ကြေကြေကွဲကွဲ ပြောလာသည့်ထိုစကားကို မယုံတစ်ဝက်၊ ယုံတစ်ဝက် ကြားခဲ့ရပြန်သည်။

မည်သို့ မှတ်ချက်ပေး၊ နှစ်သိမ့်ရမည်မှန်းပင် မသိတတ်တော့။

"ဂလုံ ...ဂလုံ ...ဂွမ်"

"ဟ ...ဘာလဲဟ"

အိမ်ရှေ့သီဟိုပင်ခြေရင်း တန်းလျားဆီမှ အသံတွေကြားမိကြားရာ အိမ်နောက်ဖေးဘက်ဆီသို့ကဲ၍ကြည့်လိုက်မိ၏။

"အလိုလေး ...မြတ်စွာဘုရား"

လရောင်ဖွေးဖွေးအောက်ဝယ် မတ်မတ်မားမားကြီး တွေ့လိုက်ရသည်က ကြီးမားလွန်းလှသည့် ဆင်ကြီးတစ်ကောင်။

"ဗုဒ္ဓော ...ဘုရား ...ဘုရား ...ဘုရား"

သေချာရလေအောင် လက်နှိပ်မီးဖြင့် ဝှေ့ခနဲဝဲ၍ ထိုးကြည့်လိုက်၏။ ဘယ်ပျောက်လေသည်မသိ။ မရှိပြီ။ နတ္ထိ။

ရင်တွေ တဒိုင်းဒိုင်းခုန်၍ အသည်းတုန်အူတုန် ဖြစ်လာရလေတော့၏။ ထိုင်နေရာမှ သုတ်ခနဲ ထလျက် ရေးအေးအေးတစ်ခွက်ကို ခပ်မြန်မြန်ကြီး မျိုချလိုက်ရသည်။

"ဗုဒ္ဓါရေ ...ကိုးလောင်း တစ္ဆေကြီးများလား"

ကျားချောင်း၏ညကဖြင့် စကားပြန်မပေးနိုင်။

လရောင်လင်းလင်းအောက်၌ ကွေး၍ကောင်းတုန်း။

(တိုက်ကြီးမြို့နယ် "ကျားချောင်း" ရွာကလေးနှင့် ဦးလေး ကိုသန်းမောင်သို့ သတိတရ၊)

⇨ မာန်ထစ်ဝင်း





ရာဇဝတ်မှု(အထူးသဖြင့် လူသတ်မှု) များတွင် လူသတ်သမားသည် မိမိ၏ပြစ်မှုကို အမျိုးမျိုးသော နည်းပရိယာယ်တို့ဖြင့် ဖုံးကွယ် လျှို့ဝှက်ခဲ့တတ်ကြရာ ၎င်း၏ဖုံးကွယ်မှုမှာ ပိရိသေသပ်သည့်မှန်သော်လည်း အသတ်ခံရသူဘက်တွင် တစ်စုံတစ်ရာ ချို့ယွင်းမှု၊ မမျှော်လင့်ဘဲ ဖြစ်ပွားမှု၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် အနှောင့်အယှက်တစ်ခုခုတို့ကြောင့် ထိုပြစ်မှုမှာ ပေါ်ပေါက်လာတတ်လေသည်။ ဥပမာ လူတစ်ယောက်သည် နေရာတစ်ခုသို့ ၁၀ နာရီတိတိအချိန်တွင် နေ့စဉ်ရောက်မြဲဖြစ်သဖြင့် လူသတ်သမားသည် ထိုအချက်ကို အခွင့်အရေးယူကာ ၎င်းအားသတ်ရန် ,ထိုအချိန်တွင် အသင့်စောင့်ဆိုင်းနေ၏။ သို့သော် အသတ်ခံရမည့်သူသည် အကယ်၍ မမျှော်လင့်သောအကြောင်းကြောင့် ၂ မိနစ်ခန့်စော၍သော်လည်းကောင်း၊ ၃ မိနစ် ၄ မိနစ်ခန့်နောက်ကျ၍သော်လည်းကောင်း ရောက်လာခဲ့သော် လူသတ်သမား၏ အကြံအစည်မှာ လုံးဝ ပျက်ပြားသွားတတ်လေသည်။ တစ်ခါတစ်ရံ ထိုသူ့အား သတ်ပင် မသတ်ဖြစ်တော့ချေ။

ကိုကံသာဆိုသူသည် ကိုစိန်ကြီးဆိုသူအား သတ်ရန် သန္နိဋ္ဌာန် ချလိုက်ပြီးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သူ့တွင် ဤကဲ့သို့ ပြုလုပ်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ ပထမဦး ကိုကံသာသည် စိတ်ကူးယဉ်ရုံမျှ ယဉ်ခဲ့၏။ အင်္ဂလိပ်မြန်မာမဂ္ဂဇင်းများတွင်ပါသော လူသတ်မှုအမျိုးမျိုးနှင့် တရားခံအား စုံထောက်များက မည်ကဲ့သို့ ဖမ်းမိပုံ၊ တရားခံများ၏ ပေါ့လျော့မှုကြောင့် ပြစ်မှုပေါ်ပေါက်ရပုံ၊ ကိုယ်တိုင်နှုတ်မလုံမှုကြောင့် သို့မဟုတ် စကားပြောမှားသောကြောင့် အမှုပေါ်ရပုံစသော အချက်တို့ကို ကောင်းစွာ သတိပြု၍ ဖတ်၏။ အများအားဖြင့် လူသတ်သမား (တရားခံ)သည် အလွန်သေးငယ်သော အချက်ကလေးများကို သတိမပြုမိခြင်းကြောင့်သော်လည်းကောင်း၊ သို့မဟုတ် အရေးမစိုက်လောက်ဟု ထင်မှတ်ကာ အမှတ်မထင် ကျော်လွန်သွား၍သော်လည်းကောင်း ပြစ်မှုမှာ ဘွားခနဲ ပေါ်ပေါက်လာတတ်လေသည်။



သို့နှင့်သူသည် မိမိကျူးလွန်ရမည့်ပြစ်မှုကို ရက်ပေါင်းအတော်ကြာမျှ အသေးစိတ် စဉ်းစားလျက်ရှိလေသည်။

ကိုကံသာနှင့် ကိုစိန်ကြီးတို့မှာ နှစ်ပေါင်းအတော်ကြာကပင် သိကျွမ်းခဲ့သည့် မိတ်ဆွေရင်းများဖြစ်ကြ၏။ သာမှု၊ နာမှု၊ ပွဲလမ်းသဘင်မှစ၍ ဟိုတယ်များ၊ ကလပ်များသို့ပင် နှစ်ယောက် အတူသွားလေ့ရှိကြ၏။

ကိုစိန်ကြီးမှာ အရက်ကို အလွန်အကျွံသောက်လေ့ရှိ၏။ ယခင်က တစ်ယောက်နှင့်တစ်ယောက် "ပိန်မသာ လိမ်မသာ" ပင်ဖြစ်သော်လည်း လွန်ခဲ့သော ၂ နှစ်ခန့်လောက်မှ စ၍ ကိုစိန်ကြီးမှာ လူမှန်းမသိသည် အထိ အလွန်အကျွံသောက်လာတတ်ရာ ဤကဲ့သို့သောက်ခြင်းမှာလည်းအကြောင်းတစ်ခုကြောင့် သောက်ခြင်းဖြစ်သည်ဟု ဆို၏။ ထိုအကြောင်းသည်ကား အခြားမဟုတ်၊ ကိုစိန်ကြီး၏ရည်းစား "မြ" ဆိုသူ မိန်းကလေးကို ကိုကံသာက အလိမ်မာနည်းဖြင့် တိတ်တဆိတ် ယူလိုက်ခြင်းကြောင့် ဖြစ်သည်ဟု ဆို၏။

သို့သော် ယင်းကိစ္စကို လူများမသိကြဘဲ အလွန်ရင်းနှီး၍ အတွင်းကျသော သူများသာ သိလေသည်။ ထို့ကြောင့်ပင် စိတ်ညစ်၍ အတွင်းဆွေးဆွေးခဲ့သော ကိုစိန်ကြီးသည် ညစဉ်ညတိုင်းလိုပင် အရက်မူးပြီးမှ အိမ်သို့ ပြန်တတ်ရာ တစ်ခါတရံ အိမ်ပေါ်သို့ပင် မရောက်ဘဲ အိမ်ပြင် ခွေးကတက်၍သော်လည်းကောင်း၊ လှေကားထစ်များ၌သော်လည်းကောင်း မူး၍အိပ်ပျော်နေတတ်၏။

ကိုစိန်ကြီးမှာစိတ်ကောင်းရှိသူတစ်ယောက်ဖြစ်၍မိမိ၌ငွေရှိလျှင်ရှိသလို သုံးဖြုန်းပစ်တတ်ရုံသာမကအခြားမိတ်ဆွေသူငယ်ချင်းများကိုလည်းကြည့်ရှုထောက်ပံ့တတ်သေး၏။ သို့နှင့် ကိုကံသာသည် ကိုစိန်ကြီးထံမှ လစဉ်လိုလိုပင် ချေးငှားသုံးစွဲခဲ့ရာ ယခု ရေးသားဖော်ပြသောအချိန်၌ ကိုစိန်ကြီး၏ အကြွေးတစ်ထောင်ကျော်မျှပင် တင်ရှိလျက်ရှိနေလေပြီ။ ထိုချေးငှားသောငွေများမှာလည်း "စားသောက်နေရေး" အတွက် မဟုတ်ဘဲ ပျော်ပွဲစားရုံ (ဘား) နှင့်မြင်းပွဲတို့၌သာ ကုန်ဆုံးခဲ့လေ၏။ ကိုကံသာပြန်၍ ပေးဆပ်ရန်ကား လုံးဝ မျှော်လင့်ဖွယ် မရှိချေ။

"ထန်းရည်မူးလျှင် ကျွဲခိုးပေါ်သည်" ဆိုသော စကားကဲ့သို့ အရက်မူးသောအခါများ၌ ကိုစိန်ကြီးသည် ကိုကံသော်အပေါ်တွင် မိမိတင်ရှိသော ကြွေးမြီများအတွက် တစ်ခါတရံ ပြင်းပြင်းထန်ထန် တောင်းတတ်လေရာ ပြန်၍ဆပ်ရန် မျှော်လင့်ချက်ကင်းမဲ့သောသူ၌ မိမိလက်မှတ်ရေးထိုးပေးထားသော (I.O.U) (အိုင်အိုယူ) စာရွက်ကလေးကို တစ်နည်းနည်းနှင့် ပြန်၍ရအောင် ယူခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိချေ။ ထိုအချက်သည်ပင် ကိုစိန်ကြီးအား တစ်ခါတည်း ကိစ္စတုံးသတ်ရန် ကိုကံသာ၌ အကြံပေါ်ခဲ့ခြင်းဖြစ်လေသည်။



**ထိုအခါ မိမိအား ကိုစိန်ကြီးနှင့် အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက် ဖြစ်ကြောင်း၊ နေညဥ့်အချိန်မရွေး ဝင်ထွက်သွားလာနိုင်ရန် မိမိအား သော့တစ်ချောင်း ပေးထားသည်ကိုလည်း ရဲအရာရှိများအား ပြောကြားပေလိမ့်မည်။**

လူအများရှေ့၌ ကိုကံသာသည် ကိုစိန်ကြီးအပေါ်တွင် အလွန်ချစ်သော သူငယ်ချင်းတစ်ယောက် ဟန်ဆောင်ကာ အရက်ကိုဖြတ်ရန် ဖျောင်းဖျပြောဆိုသကဲ့သို့ပြုမူသော်လည်း ကွယ်ရာ၌မူ သောက်သည်ထက်သောက်အောင်တိုက်တွန်းလျက် တစ်ခါတစ်ရံ အလွန်အကျွံဖြစ်အောင် မိမိကပင် အကုန်အကျခံ၍ တိုက်ခဲ့လေသည်။ ကိုကံသာမှာ ငယ်စဉ်ကပင် လက်မှုပညာဘက်တွင် ဝါသနာထုံ၍ ထူးချွန်သူတစ်ယောက်ဖြစ်ရာ ရေဝန်ရုံးတွင် ပုံဆွဲဆရာတစ်ယောက်အဖြစ် လုပ်ကိုင်နေသူ ဖြစ်၏။ ထို့ကြောင့် နှုတ်မှုပညာထက် လက်မှုပညာဘက်၌ ကျွမ်းကျင်ပြီးလျှင် လက်ဖြင့် ပြုလုပ်ရသည့် အရေးကိစ္စမှန်သမျှ၌ မလုပ်တတ်သောအရာဟူ၍ မရှိသလောက်ပင် ဖြစ်လေသည်



ကိုစိန်ကြီးအား သတ်ရန်မှာ အေးဆေး၍ လွယ်ကူလှပေ၏။ ထို့ပြင် မိမိအတွက် ပျော်စရာတစ်ခုပင် ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု ယူဆမိ၏။ ထို့ပြင် အရေးအကြီးဆုံးအချက်မှာ အလောင်းကိုတွေ့သောအခါ၌ လူထုနှင့်တကွ ရဲဘက်နှင့် စုံထောက်ဘက်ကပါ သေသူသည် အခြားသူများသတ်၍ သေခြင်းမဟုတ်ဘဲ မိမိကိုယ်ကိုယ် မိမိသတ်၍ သေခြင်းဖြစ်ဟု ထင်မြင်ယူဆရမည့် အချက်များပေါ်လွင်စေရန် ဖြစ်လေသည်။

ကိုစိန်ကြီးမှာ သဘောနူးညံ့၍ စိတ်ပျော့သောသူတစ်ယောက်ဖြစ်သည့်အတိုင်း အခြားသူများ အပေါ်တွင် မိမိပေးကမ်းထားသော ငွေများကို ပြန်၍တောင်းမရနိုင်သော အခါများနှင့် "မြ" အတွက် တွေးမိသောအခါများ၌ "အိုင်ဆေး ...ကျုပ်တော့ လောကကြီးမှာ မနေချင်တော့ပါဘူးဗျာ ...ခင်ဗျားတို့ ကျုပ်တို့ရဲ့ လူ့ဘဝအရေးအကြီးဆုံးဟာ ဘာလဲ၊ အချစ်နဲ့ ငွေပဲ မဟုတ်လားဗျ။ ကျုပ်မှာ အချစ်လည်း မရှိတော့ဘူး။ ငွေလည်း မရှိတော့ဘူး။ ဒီတော့ ဘဝရဲ့ ပျော်ရွှင်မှုဘာရှိတော့လဲ။ သေတာအေးတယ်ဗျာ၊ ကျုပ်အတွက် လောကကြီးမှာ နေလို့လည်း အကြောင်း မထူးတော့ပါဘူး" ဟု တစ်ခါတစ်ရံ အပေါင်းအသင်းများရှေ့တွင် အရက်မူးသောအခါများ၌ ပြောလေ့ရှိ၏။ ယင်းအချက်သည်လည်း ကိုစိန်ကြီးသည် မိမိကိုယ်ကိုယ် မိမိသတ်သေသည်ဟု လူအများက ထင်အောင် ပြုလုပ်ပေးရမည့် အချက်ထဲတွင် ထောက်ခံသော အချက်တစ်ခုဖြစ်ရမည်ဟု ကိုကံသာ၏ စီမံကိန်းတွင် ပါဝင်၏။ ယင်းအချက်များကို စုံလင်စွာရပြီးနောက် ကိုကံသာသည် မိမိ၏ စီမံကိန်းထမြောက်အောင်မြင်ရန်သာ လိုတော့၏။ မိမိစီမံထားသည့်အတိုင်း အောင်မြင်ခဲ့သော် ကိုစိန်ကြီး၏ ငွေတစ်ထောင်ကျော်ကိုလည်း ပေးဆပ်ရန် မလိုတော့ဘဲ "မြ" နှင့် ပျော်ရွှင်စွာနေထိုင်ရန် ရှေ့ရေးကိုလည်း တွေး၍ ပူပန်ရန် မလိုတော့ပေ။

✸ ✸ ✸

ကိုစိန်ကြီးမှာ ရုံးဝန်ထောက်တစ်ယောက်ဖြစ်၍ အသက် ၄၀ သို့ပင်ချဉ်းကပ်လာပြီဖြစ်သော်လည်း လူပျိုကြီးဘဝနှင့်ပင် ရှိနေသေး၏။ ထိုအတွင်း "မြ" ဆိုသူ ခေတ်ပညာတတ် လက်နှိပ်စက် စာရေးမကလေးတစ်ယောက်နှင့် သမီး

ရည်းစားဖြစ်ခဲ့ရာ ၂ လ ၃ လခန့်အကြာတွင် "မြ" သည် နဂိုရှိရင်းစွဲ အလုပ်မှ ထွက်သွားပြီးနောက် တစ်လနီးပါးမျှ ခြေရာပျောက်လျက်ရှိ၏။ ထို့နောက် ရက် အနည်းငယ်ကြာလတ်သော် မြန်မာပိုင်ကုန်စုံဆိုင်ကြီးတစ်ဆိုင်တွင် အရောင်း စာရေးမအဖြစ်ဖြင့် တွေ့ရ၏။ ထိုအခါ၌ မြသည် ကိုစိန်ကြီးအား အကပ်မခံဘဲ ရှိနေရာ ကိုကံသာ၏လက်ချက်ဖြစ်ကြောင်းနှင့် လျှို့ဝှက်စွာ ကြားသိရ၏။ ကို ကံသာကမူ မလိမ့်တပတ် ငြင်းပယ်လျက်ရှိလေသည်။ ထိုအချိန်မှစ၍ ကို စိန်ကြီးသည် အရက်ကို ယခင်ကထက် အလွန်အကျွံသောက်ကာ မိမိ၏အပူ ကို တတ်နိုင်သမျှ ဖြေဖျောက်ခဲ့ခြင်းဖြစ်လေသည်။

ကိုစိန်ကြီး၏အိမ်မှာ ဘောက်ထော်ရွာကလေး၏ ဈေးတောင်ဘက်ဆေး ရုံလမ်းရှိ ခြံတစ်ခြံအတွင်း၌ရှိပြီးလျှင် အိမ်နီးချင်းအဒေါ်ကြီးတစ်ယောက်က ၎င်း၏ အိမ်မှုကိစ္စများနှင့် စားရေးသောက်ရေးအတွက်ကိုပါ လာရောက်လုပ် ကိုင်ပေးရ၏။ မိန်းမကြီးသည် နေ့စဉ်နံနက်တိုင်း ၇ နာရီခွဲတွင် ရောက်လာ တတ်၍ အိမ်ရှေ့တံခါးမကြီးကို သော့နှင့်ဖွင့်ပြီးလျှင် အိမ်တွင်းသို့ဝင်ရ၏။ သို့ဖြစ်၍ ၎င်းထံ၌ အိမ်ရှေ့တံခါးသော့တစ်ချောင်း အမြဲရှိလေသည်။ အိမ်တွင်း သို့ ရောက်သောအခါ မိန်းမကြီးသည် ရေနွေးအိုးတည်၍ အိမ်ရှေ့ဧည့်ခန်း၊ အိပ်ခန်း နှင့် ထမင်းစားခန်း၊ စားဖိုဆောင်ပါမကျန် ရှင်းလင်းသုတ်သင် ရ၏။ ထို့နောက် လက်ဖက်ရည်တစ်ခွက်ဖျော်၍ ကိုစိန်ကြီးအား ပေးပြီးလျှင် နံနက် စာကို ၉ နာရီတွင် စားနိုင်ရန် ပြင်ဆင်ပေးရ၏။ ယင်းသည်ကား အဒေါ်ကြီး၏ နေ့စဉ်အလုပ်ဝတ္တရားဖြစ်လေသည်။

ကိုကံသာ၌လည်း အဒေါ်ကြီးကဲ့သို့ပင် အိမ်ရှေ့တံခါးသော့တစ်ချောင်း ရှိ၏။ ၎င်းသော့မှာ မိမိအိမ်သို့ ကိုကံသာ အချိန်မရွေး ဝင်နိုင်စေရန် ကိုစိန်ကြီး က ပေးထားခြင်း ဖြစ်၏။ ကိုစိန်ကြီးကိုယ်တိုင်၌ လက်ခံသော့တစ်ချောင်း လည်းရှိသောကြောင့် လူသုံးယောက် သော့ (၃) ချောင်းရှိလေသည်။ မိမိ၌ သော့တူတစ်ချောင်းရှိသည်ကို အဒေါ်ကြီး သိနေသဖြင့် ကိုကံသာသည် မိမိ ပြုလုပ်ရမည့်ကိစ္စ၌ဤအချက်ကိုထည့်၍စဉ်းစားသေး၏။ သို့သော်ဤအချက် သည် မိမိကျူးလွန်မည့်ပြစ်မှုတွင် အရေးကြီးသော အချက်မဟုတ်ဟု ယူဆ ကာ ထည့်၍ပင် မစဉ်းစားတော့ချေ။



ကိုစိန်ကြီးသည် အရက်သောက်ခြင်းကို မလျော့ဘဲ နေ့စဉ်နေ့တိုင်း သောက်လေ့ရှိရာ အထူးသဖြင့် စနေနေ့ညဥ့်များတွင် အခြားနေ့များထက် ပို၍ သောက်လျက် ညဥ့် ၁၁ နာရီထိုးပြီးမှ လူမှန်းမသိတသိ ဖြစ်ကာ သုံးဘီးကား ဖြင့် အိမ်သို့ ပြန်လေ့ရှိ၏။ ခြံရှေ့သို့ ရောက်သောအခါ ကားသမားက ခြံပေါက် ဝအထိ တွဲ၍ပို့ရလေသည်။ ထို့နောက် အိမ်ရှိရာသို့ ဒယီးဒယိုင် လာခဲ့ရာ တံခါး သော့ပေါက်ထဲသို့ပင် မိမိအိတ်ထဲမှ သော့ကို တည့်တည့် မထည့်နိုင်သဖြင့် ဖွင့်၍မရဘဲ ထိုညဥ့်အဖို့ လှေကားထစ်များကို အိပ်ရာပြုလုပ်ကာ နံနက် မိုး လင်းသည်အထိ အိပ်ရတတ်လေသည်။ သို့ဖြစ်၍ တနင်္ဂနွေနေ့ နံနက် အစော ကြီးရောက်လာသောအခါများတွင် အဒေါ်ကြီးသည် တံခါးမဖွင့်မီ ၎င်းအား အိမ် ထဲသို့ တွဲ၍သွင်းရခြင်းဖြင့် တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ်ကျ အလုပ်ပို လုပ်ရပြန်လေသည်။

ဤအချက်အလက်များကို ကိုကံသာသည် လာမည့်စနေနေ့ညဥ့်တွင် မိမိ၏ဆိုးဝါး ယုတ်မာသော အကြံကြီးကို အထမြောက်အောင်မြင်ရန် ပြုလုပ် တော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။ ထိုရက်များအတွင်း၌ ကိုစိန်ကြီးက လည်း အပေါင်းအဖော်အား "ကျုပ်သေချင်ပြီဗျာ ...လောကကြီးထဲမှာ မနေ ချင်တော့ဘူး ...သေတာပဲအေးတယ်" ဟု အရက်မူးတိုင်း ပြောဆိုလျက်ရှိ ရာ ဤကဲ့သို့ပြောဆိုရန်လည်း ကိုကံသာက မထိတထိသွေးထိုးပေးခြင်း ကြောင့် ဖြစ်လေသည်။ ယင်းကဲ့သို့ ပတ်ဝန်းကျင်အခြေအနေသည် မိမိဘက် မှ အဆင်ပြေလျက်ရှိသောအခါ ကိုကံသာသည် လာမည့်စနေနေ့ညဥ့်ကိုသာ စောင့်ဆိုင်းလျက်ရှိနေတော့၏။

* * *

နောက်ဆုံးစနေနေ့ညသို့ရောက်လာတော့၏။ ရက်မှာ အင်္ဂလိပ်လ ၁၃ ရက်ဖြစ်၍ အနောက်နိုင်ငံသားများ အယူရှိအတိုင်း ၁၃ ဂဏန်းမှာ နိမိတ် မကောင်းသော ဂဏန်းဟု အသိအမှတ်ပြုသဖြင့် ထို ၁၃ ဂဏန်းနှင့် တိုက်ဆိုင် သည်ကိုပင် ကိုကံသာသည် ကျေနပ်နှစ်သိမ့်မိတော့၏။

ကိုကံသာသည် ကိုစိန်ကြီး၏ အိမ်ရှေ့တံခါးသော့၊ လက်အိတ်တစ်စုံ၊ နှစ်လံသာသာခန့်ရှည်သည့် လက်ညှိုးလုံးခန့်ရှိသော လေထီးကြိုးတစ်ချောင်းကို ယူခဲ့ပြီးလျှင် ဘောက်ထော်ရွာသို့ လာခဲ့လေ၏။ ဈေးရှေ့သို့ရောက်သောအခါ အငှားကားကို ခြေရာဖျောက်ပြန်လွှတ်လိုက်ပြီးနောက် ဈေးလမ်းမှ ကွေ၍ ဆေးရုံလမ်းသို့ ဝင်ခဲ့လေသည်။

အချိန်မှာ ၁၀ နာရီခွဲကျော်ကျော်မျှ ရှိပြီဖြစ်၍ ဘောက်ထော်ရွာလေးမှာ တိတ်ဆိတ်လျက် ရှိနေပြီးလျှင် လူသွားလူလာအလျှင်းမရှိသလောက် ရှိ၏။ ကံကောင်းထောက်မသဖြင့် မည်သူ့အားမျှ မမြင်၊ မည်သူ့ကိုမျှ မတွေ့ဘဲ ကိုစိန်ကြီး၏ခြံဝသို့ ရောက်လာခဲ့၏။ ခြံကြီးတစ်ခုလုံးမှာ မည်းမှောင်တိတ်ဆိတ်လျက်ရှိနေသော်လည်း ထိုအချိန်၌ လရောင်ကလေးမှာ အရှေ့ဘက်ကောင်းကင်ပြင်မှ ပြူထွက်လာသဖြင့် သစ်ကိုင်းများအကြားမှ ကျရောက်လျက်ရှိသော အလင်းရောင်မှာ ခြံအတွင်းသို့ဝင်သော လူသွားလမ်းကလေးကိုပင် ညွှန်ပြ၍နေသကဲ့သို့ ရှိတော့၏။

ထိုအချိန်၌ ဘောက်ထော်ဘူတာဘက်မှ မီးရထားတစ်စင်း ဖြတ်သွားသံကို ကြားလိုက်ရပြီးလျှင် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်၍ သွားပြန်၏။ လမ်းပေါ်နှင့်တကွ နံဘေးပတ်ဝန်းကျင်မှ လူစလူနကို မတွေ့ရသည်နှင့် ကိုကံသာသည် စေ့ရုံသာစေ့၍ထားသော ခြံတံခါးကို ဖြည်းညင်းစွာ ဖွင့်ပြီးလျှင် အတွင်းသို့ ဝင်ခဲ့လေ၏။ အိမ်ရှေ့တံခါးကို မိမိသော့ဖြင့် ဖွင့်၍ ဝင်ခဲ့ရာ အိမ်တွင်းမှာ မှောင်နှင့်မည်းမည်းရှိနေသည်ကို တွေ့ရ၏။ သို့သော် ကိုကံသာမှာ ကိုစိန်ကြီး၏ အိမ်ကို မိမိအိမ်ကဲ့သို့ သိရှိပြီးဖြစ်သည့်အတိုင်း အိမ်အသုံးအဆောင် အိမ်ထောင် ပရိဘောဂများကို မထိခိုက်စေဘဲ ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်ကာ အကြံထုတ်လျက်ရှိလေ၏။ ခြေရာလက်ရာ မထင်စေရန်လည်း လက်အိတ်ကို စွပ်ထားလိုက်၏။ သို့ရှိစဉ် အတော်ခပ်လှမ်းလှမ်းမှ သံချောင်းခေါက်သံကြားရလေရာ အချိန်မှာ ၁၁ နာရီရှိခဲ့လေပြီ။ ကိုကံသာသည် ကိုစိန်ကြီးအပြန်ကို မှန်ပြတင်းပေါက်တစ်ခုမှ အပြင်သို့ လှမ်းမျှော်ကာ စိတ်အားထက်သန်စွာ စောင့်ဆိုင်းလျက်ရှိလေ၏။



အရှေ့ဘက် မှန်ပြတင်းပေါက်မှ လရောင်ကလေးများ ပြောက်တိပြောက်ကျား ထိုးဝင်လာသဖြင့် ကိုစိန်ကြီးအိပ်သောအိပ်ခန်းအတွင်းမှာ အတန်ငယ်လင်းလျက်ရှိလေ၏။ ထိုအခါ၌ကား ကိုကံသာသည် ၎င်း၏အလုပ်ကို စတော့၏။ ခုတင်နံဘေးရှိ နှစ်ယောက်ထိုင်ဆိုဖာဆက်တီကြီး တစ်ခုကို အခန်းတံခါးအတွင်းဘက်နှင့် နှစ်ပေခန့်ဝေးအောင် ရွှေ့ထားလိုက်၏။ ထို့နောက် အိပ်ခန်းပြင်သို့ ထွက်ခဲ့ပြီးလျှင် ကိုစိန်ကြီးအား ဆက်လက်စောင့်မျှော်လျက်ရှိစဉ် နာရီဝက်ခန့်ကြာလတ်သော် ခြံရှေ့သို့ သုံးဘီးကားကလေးတစ်စီးဆိုက်လာသံနှင့် ပြန်၍ မောင်းသွားသောအသံကို ကြားရပြီးနောက် မကြာမီလူတစ်ယောက်သည် ခြံတွင်းသို့ ဒယီးဒယိုင် ဝင်လာသည်ကို တွေ့မြင်ရလေရာ ၎င်းမှာ ကိုစိန်ကြီးပင် ဖြစ်လေသည်။ ကိုစိန်ကြီးမှာ စနေနေ့ဖြစ်သဖြင့် ထုံးစံအတိုင်း အလွန်အကျွံသောက်ခဲ့ရာ မကြာခဏရှေ့သို့ ဟပ်ထိုးဖြစ်ကာ ယိမ်းယိုင်သွားပြီးနောက် လှေကားနှင့် ၁၅ ပေခန့်အကွာတွင် ဒူးထောက်လဲသွားပြီးနောက် လမ်းဘေးမြက်ခင်းပေါ်တွင် အလျားမှောက်ကျသွားလေသည်။ အကယ်၍ မိမိသာသွားရောက်ထူမပြီးလျှင် အိမ်ထဲသို့တွဲ၍မခေါ်ခဲ့ပါက ကိုစိန်ကြီးမှာ ထိုနေရာ၌ပင် မိုးလင်းပေတော့မည်။ ဤကဲ့သို့ဆိုလျှင် မိမိအကြံအောင်တော့မည်မဟုတ်ချေ။ သို့နှင့် ကိုကံသာသည် ကိုစိန်ကြီး လဲနေရာသို့ သွားရောက်ထူမကာ အိမ်ထဲသို့ အရောက်တွဲယူ၍ လာခဲ့လေသည်။

အိမ်ထဲသို့ရောက်သောအခါ ကိုစိန်ကြီး၏ လက်ယာဘက်ကို မိမိအားဖက်ပြီးလျှင် လက်ဝဲဘက်ဖြင့် ၎င်း၏ခါးကို သိုင်းဖက်ကာ အိပ်ခန်းတွင်းသို့ရောက်အောင် တွဲယူပြီးနောက် ဆိုဖာပေါ်၌ တင်ထားလေ၏။ ထို့နောက် ကိုစိန်ကြီး၏ အကျီအိတ်များကို ရှာဖွေရာ ပိုက်ဆံထည့်သော သားရေအိတ်အတွင်းမှ မိမိလက်မှတ်ရေးထိုးပေးထားသော (I.O.U) စာရွက်ကလေးကို တွေ့ရသဖြင့် ယူပြီးလျှင် မိမိအကျီအိတ်ထဲသို့ ထည့်ထားလိုက်၏။ ထိုအချိန်၌ကား ကိုစိန်ကြီးမှာ လုံးဝ သတိမရတော့ချေ။

ထိုအချိန်၌ လရောင်မှာ အခန်းတွင်းသို့ ကောင်းစွာ ထိုးဝင်နေပြီဖြစ်၍ အခန်းတွင်းရှိအရာများကို အတော်အတန် ထင်ရှားစွာ မြင်နိုင်လာ၏။ ထိုအခါမှ ကိုကံသာ၏ "တကယ်လုပ်ရမည့်အလုပ်ကြီး" စလေတော့၏။

သူသည် အလျှင်းသတိမရဘဲ ရှိနေသော ကိုစိန်ကြီးအား ဆိုဖာပေါ်တွင် အခန်းတံခါးကို ကျောပေးကာ ဒူးထောက်အနေအထားဖြစ်အောင် ပြင်ဆင်ပေး၏။ သို့ပြုလုပ်ရာ၌ အတော်အတန် ခဲယဉ်းသော်လည်း ကိုကံသာမှာ ခွန်အားဗလနှင့် ပြည့်စုံသောသူတစ်ယောက်ဖြစ်၍ မိမိလိုသောအနေအထားဖြစ်အောင် ကောင်းစွာ ပြင်ဆင်နိုင်လေသည်။ ကိုစိန်ကြီးမှာ သတိမရဘဲ ခေါင်းငိုက်စိုက်ကျလျက် ရှိ၏။ ထို့နောက် သူသည် အိတ်ထဲတွင် ယူဆောင်ခဲ့သော ကြိုးခွေကို ထုတ်ပြီးလျှင် ကြိုးစတစ်ဖက်ကို ခုတင်ခေါင်းရင်းဘက်ရှိ အကျီချိတ်သော သံချိတ်တစ်ခု၌ မြဲမြံစွာ ချည်လေ၏။ ဤကဲ့သို့ ချည်ပြီးသောအခါ ကိုစိန်ကြီး၏လည်ပင်းကို ၂ ပတ်ကွင်းလျှော ရစ်ပတ်ပြီးနောက် အခြားတစ်ဖက်မှ ကြိုးစကို အိပ်ခန်းတံခါးအတွင်းဘက်ရှိ လက်ကိုင်ကြိုးကွင်း၌ ခပ်တင်းတင်း ချည်ပြန်လေသည်။ ဤသို့ချည်ရာ၌ ကိုကံသာသည် တံခါးရွက်ကို အပြင်သို့ ခြေတစ်ဖက်ဖြင့် တစ်ပေသာသာခန့် တအား ကန်ထားပြီးမှ ချည်လေသည်။ သို့ပြုလုပ်ခြင်းမှာ အပြင်မှာ တံခါးကို ပိတ်လိုက်သောအခါ ဆိုဖာပေါ်တွင် ဒူးထောက်လျက်ရှိသော ကိုစိန်ကြီး၏ လည်ပင်း၌ချည်ထားသောကြိုးမှာ နောက်ဘက်မှ တစ်ပေခန့်လျှော့သွားသဖြင့် ကိုစိန်ကြီးသည် ဆိုဖာပေါ်မှရှေ့သို့ ကျသွားမည်ဖြစ်သည့်ပြင် လည်ပင်း၌ ၂ ပတ် ရစ်ပတ်ထားသော ကွင်းလျှောသည်လည်း အောက်သို့ကျသော ကိုယ်အလေးချိန်ဖြင့် တစ်ခါတည်း တင်း၍ သွားပေတော့မည်။ သတိမေ့၍နေသော လူတစ်ယောက်သည် တုပ်ပြီးဖြစ်နေသော ပုဆစ်ဒူးကို မည်သည့်နည်းနဲ့မျှ မဆန့်တန်းနိုင်ချေ။ ကြမ်းပြင်ပေါ်သို့လည်း ခြေမထောက်နိုင်ချေ။ ပုဆစ်ဒူးမှာ ဆိုဖာပေါ်၌ပင် ရှိနေပြီးလျှင် ရှေ့ကိုယ်အလေးချိန်သာ အောက်သို့ဆောင့်ကျသွားမည်ဖြစ်၍ ၂ မိနစ်အတွင်း သေဆုံးသွားနိုင်သည်။ တံခါးရွက်ကို အပြင်သို့ လူတစ်ယောက်ထွက်နိုင်လောက်အောင် ခြေဖြင့် ကန်ထားပြီးလျှင် ခြေထောက်လွှတ်သည်နှင့် တစ်ပြိုင်နက် လက်ဖြင့် တအား တွန်းထားကာ ထိုကြိုးအောက်မှငုံ့၍ အခန်းပြင်သို့ ထွက်လိုက်၏။ ထို့နောက် အပြင်သို့ကန်၍ တွန်းထားသော တံခါးရွက်ကို ဂျိုင်းခနဲအတွင်းသို့ပြန်၍ ပိတ်သွားအောင် လက်ကို လွှတ်လေသည်။



နောက်တစ်နေ့ နံနက် ၁၀ နာရီခန့်လောက်တွင် ကိုကံသာသည် အိပ်ရာမှ နိုးလာ၏။

ကိုကံသာသည် မျက်နှာသုတ်ပဝါတစ်ထည်ကို လည်ပင်းတွင်ပတ်ပြီးလျှင် လေတချွန်ချွန်နှင့် အိပ်ခန်းမှ ထွက်လာရာ ဧည့်ခန်းတွင် ယူနီဖောင်းအစုံနှင့် ထိုင်၍နေသော ရဲမှူးတစ်ဦးကို တွေ့ရလေသည်။ ကိုကံသာသည် ကုလားထိုင်တစ်လုံး၌ ဝင်၍ထိုင်ပြီးနောက် ရဲမှူး၏မျက်နှာကို တစ်ချက်လှမ်း၍ကြည့်ပြီးနောက် စီးကရက်သံဘူးကို ရှေ့သို့တိုး၍ ပေးလိုက်၏။

မှူး- "နေပါစေဗျာ ...ကိစ္စမရှိပါဘူး။ ကျုပ်ဆေးလိပ်မသောက်တတ်ပါဘူး"

ကံ- "ကိစ္စက ဘာကိစ္စပါလဲ ခင်ဗျာ"

"ဪ ...ကိုကံသာဆိုတာ မိတ်ဆွေကြီးပဲထင်ပါတယ်"

"ဟုတ်ပါတယ်"

ကိုကံသာသည်ကား ရဲအရာရှိထိုင်နေသည်ကို မြင်ကတည်းကပင် ကိုစိန်ကြီးသေဆုံးသည့်အတွက် မိမိအား စုံစမ်းရန်လာကြောင်း ရိပ်မိခဲ့လေပြီ။ ကိုစိန်ကြီးအိမ်၌ အလုပ်လုပ်သောမိန်းမကြီးသည် အချိန်မှန်ရောက်လာ၍ အိပ်ခန်းအတွင်း၌ ကိုစိန်ကြီး၏အလောင်းကို မှန်ပြတင်းပေါက်များမှ မြင်ရသောအခါ ရန်ကင်းရဲဌာနသို့ သွားရောက်တိုင်ကြားခြင်း ဖြစ်ပေလိမ့်မည်။ ထိုအခါမိမိအားကိုစိန်ကြီးနှင့်အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်ဖြစ်ကြောင်း နေ့ညဥ့် အချိန်မရွေး ဝင်ထွက်သွားလာနိုင်ရန် မိမိအား သော့တစ်ချောင်း ပေးထားသည်ကိုလည်း ရဲအရာရှိများအား ပြောကြားပေလိမ့်မည်။ ဤကဲ့သို့ ပြောခြင်းမှာလည်း မိမိအား မသင်္ကာ၍ပြောခြင်းမဟုတ်၊ သေသူ၏ အရင်းနှီးဆုံးအိမ်သို့အဝင်အထွက်အများဆုံးလူတစ်ယောက်ဖြစ်၍သာ ပြောကြားခြင်း ဖြစ်ပေလိမ့်မည်။ သို့သော် မိမိအတွက် တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိပေ။ မိန်းမကြီးသာမက ရဲအရာရှိကြီးများပါ အလောင်း၏အနေအထားကြည့်ကာ သေသူမှာ မိမိကိုယ်ကိုယ်ဆွဲကြိုးချ၍သေနေခြင်း ဖြစ်သည်ဟု မုချ ယူဆကြပေလိမ့်မည်။ သော့အတွက်လည်း တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိ၊ သေသူ ကိုစိန်ကြီး

၌ တစ်ချောင်း၊ မိန်းမကြီး၌ တစ်ချောင်း၊ မိမိ၌တစ်ချောင်းရှိ၍ မိမိ၌ ထိုသော့ရှိရုံမျှနှင့် တစ်စုံတစ်ရာ မပတ်သက်နိုင်ချေ။ ဤအတွေးများလည်း ကိုကံသာ၏ ဦးခေါင်းထဲသို့ ဝင်လာခဲ့သည်။

ရဲမှူးသည် ကိုကံသာ၏မျက်နှာကို တစေ့တစောင်းကြည့်ကာ အေးဆေးတည်ငြိမ်သော အသံဖြင့် ပြောဆိုလျက်ရှိ၏။

မှူး- "ဒီမယ် ကိုကံသာ၊ ဘောက်ထော်က ခင်ဗျားမိတ်ဆွေ ကိုစိန်ကြီးဟာ မနေ့ညက လူသတ်ခံရတယ်ဗျ။ သူအိပ်တဲ့အခန်းထဲမှာ အင်္ကျီချိတ်တဲ့ သံချိတ်နဲ့ တံခါးရှက်အတွင်းဘက်က လက်ကိုင်နဲ့ ကြိုးတန်းပြီး ဆိုဖာပေါ်က ဒူးထောက်လျက် ကြမ်းကို မထိဘဲ တွဲလွဲကြီးဖြစ်နေတာ ကျုပ်တို့တွေ့ရတယ်။ အဲဒီဆိုဖာက အစက ဒီနေရာမှာ မရှိဘူး။ ခုတင်နံဘေးက ဆွဲယူလာပြီး တံခါးဝကို ကျောပေးပြီး ချထားတယ်"

"မနေ့ညက လူသတ်ခံရတယ်ဗျ" ဟူသော ရဲမှူး၏အသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကိုကံသာမှာ ရင်ထဲတွင် ဒိတ်ခနဲဖြစ်၍သွား၏။ ကိုကံသာ မျှော်လင့်သောစကားမှာ "သူ့ကိုယ်သူ ဆွဲကြိုးချနေတာ တွေ့ရတယ်ဗျ" ဟူသော စကားဖြစ်လေသည်။

ကံ- "အလိုလေး ...ဘုရား ... ဘုရား ...ကိုစိန်ကြီး သေသွားပြီ ဟုတ်စ"

မှူး- "လူသတ်ခံရရှာတယ်"

"နေပါဦး ...ခင်ဗျာ။ လူသတ်ခံရတယ်ဆိုတာက (ရဲမှူးက ကိုကံသာ၏ စကားကို မစောင့်ဘဲ ဆက်လက်၍) ကျွန်တော်တို့ဆရာဝန်က အလောင်းကိုတောင် ခွဲကြည့်ပြီးပြီ။ ...အစာအိမ်ထဲမှာ အယ်(လ်)ကို ဟောအဆမတန် တွေ့ရလို့သေတဲ့လူဟာ အရက်မူးလွန်ပြီး သတိမေ့သလောက် ဖြစ်နေရမယ်လို့ ယူဆတယ်။ ဒါကြောင့် သေတဲ့လူဟာ အင်္ကျီချိတ်မှာ ကြိုးစကို ချည်ပုံရော သူ့လည်ပင်းမှာ ချည်ပုံရော၊ တံခါးလက်ကိုင်ကွင်းမှာ ချည်ပုံရော အရက်မူးနေတဲ့ လူတစ်ယောက်ချည်တာနဲ့မတူဘူး။ လူကောင်းတစ်ယောက်ချည်တာ ဖြစ်ရမယ်လို့ ထင်မြင်ချက်ပေးတယ်။ ဆက်တီကြီးကို နေရာရွှေ့နိုင်တာလည်းဒီအတိုင်းပဲ"



ကိုကံသာသည်စကား "ဝင်" မည်ပြုလိုက်၏။ သို့သော် ရဲမှူးက ဆက်လက်၍-

"ခင်ဗျားနဲ့ ပတ်သက်ပြီး ကျွန်တော်ဘာတစ်ခုမျှ မပြောသေးဘူးနော်၊ ကိုကံသာ ...အဲဒါကို သတိထားပါ။ နောက်ပြီးတော့ သေတဲ့လူ ကိုစိန်ကြီးအိမ်ထဲကို ဖွင့်ဝင်နိုင်တဲ့ သော့က ၃ ချောင်းရှိတယ်ဗျ။ ...အိမ်ကို ချိုးဖောက်ဖျက်ဆီး ဝင်တာ မဟုတ်ဘူးနော် ...သေသေချာချာ သော့နဲ့ ဖွင့်ဝင်တာ။ ဒီတော့ အဲဒီ သော့ ၃ ချောင်းဟာ ဘယ်သူ့ဆီမှာ ရှိသလဲဆိုတာကြည့်ရမယ်။ သေသူကို စိန်ကြီးဆီမှာတစ်ချောင်း၊ ထမင်းချက်မိန်းမကြီးဆီမှာ တစ်ချောင်း၊ ကျန်တဲ့ တစ်ချောင်းက ခင်ဗျားဆီမှာ ရှိတယ်လို့ ကျုပ်တို့ သတင်းရထားတယ်"

ဤနေရာတွင် ရဲမှူးသည် ခေတ္တရပ်ဆိုင်းလိုက်ပြီးနောက် ဆက်-လက်၍-

"ထမင်းချက်တဲ့ အဒေါ်ကြီးကတော့ ကံဘဲ့မှာ သူ့ညီမတစ်ယောက် နေမကောင်းဖြစ်တာနဲ့ ညနေ ၆ နာရီလောက်ကတည်းက သွားပြီး သူ့ညီမကို တစ်ညလုံး ပြုစုနေတယ်"

ထိုအခါကိုကံသာသည်စကားပြောရန်ကြိုးစားသော်လည်းလည်ချောင်းမှာ ကွဲအက်နေသကဲ့သို့ ရုတ်တရက် အသံထွက်၍မလာချေ။ သို့သော် တတ်နိုင်သမျှကြိုးစားကာ တုန်ယင်သောအသံဖြင့် -

"ဒါပေမဲ့ ...ကိုစိန်ကြီးမှာလည်း သော့တစ်ချောင်းရှိတာပဲ၊ အဲဒီသော့နဲ့ သူဖွင့်ဝင်မှာပေါ့"

"မရှိဘူးမိတ်ဆွေ ...ဒီအချိန်မှာ မရှိဘူး။ မြို့ထဲက ပြန်အလာ သုံးဘီးကားရပ်တဲ့နေရာမလှမ်းမကမ်းမှာကျကျန်ရစ်ခဲ့တယ်ဗျ။...အဲဒါကိုလူတစ်ယောက်က ကောက်ရလို့ ကျုပ်တို့ဌာနကို ည ၁၁ နာရီမှာ လာအပ်သွားတယ်။ ဒီအချိန်တုန်းက ကျုပ်က အလုပ်ဝတ္တရား ကျနေလို့ ကျုပ်ယူထားလိုက်တယ်။ အခု ကျုပ်လက်ထဲမှာရှိတယ်"

ရဲမှူးသည် စားပွဲပေါ်တွင် ခေတ္တချထားသော သူ၏ ကက်ဦးထုပ်ကို ယူ၍ဆောင်းလိုက်၏။ ကိုကံသာမှာ ပါးစပ်အဟောင်းသားဖြစ်ကာ မျက်လုံးများပြာသွား၏။

ရဲမှူးသည် ခန့်ညားတည်ကြည်သောမျက်နှာနှင့် ကြွားကြွားရွားရွား မတ်တတ်ရပ်လိုက်၏။ လက်တစ်ဖက်ကိုပင် သေနတ်ထည့်ထားသော သားရေအိတ်ပေါ်သို့ တင်ထားလိုက်၏။

ထို့နောက် လေးနက်သောအသံဖြင့် -

"ကဲ ...ကိုကံသာ၊ ဒီတော့ ခင်ဗျားတစ်ယောက်တည်း ကျန်တော့တယ်။ လာ ကျုပ်နဲ့ ရဲဌာနကို လိုက်ခဲ့ပေတော့။ အခုအချိန်ကစပြီး ခင်ဗျားနှုတ်က ထွက်တဲ့ စကားမှန်သမျှကို ခင်ဗျားအပေါ်မှာ သက်သေခံအဖြစ် အသုံးပြုရလိမ့်မယ်။ ကဲလာ ...သွားမယ် ...။

**(တာနယ်ဂင်း- အမှတ်-၁၉)**

**⇨ ဝေနံရွှေရှား**





## အပြောင်း

အလဲတွေ မြန်ဆန်လွန်းလှတယ်။ ဒီကနေ့နဲ့ မနက်ဖြန်တောင် မတူချင်တော့ဘူး။ ပြောင်းလဲမှုကြားမှာ ခြေစုံရပ်နေရင်တော့ တွန်းအားကန်အား ဖိအားတွေများလာမှာအသေအချာပါပဲ။ ပြောရရင် အပြောင်းအလဲမြန်ဆန်လွန်းလှတဲ့ ခေတ်ရေစီးမှာ ကိုယ်က ဆန်တက်နေရင်တော့ ကြောက်စရာကောင်းလှတဲ့ လှိုင်းလုံးကြီးတွေအောက် စုံးစုံးမြုပ်သွားမှာ မလွဲဘူး။

ဒါကြောင့် ခေတ်ရေစီးကို နားလည်သင့်တယ်။ ရွေးချယ်ရပ်တည်မှုကလည်း လိုတယ်။ တစ်သားတည်း တစ်ထပ်တည်း ဖြစ်ဖို့လည်း အားထုတ်သင့်တယ်။ ပြီးတော့ အဲဒီ ပြောင်းလဲခြင်းတွေကြား ဝင်ရောက်ခဲ့ပြီဆိုတော့လည်း ဆင်ခြင်ဆုံးဖြတ်ချက်နဲ့ အကောင်အထည်ဖော်မှုက နည်းစနစ်မှန်ကန်ရမယ်။

ခုတော့ ချစ်တီး ခေတ်ရေစီးနဲ့ မျောအလိုက်မှာ နည်းစနစ်မှားပြီး မြုပ်ခဲ့ရပြီလို့ ဆိုရမှာပဲ။

✱ ✱ ✱

ချစ်တီးတို့နေတဲ့အရပ်က မြို့နဲ့ဝေးလှတာမဟုတ်ဘူး။ စက်ဘီးစီးသွားရင် တစ်နာရီလောက်ပဲကြာမယ်။ အရပ်က အိမ်ခြေနှစ်ရာလောက်ရှိတာ။ များသောအားဖြင့် လက်လုပ်လက်စားတွေများတယ်။ စာပေဗဟုသုတလည်း မရှိလှဘူး။ ပုံကျအလုပ်သမားတွေများတယ်။ အတွေးအခေါ်ထက် ခွန်အားကို ဖျစ်ညှစ်ရင်းစားတဲ့ ရပ်ကွက်လေး။ ဒီတော့ အရပ်ထဲမှာ ဒုံးသမားတွေ များတယ်။

ခေတ်ရေစီးရဲ့ အရှိန်အဟုန်ကြားမှာ သူတို့ရပ်ကွက်လေးလည်း လုပ်လီလုပ်လဲ့မျောနေတယ်လို့ ဆိုရမှာပဲ။ မြို့ရဲ့ ဆင်ယင်မှု၊ လူနေမှုစနစ်တွေကလည်း သူတို့ရပ်ကွက်လေးထဲ ရောက်လာတယ်။

ချစ်တီးတို့က လူငယ်တွေ၊ ခေတ်နဲ့ အညီနေချင်ကြတယ်။ မြို့မှာ ဘာလုပ်တယ်ဆိုတာ သူတို့စောင့်ကြည့်နေကြတယ်။ ပြောရရင် ချစ်တီးတို့က ခေတ်မီချင်တော့ အနေအထိုင် အဆင်အယင်ကအစ မြို့နဲ့ တစ်သားတည်းကျအောင် နေချင်ကြတာ။ ဒီလို အခြေအနေမှာ ချစ်တီးကံကောင်းတယ် ပြောရမလားပဲ။ သူ့မိဘတွေက အဆင်ပြေတယ်။ ရပ်ကွက်အနောက်ခြမ်းမှာ လယ်တွေ ရှိတယ်။ သီးစားခ၊ အလုပ်သမားတွေ အောတိုက်နဲ့လုပ်တာ။ နွားတွေကလည်း အရှုံးမနည်းလှဘူး။ နွားနို့လည်း ကိုယ်စားလှယ်ယူထားတာဆိုတော့ ချစ်တီးမိဘတွေ လက်ဖျားမှာ ငွေသီးနေတယ်။

ချစ်တီးက ဂျပန်စက်ဘီးလေးနဲ့ မြို့ကို တစ်နေ့တစ်ခေါက်သွားတာ။ မြို့သားတွေနဲ့ လုံးလုံးထွေးထွေးကိုနေတာ။ ဒီတော့ ချစ်တီးခေါင်းထဲမှာ မြို့ရဲ့အငွေ့အသက်တွေရှိတယ်။ သွေးထဲမှာ မြို့ရဲ့ အစိုင်အငွေ့တွေရှိတယ်။ ပြောရရင်တော့ တောမကျမြို့မကျ ရပ်ကွက်ကလေးထဲမှာ ချစ်တီးက မြို့ကြီးသားလုံးလုံးကို ဖြစ်နေတာ။

အသားအရေမည်းကျစ်ကျစ်၊ ဆံပင်နီကြောင်ကြောင်ရှိပေမဲ့ မြို့လိုဝတ်တတ်စားတတ်တော့ ချစ်တီးက ရပ်ကွက်ထဲမှာ ဝတားပဲ။ အိမ်မှာ တီဗီရှိတယ်၊ အောက်စက်ရှိတယ်၊ အိမ်ဦးခန်းမှာ ဆိုဖာဆက်တီကြီးတွေ ရှိတယ်။ အိမ်ဘေးမှာလည်း ဗီဒီယိုရုံထောင်ထားတယ်။ ချစ်တီးက နိုင်ငံခြားကားတွေဆို တအားကြိုက်တာ။ ဗီဒီယိုတွေကြည့်ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ခေတ်မီအောင် ပြင်ဆင်လိုက်ရတာ အမော။ ရပ်ကွက်ထဲက လူငယ်တွေကလည်း ချစ်တီး ဘာလုပ်နေတယ်ဆိုတာ စောင့်ကြည့်နေကြတာ။

ချစ်တီးက ဘောင်းဘီ ဘယ်တော့မှ မချွတ်ဘူး။ မြို့က ဂျယ်လီကော့စမ်တွေဝယ်ဝယ်ပြီး ဆံပင်ကိုသရတာအမော။ အပြင်ထွက်ရင် နီကြင်ကြင်ဆံပင်တွေ ထိုးထိုးထောင်ထောင်။ ပြောရရင် အာဖရိကတိုက်က ကာလသားကပွဲလီနဲ့အတော်တူတယ်။ အိမ်မှာ သူနဲ့ အတိုက်အခံဖြစ်နေတာ ဖခင်ကြီးဦးတောကျော်။

ဖခင်ကြီးက ရိုးရိုးကြီး၊ မြန်မာဆန်တယ်။ မြန်မာအငွေ့အသက်ကို မက်မောတယ်။ အနေအထိုင်ကလည်း ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းကြီး၊ စကားပြောရင်လည်း တုံးတိုက်ပြောတတ်တယ်။ သူ့မျက်စိထဲမှာ ချစ်တီး

ကို ကြည့်လို့မရဘူး။ ခေတ်မီချင်တဲ့ ချစ်တီးက ကြောင်တိကြောင်တောင်တွေလုပ်၊ အဖေလုပ်သူက ထော်လော်ကန့်လန့်ပြော။ တွေ့လိုက်ရင် သားအဖနှစ်ယောက် စီးချင်းထိုးကြတော့တာပဲ။

သူတို့နှစ်ဦးကြားမှာ ကန့်လန့်ကန့်လန့်ပါနေသူကတော့ ချစ်တီးအဒေါ် မဥမ္မာ။ချစ်တီးအမေက ငယ်ငယ်ကတည်းက ဆုံးသွားတာ။ အဒေါ်လုပ်သူက ချစ်တီးကို သားအရင်းလို ပြုစုစောင့်ရှောက်ခဲ့တာ။ ဒီတော့ ချစ်တီးကို တအားအလိုလိုက်တယ်။ ချစ်တီး ဘာလုပ်လုပ် ချစ်တီးဘက်မှာ အမြဲရှိတယ်။

အဒေါ်က ချစ်တီးအဖေရဲ့ညီမ အပျိုကြီး။ စကားပျစ်တောက်ပျစ်တောက်ပြောတတ်ပေမဲ့ ချစ်တီးပြောသမျှ ယုံတယ်။ ချစ်တီးနဲ့ ဦးတောကျော်တို့ ပြဿနာဖြစ်ပြီဆို ကြားက ဒေါ်ဥမ္မာပါလာပြီ။ ဒေါ်ဥမ္မာပါလာရင် ဦးတောကျော် ဘာမျှ မပြောသာတော့ဘူး။ လယ်တွေကိစ္စကို ဒေါ်ဥမ္မာက ဦးစီးနေတာ။ ဒါကြောင့်လည်း ချစ်တီးဟာ ထင်တိုင်းကြဲနေတာပဲ။

ခုတစ်လောချစ်တီးရောဂါထနေတာကနိုင်ငံခြားသွားလုပ်ချင်တဲ့ရောဂါ။ ဒီရောဂါက မြို့ကရလာတာ။ အဒေါ်လုပ်သူကို ပြောပြတော့ ပထမ၊ တူတော်မောင်ကို နိုင်ငံခြား မလွှတ်ချင်ဘူး။ ဒါပေမဲ့ တကျည်ကျည်လုပ်နေတော့ အဒေါ်လုပ်သူလည်း တူတော်မောင်ကို အားပေးအားမြှောက်လုပ်ပါလေရော။ ပြီးတော့ ရပ်ထဲရွာထဲမှာလည်း ချစ်တီးနိုင်ငံခြားသွားပြီး အလုပ်လုပ်မယ်ဆိုတဲ့သတင်းကို အဒေါ်လုပ်သူက ဖွထားတယ်။

ချစ်တီးလုပ်ပေါက်ကို ရွာထဲက ကာလသားတွေလည်း ရှုပိုးထိုးလာကြတယ်။ ချစ်တီးလို နိုင်ငံခြားသွား အလုပ်လုပ်ချင်တဲ့ ရောဂါသည်တွေ ပွစိတက်လာတယ်။

မြလှိုင်နဲ့ သံချောင်းတို့လည်း နိုင်ငံခြားရောဂါထလာတယ်။ ဒါကြောင့် ချစ်တီးကိုကပ်ပြီး နိုင်ငံခြားသွားဖို့ကိစ္စလုပ်ကြတယ်။

မြို့က ကုမ္ပဏီတွေတောင်းတဲ့ ဈေးကလည်း မနည်းလှဘူး။ သိန်းလေးငါးခြောက်ဆယ်ရှိတယ်။ ချစ်တီးက မြို့က နိုင်ငံခြားပွဲစား ဂျော်နီနဲ့ ချိတ်တာ။ ဂျော်နီက ပွဲစားလောကမှာ ပတ်ကား။ ကုမ္ပဏီ လေးငါးဆယ်ခုကို အိတ်ထဲ



ထည့်ထားတယ်။ နိုင်ငံခြားကိုလည်း လေးငါးခေါက်ရောက်ဖူးတယ်။ ဒီတော့ ချစ်တီးတို့ကို မွှေတော့တာပဲ။

တောင်းလိုက်တဲ့ ပိုက်ဆံတွေကလည်း မနည်းဘူး။ ချစ်တီးက အဒေါ်ဆီလက်ဖြန့်တောင်းတာ။ ပေးရတဲ့ ငွေက သိန်းချီနေတော့ လယ်တွေရောင်းပြီးတော့ကို ပေးတာ။ အဖေလုပ်သူကတော့ ဘယ်လိုမျှ သဘောမကျဘူး။ ခြေချိုးလက်ချိုးတောင် မလုပ်တဲ့သူက နိုင်ငံခြားသွားလုပ်မယ်ဆိုတော့ ဘယ်လိုမျှ အယုံအကြည်မရှိဘူး။ ပြောလည်း ဒေါ်ဥမ္မာက ကာဆီးကာဆီးလုပ်နေတော့ မပြောသာဘူး။

ဒီလိုနဲ့ ချစ်တီးဟာ နိုင်ငံခြားသွားဖို့ နီးစပ်လာတယ်။ အဒေါ်လုပ်သူကလည်း ဝမ်းသာအားရကို ဖြစ်နေတယ်။ နိုင်ငံခြားသွားရမယ်ဆိုတော့ ဘိုဝတ်စုံတောင် ချုပ်ထားပြီးပြီ။ ချစ်တီးခမျာ မြို့ကို သွားရတာအမော။ ပွဲစားဂျော်နီကိုလည်း အားကျနေတယ်။ ဂျော်နီက နိုင်ငံခြားပြန်ပွဲစား။ ဝတ်တာစားတာက အစ စမတ်ကျတယ်။

နိုင်ငံခြားမသွားခင် ဂျော်နီဆီက အလေ့အကျင့်တွေသင်တယ်။ အင်္ဂလိပ်စကား မတောက်တခေါက် တတ်ထားတဲ့ ဂျော်နီကလည်း လျှာလည်အောင် ပြောတော့ မြို့ရောက်ရင် ဂျော်နီနဲ့အတူ ဘီယာဆိုင်ထိုင်လိုက်၊ ကလပ်တွေတက်လိုက်နဲ့ ခေတ်မမီမီအောင် ကျင့်တာ။

နိုင်ငံခြားပြန် ချစ်တီးဟာ စွပ်ပြဲအကျီလက်ပြတ်ကလေး ဝတ်ပြီး အရပ်ထဲမှာ လတ်လျားလတ်လျား လုပ်နေတယ်။ သူ့ကိုယ်ပေါ်က နဂါးပြာကြီးကို လူတွေသိအောင် ပြောပြရတာလည်း အမော။



ချစ်တီး၊ ဂျော်နီတို့ကို သဘောအကျဆုံးက ရင်ဘတ်ကြီးပေါ်က တရုတ်နဂါးပြာကြီးပဲ။ မျက်လုံးက အနီရောင်၊ အကြေးခွံက မိုးပြာရောင်နဲ့ အဖြူရောင်စပ်ထားတာ။ တအားလှတဲ့ ဆေးမင်ကြောင်ရုပ်ပဲ။ ပြောတာတော့ နိုင်ငံခြားမှာ ထိုးခဲ့တာတဲ့။ ချစ်တီးက အဲဒီနဂါးပြာကြီးကို သူ့ရင်ဘတ်မှာ ထိုးချင်တာ။

ဒီလိုနဲ့ ချစ်တီးတစ်ယောက် ငွေတွေသောက်သောက်လဲ ကုန်ပြီးမှ နိုင်ငံခြားကို ရောက်သွားတယ်။ အလုပ်က သင်္ဘောကျင်းမှာ လုပ်ရတယ်။ မတရားပင်ပန်းတဲ့အလုပ်။ မနားရဘူး။ ခိုကတ်လို့လည်း မရဘူး။ ချွေးသံရွဲရွဲနဲ့ကို လုပ်ရတာ။ ကိုယ်က အတန်းပညာလည်း မတတ်တော့ ခွန်အားစိုက်တဲ့ အလုပ်ပဲ လုပ်ရတာ။ လုပ်အားခက မဆိုစလောက်ပဲရတာ။ ချစ်တီး သုံးတာ ဖြုန်းတာနဲ့ ကုန်တာ။ ဒါကြောင့် အိမ်ကို ငွေပို့ပေးဖို့ မှာတယ်။

အဲဒါလုပ်သူကလည်း ချစ်တီးမျက်နှာငယ်မှာစိုးလို့ တောင်းသမျှပို့ပေးတယ်။ ချစ်တီးဟာ အဲဒီမှာ အလုပ်လုပ်ရင်း မြို့ပေါ်က တက်တူး (ဆေးမင်ကြောင်) ဆိုင်မှာဂျော်နီထိုးတဲ့ နဂါးပြာကြီးကို ရင်ဘတ်ပေါ်မှာ ထိုးခဲ့တယ်။ ပေးရတဲ့ငွေကလည်း မနည်းဘူး။ အဲဒီလို ထိုးပြီးနောက်မှာတော့ ချစ်တီးဟာ စွပ်ပြဲအကျီပဲ ဝတ်တယ်။ ရုပ်အင်္ကျီဝတ်ရင် လူမမြင်မှာစိုးတယ်။ နဂါးကြီးကို တစ်ကိုယ်လုံး ပတ်ထိုးထားတယ်။

လူတွေကတော့ သူ့ကိုယ်ပေါ်က နဂါးပြာကြီး ကြည့်ပြီး အံ့သြနေတယ်။ ချစ်တီးဟာ ရွာမှာကတည်းက လက်ကြောတင်းအောင် လုပ်ခဲ့တာ မဟုတ်တော့ ငါးလလောက်လည်း လုပ်ပြီးရော အလုပ်ကထွက်လိုက်တယ်။ ပင်ပန်းဆင်းရဲတာကို မခံစားနိုင်တော့ဘူး။ နောက်ဆုံး မြို့မှာ ယောင်လည်လည်လုပ်ရင်း ရွာကိုပြန်ဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

ဒီလိုနဲ့ ရွာပြန်ရောက်လာတဲ့ နိုင်ငံခြားပြန် ချစ်တီးဟာ စွပ်ပြဲအင်္ကျီလက်ပြတ်ကလေး ဝတ်ပြီး အရပ်ထဲမှာ လတ်လျားလတ်လျား လုပ်နေတယ်။ သူ့ကိုယ်ပေါ်က နဂါးပြာကြီးကို လူတွေသိအောင် ပြောပြရတာလည်း အမော။



ရွာထဲက လူငယ်တွေကလည်း ချစ်တီးကိုယ်ပေါ်က နဂါးပြာကြီးကြည့်ပြီး အတော့်ကို သဘောကျနေကြတယ်။ အဒေါ်လုပ်သူကတော့ ချစ်တီးဘာလုပ်လုပ် ကျေနပ်အားရဖြစ်နေပေမဲ့ ဖခင်ကြီး ဦးတောကျော်က ပွစိပွစိဖြစ်နေတယ်။ နှာခေါင်းတရှုံ့ရှုံ့မျက်စောင်းတထိုးထိုး ဖြစ်နေတယ်။

အဲဒီလိုအခြေအနေမှာ ချစ်တီးတစ်ယောက် ကောက်ကာငင်ကာ ဖျားနာလာတယ်။ ဝမ်းတွေလည်း တလျှောလျှော ဖြစ်လာတယ်။ တုတ်တုတ်ခိုင်ခိုင် ကျစ်ကျစ်လျစ်လျစ်ရှိတဲ့ ကိုယ်လုံးကြီးဟာ ယူပစ်လိုက်သလိုပဲ ပိန်ချုပ်ချုပ်ပြားကပ်ကပ် ဖြစ်သွားတယ်။ အဒေါ်ဖြစ်သူခမျာ တူတော်မောင်အတွက် စိုးရိမ်တကြီးကို ဖြစ်နေတာ။

ဆေးတွေတိုက်၊ ဆေးတွေထိုးလုပ်တာ၊ ချစ်တီးလည်း အိပ်ရာထဲက မထနိုင်ဘူး။ ကိုယ်ပေါ်က နဂါးပြာကြီးလည်း ကြွားကြွားရွားရွားမရှိတော့ဘဲ ပြားချပ်တွန့်လိမ်နေတယ်။ အဒေါ်လုပ်သူက အဲဒီနဂါးပြာကြီးကြောင့် သူ့တူထမကျန်းမမာ ဖြစ်ရတယ်ဆိုပြီး အစွဲရှိနေတယ်။ နဂါးပြာကြီးနဲ့ ပယောဂ တိုက်လွှတ်လိုက်တယ်ပဲ ယူဆနေတယ်။ ဦးတောကျော်လည်း ချစ်တီး မကျန်းမမာဖြစ်တော့ သူလည်း ဘေးကပါလာရတယ်။

အံ့သြစရာကောင်းတာက ချစ်တီးကို ဆေးမြီးတိုတွေနဲ့ ကုနေရာက အခြေအနေဟာ ပိုပြီးဆိုးလာတယ်။ သူ့ခါးပတ်ပတ်လည်မှာ ရေယုန်ကြီးတွေပေါက်လာတယ်။ အဖုအကျိတ်နဲ့ အနာလုံးကြီးတွေ ဖြစ်လာတယ်။ ပြည်တွေတစ္ဆတ်စ္ဆတ်၊ ဆေးထည့်တော့လည်း မပျောက်ဘူး။

နောက်တော့ ပါးစပ်တွေပတ်ပတ်လည်မှာပါပေါက်လာတယ်။ ဒါကြောင့် ကျန်းမာရေးဆေးပေးခန်းပြကြည့်တော့ မြို့က ဆေးရုံမှာ ဆေးစစ်ဖို့ ပြောလာတယ်။ မြို့ကို ခက်ခက်ခဲခဲသယ်ယူပြီး သွေးစစ်၊ ဆီးစစ် လုပ်ကြည့်တော့ ချစ်တီးမှာ အိတ်ချ်အိုင်ဗီပိုးရှိနေတာ တွေ့လိုက်ရတယ်။ ရောဂါအခြေအနေက အတော့်ကို ဆိုးနေပြီဖြစ်တယ်။

အဒေါ်လုပ်သူက ကိုယ်ပေါ်မှာ နဂါးပြာကြီး ထိုးလိုက်တာ ပုဏ္ဏကတိုက်လွှတ်လိုက်တာပဲလို့ ယူဆနေတယ်။ ချစ်တီးခမျာ ဖျားတာကလည်း တငွေ့

ငွေ့ အနာကြီးတွေကလည်း ပြည်တွေတည်ပြီး ကိုက်ခဲနေတယ်။ ညညဆို လည်း သွေးရူးသွေးတန်း ကယောင်ကတန်းတွေ ပြောဆိုနေတယ်။

အိမ်ကို ပြန်ခေါ်လာတော့ ပိုဆိုးနေတယ်။

ပယောဂဝင်နေတယ်ထင်ပြီး အဒေါ်လုပ်သူက ဘုန်းကြီး၊ ရဟန်းတွေ ပင့်တယ်။ ပရိတ်တွေရွတ်တယ်။ အလှူအတန်းတွေလုပ်တယ်။ ဒါပေမဲ့ ရောဂါက မသက်သာဘူး။

ချစ်တီး အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နေပြီဆိုတာ ရွာထဲက လူတွေသိ တော့ အိမ်ရိပ်တောင်မနင်းရဲကြဘူး။ ရပ်ထဲရွာထဲက လူတွေဟာ အေအိုင် ဒီအက်စ်ရောဂါကို လူသတ်သမားရောဂါလို့ အကြမ်းဖျင်း သိသွားကြတယ်။ ကူးစက်နိုင်တဲ့ရောဂါလို့လည်း ယူဆထားကြတယ်။ ဒါကြောင့် ချစ်တီးတို့ အိမ်နားကို မကပ်ရဲကြဘူး။

ချစ်တီးခမျာ ရောဂါကြောင့် နေ့တိုင်းဖျားတယ်။ ထမင်းလည်း မစားနိုင်။ အိပ်လည်း မအိပ်နိုင်ဘူး။ လူလည်း ဝဝဖီးဖီးကြီးကနေ ပြားကပ်သွားတယ်။ မျက်ကွင်းဟောက်ပက် အရိုးငေါက်ငက်ဖစ်သွားတယ်။ ကိုယ်ပေါ်မှာလည်း အနာကြီးတွေက မြင်မကောင်းဘူး။ ချစ်တီးဟာ သူ့ကိုယ်သူလည်း ဘယ်လို ကြောင့် ဒီရောဂါဆိုးကြီးရခဲ့သလဲဆိုတာ စဉ်းစားလို့ကို မရဘူး။

ပြောရရင် ချစ်တီးက ရောဂါဇာစ်မြစ်ဘယ်က စတယ်ဆိုတာကို အသေ အချာ မသိဘူး။ သူသိထားတာက လိင်ဆက်ဆံမှုကစတယ်ပဲ သိထားတယ်။ သူက မြို့မှာ ပွေပွေရှုပ်ရှုပ်မလုပ်ခဲ့သလို နိုင်ငံခြားမှာလည်း မိန်းမတွေနဲ့ နေခဲ့ ထိုင်ခဲ့တာ မရှိဘူး။ ချစ်တီးက အရင်ကတည်းက မိန်းမမရှုပ်တတ်ဘူး။ သူ့ဝါ သနာက ပပလွှားလွှားနေမယ်၊ ကြွားကြွားဝါဝါ ဘီယာဆိုင်ထိုင်မယ်။ သူငယ် ချင်းတွေနဲ့ ဖြုန်းမယ်၊ ပျော်မယ် ဒါပဲရှိတာ။ ဘယ်လိုက ဘယ်လို ရောဂါရ လာတယ်ကို နားမလည်ဘူး။

ဒီအခြေအနေကို ဆေးရုံပြကြည့်ရင်းနဲ့ တာဝန်ခံဆရာဝန်က သူ့နောက် ကြောင်းကို စစ်ဆေးတယ်။ မိန်းမရှုပ်သလား၊ ဘိန်းဖြူထိုးသလား၊ ဘာလား ညာလားနဲ့ မေးတယ်။ ချစ်တီးကလည်း ခေါင်းတခါခါနဲ့ နောက်ဆုံးချစ်တီး



ရင်ညွှန့်ကထိုးထိုးထောင်ထွက်နေတဲ့ နဂါးပြာခေါင်းကြီးကို တွေ့တော့ ဆရာ ဝန်က မေးမြန်းတယ်။ ချစ်တီးကလည်း နိုင်ငံခြားမှာ ထိုးခဲ့ပုံကို ပြောပြတယ်။ ထိုးတဲ့ကာလက နှစ်လသာသာပဲ ရှိသေးတယ်ဆိုတာကို ပြောတယ်။

အဲဒီမှာ ဆရာဝန်ကြီးက အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ရခြင်းအကြောင်း အရင်းဟာ နဂါးပြာကြီးကြောင့်ပဲဆိုတာ စစ်ဆေးတွေ့ရှိသွားခဲ့တယ်။ တက်တူး (ဆေးမင်ကြောင်) ထိုးတဲ့ အပ်က မသန့်ရှင်းလို့ အခုလိုဖြစ်ရတာပဲလို့ ပြောပြတယ်။ ချစ်တီးလည်း အတော်ကို နောင်တရသွားမိတယ်။ နိုင်ငံခြား ပြန်ပွဲစား ဂျော်နီကို အားကျပြီး ကိုယ်ပေါ်မှာ နဂါးပြာကြီး ထိုးမိရာက ဖြစ်ခဲ့ရ တာမို့ ယူကျုံးမရဖြစ်နေတယ်။ အဒေါ်လုပ်သူကတော့ ရောဂါဖြစ်စဉ်ကို နား မလည်ပေမဲ့ နဂါးပြာကြီးရဲ့ ပယောဂဆိုတာ ယူဆထားတယ်။ အဲဒီလိုနဲ့ ချစ် တီးဟာ ပိန်းချုံးချည့်နဲ့လာပြီး လူရုပ်လည်း မပီတော့ဘူး။ မျက်တွင်းဟောက် ပက်နဲ့ ကမ္ဘာဦးရုပ်ပေါက်လာတယ်။

အိပ်လို့မရ၊ စားလို့မရနဲ့ အိပ်ရာထဲ တပိန်ပိန်တလိမ်လိမ် ဖြစ်ရင်း နောက် ဆုံးတော့ နဂါးပြာချစ်တီးဟာ အေအိုင်ဒီအက်စ်ရောဂါနဲ့ပဲ သေဆုံးသွားခဲ့ရ တော့တယ်။

⇨ **လေထျာလင်းဖြာ**



စိတ်တစ် ဖက်ကမ်း

လခြမ်း

နိုင်ငံခြားဘာသာသီပ္ပ

**ကောင်း** ကင်မှနေရောင်တွေ ရှာကျနေသည့် နံနက်ခင်းလေး တစ်ခုကို စံပယ်နံ့သင်းရှုရှုလေးတွေက ဖရိုဖရဲ ဖျန်း ဆွတ်ထားသည်။

ထိုစံပယ်ခြံလေးထဲမှ ဂီတအိပ်မက်လေးတစ်ခု ကလည်း စိတ်လှုပ်ရှားစရာ နံနက်ခင်းလေးကို လှုပ်နှိုးဖောက်ထွက် လာနေသည်။ ဝါးပတ္တလားသံလေး ဖြစ်သည်။ တွဲလုံးလေးတွေ သံစဉ်အနိမ့် အမြင့်နှင့် မိုးပွင့်လေးတွေကျလာနေသလို လွင့်မြောက်ထွက်လာနေသည်။ ပတ္တလားဆိုလို (Solo) သံလေးက စံပယ်နံ့လေးတွေကို ညှို့မြူနေသည့်နှယ်။

သီချင်းက နန်းတော်ရှေ့ဆရာတင်၏ မင်းဂံဘုတ်ရွာသူ တေးသွား အလိုက် ဂန္ထဝင်သံစဉ်ဂီတ အိပ်မက်ပွင့်တွေဖြစ်သည်။ ဝါးပတ္တလားသံလေး က ရင်ဖိုကြည်နူးဖွယ်ရာ တစ်ပွင့်ချင်း စီးမျောလွင့်ပျံလာနေသည်။

ထို ဂန္ထဝင်သံစဉ်တေးသွားလေးကို အာရုံတွေနှင့် လွင့်မျောပြီး ဖန်ဆင်း ခံစား တီးခတ်နေသူက အခြားသူမဟုတ်။ ဂီတကို ရူးသွပ်စွာ ချစ်မြတ်နိုး သော နှင်းပုလဲ ရွာသားလေး သင်းခေါင် ဖြစ်သည်။

သင်းခေါင်သည် အိမ်ကပြင်ခေါင်းရင်း ဝရန်တာထောင့်တွင် ကြိုးနှင့် ချည်နှောင်တွဲထားသော သူ၏ဝါးပတ္တလားဟောင်းလေးကို စိတ်ပါလက်ပါ နှင့် ထိုင်ပြီး တီးခတ်နေခြင်းဖြစ်၏။ လူကတော့မှ ခေါင်းစုတ်ဖွားနှင့် မသပ် မရပ်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေကလည်း တောနှင့် တောင်စွယ် ဖြစ် နေသည်။

သို့သော် ...သင်းခေါင်သည် ဤမနက် ထူးထူးခြားခြား၊ မျက်နှာကြည် ကြည်လင်လင်နှင့် စောစောလေး အိပ်ရာထပြီး ဂီတတောထဲ နစ်မျော ရှာန် ဝင်နေသည်။ သူ့လည်ပင်းမှာလည်း သူ့ဘာသာသူ စံပယ်ပန်းတွေကို ရှူးပြီး ကြိုးနှင့်သီကာ ဆွဲထားသေးသည်။ သင်းခေါင် ဤမနက် ကဗျာဆန်လျက် ပန်းတွေနှင့်ဝေနေတော့သည်။

"ဟိုး ...တောင်ပေါ်၊ ဟိုတောင်ပေါ်ရိုးဆီက ...မြူခိုးတွေလွင့် ...ဟင် ..."

ဆိုသော အပိုဒ်အရောက်တွင် သင်းခေါင်သည် ပတ္တလားသံထဲ နစ်မျော ရှာန်ဝင်နေရာမှ ဖြည်းညင်းစွာ ခေါင်းမော်လာသည်။ ဝရန်တာလက်ရန်း

သစ်သားပွတ်လုံးတိုင်တွေကြားမှာ ရေတူရူဆီသို့ သူလှမ်း၍ စူးစိုက်ကြည့်လိုက်သည်။ အသံလှိုင်းတစ်ခု လွင့်မျောလာရာဆီ သူ့စိတ်လိပ်ပြာက လွင့်ထွက်သွားလေသည်။

"ဘာသံတွေပါလိမ့်"

သူ့ကို အာရုံတစ်ခုကို ညှို့ယူဖမ်းစားလိုက်ခြင်း ဖြစ်၏။

သင်းခေါင်ကို ဖမ်းစားညှို့ခေါ်လိုက်သော အာရုံက ရေသံတွေ ဖြစ်သည်။ ခပ်လှမ်းလှမ်း ရေတူရူဆီမှ မြောက်ပြန်လေနှင့်အတူ လွင့်ဝင်လာသော ရေသံတဖွမ်းဖွမ်းက သင်းခေါင်၏ လွင့်မျောနေသော မသိစိတ်ကို လှုပ်နှိုးလိုက်သလို ဖြစ်သည်။ သူ့နှလုံးသားထဲမှာ ထိုရေသံတွေက ပင်လယ်ကမ်းခြေမှ ကြမ်းတမ်းစွာ ရိုက်ခတ်ဝင်လာနေသလိုမျိုး။ ရေတံခွန်ကြီးတစ်ခု ပြိုကျလာနေသံမျိုး။ သူ့စိတ်ကို ချောက်ချားသွားစေသည်။ ဘာကြောင့်မှန်းမသိ။ သူ့သွေးတွေ ဆူဝေစပြုလာသည်။

ကိုရေသံတွေက သူနစ်မျော ရှာန်ဝင်နေသော ဂီတသံစဉ်တွေကို ရိုင်းစိုင်းစွာ ဖျက်ဆီးပစ်လိုက်သည်ဟု သင်းခေါင်ထင်သည်။ သူ့အာရုံတွေပြိုကွဲသွားသည်။

သင်းခေါင် မျက်မှောင်ကြုတ်ပြီး အံကိုကြိတ်လျက် ရီဝေမှုန်မိုင်းစွာ ငေးစိုက်ကြည့်လိုက်သည်။ လက်နှစ်ဖက်ကတော့ ဝါးပတ္တလားပေါ် မသိစိတ်တွေနှင့် ဂီတသံစဉ်ပွင့်တွေကို ဖွဖွလေး ပြေးလွှားရိုက်ခတ်နေဆဲ ဖြစ်သည်။

စင်စစ်၊ သူ့မြင်ကွင်း ညှိုစက်ကွင်းထဲတွင် ပေါ်လာနေသည့် မြင်ကွင်းက သူဖန်ဆင်းတီးခတ်နေသော သံစဉ်တေးသီချင်းနှင့် အလွန်လိုက်ဖက် ပန်ရမည့် လှပသောရှုခင်းလေးဖြစ်ပါသည်။ မှန်ပါသည်။

သင်းခေါင် လှမ်းမြင်လိုက်ရသော ရှုခင်းလေးက ရွှေရည်နေခြည်တွေ ကစဉ့်ကလျား ဖိတ်စဉ်လွှမ်းခြုံကျနေသည့် စံပယ်ရုံနံဘေးရှိ၊ အုတ်ရေကန်လေးရှေ့မှ ရောင်စုံပန်းချီကားလေးဖြစ်၏။ အနီရောင် ရှန်ထဘီရဲရဲလေးကို ရင်ညွန့်ထက် တင်းတင်းလေးစီးဝတ်ထားပြီး ဝိတုန်းရောင်ကေသာကြော



ရှည်ရှည်ကြီးတွေကို နောက်ကျောထက် ဖြန့်ဝဲချထားကာ၊ အမျိုးသမီးတစ်ဦးက အားရပါးရလေး ရေလောင်းချိုးနေသည်။ သူမ၏ ဖြူဝင်းစိုနေသော ကိုယ်ခန္ဓာအထက်ပိုင်းဆီမှ အုတ်ရေကန်လေးထဲရှိ ရေကို ငွေဖလားနှင့် နှစ်ခွက်ယူကာ တဖွမ်းဖွမ်းလောင်းချိုးနေပါသည်။

ထိုအမျိုးသမီးမှာလည်း တခြားသူမဟုတ်။ သင်းခေါင်၏ အစ်မအရင်း။ သူနှင့် နှစ်ယောက်ခြား အစ်မအကြီးဆုံး၊ အပျိုကြီး မနှင်းခိုင် ဖြစ်သည်။ အသက် (၃၀) ရှိပြီး၊ သင်းခေါင်ကိုလည်း မောင် အငယ်ဆုံးမို့ အစ်မကြီး အမိအရာမက ငုံထားမတတ်ချစ်ရှာသူဖြစ်သည်။

"သင်းခေါင်ကပတ္တလားဆရာလေးပါမောက္ခကြီးရဲ့။ မြဝတီမင်းကြီးရဲ့တူ၊ ကျွန်တော့်ညီလေးပါ။ ကျွန်တော်က ဖက်ဆစ်ဂျပန်တွေနဲ့ တိုက်ပွဲဝင်ခဲ့တဲ့အာဇာနည်နှင်းအောင်ပဲ"



မနှင်းခိုင်သည် ဘွဲ့ရ၊ အလယ်တန်းပြ ကျောင်းဆရာမတစ်ဦးလည်း ဖြစ်သည်။ သည်နေ့ ကျောင်းပိတ်ရက်မို့ နှင်းပုလဲဈေးထဲရှိ အမေ့အထည်ဆိုင်ကို ထမင်းသွားပို့ရန် ရေချိုးနေခြင်းဖြစ်သည်။ အဖေက သူ့ဖို့ မောင်နမငယ်ငယ်လေးထဲက ဆုံးသွားခဲ့သည်။

မနှင်းခိုင်နှင့်အောက် မောင်တစ်ယောက်နှင့် ညီမတစ်ဦးက အိမ်ထောင်ခွဲတွေ ဖြစ်ကြ၍ သည်စံပယ်ခြံလေးထဲက အိမ်မှာ သူတို့သားအမိသုံးဦး တည်းနေခဲ့ကြသည်။

သည်မနက် သူမ၏မောင် သင်းခေါင် မင်းဂံဘုတ်ရှာသူ တေးသွားလေးနှင့် ဝါးပတ္တလားလေးကို ဖွဖွခေါက်ပြီး စိတ်တွေစီးမျောငြိမ်သက်နေသည်ကို တွေ့ရသဖြင့် မနှင်းခိုင်စိတ်ထဲ ကြည်နူးနေခဲ့သည်။ စိတ်ချမ်းသာနေသည်။

ခါတိုင်းဆို သူဒီအချိန် ဈေးထဲရောက်နေပြီး စိန်နဒီ လက်ဖက်ရည်ဆိုင်မှာ သွားထိုင်နေတတ်သည်။ မနှင်းခိုင် သူ့မောင်၏ ဝါးပတ္တလားသံ မရှိတရှိ ဆူပွက်နေသံလေးတွေကို ရင်ထဲက ကြည်နူးစွာ နှစ်သက်ခံစားရင်း လှမ်းကြည့်လိုက်သည်။ ပြီးနောက် -

အင်္ဂတေကျောက်သားပေါ် ခပ်နွဲ့နွဲ့ဘေးတစောင်းထိုင်ချပြီး၊ ခြေဖမိုးတစ်ဖက်ကို ဆပ်ပြာပွတ်တိုက်နေသည်။ သင်းခေါင်က သူမကို လှမ်းမော်အကြည့်လိုက်နှင့် မျက်နှာချင်းဆုံသွားသည်မို့၊ မနှင်းခိုင် ကြည်လဲ့လဲ့ အပြုံးပွင့်တွေနှင့် ပြန်လှမ်းစိုက်ကြည့်နေလိုက်သည်။ သည်တဒင်္ဂလေးမှာ မနှင်းခိုင်၏ မျက်ဝန်းတွေက မောင်လေးအပေါ် အချစ်သွေးရောင်တွေနှင့် တောက်ပရွှန်းလဲ့နေပေလိမ့်မည်။

သို့သော် ဤအပြုံး။ ဤမျက်လုံးတွေက...

သင်းခေါင်အတွက်။ မှန်ပါသည်။ သင်းခေါင်အတွက် ...တော့။

ဆန့်ကျင်ဘက်အလှတရား။ မသတီစရာ ခါးသီးရွံရှာဖွယ် မြင်ကွင်း။ ထိတ်လန့်ချောက်ချားသွေးပျက်စရာ အနိဋ္ဌာရုံပန်းချီကားတစ်ချပ်၊ အံ့ဩဖွယ်ရာ ဖြစ်နေပါသည်။

သင်းခေါင် မသိစိတ်အာရုံ အမြင်ထဲတွင် မကောင်းဆိုးဝါး နတ်မိစ္ဆာမတစ်ဦး၏ ကြောက်မက်ဖွယ်ရာ မျက်နှာအသွင် သူ့ကို ဖမ်းစားလိုက်ပါတော့သည်။

သင်းခေါင်၏ စိတ်လိပ်ပြာရိုင်းက ရုတ်ခြည်း ထိနိုက်ပျက်စီးပေါက်ကွဲသွား၏။ စိတ်၏ ထူးဆန်းသော ချောက်ချားမှုတွေက သူ့သိစိတ်အာရုံတွေကို လွှတ်ထွက်သွားစေပါတော့သည်။ သူ့စိတ်များက နူးညံ့နေရာမှ ချက်ချင်းအကြမ်းဘက်သို့ ပြောင်းသွား၏။

သင်းခေါင်နားထဲမှာ ဟိုးအဝေးမှ လွင့်လာနေသည့် မကောင်းဆိုးဝါး နတ်မိစ္ဆာတွေ၏ အသံနက် စိမ်းစိမ်းကြီးတွေ ဆူပွက်လွင့်မြောက်ထွက်လာနေသည်။



"ဟော့သင်းခေါင်၊ မင်းဘာကြောက်နေတာလဲ။ ဟိုမှာ မြင်လား၊ ဟိုရှေ့က မကောင်းဆိုးဝါး နတ်မိစ္ဆာမက မင်းကို ခြိမ်းခြောက်ပြနေတာ တွေ့လား။ အဲဒါ မင်းဦးနှောက်တွေကို ဖောက်စားတော့မယ့် ကဝေမပဲ။ သွား ...စဉ်းစားမနေနဲ့။ မင်းအဲဒီ ကဝေမကို အပြတ်သွားရှင်း။ သွား မကြောက်နဲ့ ငါတို့ရှိတယ်"

သင်းခေါင်၏ မသိစိတ်မှ ထူးဆန်းသော အသံတစ်ခုက သင်းခေါင်ကို ဖမ်းစားပြီး သွေးထိုးခြိမ်းခြောက်ပေးလိုက်သည်။ သင်းခေါင်ဘာမျှ မသိတော့။ ထင်ယောင်ထင်မှားစိတ်တွေက သူ့ကို အမှောင်ထုထဲသို့ ဆွဲခေါ်သွားခဲ့ပြီ ဖြစ်သည်။ သင်းခေါင် ထိုအသံကိုတော့ ကြောက်သည်။ သူမလွန်ဆန်ရဲ။ ဘာကြောင့်မှန်းမသိ။

သူ့လက်ထဲမှ ပတ္တလားတီးသည့် ဘုလုံးလေးနှစ်ခုကို ဖြည်းညင်းစွာ ရပ်လိုက်ပြီး ပတ္တလားဝါးပြားတွေပေါ်ချထားလိုက်သည်။ သူထိုင်နေသည့် ခွေးခြေပုလေးပေါ်မှ ထရပ်လိုက်သည်။

သင်းခေါင် အိပ်မက်နေသူလို အိမ်ခန်းထဲ လှမ်းဝင်သွား၏။ ပြီးနောက် ချက်ချင်း ပြန်ထွက်လာသည်။ သို့သော် သူ့လက်ထဲမှာ ငှက်ကြီးတောင်ဓားရှည်တစ်လက်ကို ဆွဲထွက်လာခဲ့သည်။ ညာလက်နှင့်ဓားကို တင်းတင်း ဆုပ်ကိုင်ထားသည်။ သူ အိမ်ရှေ့လှေကားထစ်ပေါ်မှ လှမ်းဆင်းလာပြီး အုတ်ရေကန်လေးဆီ တန်းတန်းမတ်မတ် လျှောက်လာသည်။

ဤမြင်ကွင်းကို မနှင်းခိုင်က မမြင်လိုက်။

သူမက ဆပ်ပြာတိုက်ပြီးနောက် အုတ်ရေကန်ဘက်ပြန်လှည့်ပြီး ကျောပေးကာ ရေဆက်ချိုးနေသည်။ သူမနောက်မှ သင်းခေါင်က ဓားရှည်ကြီးဆွဲပြီး လှမ်းလာနေသော အသည်းထိတ်စရာမြင်ကွင်းကို မနှင်းခိုင် သတိမထားမိလိုက်။ နောက်ကျသွားပြီ။

"သင်းခေါင်၊ မြန်မြန်သွား၊ အဲဒီ မိစ္ဆာမကို သတ်၊ အရှင်မထားနဲ့"

အသံနက်တစ်ခုက သူ့နောက်ကျောမှ ဆက်တိုက်ကပ်ပါလာခဲ့သည်။ သူ့ခြေသွေးတွေကို ဆူပွက်လာအောင် အမိန့်ပေးသွေးဆောင်တိုက်တွန်းနေသည်။ သင်းခေါင်ဘာမျှ မမြင်တော့။ သူ့အာရုံမှာ အသိဉာဏ်တွေ ကင်းမဲ့

သွားပြီ။ သူ သတိလက်လွတ်၊ စိတ်တွေ ပျက်စီးသွားချေပြီ။ မသိစိတ်၏ ရုပ်သေးရုပ်ဖြစ်သွားသည်။

သင်းခေါင် သူ့အစ်မနောက်ကျောဆီ ပြေးသွားပြီး နက်မှောင်ဖားဝေနေသော ဆံပင်တွေကို နောက်မှ ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။ သူ့လက်ထဲမှာ လုံးထွေးပါလာသည့် ဆံပင်တွေကို လျင်မြန်စွာ တုပ်လိမ်ရစ်ပတ်ပြီး နောက်ကို လှန်ဆွဲချလိုက်သည်။

"...အမလေး..."

မနှင်းခိုင် ရုတ်တရက် နောက်ကို လန်သွားသည်။ အလန့်တကြားဖြင့် ဧရဖလားခွက် လက်မှလွင့်ထွက်သွားကာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ကြည့်လိုက်မိရာ သင်းခေါင်ဖြစ်နေသည်။ မနှင်းခိုင် ချောက်ချား ထိတ်လန့်စွာနှင့်သူ့မောင်ကို ငယ်သံပါအောင် လှမ်းအော်သည်။ သို့သော် လည်ပင်းက နောက်ကိုလန်ပြီး ကျသွားသဖြင့် အသံက လည်ချောင်းထဲမှ ထွက်မလာဘဲ ဗလုံးဗထွေးနှင့် ဂူးဂူးဝါးဝါးဖြစ်နေသည်။

"သင်း...အင်း...ဝေါင်...အေး...အား"

သင်းခေါင်က သရဲသဘက်စီးနေပြီ။ မနှင်းခိုင် စက္ကန့်ပိုင်းအတွင်း နားလည်လိုက်သည်။ သင်းခေါင်စိတ်တွေ ဖောက်ပြန်ရူးသွပ်သွားပြီ။ မှန်ပါသည်။ သင်းခေါင် အစ်မမှန်းလည်း မသိတော့။ သူ့ကိုယ်သူလည်း မသိတော့။ စွမ်းအားတစ်ခု၏ ခိုင်းစေမှု နောက်သို့ လိုက်ပါသွားသော ကကြိုးရုပ် တစ်ခုပမာ ဖြစ်၏။

ထိုစက္ကန့်ပိုင်းလေးအတွင်း သင်းခေါင်သည် သူ၏အစ်မ မနှင်းခိုင်ကို နောက်လှန်ဆွဲချလိုက်ပြီး မော့လန်ကော့ပါလာသော လည်ချောင်းပေါ်သို့ ငှက်ကြီးတောင်ဓားနှင့် လွှဲမြှောက်ပိုင်းချလိုက်သည်။ အဖြစ်အပျက်က မြန်ဆန်လွန်းလှ၏။

မနှင်းခိုင်သွေးတွေနှင့် အင်္ဂတေ ကျောက်ပြားပေါ် လန်ကျသွားသည်။

"ဟာ...သင်းခေါင်၊ သင်းခေါင်။ လူသတ်နေပြီ...လူသတ်နေပါပြီဗျို့"



ခြံချင်းကပ်လျက် တစ်ဖက်အိမ်မှ ကိုအောင်ဒင်က မနှင်းခိုင်စူးစူးရဲရဲ ငယ်သံပါအောင် ဟစ်အော်လိုက်သည့် အသံကြောင့် အိမ်ထဲမှ ပြေးထွက်လာသည်။သူ လှမ်းကြည့်မိလိုက်သည့်အချိန်ပိုင်းလေးတွင် သင်းခေါင်ဓားကို လွှဲမြှောက်ကာ သူ့အစ်မ လည်ပင်းကို ခုတ်ပိုင်းချလိုက်သည့်အချိန်နှင့် တစ်ပြိုင်တည်းဖြစ်နေသည်။

သူ အံ့အားသင့်ပြီး အလန့်တကြား ငေးကြည့်နေသည်။ ပြီးနောက် ချက်ချင်း သတိရပြီး သူ ပတ်ဝန်းကျင်ကို "သံကုန်ဟစ်ကာ ကုန်းအော်တော့သည်။

"လာကြပါဦးဗျို့။ ဒီမှာ သင်းခေါင်စိတ်ဖောက်ပြီး သူ့အစ်မကို သတ်နေပြီ"

သင်းခေါင်က မနှင်းခိုင်ကို ဓားနှင့် သုံးချက်ဆက်တိုက် ပိုင်းချလိုက်သည်။ မနှင်းခိုင်ကျောက်ပြားပေါ်တွင် သွေးတွေ အိုင်ထွန်းပြီး အသက်ပျောက်သွားသည်။

ကိုအောင်ဒင် အသံကြောင့် သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တွန့်သွားသည်။ သူ့မျက်နှာက ကြောက်စရာကောင်းအောင် ခက်ထန်နေသည်။ သူ အုတ်ရေကန်လေးနံဘေးမှ သွေးစွန်းနေသည့် ဓားကို ဆုပ်ကိုင်ပြီး ထွက်လာသည်။

ထိုစဉ် ပတ်ဝန်းကျင်မှ လူတွေက ကိုအောင်ဒင်အသံကြောင့် တုတ်တွေ ဓားတွေ ကိုင်ပြီး ပြေးထွက်လာကြသည်။ သင်းခေါင်က ဓားရှည်ကို လွှဲယမ်းလျက် ခြံပေါက်မှ လှမ်းထွက်လာသည်ကို မြင်သည်။ သင်းခေါင် လူအုပ်ကို မြင်တော့ ဓားကိုမြှောက်ပြီး ကားလမ်းမဆီ တရကြမ်းပြေးတော့သည်။ သင်းခေါင်စိတ်ဆင်ရိုင်းတွေဝင်နေကာ မှုန်ယိုသွားလေပြီ။

မနှင်းခိုင်တို့ စံပယ်ခြံရှေ့တွင် ကိုအောင်ဒင်နှင့် လူအုပ်ကြီးဆုံမိသွားကြကာ သင်းခေါင်ကို ညာသံပေးလျက် ဟစ်အော်ပိုင်းလိုက်ကြသည်။ အရှုးဖမ်းပွဲကြီး စတင်ကြသည်။

"ဟေး...သင်းခေါင် မပြေးနဲ့။ မင်းလက်ထဲက ဓားကိုချ"

"ဖမ်း ...ဖမ်း။ ဒီကောင် သူ့အစ်မကို သတ်သွားပြီ"

လူအုပ်ကြီးက ဆူညံအော်ဟစ်ကာ နောက်ခပ်လှမ်းလှမ်းမှ ပြေးလိုက်လာကြသည်။ ရွာသားတွေက သင်းခေါင်လက်ထဲမှ သွေးစက်တွေ မခြောက်သေးသော ဓားကြီးတောင်ဓားနှင့် ဘီလူးသဘက်စီးနေသော သင်းခေါင်အနားသို့ မကပ်ရဲ။ ဝင်မဖမ်းဆီးရဲကြချေ။ သင်းခေါင်က ဒေါသတွေပေါက်ကွဲကာ တစ်ကိုယ်လုံး သွက်သွက်ခါယမ်းနေလျက်မှ ပြေးလွှားနေရင်း နောက်သို့ အသံကြမ်းကြီးနှင့် လှမ်းအော်သည်။

"ဟင် ...မကောင်းဆိုးဝါးတွေ၊ သရဲသဘက်တွေ လာကြ။ လိုက်ခဲ့ကြငါ့နောက်။ ငါအကုန်သတ်ပစ်မယ် ...ဟင်း ...ဟင်း"

သင်းခေါင် အော်ရင်းဟစ်ရင်း ကားလမ်းတစ်လျှောက် မြောက်ဘက်ဆီဦးတည်ကာ မဟားတရား သွန်ပြေးနေသည်။ သင်းခေါင်သည် ကားလမ်းဘေးတစ်လျှောက် ဖုန်တထောင်းထောင်းထနေသည့် နေကျဲကျဲအောက်တွင် "သဘက်ဆွဲရွာ" အတိုင်း "ဘီးလင်းမြို့" ဘက်ဆီ ခုန်ပေါက်ပြီး ပြေးသွားနေသည်။

ပြီးနောက် ခပ်လှမ်းလှမ်းသို့ရောက်လျှင် တဘက်ဆွဲရွာ သချိုင်းပျက်တစ်ခုထဲသို့ ပြေးဝင်သွားတော့သည်။

ရွာသားများက သချိုင်းထဲသို့ ရုတ်တရက်ဆက်ပြီး ဝင်မလိုက်ရဲကြပေ။ သချိုင်းဝကုက္ကိုပင်ရိပ်၌ ချီတုံချတုံနှင့် ရပ်ပြီး ငေးကြည့်နေကြသည်။ ထိုစဉ်ဘီးလင်းမြို့ဘက်ဆီမှ ကားလမ်းအတိုင်း ဂျစ်ကားတစ်စီး မမျှော်လင့်ဘဲ ကံအားလျော်စွာမောင်းလာသည်။ ရဲတပ်ကြပ်တစ်ဦး၊ ရဲသားသုံးဦး၊ စုစုပေါင်း ရဲတပ်ဖွဲ့ဝင်ငါးဦး၊ ယူနီဖောင်းအပြည့် လက်နက်ကိုယ်စီနှင့် ဖြစ်သည်။

ဒုရဲအုပ်က သချိုင်းဝမှ တုတ်တွေဓားတွေနှင့် လူအုပ်ကို မြင်သဖြင့် ကားကိုရပ်နိုင်းပြီး အကျိုးအကြောင်းကို မေးသည်။ ကိုအောင်ဒင်က ဒုရဲအုပ်ကို သူမြင်လိုက်ရသည့် မှုခင်းရောင်စုံမြင်ကွင်းလေးကို အကျဉ်းချုပ် ရှင်းပြသည်။



သို့ဖြင့် ဒုရဲအုပ်စံဝင်း ခေါင်းဆောင်ပြီး ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့် နှင်းပုလဲရွာသားလူအုပ်သည် သချိုင်းထဲသို့ လူသတ်သမားကို ဖမ်းဆီးရန် ချက်ချင်းဝင်လိုက်လာခဲ့ကြသည်။

လူသတ်သမားကို သိပ်ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ မရှာလိုက်ရပါ။

သူတို့သချိုင်းထဲရောက်သွားသည်နှင့် သချိုင်းဇရပ်ပျက်ကြီးနံဘေးရှိ အုတ်ဂူတွေကြားထဲမှ အုတ်ဂူတစ်လုံးပေါ်တွင် သင်းခေါင်က သွေးစွန်းနေသော ဓားကြီးတောင်ဓားကြီးကို ဆုပ်ကိုင်လျက်သားနှင့် ဆောင့်ကြောင့်ထိုင်နေသည်ကို လှမ်းတွေ့ရသည်။ မင်းသားက ကြော့လို့။ ထီမထင်သည့်ပုံနှင့်မျက်တောင်မခတ်စိုက်ကြည့်နေသည်။

သင်းခေါင်မျက်လုံးတွေက စိမ်းလက်ပြူးတောက်နေကာ မျက်နှာကြီးကလည်း သုန်မှုန်ပြီး အံကိုတင်းတင်းကြိတ်ထား၏။ သူ့ဂုံချည်ကို ပခုံးပေါ်ကွင်းသိုင်းခြုံလျက် ဘောင်းဘီတိုတန်းလန်းနှင့် အုတ်ဂူပေါ်ထိုင်နေသည်။

ဒုရဲအုပ်စံဝင်းက သူ့လက်ထဲမှ ခြောက်လုံးပြူးနှင့် သင်းခေါင်ကို ချိန်ရွယ်ထားကာ ရဲတပ်ကြပ်နှင့် ရဲသားတွေကလည်း ရိုင်ဖယ်သေနတ်များနှင့်ချိန်ပြီး သချိုင်းဇရပ်အနီးသို့ ချဉ်းကပ်လာကြသည်။

"ဟေ့ သင်းခေါင် ...မင်းလက်ထဲက ဓားကိုချလိုက်။ အေးအေးဆေးဆေး အဖမ်းခံပါ"

ဒုရဲအုပ်က သေနတ်နှင့် လှမ်းချိန်ထားရင်း အမိန့်ပေးလိုက်သည်။

သင်းခေါင် အုတ်ဂူပေါ်ခုန်ထပြီး ခြေကားရပ်လိုက်သည်။ ရဲတပ်ဖွဲ့ဝင်တွေနှင့် လူအုပ်ကို လှမ်းစိုက်ကြည့်လိုက်ပြီး သူတစ်ကိုယ်လုံး နတ်ပူးသလို တုန်ခါသွားသည်။ သင်းခေါင်ဓားကို ဝှေ့ယမ်းလိုက်၏။

"အား ...ဟား ...ဟား။ ဟေ့ ဖက်ဆစ်ကောင်တွေ မင်းတို့ဖက်ဆစ်ဂျပန်တွေကို ငါမကြောက်ဘူးကွ။ ဟောဒီဓားက ငါ့အဘိုးဓား။ ဖက်ဆစ်တွေကို အသက်ပေးတိုက်ပွဲဝင်ပြီး လွတ်လပ်ရေးရယူခဲ့တဲ့ မော်ကွန်းဝင်ဓားကွ။ လာစမ်း၊ ဟေ့ ဖက်ဆစ်ကောင်တွေ၊ မင်းတို့ကို ငါသတ်မယ်"

သင်းခေါင်က ရဲတပ်ဖွဲ့ဝင်တွေကို ဖက်ဆစ်ဂျပန်တွေနှင့်မှားကာ ထင်ယောင်ထင်မှားစိတ်တွေ အမြင်မှားပြီး တန်ပြန်အကြမ်းဖက်ရန် အော်ဟစ်စိန်ခေါ်နေသည်။ သင်းခေါင်စိတ်ရိုင်းတွေ ကစဉ့်ကလျား ဖြစ်နေပြီ။ သူ့ဘာကိုမျှ ဂရုမထားတော့။ ဓားကိုသာ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး ကျွဲရိုင်းတစ်ကောင်လို ရမ်းသမ်းဝင်ခတ်တော့မည့်ဟန် ကြမ်းတမ်းနေပါသည်။

"အေး ...မင်း၊ အေးအေးဆေးဆေး အဖမ်းမခံရင် ငါတို့ပစ်ဖမ်းရမှာပဲ"

ဒုရဲအုပ်က ပြောရင်း သင်းခေါင်ရှေ့မလှမ်းမကမ်းသို့ တဖြည်းဖြည်း ရွှေ့တိုးလာသည်။ သင်းခေါင် သူ့ခေါင်းကိုယမ်းခါလိုက်ပြီး လက်ထဲမှ ဓားကို မြှောက်ယမ်းလိုက်သည်။

"ဟေ့ ...သင်းခေါင်တဲ့ကွ။ ဘယ်တော့မျှ အဖမ်းမခံဘူး။ သေသော်မှတည့် ဩကောင်း၏။ ငါ ဘာမထီ အာဇာနည်သင်းခေါင်ကွ ...ယား ..."

သင်ခေါင် ငှက်ကြီးတောင်ဓားကြီးယမ်းပြီး ကမူးရှူးထိုး ပြေးဝင်လာသည်။

"ဒိုင်း ..."

ဒုရဲအုပ်စံဝင် သူ့လက်ထဲမှ သေနတ်မောင်းခလုတ်ကို ဆွဲညှစ်ချလိုက်ရသည်။ မတတ်နိုင်တော့။ နောက်ဆုံးအဆင့် တရားခံက အဖမ်းမခံဘဲ ပြန်လှန်ခုခံ တန်ပြန်အကြမ်းဖက်လာသည့်အတွက် ပြည်သူ့ရဲလက်စွဲကျမ်း၏ ညွှန်ကြားချက်အရ တရားခံကို ပစ်ဖမ်းရပါတော့သည်။

သေနတ်ကျည်ဆန်က သင်းခေါင်၏ဓားကိုင်လက်ကို ထိမှန်သွားခဲ့သည်။ သင်းခေါင်လက်မှ ငှက်ကြီးတောင်ဓား လွင့်ထွက်သွားပါတော့သည်။

သချိုင်းဇရပ်နံဘေးရှိ လက်ပံပင်နီနီရဲရဲထက်မှ ဇရပ်အုပ်ကြီးက လန့်ပြီး ဝူးခနဲ ထပျံသွားကြသည်။

✸ ✸ ✸

စင်စစ် သင်းခေါင်သည် သာမန်မဟုတ်။ ဆိုက်ကိုနျူရိုးဆစ် (Psycho Neurosis) သမား စိတ်ဝေဒနာရှင်။ အာရုံချောက်ချားမှု (Hallucination)



တွေခံစားနေရသည့် စံလွဲ စိတ်ဝင်နေသူ၊ သနားစရာ လူငယ်တစ်ယောက်သာလျှင် ဖြစ်ပါသည်။

ယေဘုယျဆိုသော် သင်းခေါင်သည် သိစိတ် (Subconscious) နှင့် မသိစိတ် (Unconscious) တို့ မသဲကွဲ ရှုပ်ထွေးကာ စိတ်ကွဲရုပ်ကွဲဝေဒနာခံစားနေရသူ တစ်ဦး ဖြစ်သည်။

ယခုအကြိမ်သင်းခေါင်၏ စိတ်ဖောက်ပြန်မှုက ဒုတိယအကြိမ် ပေါက်ကွဲမှု ဖြစ်သည်။ ပထမအကြိမ်က သင်းခေါင်တက္ကသိုလ်တွင် ပထမနှစ်သမိုင်းအဓိကနှင့် ကျောင်းတက်ခဲ့စဉ်က ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် "တောင်ငူဆောင်" တွင် သူ သံတွဲမှ ကျောင်းသား စိန်မရမောင်နှင့်အတူ တစ်ခန်းတည်း တွဲနေကြသည်။ စိန်မရမောင်က အားကစားသမား ဖြစ်သည်။ အလေးမသည်။ သူက အနုပညာသမား။ တက္ကသိုလ်အနုပညာအသင်းမှာ သင်းခေါင်က ပတ္တလားတီးသည်။ တစ်ခါတစ်ရံ သူ့ပန်းချီလည်း ဆွဲသည်။

သင်းခေါင်က စကားနည်းသည်။ တစ်ယောက်တည်းနေတတ်သည်။ တစ်ခါတစ်ရံ သူ ကင်တင်းသွားပြီး လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဆေးလိပ်တစ်လိပ်နှင့် သီချင်းနားထောင်လေ့ရှိသည်။ ဒါမှမဟုတ် သူ့အခန်းထဲမှာ တစ်ယောက်တည်း ဝတ္ထုစာအုပ်တွေနှင့် အဖော်လုပ်နေသည်။

သင်းခေါင်က ဘယ်မိန်းကလေးနှင့်မျှ စကားမပြော။ အရောလည်း မဝင်။ အပေါင်းအသင်းလည်း မလုပ်။ အေးအေးပဲနေသည်။ စိန်မရမောင်ကတော့ အပေါင်းအသင်းများသည်။ မိန်းကလေးတွေနှင့်လည်း အပေါင်းအသင်း ဝင်ဆံ့သည်။

သင်းခေါင်က ပြောရလျှင် ရုပ်ရည်က သန့်သည်။ အသားလတ်လတ် သွယ်သွယ်လျလျနှင့် အနုပညာသမား ပီသ၏။ သို့သော် အမျိုးသမီးများနှင့် ပတ်သက်လျှင် အနေစိမ်းလွန်းသည့်အတွက် စိန်မရမောင်က တစ်နေ့ သူ့ကို မေးသည်။

"သင်းခေါင် ...မင်းငါ့ကိုစိတ်ဆိုးနဲ့ကွာ။ ငါ မင်းကို နည်းနည်းမေးချင်တယ်။ မင်းမိန်းကလေးတွေနဲ့ ပတ်သက်ပြီး နာကြည်းစရာတွေ ရှိခဲ့ဖူးလား"

သင်းခေါင် လက်ထဲက ဖတ်လက်စ "မိုးညအိပ်မက်မြူ" ဝတ္ထုစာအုပ်ကို ဖြည်းညင်းစွာ ပိတ်လိုက်ပြီး စိန်မရမောင်ကို ရီဝေဝေ လှမ်းကြည့်သည်။ သူ့ခပ်ငွေ့ငွေ့ကာစိမ်းစိမ်းပြုံးလိုက်သည်။

"အေး ဟုတ်တယ်။ ငါ ...မိန်းမတွေကို နာကြည်းတယ်။ လုံးဝပဲဆိုပါတော့။ ဘာကြောင့်လဲဆိုတော့ ငါ ကိုးတန်းနှစ်က ဘီးလင်းမှာ ကျောင်းနေတုန်းကကွာ။ ကောင်မလေးတစ်ယောက်ကို ငါ့ရင်ထဲက အသည်းစွဲချစ်ခဲ့ဖူးတယ်။ သူ့ဆံပင်တွေက အရှည်ကြီး။ သိပ်လှတာပဲ။ သူဟာ ငါ့ဘဝရဲ့ နတ်သမီးလေးပဲ။ ငါနဲ့သူ မျက်လုံးတွေနဲ့ စကားမပြောဘဲ နှလုံးသားချင်း သိနေခဲ့ကြတယ်။ ဒါပေမဲ့ ငါ သူ့ကို ဘယ်တော့မှ ချစ်တယ်လို့ ဖွင့်ပြောမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူ့မိဘတွေက သိပ်ချမ်းသာတယ်။ ကိုယ်ပိုင်အဝေးပြေးကားတွေ၊ ရာဘာခြံတွေ ရှိတယ်။ ရွှေဆိုင်ကြီးလည်း ရှိတယ်။ သူကလည်း တစ်ဦးတည်း သမီးကွာ။ ငါက စိတ်ဆင်းရဲတယ်။ အဖေလည်း မရှိဘူး။ ပြီးတော့ ခုနစ်မိုင်လောက်ဝေးတဲ့ နင်းပုလဲရွာလေးကနေ ဘီးလင်းမြို့ကို စက်ဘီးစုတ်လေး စီးပြီး ကျောင်းလာတက်ရတာ။ ဒီတော့ သူနဲ့ငါက ကောင်းကင်နဲ့ မြေကြီးလောက် ဝေးနေတယ်။ နောက်တော့ ဆယ်တန်းနှစ်မှာ မမျှော်လင့်ဘဲ ရုတ်တရက် သူတို့မိသားစုအားလုံး ရန်ကုန်ကို ပြောင်းကြတော့မယ်လို့ သူက ပြောပြပြီး ငါ့ဆီက ငါ့ဓာတ်ပုံတစ်ပုံကို တောင်းတယ်။ ငါပေးလိုက်တယ်။ သူနဲ့ငါ ဝေးသွားကြပေမဲ့ ငါ့ရင်ထဲမှာ မျှော်လင့်ခြင်းအိပ်မက်တွေနဲ့ အရမ်းကြည်နူးနေခဲ့တယ်။ ငါ ဆယ်တန်းအောင်ရင် ရန်ကုန်တက္ကသိုလ်မှာ သူနဲ့ငါ ပြန်တွေ့ကြမယ်ဆိုတဲ့ အတွေးတွေနဲ့ ငါ ပျော်နေမိခဲ့တယ်။ ဒါပေမဲ့ကွာ အဲဒီ ငါ့အိပ်မက်တွေ မကြာခင် ပျက်စီးသွားတယ်။ ခြောက်လလောက်အကြာမှာ သူ့ဆီက စာတစ်စောင် ငါ့ဆီရောက်လာတယ်။ စာထဲမှာ သူက ငါ့ကို "ရှင့်အိပ်မက်တွေကို ဆက်မမက်ပါနဲ့တော့ ...တဲ့။ ကျွန်မကိုလည်း မေ့ပစ်လိုက်ပါတော့ ...တဲ့" ကွာ။ ပြီးတော့ သူပဲ တောင်းယူသွားတဲ့ ငါ့ဓာတ်ပုံကို လည်း အစိတ်စိတ်အမွှာမွှာ ဖြဲဆုတ်ထားပြီး စာနဲ့အတူ ပြန်ထည့်ပေးလိုက်တယ်။ ဒါ ဘာအဓိပ္ပာယ်လဲ။ အင်မတန် ရက်စက်တဲ့ ကြံ့စည်ယုတ်မာခြင်းပဲ။ ငါ အရမ်းကို ရူးသွပ်ခဲ့မတတ် ခံစားခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ငါ မိန်းမတွေဆို ဘယ်မိန်းမကိုမှ မယုံတော့ဘူး။ ငါအရမ်းကို နာကြည်းသွားတယ်။ ငါ့ရင်ထဲမှာ ဘယ်တော့မှ ဒီဒဏ်ရာဟာ မပျောက်တော့ဘူး။ အဲဒါပဲ မင်းနောက် ငါ့ကို ဘယ်တော့မှ မိန်းမတွေအကြောင်းလာမပြောနဲ့တော့။ သိလား" ဟု သူ ခပ်ပြတ်ပြတ် ကြိမ်းလိုက်၏။ စိန်မရမောင် နည်းနည်းဖြုံသွားသည်။

သင်းခေါင် စကားဆုံးသည်နှင့် စာအုပ်တွေကို လှမ်းယူပြီး အခန်းထဲမှ တန်းထွက်သွားပါတော့သည်။ သူ့ခံစားချက် အရမ်းပြင်းထန်သည်။ ကြောက်လန့်စရာပင်ကောင်းသည်။

နဂိုကပင် စကားနည်းပြီး အထီးကျန်စွာ နေတတ်သည့် သင်းခေါင်က စိန်မရမောင်နှင့် သိပ်မျက်နှာချင်း မဆိုင်တော့ဘဲ ခပ်စိမ်းစိမ်း ခပ်ရှောင်ရှောင် နေခဲ့တော့သည်။

ထိုအချိန်ကစပြီး သင်းခေါင်၏ နာကြည်းမှုဒဏ်ရာတွေက ပိုပြီး ပြင်းထန်ခံစားလာခဲ့သည်။ ရင်ထဲမှာ မြုံပြီး ဖိစီးနှိပ်စက်ခံထားရသည့် အတွင်းစိတ် မကျေနပ်မှုဝေဒနာတွေက အပြင်ပန်းသို့ အုံကြွထွက်လာသည်။ ဤစိတ်ဖိစီးမှု အတွင်းခံအကြောင်းရင်းတွေက သင်းခေါင်ကို အိပ်မပျော်နိုင်စေဖို့ ဖြစ်လာသည်။ လူတစ်ယောက်အတွက် မအိပ်စက်နိုင်ခြင်းများသည် နျူရိုးဆစ် (Neurosis) စိတ်ဝေဒနာ ဖွံ့ဖြိုးလာရန် အခြေခံ ဖြစ်လာခဲ့သည်။

ထိုနာကြည်းမှု မသိစိတ်၊ အတွင်းစိတ်ဒဏ်ရာသည် တစ်နေ့တွင် ပေါက်ကွဲပွင့်ထွက်လာခဲ့ပါသည်။ စိတ်ပညာသဘောအရ စံလွဲစိတ် ထွက်ပေါက် ဖွင့်လိုက်ခြင်းဖြစ်၏။

ထိုနေ့က နှစ်ဝက်စာမေးပွဲနီးလာသဖြင့် ကျောင်းသားတွေအားလုံး အဆောင်ထဲအောင်းပြီး စာကျက်နေခဲ့ကြသည်။ ခါတိုင်းလို ညနေစာစားပြီး အပြင်ကို ဘယ်သူမှ သိပ်မထွက်ကြတော့။ စိန်မရမောင်လည်း အခန်းထဲက သူ့စာကြည့်စားပွဲမှာ ထိုင်ပြီး စာကျက်နေသည်။ သင်းခေါင်ကမူ သူ့ခုတင်ပေါ်တွင်ထိုင်ပြီး နံရံတွင် ချိတ်ထားသော ပြက္ခဒိန်ဆီငေးကြည့်နေသည်။ ပြက္ခဒိန်

က ယဉ်ကျေးမှုဌာနမှ အမျိုးသမီးလေးတစ်ဦး၏ မင်းသမီးဝတ်စုံနှင့် လွှင့်ပျံကနေဟန်ပုံဖြစ်သည်။

သင်းခေါင်က မင်းသမီးလေးပုံကို ငေးငေးဆွေးဆွေး စိုက်ကြည့်နေသည်။ သူ့ရင်ထဲမှာ ဘာတွေခံစားနေရပြီး ဗီလင်တွေ ဘယ်လိုဝင်နေသည် မသိ။ ဒါကို စိန်မရမောင်က မသိမသာ ဘေးစောင်းလေးလှမ်းကြည့်မိလိုက်ရင်း သင်းခေါင်ကို စိတ်ထဲက ပြုံးမိသွားသည်။ သင်းခေါင်စိတ်ဒဏ်ရာတွေကို သူမသိ။ သင်းခေါင်ဆွေးနေသည်ဟု ထင်သည်။

ပြီးနောက် စိတ်မထိန်းနိုင်ဘဲ နှုတ်မှလည်း လွှတ်ခနဲ ထွက်သွားသည်။

"ဟေ့ သင်းခေါင်၊ စာမေးပွဲ သန်ဘက်ခါ ဖြေရတော့မယ်။ မင်း စာမကျက်ဘဲ ဘာတွေဖီးလ်တက်နေတာလဲ"

အမှန်တော့ စိန်မရမောင်က ရင်ထဲကစေတနာနှင့်ပါ။ သူငယ်ချင်းအတွက် စိုးရိမ်ပြီး သတိပေးစကားလေးနှင့် ရင်းနှီးစွာနောက်ပြောင်လိုက်ခြင်းဖြစ်သည်။ သို့သော် သူ့စေတနာက သင်းခေါင်အတွက် အထင်မှားအမြင်မှားဝေဒနာတစ်ရပ် ဖြစ်သွားသည်။ ပျားအုံကို တုတ်နှင့်ဆွလိုက်သလို ဖြစ်သည်။ သင်းခေါင်၏မြှုံနေသော မသိစိတ်ဝေဒနာခံစားချက်တွေကို လှုပ်နိုးလိုက်သလို ဖရိုဖရဲ ဖြစ်သွားခဲ့သည်။

သင်းခေါင်၏ သိစိတ်အာရုံတွေ ဖျတ်ခနဲ လွတ်ထွက်သွားတော့သည်။ သူ၏ ပင်ကိုနူးညံ့သည့်အသိစိတ်များ ရုတ်ခြည်း မုန်တိုင်းတစ်ခုမွှေလိုက်သလို ခက်ထန်လာသည်။ သူ့စိတ်တွေ အမှောင်ကျသွား၏။ ချက်ချင်း ထိနိုက်ပျက်စီး ပေါက်ကွဲသွားသည်။

စိန်မရမောင်က သင်းခေါင် ဤမျှအထိ ခံစားထိခိုက်သွားမည်ဟု လုံးဝမထင်။ သင်းခေါင်၏ အတွင်းစိတ်တွင် ကြိတ်မှိတ်မျိုသိပ်ခံစားနေခဲ့ရသည့် ဝေဒနာအတိမ်အနက်များကိုလည်း သူမသိ။ ငြိမ်သက်နေသော ကန်ရေပြင်အောက်တွင် ကြာ့ရိုး၏အရှည်မည်မျှရှိမည်ကို မခန့်မှန်းနိုင်သလို စိတ်ထိခိုက်ခံစားနေရသော ကာယကံရှင်၏ အတွင်းစိတ်ဝေဒနာများ၏ အရင့်အနု



ကိုလည်း မည်သူမျှ မခန့်မှန်းနိုင်ပါ။ စိတ်ဝေဒနာရှင် တစ်ဦးသည် အချိန်မရွေး ပေါက်ကွဲနိုင်သည့် ဗုံးတစ်လုံးနှင့်တူပါသည်။ အလွန်အန္တရာယ်များ၏။

ယခုလည်း သင်းခေါင်သည် -

စိန်မရမောင်က သင်းခေါင် ဘာမျှ ပြန်မပြောဘဲ ငြိမ်သက်နေသဖြင့် နောက်ထပ်ပြီး သူ့အနောင့်အယှက် ဖြစ်မသွားစေလိုသည့်အတွက် စိန်မရမောင်လည်း ဘာမျှဆက်မပြောတော့ဘဲ သူ့ကိုကျောခိုင်းလျက် စာဆက်ဖတ်နေလိုက်သည်။

ယင်းအချိန်ကလေးတွင် သင်းခေါင် မျက်နှာက ပြက္ခဒိန်မှ အကြည့်ကို ဖြည်းညင်းစွာလွှဲပြီး စိန်မရမောင်ဆီ ညင်သာစွာ လှည့်လာသည်။ သူ စိန်မရမောင်ကို စိန်းစိန်း လှမ်းကြည့်လိုက်၏။ အံ့သြစွာပင် သင်းခေါင်မျက်လုံးတွေက ကြယ်ပွင့်တွေလို စိမ်းလက်သွားသည်က ကျောချမ်းစရာ ကောင်းသည်။

ယင်းတို့ထက် သင်းခေါင်၏ အတွင်းစိတ်အမြင်တွေကလည်း ထူးဆန်းစွာ ပြောင်းလဲသွားသည်။ လူ့စိတ်သည် အလွန်အံ့သြစရာကောင်း၏။ သင်းခေါင်၏ အမြင်အာရုံများကို မသိစိတ်က အမှောင်ချလိုက်ပြီး ချောက်ချားစွာ ပြောင်းလဲပစ်လိုက်သည်။

သူ့အမြင်အာရုံတွင် စိန်မရမောင်သည် တဖြည်းဖြည်း ပြောင်းသွားသည်။ စိန်မရမောင်သည် စိန်မရမောင် မဟုတ်တော့ဘဲ ရှုးနေသည့် ခွေးနက်ကြီးတစ်ကောင် ဖြစ်လာသည်။ ခွေးနက်ကြီးက မာန်ဖီပြီး သူ့ကို သွားတွေဖြဲပြနေသည်။ မျက်လုံးတွေက မီးလျှံနှစ်ပွင့်လို ဖြာထွက်နေပြီး မကောင်းဆိုးဝါးတစ်ကောင်လို သူ့ကျောထဲစိမ့်သွားသည်။ သင်းခေါင်အမြင်အာရုံတွေက ထင်ယောင်မှားကာ သင်းခေါင်ကို ဖမ်းစားလိုက်ချေပြီ။

ကြောက်စရာအလွန်ကောင်းသည့် လူ၏အဖျူတ္တစိတ်။ သင်းခေါင် တစ်ဖန် အတွင်းစိတ်တွေ ဖရိုဖရဲ လွင့်ကွဲထွက်သွားပြီ။ သူအိပ်မက် မက်သလို ဖြစ်သွားသည်။

"ဟေ့ သင်းခေါင်၊ သွား ဒီမကောင်းဆိုးဝါး လူ့တိရစ္ဆာန်ကောင်ကို မင်း သွားဆုံးမလိုက်၊ သွား"

သင်းခေါင် မသိစိတ်အာရုံထဲက ရုတ်တရက် အသံစိမ်းနက်နက်တစ်ခု လွင့်မြောက်ထွက်ပေါ်လာသည်။ သူ့ကိုစီရင်ချက်ချလိုက်သည့်အမိန့်။ ဘာကြောင့်မှန်းမသိ။ ထိုအသံကို သင်းခေါင် မလွန်ဆန်ရဲ။ သူကြောက်သည်။

သင်းခေါင်စက်ရုပ်တစ်ရုပ်လို ချက်ချင်း လှုပ်ရှားလိုက်သည်။ စားပွဲပေါ်တွင် ပွင့်လျက်သားရှိနေသည့် အသွားငါးလက်မခန့်ရှိ ယိုးဒယား စတိန်းလက်စ် (Stainless) ဓား။ သူ ပန်းချီခဲဆံချွန်သောဓား၊ စာရွက်ဖြတ်သည့် မောင်းချဓား။ ထိုဓားကို ဆတ်ခနဲ ကောက်ယူလိုက်သည်။ ညာလက်မှာ တင်းတင်းဆုပ်ကိုင်ပြီး ကြောင်တစ်ကောင်လို ပေါ့ပါးစွာ စိန်မရမောင် နောက်ကျောသို့ ဖျတ်ခနဲ လှမ်းသွားလိုက်သည်။

သူသွေးတွေဆာနေသည်။

စိန်မရမောင် နားထဲမှာ သူ့နောက်ကျောမှ လှုပ်ရှားလိုက်သည့်အသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရသည်။ သူလန့်သလို ဖြစ်သွားပြီး သူ့နောက်ကျောကို စိတ်မလုံစွာနှင့် ဖြတ်ခနဲ လှည့်ကြည့်လိုက်သည်။ စက္ကန့်ပိုင်းလေး သူနောက်ကျသွားသည်။

သင်းခေါင်က သူ့ညာလက်ထဲမှ မောင်းချဓားနှင့် သူ့ကျောကုန်းကို အားနှင့် လွှဲပြီး ဆောင့်ထိုးချလိုက်သည်ကို ရိပ်ခနဲ သူမြင်လိုက်ရသည်။

"ဟာ ..."

စိန်မရမောင် လန့်ပြီး ထိုင်ခုံပေါ်မှ ဘေးစောင်းထပြေးရန် ရှယ်သည်။ သို့သော် သင်းခေါင်၏ မောင်းချဓားက သူ့ညာဘက်ပခုံးနောက်ကျောထဲသို့ စိုက်ဝင်သွားသည်။ ဓားက သူ့ကျောထဲမှာ တန်းလန်းကြီး။

"အား ...လာကြပါဦး။ လာကြပါဦးဗျာ။ ဒီမှာ ...သင်း၊ သင်း ...ခေါင်၊ ကျွန်တော့်ကို လိုက်သတ်နေတယ်ဗျို့"

ဗလကြီးစိန်မရမောင် သွေးရူးသွေးတန်းနှင့် ကြောက်အားလန့်အား အခန်းထဲတွင် လှည့်ပတ်ပြေးရင်း အသံကုန်ဟစ်၍ အော်ပါတော့သည်၊ သူ့ကျောပေါ်မှ စွပ်ကျယ်လက်တိုပေါ်၌ သွေးတွေမြင်မကောင်းအောင် ရွှဲနစ်နေသည်။



သူကြောက်လန့်တကြား အော်သံကြီးကြောင့် အဆောင်မှူးနှင့် ကျောင်းသားတွေအားလုံး သူတို့အခန်းသို့ စုပြုံဝိုင်းအုံရောက်ရှိလာကြတော့သည်။ အခန်းထဲတွင် သင်းခေါင်က လက်နှစ်ဖက်ကို ဆန့်ကားထုတ်လျက် မာန်ထနေသည့် ကျားတစ်ကောင်က သားကောင်တစ်ကောင်ကို အတင်းလိုက်ပြီး တိုက်ခိုက်သတ်ဖြတ်တော့မည်ဟန်နှင့် စိန်မရမောင်က သွေးရူးသွေးတမ်း ဓားတန်းလန်းစိုက်လျက် ကြောက်လန့်တကြား ပြေးနေကြပုံကို တွေ့ကြရသည်။

"ဟေ့၊ သင်းခေါင် ...ရပ်။ မင်းစိတ်ကိုထိန်းစမ်း"

အဆောင်မှူးက လှမ်းအော်သတိပေးလိုက်သည်။ ရှမ်းကျောင်းသားတစ်ဦးက သင်းခေါင်ဆီပြေးသွားပြီး နောက်မှ ဖမ်းချုပ်လိုက်သည်။ ပြီးနောက် ကျောင်းသားတွေက သင်းခေါင်ကို ဝိုင်းဖမ်းချုပ်ကာ သင်းခေါင်ကို အဆောင်မှူးအခန်းထဲသို့ ဆွဲခေါ်သွားကြသည်။ သင်းခေါင်ယက်ကန်ယက်ကန်နှင့် အဆောင်မှူးအခန်းထဲ လိုက်ပါသွားတော့သည်။

စိန်မရမောင်ကို အချိန်မီ တက္ကသိုလ်ဆေးရုံသို့ ပို့လိုက်ရသည်။

သင်းခေါင်ကိုလည်း စိတ်ကျန်းမာရေးဆေးရုံကြီးသို့ တင်ပို့လိုက်ရတော့သည်။

* * *

သင်းခေါင်ဘာမျှ မသိတော့။ သင်းခေါင်ကို ဘာမေးမေး၊ သူဘာမျှ မမှတ်မိတော့။ သင်းခေါင် ယဉ်ယဉ်လေးစိတ်ဖောက်ပြန်သွားပြီ။ စိတ်ချို့ယွင်းသွားခဲ့ပြီ။ သူ့ကိုယ်သူ "မကောင်းဆိုးဝါး ဒိမိစ္ဆာကောင် ခွေးနက်ကြီးကို ငါသတ်ရမယ်၊ ငါသတ်ပစ်ရမယ်" ဟူ၍သာ တစ်ကြိမ်းတည်း ကြိမ်းနေတော့သည်။

ပြီးနောက် သူအမြဲငြိမ်ကုပ်ပြီး ငေးနေတတ်သည်။

သူ စိတ်ကျန်းမာရေးဆေးရုံကြီး သို့ရောက်လာပြီးနောက် စိတ်အထူးကုဆရာဝန်ကြီးက သူ့စိတ်ကို Psycho Analysis လုပ်ရန် စစ်ဆေးမေးမြန်းစမ်းသပ်ခဲ့သည်။

"သား ...မင်းနာမည် ဘယ်လိုခေါ်လဲကွ။ ပြောပါဦး"

သင်းခေါင်၊ ဆရာဝန်ကြီးကို ဖြည်းဖြည်းမော့ကြည့်ပြီး စိန်းစိန်းပြန်ကြည့်သည်။ သို့သော် သူဘာကိုမျှ မြင်ရဟန် မပေါ်။ သူစိမ်းခြောက်ခြောက် ရယ်လိုက်သည်။ ပြီးနောက် သူခပ်တိုးတိုးပြန်ပြောသည်။

"ကျွန်တော်ဘယ်သူလဲဆိုတော့ မော်ကွန်းဝင်သူရ ...နှင်း ...အောင်ပေါ့၊ ပေါ်မောက္ခကြီးရဲ့"

သင်းခေါင် သူ့ကိုယ်သူ မသိကွဲတော့။ စိတ်ကွဲရုပ်ကွဲဖြစ်နေပြီ။

ဆရာဝန်ကြီးက ပြုံးပြီး သူ့ကိုပြန်မေးသည်။

"ဟင် ...သားနာမည် သင်းခေါင် မဟုတ်ဘူးလား။ နှင်းအောင်က ဘယ်သူလဲ"

သင်းခေါင် ပြင်းခြောက်ခြောက် ပြန်ရယ်ရင်း ခေါင်းခါယမ်းသည်။

"သင်းခေါင်က ပတ္တလားဆရာလေ ပါမောက္ခကြီးရဲ့။ မြဝတီမင်းကြီးရဲ့တူ၊ ကျွန်တော့်ညီပေါ့။ ကျွန်တော်က ဖက်ဆစ်ဂျပန်တွေနဲ့ တိုက်ပွဲဝင်ခဲ့တဲ့ အာဇာနည်နှင်းအောင်ပဲ"

ဆရာဝန်ကြီး ခေါင်းညိတ်သည်။ သဘောပေါက်သွား၏။

"ဩော် ...ဟုတ်ပြီ။ ဒါဆို သားက ဘာဖြစ်လို့ ကိုယ့်အခန်းထဲက သူငယ်ချင်းနဲ့ ရန်ဖြစ်ရတာလဲ။ သားကို သူက ဘာလုပ်လို့လဲ"

ဆရာဝန်ကြီးက သူ၏စိတ်ပေါက်ကွဲထွက်ရခြင်း၏ အကြောင်းရင်းခံ Motive ကိုသိလိုသဖြင့် မေးလိုက်ခြင်းဖြစ်ပါသည်။

"ဟာ ...အဲဒီအကောင်က လူယောင်ဖန်ဆင်းထားတဲ့ ခွေးနက် မိစ္ဆာကောင်ကြီးပဲ။ ညဆိုသူက ခွေးနက်ကြီးဖြစ်သွားတယ်။ နေ့ဘက်ဆို သူက လူယောင်ဆောင်ထားတာ။ ကျွန်တော်က မသတ်ရင်၊ သူက ကျွန်တော့်ကို သတ်မှာ၊ ဒါကြောင့် သူ့ဝိညာဉ်ကို ကျွန်တော်က အရင် သတ်လိုက်ရတာ"

ယင်းမှာ သင်းခေါင်၏ စိတ်ကွဲရုပ်ကွဲ ဝေဒနာနိဒါန်းမှ သင်းခေါင်၏ အာရုံချောက်ချားမှု (Hallucination) နောက်ခံပန်းချီကား တစ်ခု ဖြစ်သည်။

သင်းခေါင်စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တစ်နှစ်ခွဲခန့် တက်ရောက်ကုသခံခဲ့ပြီး ဝေဒနာပျောက်ကင်း ကျန်းမာသက်သာသွားခဲ့သည်။ သို့သော်



သင်းခေါင်လုံးဝ ကျောင်းပြန်တက်ချင်စိတ်မရှိတော့။ စာလည်း မသင်ချင်တော့။ သူနှင်းပုလဲရွာသို့ ပြန်လာခဲ့ပြီး သူ့စံပယ်ခြံလေးထဲတွင် သူ့အမေနှင့် သူ့အစ်မ အပျိုကြီး ကျောင်းဆရာမတို့နှင့် အတူပြန်နေခဲ့သည်။ တစ်နှစ်ကျော် ကြာခဲ့သည်။

ယခု သူ့အစ်မအရင်းကို သင်းခေါင် တစ်ဖန်စိတ်ဖောက်ပြန်ပြီး သတ်ပစ်ခဲ့၏။

စိတ်ဝေဒနာဖောက်ပြန်ပြီး လူသတ်မှု ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် သင်းခေါင်ကို တရားရုံးမှ ရန်ကုန်စိတ်အထူးကုကျန်းမာရေးဆေးရုံကြီး သို့ လွှဲပြောင်းပေးပို့ကုသစေခဲ့သည်။

စိတ်ကျန်းမာရေးဆေးရုံကြီးတွင် သင်းခေါင် နှစ် နှစ်တက်ရောက်ကုသခံခဲ့ပြီး စိတ်ဝေဒနာရောဂါ အခြေအနေက သိသိသာသာ ပြန်လည် သက်သာကောင်းမွန်လာသဖြင့် သင်းခေါင်အား သက်ညှာစွာဖြင့် အင်းစိန်အကျဉ်းထောင်သို့ အထူးအကျဉ်းသားတစ်ဦးအဖြစ် ရွှေ့ပြောင်းထားခဲ့သည်။ သူကျူးလွန်ခဲ့သည့် ပြစ်ဒဏ်အတွက် ထိုက်တန်စွာ ခံစားရဦးမည်ဖြစ်သည်။

အကျဉ်းထောင်တွင် သင်းခေါင် တစ်နှစ်ခန့် နေသားကျနေသည်။ ဘာပြဿနာမျှ မရှိ။ အေးအေးဆေးဆေးပဲ ဖြစ်နေသည်။

သို့သော် ...တစ်နေ့။

"ဆရာ၊ သင်းခေါင်ကို ကြည့်ရတာ အခု လေးငါးရက်မှာ သိပ်မှုမမှန်ဘူး ဆရာ။ ဒီကောင် ကုပ်ချောင်းကုပ်ချောင်းနဲ့ မျက်လုံးတွေလည်း သိပ်ကစားတယ်။ သင်းခေါင်ဘာကြံနေလဲ မသိဘူး။ စိတ်ဖောက်ပြန်ချင်နေပြီ ထင်တယ်။ ဟိုတစ်နေ့ကလည်း တောင်ယာဘုတ်မှာ ချဉ်ပေါင်ခင်းတွေ ပေါင်းသင်တဲ့ ဂေါ်ပြားကို ပြန်မအပ်ဘဲ ဝှက်ထားတာ ကျွန်တော်တွေ့လို့ ပြန်ယူပြီး သက်ဆိုင်ရာ အပ်ခဲ့ရတယ်။ ကြည့်လုပ်ဦးဆရာ၊ သူ့ကို အချုပ်သားတွေနဲ့ ရောမထားဘဲ သူ့တစ်ယောက်တည်း တိုက်ပိတ်ထားရင် ကောင်းမယ်ထင်တယ်ဆရာ"

တောင်ယာဘုတ်အလုပ်စခန်းမှ ဘုတ်ကိုင် ဘစိန်က တာဝန်ခံထောင်မှူးကို အကြံပေးသည်။ ထောင်မှူးဦးသက်ကျော်က လက်မခံ။ ဦးသက်

ကျော်သည် စိတ်ကောင်းရှိသော ထောင်မှူးတစ်ဦးဖြစ်သည်။ အချုပ်သားများအပေါ် မေတ္တာထားသူဖြစ်သည်။

"စောင့်ကြည့်ပါဦးကွာ။ သင်းခေါင် တိုက်ပိတ်ထားရလောက်အောင်လည်း မဆိုးသေးပါဘူးကွာ"

ထောင်မှူးဦးသက်ကျော်က သက်ညှာစွာနှင့် သင်းခေါင်ဘက်မှ ရဲရဲတွံ့တွံ့ ရပ်တည်ပေးခဲ့သည်။

တစ်ပတ်ခန့်ကြာသွား၏။ တစ်နံနက်ခင်း ထောင်မှူးဦးသက်ကျော်သူတာဝန်ကျသည့် အချုပ်ဆောင်များကို စစ်ဆေးရန် လူသတ်မှုနှင့် ဖမ်းထားသော အမျိုးသမီးတစ်ယောက်ကို သီးခြားချုပ်ထားသည့် အဆောင်ဘက်သို့ လျှောက်လာခဲ့သည်။

ထိုစဉ် မလှမ်းမကမ်းမှ ထောင်တွင်း တောင်ယာဘုတ်တွင် အလုပ်လုပ်နေသော သင်းခေါင်က အမှတ်မထင် ဦးသက်ကျော်ကို လှမ်းမြင်သွားသည်။ ဦးသက်ကျော်မှာ ကာကီရောင်ထောင်မှူးဝတ်စုံအပြည့်နှင့် ဖြစ်သည်။ သင်းခေါင် ဖျတ်ခနဲ ခေါင်းမော့ကြည့်လိုက်ကာ သူ့မျက်နှာ အမူအရာ ချက်ချင်းပြောင်းလဲသွားသည်။ သူ့မျက်လုံးတွေ စိမ်းလက်တောက်ပသွားသည်။ သူ့သိစိတ်အာရုံတွေ တဒင်္ဂ ဖျတ်ခနဲ ကိုယ်ထဲမှ လွင့်ထွက်သွားတော့သည်။

အာရုံချောက်ချားမှုက သူ့မသိစိတ်ကို ထင်ယောင်ထင်မှား ဖြစ်သွားစေသည်။ သူ့စိတ်ထဲမှာ ထောင်မှူးဦးသက်ကျော်ကို သူ့ကို သေနတ်နှင့် ပစ်ဖမ်းခဲ့သည့် ဒုရဲအုပ်စံဝင်းဟု ထင်မှတ်မှားသွားခဲ့သည်။

သင်းခေါင် စိတ်လွတ်ထွက်သွားတော့သည်။

သူ့လက်ထဲတွင် ဆုပ်ထားသော မြေကြီးခဲများကို လွှတ်ချပြီး လှည့်ထွက်လိုက်ရန်ပြင်သည်။သူ့အမူအရာ လှုပ်ရှားလိုက်ဟန်ကို ဘုတ်ကိုင် ဘစိန်က လှမ်းမြင်သည်။

"ဟေ့၊ သင်းခေါင် ဘယ်လဲ"

ဘုတ်ကိုင်က လှမ်းအော်မေးလိုက်သည်။ သင်းခေါင်က ဣန္ဒြေမပျက်။ ပြန်လှည့်ကြည့်ပြီး မှုန်တည်တည်နှင့် ပြန်အော်ပြောလိုက်သည်။



"ယို..."

သင်းခေါင်ခပ်သွက်သွက် လှမ်းထွက်သွားကာ၊ အချုပ်ဆောင်နံဘေးမှာ ကွေ့ဝင်ခဲ့သည်။ အဆောင်ဝင်းကွေ့အကွယ်သို့ ရောက်သည်နှင့် သင်းခေါင် လက်နက်တစ်ခုကို အလျင်အမြန် လိုက်ရှာတော့သည်။ သို့သော် မြင်ကွင်းထဲတွင် ဘာမျှ မတွေ့ရ။ အုတ်ခဲကျိုးပိုင်းတစ်ခုပင်ရှာမတွေ့။

ထိုစဉ် လူသတ်မှုနှင့် အမျိုးသမီးတစ်ဦးကို သီးခြားချုပ်ထားသည့် အချုပ်ဆောင်နှင့် မနီးမဝေးတွင် ထင်းပိုင်းများကို ခုတ်ပိုင်းနေသော အချုပ်သားတစ်ဦးကို သင်းခေါင်လှမ်းမြင်လိုက်သည်။ သူ့အကြံရသွား၏။ သူ့တစ်ဟုန်ထိုး ပြေးသွားပြီး ထိုအချုပ်သားကို အားနှင့်ဆောင့်တွန်းပစ်လိုက်သည်။ ထိုလူ ကျွမ်းပြန်ပြီး လွင့်ထွက်သွားသည်။ သူ့လက်ထဲမှ ထင်းခုတ်သည့်ဓားမလည်း လွင့်သွား၏။

သင်းခေါင်ဓားမကို ပြေးကောက်ယူလိုက်သည်။

"သင်း...သင်းခေါင်။ ငါ့...ငါ့ကို မသတ်ပါနဲ့"

အချုပ်သားက လက်နှစ်ဖက်ကို ကာယမ်းပြီး တုန်တုန်ရီရီနှင့် တောင်းပန်သည်။

"စိတ်ချ၊ မင်းလို အချုပ်သား တစ္ဆေမှင်စာလေးကို ငါ မသတ်ဘူး။ ငါသတ်မှာက ဟိုက ကာကီရောင်ယူနီဖောင်းနဲ့ ငါ့ကို သေနတ်နဲ့ ပစ်ခဲ့တဲ့ ဖက်ဆစ်ကောင်ကို သတ်မှာ"

သင်းခေါင်ပြောပြီး ရှေ့လှမ်းလှမ်းမှ ကျောပေးပြီး ရပ်စကားပြောနေသော ထောင်မှူးဦးသက်ကျော်ဆီ တစ်ဟုန်ထိုး နောက်မှ ပြေးလိုက်သွားသည်။

"ဟာ ...ဆရာ၊ ဆရာသက်ကျော်။ နောက်မှာ ...သင်းခေါင် ...ဆရာ့ကို သတ်မလို့ ပြေးလိုက်လာပြီ"

အချုပ်သားက လှမ်းအော်သတိပေးလိုက်သည်။

ထောင်မှူးဦးသက်ကျော်က ကြိုးတိုက်အချုပ်ထဲမှ အမျိုးသမီးကို စစ်မေးနေရာမှ အသံကြားရာဆီသို့ ရုတ်တရက် လှည့်ကြည့်သည်။ သင်းခေါင် ဓားမကြီး မြှောက်ပြီး သူ့ဆီတန်းလျက် ပြေးဝင်လာသည်။ သူသိလိုက်ပြီ။

သင်းခေါင်စိတ်ဖောက်ပြန်သွားပြီ။ အရှူးလက်မှ လွတ်အောင်ပြေးရမည်ဟု သူနားလည်လိုက်သည်။

ချက်ချင်း ဦးသက်ကျော် အလန့်တကြားနှင့် ပြေးပါတော့သည်။ သို့သော် သူစီးလာသော တောစီးသားရေဖိနပ်ရှည်က စိတ်ထင်တိုင်း ပြေး၍မရ။ တုံ့ပြီးလေးနေသည်။ အနောက်မှ အရူးက ဓားမတန်းလန်းနှင့် နီးသထက် နီးလာသည်။ သူထောင်ကျဆောင်ကို ပတ်၍ ပြေး၏။ ထိုစဉ်မမျှော်လင့်ဘဲ ချိုင့်တစ်ခု တက်နင်းမိကာ ခလုတ်တိုက်ပြီး ရှေ့သို့မှောက်လျက် ပစ်လဲကျသွားသည်။

သူ ကမန်းကတန်း ထပြေးသည်။ သို့သော် ပြေး၍ မလွတ်တော့။ နောက်မှ သင်းခေါင် ပြေးဝင်လာကာ လက်ထဲမှ ဓားမနှင့် ဆင့်ကာဆင့်ကာ ဆက်တိုက်မိုးပြီး ခုတ်ချလိုက်ပါတော့သည်။

"ဟာ ...သင်းခေါင်၊ ထောင်မှူးကို ဓားနဲ့လိုက်ခုတ်နေပြီ။ လာကြပါဦး ... ဒီမှာ လာကြပါဦးဗျို့"

အချုပ်သားတစ်ယောက်၏ လှမ်းအော်သံကြောင့် အခြားထောင်မှူး ထောင်ပိုင် အကြပ်တပ်သားများ၊ အခင်းဖြစ်ရာနေရာသို့ အပြေးအလွှား ရောက်လာကြတော့သည်။

ထောင်မှူးဦးသက်ကျော်ကား စိတ်ဝေဒနာသည် သင်းခေါင်၏ လက်ချက်ကြောင့် နေရာတွင် မရှုမလှ အသက်ပျောက်နေပြီဖြစ်သည်။

သင်းခေါင်သည် သွေးစွန်းနေသော ဓားမကြီးကို လက်ထဲတွင် ဆုပ်လျက်သားနှင့် ထောင်ဂျဆောင်နောက်ဘက်ရှိ ဘားတိုက်ထဲသို့ မဟားဒရား ပြေးဝင်သွားပါတော့သည်။

သက်ဆိုင်ရာထောင်ဝန်ထမ်းတွေ ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ ဆုံးဖြတ်ရခက်နေသည်။ ဘာယာတိုက်ထဲသို့လည်း သူတို့အရမ်းလိုက်မဝင်သွားရဲကြချေ။ အကြောင်းမှာ ဘာယာတိုက်က ဝင်ပေါက်တစ်ပေါက်သာ ရှိသည်။ အတွင်းသို့ သည်အတိုင်းလိုက်ဝင်ပြီး ဝင်ဖမ်းဖို့က သိပ်မလွယ်။ သင်းခေါင် အဝင်ပေါက်နားက ကပ်စောင့်နေပြီး ဓားမနှင့် ဆီးခုတ်လိုက်လျှင် အချောင်လည်ပင်းပြတ်ပြီး နောက်ထပ် မသာတစ်လောင်း ပေါ်သွားနိုင်သည်။



ထိုအခိုက်အတန့်လေးတွင် ...

"ဆရာတို့ ...ဆရာတို့။ သင်းခေါင်ကို လာကြည့်ကြပါဦး။ ဒီမှာ" ဆိုသည့် အချုပ်သားတစ်ဦး၏ အလန့်တကြား လှမ်းအော်လိုက်သံကို သူတို့ကြားလိုက်ရသည်။ သူတို့ဘာယာတိုက်ထဲသို့ လှမ်းဝင်လာခဲ့ကြသည်။ တိုက်အတွင်းမှ မည်သည့်လှုပ်ရှားသံမျှ မကြားရ။ သင်းခေါင်၏ အသံက တိတ်ဆိတ်နေသည်။ သူတို့အရဲစွန့်ပြီး ဘာယာတိုက်၏ အဝင်ပေါက်မှ လှမ်းပြီး အထဲသို့ကြည့်လိုက်ကြသည်။

"ဟာ ..."

သူတို့အားလုံး အံ့အားသင့်ပြီး အလန့်တကြား ဖြစ်သွားကြသည်။ ဘာယာတိုက်ထဲတွင် သင်းခေါင်သည် မှောက်လျက်ကြီး လဲကျပြီး သေဆုံးနေသည်။ သူ့လည်ပင်းတွင် သွေးတွေမြင်မကောင်းအောင် အိုင်ထွန်းနေကာ လည်ပင်းအောက်တွင် ထင်းခုတ်ဓားမကြီးက အသွားထောင်လျက်သားကြီးနှင့် သူ့လည်မျိုထဲ စိုက်နစ်ပြီးဝင်နေသည်။ မည်သူမျှ မထင်ထားသည့် မြင်ကွင်းဖြစ်သည်။

သင်းခေါင် မဟားတရား ဘာယာတိုက်ထဲ ပြေးဝင်လာသောကြောင့် မတော်တဆ မှောက်လျက်လဲကျပြီး ဓားသွားပေါ်လည်ပင်းကျလျက် ပြတ်သွားတာလား။ သူ့ဘာသာသူပဲ စိတ်တွေ ကစဉ့်ကလျားနှင့် အာရုံတွေချောက်ချားကာ ဓားမကိုထောင်ပြီး သူ့လည်ပင်းကို သူဆောင့်ဖြတ်ချလိုက်သလား ဆိုတာကိုတော့ ဘုရားသခင်မှလွဲပြီး မည်သူမျှ အတိအကျသိနိုင်လိမ့်မည် မဟုတ်ပါ။

သင်းခေါင်သည် လည်ပင်းပြတ်ပြီး သွေးသံရဲရဲနှင့် မရှုမလှ သေနေသည်။ စိတ်သည် အလွန်ဆန်းကြယ်သည်။ အလွန်လည်း ကြောက်စရာကောင်းပါသည်။

**⇨ နန်းထိုက်စိုး (နိုင်ငံခြားဘာသာထိစွဲ)**



# ဝိုးကျော့ မုဆိုးလက်ခါင် လော်နို

မန်းရှိ ကိုကိုကြီး

ကျွန်တော်တို့ရွာတွင် မုဆိုးအတော်များများရှိသည်။ မုဆိုးဟူသောဂုဏ်ပုဒ်ကိုလည်း နှစ်လိုကြသူများလည်း အတော်များများရှိသည်။ မုဆိုးဆိုလျှင် ဂုဏ်ရှိသည်ဟု ခံယူထားကြပုံရသည်။

ထို့ကြောင့်လည်း ရွာတွင် ကြွက်များများတည်၍ရတတ်သူများက သူ့ကိုယ်သူကြွက်မုဆိုးဟု အမည်ခံနေသလို သုတ်ကိုင်းထောင်၍ ကြောင်များများရတတ်သူကလည်း သူ့ကိုယ်သူကြောင်မုဆိုးဟု အမည်ခံထားသည်။

ကြွက်မုဆိုး၊ ကြောင်မုဆိုးမှသည် ချေ၊ ဆတ်၊ ဝက်၊ သမင်၊ စိုင်၊ ပြောင်၊ ကျားစသည်ဖြင့် အတော်များများရှိရာ ချိုး၊ ခါတည်သူများကိုပါ မုဆိုးစာရင်းထဲ ထည့်တွက်လျှင် ရွာတွင် မုဆိုးမလုပ်ဖူးသူ၊ မုဆိုးနောက်–မလိုက်ဖူးသူကား ရှားရှားပါးပါးပင်။

သို့သော် သိက္ခာရမုဆိုးဟု အများက သတ်မှတ်ထားကြသော ပြောင်ပစ်မုဆိုးနှင့် ကျားပစ်မုဆိုးတို့ကမူ အတော်ရှားသည်။ တစ်ရွာတစ်ယောက်ပင်မရှိ။ တစ်နယ်လုံးတွင် သုံးလေးယောက်သာရှိသည်။

ကျွန်တော်တို့ရွာတွင် ပြောင်ကျားပစ်၍ ရဖူးသော သိက္ခာရ မုဆိုးကြီးမှာ ဦးအထော်တစ်ယောက်သာ ရှိသည်။ သူသည် ပြောင်ငါးကောင်နှင့် ကျားသုံးကောင်ကို ပစ်၍ သုတ်ကိုင်းထောင်၍ရဖူးသည်။ သုတ်ကိုင်းမှာ ကျွဲနွားကို လာကိုက်၍ ထိုကျွဲသေ၊ နွားသေနှင့် ထောင်ခြင်းဖြစ်သည်။ ပြောင်ကိုမူ ပစ်၍ရ၏။

ကျွန်တော်တို့ လူပျိုပေါက်စအရွယ်တွင် ဦးအထော်မှာ အသက်ရှစ်ဆယ်ကျော်နေပြီ။ သို့သော် အမဲသားကောင်များကို ပစ်ခတ်တုန်းပင် ရှိသေးသဖြင့် တစ်ပွဲစားမုဆိုးဟုလည်း အချို့ကပြောကြသည်။ အခု အသက်ရှစ်ဆယ်ကျော်ထိ မုဆိုးနေဝင်ချိန်မှာလည်း နောက်ထပ် ပြောင်ဘယ်နှစ်ကောင်ပစ်ဦးမည်၊ ကျားဘယ်နှစ်ကောင်ပစ်ဦးမည်၊ ပစ်နိုင်သေးသည်ဟု ကြုံးဝါးနေတုန်းပင် ရှိသဖြင့် တစ်ပွဲစားဟု ပြောကြမည်ဆိုကလည်း ပြောစရာဖြစ်နေတော့သည်။

တောကြောင်၊ ချေ (ဂျီ) ၊ ဆတ်၊ သမင်ကစပြီး သားကောင်ကြီးများကို ပစ်ခတ်တတ်ကြသော သားကောင်ပစ်မုဆိုးများမှာ နာမည်သာ ရှိကြသော်လည်း လက်တွေ့တွင်မူ တစ်ပတ်တစ်ကောင်၊ တစ်လတစ်ကောင်ပင် မရတတ်ကြသဖြင့် ရွာသူရွာသားတွေက များစွာ အလေးမထားကြပေ။

တစ်လကြာ၍ ချေတစ်ကောင်၊ ဝက်တစ်ကောင် မရတတ်ကြသော မုဆိုးဆိုသူများကို အထင်ကြီးစရာလည်း မလိုပေ။ သုံးလေး၊ ငါးလ၊ တစ်နှစ်ကြာမှ တောဝက်တစ်ကောင်၊ ချေတစ်ကောင်၊ ဆတ်တစ်ကောင် ရတတ်သော မုဆိုးများမှာ မုဆိုးလုပ်ငန်းနှင့်လည်း ထမင်းဝသူတွေ မဟုတ်ကြ။ ထို့ကြောင့် သူတို့မှာ ကိုင်းလုပ်၊ ယာလုပ်၊ တောင်ယာခုတ်သော အလုပ်နှင့်သာ အများသူငါလို အသက်မွေးကြရသည်။

ထိုအထဲတွင် မုဆိုးလုပ်ငန်းတစ်ခုတည်းနှင့် ထူးထူးခြားခြား အသက်မွေးနိုင်သူတစ်ယောက်မှာ ကြက်မုဆိုး ဦးဖိုးထွန်းဖြစ်သည်။ ဦးဖိုးထွန်းမှာ သားကောင်ကြီးများရှာသော မုဆိုးများလို သားကောင်အသံကြားမှ ထလိုက်တတ်သူမဟုတ်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံး၌ ကြက်တည်သည်။ ရသမျှသော တောကြက်များကို ဆန်စပါးနှင့် လဲစားသည်။ သူများလို လယ်မလုပ်၊ ယာမခုတ်၊ ကိုင်းမထွန်။ လုပ်စရာ ထွန်စရာလည်းမရှိ။ ထို့ကြောင့် သူ့ကိုတော့ တစ်ရွာလုံးက ကြက်မုဆိုးအဖြစ် အသိအမှတ်ပြုထားကြသည်။

ဦးဖိုးထွန်းကိုင်သော တည်ကြက်မှာလည်း ကျွန်တော်တို့ နယ်တစ်ဝိုက်တွင် အလွန်နာမည်ကြီးသည်။ လက်ရှိ ဦးဖိုးထွန်းကိုင်သော တည်ကြက်၏အမည်မှာ မောက်ပြား ဖြစ်သည်။ များသောအားဖြင့် မောက်ပြားကြက်များသည် တွန်သံသာသည်ဟု အဆိုရှိသည်။

ဤသည်မှာလည်း ဟုတ်ပေမည်။ ဦးဖိုးထွန်းမောက်ပြားကြက်နှင့် သွားတည်လျှင် တောကြက်ဖသာမဟုတ်၊ တောကြက်မများကိုပါ ရတတ်ကြသည်။ ကြက်ဖများတွင် မောက်လုံး၊ မောက်ပြား နှစ်မျိုးနှစ်စားရှိရာ မောက်ပြားကြက်ဖမှာ တည်ကြက်အဖြစ် နာမည်ကြီး၏။ မောက်လုံးကမူ တိုက်ကြက်မှာ နာမည်ကြီးသည်။



အဘယ့်ကြောင့်ဆိုသော် တစ်ကောင်နှင့်တစ်ကောင် ခွပ်ကြရာတွင် ကြက်ပန်းလာလျှင် အမောက်ကို ကိုက်ဆွဲတတ်ကြသည်။ မောက်ပြားမှာ ဦးခေါင်းပေါ် ခုံညင်းဒိုးဆန့်ရှိသော အမောက်ရှိရာ တစ်ဖက်ကြက်က ကိုက်ဆွဲဆိတ်ဖဲ့လျှင် အမောက်ကြီး၍ မလွတ်တမ်းမိကာ အသားပဲ့ပါသည်အထိ အနာတရ ဖြစ်တတ်သည်။ နာကျင်၍ ဝိုင်းကထွက်ပြေးလျှင် ပွဲရှုံးတော့သည်။

မောက်လုံးကမူ အမောက်လုံးလုံး သေးသေးဖြစ်သဖြင့် တစ်ဖက်ကြက်က ကိုက်ဖဲ့ဆိတ်ဆွဲသော်လည်း တော်တော်နှင့် မမိပေ။ မိလျှင်လည်း အမောက်သေးသဖြင့် ပြန်လွတ်သွားတတ်သည်။ ထို့ကြောင့် တိုက်ကြက်များတွင်တော့ မောက်လုံးက နာမည်ကြီးသည်။

ယခု ဦးဖိုးထွန်း၏ မောက်ပြားကြက်မှာ တိုက်ကြက်မဟုတ်ဘဲ တည်ကြက်သာ ဖြစ်၏။ ခွပ်လက်ကောင်းရန်လည်း မလို။ အသံသာဖို့သာ အဓိကဖြစ်သည်။ တည်ကြက်ကို ကြိုးနှင့် ချည်ထားပြီး တစ်တောင်နှစ်တောင် အကွာက ညှတ်ကွင်းတွေနှင့် ဝိုင်းပတ်ထောင်ထားရာ ဦးဖိုးထွန်း၏ မောက်ပြားကို ခွပ်ရန်လာသော တောကြက်ဖများနှင့် မောက်ပြား၏ တွန်သံသာမှု အပေါ် သာမုဒယဖွဲ၍လာသော တောကြက်မများအားလုံးမှာ ဦးဖိုးထွန်း၏ ညှတ်ကွင်းမှာ အကုန်မိကြသည်ချည်း ဖြစ်လေသည်။

ထို့ကြောင့်လည်း ဦးဖိုးထွန်းမှာ သူ့မောက်ပြားနှင့် အသက်မွေးဝမ်းကျောင်းနေနိုင်သူ ဖြစ်၏။ တစ်ဆောင်းနှင့် တစ်နွေဆိုလျှင် ဦးဖိုးထွန်း မောက်ပြားနှင့် တည်၍ရသော တောကြက်တွေမှာ ရာချီနေသည်။ ယင်းကြောင့်လည်း မည်သူက မည်သည့်မုဆိုးပါဟု ကြွေးကြော်ကြွေးကြော် ဦးဖိုးထွန်းလို နေ့စဉ်တောကြက်ကို ဆန်စပါးနှင့် လဲနိုင်သော သူမရှိသဖြင့် ဦးဖိုးထွန်းတစ်ယောက်သာ ဤရွာမှာ မုဆိုးအစစ်ဟု ပြောကြသည်။

အမှန်က ဦးဖိုးထွန်းအား ကြက်မုဆိုးအဖြစ် အထင်ကြီးကြသည်မှာ ကျွန်တော်တို့ တစ်ရွာတည်းကသာ မဟုတ်။ ရွာနီးချုပ်စပ် အားလုံးကပင် ဦးဖိုးထွန်း၏ တည်ကြက်မောက်ပြားကို အထင်ကြီးကြသည်။ ထို့ကြောင့်လည်း မောက်ပြားကို ခဏခဏ လာငှားကြသည်။ မောက်ပြားကို တစ်နေ့

ငှားလျှင် စပါးငါးတောင်းဆယ်တောင်း ပေးပါမည်ဆိုသူများပင် ရှိကြသည်။ တချို့ကလည်း မောက်ပြားကို စပါးတင်း ငါးဆယ်တစ်ရာ ပေးပါမည်ဟု ဝယ်ယူသူမုဆိုးများလည်း စကားအခေါ်ရှိသည်။

သို့သော် ဦးဖိုးထွန်းကား မောက်ပြားကြက်ကို မည်သူ့ကိုမျှ မငှား။ မည်သူ့ကိုမျှလည်း မရောင်းဘဲ သူ၏ကြက်တည်သော အလုပ်ကိုသာ အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လျက် ရှိလေသည်။

* * *

ကျွန်တော်တို့ အမျိုးတွင်ကား မုဆိုးဆို၍ အမေဘက်က တော်သော အဘိုးလေး ဝမ်းကွဲတစ်ယောက်သာ ရှိသည်။ အဘိုးလေးသည် ကျွန်တော်တို့ရွာ၌ နေသူမဟုတ်။ ရိုးမတောင်ခြေက သရက်တောင်ရွာတွင် နေသူဖြစ်သည်။ သုံးလေးငါးလကြာမှ ကျွန်တော်တို့ရွာဘက်ကို အသားစို၊ အသားခြောက်ရောင်းရင်း ဆင်းလာတတ်သူ ဖြစ်သည်။

အဘိုးလေးမှာ သိက္ခာရ မုဆိုးအပြင် အင်္ဂလိပ်ခေတ်က ငွေမားတစ်လက်နှင့် ရွှေစင်တစ်ကျပ်သား၊ မောင်း၊ သေနတ်တစ်လက်ကိုလည်း ဆုရဖူးထားသူ ဖြစ်သည်။ လူငါးယောက်နှင့် ကျွဲနွားအကောင် နစ်ဆယ်သုံးယောက်ကို ကိုက်သတ်နေသောကျားအား ထောင်ချောက်နှင့် အရှင်ဖမ်းပြနိုင်သဖြင့် အရေးပိုင်ကြီးက ဆုချီးမြှင့်ထားသည်ဟု ဆိုသည်။

ထို့ကြောင့်လည်း အဘိုးလေး တောင်ခြေဘက်က ဆင်းလာပြီဆိုလျှင် ရွာမုဆိုးကြီးငယ်တွေက အဘိုးလေးအနား ဝိုင်းဝိုင်းလည်နေကြသည်။ ညသန်းခေါင်သန်းလွဲထိ အိမ်မှာ လူပြည့်နေ၏။ တစ်ညမဟုတ်၊ နှစ်ညမဟုတ်၊ အဘိုးလေးရှိနေသမျှ ကျွန်တော်တို့အိမ်မှာ လူစည်ကားနေတတ်သည်။

အဘိုးလေးကလည်း သူပစ်ခဲ့၊ ရခဲ့သမျှသော သားကောင်ကြီးငယ်များအကြောင်း၊ တောတောင်သားကောင်တို့၏ပရိယာယ်အကြောင်းအစုံအလင်ပြောပြတတ်သည်။ အဘိုးလေး၏ သားကောင်ပစ် အတွေ့အကြုံများကို ရွာမုဆိုးများက မှတ်သားနားထောင်ကြသလို ကျွန်တော်တို့ ညီအစ်ကိုမှာလည်း အဘိုးလေးစကားကို နားထောင်မဝ ဖြစ်ကြရသည်။



အဖေကမူ လူပြန်တော် ပဋ္ဌင်းလူထွက်ဖြစ်သဖြင့် သူ့သားများ မုဆိုးတံငါအလုပ် ဝါသနာပါသွားမှာ အလွန်စိုးရိမ်တတ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း အဘိုးလေး ရောက်လာပြီး သားကောင်ပစ်သည့်အကြောင်း နေ့စဉ်လိုလို ပြောနေသည်ကို သဘောမကျ။ အားနာ၍သာ နေနေရသော်လည်း စိတ်ထဲက ကျေနပ်ပုံမရပေ။

ဤသည်ကို သိ၍လား မပြောတတ်။ အဘိုးလေးသည် နေ့စဉ်သားကောင်ပစ်သည့်အကြောင်းချည်း မပြောတော့ဘဲ သားကောင်များ၏ အသွေးအသား၊ သည်းခြေ၊ အရိုး၊ အစွယ်၊ ဦးချို၊ ခွာကုအစ ဆေးဘက်ဝင်သည့် အကြောင်းများကိုလည်း တစ်လှည့်တစ်ပြန် ပြောပြတတ်ပြန်သည်။

ဤသည်ကိုတော့ မြန်မာသမားတော်ကြီးဟု တစ်နယ်လုံး သတ်မှတ်ခံထားရသော အဖေက အလွန်သဘောကျ၏။

"မင်းက ဆေးဆရာဆိုတော့ မှတ်ထား၊ ဆေးမှားတိုက်မိတာပဲ ဖြစ်ဖြစ်၊ အစားမှား အစာတောက်တာပဲဖြစ်ဖြစ် ဆင်အံသာသွေးတိုက်လိုက်။ အဆိပ်အားလုံးကို ချက်ချင်း အန်ထုတ်ပစ်လိမ့်မယ်။ ဆင်သားရေကတော့ ဝဲနှင်းခူတို့ကို သွေးလိမ်းလိုက်ရင် ပျောက်တယ်" ဟု ဆို၏။

ဆေးစကားနှင့် ပတ်သက်လာပြီးဆိုလျှင်တော့ အဖေသည် ရွာမုဆိုးများကို တိုးဝှေ့ကာ အဘိုးလေးအနားမှာ လေးလေးစားစား လာထိုင်ပြီး နားထောင်နေတတ်၏။

နောက်တစ်ခုက ဒီမနက် သားတို့က ဦးလေးဦးဖိုးထွန်းတည်ကြက်ကို ပစ်သတ်လိုက်ကြတဲ့အတွက် မနက်ဖြန်ကစပြီး တောကြက်အားလုံး ချမ်းသာရာ ရကြတော့မယ်။



အဘိုးလေးပြောသော စကားထဲတွင် ပရဆေးပင်ဆေးမြစ်များသာ မဟုတ်၊ ကျည်လွဲ၊ မီးကွင်း၊ ကိုယ်ပျောက်၊ ဖနောင့်ပေါက်၊ တိုင်ကွယ် စသည် အလွန်ထူးဆန်းသော အကြောင်းအရာများလည်း ပါလေသည်။

အဘိုးလေးပြောသမျှမှာ ဝက်စွယ်နားပင်း၊ ချေ (ဂျီ) မင်း လက်ဝါးကာနှင့် ကျားမင်းစွယ်၊ အမတော၊ သစ်ကွင်း၊ သစ်ပျံ၊ နံ့စိမ်းနှစ်ခွ၊ အိမ်မြှောင် အမြီး ပွားစသည်များဖြင့် စိတ်ဝင်စားစရာချည်းဖြစ်သည်။ ကျားမင်းနှင့် ဝက်စွယ် နားပင်း၊ ချေ(ဂျီ) မင်းလက်ဝါးကာတို့မှာ သေနတ်မီးပေါက် ယမ်းမီးမကူးခြင်း၊ ကျည်လွဲခြင်း၊ ကိုယ်ယောင်ဖျောက်ခြင်းအစွမ်းရှိသည်ဆို၏။

သူငယ်စဉ်က ဝက်တစ်ကောင်နှင့် ချေ (ဂျီ) တစ်ကောင်ကို အကြိမ်များစွာ ပစ်ဖူးသည်။ သို့သော် တစ်ခါမျှ မီးမကူး။ ကျည်အောက်နေသည်အထင်နှင့် နောက်ထပ် ကျည်လဲပစ်သော်လည်း မီးမကူး၊ သေနတ်မပေါက်သော အခါ အနီးအနားရှိ ငှက်တစ်ကောင်ကို လှမ်းပစ်ကြည့်၏။ ချက်ချင်းပင် မီးကူး သေနတ်ပေါက်သည်။

ဝက်စွယ်နားပင်း ဆိုသည်မှာ ဝက်များအားလုံး၏ အစွယ်မှာ အခေါင်း ချည်းဖြစ်သော်လည်း ထိုကျည်မထွက်၊ မီးမကူးသော ဝက်စွယ်မှာ ကင်းပိတ် ဟု ခေါ်သော အစွယ်ပိတ်ပင်။ အခြားဝက်များလို အစွယ်ထဲ၌ အခေါင်းမပါ ခြင်းကို ဆိုလိုသည်။ ချေ (ဂျီ) မင်းလက်ဝါးကာ ဆိုသည်မှာ တစ်ဖက်ဖျံ့ခွင် ဦးချိုတစ်ချောင်းက ထောင်မနေဘဲ ရှေ့ကိုလက်ညှိုးထိုးပြနေသလို ရှိပြီး နောက်တစ်ဖက်ဦးချို၏အဖျားတွင် ငါးခွဖြစ်နေသည့်အပြင် လာသမျှအန္တရာယ်ကို ကာကွယ်ထားသလို ကန့်လန့်ကြီး လက်ဝါးပမာ ကာနေသည်ဆို၏။ ကျားမင်းဆိုသည်မှာ အခြားအခြားသော ကျားစွယ်များတွင် အထဲ၌ အခေါင်း မပါသော်လည်း ထိုကျားမင်းတို့၏ အစွယ်၌ အထဲတွင် အခေါင်းပါသည်။ ထို ကျားမင်းစွယ်ကို အကွေးလိုက် မိမိဘက်ထားပြီး မှုတ်လိုက်လျှင် ကျားများ အနားကို ရောက်လာ၏။ အပြင်ဘက်ထားမှုတ်လျှင် မိမိအနား၌လာနေသော ကျားက ပြေးသွားသည်ဆို၏။ ဤသို့ဖြင့် ကျားမင်းစွယ်နှင့် ကျားမြည်သံ၊ ကျားတစ်သံကြားလျှင် ထိုကျားကိုခေါ်၍ရသလို မိမိရှာ၊ မိမိတောင်ယာမှာ လာနေသော ကျားများကိုလည်း ဝေးဝေးပြေးသွားအောင် နှင်၍ရသည် ဆို၏။

ထို့နောက် မီးကွင်းသော ချိုးအမတော (အမြှုတေ) ကျောက်ပုစွန်၊ ကျောက်ကဏန်း၊ ကျောက်လိပ်၊ ညညကျလျှင် အရောင်ထွက်နေသော ကျောက်ခဲမီးစုန်း၊ မြေပြင်တွင်ချထားလျှင် တရွေ့ရွေ့တွားသွားနေသော ကျောက်ပက်ကျိ၊ လေမတိုက်ဘဲနှင့် တစ်ပင်နှင့်တစ်ပင် ယိမ်းလူး၍ ပူးလိုက်ခွာလိုက် အမြဲလုပ်နေကြသော တို့ဆေးပင်၊ ပီယဆေးပင် ဆေးမြစ်များစသည်ဖြင့် အဘိုးလေး ပြောပြသည်မှာ စုံလှသည်။

သို့သော် အဖိုးထိုက်တန်သော ထိုဆေးပင်ဝါးပင်များကို အဘိုးလေး မှဆိုးက စိတ်မဝင်စားသလို ဘမျိုးဘိုးတူဖြစ်သော ကျွန်တော်တို့ ညီအစ်ကိုကလည်း များစွာ စိတ်မဝင်စား။

တစ်နည်းပြောရလျှင် အဖေ့လို ဆေးဆရာမလုပ်ချင်ဘဲ အဘိုးလေးလို မုဆိုးပဲ လုပ်ချင်နေကြလေသည်။

* * *

မုဆိုးသာ လုပ်ချင်နေကြသော ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်သည် ဆောင်းဦးနံနက်တစ်နေ့၌ အဖေ ကြံခင်းသွားနေချိန် အဖေ၏ကုပ်ချိုးနှစ်လုံးပြူးသေနတ်ကိုယူကာ အဖေ မရှိခိုက် ရွာပြင်ဘက်ကို တောကြက်ပစ်ရန် ထွက်လာကြသည်။ အဖေက ကြံအလုပ်သမားတွေနှင့် နေမြင့်မှ အိမ်ပြန်လာသည်။

ဆောင်းဦးနံနက်ဖြစ်သဖြင့် တောတောင်အားလုံးနှင့် ပတ်ဝန်းကျင်အားလုံး နှင်းတောထဲနစ်နေ၏။ နေရောင်ခြည်က နှင်းကန့်လန့်ကာကြီးကို ထိုးမဖောက်နိုင်သေး။ ကျွန်တော်တို့ ညီအစ်ကိုသည် ဆောင်းဦးပေါက်တွင် ရိတ်သိမ်းပြီး တောစပ်လယ်ကွက်များ၌ တောကြက်အုပ်များ ထွက်စား တတ်ကြသည်ကို သိထားကြသဖြင့် ဘသာအေးတို့ ယာတောင်ဘက် ထွက်လာကြသည်။

ဘသာအေးတို့ ယာတောနားအရောက်မှာပင် ကြက်တွန်သံကို ကြားရသည်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် ကုပ်ချောင်းကုပ်ချောင်းနှင့် ကြက်တွန်သံကြားရာဘက် တိတ်တဆိတ် လိုက်လာကြသည်။ တောစပ်ထဲက လယ်တစ်ကွက်နားအရောက်မှာပင် ကြက်တစ်ကောင်၏ တောင်ပံရိုက်ခတ်သံ တဖြောင်းဖြောင်းနှင့် ဤတောဤတောင်တွင် မည်သည့်အကောင်ကိုမဆို စိန်ခေါ်တွန်နေသံကို စဉ်ဆက်မပြတ်ကြားနေရသည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် ချုံပုတ်တစ်ပုတ်ထဲဝင်ပြီး တွန်သံပေးစိန်ခေါ်ကာ ခွပ်ဘက်ရှာနေသော ကြက်ကို နှင်းမှုန်ကြားထဲ လိုက်ရှာကြည့်ကြသည်။ တွေ့ပါပြီ။ တွန်နေသော ကြက်ဖတစ်ကောင်။ နေရာယူပြီး ထိုကြက်ဖကို ပစ်ရန် အစ်ကိုက သေနတ်နှင့် ချိန်ရွယ်ချိန်မှာပင် နောက်ဆပ် တောကြက်ဖနစ်ကောင်နှင့် ကြက်ဖငါးကောင်တို့ လယ်ကွက်ထဲ ဆင်းလာကြ၏။

လယ်ကွက်ထဲ ဆင်းလာကြသော ကြက်မတွေမှာ လယ်ကွက်ထဲက စပါးစေ့များကိုသာ အလုအယက်ကောက်စားနေကြသော်လည်း ကြက်ဖသုံးကောင်ကမူ တစ်ကောင်နှင့်တစ်ကောင် ခွပ်ရန် စောင်နေကြလေပြီ။ ကျွန်တော်က သေနတ်ချိန်နေသော အစ်ကို့ကို လက်ကုတ်လိုက်သလို ပါးစပ်ကလည်း "အစ်ကို၊ ကြက်မကို မပစ်နဲ့။ ကြက်ဖကြီးတွေကို ရွေးပစ်" ဟု ဆရာလုပ်လိုက်သေး၏။

အဖေ၏ ကုပ်ချိုးနှစ်လုံးပြူးသူကြီးသေနတ်မှာ ကိုးလုံးကျည် စရိတ်လုံးများ ထည့်ထားသဖြင့် ကြက်တစ်ကောင်နှစ်ကောင်မှာတော့ ပစ်မလွဲပင်။ ကျွန်တော်၏ စကားအဆုံးမှာပင် "ဘမ်း" ဟူသော သေနတ်သံတစ်ချက်သည် ပတ်ဝန်းကျင်ကို ပဲ့တင်ထပ်သွား၏။

ကြက်ဖတစ်ကောင်နှင့် ကြက်မတစ်ကောင်မှာ အတောင်ပံ တဖျတ်ဖျတ်ခတ်ပြီး သွေးရူးသွေးတန်းနှင့် အော်မြည်အသက်ငင်နေကြသည်။ လယ်ကွင်းထဲတွင် အသက်ငင် လူးလှိမ့်ရှားနေသော ကြက်နှစ်ကောင်ကို ပြေးကောက်ရန် ကျွန်တော်ခုန်ထလိုက်စဉ်မှာပင် –



"ဟင် ...ပန်း ...ပန်းစိမ်း၊ မင်း ...မင်း ငါ့တည်ကြက်ကိုမှ လာပစ်ရလား ခွေးသားရဲ့ ခု ငါ့တည်ကြက်ဖလေး သေသွားပြီ။ မင်း ဘယ်လိုလုပ်တာလဲကွ ဟင်။ မင်း ဘယ်လိုလုပ်တာလဲကွ ...ပန်းစိမ်း"

ဟူသော ကြက်ဖိုးထွန်း၏အသံကို ကြားလိုက်ကြရသည်။

ကြက်ဖိုးထွန်း၏ တည်ကြက်ကို တောကြက်ထင်ပြီးပစ်မိသွားပြီ။

ကျွန်တော် ရုတ်တရက် ပြန်ပုန်းထိုင်ချလိုက်ချိန်မှာ သေနတ်ကိုကိုင်ပြီး အစ်ကိုကြီး၏ မျက်နှာမှာလည်း သွေးဆုတ်နေလေပြီ။ ဘာဆက်လုပ်ကြရမှန်း မသိကြတော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မှင်တက်မိနေကြစဉ် ကြက်ဖိုးထွန်း၏ မချိတင်ကဲ အော်ပြောလာသံက သေနတ်သံကဲ့သို့ပင် ဟိန်းထွက်လာပြန်သည်။

"ဟင် ...ပန်းစိမ်း၊ ပန်းစိမ်း၊ ရွာလူကြီးခွေးကောင်၊ မင်းဘယ်နေရာကနေပြီး ငါ့ကြက်တွေကို ပစ်လိုက်တာလဲကွ။ ထွက်ခဲ့လေကွာ၊ ငါ့မှာ ဒီကြက်တစ်ကောင်နဲ့ လုပ်ကိုင်စားသောက်နေရတာ၊ ခုတော့ ငါ့တည်ကြက်ဖ မောက်ပြား သေသွားပြီ။ စပါးတင်းငါးရာနဲ့တောင် မရောင်းနိုင်တဲ့ ငါ့မောက်ပြားကို မင်း ...မင်း ပစ်သတ်လိုက်တယ်ပေါ့ ဟုတ်လား။ မင်းကို အရေးပိုင်ကြီးက သေနတ်ထုတ်ပေးထားတာ ငါ့ကြက်ကို ပစ်သတ်ဖို့လား၊ ပြောစမ်းပါဦး။ ဟော့ကောင် ပန်းစိမ်း မင်းငါ့အကြောင်းသိမယ်။ ဝန်ထောက်ကြီးကိုပြောပြီး အရေးပိုင်ကြီးကို ငါတိုင်မယ်။ ဝန်ထောက်ကြီးဌာနာအုပ်က ငါ့ဆီက တောကြက်သားမှာစားနေကျပါကွ။ မင်းသာ ရွာမှာ ပေါက်တယ်မထင်နဲ့။ ငါလည်း ပေါက်ပါတယ်ကွ။ ငါ မပေါက်ဇတောင် ငါ့ကို တောကြက်သားမှာနေကျ ဝန်ထောက်ကြီးက ပေါက်တယ်ကွ။ မင်းနဲ့ငါနဲ့ ဒီပွဲမှာ တွေ့မယ်ကွ။ မင်းသေနတ်ပဲ အသိမ်းခံမလား၊ ငါ့ကြက်ဖိုးပဲ မင်းလျော်မလား ကြည့်ကြသေးတာပေါ့ကွာ။ ဟော့ကောင် ပန်းစိမ်း ...ပန်းစိမ်း မင်း ...မင်း ငါ့ကြက်ကို သတ်မယ့်အစား ငါ့ကို သတ်လိုက်ပါလားကွ။ ငါ့ကို သတ်လိုက်ပါလား။ ထွက်ခဲ့လေကွာ လာလေ။ ငါ့ကို မင်းသေနတ်နဲ့ လာပစ်သတ်စမ်းပါ၊ ဒါကျတော့ ခွေး

ကောင်၊ မင်းသတ္တိမရှိတော့ဘူးလား။ ဟင် ...ဟီး ...ဟီး ...ငါ့မှာ ဒီကြက်နဲ့ စားနေရတာ"

ကြက်ဖိုးထွန်း ဘာတွေပြော၍ နောက်တော့ ဘာတွေ အော်ဆဲနေသည်မသိ။ ကျွန်တော့်မှာ တစ်ကိုယ်လုံးထူပူကာ သူ့တည်ကြက်ကို ရင်ဝယ်ပိုက်ပြီး လယ်ကွင်းထဲ လှည့်ပတ်အော်ဟစ်ကာ အဖေ့ကို စိန်ခေါ်ဆဲဆိုနေသော ဦးဖိုးထွန်းကိုသာ ငေးငိုင်ကြည့်နေမိသည်။ ပြီးတော့ ဟိုကြည့် ဒီကြည့်နှင့် အဖေရှိနေလိမ့်မည်ထင်သော တောကြံ့အုံကြားဆီကြည့်၍ ဆဲဆိုကာ ပရိဒေဝမီးကြီး တောက်လောင်နေသော ဦးဖိုးထွန်းကို ကျွန်တော်တို့မှာ လှုလုံးထွက်မပြဝံ့ကြ။

သူ့တည်ကြက်မောက်ပြားကို တောကြက်ထင်၍ မှားပစ်မိသည်မှာ အဖေမဟုတ်ဘဲ ကျွန်တော်တို့ညီအစ်ကိုသာ ဖြစ်ပါကြောင်းကိုလည်း ချုံထဲက ထွက်မပြောဝံ့ကြ။ အကယ်၍ ဤအချိန် ကျွန်တော်တို့ဖြစ်ဖြစ်၊ အဖေဖြစ်ဖြစ် ချုံထဲက ထွက်လာသည်နှင့် မုဆိုးဓားကောက်ကြီးနှင့် မဆင်မခြင် လိုက်ခုတ်လိုက်ထိုးလိမ့်မည်ထင်သည်။

အဖေ၏အသံနှင့် အဖေ၏ရုပ်ကို မမြင်ရလေ ကြက်ဖိုးထွန်းကလည်း မအေနမနှင့် အဖေ့ကို အော်ဟစ်ဆဲဆိုနေလေပင်။ ရွာနှင့် ဤနယ်တစ်ဝိုက်တွင် သေနတ်ရှိသူဆို၍လည်း အဖေတစ်ယောက်သာရှိရာ သူ့တည်ကြက်အဖေပစ်လိုက်သည်ဟုထင်နှင့် တဆဲတည်းဆဲ တစ်ဆိုတည်းဆိုနှင့် အဖေကိုချည်း စိန်ခေါ်နေသည်။

ထို့ကြောင့် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်မှာ ဒေါသကြီးနေသော ကြက်ဖိုးထွန်းကို လှုလုံးလည်းထွက်မပြရဲကြတော့ဘဲ ဦးဖိုးထွန်းမမြင်အောင် ရွာဘက်ကိုသာ တောလမ်းအတိုင်း ပြေးချလာကြရသည်။ သို့သော် မိမိအိမ်သို့ မပြေးဝံ့ကြ။ အိမ်ကိုရောက်၍ နဂိုကမှ မုဆိုးတံငါအလုပ် မလုပ်ရဟု ပညတ်ထားသော အဖေသည် ယခုကိစ္စကိုသာ သိပါက ကျွန်တော်တို့ညီအစ်ကိုမှာ၊ ကျောကွဲအောင် အရိုက်ခံကြရတော့မည်။ ထို့ကြောင့် အဖေ့ကို



နိုင်သော၊ အစ်ကိုကြီးကိုလည်း အလွန်ချစ်သော အဖေ့အမေ အဘွားဆီပြေးကြရသည်။

အဘွားကို အကျိုးအကြောင်း အစ်ကိုကြီးက ငိုပြ၍ပြော၏။ ကျွန်တော့်မှာ နောက်လိုက်သာဖြစ်သဖြင့် အဖေရိုက်လျှင်လည်း အစ်ကိုကြီးကိုသာ ပိုရိုက်မည်။ ဤသည်ကိုလည်း အစ်ကိုကြီးက အဘွားကို ငိုပြပြီး ပြောရ၏။ ထိုအခါ အဘွားက ကျွန်တော်တို့ နှစ်ယောက်စလုံးကို လက်ဆွဲပြီး မိမိအိမ်သို့ခေါ်လာသည်။ ကျွန်တော်တို့ ကြက်ပစ်ထွက်လာကြစဉ်က ကြံခင်းသွားနေသောအဖေ့ကို အိမ်၌ပြန်ရောက်၍ တွေ့ရသည်။

အကျိုးအကြောင်း အဖြစ်သနစ်ကို အဖေ့အား အဘွားကပင် ပြောပြရသည်။ ကျွန်တော်တို့မှာ အဖေ့မျက်နှာကိုပင် မကြည့်ဝံ့ဖြစ်နေကြ၏။ အဘွားပြောပြသည်ကို အစကမူ ကျွန်တော်တို့ထင်ထားသည့်အတိုင်းပင် အဖေ ရှုံးရှုံးရှဲရှဲနှင့် ဒေါသထွက်ကာ ရိုက်မည်နှက်မည် လုပ်သေးသည်။ ဤသည်ကို အဘွားနှင့် အမေကြီးတော်၊ ဦးကြီးဦးလေးတို့ကပါ "ကလေးတွေ မုဆိုးလုပ်ချင်တာလည်း မပြောနဲ့ကွ။ တစ်ရွာလုံး လူတွေက မုဆိုးမှ ဂုဏ်ရှိတယ်ထင်ကြတော့ ကလေးတွေကလည်း လိုက်လုပ်မိကြမှာပေါ့။ ကလေးတွေကိုလည်း အပြစ်မဆိုနဲ့" ဟု ဘကြီးက ပြောသလို အဘွားကလည်း "နင့်ဖိုးထွန်းကြက် ဘယ်လောက်တန်တန် ငါလျော်မယ်။ ငါ့မြေးတွေကို နင်လက်ဖျားနဲ့တောင် မထိနဲ့ ပန်းစိမ်း၊ နောက်ကို အမေတာဝန်ယူတယ်။ ငါ့မြေးတွေကို မုဆိုးတံငါ မဖြစ်စေရဘူး။ စိတ်ချ၊ ကလေးဆိုတာ မလိမ်မိုးမလိမ္မာ တစ်ခါတော့ မိုက်မိတာပဲ။ ဖိုးထွန်းတည်ကြက်မှန်း မသိလို့ပေါ့၊ နင်က ရိုက်လားနှက်လား လုပ်ဦးမလို့လား" ဟု အဘွားက အော်လိုက်သောအခါ အဖေက ဘာစိတ်ကူးပေါက်သည်မသိ။ "မဟုတ်ပါဘူး အမေရာ၊ ဦးလေးဖိုးထွန်း တည်ကြက် မောက်ပြား သားတို့ ကျွန်တော့်သေနတ်နဲ့ ပစ်သတ်ခဲ့ကြတာ တစ်နည်းလည်း ကောင်းပါတယ်" ဟု ဆိုသည်။

အဖေ့စကားကို အားလုံးက အံ့သြသွားကြသလို ဤအခါမှ ကျွန်တော်လည်း အဖေ့မျက်နှာကို ကြည့်ဝံ့တော့သည်။ အစကမူ ကျွန်တော်တို့အား

အဘွားတို့ ဘကြီးတို့ ဆွေမျိုးတွေ ပြန်သွားကြမှ ကျောကွဲအောင် ရိုက်ချင်သဖြင့် တမင်ပရိယာယ်နှင့် လူရှင်းသွားအောင် ပြောလေသလား ထင်မိ၏။ သို့သော် အဖေ့မျက်နှာမှာ ဒေါသအရိပ်အယောင်ကိုတော့ မမြင်ရတော့ပေ။ သို့သော် အဖေ့ကို ယုံစား၍တော့ မရသေး။ အဖေသည် လူရှေ့သူကြီးရှေ့ သူ့အမေ၊ သူ့ဘကြီး၊ သူ့ကြီးတော်ကြီးတို့ ရှိနေလျှင် ကျွန်တော်တို့ပြောမှားဆိုမှား၊ ကလေးချင်း ရန်ဖြစ်ကြသည်ကိုပင် ချက်ချင်း ဆုံးမ မရိုက်မဆိုဘဲ လူရှင်းမှ ရိုက်နက်ဆုံးမတတ်သည်မှာ အဖေ့အကျင့်ပင်။ ထို့ကြောင့် အဖေ့အကြောင်းကိုသိသော အစ်ကိုကြီးနှင့် ကျွန်တော်တို့မှာ အဘွားတို့ ဘကြီးတို့ ဘယ်လိုပြောပြော မျက်ရည်တစမ်းစမ်း ဖြစ်နေကြသေး၏။

ထိုချိန်မှာပင် ကြက်မုဆိုး ဦးဖိုးထွန်းသည် သူ့တာည်ကြက်မောက်ပြားကို ရင်ခွင်ပိုက်ပြီး အဖေ့ကိုဆဲဆိုကာ အိမ်ရှေ့ရောက်လာတော့သည်။ အဖေက ကြက်ဖိုးထွန်းကို အဖြစ်မှန်ရှင်းပြ၏။ သို့သော် ဒေါသမပြေသေးသော ဦးဖိုးထွန်းက -

"ဘယ်မှာလဲ အဲဒီကောင်နှစ်ကောင်၊ မင်းက အစိုးရဆီမှာ သေနတ်ထုတ်ယူတုန်းက ကလေးတွေကို သေနတ်ပေးကိုင်ပွဲမယ်။ သူခိုးဓားပြတွေကို သေနတ်ငှားပွဲမယ်လို့ ကတိဝန်ခံချက် ပါလားကွ ပန်းစိမ်း၊ ငါ့ကိုပြောပါဦး"

ကြက်တည်၍ အသက်မွေးဝမ်းကျောင်းပြုနေသော်လည်း သူ့မြို့ဆင်းတိုင်း တောကြက်သားပေးနေကျ ဝန်ထောက်ကြီး အားကိုးနှင့် ကြက်ဖိုးထွန်းကလည်း အလာကြီးပင်။

ဦးဖိုးထွန်းစကားထဲတွင် သူ့သိက္ခာကို ထိပါးလာသည်ထင်၍လားမသိ၊ အဖေက -

"အို ...ဦးလေးထွန်းကလည်းဗျာ၊ ကလေးတွေက ဦးလေးထွန်း တည်ကြက်မှန်း မသိလို့ ပစ်မိတာပဲ။ ဦးလေးထွန်းကြက်ခ ဦးလေးထွန်းတောင်းသလောက် ကျွန်တော်ပေးပွဲမယ်လို့ ပြောပြီးပြီပဲ၊ ကျွန်တော်တောင်းပန်ပါတယ်ဆိုနေ ..."



ဟု ခပ်ထန်ထန်ပြောလိုက်၏။ အဘွားကလည်း -

"ဖိုးထွန်း၊ နင်တောင်းသလောက် ငါတို့ပေးပွဲမယ်၊ ပြောပြီးပြီပဲဟာ။ စောစောက ငါကြားလိုက်တယ်။ နင် ငွေမြေးတွေကို မေးတယ်ဟုတ်လား၊ ဒီမှာဟဲ့ နင်က ငွေမြေးတွေကို ဘာများ လုပ်ချင်သေးလို့လဲ၊ မှားပစ်ပါတယ်ဆိုမှ ကျေရောပေါ့ဟာ"

ကျွန်တော်တို့ နှစ်ယောက်မှာ အဘွားနား ပုဝပ်ပြီး ကုပ်နေကြရ၏။

ထိုအခါမှ ကြက်ဖိုးထွန်းလည်း သူ့ကြက်နှင့်တည်လျှင် တစ်နှစ်တစ်နှစ်လျှင် တောကြက် ဘယ်နှစ်ကောင်ရသည်။ သူ့ကြက်လိုကြက်ကောင်းမျိုး နောက်ထပ်ရှာ၍ရမည်မဟုတ်။ ဘာဘာညာညာပြောလာပြန်ရာ ဤတစ်ခါတော့ ဆွေမျိုးတွေအားလုံးကပါ ဝိုင်းအော်ဝိုင်းပြောကြသဖြင့် စပါးတောင်း ငါးရာနှင့် မောက်ပြားတည်ကြက်ကို ဦးဖိုးထွန်းက သူ့ဘာသာသူ အဖိုးဖြတ်ပြီး မကျေမနပ်နှင့်ပင် ပြန်သွားလေသည်။

သည်လိုနှင့် ဆွေမျိုးတွေပြန်ကြ၊ အဘွားလည်း ပြန်သွားရာ ကျွန်တော်တို့ညီအစ်ကိုမှာ မျက်စိသငယ်နားသငယ်နှင့် အဖေအခေါ်နှင့် အဖေအရိုက်အနက်ကို ခါးစည်းခံရန်သာ စိုးတထိတ်ထိတ်နှင့် စောင့်ကျန်ရစ်ခဲ့ကြသည်။

တစ်မနက်လုံး အဖေက ကျွန်တော်တို့ကို ဘာမျှမပြော။ ကျွန်တော်တို့လည်း အဖေ့မျက်ကွယ်မှာ သွားကုပ်ရှောင်နေကြသည်။

"သားအဖတွေ ဒီနေ့ ထမင်းတောင် မစားကြတော့ဘူးလား"

ဟူသော အမေ့အသံနှင့်အတူ -

"လုပ်လေကွာ စားကြတာပေါ့။ သားတို့ကိုခေါ်လေ"

ဟူသော အဖေ့အသံကြောင့် ကျွန်တော်တို့ညီအစ်ကိုမှာ စိုးတထိတ်ထိတ်နှင့် မီးဖိုဆောင်ထဲ ဝင်လာကြရသည်။ ထမင်းစားပွဲထိပ်တွင် ထိုင်နေသော အဖေ့မျက်နှာကိုမူ မဝံ့မရဲကြည့်မိ၏။ အဖေ့မျက်နှာမှာ စောစောက 'ဘာမျှမဖြစ်ခဲ့သလို ခါတိုင်းထမင်းဝိုင်းမှာကဲ့သို့ပင် ကြည်လင်နေသည်။

"ကဲ၊ သားတို့ထိုင်ကြ" ဟု အစချီကာ -

"ကဲ ...အကုသိုလ်များတဲ့ မုဆိုးတံငါအလုပ်ဟာ ကောင်းကျိုးပေးသလား၊ မပေးဘူးလားဆိုတာ ခုမနက်ပဲ သားတို့ လက်တွေ့မြင်ရ သိကြရပြီး မဟုတ်လား၊ ဘာမဟုတ်တဲ့ တောကြက်သားလေး စားချင်တာနဲ့ ခုအဖေတို့ စပါးတောင်းငါးရာ လျော်ရတော့မယ်။ မလျော်ရင် အဖေက ရာထူးပြုတ်ပြီး ထောင်တန်းတောင်ကျနိုင်တယ်။ ဒါ အစိုးရမင်းများရဲ့ တောင်တန်းမှာ သတ်မှတ်ထားတဲ့ ဥပဒေပဲ၊ ဥပဒေဆိုတာ လူကြီးလုပ်တဲ့ လူကြီးတွေက ပိုပြီး လိုက်နာရတယ်။ အဖေတို့ ရာဇဝင်မှာ မင်းထီးဆိုတဲ့မင်းက နန်းတိုင်မှာ ထုံးမသုတ်ကြနဲ့လို့ အမိန့်ထုတ်တယ်။ မင်းကြီးက ကွမ်းစားတော့ အမတ်ကြီးအမတ်ငယ်ကစပြီး အားလုံးကွမ်းလိုက်စားကြတယ်။ အဲဒီတော့ ဟိုလူသုတ် ဒီလူသုတ်နဲ့ နန်းတိုင်တွေမှာ ထုံးသုတ်ရာချည်းဖြစ်နေလို့ ကြည့်မကောင်းတာနဲ့ မင်းကြီးက နန်းတိုင်တွေမှာ ထုံးမသုတ်ရဘူး၊ သုတ်တဲ့လူ သုတ်တဲ့လက်ညှိုးကို ဖြတ်မယ်လို့အမိန့်ထုတ်တယ်။ တစ်နေ့တော့ ဘုရင်မင်းထီးက သူလည်းကွမ်းစားတိုင်း လွယ်လွယ်ကူကူ အနားက နန်းတိုင်မှာ ထုံးသုတ်နေကျဆိုတော့ မေ့ပြီးသုတ်မိလိုက်တယ်။ မင်းအမိန့်ကိုကြောက်ရတော့ မှူးကြီးမတ်ရာတွေကလည်း သတိထားနေကြရတော့ မင်းကြီးသုတ်တာကို နေ့ရက်နဲ့ အချိန်နဲ့ပါ မှတ်ထားလိုက်ကြတယ်။ ဒါနဲ့ နောက်တစ်နေ့ဆိုပါတော့ မင်းကြီးက ထွက်လာလို့ နန်းတိုင်မှာ ထုံးသုတ်ထားတာတွေ့တော့ တရားခံကို မေးတော့တာပဲ။ အဲဒီအခါမှာ ဝန်ကြီးဝန်ကလေးမှူးမတ်တွေက တိတိကျကျ မင်းကြီးကိုယ်တိုင် ထုံးသုတ်သွားတဲ့ မှတ်တမ်းကိုပြတော့ မင်းကြီးက သူ့လက်ညှိုးသူ ချက်ချင်း ထုံးသုတ်ထားတဲ့ နန်းတိုင်က ထုံးရာမှာတင်ပြီး သူ့လက်ညှိုးသူ ခုတ်ဖြတ်ပစ်လိုက်တယ်တဲ့။ အဲဒီကစပြီး နန်းတိုင်မှာ ဘယ်သူမှ ထုံးမသုတ်ဝံ့ကြတော့ဘူးတဲ့။ အဖေပြောတာ သေသေချာချာ မှတ်ထားကြ"

"ဟုတ် ...ဟုတ်ကဲ့ပါအဖေ"

ကျွန်တော်တို့မှာ ထမင်းစားရင်း ခေါင်းမဖော်ဝံ့ဘဲ အဖေ့စကားကို "ဟုတ်ကဲ့" သာလိုက်နေကြရ၏။



"မင်းတို့သာ မုဆိုးတံငါအလုပ်ကို ဝါသနာမပါလို့ ဒီမနက် တောကြက်သွားမပစ်ကြရင် ဒီပြဿနာလည်း ပေါ်မှာ မဟုတ်ဘူး။ တောကြက်သားများကွယ် ဦးဖိုးထွန်းဆီမှာ စပါးပေး၊ ဆန်ပေးနဲ့ ဝယ်စားလည်း ရသားနဲ့ ကိုယ်တိုင် သွားပစ်တော့ ငရဲအုံတောင်ကြီးသေးတယ်။ နောက်ကို ငါ့သားများ မုဆိုးတံငါအလုပ် တစ်သက်လုံး မလုပ်ကြနဲ့တော့ ကြားလား"

"ဟုတ် ...ဟုတ်ကဲ့ပါအဖေ"

"အေး ...ငါ့သားများကို ဒီမနက် အပြစ်တင်သလို ကျေးဇူးလည်း တင်ရဦးမယ်"

အဖေ့စကားကို နားမလည်သဖြင့် ကျွန်တော်တို့ညီအစ်ကိုမှာ ယခုမှ အဖေ့မျက်နှာကို မော့ကြည့်ဝံ့ကြသည်။ အဖေ့မျက်နှာမှာ ဒေါသဟူ၍ မြူမျှမတွေ့ရ။

"ဦးလေးဖိုးထွန်းက သူ့သဘောနဲ့သူ စပါးတောင်းငါးရာ တောင်းတာကို အဖေက မတရားဘူးလို့ မပြောဘူး။ ပေးရတာကိုလည်း မနှမြောဘူး။ ဒါသူ့အသက်မွေးတဲ့အလုပ်ကို သားတို့က ဖျက်ဆီးပစ်သလို ဖြစ်တာကိုး။ အဲဒီတော့ သူကလည်း တောင်းသင့်တယ်။ အဖေက စပါးတောင်းငါးရာနဲ့ တရားပြသွားတာကို ဝမ်းသာပီတိလည်း ဖြစ်မိတယ်။ တစ်ခုက ဒီပြဿနာကြောင့် သားတို့က မုဆိုးတံငါအလုပ်ကို တစ်သက်မလုပ်တော့ပါဘူးလို့ နှံကတိပေးကြတယ်။ ဒါ အဖေသိပ်ဝမ်းသာတယ်။ နောက်တစ်ခုက ဒီမက် သားတို့က ဦးလေးဦးဖိုးထွန်းတည်ကြက်ကို ပစ်သတ်လိုက်ကြတဲ့ တွက် မနက်ဖြန်ကစပြီး တောကြက်အားလုံး ချမ်းသာရာ ရကြတော့ ယ်။ ဦးဖိုးထွန်း ညွှတ်ကွင်းမိပြီး တောကြက်တွေ တစ်နေ့ တစ်နေ့ ဘယ် ်ကောင် သေကြရမလဲမှ မသိတာ၊ တစ်သက်နဲ့ အသက်အများကြီးနဲ့ လဲ ိုက်ရလို့ သားတို့လည်း ကုသိုလ်အများကြီး ရသွားပြီးလို့သာ မှတ်လိုက်ကြ တော့"

⇨ ဝိုးဇော့



# ရတနာသိုက် ရှာပုံတော်

**မှုခင်း** ။ သတင်းထောက် မင်းစောဝေသည် သက်သေထွက်ဆို
ဝက်မြံအတွင်းမှ ထွက်လာသည်။ တရားခံဝက်မြံထဲမှ လှ
မြိမ်းခြောက်သော မျက်လုံး အစုံကို ရင်ဆိုင်ခဲ့ရသည်။ မကြာမီကာလအတောအတွ
ဘာတွေဖြစ်ပျက်လာနိုင်သည်နှင့် စပ်လျဉ်း၍ စိတ်လှုပ်ရှားဖွယ် ရလဒ်အမြေ
မသိမသာ စိတ်ဝင်စားမှုဖြင့် နားစွင့်နေသည်။

စင်စစ် သူသည် အောင်စည်တော် သတင်းစာတိုက်၏ လက်ရုံး၊ မှုခင်းသတ
အလိုက်ကောင်းသူသာ ဖြစ်သည်။ ရံဖန်ရံခါ လျှို့ဝှက်ဆန်းပြားသည့်သတင်းကော
သတင်းထူးများနှင့် တိုးမိရင်း စုံထောက်တစ်ယောက်သဖွယ် ဖြစ်သွားတတ်သည
သတင်းစ၊ လယ်၊ ဆုံးကို မီးခိုးကြွက်လျှောက်လိုက်လံစုံစမ်းလျက် ကံအားလျော်
တရားခံများကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

ထိုအခါ သူသည် မလွှဲမရှောင်သာဘဲ တရားရုံးတော်ပေါ်၌ သက်သေအဖြစ် ထွက်ဆိုပေးရတတ်သည်များ ရှိပြန်သည်။ သို့သော် အမှုအတော်များများကို သူကိုယ်တိုင် နာမည်မခံဘဲ ရဲလက်သို့ လွှဲအပ်ပေးခဲ့တတ်သည်က များလှ၏။

တချို့တရားခံများသည် ပြစ်ဒဏ်ချခံရလျှင် အမျက်တခြောင်းခြောင်းထွက်လျက် ပါးစပ်မှ အမြှုပ်တစီစီထွက်အောင် ဒေါသအား ဖွင့်ထုတ်ကြသည်ကို မင်းစောဝေ ကြုံဖူးသည်။ တချို့ကတော့ ပြစ်ဒဏ်ကြောင့် မျက်နှာတွေ ဖြူဖပ်သွားရာက ဒေါသဖြင့် ရုတ်ခြည်း မျက်နှာကြီး နီမြန်းလာတတ်ကြသည်။ သူတို့တစ်တွေ၏ အော်ဟစ်ကြုံးဝါး ခြိမ်းခြောက်သံတွေကို ကြားဖူးသည်။

ထောင်မှ လွတ်လာကြသော ထိုလူအချို့နှင့် မင်းစောဝေ ပက်ပင်းတိုးမိဖူးသည်။ ထိုစဉ် အဆိုပါလူများသည် တစ်ချိန်က ဟစ်အော်ကြိမ်းမောင်းခြိမ်းခြောက်မှုတွေကို မေ့သွားခဲ့ကြသည့်အလား ရှက်ကိုးရှက်ကန်းဖြင့် နစ်လိုစွာ သူ့ကို ဆက်ဆံတတ်ကြပြန်သည်။

၁၉၅၁ ခုနှစ် အစောပိုင်းကာလ၌ ကိုမှူးဆိုသူသည် ငွေစက္ကူတုပြုလုပ်မှုဖြင့် ထောင်ဒဏ် ၄ နှစ် အပြစ်ပေးခံလိုက်ရသည်။ သို့သော် ကိုမှူးသည် တချို့အပြစ်ကျခံရသူများပမာ အော်ဟစ်ဆဲဆိုကျိန်ဆဲခြင်းကို မပြု။ မင်းစောဝေ၏ အသည်းနှလုံးနှင့် အဆုတ်များကို ထစ်စစီ ကော်ထုတ်ပစ်မည်ဟု ခြိမ်းခြောက်မှုလည်း မရှိပေ။

ကိုမှူး မသိမသာ နှုတ်ခမ်းတွန့်၍ ပြုံးရုံပြုံးလိုက်သည်။ ပြီး မင်းစောဝေ၏ မျက်လုံးအစုံကို ထုတ်ချင်းခတ်ဖောက်ထွက်လုမတတ် စက္ကန့်ပိုင်းမျှ စိုက်၍ ကြည့်သည်။ ကိုမှူး၏ မျက်လုံးများသည် နက်ရှိုင်းသော အတွေးတစ်စကို လှစ်ပြဟန်ရှိသည်။ ယင်းတို့သည် မုန်းတီးမှုမပြ။ ဒေါသစင်၏။ သို့သော် စကားလုံးများစွာကို ဖွင့်ဆိုပြနေ၏။

"ပထမဆုံး အခွင့်သာတာနဲ့ မင်းကိုငါ အရေခွံ လှန်သတ်မယ်"

* * *



မင်းစောဝေသည် စာတစ်စောင်ကို ဖတ်လိုက်သည်။ ပြီး သက်မကြီးကို ချသည်။ မလိုအပ်ဘဲ ရေးကြီးခွင်ကျယ်လုပ်ကာ ပြဿနာတက်တတ်သည့်မျိုး အားလုံးကို မနှစ်မြို့ပေ။ ပြည်သူလူထုအကျိုးအတွက် သတင်းထောက်ကောင်းတစ်ယောက် အဖြစ် ထမ်းရွက်နေခြင်းအား တလွဲမှားပြီး ကိုယ်ရေးကိုယ်တာ အပုပ်ချခြင်းမျိုးကို ခါးသီးရွံရှာပေသည်။

အချိန်များ ကုန်လွန်လာခဲ့သည်။ ပြောင်းလဲမှုများလည်း ဖြစ်ပေါ်လာခဲ့သည်။ မင်းစောဝေပင် အမြဲတမ်းသတင်းထောက်ဘဝမှ မှုခင်းသတင်းထောက်ကြီးဘဝသို့ အချိန်တိုအတွင်း တိုးမြှင့်ခံရသည်။

သို့လင့်ကစား ကိုမှူး၏အပြုံးကို သူမမေ့နိုင်သေးပေ။

ထိုကာလများအတွင်း မင်းစောဝေဆီသို့ အမည်နာမ ဖော်ပြမထားသည့် ပစ်စာအမျိုးမျိုး ရောက်လာတတ်သည်။ အများစုမှာ ရိုးရိုးရှင်းရှင်းပင် ဖြစ်သည်။ ထိုသူတို့၏ ရည်ရွယ်ချက်ကို သိရန် ဦးနှောက်ပင် သုံးဖို့မလိုပေ။ မနာလို ဝန်တိုမှု၊ ရန်လိုမုန်းတီးမှု၊ တစ်စုံတစ်ယောက်အပေါ် ထိခိုက်နစ်နာစေလိုမှုများဖြင့် ပစ်စာပို့ကြခြင်း ဖြစ်သည်။ ရံဖန်ရံခါတွင်မူ သူတို့ပေးပို့လိုက်သော သတင်းအတွက် ငွေကြေးကြေးရေး အမြတ်ထုတ်လိုသည့် မရိုးမသားစရိုက်များကို တွေ့ရတတ်ပြန်သည်။

တချို့မှာမူ ...

* * *

ပဲခူးမြို့မှ မြေပိုင်ရှင် သူဌေးကြီးဦးစိန်းသည် သူနှင့် ဆွေမျိုးမကင်းလှသူ မမာလာကို လက်ထပ်ရန် ကြိုးပမ်းလျက် ရှိပါသည်။ သူ၏ ယခင် ဇနီးဟောင်း ဒေါ်ခြယ်မှာရန်ကုန် - မန္တလေးအညာဆန်သင်္ဘောကြီးဖြင့်မန္တလေးသို့အသွား ကုန်းပတ်ပေါ်မှ ကျပြီး ပျောက်ဆုံးနေခဲ့သည်မှာ သုံးလပင် မပြည့်သေးပါ။ အဆိုပါ ဖြစ်ရပ်တွင် သံသယဝင်စရာများနှင့် ပြည့်နှက်လျက် ရှိပါသည်။ မမာလာသည် ဦးစိန်းကို မနှစ်သက်ပါ။ ဦးစိန်းသည် သူပိုင်ငွေကြေးဥစ္စာကို မက်မောသဖြင့် သူ့အား ကပ်နေသည်ကို သိပါသည်။

ဦးစိန်းတို့လင်မယား မန္တလေးသို့ သွားရန် ပဲခူးမြို့မှ ထွက်ခွာမည့်ညဦး ကျွန်တော့်အား ဘာကြောင့် ပျဉ်းမနားမြို့သို့ ရမယ်ရှာပြီး သွားခိုင်းသည်ကို နားမလည်ပါ။ စင်စစ် သူသည် ညမှောင်ကြီးမည်းကြီးထဲမှာ ကားမောင်းရမည်ကို မနှစ်သက်ပါ။ အဆိုပါညက မိုးပါရွာနေရာ သူကိုယ်တိုင် ကားမောင်းချင်နေသည်မှာ ထူးဆန်းလှပါသည်။

✸ ✸ ✸

အဆိုပါစာ၏ အောက်ဝယ် "မိတ်ဆွေတစ်ဦး" ဟု လက်မှတ်ရေးထိုးထားသည်။ တရားမျှတမှုအတွက် အဆိုပါ မိတ်ဆွေမျိုးအများအပြား ရှိတတ်သည်။

စင်စစ် ဦးစိန်းဆိုသူသည် ငယ်ရွယ်စဉ်က ပဲခူးမြို့မှ မထင်မရှား လူတစ်ယောက်သာ ဖြစ်ခဲ့သည်။ သို့သော် တစ်ဦးတည်းသော သူဌေးသမီးဒေါ်ခြယ်နှင့် အကြောင်းပါပြီးနောက် ဖနီးဘက်က ပါလာသည့် လယ်ယာမြေအမြောက်အမြားကို ဦးစီးပဲ့ကိုင်ဆောက်ရွက်နေသူဖြစ်သည်။ ထိုအခါ မြို့မျက်နှာဖုံး ဖြစ်လာသည်။ ဒေါ်ခြယ် ရုတ်တရက် သေဆုံးသွားစဉ်မှ လယ်ယာမြေအားလုံးကို အမွေဆက်ခံလိုက်ရသည်။ သားသမီး တစ်ယောက်မျှ မထွန်းကားခဲ့ပေ။

"ကြည့်စမ်းပါဦး"

အောင်စည်တော် သတင်းစာတိုက်ကြီး၏ ပိုင်ရှင်လည်းဖြစ်၊ တာဝန်ခံအယ်ဒီတာလည်းဖြစ်သော ဦးသန်းဝင်းက အဆိုပါပစ်စာကို ဖတ်ရှုပြီးနောက် စတင်၍စကားဟလိုက်ခြင်း ဖြစ်သည်။ ဆက်လက်၍-

"ဒေါ်ခြယ်ခမျာတော့ မြစ်ထဲကျပြီး သေပြီလို့တောင် ယူဆနေကြတယ်မဟုတ်လား"

"ဩဂုတ်လ ၁၉ ရက်နေ့က ဖြစ်ပွားခဲ့တာပါ" မင်းစောဝေသည် လေးနက် တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။ "ဒေါ်ခြယ်နဲ့ ဦးစိန်းတို့ဟာ အထက်အညာမန္တလေးခရီးကို အညာဆန်သင်္ဘောကြီးနဲ့ စထွက်တဲ့ နံနက်ခင်းမှာ မမျှော်လင့်ဘဲ ခုလိုဖြစ်ပျက်သွားခဲ့တာပါ။ မန္တလေးကတစ်ဆင့် အညာ



တစ်ခွင် လျှောက်လည်ကြမယ်လို့ စီစဉ်ထားကြတာပါ။ သူတို့နေတဲ့အိမ်က ပဲခူးရွှေမော်ဓောစေတီကြီးနဲ့ မနီးမဝေးမှာရှိတာပါ။ ခြံဝင်းကြီးကပဲ သုံးဧကခွဲလောက် နီးပါး ကျယ်မယ်ထင်တယ်။

"သူဟာ အချင်းမဖြစ်ပွားမီ ညက သူ့ကားကို ပဲခူးကနေ ရန်ကုန်ကို တောက်လျှောက် မောင်းလာခဲ့တယ်။ ရန်ကုန်ရောက်တော့ မယားကို အညာဆန်သဘောကြီးပေါ် အရင်ပို့ခဲ့တယ်။ ပြီးတော့ သူ့ကားကို ယောက်လမ်း

"ဒီကနေပြီး ပိုလ်တထောင် ဆိပ်ကမ်းဆီကို နှစ်နာရီပျော့ပျော့ လောက်မောင်းရတယ်။ ဟိုရောက်တော့ ညဆယ်နာရီ ဝန်းကျင် ရှိနေပြီ။ ကျုပ်တို့ သင်္ဘောကြီးပေါ်သို့ တန်းတက်သွားကြတယ်။



(ယခု- ယောမင်းကြီးလမ်း) က မိတ်ဆွေတစ်ယောက် အိမ်မှာသွားထားခဲ့တယ်။ ကံအကြောင်းမလှတော့ အညာဆန်သင်္ဘောကြီးဟာ မိုးထိလေထဲ စထွက်ခဲ့တယ်။ သင်္ဘောကြီး ရန်ကုန်က ထွက်လာပြီး သိပ်မကြာဘူး သင်္ဘောပဲ့ကိုင်မှူးကြီးကို သူ့မိန်းမပျောက်နေတယ်လို့ ဦးစိန်းလာပြောတယ်။ သူ့မိန်းမရဲ့ လက်ဆွဲအိတ်၊ ပိုက်ဆံအိတ်၊ အသုံးအဆောင်ပစ္စည်းတွေအားလုံးကို သူတို့လင်မယားရဲ့ သင်္ဘော ပထမတန်း အခန်းထဲမှာ မပျောက်မရှ တွေ့ကြရတယ်။ အမျိုးသမီးကြီးကိုတော့ မတွေ့ကြရတော့ဘူး။ အခုချိန်ထိ ခြေစလက်စ ပျောက်ပြီး သတင်းစုပ်စုပ်မြုပ်သွားတော့တယ်"

ဦးသန်းဝင်းက ခေါင်းတဆတ်ဆတ် ညိတ်ပြီး-

"မင်းမှတ်ဉာဏ် တော်တော်ကောင်းတာပဲ"

"ဘယ်မေ့ပါ့မလဲ ခင်ဗျာ၊ ဒီအမှုက ကျွန်တော့်စိတ်ကြိုက် စဉ်းစား တွေးတောစရာတွေ ပြည့်နှက်နေတာကိုး။ ကံဆိုးချင်တော့ ကိုကျားကြီးအမှု ကိစ္စကြောင့် ကျွန်တော် သာယာဝတီဘက်ကို ရောက်နေတာနဲ့ တိုက်ဆိုင် သွားလို့ပါ။ ကျွန်တော်ဟာ အမှုအခင်းတွေနဲ့ ဆက်စပ်လာရင် အနိဋ္ဌာရုံတွေ မြင်နေတတ်တယ်။ ဒါကြောင့် တစ်ခါတလေ ကျွန်တော့်ကိုယ်ကျွန်တော် တောင် မှုမမှန်တော့ဘူးလားလို့ မကြာခဏ တွေးမိတယ်။ ဒီလို ရာဇဝတ်မှု ယဉ်ပါးစိတ်ရှိတာဟာ ကြောက်စရာ ချွတ်ယွင်းချက်ပါလားလို့ ကိုယ့်ကိုယ် ကိုယ်တောင် လန့်နေတယ်"

ဦးသန်းဝင်းသည် သူ့ကို တွေဝေစွာနှင့် စိုက်ကြည့်နေသည်။ သူအတည် ပြောနေတာလား၊ နောက်နေတာလားဟု ဝေခွဲ၍ မရပေ။ လောလောဆယ် တွင်မူ ဦးသန်းဝင်း၏ တည်ကြည်လေးနက်မှုသည် စိန်ခေါ်ခြင်း အဆင့်ထက် ဘောင်ကျော်နေပေပြီ။

"အလုပ်ထုတ်ခံရတဲ့ ဦးစိန်းရဲ့ ကားဒရိုင်ဘာတစ်ယောက်က ဒီစာကို ရေးလိုက်တယ် မှတ်တယ်"

ဦးသန်းဝင်း စကားကို ပြန်ကောက်သည်။

"ဟုတ်ပါ့ခင်ဗျာ၊ ပဲခူးဖိုင်းဂနိုင်း တောင်ပိုင်း ရပ်ကွက် မင်းလမ်းမှာ နေတဲ့ လူပါ။ သူအခု ပဲခူး - ရန်ကုန် ဘတ်(စ်)ကားတစ်စီးမှာ တက်မောင်းနေပါတယ်။ သူ့မှာသားသမီး သုံးယောက်ရှိတယ်။ အကြီးနှစ်ယောက်က အမြွှာပါ"

မင်းစောဝေ၏ စကားအဆုံးတွင် ဦးသန်းဝင်းသည် ဟက်ဟက်ပက် ပက် ရယ်မောလိုက်ရာက၊

"မင်းသိထားနှင့်ပြီဆိုတာ ငါနားလည်ပါတယ်။ ဒါပေမဲ့ ဟောဒီစာရဲ့ နောက်ကွယ်မှာ ဘာဖြစ်နေမယ်ဆိုတာကို ကျုပ်တို့ကြည့်ကြရအောင်။ ဦးစိန်း ကတော့ ပဲခူးက ကျိုကျိုတက် လူကုံထံတွေကြားမှာ ခေါင်းတစ်လုံး ပိုမြင့်တဲ့ လူဆိုတာ မင်းမှတ်ထားပါ။ သူ့ဩဇာက အဲဒီနယ်တစ်ပိုက် တော်တော် သက် ရောက်တယ်လို့ ကြားမိတယ်။ ကြည့်တော့လုပ် မင်းစောဝေ၊ မတော်တာဆ



ဆိုးကျိုးတွေ ရိုက်ခတ်လာရင်တော့ မင်းထိုက်နဲ့ မင်းကံပဲနော်၊ ဟား ...ဟား ...ဟား"

* * *

နောက်တစ်နေ့ နံနက်တွင် မင်းစောဝေသည် လော့ကယ်ရထားနှင့် ပဲခူး သို့ လိုက်ပါလာခဲ့သည်။ ပဲခူးဘူတာ မြင်းလှည်းဂိတ်တွေ မြေပိုင်ရှင် သူဌေး ဦးစိန်း၏ နေအိမ်ကို စုံစမ်းကြည့်သည်။ မြင်းလှည်းသမားတိုင်းက သိနေကြ သည်။ မြင်းလှည်းတစ်စီးကို ငှားပြီး ဦးစိန်း၏ အိမ်ဆီသို့ တောက်လျှောက် ဆက်၍ ထွက်လာသည်။မြင်းလှည်းသည် အတော်ကြာကြာ မောင်းလာရပြီး လူနေ တိတ်ဆိတ်သော ဆင်ခြေဖုံးရပ်ကွက်တစ်ခု၏ အစွန်အဖျားရှိ အတန် ကျယ်ဝန်းလှသည့် ခြံကြီးတစ်ခြံရှေ့တွင် ရပ်ပေးသည်။

"သူဌေး ဦးစိန်းရဲ့အိမ်ပါပဲ" ဟု မြင်းလှည်းဆရာက ပြောသည်။

မင်းစောဝေသည် သစ်ပင်ကြီးများသည် အုပ်အုပ်ဆိုင်းဆိုင်းနှင့် ခြံဝင်း ကျယ်ကြီးအတွင်းမှ နှစ်ထပ်တိုက် စံအိမ်ကြီးတစ်လုံးဆီကို လှမ်းမျှော်၍ ကြည့်လိုက်သည်။ လူရိပ်မမြင်သည်နှင့် ခြံဝသံတံခါးကြီးကို တွန်းကြည့်ရာ အလိုက်သင့် ပွင့်သွားသည်ကို တွေ့ရသည်။ သီးပင်စားပင်ကြီးများနှင့်အတူ အိမ်ရှေ့မျက်နှာစာက ဥယျာဉ်အတွင်းတွင်လည်း ပန်းမျိုးစုံရောင်စုံ ပွင့်ဖူး လျက် လှပသာယာလှသည်။

ပန်းရုံတစ်ရုံဘေးတွင်မူ အမျိုးသမီးတစ်ယောက်သည် ပက်လက် ကုလားထိုင်တစ်လုံးပေါ်၌ အပန်းဖြေနေဟန်ရှိသည်။ ရုတ်တရက် ထိုအမျိုး သမီးငယ်သည် မင်းစောဝေအား တွေ့မြင်သွားပုံရသည်။ ပက်လက်ကုလား ထိုင်ပေါ်က ရုတ်ခြည်းထ၍မြက်ခင်းပြင်ကို ဖြတ်ပြီး လျှောက်လာသည်။

"ကျွန်မနာမည် မာလာပါ၊ ဒါနဲ့ ရှင်က"

အမျိုးသမီးငယ်သည် သူ့ကိုယ်သူ စ၍ မိတ်ဆက်ပြီး မင်းစောဝေအား နာမည်ကြီး ရှေ့နေအဖွဲ့တစ်ဖွဲ့က လူလားဟု အလောသုံးဆယ် မေးမြန်း လိုက်သည်။

မင်းစောဝေက အဆိုပါ ရှေ့နေအဖွဲ့နှင့် လုံးဝ မပတ်သက်ပါဟု ဖြေလိုက်သည်။

အမျိုးသမီးငယ်ခမျာ အားတုံ့အားနာ ဖြစ်သွားပုံရသည်။ သူသည် အသားအရေ စိုပြည်ဝင်းအိလျက် ချောမောလှပလှလင့်ကစား ညက်ရည်ထက်မြက်ပုံတော့ သိပ်မပေါ်ပေ။

"ရှင် ...ဦးစိန်းကို တွေ့ဖို့ လာတယ်ထင်တယ်။ သူအိမ်ကြီးထဲမှာ ရှိတယ်။ အိမ်ဝက ဘဲလ်ကို နှိပ်လိုက်ရင် အစေခံတစ်ယောက် တံခါးလာဖွင့်ပေးပါလိမ့်မယ်"

ထိုအမျိုးသမီးငယ်သည် ဦးစိန်းလက်ထပ်ဖို့ ကြိုးပမ်းခံနေရသူ ဖြစ်ကြောင်း မင်းစောဝေ မြင်မြင်ချင်း အကဲခတ်မိသည်။ ငွေကြေးဥစ္စာ ပြည့်စုံသူ ဖြစ်ပါလျက် သူ့ထက် အသက်အဆမတန်ကြီးသူတစ်ယောက်အား မေတ္တာအရင်းအနှီးမရှိဘဲ လက်ထပ်ပါမည်လော။ ထိုကိစ္စမှာ အနည်းငယ် ထူးဆန်းနေသယောင် ရှိလှသည်။

မင်းစောဝေသည် အိမ်ဝက ဘဲလ်ကို နှိပ်ဖို့ပင် မလိုတော့ပါပေ။ အသက် ၅၀ ခန့် အရွယ် အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်၊ ဝတ်ကောင်းစားလှနှင့် လူကြီးတစ်ယောက်ကို အိမ်ပေါက်ဝအတွင်းဘက်တွင် လှမ်းမြင်လိုက်ရ၍ ဖြစ်သည်။ ထိုလူကြီး၏ ဆံပင်ရှည်သည် အုံကောင်းလှရုံပင်မက နဖူးပြင်ထက်ပေါ်မှာပင် ဖွာရာကျဲကျနေသည်။ မည်းမှောင်နက်ကြုတ်လှသော နှုတ်ခမ်းမွေးကျင်စွယ်ကား နှုတ်ခမ်းများကို တစ်စွန်းတစ်စ ဖုံးအုပ်လျက်ရှိသည်။

"ဘာကိစ္စလဲကွ"

ထိုလူကြီးက အတွင်းမှ ခပ်ထန်ထန် လှမ်းမေးသည်။

"ကျွန်တော်က အောင်စည်တော် သတင်းစာတိုက်က သတင်းထောက်ပါခင်ဗျာ"

"ဟေ"

ထုလူကြီးဆီက အာမေဋိတ်စကား ထွက်ကျလာသည့် နည်းတူ သံဘာဂျာတံခါးကိုလည်း သူ၏လက်က ဆွဲဖွင့်ပေးမိလျက်သား ဖြစ်နေသည်။ သို့



သော် သူ၏နက်မှောင်သော မျက်လုံး အစုံသည် အရောင်တဝင်းဝင်းတောက်လာလျက် မင်းစောဝေ၏ မျက်နှာပေါ်က မခွာပေ။

မင်းစောဝေသည် မှင်သေစွာပင် ပြန်လည်၍ စူစိုက်ကြည့်ရင်း -

"ကျွန်တော်တို့ဆီ ပစ်စာတစ်စောင် ရောက်လာလို့ပါ။ တစ်ဆိတ် - ဦးက ဦးစိန်းလား"

"ဟုတ်တယ်၊ ဝင်ပါ"

ဦးစိန်း၏ လေသံ အတန်ငယ် ပျော့ပျောင်းသွားလင့်ကစား လှိုက်လှဲဟန်တော့ မရှိပေ။ ထို့နောက် သူသည် သံဘာဂျာတံခါးကို ပြန်ပိတ်စဉ် ခြံထဲက အမျိုးသမီးငယ်ကို တစ်ချက် လှမ်းကြည့်လိုက်ခဲ့သေးသည်။

"ကျုပ်တို့က ရှေ့နေတစ်ယောက်ကို မျှော်နေတာ။ မာလာရဲ့ ငွေကြေးဥစ္စာရှင်းတမ်းတွေကို အတည်ပြုပေးဖို့ပါ"

ဦးစိန်းသည် မင်းစောဝေ၏ ရှေ့တည့်တည့်က ဆက်တီတစ်လုံးပေါ်တွင် ထိုင်ချရင်း ညည်းတွားလေသံနှင့် ပြောလိုက်ခြင်း ဖြစ်သည်။ သူ၏ လေသံသည် ပြန်လည်၍ တည်ငြိမ်စပြုလာသည်။

မင်းစောဝေက သူ၏လာရင်းကိစ္စကို ရှင်းပြလိုက်သည်။

ဦးစိန်းသည် စိုးရိမ်ထိတ်လန့်မှု အလျှင်းမရှိဘဲ မျက်တောင်မခတ်စိုက်၍ နားထောင်နေပြီးမှ -

"ကောင်းပြီ၊ အဲဒီပစ်စာက ဘာမို့ပါလဲ။ ဒီလို ကလေကချေအရှုးအဲနမ်းစာတွေကို မင်းတို့ သိပ်အလေးမထားဘူး ဟုတ်စ"

မင်းစောဝေသည် စာကို သူ၏ ကုတ်အင်္ကျီအတွင်းဘက်က ထုတ်ကာ ဦးစိန်း၏ လက်ထဲသို့ လေးလေးစားစားပင် ထည့်ပေးလိုက်သည်။

ဦးစိန်းသည် စာကို ဖွင့်ဖတ်ရင်း မျက်မှောင်ကြီး ကြုတ်လာသည်။

"ဒီစာဟာ ယုတ္တိမတန်၊ အင်မတန် သိမ်နုပ်တဲ့ အကြံနဲ့ ရေးပို့လိုက်တာပဲ။ ကျုပ်မိန်းမရဲ့ လက်ဝတ်ရတနာတချို့ ရန်ကုန်မှာ ထုတ်ရောင်းနေတယ်ဆိုပြီး ကောလာဟလ ကြားသိလိုက်တဲ့ လူတစ်ယောက်ယောက် လက်ဆော့လိုက်တာပဲ ဖြစ်မယ်။ သူ့စာထဲမှာ ဘာထွေထွေထူးထူးမျှ မပါပါဘူး။

သေဆုံးသွားတဲ့ ကျုပ်မိန်းမရဲ့ လက်ဝတ်လက်စားတွေ အားလုံး ပြန်ရတယ်။ အခင်းဖြစ်ပွားခဲ့တဲ့ မနက်ခင်းမှာပဲ သင်္ဘောပေါ်ကဆင်းပြီး နောက်ကြောင်းပြန်လှည့်လာတယ်။ သူ့လက်ဝတ်လက်စား ရတနာသေတ္တာဘူးလည်း ပြန်ယူလာခဲ့တယ်။ ဒီစာရဲ့ လက်ရေးရှင်ကိုတော့ ကျုပ် မမှတ်မိဘူး။ ဒီလို လိမ်ညာအကွက်ဆင်တာ ဘာကြောင်းလဲ၊ ဒီစာကို ဘယ်တေလေကြမ်းပိုးက ရေးတာလဲ"

မင်းစောဝေသည် သူ့ကိုများ တမင်စောင်းမြောင်း၍ ပြောဆိုနေသည်လားဟု ထင်မိလိုက်သေးသည်။ သို့သော် ခံရပေါင်းများခဲ့သည်ကို အရေထူဟန်နှင့် နစ်လိုဖွယ် အနွံအတာခံစိတ်ဖြင့် ငြိမ်နေလိုက်သည်။ ပြီးနောက် ခေါင်းကို ခါယမ်းလျက် -

"ဒီစာ မမှန်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ ဖြစ်ပျက်ခဲ့တဲ့ အမှုကိစ္စကို ကျွန်တော် အသေးစိတ် လေ့လာကြည့်ခဲ့ပြီးပါပြီ။ ဦးတို့ ဒီကနေ စထွက်ကြတော့ နေ့ခင်းပိုင်း"

"ညပိုင်းပါ"

ဦးစိန်း တုံးတိတိနှင့် ဆောင့်ကြီးအောင့်ကြီး ဖြေသည်။ သူ့အနေနှင့် အဆိုပါကိစ္စကို ပြောဆို ဆွေးနွေးချင်ပုံမရပေ။ သို့သော် မင်းစောဝေ၏ ရိုကျိုးငုံ့လင့်နေသော အကြည့်ဒဏ်ကို မလုန်နိုင်တော့ပေ။

"ဒီကနေပြီး ဗိုလ်တထောင် ဆိပ်ကမ်းဆီကို နစ်နာရီပျော့ပျော့ လောက်မောင်းရတယ်။ ဟိုရောက်တော့ ညဆယ်နာရီ ဝန်းကျင် ရှိနေပြီ။ ကျုပ်တို့ သင်္ဘောကြီးပေါ်သို့ တန်းတက် သွားကြတယ်။ သင်္ဘောစာရေးဆီက ကျုပ်တို့ ပထမတန်း အခန်းသော့ကို သွားယူရတယ်။ ပြီး ကျုပ်မိန်းမနဲ့ လက်ဆွဲအိတ်တွေကို အခန်းထဲမှာ ပို့ပေးထားခဲ့တယ်"

"ဦးရဲ့ဇနီးက သင်္ဘောလှိုင်းမူးတတ်သလား"

"ဟင့်အင်း၊ ဘယ်တော့မှ မမူးဘူး။ အဲဒီညက သူ ထူးထူးခြားခြားကို ရွှင်ရွှင်လန်းလန်း ရှိနေတယ်။ သူ့အခန်းထဲမှာ လှဲပြီး နားနေတုန်း သင်္ဘောထွက်ခါနီးတော့ ကျုပ်လည်း ငြီးစီစီရှိတာနဲ့ အပြင်ဘက်ထွက်ပြီး ဗော်



ဇီသောက်တယ်။ နည်းနည်းတော့ ကြာသွားတယ် ထင်တယ်။ အခန်းကို ပြန်ရောက်တော့ သူပျောက်နေပြီ"

"သင်္ဘောကြီး စထွက်တော့ မိုးရော၊ လေရော ထန်နေတယ်။ ဒီတော့ မြစ်ထဲမှာလည်း လှိုင်းတော့ ရှိနေမှာပဲ"

မင်းစောဝေသည် ဦးစိန်း၏စကားကို သဘောတူလက်ခံဟန်နှင့် ခေါင်းတဆတ်ဆတ် ညိတ်ပြီး ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ကိုယ်တိုင်လည်း လှိုင်းမမူးတတ်ဘူး။ ကျုပ် မိန်းမရဲ့ လက်ဝတ်ရတနာတွေ သတင်းက တကယ်တော့ လုံးဝအမိဖွယ် မရှိပါဘူး။ ဒီအကြောင်းကို လိုအပ်ရင် မင်းတို့သတင်းစာထဲမှာ အတိအလင်း ထည့်ရေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်"

ဦးစိန်းသည် သူ၏ ဧည့်သည်အတွက် သံဘာဂျာတံခါးကို ကိုယ်တိုင်ထ၍ဖွင့်ပေးသည်။

"ခြံဝင်းကြီးက အေးချမ်းပြီး သာယာလိုက်တာ ခင်ဗျ။ တော်တော်တော့ ကျယ်မယ် ထင်တယ်နော် ဦး"

"သုံးဧကခွဲ"

ဤတစ်ကြိမ်တွင်မူ ဦးစိန်းသည် သူ၏စိတ်မရှည်နိုင်မှုကို ဖုံးကွယ်ဖို့ မကြိုးစားတော့ပေ။ ဆက်လက်၍ -

"ကောင်းကောင်းပြန်ပါနော်"

* * *

မင်းစောဝေသည် ခြံဝင်းကျယ်ကြီးအတွင်းမှ အေးဆေးစွာ ပြန်ထွက်လာသည်။ သူ၏ ထူးခြားသော မှတ်ဉာဏ်သည် အလုပ်လုပ်လျက် ရှိသည်။ နက်မှောင်လှသည့် မျက်ခုံးထူ နစ်တန်းပင် အလယ်တွင် ချိုင့်ဝင်လာတော့၏။

ပဲခူး အစုန်ရထားအား သူတမင် အလွတ်ခံလိုက်သည်။ ဦးစိန်း၏ ခြံဘေးတစ်လျှောက်က လမ်းကလေးအတိုင်း ရည်ရွယ်ချက်မရှိဘဲ ဆက်လက်၍ လျှောက်လာခဲ့သည်။ လေသည် တဟူးဟူး တိုက်ခတ်လျက် ရှိသည်။

ဦးစိန်း၏ ခြံဝင်းကြီးမှာ ရှေ့မျက်နှာစာထက် ဘေးတစ်ဖက်တစ်ချက်က အတော်ပို၍ ရှည်လျားလှသည်။ ခြံဝင်းကြီးအတွင်းတွင် အုန်းပင်၊ ငှက်ပျော ပင်၊ မာလကာပင်၊ သရက်ပင်ကြီးများဖြင့် ဝေစည်၍နေသည်။

ခြံကြီး၏ အဆုံးတွင်မှ လမ်းသွယ်လေး တစ်လမ်းက ကန့်လန့်ဖြတ်ခံ နေသည်။ ခြံကြီး၏ တောင်ဘက်စွန် နယ်နိမိတ်ပင် ဖြစ်တော့သည်။ အဆိုပါ ခြံထောင့်စွန်၏ အတွင်းဘက်လှမ်းလှမ်းတွင် သွပ်မိုးနှင့် သစ်သားထရံကာ အဆောက်အအုံဟောင်းတစ်လုံး ရှိသည်။ ခြံစောင့်၊ သို့မဟုတ် အစေခံအိမ် လုံးကလေး ဖြစ်ဟန်တူသည်။ ခေါင်မိုးသွပ်များမှာ သံချေးအထပ်ထပ်၊ ဖုန် အလိမ်းလိမ်းနှင့် လပ်သည့်နေရာကလပ်၊ ရွဲ့သည့်နေရာက ရွဲ့နှင့် မြင် မကောင်း၊ ရှုမကောင်း ဖြစ်နေသည်။ လမ်းဘက်သို့ မျက်နှာမူထားသော အိမ်ဘေး ပြတင်းပေါက်တံခါးမှာ ပြုတ်ကျလုဆဲဆဲ ရွဲ့စောင်းလျက် ပိတ်ထား သည်ကို တွေ့ရသည်။ ပျဉ်ကာများမှာလည်း ဆွေးနေရုံမျှမက တချို့မှာ ပြုတ် ထွက်လျက် တချို့ကား တိုးလိုးတန်းလန်း ရှိနေကြသည်။

ကန့်လန့်ဖြတ် လမ်းသွယ်ကလေးအတွင်းသို့ မင်းစောဝေ ချိုးဝင်လိုက် သည်။ အဆိုပါအိမ်အိုအိမ်ပျက်၏ မျက်နှာစာရှေ့ကို သွား၍ ကြည့်သည်။ ထိုနေရာတစ်ဝိုက် သရက်ပင်နှင့် ငှက်ပျောပင်များ မင်းမူနေကြသည်။ ငှက် ပျောပင်ရွက်ကြီးများကြားမှ လှမ်းမြင်ရသည့် ရှေ့တံခါးရွက်နှစ်ရွက်မှာ ယိုင် ရွဲ့လျက် မဟတဟ ပွင့်နေသည်။ ထိုတံခါးရွက်များကို သံကြိုးထည့်လျက် သော့ခတ်၍ ထားပြန်သည်။ လူသူနေထိုင်ဟန်မရှိ။ ယခင်ကတည်းကပင် ပစ်စလက်ခတ် ပေယျာလကန် ပြုထားသောအိမ်အိုအိမ်ပျက်လေးတစ်လုံး ဖြစ်သည်။

ခြံတောင်ဘက် ဂိတ်ပေါက်သံဆန်ခါတံခါးကိုလည်း သံကွင်းကြိုးဖြင့် ပတ်ပြီး သော့ခတ်ထားသည်ကို တွေ့ရပြန်သည်။ သော့မှာ သံချေးပင် တက် နေသည်။ ခြံဝင်းထဲက ထွက်လာသော အုတ်ခဲကျိုးခင်း ကားလမ်းဖုံ့ဖုံ့ တစ်လျှောက် မြက်ပင်ချုံနွယ်များ အပြိုင်းအရိုင်းထနေသည်က အသုံးမပြု ဘဲ စွန့်ထားသည်မှာ ကြာမြင့်ပြီဖြစ်ကြောင်း ဖော်ညွှန်းနေသည်။



"ဘာကိစ္စရှိလို့ပါလဲ မောင်ရင်"

ခြံဂိတ်ပေါက်ဟောင်း၏ ရှေ့တွင် ရပ်ကြည့်နေသည်။ မင်းစောဝေသည် နောက် ကျောဘက်က လှမ်းမေးသံတစ်သံကို ကြားလိုက်ရ၍ လှည့်ကြည့်လိုက်မိ သည်။ အသက် ၆၀ အရွယ် ခပ်နွမ်းနွမ်း လူကြီးတစ်ယောက်ကို တွေ့ရသည်။

"ဒီအိမ်ကလေးနဲ့ခြံက ဘယ်သူ့ဟာလဲဗျ"

"သူဌေးဦးစိန်းရဲ့ခြံပါ။ ဒါက အသုံးမပြုခဲ့တာ နှစ်အတော်ကြာသွားပြီ။ ဘာကြောင့်လဲတော့ မသိဘူး။ ဒီလမ်းပေါက်ကသာ ထွက်ရင် မြို့ထဲကို ပိုနီး တယ်လေ"

မင်းစောဝေသည် ထိုလူကြီးနှင့် အတူ စကားတပြောပြောဖြင့် မြို့တွင်း ဘက်ဆီသို့ ပြန်လျှောက်လာသည်။ စင်စင်သူသည် ရေတွင်း အဘယ်မျှပင် ခန်းခြောက်နေပါစေ၊ ရေထွက်ကောင်းအောင် ကျွမ်းကျင်စွာ စုပ်ယူနိုင်သော ရေစုပ်စက်ပမာ တူလှသည်။ ထိုလူကြီး ကိုယ်နှိုက်ကလည်း ခန်းခြောက်နေ သည့် ရေတွင်းမဟုတ်ပါပေ။

"အင်း၊ သေသွားရှာတဲ့ သူ့ဇနီးသည်ကလည်း ယိုင်ချည့်ချည့်ပါ။ ကျန်း မာတဲ့ ယောကျ်ားတွေ အများအပြား ကြာရင် စိတ်မရှည်နိုင်ကြတဲ့ နာတာ ရှည်ရောဂါသည်တစ်ယောက်နဲ့ တူလှတယ်"

မင်းစောဝေသည် အလျဉ်းသင့်သလို မေးခွန်းတစ်ခုတလေ မေးကြည့် လိုက်သည်။ မမျှော်လင့်ဘဲ ပိုမို၍ ပြီးပြည့်စုံလှသော အဖြေများကို ရရှိလိုက် သည်။

"အင်းဗျ …ဒေါ်ခြယ်ခမျာကား စီးရင်မူး၊ သဘော်စီး ပြန်လည် လှိုင်းမူး တတ်တယ်။ ဒါကြောင့် သူခရီးထွက်တိုင်း ခုလူတွေ ဆောင်ထားတတ်ကြတဲ့ ခရီးသွားရင်း မူးဝေအော့အန်တတ်တာမျိုးကို သက်သာစေတဲ့ ဆေးဘူးလေး တစ်ဘူးလောက် အမြဲဆောင်ထားတတ်တယ်။ မြို့ထဲက "ဇီဝကဆေးဆိုင်" က ကိုဘိုးအောင်တောင် ညည်းနေတယ်။ သူ့ဆိုင်မှာ အဲဒီ ဆေးဘူးလေး ငါးဘူးလောက် ကျန်နေတယ်။ ဝယ်မယ့်လူလည်း မရှိဘူးတဲ့။ ပဲခူးက လူတွေ ကလည်း မြစ်ဖျား၊ ချောင်းဖျား ခရီးသွားတတ်တဲ့လူ အနည်းသားပဲ"

သူနှင့် မင်းစောဝေသည် ပဲခူးမြို့တွင်းသို့ ရောက်လာသည်။ မင်းစောဝေသည် မမျှော်လင့်သည့် နေရာများဆီသို့ ရောက်အောင်သွားကာ သူ၏အဖိုးတန်လှသော အချိန်များကို ဖြုန်းလိုက်သည်။ ဇီဝကဆေးဆိုင်နှင့် ပန်းပဲဆိုင်တို့ဆီကို ရောက်ခဲ့သည်။ ပြီး ညောင်လေးပင် - ရန်ကုန် နောက်ဆုံး အစုန်ရထားကို တဲတဲကလေး မီလိုက်၍ ရန်ကုန်သို့ ပြန်နိုင်ခဲ့သည်။

နောက်တစ်နေ့တွင် တာဝန်ခံ အယ်ဒီတာ ဦးသန်းဝင်းနှင့်တွေ့ပြီး "ကျွန်တော် ဦးစိန်းနဲ့ တွေ့ခဲ့တယ်။ တော်တော် စိတ်ဝင်စားဖို့ ကောင်းတဲ့ လူကြီးပဲ။ အသေးစိတ်တော့ ကျွန်တော် နည်းနည်း ထောက်လှမ်းကြည့်ဖို့ လိုဦးမယ်" ဟု သတင်းပို့ခဲ့သည်။

* * *

နောက်တစ်နေ့ (စနေနေ့) တွင် မင်းစောဝေ တစ်နေကုန် အလုပ်ရှုပ်လျက်ရှိသည်။ တနင်္ဂနွေနေ့သို့ ရောက်ပြန်မူ သတင်းထူးလျှင် ထူးသလို မျက်ချည်ပြတ်ခံ၍ မဖြစ်သော သတင်းထောက်တစ်ယောက်အဖို့ နားရက်မဟုတ်ပေ။ လမ်း (၃၀) အောက်လမ်းက သူ၏အိမ်ခန်းရှိရာသို့ ပြန်ရောက်ချိန်ဝယ် ည ၇ နာရီခန့် ရှိပေပြီ။ ထိုကဲ့သို့နေ့မျိုးကို စောစော ပြန်ရောက်လာသည်ဟု ဆိုရမည်ဖြစ်သည်။ သူ၏ ဘီအက်(စ်) အေမော်တော်ဆိုင်ကယ်ကို အိမ်ရှင် ဦးလှိုင်ဘွားတို့၏ အောက်ဆုံးထပ် အိမ်ခန်းထဲသို့ သွင်းလိုက်သည်။

ထိုစဉ် အိမ်အတွင်းခန်း ခန်းဆီးစ တလှုပ်လှုပ်နှင့် ဟသွားသည်။ သနပ်ခါးပါးကွက်ကျားလေးနှင့် အနှင်း လျှောခနဲ ထွက်လာသည်။ မင်းစောဝေ စောစော ပြန်ရောက်လာသည်ကို တွေ့လိုက်ရသဖြင့် သူ၏မျက်နက်ဝန်းအိမ်ကြီးသည် ရွှန်းလဲ့တောက်ပသွားသည်။

"ကိုကို မင်းထမင်းဆာနေရင် ခူးလိုက်ရတော့မလား"

အနှင်း၏ ချိုအေးအေး အသံသည် မင်းစောဝေ ပင်ပန်းနွမ်းနယ်လာသမျှကို လျော့ကျစေလျက် လန်းဆန်းသွားသည်။ စင်စင် အနှင်းသည် အိမ်ရှင် ဦးလှိုင်ဘွားတို့ လင်မယား၏ မွေးစားသမီးတစ်ယောက်သာ ဖြစ်သည်။ သို့



သော် တစ်အိမ်လုံးကို သူ၏ လက်ထဲအပ်ထား၍ အားလုံး သူ့လက်သူ့ခြေ ဖြစ်နေသည်။ တစ်ကိုယ်ရေတစ်ကာယ ဖြစ်သည့် မင်းစောဝေ၏ စားရေးသောက်ရေး၊ လျှော်ရေးဖွပ်ရေးကအစ အခန်းသန့်ရှင်းရေးများကိုပါ မေတ္တာရှိဆောင်ရွက်ပေးနေရှာသူ ဖြစ်သည်။

"ကိုယ် ရေးမိုးချိုးပြီးမှ ပြန်ဆင်းလာမယ်လေ"

"ဒါဆို အနှင်း ထမင်းပွဲ ပြင်ထားလိုက်တော့မယ်နော်"

မင်းစောဝေသည် ရေ ကမန်းကတန်းချိုးပြီး အနှင်းပြင်ပေးထားသည့် အငွေ့တထောင်းထောင်းနှင့် ထမင်းပွဲကို အားပါးတရ စားလိုက်သည်။ ဦးလှိုင်ဘွား၏ ဇနီးဒေါ်မြပွင့်က ထမင်းဝိုင်းနားသို့ လာပြီး မင်းစောဝေအား ဧည့်ခံပေးနေလိုက်သေးသည်။ အားလုံးက မင်းစောဝေအား အိမ်ငှားလို သဘောမထားဘဲ မိသားစုသဖွယ် ခင်မင်လေးစား စောင့်ရှောက် ပေးနေကြပေသည်။

ဒုတိယထပ်က သာ၏ အိပ်ခန်းထဲသို့ မင်းစောဝေ ပြန်ရောက်လာချိန်ဝယ် ၈ နာရီမတ်တင်းခန့် ရှိပေပြီ။ ဗိုက်လေးလေး ရှိသည်နှင့် သူသည် လသာဆောင်ဘက်သို့ ထွက်လာသည်။ နတ်တော်လပြည့်နေ့သို့ ရောက်ခါနီးည၏ လရောင်သည် သူ့အားတွေးပွေ့လိုက်သည်။ မြောက်လေပြည်ကလေးကလည်း သွေးလာသည်။ သူသည် ပို၍ လန်းဆန်းသလို ရှိသွားသည်။ ဒါလဟိုဇီလမ်း (ယခုမဟာဗန္ဓုလလမ်း) ဆီသို့ လှမ်းမျှော်ပြီး ကြည့်လိုက်သည်။ လရောင်၏ အလင်းနှင့် အပြိုင် ရန်ကုန်ည၏ လျှပ်စစ်မီးရောင်များက ထိန်ထိန်ညီးလှသည်။ သူတို့တိုက်နှင့် မျက်နှာချင်းဆိုင် ခပ်စွေစွေက ကုလားဗလီဝတ်ကျောင်းမှာ ငြိမ်သက်လျက်ရှိသည်။

လေနှင့်အတူ နှင်းမှုန်နှင်းဖွဲ့စများ သယ်ဆောင်လာဟန်နှင့် သူ၏မျက်နှာပြင်ကို ဖျန်းပက်လိုက်သည်။ ရင်ထဲ အေးမြမြ ခံစားရနိုက် ရုတ်တရက် ဒိတ်ခနဲ ဖြစ်သွားရသည်မှာ သူ့ဘက်သို့ မျက်နှာပေးပြီး လျှောက်လာလျက် ဗလီဝတ်ကျောင်းအနီးသို့ ရောက်လာသော လူတစ်ယောက်ကြောင့် ဖြစ်သည်။ ထိုလူဘသည် တိုက်ခန်းများရှိရာကို ဟိုမော့သည်မော့နှင့် ကြည့်လာသည်။

ပြည့်လုစလရောင်နှင့် လမ်းမီးတိုင်များဆီက အလင်းရောင်ကြောင့် ထိုလူ၏ပုံပန်းသဏ္ဌာန်ကို သဲကွဲစွာ တွေ့လိုက်ရသည်။

ရုတ်ခြည်း မင်းစောဝေသည် လသာဆောင်၏ ဘေးပုဏ္ဏားကွယ် မှောင်ရိပ်ထဲသို့ လှစ်ခနဲ တိုးကပ်လိုက်သည်။ တစ်ချိန်တည်းမှာပင် အဆိုပါလူသည် သူ၏တိုက်ခန်းရှိရာသို့ မော့ကြည့်လိုက်သည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရပြန်သည်။ အရပ်မြင့်မြင့်၊ ကိုယ်နေမတ်မတ်နှင့် အသားမည်းမည်းလူသည် သူ၏တိုက်ခန်းရှိရာ ပလက်ဖောင်းဘက်သို့ ဖြတ်ကူးလာသည်။ သူ၏တိုက်ရှေ့တည့်တည့်သို့ ရောက်လာပြီးနောက် ထိုလူ့ကို သူ၏ နေရာကနေ မမြင်မတွေ့နိုင်တော့ပေ။ တစ်ဆက်တည်း လှေကားထစ်များပေါ်ကိုတစ်ထစ်ချင်း ဖြည်းဖြည်းနှင့် မှန်မှန်တက်လာသည့် ခြေသံများကို ကြားမိပြန်သည်။ မကြာမီ တံခါးခေါက်သံဆင့်ကဲပေါ်လာသည်။ ပြီးမှ လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။

အကျဉ်းအကျပ်ထဲကျချိန်၌ မင်းစောဝေ၏ မျက်နှာသည် သံမဏိပမာ တင်းခဲသွားတတ်သည်။ သူ့ဧည့်ခြေရရပင် ဧည့်ခန်းကို ဖြတ်လျှောက်လာသည့်။ တံခါးရှက်ကို ဖွင့်လိုက်သည်။ နောက်ထပ် ကျန်သေးသော သံဘာဂျာတံခါးကို ကိုင်၍ ရပ်နေသည့် မျက်နှာထား သုန်မှုန်စွာနှင့် လူကို ရင်ဆိုင်လိုက်သည်။

မင်းစောဝေသည် သံဘာဂျာတံခါးသော့ကို ထပ်ဖွင့်၍ ပေးသည်။ ထိုလူ့အား ခေါင်းညိတ်ပြလိုက်သည်။

– ထိုလူသည် ဧည့်ခန်းအတွင်းသို့ ရဲတင်းစွာပင် လှမ်းဝင်လာသည်။ ၅ ပေ ၉ လက်မခန့် ရှိသော မင်းစောဝေ၏ အရပ်အမောင်းကြီးကိုပင် ထိုလူ မှီလုမှီခင် ရှိသည်။ သူတို့နှစ်ယောက် မျက်လုံးချင်း ရင်ဆိုင်လိုက်ကြရာတွင် သံကိုသံချင်းခတ်မိသလို မီးစတဖွားဖွား တောက်လုခမန်းပါပေ။ သို့သော် မင်းစောဝေ၏ မျက်လုံး အတွင်းအားသည် လျှံညီးသွားရကား ထိုလူ့မျက်လုံး ရွေ့သွားသည်။

"ဘာကိစ္စရှိလို့လဲ ကိုမှူး"



မင်းစောဝေ စပြီး မေးလိုက်သည်။ ပြီး သူ၏ စာရေးစားပွဲဆီကို လက်တစ်ဖက်ဖြင့် ညွှန်ပြလိုက်သည်။

ကိုမှူးသည် မင်းစောဝေ၏ ရှေ့တည့်တည့် ကုလားထိုင်ကစ်လုံးတွင် ဝင်ထိုင်သည်။ သူ့ကို ၃ နှစ်သာသာ ထောင်ထဲ ပို့ထားခဲ့သော မင်းစောဝေအား စေ့စေ့ကြည့်လိုက်ပြန်သည်။ သူ၏ ခပ်ပါးပါး နှုတ်ခမ်းထောင့်စွန်းများသည့် တွန့်ကွေးသွားကြသယောင် ရှိသည်။

"နေကောင်းတယ်နော် ...၊ သတင်းထောက်ကြီး" ခနဲ့ခနဲ့ လေသံဖြင့် ကိုမှူးနှုတ်ဆက်လိုက်ပြီးနောက် "ကျုပ်ကို ထပ်ပြီး တွေ့ရလိမ့်မယ်လို့ ခင်ဗျား ထင်မထားဘူး မဟုတ်လား"

"ဒီလောက် စောစော ပြန်တွေ့ရမယ်လို့တော့ မျှော်လင့်မထားဘူး။ ဒါပေမဲ့ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်က ခင်ဗျား အကျင့်ကောင်းလာအောင် သွန်သင်ဆုံးမလိုက်တာကြောင့် စောစော ပြန်လွတ်လာတာလို့ ထင်ပါတယ်"

ထိုလူ၏ အပြုအမူအကျင့်အကြံကောင်းလာမှုကို ချီးမွမ်းလက်ဆောင်ပါးဟန်ဖြင့် မင်းစောဝေ တုံ့ပြန်သည်။

"ကျုပ်ဘာကြောင့် လာတွေ့တယ်ဆိုတာကိုတော့ ခင်ဗျား ရိပ်စားမိမယ်ထင်တယ်ဗျ။ ကျုပ်ဟာ သတိမေ့လျော့တတ်တာ တော်တော် ညံ့ဖျင်းလွန်းလှမယ်၊ ကိုမင်းစောဝေ။ ဘုရင့်အပေါ်မှာ ဘုရင်ဆင့်ရမှ အခွင့်လှကြမှာကိုးဗျ"

မင်းစောဝေ၏ မျက်ခုံးထူ နှစ်တန်း မြင့်တက်သွားကြလျက် -

"ဒီစကားကို ကျုပ်တော်တော်လေး ရင်းနှီးကျွမ်းဝင်နေတယ် ထင်တယ်။ နေဦး၊ ကျုပ်စဉ်းစားပါရစေဦး။ ဒါဟာ ဇာတ်ဆန်ဆန်ဝတ္ထုဆန်ဆန်စကားပဲ။ အဲ ...ဒါဟာ စုံထောက်ကြီး ဦးစံရှားဝတ္ထုထဲက မဟုတ်လား။ ဝတ္ထုနာမည်က "ကြိုးကြာကန်ရှာ လူသတ်မှု" ပဲဖြစ်မယ်"

"ဒါပေမဲ့ ခုဇာတ်သွားကတော့ တခြား ဖြစ်ကောင်းဖြစ်သွားနိုင်တယ်ဗျ" မျက်နှာရှည်နှင့် ကိုမှူးသည် ပါးစပ်မပွင့်တပွင့် ဟ၍ ပြောနေသည်။ "ခင်ဗျားကို ကျုပ် ပညာပြရတော့မယ်။ ခင်ဗျားရဲ့ကိုသွားပြီး တိုင်ချင်လည်းတိုင်ပါ။

ခင်ဗျားကို ချိုမြိန်တဲ့ အရသာပေးမှာပါ။ ကျုပ်ကို အရေးယူဖို့ ဒီတစ်ခါ ဘာအထောက်အထားမျှ ရှိမှာမဟုတ်ဘူး။ ခင်ဗျား တထောကြီး အချောင်နှိုက်ယူထားလိုက်တဲ့ ငွေတွေ ကျုပ်ရအောင် ပြန်ယူမှာပါ၊ ကိုစောမင်းဝေ"

ရုတ်ခြည်း မင်းစောဝေ မျက်နှာပြင်တစ်ခုလုံး ရဲခနဲ နီမြန်းသွားသည်။ နားရွက်များပင် ပူထူ၍ တဖျဉ်းဖျဉ်း ဖြစ်လာကြတော့သည်။ သူတစ်လုံး တစ်ခဲကြီး ငွေထောသွားသည်ဟူသည့် ကောလာဟလကကို တလွဲအလိမ္မာ ဉာဏ်ရည်များသော ကိုမှူးလို လူတစ်ယောက်ပင် မျက်စိမှိတ် ယုံကြည်နေပါပကော။

"ရနိုင်ပါလိမ့်မယ်။ စောင့်ကြည့်၊ ကျုပ်တော့ ဖိနပ်တစ်ရန်တောင် ဝယ်မစီးနိုင်တော့ဘဲ လမ်းသလားရတော့မယ်လူ ဖြစ်တော့မယ်ထင်ပါရဲ့"

မင်းစောဝေသည် မျက်နှာကို ပြန်ပြင်ပြီး ခပ်တွေ့တွေ့ လှောင်လိုက်သည်။

"ခုမှ ထမင်းရည်ပူလာ လျှာလွှဲ ပြောမနေနဲ့တော့ဗျ။ ဒီဖြစ်ရပ်က သတင်းစာတွေထဲမှာ ဟိုးလေးတကျော်ပါခဲ့တာ တစ်တိုင်းပြည်လုံးအသိ။ ခင်ဗျားတို့ သတင်းစာတောင် ဒီသတင်းထည့်ခဲ့တာပဲ မဟုတ်လား၊ ခင်ဗျားတို့ သတင်းစာကျတော့ ဖုံးဖုံးဖိဖိ ..."

ကိုမှူး စွတ်ပြောနေသည်ကို မင်းစောဝေ ချက်ချင်း ဟန့်တားလျက် –

"ကျုပ်တို့ သတင်းစာရဲ့ သစ္စာဖြောင့်မတ်မှုကိုတော့ ထိခိုက်မပြောနဲ့။ ပြောချင်ရင် ကျုပ်ကို တဲ့တိုးပြော"

"ခုပြောနေတာပဲလေ၊ ယောက်ျားပီပီ ခင်ဗျား အပြစ်ကို ခင်ဗျား သတ္တိရှိရှိ ဝန်ခံစမ်းပါ။ ကျုပ်အိမ်ကို ညအချိန်မတော်မှာ ခင်ဗျား ရဲတွေခေါ်လာပြီး ဝိုင်းတယ်။ ကျုပ်က အမြဲ အသင့်ထုပ်ထားတဲ့ ငွေထုပ်ကိုပိုက်ပြီး ထွက်ပြေးတယ်။ အိမ်ပြင်ခြံဝင်းထဲမှာ ခင်ဗျားနဲ့ ရဲအင်စပက်တော်မြဝင်းတို့နဲ့ ပက်ပင်းတိုးတယ်။ ကျုပ်က တပည့် အဖမ်းခံရမှာစိုးလို့ ခင်ဗျားတို့ကို ဝင်လုံးတယ်။ ငွေထုပ်တွေလည်း ဖွာလန်ကြဲထွက်ကျကုန်တယ်။ တပည့်ကတော့ မှောင်ရိပ်ခိုပြီး လွတ်သွားတယ်။ ကျုပ်ပဲ ခေါင်းခံလိုက်ပါတယ်။ ရုံးတော်ကျတော့ သက်



သေခံပစ္စည်းတွေ ခင်ဗျားတို့ တင်ပြကြတဲ့ အခါ ငွေခြောက်သောင်းကျော်ကွာနေတယ်"

"အဲဒါကို ခင်ဗျားပဲ ရုံးတော်မှာ တင်ပြတဲ့ သက်သေခံငွေတု ရွက်ရေ ကွာနေတယ်။ ခင်ဗျားရဲ့ စုစုပေါင်း ရာတန်တု တစ်ထောင့်သုံးရာလေးဆယ်ရွက်ရေမှာ ရွက်ရေ ခြောက်ရာနှစ်ဆယ့်ငါးရွက်လျော့နေတယ်လို့ ခင်ဗျားရဲ့ ရှေ့နေကနေတစ်ဆင့် ရုံးတော်ကို တင်ပြခဲ့တာပဲ မဟုတ်လား"

"ဒီကွာဟ ပျောက်ဆုံးနေတဲ့ ရာတန်တုတွေကိစ္စကို မီးခိုးကြွက်လျှောက်လိုက်စစ်တယ်။ ခင်ဗျားရော၊ အင်စပက်တော်မြဝင်းနဲ့ တခြားရဲတွေကိုလည်း ခေါ်စစ်တယ်။ ဒီမှာတင် ခင်ဗျားတို့ သတင်းစာတွေ ဖော်ကောင်လုပ်လို့ အင်စပက်တော်မြဝင်း ကြည့်မြင်တိုင်ဘက်မှာ အိမ်တစ်လုံး ဝယ်ထားတာပေါ်သွားတယ်။ အင်စပက်တော်မြဝင်းက သူ့မိဘတွေက ဝယ်ပေးတာပါလို့ အစစ်ခံသွားတယ်။ မကြာဘူး၊ အင်စပက်တော်မြဝင်း အရက်ကို အသက်နဲ့လဲသွားတယ်ဆိုပြီး သေနတ်နဲ့ သူ့ကိုယ်သူ သတ်သေလို့ စခန်းသိမ်းသွားတယ်။ ဒီမှာတင် အမှုကရှာလည်ပြီး ကျုပ်ကို ပြန်ပတ်တယ်"

"ခင်ဗျားလို လူစားမျိုးပြောတဲ့စကားကကော ယုံရလို့လား"

"ကျုပ် ကျမ်းကျိန်ပြီး ရုံးတော်ပေါ်မှာ ထွက်ခဲ့တာပဲ မဟုတ်လား"

"ကျမ်းမပြောနဲ့၊ ဂျမ်းတောင် ခင်ဗျား မဖြုံပါဘူး"

"ဘာပဲဖြစ်ဖြစ် ရာတန်စက္ကူတု ရွက်ရေ ခြောက်ရာကျော်ပျောက်တာကတော့ ပျောက်နေတာပဲ။ ငွေထုပ်တွေ ထွက်ကျကုန်တာ ခင်ဗျားတို့လည်း အသိမဟုတ်လား။ အင်စပက်တော် မြဝင်း မဟုတ်ရင် ခင်ဗျား"

မင်းစောဝေသည် ထိုင်ရာက ဖြုန်းခနဲ ထကာ စားပွဲပေါ်မှ လှမ်း၍ ကိုမှူး၏ အင်္ကျီရင်ဘတ်ကိုဆွဲပြီး လက်သီးရွယ်လိုက်သည်။ သို့သော် ကိုမှူး၏ စွပ်စွဲချက်မှာလည်း နစ်ထဲမှ တစ်နုတ်လျှင် ရမည့်အဖြေဖြစ်နေ၍ မငြင်းသာပေ။ ကိုမှူးမပြောနှင့် သတင်းထောက် အသိုင်းအဝန်းကပင် "ကိုယ့်လူ တော်တော်ထောသွားရဲ့လား" ဟု ရိသလိုလိုနှင့် နောက်ချင်ပြောင်ချင်ကြသေးသည်။

မင်းစောဝေသည် မခံချင်စိတ်နှင့် ထိုအမှုကို ဆက်လိုက်မည် ကြံသေးသည်။ အင်စပက်တော်မြဝင်း၏ သားမယားများသည် ရန်ကုန်က အိမ်ကို ရောင်းချကာ မန္တလေးသို့ ပြောင်းရွှေ့သွားကြသည်။ သူတို့ တင့်တောင့်တင့်တယ်နေနိုင်ကြသည့် သတင်းကို ကြားရသည်။ ထိုကိစ္စက တကယ်ဖြစ်ရိုးမှန်ပါမူ အင်စပက်တော်မြဝင်းလည်း သူ့တရားသူ စီရင်သွားပြီး ဖြစ်သည်။ သူ့ဘက်ကပါ ထိုအမှုဆက်ရှည်နေမည်ဆိုလျှင် သူ့အပြစ်သူ ဖုံးကွယ်လို၍ ဆိုပြီး လူတွေ မေးငေါ့ကြဦးမည်။

သို့နှင့် ကံတရားအတိုင်းပဲ ဟု ဆုံးဖြတ်ကာ ထိုကိစ္စကို မေ့ပျောက်နိုင်အောင် ကြိုးစားခဲ့သည်။ သူ့မိဘများ ချမ်းသာကြ၍သာ သူယခုလို ဘီအက်(စ်) အေမော်တော်ဆိုင်စီးလျက် ရန်ကုန်တွင် အိမ်ခန်းတစ်ခန်း ငှားပြီး ပေါ်ကြော့နေနိုင်ခြင်းဖြစ်သည်။ ကံကောင်းထောက်မပြီး ကိုမျိုးအမှုမဖြစ်ပွားမီကတည်းက ယခုလို နေနိုင်ထိုင်နိုင်ခဲ့၍ တော်ပေသေးသည်။ နောက်ပိုင်း သတင်းထောက်လောကမှ မင်းစောဝေ၏ လူမှန်စိတ်ဖြောင့်သဘောထားကို နားလည်လာကြသဖြင့် အစအပြောင် အလိုလို စဲသွားသည်။

ထိုကဲ့သို့ စဲသွားချိန်ကျမှ မီးပြန်မွှေးနေသူမှာ ကိုမျိုးပင် ဖြစ်သည်။ "ဒီလူလည်း သူ့တရား သူစီရင်လိမ့်မယ်" ဟု တွေးမိကာ ရွယ်ထားသော လက်သီးကိုပြန်ရုပ်လိုက်တော့သည်။

ကိုမျိုးသည် မထီမဲ့မြင်ဟန်ဖြင့် သူ၏အင်္ကျီရင်ဘတ်ကို ပြန်၍ ဆွဲဆန့်ပြီး -

"ဘယ်သူက ဘုရင့်ဘုရင်လဲဆိုတာ တစ်နေ့တော့ ရုပ်လုံးပေါ်လာဦးမှာပါ။ ကြည့်ကြသေးတာပေါ့။ တစ်နေ့နေ့ တစ်ချိန်ချိန် မင်းအငိုက်မိခံရတဲ့ အချိန်ကြုံဦးမှာပါ။ အဲဒီကျ ဘယ်ရဲကမျှ ငါ့ကို လူသတ်မှုနဲ့ ဖမ်းလို့ရမှာမဟုတ်ဘူး။ ဒါတွေအားလုံး ငါ စဉ်းစားထားပြီးပြီ"

"ကျုပ်လန့်ရမယ့်လူ လူပြည်မှာ မမွေးသေးဘူးထင်ပါတယ်ဗျ။ ဒါဟာ ခင်ဗျား ရွတ်ပြခဲ့တဲ့ စုံထောက်ကြီးဦးစံရှားဝတ္ထုတစ်ပုဒ်ထဲက စကားပဲ။ အဲဒီဝတ္ထုက "အာဇာနည်အသင်းအမှု" ဗျ"



"ကျုပ် သတိပေးခဲ့ပြီးပြီနော်"

ပြောပြောဆိုဆို ကိုမျိုးသည် ထိုင်ရာက ထလိုက်သည်။ သူ၏ နှုတ်ခမ်းစွန်းမှ အပြုံးသည် လှုပ်လီလှုပ်လဲ ရှိနေသေးသည်။

"ကျုပ်သတိပေးခဲ့တာကို သေသေချာချာ အပြန်ပြန် အလှန်လှန် စဉ်းစားပါ။ အချိန်မီ အားလုံး ပြန်ပေးနိုင်ရင် မင်းလည်း အကျိုးရှိစေရမှာပါ။ မမိုက်ချင်စမ်းပါနဲ့။ နသေးတယ်ကွ။ လာမယ့် တစ်ရက်နှစ်ရက်အတွင်း မင်းခုလို ပျော်နိုင်မော်နိုင်တော့မယ် မဟုတ်ဘူး"

မင်းစောဝေသည် သူ၏ ကုလားထိုင်လက်ရန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ရသည်။ မျက်ခုံးထူကြီး နှစ်တန်း အလယ်သို့ကျုံ့ဝင်သွားကြပြန်သည်။ တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်နေသည်ဟု ထင်ရ၏။

ကိုမျိုး၏ လက်သည် သံဘာဂျာတံခါးလက်ကိုင်ပေါ် ရောက်သွားသည်။

"ချွမ်"

ရုတ်တရက် အသံတစ်သံ ကျယ်လောင်စွာ ပေါ်ထွက်သွားသည်။ တစ်ခုခု သံဘာဂျာတံခါးကို အရှိန်နှင့် ရိုက်ခတ်သံ ဖြစ်သည်။ ကိုမျိုး၏ ပါးပြင်နားက ရုပ်ပြီး လျှပ်ပြက်သလို ဖြတ်သွားသည်။ သံဘာဂျာတံခါးတွင် ရဲရဲနီသွားသလို သူ၏ မျက်နှာပေါ်မှာလည်း လာ၍ စဉ်ကုန်သည်။ သူ၏ ခြေရင်းတွင် မှင်နီအိုးကွဲစများ လွင့်ကျဲနေသည်။ ဒေါသဖြင့် မင်းစောဝေဘက်ကို ချာခနဲ ကြည့်လိုက်သည်။

မင်းစောဝေသည် စားပွဲတွင် လက်ပိုက်၍ရပ်ကာ စိန်းစိန်းဝါးဝါးကြီး ကြည့်နေပြီးမှ -

"ဒါ…မင်းအတွက် ငါ့ရဲ့တန်ပြန်ခြိမ်းခြောက်မှု ပဏာမပဲ ရှိသေးတယ်"

ကိုမျိုးကား ဒေါသနှင့် ထိတ်လန့်စိတ်တို့ ထုံမွှမ်းလျက် မျက်နှာပြင်မှာမူ ပိုးဟပ်ဖြူပမာ ဖျော့တော့နေသည်။

"တစ်နေ့ ငါ့အကြောင်း မင်းသိစေရမယ်"

"စိန်လိုက်ဗျာ၊ ကျုပ်ကို သတ်ဖို့ စိတ်ပြောင်းလဲသွားပြီလားတော့ မဆိုနိုင်ဘူး ကိုမျိုး"

ကိုမှူး ပြန်ပက်မည်ပြုသေးသည်။ သို့သော် စကားစ တွေးမရပေ။ သံဘာ ဂျာတံခါးကို ဒိုင်းခဲ ဆွဲဖွင့်ပြီး လေ့ကားအတိုင်း ဝုန်းဝုန်းဒိုင်းဒိုင်း ဆင်းချ သွားသည်။ သူ့အောက်ထပ် မျက်နှာစာက အတွက် မမျှော်လင့်ဘဲ အပေါ်က တစ်စုံတစ်ခု အရှိန်ပြင်းစွာ ထိုးကျလာသည်။ သူ၏ မျက်လုံးများ ပြူးပျာသွား ခိုက် သူ့ခြေရင်းတွင် ကျကွဲသံတစ်သံ ပေါ်လာသည်။ ပန်းအိုးကြီးတစ်လုံး ၏ ကွဲစများ ပြန်ကျဲသွားကြသည်။ အိုးကွဲစများပေါ်ကို ခုန်ကျော်ပြီး အပေါ်ထပ် ဆီသို့ ကြောက်မက်ဖွယ်ရာ မျက်လုံးကြီးများနှင့် မော့ကြည့်လိုက်သည်။

"မင်းထိမသွားသေးဘူးလို့ ထင်တယ်။ ဒီလို ဟာမျိုးတွေ ထပ်ဖြစ်လာဦး မယ်ကွ၊ တစ်နေ့နေ့ တစ်ချိန်ချိန်ပေါ့"

"မင်းအသက်ဖက်နဲ့ ထုပ်ထားပေ့"

ကိုမှူး ကြိမ်းဝါးပြီး ဒါလပ်ဟိုဇီလမ်းဘက်သို့ ပြန်လျှောက်သွားတော့သည်။

"ဘာဖြစ်တာလဲ ကိုကိုမင်း"

တစ်ဖက် လသာဆောင်မှ အနှင်း ထွက်လာကာ စိုးရိမ်သံလေးနှင့် မေး ရှာသည်။

"ကိုယ့်ကို လာပြီး ခြိမ်းခြောက်သွားလို့ အမြည်းပေးလိုက်တာလေ"

"ကိုကိုမင်း အားကြီး စိတ်မြန်တာပဲ"

"မမြန်လို့ မဖြစ်ဘူး အနှင်း၊ လောကမှာ ကြောက်တတ်ရင် အကြိမ်ကြိမ် သေရတယ်။ ကိုယ့်ဘဝမှာ တစ်ကြိမ်ပဲ သေရစေ့မယ်"

မင်းစောဝေ၏ လက်သုံးစကားပင် ဖြစ်တော့၏။

✹ ✹ ✹

ကိုမှူးသည် ကံဘဲ့မှ သံခဲ၏အိမ်ကလေးဆီသို့ နံနက်အစောကြီး ပေါက် ချလာသည်။ သံခဲသည် သူ၏မိတ်ဆွေဖြစ်သလို တစ်ခါတစ်ရံ သူနှင့် ထောင် ကျဖော်လည်း ဖြစ်သည်။

သံခဲသည် အိပ်ရာထနောက်ကျ၍ မျက်နှာသစ်နေဆဲ ဖြစ်သည်။ သူ့ကို မြင်လိုက်ရသည်နှင့် ဘယ်နည်းနှင့်မျှ လူကောင်းမဟုတ်နိုင်ဟု ယူဆဖွယ် ရာ ဖြစ်သည်။ လူက ဂင်တိုတိုနှင့် တုတ်ခိုင်စောင့်တင်းသူ ဖြစ်သည်။ မျက်နှာ



သည် သူ၏ ခန္ဓာကိုယ်နှင့် နှိုင်းယှဉ်ပါမူ အတော်ကြီးမားသည်ဟု ဆိုရမည် ဖြစ် သည်။ သူသည် မျက်နှာကို တဘက်တစ်ထည်နှင့် သုတ်စင်နေရင်းက ပင် ကိုသံ စူးစူးနှင့် -

"ဘာဖြစ်လာတာလဲကွ၊ ပုလိပ်နောက်ကနေ လိုက်လာတာ ကျနေတာပဲ၊ မနက်စောစော ပေါက်ချလာတာ ဘာများ အကြောင်းထူးရှိနေလို့လဲ"

ကိုမှူးက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။

"တော်တော် ခွကျတဲ့ကောင်ပဲ။ မင်းစောဝေနောက်ကို ဒီဥစ္စာကြောင့် လိုက်တော့မလို့လား။ သူက မင်းကို စောင့်နေမယ်လို့ ထင်နေလား။ မင်း ရန် ကုန်ကနေ ပျောက်သွားတာနဲ့ သူ သိမယ်မဟုတ်ဘူးလို့ မင်းယူဆနေသလား"

"သူ့ကို ကြောက်အောင်တော့ ခြောက်လှန့်ခဲ့ပြီးပြီ"

သံခဲ ဟားတိုက်၍ ရယ်ချလိုက်သည်။

"ကောင်းကွာ၊ သူဟာ မင်းလို ဖြူဖပ်ဖြူရော် ဖြစ်နေရင်တော့ ကြောက် မှာပေါ့။ ဒါပေမဲ့ မကြောက်ရေးချ မကြောက်ကွ။ သူက မင်းအပေါ် တမင်လွဲ အောင် ပန်းအိုး ပစ်ချလိုက်တာ။ သူသာ မင်းကို အသေအုပ်ချင်ရင် ခုလောက် ဆို မင်းမသာ ဖြစ်နေပြီ။ သေသေချာချာစဉ်းစား၊ သူက မင်းကို ဆင်ခြင်ဖို့ သတိပေးလိုက်တာပဲ"

ထိုအခိုက် တံခါးခေါက်သံ ပြင်းပြင်း ပေါ်လာသည်။

နှစ်ယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့် မိကြသည်။

"ဘယ်သူတုံးကွ"

သံခဲ အော်မေးလိုက်သည်။ ရင်းနှီးကျွမ်းဝင်လှသော ပြန်ဖြေသံကို ကြား ကြရသည်။

"နယ်ထိန်း ရဲကြပ်ကြီး ဖက်တီးကွ"

သံခဲသည် လေသံအုပ်အုပ်နှင့် သတိပေးလိုက်ပြီး တံခါးကို ဖွင့်ပေးလိုက် သည်။ နာမည်နှင့်လိုက်အောင် ဝဖြိုးတုတ်ခိုင်လှသော ရဲတပ်ကြပ်ကြီးတစ်ဦး ကို တွေ့မြင်ကြရသည်။

"မနက်ခင်းမှာ ဘုရားတရား သတိမရကြဘဲ ဘာတွေများ ခေါင်းချင်းရိုက်ပြီး တိုင်ပင်နေကြတာလဲကွ"

သံခဲသည် ပြန်မဖြေဘဲ သွားအကုန်အစင်ပေါ်အောင် မျက်နှာရှုံ့ခွေး၍ ပြုံးပြသည်။

"မင်းကော ဘာတွေလုပ်နေတုံး ကိုမှူး"

"ဘာမျှ မလုပ်ပါဘူးဗျ"

ကိုမှူးသည် သံသယနဲ့ မကာင်းဟန်နှင့် ကတုန်ကယင် ဖြေလိုက်သည်။

"မင်းကို ငါလာရှာတာကွ၊ မင်းဆီမှာ လိုင်စင်မဲ့ သေနတ်တစ်လက် ရှိနေတယ်ဆို။ ငါတို့မှာ သေနတ်နံပါတ်နဲ့တကွ အတိအကျ သတင်းရထားတယ်"

"ကျွန်တော့်မှာ ဘာသေနတ်မျှ မရှိပါဘူး"

ကိုမှူးသည် စူပုပ်ပုပ် မျက်နှာနှင့် ဖြေသည်။

သံခဲသည် နတ်ကျသလို တုန်လှုပ်သွားသည်။ နောက်တစ်ကြိမ် ထောင်ထဲ ပြန်ဝင်ရမည်ကို စိုးရိမ်နေခြင်း ဖြစ်သည်။

"မင်းတို့ ဂတ်တဲကို လိုက်ပြီး အစစ်ခံမလား၊ ဒါမှမဟုတ် မင်း ကိုယ်ပေါ်ကို အရှာခံမှာလား"

"ကျွန်တော့်ကို ကြိုက်သလို ရှာပါဗျာ"

ကိုမှူးသည် သူ၏လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ပေးလိုက်သည်။

"ငါကြည့်ရုံပါ"

ဟု ရဲတပ်ကြပ်ကြီး ပြောလင့်ကစား တစ်ကိုယ်လုံးကို အသေးစိတ်စမ်း၍ ရှာသည်။

"သတင်းမှားတာပဲ ဖြစ်မလားပဲ"

ရဲတပ်ကြပ်ကြီးသည် လွှတ်ခနဲ ပြောလိုက်ပြီးနောက် ရုတ်တရက် -

"မနက်အစောကြီးတုန်းက ရန်ကုန်ဆိပ်ကမ်းတစ်လျှောက် လမ်းလျှောက်ရင်း မြစ်ထဲကို လွှင့်ပစ်လိုက်တဲ့ဟာများလား"

ကိုမှူးကြက်သီးဖြန်းဖြန်းထသွားသည်။ ထိုမနက်တစ်ခင်းလုံး သူနောက်ယောင်ခံ လိုက်ခံခဲ့ရသည်ကို ပထမဆုံး စသိလိုက်ရသည့် သင်္ကေတပါပေ။

* * *



သံခဲသည် အိမ်ထဲမှ ပြန်ထွက်သွားသော ရဲတပ်ကြပ်ကြီးကို မြင်ကွင်းမှ ပျောက်ကွယ်သည်အထိ စောင့်ကြည့်နေလိုက်သည်။ ပြီး သူသည် အိမ်ထဲသို့ပြန်ဝင်လာကာ အပေါင်းအသင်းအပေါ်ဒေါသတွေ ပုံချတော့သည်။

"မင်းကိုယ်မင်းတော့ လည်လှပြီပေါ့လေ။ ဟိုပုလိပ်က မင်းမှာ သေနတ်တစ်လက်ရှိတယ်။ သေနတ်နံပါတ်ပါ သိနေတယ်။ အဲဒါကိုများ တွေ့များတွေ့သွားရင်တော့ကွာ၊ မင်းတင်မကဘူး။ ငါပါ အဆစ်ထောင်ထဲကို ဝင်ရမှာ"

"ငါမြစ်ထဲကို လွှင့်ပစ်ခဲ့လိုက်ပါပြီ"

"ဉာဏ်လေးတော့ ဟုတ်တုတ်တုတ် ရှိနေသေးသားပဲ"

သံခဲ ပြောရင်း သက်မကြီးကို ရှိုက်သွင်းလိုက်မိသည်။ ပြီး -

"မင်းစောဝေကို ထပ်ပြီး ရမယ် ရှာမနေနဲ့တော့။ ခင်ကင်းကင်းနေ၊ သူ
ာ မြွေပွေးပဲ။ ဒါကိုမှ မင်းနားမလည်ရင် တကယ့်ငတုံးပဲ။ မင်းက ဖွတ်ကျား၊
င်းက သူ့ကို ခြိမ်းခြောက်ခဲ့တယ်။ မင်း ကျားမြီးသွားဆွဲတာနဲ့ ဘာထူးဦးမှာ
ုံး"

"သူတို့ ကျူပ်ကို နောက်ယောင်ခံလိုက်နေတယ်ဆိုတာ တကယ် မသိ
ပ်ါ။ ဒါပေမဲ့ သူ့ကို မိနိုင်မှ ဖြစ်မယ်။ ဒါမှ ကျူပ်ငွေတွေ ပြန်ရမှာ"

"မင်းကြီးတော်အိမ်မှာ သွားဖမ်းပါလား" သံခဲသည် စိတ်ပေါက်ပေါက်နှင့်
ာ်သည်။ "လူဆိုးတစ်ယောက်ကို ငါမမှုဘူး။ လူသတ်သမားတစ်ယောက်
ို ဂရုမစိုက်ဘူး။ ဒါပေမဲ့ စကားတယ်ပြောတတ်တဲ့ လူပြိန်းလူအ၊ လူအန္တကို
ာ့ မသတီဘူး။ မင်းတတ်နိုင်ရင် သူ့ပစ္စည်းကိုရအောင် ယူလေ။ ငါလောင်း
ာကတော့ ဒီငွေတွေအားလုံးကို အိမ်ရာ၊ မြေရာတွေဝယ်ပြီး ရင်းနှီး
ံနှံထားပြီနဲ့တူတယ်။ အဲဒီအိမ်တွေကို မင်းကော ယူလို့ရမှာတဲ့လား။ ဒီ
ကြောင်း ဆက်မပြောနဲ့တော့။ မင်းကို ငါသဘောကျပါတယ် ကိုမှူး၊ အတိုင်း
ာတစ်ခုထိ ဆိုပါတော့။ ဒါပေမဲ့ ငါ ဖြစ်စေချင်တဲ့ အတိုင်းအတာကို
က်ဖို့ အများကြီး လိုသေးတယ်။ ပြီးတော့ ကမူးရှူးထိုးလည်း နိုင်တယ်။
းစောဝေကို ငါသဘောမကျဘူး။ မြွေပွေးတွေဆိုလည်း သဘောမကျဘူး။
ာ့ တိရစ္ဆာန်ရုံဆို ဝေးဝေး ရှောင်တယ်ကွ"

ကိုမှူးသည် ကြည့်မြင်တိုက်ဘက်တွင် သူငှားရမ်းထားသည့် အိမ်ခန်းဆီသို့ ပြန်လာသည်။ လောလောဆယ် သူမှာ အားလပ်နေ၍ သူ၏ငွေများ နှစ်ပေါက်တစ်ပေါက် အပိုင်စီးခံလိုက်ရသည်ကို တနုံ့နုံ့ တွေးနေမိသည်။ ရန်ကုန်ထောင်ကြီးထဲမှာ ပြစ်ဒဏ်ကျခံနေခဲ့ရစဉ်က ရက်ပေါင်း၊ လပေါင်းများစွာ ကြံစည်ခဲ့သော အစီအစဉ်များမှာ ဟာကွက်ပျော့ကွက်များကို တွေ့လာရသည်။

သူ၏ ထိန်းမနိုင်သိမ်းမရ လှုသတ်လိုစိတ်က မူလအကြံအစည်ကို ထပ်မံ၍ မွမ်းမံပြောင်းလဲစေခဲ့သည်။ မင်းစောဝေအား ထိခိုက်နစ်နာစေနိုင်မည့် တခြား နည်းလမ်းများ ရှိနေသေးသည်။ သူ၏ စိတ်အာရုံတို့သည် သတင်းထောက်လိုလို၊ စုံထောက်လိုလိုကောင်၏ ဖုံးဝှက်ထားသော ဇွေရတနာသိုက်ကို ပြန်တွေ့သည့် အတွေးစိတ်ကူးများသာ အမြဲ ရစ်ဝဲဖမ်းစားနေတော့၏။

✸ ✸ ✸

တစ်ပတ်နီးပါးခန့် ကြာမြင့်လာချိန်တွင် တာဝန်ခံ အယ်ဒီတာ ဦးသန်းဝင်းသည် မင်းစောဝေအား တိုက်၏ သီးသန့်ရုံးခန်းငယ်တစ်ခန်းထဲ၌ ခေါ်၍တွေ့သည်။ ထိုအခန်းမှာ ထိပ်တန်းသတင်းများ အပါအဝင် လျှို့ဝှက်ချက်များကို လွတ်လပ်စွာ ပြောဆိုနိုင်စေရန်အတွက် သတင်းစာတိုက်က သီးခြား စီစဉ်ပေးထားခြင်းဖြစ်သည်။

မင်းစောဝေ နောက်ဆုံး အချိန်ထိရထားပြီးသည့် သတင်းအချက်အလက်များကို မေးသည်။ ထို့နောက် ဦးသန်းဝင်းက –

"အခင်းဖြစ်တဲ့ မနက်ခင်း ဝေလီဝေလင်းက လေကြီးမိုးကြီး ကျနေတယ်။ ပြီးတော့ ဒေါ် ခြယ်ကလည်း မကျန်းမာနေတာမဟုတ်၊ ဒီအချက်ကို တို့တော်တော် စဉ်းစားရမယ်ကွ"

"ဒီတစ်ချက်တည်းနဲ့တော့ ကျွန်တော်တို့ သေချာတပ်အပ် ကောက်ချက်ချလို့ မဖြစ်နိုင်သေးပါဘူး။ အဓိက သက်သေအထောက်အထား လောက်လောက်လားလားမျှ မရှိသေးပဲဟာ"

မင်းစောဝေ ပြန်၍ ထောက်ပြသည်။



"ဖအေး ... သတင်းအတိအကျ မဟုတ်သေးဘဲ ထည့်လိုက်ရင် စိတ်ကူးယဉ်ဆန်ဆန် ဇာတ်လမ်း ဖြစ်သွားနိုင်တယ်။ ဒါဆိုရင်လည်း တရားမဝင်နည်းလမ်းတစ်ခုခုနဲ့ မင်းမကြံဆောင်နိုင်တော့ဘူးလား"

ဦးသန်းဝင်းသည် သဟာင်းလောကသားပီပီ သတင်းလောဘကြီးလှသည်။

မင်းစောဝေက ခေါင်းယမ်းပြကာ –

"အဲဒီနေရာတစ်ဝိုက် ကျွန်တော်ကျက်စားနေခဲ့တာကို အရပ်ကလည်း သိနေလောက်ပြီ။ မဖြစ်နိုင်တော့တာက ...အဲ ...အဲ ...ကျွန်တော့် ခြေရာလက်ရာတွေကို မဖုံးဖိနိုင်တော့တာပဲ။ ဒါပေမဲ့ ကျွန်တော့် နေရာကိုတော့ ခြေရာခံမိပြီ။ ကျွန်တော် ပြောနိုင်တာကတော့ ဦးစိန်းအိမ်ကြီးနဲ့ နည်းနည်း ..."

ထိုတစ်ကြိမ် ခေါင်းခါပြသူမှာ ဦးသန်းဝင်း ဖြစ်သည်။

"ခုချိန်ထိတော့ မင်းဘက်က တွက်ဆချက်သက်သက်ပဲ ရှိနေသေးတယ်။ အင်းလေ၊ မင်းမှာ ရာဇဝတ်မှုယဉ်ပါးစိတ်ရှိတယ်ဆိုတာ ငါ သိတယ်။ မင်းတောင် တစ်ခါ ငါ့ကို ပြောဖူးသေးတယ် မှတ်တယ်။ ဒါကြောင့်လည်း ဒီအမှုကို တစ်နည်းတစ်ဖုံ ဆက်လိုက်ဖို့ ငါတိုက်တွန်းနေတာပေါ့"

မင်းစောဝေသည် လေပူကြီးတစ်ချက် မှုတ်ထုတ်ပစ်လိုက်သည်။ သူ၏ အလုပ်စားပွဲဆီသို့ ပြန်လာသည်။ သူမှာ မျှော်လင့်ချက် လုံးလုံးကြီး ကုန်ဆုံးသွားသေးသည်တော့ မဟုတ်ပေ။ အကြောင်းမှာ သူ၏ စုံစမ်းမှုတွင် အသစ်ကျူးကျော်လာမှုတစ်မှု ရှိနေ၏။

အဆိုပါ ရက်သတ္တပတ်အတွင်း သူသည် ပဲခူးသို့ အကြိမ်ကြိမ်ရောက်ခဲ့သည်။ သို့သော် သူတစ်ယောက်တည်း သက်သက် မဟုတ်ပေ။ သတိမမူမိဟု ထင်ယောင်ထင်မှားရှိနေနိုင်သော အချက်ကား အရိပ်ပွားတစ်ခုကို သူဖန်တီးနိုင်ခဲ့ခြင်းပင်တည်း။

အကြောင်းမှာ ကိုမှူးကို ရိပ်ခနဲ ရိပ်ခနဲ အကြိမ်များစွာ သတိပြုမိခဲ့၍ ဖြစ်၏။

နောက်တစ်ကြိမ် ထပ်၍ ကြုံပြန်သည့်အခါ အတွေးတစ်ခု လှစ်ခနဲ ရလိုက်သည်။ တစ်ညနေ ပဲခူး ဘူတာရုံထဲကနေ လှစ်ခနဲ အထွက် သူသာ အရယ်သန်သူ ဖြစ်ပါမူ တခစ်ခစ် အော်ရယ်မိပေတော့မည်။ အကြောင်းမှာ သူ မြင်းလှည်းတစ်စီး ငှားနေစဉ် ကိုမှူးကို ခပ်လှမ်းလှမ်းမှာ တွေ့ရပြန်၍ ဖြစ်သည်။

✸ ✸ ✸

သံခဲသည် ဖျင်းဖျင်းနှင့် ဖဲထုပ်တစ်ထုပ်ကို ချိုးနေသည်။ အောက်ဖဲကို ဆွဲလိုက်တိုင်း တစ်ချွန်းဖဲချပ် ပေါ်လာစေရန် လေ့ကျင့်နေခြင်း ဖြစ်သည်။ ထိုအခိုက် သူနှင့် ယခင်ထောင်ကျဖော်သည် ပောဟောဒိုင်းဒိုင်းနှင့် ဝင်ချလာသည်။ **ကိုမှူး၏ အေးတိအေးစက် မျက်လုံးများထဲဝယ် အောင်မြင်မှု ပီတိဝေဖြာလျက် ရှိသည်ကို အကဲခတ်မိသည်။** ထိုအခါ သံခဲသည် သူ့ကိုယ်သူ အားမရနိုင်ဘဲ စိတ်ဓာတ်အလိုလို ကျသွားသည်။

"ကျုပ် သူ့ကို ကိုင်နိုင်ခဲ့ပြီ"

ကိုမှူး အားရဝမ်းသာပြောလိုက်သည်။

သံခဲသည် ဖဲထုပ်ကို ဘေးချထားခဲ့ကာ ကျုံးထလိုက်သည်။

"ဘယ်သူ့ကိုလဲ" သူ အေးစက်စက် မေးလိုက်သည်။ "လူသတ်ခဲ့တဲ့ ဆိုရင်တော့ မင်းပြေစရာမလိုဘူး။ ဒီကပြန်ထွက်သွားတော့"



**တစ်ဖန် မယုံနိုင်လောက်စရာ အဖြစ်တစ်ခုကို နပူးတွေ့ဒူးတွေ့ ရင်ဆိုင်လိုက်ကြရပြန်သည်။ ခြံဝင်းဝသံဆန်ခါ တံခါးမှာ ဟင်းလင်းပွင့်လျက် ရှိသည်။ လူမည်းမည်းကြီး တစ်ရိပ်သည် သူတို့ရှေ့တည့်တည့်တွင် ရပ်နေသည်။**



"လူသတ်ဖို့တောင် မလိုဘူးဗျ"

ကိုမှူးသည် စားပွဲအလယ်ကောင်ပေါ် တက်ထိုင်လိုက်သည်။ သူ့မျက်နှာပြင်ပေါ်မှာမူ တကယ်အပြုံးပန်းပွင့်လျက် ရှိသည်။

"မင်းစောဝေ နောက်ကို ကျုပ်တစ်ကောက်ကောက် လိုက်နေခဲ့တာ တစ်ပတ်ကျော်လောက် ရှိသွားပြီ။ ဒီငနဲ့ကလည်း တစ်ခုခုနောက် လိုက်နေပုံရတယ်"

ကိုမှူး တမင် စကားဖြတ်ထားလိုက်သည်ကို အားမလို အားမရနှင့် သံခဲက -

"ဒီတော့ ..."

ဟု စကားထောက်ပေးလိုက်သည်။

"ဒီငွေတွေ ဘယ်မှာ ဝှက်ထားသလဲ ဆိုတာ ကျုပ်သိခဲ့ပြီ"

သံခဲသည် သူ၏မေးစေ့ကို ကုတ်လိုက်ပြီး မယုံကြည်နိုင်သလို ဖြစ်နေရာက -

"တကယ်ဟုတ်ရဲ့လား"

ကိုမှူး ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ခုတစ်လော ဒီငနဲ ပဲခူးကို တော်တော် ခြေစကြာဖြန့်နေတယ်။ ပြီး မြင်းလှည်းငှားပြီး ဆင်ခြေဖုံးရပ်ကွက်တစ်ခုက ခြံတံစ်ခြံဆီသွားတတ်တယ်။ အဲဒီနားရောက်ရင် သူ့ကို ကျုပ်မျက်ချည်ပြတ်သွားတာချည်းပဲ။ တစ်ညနေတော့ ငနဲသား ဘူတာရုံဆီကို ပြန်ရောက်လာတယ်။ နောက်ဆုံး ရထားအမီပေါ့။ ပြီးတော့ အိမ်သာထဲကို ခပ်သုတ်သုတ် ဝင်သွားတယ်။ သူ့ကို ချောင်းမြောင်းကြည့်လို့ရမယ့်နေရာကနေ ခိုးကြည့်ရတယ်။ သူဘာလုပ်တယ်လို့ မင်းထင်သလဲ"

သံခဲသည် ထင်ကြေးမပေးနိုင်ပေ။

ကိုမှူးက ဟန်ကြွားကြွားနှင့် စကားကို ဆက်သည်။

"သူ့မှာ ပါလာတဲ့ လက်ဆွဲအိတ်ကို ဖွင့်တယ်။ ငွေစက္ကူအထပ်လိုက်ကြီး ဆွဲထုတ်တယ်။ ငွေစက္ကူထုပ်က ပောဒီလောက် ထူတယ်။ သူ ရန်ကုန်ဘက်

က ထုတ်လာတဲ့ ငွေတွေပေါ့။ အဲဒီငွေသွားထုတ်တုန်းကလည်း ကျုပ် နောက်ယောင်ခံလိုက်ခဲ့တာပါ။ ပြီးတော့ ဘူတာထဲက လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားပြန်တယ်။ ကော်ဖီတစ်ခွက်မှာ သောက်တယ်။ တစ်ခါ လက်ဖက်ရည်ဆိုင်ထဲက ထွက်လာပြန်တော့ သူ့လက်ကိုင်ပဝါကို ဆွဲထုတ်ပြီး ပါးစပ် သုတ်တယ်။ ဒါပေမဲ့ စာအုပ်ကလေး တစ်အုပ် ကျသွားခဲ့တာကို သိလိုက်ဟန် မတူဘူး။ တခြား လူတစ်ယောက်ယောက် အရင်တွေ့သွားမှာကို ကျုပ်စိုးရိမ်လိုက်တာ။ ပြီးတော့ သူ အဲဒီနေရာမှာ အကြာကြီး ရပ်နေရင်း ပြန်တွေ့သွားမှာကလည်း တစ်မျှော်ပေါ့။ သူလည်း အဲဒီနေရာကနေ ထွက်သွားတယ်။ အဲဒီစာအုပ်ကလေး ကံကြီးထောက်မလို့ ကျုပ်ရလိုက်တယ်ဗျ။ ဟောဒီမှာကြည့်"

မှတ်စု စာအုပ်ကလေးမှာ အထပ်ထပ် အသုံးပြုခံခဲ့ရဟန်ဖြင့် ရိန္ဒမ်းနေသည်။ အပေါ်ကာတ်ထူဖုံးက အနီရောင်ပင် မှိန်ပြယ်နေပေသည်။

"ခဏနေဦး"

ကိုမှူးက သတိပေးလိုက်သည်။ "ခင်ဗျားလည်း ကျုပ်နဲ့ လိုက်ခဲ့ပါလား။ တစ်ယောက် တစ်ဝက်စီပေါ့"

သံခဲသည် ချီတုံချတုံ ဖြစ်နေပြီးမှ

"အလွယ်တကူ ခိုးယူရရှိဆိုရင်တော့ ငါ မင်းနဲ့ လိုက်မှာပေါ့"

"ငှက်ပျောသီး အခွံနွှာစားရသလောက်ပါ။ ပြီးတော့ ချီလည်း ချီမှာပေါ့ဗျာ"

ကိုမှူး အားရဝမ်းသာ ပြောချလိုက်သည်။

ထိုညတစ်ညလုံး သူတို့သည် မင်းစောဝေ၏ စနစ်တကျ ငွေစာရင်းကိုင်တွယ်တတ်ပုံနှင့် မဖြောင့်မမှန် မရိုးသားပုံများကို လေသံအုပ်အုပ်နှင့် ဝေဖန်ကဲ့ရဲ့နေကြသည်။

သုံးရက်ခန့်ကြာပြီး ညအချိန်တွင် နှင်းတဖွဲဖွဲကျနေသည်ဟု ယူဆရမတတ် စိမ့်အေးလှသည်။ မြောက်လေကာပါ ခပ်သည်းသည်းသွေးလိုက်ပြန်သည်။ သစ်ရွက်များ မစဲနိုင်အောင် ပျံဝဲကျနေသည့် လမ်းတစ်လျှောက်ဝယ် ကိုမှူးနှင့် သူ့အဖော်တို့သည် ခြေကျင် ရှန်းနေကြရသည်။ ညပတ္တာရောင်



ရဲများနှင့် ရင်ဆိုင်တိုးမည်ကိုလည်း စိုးရိမ်ရသဖြင့် မှောင်ရိပ်ခိုပြီး လှမ်းနေကြရာ ခရီးသိပ်မတွင်ပေ။

သူတို့သည် မြင်လွယ်ထင်လွယ်ရှိစေမည့် ဝန်စည်စလယ်များကို သယ်မလာကြပေ။ သို့သော် ကိုမှူး၏ခါးတွင် ကြိုးနှင့်ဆိုင်းပြီး ပုဆိုးအောက်၌ ဝှက်၍ ကိရိယာတန်ဆာပလာတချို့ပါလာသည်။ သံခဲကိုယ်တိုင်လည်း အလားတူဝှက်ပြီး သယ်လာသော သံတူးရွင်းတစ်ချောင်းကြောင့် ခြေလှမ်းရာတွင် အဆင်သိပ်မပြေလှပေ။

လမ်းတစ်လျှောက် လူရိပ်လူယောင် မတွေ့ကြရပေ။ တစ်နေရာဆီက ခွေးများ ဆင့်ကဲ ဆင့်ကဲ အူလိုက်ကြချိန်တွင် ဦးစိန်း၏ တောင်ဘက် စွန်ဂိတ်ပေါက်ဝမှ သံဆန်ခါတံခါးကို ကိုမှူးလက်နှင့် လှမ်းမိရုံရှိသေးသည်။ နှစ်ယောက်သား၊ အနီးက ချုံကလေးတစ်ချုံအောက်မှာ ဝပ်၍နေလိုက်ရသေးသည်။

လူရိပ်လူယောင် မမြင်တော့မှ ကိုမှူးသည် သံဆန်ခါတံခါးကို ကျော်တက်၍ ဝင်သွားသည်။ သံခဲသည် သူ၏ခန္ဓာကိုယ်နှင့် မလိုက်ဖက်အောင် ပေါ့ပါးစွာ ကျော်တက်လိုက်နိုင်သည်။ လဆုတ်ရက် မှောင်မိုက်လှသည့် ညဝယ် အိမ်ပျက်ကလေးကို မနည်းမြင်အောင် ကြည့်ကြရသည်။ ယိုင်နဲ့နေသော အိမ်တံခါးရွက်များကို ဖွင့်ကြည့်ရာ သံကြိုးတစ်ကြိုးဖြင့် တည်းနှောင်ကာ သော့ခတ်ထားသည်ကို တွေ့ကြရသည်။

ထိုအခါ ကိုမှူးက လူရိပ်လူခြည်ကို ကြည့်ပေးနေစဉ် သံခဲက သူ၏ တူးရွင်းဖြင့် သော့ကို ကန့်လန့်၍ ဖွင့်လိုက်သည်။ ပြီး အိမ်ပျက်ကလေးထဲသို့ ပြိုင်တူ ဝင်သွားကြသည်။ ကိုမှူးသည် လက်နှိပ်ဓာတ်မီးတစ်လက်ကို ထုတ်ပြီး သူ၏လုံချည်စနှင့် အုပ်ကာ ထိုးကြည့်သည်။

တံခါးပေါက်က ဝင်လိုက်သည်နှင့် အိမ်တွင်းမှ မြေတလင်းပြင်သည် ပြန့်ပြူးလှသည်။ အိမ်ဝမှ ခြောက်ပေခန့်အကွာ၌ ကွပ်ပျစ်ရှည်ကြီးတစ်လုံး ချထားသည်။ တစ်ဖန် ထရံကာပျဉ်ဆွေးများ ပြုတ်ထွက်နေကြသည်ကို တွေ့မိကြမှ သူတို့လောကြီး၍ သော့ဖျက်ပြီး ရှေ့ပေါက်မှ ဝင်မိခဲ့ကြသည်ကို သတိပြုမိလိုက်သည်။

အဆိုပါ ကွပ်ပျစ်ကြီးကို ကျော်လိုက်မှ အိမ်နောက်ဖေးမီးဖိုကို တွေ့မြင်ကြရသည်။ မြေကြီးပေါ်မှာပင် အုတ်ခဲသုံးလုံး ဖိုခုံလှောက်ဆိုင်ကာ လုပ်ထားသည်။

ထိုဖိုခုံလှောက်ဆိုင်မီးဖိုကို မြင်သည်နှင့် နှစ်ယောက်သား မှိုရသည့်မျက်နှာများဖြင့် တစ်ယောက်ကို တစ်ယောက် ပြိုင်တူ လှမ်းကြည့်လိုက်မိကြသည်။ ထိုမီးဖိုဆီသို့ ကပျာကယာ လျှောက်သွားကြသည်။ ဆောင့်ကြောင့်ထိုင်လိုက်ကြပြီး ပြာပင်မရှိတော့သော မီးဖိုကို ပထမလက်ဖြင့် ယက်လိုက်ကြသည်။ တစ်ဖန် သံခဲက တူးရွှင်းဖြင့် တူးသည်။ ကိုမှူးက သူမှာ ပါလာသည့်ဂေါ်ပြားနှင့် မြေစိုင်ခဲများကို ကော်ပစ်သည်။

ညကြီးသန်းခေါင်ကျော် မြေတူးဆွနေကြသည့် အသံတွေကို ပတ်ဝန်းကျင်မှ မကြားကြစေရန် အုပ်အုပ်ထိန်းထိန်း လုပ်နေကြ၍ အချိန်အတော်ကြာသွားသည်။

နောက်ဆုံး သံခဲ၏ သံတူးရွှင်းသည် ဒုတ်ခနဲ ခပ်ပျော့ပျော့ အရာတစ်ခုအား ထိုးမိသံ ပေါ်လာသည်။ နှစ်ယောက်စလုံး ဝမ်းသာအားရနှင့် တစ်ယောက်မျက်နှာတစ်ယောက် လှမ်း၍ ကြည့်လိုက်မိကြပြန်သည်။ ကျင်းမှာသုံးပေသာသာအနက်နှင့် တစ်ပေခွဲပတ်လည်ခန့် ကျယ်ဝန်းသည်။

နှစ်ယောက် ပြိုင်တူလက်နှင့်နှိုက်လိုက်ကြသည်။ ကိုမှူးက ကျန်လက်-တစ်ဖက်ဖြင့် လက်နှိပ်ဓာတ်မီးကို ကျင်းထဲသို့ လှမ်းထိုးလိုက်သည်။

"ဟာ..."

နှစ်ယောက်စလုံး အာမေဋိတ်သံ အတန်ငယ် ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

စက္ကူနှံပိုင်းအတွင်းမှာပင် နှစ်ယောက်သား ပြူးပြူးပျာပျာဖြင့် အိမ်ပျက်ကလေး အတွင်းမှ ပြေးထွက်လာကြသည်။ တစ်ဖန် မယုံနိုင်လောက်စရာအဖြစ်တစ်ခုကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လိုက်ကြရပြန်သည်။ ခြံဝင်းဝ



သံဆန်ခါ တံခါးမှာ ဟင်းလင်းပွင့်လျက် ရှိသည်။ လူမည်းမည်းကြီး တစ်ရိပ်သည် သူတို့ရှေ့တည့်တည့်တွင် ရပ်နေသည်။

"လက်မြှောက်လိုက်စမ်းပါ ကိုမှူး"

အသံတစ်သံ ပေါ်လာသည်။ ကိုမှူး အလွန်မုန်းတီးရွံ့ရှာသော အသံရှင်ဖြစ်သည်။

✹ ✹ ✹

သန်းခေါင်ကျော်အချိန်တွင် အိမ်ဖော်ယောကျ်ားတစ်ယောက်သည် အိမ်အပေါ်ထပ်က ဦးစိန်း၏အိပ်ခန်းတံခါးကို လာ၍ခေါက်သည်။ ဦးစိန်းသည် အိပ်ချင်မူးတူးနှင့် တံခါးထပြီး ဖွင့်ပေးလိုက်သည်။ အိမ်ဖော်ယောကျ်ား၏ နောက်ဝယ် ဒုရဲအုပ်တစ်ယောက်ကို ဦးစိန်း မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရသည်။ ပဲခူးက ရဲအုပ်တစ်ယောက် ဖြစ်နေသည်ကို သူသိသည်။

"ဦးစိန်း မဟုတ်လား"

ဒုရဲအုပ်က မလိုအပ်ဘဲ မေးမြန်းနေသည်။ အကြောင်းမှာ ဦးစိန်းကို သူ ကောင်းစွာ သိနေခဲ့၍ဖြစ်သည်။

"ဟုတ်ပါတယ်၊ ဘာကိစ္စလဲ"

ဦးစိန်း ပါးစပ်ဟောင်းလောင်းပွင့်လျက် နဝေတိမ်တောင် ပြန်၍ မေးမြန်းလိုက်သည်။

"ခင်ဗျားကို ကျွန်တော်တို့ ဖမ်းဖို့လာတာပါ"

✹ ✹ ✹

"ဖြစ်ရပ်တစ်ခုလုံးက ဦးစိန်းရဲ့ မိန်းမ ဒေါ်ခြယ်လှိုင်းမူးမမူးဆိုတဲ့ မေးခွန်းပေါ်မှာ မူတည်နေတယ်"

မင်းစောဝေသည် တာဝန်ခံအယ်ဒီတာ ဦးသန်းဝင်းအား ရှင်းပြနေသည်။

"တကယ်လို့ ဒေါ်ခြယ်ဟာ လှိုင်းမူးတတ်ရင် အညာဆန်သင်္ဘောကြီးပေါ်မှာ ရှိနေတာ မဖြစ်နိုင်ဘူး။ သင်္ဘောကြီးက ရန်ကုန်မြစ်ထဲ သင်္ဘောရှင်းတုန်းဝေလီဝေလင်း မနက်ငါးနာရီလောက်စ ထွက်သွားတာပါ။ ဖြစ်ချင်တော့

သင်္ဘောကြီး စထွက်ချိန်မှာ တစ်ကောင်းကင်လုံး မှောင်ပြီး လေတွေ မိုးတွေ ကျနေတယ်။ တကယ်လို့ သူသင်္ဘောပေါ်မှာ ရှိနေရင် လှိုင်းမူးတတ်တဲ့ ပုံမျိုးနဲ့ဆို ငါးမိနစ်တောင် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ သူ့ယောက်ျားကို လှမ်းခေါ်ဖို့ ကြိုးစားမှာပဲ။ ယောက်ျားမတွေ့ရင်လည်း တစ်ယောက်ယောက်ကို အကူအညီတောင်းပြီး သူ့ယောက်ျားကို လိုက်ရှာခိုင်းမှာပဲ။ ခုတော့ သူ ဘယ်သူ့ကိုမှ ခေါ်ဖို့ မကြိုးစားဘူး။ သင်္ဘောအခန်းနီးနားချင်းတွေကလည်း သူခေါ်တာလည်း မကြား၊ လူတောင်မြင်လည်း မမြင်ဖူးကြဘူး။ ဒီအလွယ်ကူဆုံး အချက်ကတော့ဒေါ်ခြယ်သင်္ဘောကြီးပေါ်မှာ မရှိတာ သေချာတယ်။

"ဒီလိုဆိုရင် ဒေါ်ခြယ်ဟာ သူတို့ အိမ်ဝင်းကြီးထဲမှာပဲ အသတ်ခံရတာ ဖြစ်နိုင်တယ်။ သူ့အလောင်းကို အစေခံအိမ်ပျက်ကလေးရဲ့ နောက်ဖေးကမီးဖိုကလေးရဲ့ အောက်မှာ မြှုပ်ထားခဲ့တယ်။ ပြီးတဲ့နောက် ဦးစိန်ဟာ ဟန်မပျက်နဲ့ ကားကို ရန်ကုန် ဆိပ်ကမ်းထိ တောက်လျှောက် မောင်းလာခဲ့တယ်။ ဆိပ်ကမ်းရောက်တော့ ကူလီတစ်ယောက် ငှားပြီး သူနဲ့ သူ့မိန်းမရဲ့ ဝန်စည်စလယ်တွေကို သင်္ဘောပေါ်က သူတို့အခန်းထိ ပို့ခိုင်းတယ်။ သူကတော့ သင်္ဘောစာရေးဆီက အခန်းသော့သွားပြီး တောင်းတယ်။ ပြီးတော့ သူ့ပစ္စည်းတွေ အခန်းထဲကို သွင်းတယ်။ သူ့မိန်းမကို သင်္ဘောပေါ်မှာ ထားခဲ့တဲ့ ပုံနဲ့ ယောက်လမ်းက မိတ်ဆွေတစ်ယောက်ရဲ့ အိမ်မှာ ကားကို သွားအပ်ထားခဲ့တယ်။ နောက်တော့ သူဟာ သင်္ဘောကြီးပေါ်ကို ခရီးသည်တွေ ပြုံတက်လာချိန်ကိုစောင့်ပြီး လူအုပ်နဲ့ ရောတက်လာတယ်။ ဒီတော့ သူဟာ တစ်ယောက်တည်း သင်္ဘောပေါ် ပြန်တက်လာတာလား။ ဒါမှမဟုတ် သူ့မိန်းမနဲ့အတူ ပြန်တက်လာတာလားဆိုတာ ဘယ်သူမှ ဂရုမပြုမိကြဘူး။

"သင်္ဘောမထွက်ခင် လက်မှတ်လာစစ်တော့ သူက အခန်းပေါက်ဝကနေ အပြင်ဖက်ကို သွားမယ့်ဟန်နဲ့ တမင်စောင့်နေတယ်။ လက်မှတ်စစ်က သူ့လက်မှတ် အနားစွန်းကို ပလာယာလို ကိရိယာမျိုးလေးနဲ့ ကိုက်ဖြတ်ပေးသွားတယ်။ အဲဒီ လက်မှတ်က တစ်စောင်ကို နှစ်ယောက်စာအတွက်



ဖြစ်တယ်။ ဒီတော့ ဒေါ်ခြယ်က သင်္ဘောကြီးပေါ်မှာ တရားဝင် ရှိနေတဲ့ပုံမျိုး ဖြစ်သွားတာပေါ့။

"သင်္ဘောထွက်ခါနီးတော့ သူက အပြင်ဘက်က လက်ဖက်ရည်ဆိုင်မှာ ကော်ဖီသွားသောက်တယ်။ သူ့အခန်းကို ပြန်လာတော့ ဒေါ်ခြယ်ပျောက်နေပြီလို့ သင်္ဘောက တာဝန်ရှိသူတွေကို ကိုယ်တိုင်လိုက်ပြီး အကြောင်းကြားတယ်။ သင်္ဘောကြီးပေါ်မှာ အားလုံး ဝိုင်းရှာကြတယ်။ မတွေ့ဘူး။ ဒီတော့ သင်္ဘောကို ရပ်တန့်ပြီး ပဲ့ပိုင်းက သက်ကယ်လှေကိုချပြီး တာဝန်ရှိသူတွေနဲ့ ဦးစိန်းကိုယ်တိုင် လိုက်ရှာကြတယ်။ မိုးလေ လျော့သွားပေမဲ့ မိုးသားတိမ်လိပ်တွေက အုံ့ဆိုင်းနေတာကြောင့် မြစ်ရိုးတစ်လျှောက်မှာ အလင်းရောင်တောင် ကောင်းကောင်း မမြင်ကြရဘူး။ မိနစ်နှစ်ဆယ်လောက် ကြာမယ် ထင်တယ်။ နောက်ဆုံးတော့ ဦးစိန်းရဲ့ မေတ္တာရပ်ခံချက်နဲ့ သူ့ကို အနီးဆုံးကရွာတစ်ရွာမှာ ချပေးပြီး ရွာသူကြီးနဲ့ အပ်ထားခဲ့တယ်။ သင်္ဘောကြီးကတော့ သူ့ခရီးကို ဆက်ပြီး ခုတ်သွားတယ်။

"ဦးစိန်းလည်း ရွာ မော်တော်လေးတစ်စီး ငှားပြီး ရွာက လူတွေနဲ့ မြစ်ရိုးတစ်လျှောက် အစုန်အဆန် လိုက်ရှာတာ လုပ်ပြသေးတယ်။ ညနေစောင်းလာမှ သူလက်လျှော့လိုက်တော့တယ်။ ကျွန်တော်အရင်က ပြောခဲ့တဲ့အတိုင်း ..."

"မင်းမှာ ရာဇဝတ်မှု ယဉ်ပါးစိတ်ရှိတာပဲ"

တာဝန်ခံအယ်ဒီတာ ဦးသန်းဝင်းက အကောင်းမြင်စိတ်နှင့် ပြောလိုက်သည်။

"ကဲ ...ဆက်စမ်းပါဦးကွ"

"ဒီလို ထူးဆန်းပြီး မနစ်မြှုံ့စရာ ညည်လက္ခဏာရှိနေလို့လည်း ဒေါ်ခြယ်ဟာ သင်္ဘောကြီးပေါ်မှာ ရှိနေခဲ့တယ်ဆိုတဲ့ အထွေးမှားကို ဖော်ထုတ်ဖို့ ဘယ်လောက်တောင် လွယ်ကူချောမောခဲ့တယ်ဆိုတာကို ကျွန်တော် မြင်မိတယ်။ တကယ်လို့ လူသတ်မှုဖြစ်ခဲ့ရင်လည်း ဦးစိန်းအိမ်ဝင်းရဲ့ မနီးမဝေးမှာပဲ ဖြစ်ခဲ့

ရမယ်လို့ ဆုံးဖြတ်မိတယ်။ ပဲခူးက သံပန်းတံခါးလုပ်တဲ့ ပန်းပဲသမားပြောတာက တောင်ဘက်ခြံဝ သံဆန်ခါတံခါးက ဦးစိန်းရဲ့ ကားနဲ့ ဝင်တိုက်မိလို့ နဲ့ တူတယ်။ ပျက်စီးသွားတယ်လို့ ဆိုတယ်။ အဲဒီသံဆန်ခါတံခါးနားမှာလည်း ကျိုးပဲ့ကွေးလိမ်နေကြတဲ့ သံချောင်းတွေ တွေ့မိခဲ့တာကိုး။ ဘယ်အချိန်လောက်က ဒီတံခါးကို ပြန်ပြင်ခဲ့တာလဲဆိုတာ သိချင်လို့ပါ။ ဒီတော့ အလောင်းက ဒီအိမ်ပျက်ကလေး အနီးအနားတစ်ဝိုက်မှာပဲ ရှိမယ်ဆိုတာ ပိုပြီး သေချာလာသလို ရှိတယ်။ အဲဒီနားတစ်ဝိုက် လိုက်ကြည့်ရင်း အိမ်ကလေးထဲကို ဝင်ရှာမိတယ်။ အရင်သုံးခဲ့တဲ့ ဖိုခုံလှောက်ဆိုင် မီးဖိုပေါင်းကလေးနေရာက တူးဆွထားတဲ့ ပုံစံလိုမျိုး သတိထားမိတယ်။ ပြီးတော့ အဲဒီတစ်ဝိုက်က မြေကခပ်မို့မို့လေးလို မသိမသာ ဖြစ်နေတယ်။ မီးဖိုဘေးက ထရံမှာလည်း မြေစိုင်မြေခဲတချို့နည်းနည်း ဖွာလန်ကြဲနေတာမျိုး တွေ့တယ်။ ဒီတော့ အလောင်းဟာ ဖိုခုံလှောက်ဆိုင် မီးဖိုပေါင်းအောက်မှာ ရှိနေမယ်ဆိုတာ ကျွန်တော် အသေအချာ ပြောနိုင်ပါတယ်"

"ဒါပေမဲ့ ရှာဖွေဝရမ်းအမိန့်မပါဘဲ ကျွန်တော့် တွေးဆချက် မှန်မမှန်ကို မတည်ပြုလို့ မရနိုင်ပြန်ဘူး။ ကျွန်တော်တို့ သတင်းစာတိုက်ရဲ့ ကျော်စောသတင်းဂုဏ်သိက္ခာကို မထိပါးစေဘဲ ကျွန်တော့်သဘောဆန္ဒတစ်ခုတည်းနဲ့ စွန့်ပြီး တူးဖော်ဖို့ မဖြစ်နိုင်ဘူးလေ။ ကျွန်တော်တို့ဆိုတဲ့ စကားမျိုး ကျွန်တော် သုံးနှုန်းခဲ့တယ်နော်"

မင်းစောဝေ၏နောက်ဆုံးလေသံသည် တောင်းပန်သံမျိုး စွက်နေသည်။

ဦးသန်းဝင်းကိုယ်တိုင်ကလည်း နှိုက်နှိုက်ချွတ်ချွတ် တွေးတတ်သည်။

"အဲဒီတော့ မင်းရဲ့ပိုက်ဆံတွေကို ခိုးမြှုပ်ထားလေဟန်ဆောင်ပြီး အဲဒီ မီးဖိုပေါင်း နေရာကို တူးဖော်ဖို့ ကိုမျှူးကို မင်းအသုံးချလိုက်တယ်ဆိုပါတော့။ မင်းရဲ့ မှတ်စုစာအုပ်ကလေးထဲမှာ ငွေရတနာသိုက်မြှုပ်ထားတဲ့ နေရာကို ဖော်ညွှန်းသလိုမျိုး မင်းလုပ်ထားမယ်လို့ ထင်တယ်။ ဒီကောင်က ဘာလိုကြောင့်များ မင်းမှာ ဝှက်ထားရလောက်တဲ့ ငွေတွေရှိနေတယ်လို့ ထင်ရတာတုံးကွ"

မင်းစောဝေ ကြေကွဲပြုံးပြုံးရင်း သက်မကြီးကို ချကာ –

"ရာဇဝတ်မှု ယဉ်ပါးစိတ်ဆိုတာက တကယ့်ကို တစ်မူထူးခြားတာပါပဲ။ အဲဒီစိတ်က အတွေးမှား ယုံကြည်ချက်အမှားတွေနဲ့ ယုံတမ်းစကားတွေကို အချိန်အတော်ကြာအောင် အပြုံးအတေးထားတတ်တယ်။ ကံကောင်းထောက်မချင်တော့ ကျွန်တော်ဟာ ဒီလိုစိတ်မျိုးကို နားလည်ထားတယ်။ ကျွန်တော် မကြာခဏ ပြောခဲ့သလိုပဲ ..."

⇨ ရော



သဘုဒ္ဒယကြိုးပြတ်ကျွန်း

အခင်း ...ကြုံရချက်ကတော့ အံ့သြစရာရယ်။

ကျွန်တော်တို့ ဂျာနယ်ရစာရေးဆရာပင် စဉ်းစားစရာ ဖြစ်ခဲ့ရသည်။ အသုဘလိုက်ပို့သော်လည်း မြို့ခံရွာခံ ပရိသတ်နှင့် ရန်ကုန်ဖော်ပရိသတ်တို့ကား အပြန်လမ်းခရီး တစ်လျှောက် ပြောလို့မဆုံး။

ကျွန်တော်ကတော့ ကျွန်တော့်ညီလေးကို အမှန်တကယ် ဘဝကူး ကောင်းလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်မိနေသေးသည်။

သို့သော် ...

ဖြစ်ပျက် ကြုံရပုံက တစ်မျိုးကြီး -

ဘာပဲဖြစ်ဖြစ် မတော်တဆ တိုက်ဆိုင်မှုသာလျှင် ဖြစ်ပါစေတော့ ...

* * *

ဖြစ်ပုံက ဒီလို ...

ကျွန်တော့်ညီအငယ်ဆုံးရဲ့အမည်က မောင်စံကြည် ...။ အသက်က (၄၉) နှစ်၊ အလုပ်က C.N.G ဓာတ်ငွေ့အရောင်းဆိုင်မှာ ဆိုင်တာဝန်ခံဖြစ်၏။

ကံဆိုးချင်တော့ ကျွန်တော့်ညီ မောင်စံကြည်သည် နောက်ဆုံးဆေး စစ်ချက်အရင် ကင်ဆာဆိုသောရောဂါနှင့် အိပ်ရာထက်လဲနေသည်မှာ (၆) လ ကျော်ခန့်ရှိပြီ။

လုပ်ငန်းခွင်မှာ အလုပ်လုပ်နေစဉ် သူ့ဦးခေါင်းပေါ်သို့ အလေးတုံးတစ်ခု မမျှော်လင့်ဘဲ ပြုတ်ကျခဲ့သည်တဲ့။

အဲဒီနောက်ပိုင်း နဖူးအထက်မှာ အဖုလုံးတစ်ခုပေါ်လာပြီး ဆေးရုံမှာ ခွဲစိတ်ကုသခဲ့၏။ ခွဲစိတ်ကုသပြီး လအနည်းငယ်အတွင်း အဖုအလုံးကြီး ပြန်ဖြစ်လာပြန်သည်။

ပထမတုန်းက ကွမ်းသီးလုံးခန့် အခု သံပရာသီးလုံးမက ကြီးလာနေသည်။ ဒုတိယအကြိမ် ပြန်လည်ခွဲစိတ်ရပြန်သည်။ ဟော ... ဒုတိယအကြိမ် ပြန်လည် ခွဲစိတ်ကုသပြီး လသိပ်မကြာလိုက်။

အဲဒီနေရာမှာပင် လိမ္မော်သီးခန့်အလုံးကြီး ပြန်ဖြစ်လာသည်။ ဆေးပညာရှင်များက ကောက်ချက်ချသည်။ ကင်ဆာတဲ့။ နောက်ထပ် ခွဲစိတ်လို့ မရတော့

ပါတဲ့။ သို့နှင့် အကျႌမြူတတ်ရောင်ခြည်ကင်သည်။ အကျႌမြူအားဆေး ကျွေး ကြပြန်သည်။

အကျႌမြူတတ်ရောင်ခြည်ခန်းမှာ မကြာခဏ တက်ရောက် ကုသလိုက်ရသည်။ လူနှင့် ဆေးရုံသည် အိမ်ဦးနှင့် ကြမ်းပြင်လို ဖြစ်နေရရှာ၏။

နောက်ဆုံး ...ဆေးအစွမ်းကုန်ပါပြီဟု သိရ၏။

သည့်နောက် ဘယ်ဘက်ခြေ ဆာ၍လာသည်။ ချိုင်းထောက်နှင့် အလုပ်ဆင်းရ၏။ နောက်ဆုံး အလုပ်မဆင်းနိုင်တော့။ အိပ်ရာထဲမှာ လဲရတော့သည်။ အစာထမင်းလည်း စားလို့မရ။ အရည်လေးမျှသာ ဝင်တော့သည်။

ကုသိုလ်ကံများဆိုးချင်တော့ မကြာခင် မျက်စိနှစ်လုံးပါ ကွယ်သွားခဲ့ရပြီး ညီလေးလည်း စိတ်မာတ်ကျ သူ့ဇနီးလည်း စိတ်မာတ်ကျ ကျွန်တော်တို့ ညီအစ်ကို မောင်နှမများလည်း စိုးရိမ်စိတ်နှင့် ကြေကွဲလို့မဆုံး။

ညီလေးခမျာမှာလည်း သူ့သားလေး ငါးနှစ်သားအရွယ်နှင့် သမီးလေး (၃) နှစ် သမီးရဲ့ မျက်နှာကို မမြင်ရ၍ နေ့စဉ်နှင့်အမျှ မျက်ရည်တွေ စီးကျပြီး အိပ်ရာပေါ်မှာ လှုပ်မရ လွန့်မရ ခြေလက်မြှောက်၍ မရတော့သည့်ဘဝနှင့် မရဏာရှင်သေမင်း လာခေါ်မည့်အချိန်ကို ငံ့လင့်နေရသလို ...

အခြေအနေက ပိုပြီး ဆိုးဆိုးလာခဲ့ပြီ။

စကားမပြောနိုင်တော့၊ ခြေလက်မမြှောက်နိုင်တော့။ နေဝင်ချိန်က နီးလာခဲ့ပြီ။ ကျွန်တော်က အနီးမှထိုင်၍ ပဋ္ဌာန်းဒေသနာနှင့် ဓာတ္တုသုတ်ကို အချိန်ရတိုင်း ရွတ်ဆိုနားထောင်စေ၏။

သူသည် အသက်ရှင်လှုပ်ရှားရာဖွေနိုင်စဉ်က အလှူအတန်းများကို မတွန့်မဆုတ်လှူဒါန်းခဲ့၏။

သိမ်ဆောက်၏။ ဘုန်းကြီးကျောင်းများကို ပြုပြင်၏။ ကိုးမုခ်ရှင်ဘုရားမှာ နဂါးရုံရုပ်ပွားတော်ကြီးကို လှူဒါန်းပူဇော်၏။ ဘုရားရင်အုပ်တော်မှာ သူ့အမေ ကျွန်တော့်အမေရဲ့ ရွှေနှင့်ပြုလုပ်ထားသည့် ပုလဲနားကပ်ကြီးအပါအဝင် ရတနာကျောက်များကို မြှုပ်နှံလှူဒါန်း၏။



ကျွန်တော်က ကွယ်လွန်သူ ချစ်သမီးငယ်လေး ဖွေးဖွန်သင်ရဲ့ ကျန်ရစ်ခဲ့သော ရွှေလက်စွပ်ကို လှူဒါန်းခဲ့၏။

ကျွန်တော့်ညီသည် ရဟန်းဒကာလည်းဖြစ်၏။ အထက်အညာ သူ့ယောက္ခမများရှိရာ မလှိုင်မှာ ဗုဒ္ဓရုပ်ပွားတော် သက်စေ့လှူဒါန်း၏။

ယောက္ခမမိသားစုနှင့် ခယ်မများ မရီးများရဲ့ အရေးကိစ္စများကို လိုအပ်သလို ကူညီထောက်ပံ့လိုက်သေး၏။

ကိုးမုခ်ရှင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအာစာရနှင့် ဦးပဥ္စင်းကြီး အောင်စိန်ကား အကြောင်းရှိလျှင် ညီလုပ်သူကိုသာ အမိကထား၍ ဘုရားကိစ္စ၊ ကျောင်းကိစ္စကို ပြောဆိုတိုင်ပင် အကောင်အထည်ဖော်လေ့ရှိ၏။

သူ ရှိသေလေးစားအားထားသော သက်တော်ရှည် ကိုးမုခ်ရှင်ဆရာတော်ဘုရားကြီးက သူ့ထက် (၅) လစော၍ ပျံလွန်တော်မူရှာ၏။

ယခု ဘုရားဒကာ၊ ကျောင်းဒကာ၊ သိမ်ဒကာ၊ ရဟန်းဒကာကြီး အိပ်ရာပေါ်မှာ ကင်ဆာဟု အမည်တပ်ခံရသောရောဂါနှင့် စိတ်ဆင်းရဲ ငြိုငြင်စွာ ဝေဒနာခံစားနေရ၏။

သူက သူ့မွေးရပ်မြေ သန်လျင်ကို ချစ်သည်။ ညီအစ်ကိုမောင်နှမများကို သံယောဇဉ်ကြီးသည်။

အကယ်၍များ သူသေခဲ့လျှင် ဗိုလ်ချုပ်ကျေးရွာသချိုင်းရှိ သူ့အမေ ဒေါ်မြရီရဲ့အုတ်ဂူနံဘေးမှာ ဂူသွင်းသင်္ဂြိုဟ်ပေးပါဟု ကြိုပြောခဲ့၏။

အမေ့ရဲ့ အုတ်ဂူနံဘေးမှာ ကျွန်တော့်ဦးလေးနှင့် အဒေါ်ရဲ့အုတ်ဂူ၊ ကျွန်တော့်သမီးလေးရဲ့အုတ်ဂူလည်း ရှိနေသည်။

ဒီအချိန်မှာ သူ့မိန်းမက မလှုပ်မရှားနိုင်တော့သည့် လူမမာကို ရွှေပြည်သာ၌ သူ့အမျိုးများ အိမ်သို့ ပြောင်းရွှေ့ခေါ်သွားမည်ဟု တကဲကဲ လုပ်ရကား။

ညီလေးခမျာ မသေခင် အလွန်စိတ်ဆင်းရဲခဲ့ရရှာ၏။ သူ့မိန်းမက လက်ရှိတိုက်အိမ်နှင့် ခြံကို ရောင်းချင်နေသည်။

ညီလေးက ငါဒီမြို့ဒီအိမ်ပေါ်မှာ နေပါရစေ၊ သေပါရစေဟုလည်းကောင်း၊ အဖေအုတ်ဂူနံဘေးမှာ အမေနှင့်အတူ နေပါရစေဟုလည်းကောင်း ပြောနိုင်ခွင့်လေးရှိတုန်း လေသံနှင့် ပြောဆို မေတ္တာရပ်ခံရကား ...

ညီလေးရဲ့ ဆန္ဒကို မလိုက်လျောချင်သည့် သူ့ဇနီးနှင့် ကျွန်တော့်အစ်မများ အကြီးအကျယ်စကားများကြသည်။

ဒီစကားလုံးများကို မျက်မမြင်ညီလေးကြားရတော့ အခြေအနေများကို ရိပ်စားမိပြီ။ ရောဂါပိုသည်းကာ စိတ်ထောင်းကိုယ်ကြေ ပိုဖြစ်ခဲ့ရ၏။

နောက်ဆုံး ကျွန်တော့်ရဲ့ ကြားဝင် ဖျန်ဖြေချက်အရ ညီလေးကို ဒီအိမ်မှာပဲ အသက်သေသည့်တိုင် ထားရှိပါရန်နှင့် သူကွယ်လွန်မှ ဒီအိမ်နှင့်ခြံကို ကြိုက်သလိုလုပ်ပါဟု ပြောမှ သူ့ဇနီးက လက်ခံလိုက်တော့သည်။

✹ ✹ ✹

ညီလေးမှာ အစွဲလေးတစ်ခုရှိနေသည်။ သူ့ကို ရန်ကုန်များ ခေါ်ပြောင်းသွားပြီလားဆိုသည့်အစွဲ။

သို့ဖြစ်၍ သူအိပ်နေလျောင်းနေသည့် ခုတင်ပေါ်မှသည် အုတ်နံရံကို လက်နှင့် စမ်းရင်း ငါဘယ်မှာလဲဟု ကယောင်ကတမ်း မေးမေးနေရကား -

"မောင်လေး ...မင်း ...မင်း အိမ်မှာပဲ ရှိပါတယ်။ ငါ့မောင်ကို ဘယ်မှ မပြောင်းပါဘူး။ ဒါ မင်းအိမ်ပါ။ ဒါ အုတ်နံရံလေ" ဟု သူ့လက်ကိုကိုင်၍ စမ်းစမ်းပြပေးရ၏။

ဒီအစွဲနှင့် သူ့ဘဝကူးမကောင်းမှာကို ဂမ္ဘီရစာပေများ ရေးနေသည့် ကျွန်တော် စိုးရိမ်နေရ၏။



"ကျွန်တော့် ဒီပရိုက်ဗိတ်ကားဟာ တစ်ခါမျှ ဒီလို မချို့ယွင်းပါဘူးဗျာ။ မောင်စံကြည်ကို လိုက်ပို့ပြီး ခုလို ဖြစ်ရတာပဲ။ ဆန်းများနေသလား မသိဘူး"



သို့ဖြစ်၍ ဘုရားစာများ အနီးမှ ရွတ်ပေးပြီး သားစွဲ၊ သမီးအစွဲ၊ မယားအစွဲ၊ အိမ်အစွဲများကို ဖျောက်ပြီး တရားဘာဝနာမှတ်ရန် ပြောဆိုသတိပေးရ၏။

ကြည့်ရင်း ကြည့်ရင်းမှာပဲ ကျွန်တော့်ညီရဲ့ အခြေအနေက ပိုလို့ ဆုတ်ယုတ်လာခဲ့၏။ အောက်သွေးနည်း၍ လျှော့လာ၏။ တစ်ချက်တစ်ချက် မြောမြောသွား၏။

ဒီအချိန်မှာ ပင်စင်ကိစ္စနှင့် သက်ဆိုင်ရာ ဆရာဝန်က လူမမာကို ခေါ်လာခဲ့ပါဟု ဆို၏။ လူမမာကား အသက်ကိုပင် အားယူ၍ ဖုတ်လိုက်ဖုတ်လိုက် ရှူနေရသည်ကို ...

ဘယ်လိုလုပ်ပြီး သန်လျင်ကနေ ရန်ကုန်ခေါ်လို့ရမည်လဲ။ လမ်းခရီးမှာတင် သေနိုင်သည်ဥစ္စာ။ သို့နှင့် သူ့ဇနီးက သက်ဆိုင်ရာ ဆရာဝန်ကို အကျိုးအကြောင်းသွားပြောပြအသနားခံရ၏။ သူ့ဇနီး ရန်ကုန်မှ ပြန်ရောက်လာသောအခါ ညီလေး အမောဖောက်နေပြီ။ သို့နှင့် အရေးပေါ် နီးရာဆရာဝန် ခေါ်ပင့်၍ကြရ၏။

ဆရာဝန်က အားအင်ကုန်ခန်းနေပြီ။ ခံလှလျှင် နာရီပိုင်းမျှသာဟု ကောက်ချက်ချ၏။ နောက်ဆုံး အသက်ကယ်ဆေးထိုးပြီး အရေးတကြီး ထွက်တော့မည့် အသက်ဝိညာဉ်လိပ်ပြာကို အချိန်ဆွဲဖြီး -

ငါးနှစ်အရွယ်ရှိ သူ့သား မောင်ဘိုဘိုကလေးရဲ့ ကိုးမှခ်ရှင်အား ကျောင်းထိုင်ဆရာတော်နှင့် သံဃာများပင့်ခေါ်၍ အရေးပေါ်ကိုရင် ဝတ်ပေးရတော့သည်။

ရေစက်ချသောအခါ သူ့လက်ထဲမှာ ရေစက်ခွက်ထည့်ပေးပြီး သူချစ်လှသော သားလေးရဲ့ရှင်သာမဏေပြုပွဲကို ရေစက်ချစေသည်။

အမျှဝေတော့ သူက ပါးစပ်လေးလှုပ်၍ သာဓုခေါ်ရှာ၏။

သံဃာတော်အရှင်သူမြတ်များ ပြန်ကြွသွားပြီး မကြာခင်မှာပင် ဆေးရှိန်ကျလာ၍ အသက်ရှူနေးနေးလာ၏။ ပြီး အခြေအနေမကောင်းမှန်းသိလို့ ကျွန်တော်က သူ့နားအနီးကပ်ပြီး -

"ညီလေး …မင်းချစ်တဲ့သားလေးလည်း ကိုရင်ဖြစ်သွားပြီ။ နောက်ဆုံဘာမျှ မတင်းနဲ့တော့။ အစွဲအလမ်း မထားနဲ့တော့။ ညီလေး ကောင်းရာမွန်ရာ ဘုံဘဝကို လွတ်လပ်စွာသွားနိုင်ပါပြီ။ အစ်ကိုကြီးရော …အမေကြီးရော ခွင့်ပြုပါတယ် …ညီလေး"

ဒီလို ကျွန်တော်က ခွင့်ပြုစကားပြောလိုက်သောအခါ မျက်စိနှစ်လုံးပါကွယ်နေသည့် ညီလေးသည် အားယူ၍ မျက်နှာကို မော့ကြည့်ရှာ၏။

သည့်နောက် မျက်နှာညိုးကျသွားပြီး အသက်ရှုလုံးဝကို ရပ်သွားတော့သည်။ ကျွန်တော် ညီလေးရဲ့လက်ကို ကိုင်ဆုပ်ပြီး ညီလေးဟု ဟစ်အော်ကာ အားရပါးရ ငိုချလိုက်သောအခါ–

ကျွန်တော့် အစ်မများ၊ ဆွေမျိုးသားချင်းများရဲ့ တစ်ပြိုင်နက်ဟစ်၍ ငိုလိုက်ပုံများအား ကျွန်တော့်ညီလေးရဲ့ ဘဝပြောင်းဝိညာဉ်မြင်လေမိမည်ထင်ပါရဲ့။

ထူဆန်းလှချေ၏။

ညီလေး အသက်ထွက်သွားသည်နှင့် လမ်းထဲရှိ ခွေးများသည် ညီလေးရဲ့ အိမ်ကို မျက်နှာပူ၍ တစ်ပြိုင်နက် အူဟောင်ကြသည်ကား ကျောချမ်းစရာကောင်းလှချေ၏။

ညီလေး ကွယ်လွန်ချိန်က ည (၇) နာရီတိတိ …

အိမ်မြှောင်စုတ်မထိုး။

ငှက်ဆိုးမအော်။

ခုတော့ ခွေးအူသံရှည်များနှင့် ညီလေးဘဝရုပ်ခန္ဓာအသစ်ကို သူတို့မြင်လိုက်ရ၍ နှုတ်ဆက်လေကြရော့သလား။

ငိုကြွေးကြလေရော့သလား။

ကြေကွဲကြလေရော့သလား။

ပြောရလျှင် ကျွန်တော့်ညီလေးသည် ခွေးများကိုလည်း ချစ်၏။ ခွေးတိရစ္ဆာန်များကလည်း သူအသက်ရှိစဉ်က သူ့ကိုခင်တွယ်ကြသည်ကိုး။



ညီလေး ကွယ်လွန်ပြီဆိုသည့် သတင်းကြားကြတော့ သူ့သူငယ်ချင်းများ အသီးသီး ရောက်လာကြသည်။

ညီလေးသည် အသက်ရှင်စဉ်က ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နေတတ်လေ့ရှိ၏။

ကျွန်တော့်ဇာတ်ကတော့ ညီလေးနှင့်သူ့သူငယ်ချင်း မောင်မြင့်သန်းတို့၊ သေးသေးတို့ အာလုံးတို့က လူရွှင်တော်များဖြစ်ကြ၏။

သန်လျင် ရေနံ အိုးစည်ဒိုးပတ်သံချပ်အဖွဲ့မှာ သူက ဦးဆောင်ပါဝင်ရ၏။

များလှစွာသော ပရိသတ်ကို တဝါးဝါးနှင့် ပွဲကျအောင် သူတို့ပြက်လုံးများထုတ်၍ ဟာဒယရွှင်ဆေးတိုက်ကျွေးသည်။

ပြောရလျှင် မြို့ကလည်း လူရွှင်တော်ဖြစ်ခဲ့ဖူးသည့် ညီလေးကို ချစ်ခင်လေးစား သံယောဇဉ်ရှိကြသည်။

ခုတော့ ဇာတ်ခုံပေါ်မှာ တစ်ချိန်က အတူတူ သရုပ်ဆောင်ကခဲ့ပျော်ခဲ့ကြသည့် ငယ်ပေါင်းများက သူ့ရုပ်ခန္ဓာအလောင်းကိုကြည့်၍ မျက်ရည်ပေါက်ပေါက်ကျကြတော့သည်။

ညီလေးရေ …

အနုပညာဇာတ်ခုံက မင်းကိုမျှော်နေလေရဲ့။

မင်းဇာတ်ခုံပေါ်ကို ခုတော့ ပြန်လာခွင့်မရှိတော့ဘူးပေါ့။

မှတ်မိသေးသည်။

ကျွန်တော်ပြစ်မှုတစ်ခုနှင့် သန်လျင်အချုပ်မှသည် အင်းစိန်ထောင်ကြီးသို့ ရောက်တော့လည်း …

နေပူပူ မိုးရွာရွာ ကျွန်တော့်အမေ မုဆိုးမကြီး ခါးကိုင်းကိုင်းကို လက်တွဲ၍ ရန်ကုန်တိုင်းရုံးမှာ အမှုချိန်းနေ့တိုင်း လာတွေ့၍ လိုအပ်သည့်များကို မညည်းမညူ ဆောင်ရွက်ပေးခဲ့၏။

အစ်ကိုလုပ်သူ ထောင်ကထွက်တော့လည်း သူ့ခမျာ ဝမ်းသာလို့ မဆုံး။

ချိုင်းထောက်ကြီးထောက်၍ အလုပ်ဆင်းသွားနေသည်။ ခေါင်းပေါ်က ကင်ဆာအဖုကြီးနှင့် သားသမီး၊ သားမယားကို ရဲရဲဝံ့ဝံ့ လုပ်ကိုင်ကျွေးမွေးနေသည့်ညီလေး။

သမီးနှင့်သားကို လက်ဆွဲပြီး လမ်းထိပ်က သူ့တူမ မုန့်ဟင်းခါးဆိုင်မှာ ထော့နင်းထော့နင်းနှင့် မုန့်စားနေသည့်ညီလေး။

အိမ်ရာထဲမှလဲလို့ မထနိုင်တော့သည့်တိုင် ပါးစပ်မှ အစ်ကိုကြီးရော ရှိလားဟု မေးမေးနေသည့် ညီလေး။

ခုတော့ ...။

အစ်ကိုကြီးရေ ခေါ်သံမကြားရတော့ ... အနိစ္စဝရ သင်္ခါရကား အရွယ် မရွေးပါကလား။

ကျွန်တော့်သမီးလေး (၁၁) နှစ်သမီးအရွယ်ကို မရောက်ရှင်သေမင်းက မညှာမတာခေါ်ဆောင်သွားခဲ့သည်။

၄၉ နှစ်အရွယ်ကောင်းညီလေး။

သမီးနှင့်သားရဲ့ အနာဂတ်ကို အကောင်းဆုံးပုံဖော်ဖို့ အားကြိုးမာန်တက် ကြိုးစားနေသည့် ညီလေးကို ရည်ရွယ်ချက် မပြည့်မီ ရှင်သေမင်းက ခေါ်သွား ခဲ့ပြီ။

ညီလေးနဲ့ သမီးတို့ရေ...

မင်းတို့က ဦးတော့ စောစောသွားကြပေါ့။

တို့များက နောက်ကျတော့ နောက်နေလိုက်ခဲ့ရဦးမှာပေါ့။

အနိစ္စ အမြဲမရှိ။

ဒုက္ခဆင်းရဲ၏။

အနတ္တ ငါ့ကိုယ်ငါမပိုင် အားလုံးသေမျိုးချည်းပါ ညီလေးရယ်။ စောစော သေတော့လည်း စောစော ဒုက္ခငြိမ်းတာပဲလို့ အကောင်းမြင်ဝါဒနဲ့ ကြည့်ကြပါ စို့ညီလေး။

* * *

၁၂-၃-၂၀၁၀ သောကြာနေ့။

ဒီနေ့ ညီလေး အောင်စံကြည်ကို ဗိုလ်ချုပ်ကျေးရွာ သင်္ချိုင်းမှာ သင်္ဂြိုဟ် မည်။



သူ့ရဲ့C.N.G ဓာတ်ငွေ့အရောင်းဆိုင်မှ ဝန်ထမ်းများအကူအညီပေးသည့် အသုဘပို့ခရီးသည်တင်ကား (၉) စီးလည်း လိုက်ပါပို့ဆောင်သူအပြည့်နှင့် ရောက်ရှိနေကြပြီ။

ဌာနဆိုင်ရာမှာ သူ့ဆရာသမားများရဲ့ကားများသည် မနည်း။

ညီလေးရဲ့အသုဘပို့ အခမ်းအနား စည်ကားလိုက်တာ။

တရားနာပြီးနောက် သန်လျင်နာရေးကူညီမှုအသင်းမှ အသုဘတင် ကားရောက်လာသည်နှင့် ရုပ်အလောင်းကို ကားပေါ်တင်ပြီး ဗိုလ်ချုပ်ကျေး ရွာသင်္ချိုင်းသို့ ပို့ဆောင်ခဲ့ကြသည်။

အမေ့ရဲ့အုတ်ဂူနံဘေးမှာ သူ့အုတ်ဂူက အသင့်။

ခေါင်းကို ဖွင့်၍ အနှီးသီးရည်နှင့် မျက်နှာပေးကြ၏။ ဇနီးမယားသမီးသား နှင့် အတူ တူမများက နောက်ဆုံး လက်အုပ်ချီကန်တော့ပြီး နွေခေါင်ခေါင် မျက်ရည်မိုး ဖြိုင်ဖြိုင်ရွာ၍ ကန်တော့ကြသည်။

သံယောဇဉ်ကြီးသူတို့ရဲ့ မျက်ရည်နှင့် ရှိုက်သံသည် ရိုးတံကျဲကျဲနှင့် အပွင့်တဝဲဝဲ ကြွေကျနေသည့် ကုက္ကိုတောသင်္ချိုင်းမှာ ရင်နင့်ကြေကွဲစရာ။

သူ့ရုပ်ကလာပ်ခေါင်းကို ဂူသွင်း၍ အုတ်နှင့် ပိတ်သိမ်းလိုက်ကြသည်။

"အမေရေ"

အမေ့အချစ်ဆုံးသားလေး

အငယ်ဆုံးသားလေး

နာမည်တောင် မခေါ်ရက်လို့ လူလေးလို့ တဖွဖွ ခေါ်ခဲ့ရတဲ့ သားလူလိမ္မာ ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာကြီး အမေ့ရဲ့ အုတ်ဂူနံဘေးမှာ ရောက်နေပါပြီအမေ"

အမေ့ရဲ့အချစ်ဆုံးသားထွေးလေးကို

အမေ ပွေ့ပိုက်လို့ကြိုပါ။

အနမ်းတွေနဲ့ ကြိုပါ။

အကြင်နာတွေနဲ့ ထွေးပိုက်လိုက်စမ်းပါ အမေ။

အမေ့သားထွေးက အမေ့ကို သိပ်ချစ်တာအမေရဲ့။ သူသေရင် အမေ့ ဂူနံဘေးမှာ မြှုပ်နှံပေးပါလို့ တဖွဖွပြောခဲ့တဲ့သား။

အခု အမေ့ရင်ခွင်ကြားကို ရောက်နေပါပြီ အမေရယ်။

အမေဝမ်းသာနေသလား။

အမေ့ဝိညာဉ်ရေ မျက်ရည်စိုစွတ်နဲ့ ငိုနေသလား။ အမေတို့ သားအမိရဲ့ ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မဟာကရုဏာအချစ်၊ ဟောဒီ မြေပြင်မှာ ရှင်လျက် မဆုံးရပေမင့် သေလျက်နဲ့ ဆုံးခဲ့ရပြီပေါ့။

အမေ့သားကို အမေ အားရပါးရ ချစ်လိုက်ပါဦးအမေ။ လွတ်မသွားဖက်ထား၊ ပါးနှစ်ဖက် ကြေသွားအောင် နမ်းလိုက်စမ်းပါ အမေရယ်။

အမေတို့ သားအမိနှစ်ဦးရဲ့ အုတ်ဂူ ယှဉ်လျက်ပခုံးချင်း ထိစပ်နေတာကို ကြည့်ပြီး ...

ကျွန်တော်တို့ ရင်နင့်အောင် ကြေကွဲရပေမဲ့ အမေတို့ သားအမိနှစ်ဦးရဲ့ အချစ်အတွက် ဝမ်းသာနေဆဲပါအမေ။

ကိုင်း ...ညီလေး ...မောင်စံကြည်ရေ ...

မင်းချစ်လှတဲ့ အနန္တမြင်းမိုရ်တောင်ရဲ့အရိပ်မှာ ငါ့ညီ ကွန်းခိုနေရစ်ပေတော့။

ကျွန်တော်တို့ အမေနှင့်ညီလေး၊ သမီးလေးတို့ရဲ့ အုတ်ဂူကို နှုတ်ဆက်ပြီး ကားများပေါ်သို့ ပြန်တက်ကြသောအခါ ရှေ့ဆုံးကားတစ်စီး စက်ချို့ယွင်း၍ ထွက်မရသောကြောင့် နောက်ကားများလည်း ထွက်လို့မရဘဲ သင်္ချိုင်းကုန်းမှာ အတန်ကြာရပ်စောင့်နေကြရ၏။

နွေခေါင်ခေါင် နေကပူလွန်း၍ ကားအသီးသီးထဲမှာ လိုက်ပါပို့ဆောင်သူတွေ ချွေးပြန်နေကြ၏။

သို့ဖြစ်၍ ရှေ့ဆုံးက ဘယ်သူ့ကားများ ပျက်နေပါလိမ့်ဟု သိချင်လို့ နောက်ဆုံးကားရှိ ကျွန်တော်ပြေးသွားကြည့်လိုက်သောအခါ -

"ဟိုက် ..."

ကျွန်တော်တို့ရော ညီအစ်ကို မောင်နှမများရော၊ လိုက်ပါပို့ဆောင်သူများပါ အံ့သြသွားရ၏။

ရှေ့ဆုံးကနေ လမ်းပိတ်၍ ပျက်နေသောကား ကားအခြားသူများ ကားမဟုတ်။



ကွယ်လွန်သူ ကျွန်တော့်ညီ မောင်စံကြည်ရဲ့ကျေးဇူးရှင်ဆရာသမားပါ။

အဲဒီကားပေါ်မှာ ...

ကွယ်လွန်သူ ကျွန်တော့်ညီတော်ရဲ့ဇနီးမရွှေဇင်စိုး။

ပြီးတော့ ...သူ့သားကြီး မောင်ရဲသီဟကိုကို

သူ့သမီးငယ်လေး ...မမေမြတ်နိုးအေး ...။

သူတို့ လမ်းပိတ်ပျက်နေသည့် ဗွာနဆိုင်ရာဆရာသမား ကားပေါ်မှာ မျက်ရည်စိုရွှဲနှင့်ထိုင်လို့။

အလိုလေး ...။

ဘုရား ...ဘုရား။

ကျွန်တော့်ညီရဲ့ ရုပ်ပြောင်းဘဝပြောင်းဝိညာဉ်ကများ သူ့ဇနီးနှင့် သားကြီး သမီးငယ်ကို သူ့အုတ်ဂူနံဘေးကနေ အမြန်မသွားစေသေးလို၍များ ကားကို ရပ်တန့်နေအောင် လုပ်နေရော့သလား။

ကားဒရိုင်ဘာက ကားစက်ခေါင်းအဖုံးကို ဖွင့်၍ အမျိုးမျိုး စစ်ဆေးကြသည်။

"ဘာချို့ယွင်းလို့လဲ ...မောင် ..."

"ဘာမျှ မချို့ယွင်းဘူးဆရာ။ အားလုံးကောင်းနေတာပဲ။ ဘယ်လိုကြောင့်မှန်းမသိဘူး"

ဒီမှာ ကားပေါ်ရှိ အရာရှိကြီးက ကျွန်တော့်ဘက်သို့ လှည့်၍ပြောလိုက်သည်။

"ကျွန်တော် ဒီပရိုက်ဗိတ်ကားဟာ တစ်ခါမျှ ဒီလို မချို့ယွင်းပါဘူးဗျာ။ မောင်စံကြည်ကို လိုက်ပို့ပြီး အပြန်ကျမှ ခုလို ဖြစ်ရတာပဲ။ ဆန်းများနေသလား မသိဘူး"

အားလုံးက ဟိုလိုဒီလို တွေးကုန်ကြ၏။

သူ့ဆရာကိုများ မသွားပါနဲ့ဦးလို့ ပြောချင်လို့လား။

ဒါမှမဟုတ် ...

သူ့ဇနီးနှင့် ရင်သွေးများကို ခဏလေး စောင့်ပါဦး။ ငါ့ကို ပစ်မထားခဲ့ပါနဲ့လို့များ ပြောချင်နေလို့လား။

ဒါမှမဟုတ် ...

အမှန်တကယ် စက်ချို့ယွင်းနေလို့လား။

ဒီအချိန်မှာ ကျွန်တော်တို့ ရပ်ကွက်ဥက္ကဋ္ဌဦးကြည်မြင့်က -

"ကိုင်းဟေ့ ...ကားကို ဝိုင်းတွန်းကြရအောင် ...လာကြ ...လာကြ"

ဥက္ကဋ္ဌအသံပြုသံကြောင့် လူငယ်အချို့ ကားဝိုင်းတွန်းရန် ပြေးလာကြသည်။

ဒီအချိန်မှာ ကျွန်တော်က ညီလေးရဲ့ အုတ်ဂူရှိရာသို့ မျက်နှာမူ၍ စကားတစ်ခွန်း ပြောလိုက်သည်။

"ညီလေး ...မောင်စံကြည် ...ငါ့ညီသံယောဇဉ် အစွဲအလမ်းမကြီးပါနဲ့တော့။ ကိုယ့်လမ်းကိုယ်လျှောက်၊ သူတို့လမ်း သူတို့လျှောက်ပါစေ ငါ့ညီ၊ မင်းက သူတော်ကောင်း၊ ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာကြီးပါ။ သူတို့သက်သက်သာသာ ပြန်ပါစေတော့ ငါ့ညီရယ်"

ကျွန်တော်က ဟုတ်သော်ရှိ မဟုတ်သော်ရှိ အတွေ့အကြုံ အသိအရသို့ကလို မေတ္တာရပ်ခံပြီးချိန် ...

ရပ်ကွက်ဥက္ကဋ္ဌနှင့် သူ့လူများက ကားကိုတွန်းမလို့ ဟန်ပြင်တုန်းရှိသေး

ကားသည် ဝုန်းခနဲ အသံမြည်ပြီး စက်နှိုးကာ ကုန်းပြေပြေမော့မော့ကို ဦးတည်၍ ထိုးတက်သွားတော့သည်။ အံ့သြစရာပါကလား။

သူတို့ကား ရှေ့က ထွက်နိုင်တော့။ နောက်ကားတန်းကြီးလည်း ဖုန်လုံးများအကြားမှ တရွေ့ရွေ့ လိုက်ပါလာခဲ့ကြသည်။

ကျွန်တော်တို့က ကျွန်တော့်ထုတ်ဝေသူ ကိုတင်ထွန်းမောင်းသည့် နောက်ဆုံးပိတ်ကားပေါ်မှာ ...



နောက်ဆုံး အုတ်ဂူဘက်လှည့်လို့ စကားတစ်ခွန်းနှင့် ကျွန်တော်နှုတ်ဆက်ခဲ့လိုက်ပါသည်။

"ညီလေးရေ ...အားမငယ်ပါနဲ့ ညီလေးရယ်။ ငါ့ညီရဲ့ နံဘေးမှာ ငါ့ညီရဲ့ အမေရော ...ဦးလေးနဲ့ အဒေါ်ရော ...မင်းတူမလေးရဲ့ အုတ်ဂူရော ရှိနေပါတယ်။ အစ်ကိုကြီးတို့ ကောင်းမှုကုသိုလ်ပြုပြီး အမျှပေးဝေရင်သာ ငါ့ညီသာဓုဆက်လက်ခေါ်ပါနော်။ ငါ့ညီလေးက သူတော်ကောင်း ကုသိုလ်ရှင် အလှူရှင်ကြီးဥစ္စာ။ ပြိတ္တာဘုံသားဘဝငါ့ညီ လုံးဝမရောက်ပါဘူး။ နတ်ပြည်ကို ရောက်မှာဧကန်မုချလို့ အစ်ကိုကြီးတို့ ယုံကြည်နေပါတယ် ညီလေးရာ"


(၁၀-၃-၂၀၁၀) ရက်နေ့က ကွယ်လွန်သွားသည့် ညီလေး မောင်စံကြည်သို့

⇨ **မောင်ညိုမှိုင်း(ထန်းလျှပ်)**



ကျွန်ုပ်

စာရေးသူတို့ နေထိုင်သည့် မြို့ကလေးသည် ယခုအင်
စည်ကားဖွံ့ဖြိုးသည့် မြို့ကြီးတစ်မြို့အဖြစ်သို့ ပြောင်းလဲလာ
ဟ်လည်း စာရေးသူတို့မမွေးသေမီ ဒုတိယကမ္ဘာစစ်ကြီး ပြီးစကာလတစ်ချိန်က
ည့်ဒေသ ဝန်းကျင်တစ်ဝိုက်တွင် နာမည်ဆိုးဖြင့် ထင်ရှားခဲ့သည့် မြို့ဖြစ်ကြောင်
ဝဦးက ကိုယ်တွေ့ဖြစ်ရပ်ကို ဖခင်ကြီး မကွယ်လွန်ခင်က ပြောပြခဲ့ဖူးပါသည်။
၁၉၄၅ ခုနှစ်၊ ဩဂုတ်လလယ်ခန့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီဆိုပါသေ
ည်း...



တစ်ညနေ နွားရိုင်းသွင်းချိန်တွင် အသက်အစိတ်ခန့်ရှိ လူငယ်တစ်ယောက်သည် အုန်းခွံရောင်မြင်းကြီးကို လေးဖက်ကျ ခပ်မှန်မှန်စီးရင်း ရွာကြီးတစ်ရွာသို့ ရောက်ရှိလာသည်။

ထိုလူငယ်သည် အနီးဝန်းကျင်ဒေသက မဟုတ်ဘဲ တစ်နယ်တစ်ကျေးဝေးလံသော အရပ်မှ လာခဲ့သူဖြစ်သည်။ သူသည် တစ်နေကုန်ခရီးနှင်ခဲ့ရသည်ဖြစ်၍ ဆာလောင်မွတ်သိပ်နေလေပြီ။ သို့ဖြစ်၍ လူစည်ကားရာ ရွာလယ်ရှိ ထမင်းဆိုင်တစ်ဆိုင်သို့ဝင်၍ ညနေစာစားပြီးပါက တစ်ညတာ နားခိုရန်ဆိုင်ရှင်လူကြီးအား အကျိုးအကြောင်း ပြောပြလိုက်သည်။

"ရပါတယ်မောင်ရင်၊ လွတ်နေတဲ့ ခုံတန်းလျားတွေမှာ အိပ်ချင်အိပ်၊ ဒါမှမဟုတ်လည်း ဟိုမှာ ကွပ်ပျစ်တွေလည်း အားနေတာပဲ။ ဒါထက် မောင်ရင်က ဘယ်အထိ ခရီးဆက်မှာလဲကွယ့်"

"ကျွန်တော် ကံ့ကော်မြိုင်တန်းအထိ သွားမှာပါအဘ"

ဆိုင်ရှင်လူကြီးသည် သူပြောလိုက်သည့် "ကံ့ကော်မြိုင်တန်း" ဆိုသည့်အမည်ကို ကြားလိုက်ရသည်နှင့် သာမန်အနေအထားမှ အံ့ဩထိတ်လန့်သည့်အသွင်သို့ ရုတ်ခြည်း ပြောင်းလဲသွားသည်။ သူ့စကားကိုလည်း မယုံနိုင်သလိုပင် ဖြစ်သွားသည်။

"ဟင်...မင်းဟာ ကံ့ကော်မြိုင်တန်းသွားမယ် ဟုတ်လား"

ထိုဆိုင်ရှင်လူကြီးသည် သူပြောလိုက်သည့်စကားကိုပင် တအံ့တဩပင် ရေရွတ်လိုက်သည်။ သူကမူ ထိုလူကြီး၏မျက်နှာ အပြောင်းအလဲကိုလည်းကောင်း၊ တုံ့ပြန်ရေရွတ်လိုက်သည့်အသံကိုလည်းကောင်း ဂရုပြုမိဟန်မတူဘဲ အေးဆေးတည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်အဘ၊ ကျွန်တော် ကံ့ကော်မြိုင်တန်းကိုသာ သွားမှာပါ။ သည်ဒေသအထိလာတဲ့ ခရီးသွား မဟုတ်ပါဘူး"

ထပ်၍ပြောလိုက်သောအခါ ဆိုင်ရှင်လူကြီးသည် သူ့မျက်နှာကို သေချာစွာကြည့်လိုက်သည်။ ရွှတ်နောက်၍ရယ်စရာပြောနေခြင်းမဟုတ်ဘဲ အတည်ပြောနေခြင်းသာဖြစ်ကြောင်း သူ့အမူအရာက ဖော်ပြနေသည်။



"မဟုတ်သေးပါဘူး မောင်ရင်ရဲ့ မင်းက ကံ့ကော်မြိုင်တန်းကို ဘာအတွက် သွားမှာလဲ။ ကံ့ကော်မြိုင်တန်းနဲ့ ပတ်သက်တဲ့သတင်း သဲ့သဲ့တောင်မှ မကြားဖူးသေးဘူးလားကွာ"

ဆိုင်ရှင်လူကြီးက သူ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း မေးပြန်သည်။

"ကံ့ကော်မြိုင်တန်းရဲ့သတင်း၊ ဟုတ်လားအဘ။ မကြားဖူးသေးပါဘူးဗျာ။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ အဲဒီကို အရောက်သွားရမှာပါပဲ။ ကျွန်တော်တစ်ယောက်တည်း ကံ့ကော်မြိုင်တန်းကို သွားရမှာ မကြောက်ပါဘူးခင်ဗျာ"

"သည်မှာကွယ့်၊ ငါ့လူရဲ့ မောင်ရင်တစ်ယောက်တည်း မကြောက်မရွံ့သွားမှာကို ပြောတာမဟုတ်ဘူး။ ကံ့ကော်မြိုင်တန်းဆိုတဲ့မြို့ရဲ့ အကြောင်းကို ပြောနေတာ။ မင်းကိုကြည့်ရတာ သည်နားဝန်းကျင်အရပ်ကတော့ ဟုတ်ပုံမရဘူး။ ဒါကြောင့်လည်း ငါက တားမြစ်နေရတာပေါ့။ သည်နယ်က လူတွေကအဲဒီ ကံ့ကော်မြိုင်တန်းဆိုတဲ့မြို့ကို ညအိပ်ညနေ မပြောနဲ့၊ နေ့ခင်းပိုင်းအချိန်ကိုတောင် မသွားရဲကြတဲ့ ပစ္စန္တရစ်ဒေသကွယ့်။ နေပါဦးလေ၊ ခဏနေပါဦးကွာ"

ဆိုင်ရှင်လူကြီးက ပြောပြောဆိုဆို ဆိုင်၏အနောက်ဘက်ဆီသို့ ဝင်သွားသည်။ လူငယ်သည် ထိုဆိုင်ရှင်လူကြီး၏ ပြုမူပြောဆိုပုံတို့ကို မည်သို့မျှ နားလည်ခြင်းမရှိဟန်ဖြင့် ခပ်တွေတွေ ကျန်ရစ်ခဲ့သည်။ ထိတ်လန့်တကြားမဖြစ်စေကာမူ စိတ်အနှောင့်အယှက် ဖြစ်သွားသည့် အမူအရာက သူ့မျက်နှာတွင် ပေါ်လွင်နေသည်။

တစ်ခဏမျှကြာသောအခါ ဆိုင်ရှင်လူကြီး ပြန်ထွက်လာသည်။ သူတစ်ယောက်တည်းတော့ မဟုတ်ပါ။ ၎င်းနှင့် ရွယ်တူ လူကြီးတစ်ယောက် ပါလာသည်။ ထိုလူကြီးသည် ပုံပျက်ပန်းပျက်မဟုတ်သော်လည်း တစ်ခွက်တစ်ဖလားတော့ သောက်ထားပုံရသည်။

"ဟောဒီ သူငယ်ပဲ ကိုပေါရဲ့။ ငါက ဘယ်အထိသွားမှာလဲလို့ မေးတော့ ကံ့ကော်မြိုင်တန်းအထိ သွားမယ်လို့ ပြောတာပဲ"

ဆိုင်ရှင်လူကြီးက ပြောလိုက်သောအခါ ဦးဂျီပေါဟု အခေါ်ခံရသည့် လူကြီးက သူ့ကို စေ့စေ့စပ်စပ်ကြည့်လိုက်သည်။

"နေပါဦး ငါ့တူရဲ့၊ မင်းက ကံ့ကော်မြိုင်တန်းကို ရောက်အောင်သွားမယ် ဆို အဲဒီကို ဘာလုပ်ဖို့ သွားမှာလဲကွာ"

လူငယ်သည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် အသံထွက် မလာခဲ့ချေ။ သို့သော် သူဝတ်စားလာသည့် ဟောင်းနွမ်းကြမ်းတမ်းသော အဝတ်အစားများကိုကြည့်ကာ ဦးဂျီပေါဆိုသူ လူကြီးက သဘောပေါက်သွားဟန်ဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။



**စက်ရှင်တရားသူကြီးဟောင်း ဖြစ်ခဲ့ဖူးတဲ့ ဦးငွေတိုးတဲ့ဗျ။ တရားလိုဆီက လာဘ်စားပြီး သက်သေ အခိုင်အလုံ မရှိဘဲ ကျုပ်ကို မတရားထောင်ချလိုက်တာပေါ့။ ဒါကြောင့် ကျုပ်အနေနဲ့ ...**

"မင်းအနေနဲ့ အသက်မွေးဝမ်းကျောင်းဖို့အတွက်ဆိုရင်တော့ တို့များက ကံ့ကော်မြိုင်တန်းကို မသွားစေချင်ဘူးကွာ။ မင်းလို ငယ်ရွယ်ပြီး ခွန်အားဗလ မျိုးနဲ့လည်း မထိုက်တန်ပါဘူး။ ငါတို့ရွာမှာဆိုရင်လည်း အလုပ်အကိုင်တွေ ပြည့်လို့ပဲကွာ။ လယ်တောမှာ စပါးရိတ်လိုက်မလား။ ပဲနုတ်၊ ပဲသိမ်းလိုက်ဦး မလား။ အဆုံးစွန်ပြောရရင် ငါ့မှာတောင် သူရင်းငှားတစ်ယောက်လိုနေသေး တာပဲ"

ဦးဂျီပေါဆိုသူ လူကြီးသည် သူ့ကိုကရုဏာသက်သလို ကြည့်ရင်း ပြော လိုက်သည်။ ပြီးတော့ ငေးစိုက်ပြီး တွေဝေနေသည့် သူ့ကိုဆက်ပြီး ပြောပြန် သည်။



"ကံ့ကော်မြိုင်တန်းကို မသွားဖို့ တားနေရတာကလည်း အကြောင်းမဲ့ တော့ မဟုတ်ဘူးပေါ့ကွာ။ အဲဒီမြို့နဲ့ ပတ်သက်တဲ့ သတင်းဆိုးတွေ ကြားနေရ တာကိုက တို့များ နားနဲ့တောင် မဆံ့ချင်တော့ဘူး။ ကြားရတဲ့ သတင်းတွေအရ ဆိုရင် အဲတော့ကိုကြောက်စရာကောင်းလွန်းလှသကွာ။ ဒါကြောင့်လည်း တို့ များအနေနဲ့ မင်း ကံ့ကော်မြိုင်တန်းကို မသွားဖို့ တားနေရတာပေါ့ကွာ"

"ကျွန်တော်က ကံ့ကော်မြိုင်တန်းကို မသွားလို့ မရဘူးဦးကြီးရဲ့၊ အလုပ် အကိုင်ကိစ္စအတွက်လည်း မဟုတ်ပါဘူး။ ကျွန်တော် ယုံကြည်ချက်နဲ့ ဆုံး ဖြတ်ချက်အရ အဆင်ပြေမှာပါ"

ထိုလူငယ်၏ စကားကို ကြားလိုက်ရသည့် ဆိုင်ရှင်လူကြီးရော၊ ဦးဂျီပေါ ဆိုသူ လူကြီးပါ တအံ့တသြ ဖြစ်သွားသည်။ လူကြီးနှစ်ယောက်တို့၏ မျက်နှာ တွေမှာလည်း သွေးဆုတ်ကာ ဖြူဖပ်ဖြူရော်ဖြစ်သွားကြပြီး ပါးစပ်အဟောင်း သား၊ မျက်လုံးအပြူးသားနှင့် သူ့ကို စိုက်ကြည့်နေကြသည်။ ယင်းကဲ့သို့ ဖြစ် သွားကြလေသော ထိုလူကြီးနှစ်ယောက်၏ သွင်ပြင်အမူအယာများကို မြင် ရသဖြင့် သူ့စိတ်တွင် ကျဉ်းကျပ်သွားရပြန်လေသည်။

ဦးဂျီပေါဆိုသူလူကြီးသည် လူငယ်၏တုံ့ပြန်စကားကြောင့် ကရုဏာ ဒေါသော ဖြစ်သွားရုံမက တားမရသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်း လိုက်ပြီး လက်လျှော့၍ မူလ သူ့အရက်ဝိုင်းရှိရာ ဆိုင်၏ အနောက်ဘက်ဆီ သို့ပြန်ဝင်သွားသည်။

ဆိုင်ရှင်လူကြီးသည် လူငယ်ကို ဘာမျှ ဆက်၍မပြောသေးဘဲ သူမှာထား သည့်အတိုင်း တောအရက်ပုလင်းအသေးတစ်လုံး အရင်ချပေးလာသည်။ သူသည် တောအရက်ကို ဇိမ်ဆွဲသောက်နေစဉ် ထမင်းပွဲများ ပြင်ဆင်ပေး လိုက်သည်။ လူငယ်သည် အရပ်တစ်ခွက်မျှသောက်ပြီးသောအခါ ဆာ လောင်မွတ်သိပ်လာသည်ဖြစ်သည့်အတိုင်း ဟန်မဆောင်နိုင်တော့ဘဲ အားရ ပါးရ ပလုတ်ပလောင်းစားပြီး လိုက်မှပင် နေသာထိုင်သာ ရှိသွားသည်။

ဆိုင်ရှင်လူကြီး၏ မိသားစုများက စားပွဲပေါ်မှ ပန်းကန်များကို သိမ်းဆည်း နေစဉ် ရေနံဆီမီးအိမ်ကို ယူလာသည့် ဆိုင်ရှင်လူကြီးအား ကျသင့်ငွေကို ရှင်း

ပေးလိုက်သည်။ သူငယ်သည် လက်ကျန်အရက်များအား ဆိုင်ရှင်လူကြီးအားပြန်ပေးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ရိုးသားဖြောင့်မတ်ပုံရတဲ့ မင်းလို လူငယ်တစ်ယောက်အနေနဲ့ ကံ့ကော်မြိုင်တန်းကို မသွားသင့်တာကတော့ အမှန်ပဲကွ။ နာမည်ဆိုးထွက်နေတဲ့ အဲဒီကိုမှ သွားချင်ပါတယ်ဆိုတဲ့ မင်းကိုလည်း ငါက အတော့်ကို အံ့သြမိပါရဲ့"

"ကံ့ကော်မြိုင်တန်းဟာ ဘာကြောင့် ဒီလောက်တောင်နာမည်ဆိုးနေရတာတဲ့လဲ။ ဘာဖြစ်လို့ လူတွေက ဒီလောက်တောင် ကြောက်လန့်နေကြရတာတဲ့လဲ။ ပြောပြစမ်းပါအဘ"

သူက နားမလည်နိုင်သော အကြောင်းအခြင်းအရာကို တောင်းတောင်းပန်ပန်ဖြင့် မေးလိုက်သည်။

"ကံ့ကော်မြိုင်တန်း နာမည်ဆိုးထွက်လာတာက ဂျပန်ခေတ်တစ်လျှောက်လုံးပါပဲ။ ငါကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရတာမျိုးမဟုတ်တော့ အတိအကျပြောဖို့ကလည်း မလွယ်ပြန်ဘူး။ ဒါပေမဲ့ လူပြောသူပြောတွေကို ဆန်းစစ်ကြည့်လိုက်တော့လည်း တစ်ထပ်တည်း ဖြစ်နေပြန်ရောကွ။ ဒါကြောင့် အဲဒီအနီးတစ်ပိုက်လူတွေသာမက ဒီဘက်ကလူတွေကပါ ကံ့ကော်မြိုင်တန်းဆိုရင် နားကြောထဲက စိမ့်အောင် ကြောက်ကြတော့တာပါပဲကွာ။ ဘာကြောင့်လဲဆိုတော့ ..."

* * *

၁၉၄၅ ခုနှစ်၊ နွေဦးပိုင်းကာလ မြန်မာ့ကာကွယ်ရေးတပ်မတော်နှင့် ဖက်စစ်ဂျပန်တို့ နောက်ဆုံးတိုက်ပွဲကြီး မဖြစ်ခင်၊ ဂျပန်နှင့် ၎င်းတို့၏ အလိုတော်ရိများ မီးကုန်ယမ်းကုန်သောင်းကျန်းလျက် ရှိကြသည်။ ထိုဂျပန်အလိုတော်ရိများထဲတွင် အောင်ဘသည် ကင်ပေတိုင်စကားပြန်ဖြစ်သည်။ အောင်ဘသည် ကင်ပေတိုင်စစ်ဗိုလ်၏ လူယုံတော်ညာလက်ရုံးဖြစ်သည့်အလျောက် ရက်စက်ကြမ်းကြုတ်၍ မိုက်ရိုင်းသည့်နေရာတွင် သူ့အရှင်သခင် ဖက်ဆစ်



ဂျပန်ကင်ပေတိုင်တပ်ဖွဲ့ကပင် လက်ဖျားခါ၍ ဆရာတင်ထားခြင်း ခံရသူဖြစ်သည်။

သို့ကြောင့်လည်း အောင်ဘသည် မြန်မာလူမျိုးအချင်းချင်းကိုပင် စာနာမှုကင်းစွာဖြင့် ဓားပြတိုက်ခြင်း၊ အင်္ဂလိပ်နှင့် မဟာမိတ်တို့၏စပိုင်ဟု မသင်္ကာသူများကို ဖမ်းဆီးစစ်ဆေးပြီး ရက်စက်စွာ ညှဉ်းပန်းသတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို ပျိုအိုမရှောင် အနိုင်ကျင့်စော်ကားခြင်း၊ ရွာများမီးရှို့ခြင်း စသဖြင့် ကျန်းချင်တိုင်း သောင်းကျန်းလျက်ရှိသည်။

လူငယ်လူရွယ်များနှင့် အရွယ်ကောင်းယောကျ်ားများအား သူ့အရှင်သခင် ဖက်ဆစ်ဂျပန်များအား လူစု၍တော်လှန်ခြင်းမပြုနိုင်အောင် တွေ့ရာသချိုင်းဓားမဆိုင်း သတ်ဖြတ်ပစ်လေ့ရှိသဖြင့် ယောကျ်ားမှန်သမျှ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

စစ်ဘေးစစ်ဒဏ်ကြောင့် အခြားအရပ်နှင့် နီးစပ်ရာဒေသများသို့ ထွက်ပြေးခိုလှုံရန် ခွန်အားသွားသဖြင့် လူနည်းသွားရသည့်အထဲ ကပ်ရောဂါဆိုးကြီးက ဝင်ရောက်မွှေနှောက်သွားသဖြင့် ကျန်ရစ်သူများအနက် အများအပြားသေကျေပျက်စီးကြရာ ကံ့ကော်မြိုင်တန်းတွင် ယက်သဲ့ကြားငါးတင်၊ တင်သည့်ငါး ကြောင်စား ဆိုရိုးစကားမျှသာ ကျန်ရှိတော့သည်။

သို့ဖြင့် ကံ့ကော်မြိုင်တန်းအနေဖြင့် မြို့ပျက်ဖြစ်လုဆဲဆဲကာလတွင် မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြောက်ကျားတပ်များက ဖက်ဆစ်ဆန့်ကျင်တော်လှန်ရေးတိုက်ပွဲ ဆင်နွှဲလာသောအခါ ဂျပန်တပ်များ ဆုတ်ခွာထွက်ပြေးသွားပြီးချိန်တွင် –

နစ်ဖက်တပ်များမှ ကျဆုံးခဲ့သူများ၏ အလောင်းတွေကို မြုပ်နှံသင်္ဂြိုဟ်ခြင်း မပြုနိုင်သေးသည့်အတွက် ပုပ်ပွ၍ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် လူသေအလောင်းများနှင့် အရိုးစုများ၊ ကျွဲနွားတိရစ္ဆာန် အသေကောင်နှင့် အရိုးစုများအပြင် မဟာမိတ်လေတပ်မှ စက်သေနတ်မိုး၊ ဗုံးမိုး ရွာခဲ့သဖြင့် ပြိုပျက်နေသည့် အိမ်များ၊ လဲကျနေသည့် သစ်ပင်များ၊ ကျင်းများ၊ ချိုင့်များ စသည့် စစ်၏အနိဋ္ဌာရုံမြင်ကွင်းများကား မမြင်ချင့်အဆုံး တွေ့နေရသည်။ ဤသို့ဖြင့်

ဒုတိယကမ္ဘာစစ်ကြီး ပြီးသွား၍ အနီးဝန်းကျင်ရွာများသို့ ထွက်ပြေးခိုလှုံသူများ ကော့ကော်မြို့တန်းသို့ ပြန်လာကြချိန်တွင် ဖက်ဆစ်ဂျပန်တပ်များမရှိတော့သော်လည်း ကော့ကော်မြို့တန်းနှင့် ဝန်းကျင်ဒေသများမှာ မငြိမ်းချမ်းသေးသို့ အခြေအနေလည်း မကောင်းသေးပါ။ ကော့ကော်မြို့တန်းနှင့် ကျောထောက်နောက်ခံဒေသကို အမြတ်ထုတ်လိုသည့် အောင်ဘဦးစီးသည့် လူမိုက်အုပ်စုက ဒေသကာကွယ်ရေးအဖွဲ့ဟု အမည်ခံကာ လက်နက်အားကိုးဖြင့် စိုးမိုးထားပြန်သည်။

ဝင်စစ်၊ ကော့ကော်မြို့တန်းသည် စစ်မဖြစ်မီကပင်လျှင် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်မြို့ဖြစ်ခဲ့ရကား စစ်ကြီးအပြီးတွင် မြို့ပြအုပ်ချုပ်ရေး လက်လှမ်းမမီသေးချိန်၌ ဒေသခံများသည် စစ်ကြီးအတွင်းက ဂျပန်တို့၏ဒဏ်၊ ယခုဖက်ဆစ်အမွေခံ၊ အောင်ဘတို့၏ဒဏ်ကိုပါ ခံနေရသဖြင့် ကော့ကော်မြို့တန်းမှာ မီးအေးနစ်ခါနာသည့်ဘဝသို့ ရောက်ရှိနေသည်။

အောင်ဘတို့ လူမိုက်အုပ်စုသည် ဒေသကာကွယ်ရေးဟု အမည်ခံထားသော်လည်း လက်နက်အားကိုးဖြင့် ဒေသလူတို့ကို အနိုင်ကျင့်နေသည့် အုပ်စုသာ ဖြစ်သည်။ စစ်ပြီးစကာလဖြစ်သဖြင့် ဖက်ဆစ်ဂျပန်များ အရေးသောပါးဆုတ်ခွာထွက်ပြေးရင်း စွန့်ပစ်ချိန်ထားရစ်ခဲ့သည် လက်နက်ခဲယမ်းများကလည်း အလွယ်ယူရနိုင်သောကြောင့်လည်း သေနတ်တကားကားဖြင့် ရမ်းကားလိုသူ လူမိုက်ပေါက်စများ၊ ဆိုးသွမ်းလူငယ်များ အောင်ဘ၏ ကာကွယ်ရေးအဖွဲ့ထဲ ဝင်ကြသည်။

၎င်းတို့အဖွဲ့သည် ဝန်းကျင်ကျေးလက်များမှ မြင်းများကို အဓမ္မသိမ်းယူ၍ သေနတ်တကားကား၊ မြင်းတလွှားလွှားဖြင့် သွားလာရမ်းကားကြသည်ဖြစ်၍လည်း၊ မြင်းခွာသံများ ကြားရလျှင် နေ့ခင်းပင် ဖြစ်လင့်ကစား အိမ်များတံခါးပိတ်နေကြရသည်။ သို့ဖြင့် အောင်ဘတို့အဖွဲ့သည် မြို့ဘက်ကင်းစွာမင်းမှု ရမ်းကားနိုင်သည်ဖြစ်၍ မည်သည့် လူနေကျေးရွာရပ်ကွက်သို့မဆိုအချိန်မရွေး သွားလာဝင်ထွက်နိုင်ကြသူတွေ ဖြစ်သည်။ ထို့ကြောင့် ကော့ကော်မြို့တန်းနှင့် အနီးတစ်ဝိုက်ရှိလူများသည် အိပ်ကောင်းခြင်း၊ စားကောင်းခြင်းဘဝမှ ကင်းဝေးနေကြသည်။

အောင်ဘတို့၏ ကာကွယ်ရေးအဖွဲ့သည် ဖက်ဆစ်ဂျပန်တို့ တပ်စွဲခဲ့သည့်နေရာတွင်ပင် စခန်းချထားပြီး ဂျပန်ခေတ်အတွင်းကကဲ့သို့ပင် လုယက်၊ ဓားပြတိုက်၊ ဖမ်းဆီးညှဉ်းပန်းသတ်ဖြတ်ခြင်းဖြင့် မင်းမူကြီးစိုးလျက်ရှိရာ၊ ကော့ကော်မြို့တန်းဒေသခံတို့မှာ ထိုကာကွယ်ရေးအဖွဲ့ကို စက်ဆုပ်ရွံရှာမုန်းတီးနေကြသော်လည်းအန်တုတွန်းလှန်ခြင်းငှာ မစွမ်းသာ၍ငုံ့ခံရင်း ကယ်တင်ရှင်ကို စောင့်မျှော်ရင်း မောနေကြရကား မည်သို့မျှ မစွမ်းသာရေး။

အချင်းချင်း သစ္စာဖောက်ဟု စွပ်စွဲခံရသူများ၊ အဖွဲ့တွင်းနေရာလု အန်တုရန်ကြံသူများ၊ အခြားလူဆိုး ဓားပြများကို ဖမ်းဆီး၍ ယခင် ကင်ပေတိုင်ဆီမှ ရရှိခဲ့သည့် ပညာအမွေဖြင့် လူမဆန်စွာ ရက်ရက်စက်စက် ညှဉ်းပန်းသတ်ပြီးအလောင်း၏လည်ပင်းတွင် စာဆွဲ၍ လူမြင်ရာ ကြေးနန်းတိုင်၊ ဓာတ်မီးတိုင်ပေါင်းများနှင့် သစ်ပင်များတွင် တွဲလောင်းချထားလေ့ရှိသည်။

* * *

ကော့ကော်မြို့တန်းသို့ ပြန်ရောက်လာကြသူများအနေဖြင့် ယခင်က မိမိတို့အိမ်များသည် ယခုတော့ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်ယွင်းနေသည့်အတွက် ဖြစ်သလို ပြန်နေကြရသည်လည်း ရှိသည်။ အချို့မှာလည်း အိမ်ရာဆုံးရှုံးကြရသူများလည်း ရှိသည်။ အချို့က အောက်ပြည်အောက်ရွာသို့ ရွှေ့ပြောင်းသွားကြသလို ကိုယ့်ဇာတိမြေကို မစွန့်ခွာနိုင်သဖြင့် ဖြစ်သလို လုပ်ကိုင်စားသောက်၍ နေထိုင်ရန် ကျန်ရစ်ခဲ့သူများလည်းရှိသည်။

ညအချိန်များတွင် ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံများနှင့် မြင်းခွာသံများကပင် ကြက်သီးမွေးညင်းများ ထစရာဖြစ်၍နေဝင်မီးငြိမ်းအမိန့်မထုတ်ရပါဘဲနှင့် အိမ်အားလုံးပင် အိမ်ထဲဝင် တံခါးပိတ်နေကြပြီး ဖြစ်သည်။ အချို့အိမ်များက မီးရောင်ရှိသော်လည်း တံခါးမပိတ်ကြသလို၊ လူတစ်ယောက်မျှမရှိသော်လည်း ကလေးငိုသံ၊ စကားပြောသံတွေ ထွက်ပေါ်နေသည့် အိမ်များလည်း ရှိသည်။

လမ်းပေါ်တွင် မြင်းခွာသံများသာမက သေနတ်သံများပါ ကြားရတတ်သည်။ သေနတ်ကျည်ဆန်ထိမှန်သဖြင့် နာကြည်းစွာ အော်ဟစ်လိုက်သည့် အသံများ၊ ညည်းတွားသံများအပြင် ဟားတိုက်ရယ်မောသံများကိုပါ ကြားရတတ်သည်။ တစ်ခါတစ်ရံ နေ့စဉ်ရက်ဆက်လိုလို ဖြစ်တတ်သည်။ ဘာသံမျှ မကြားရဘဲ တိတ်ဆိတ်နေသည့် ရက်များလည်း ရှိတတ်သည်။ သို့တိုင်အောင် မကြောက်မလန့် လမ်းပေါ်တွင် သွားလာနေကြသူများလည်း ရှိသည်။

သူ့အိမ်ရှေ့ ကိုယ့်အိမ်ရှေ့လမ်းပေါ်တွင် သေနတ်သံတွေ ကြားနေရပါလျက်၊ အော်ဟစ်ညည်းတွားသံတွေ ကြားနေရပါလျက်၊ သွေးညှီနံ့တွေ ယမ်းငွေ့တွေ လွှမ်းနေပါလျက် အရဲစွန့်၍ တံခါးချပ်ကို အသာလှပ်၍ကြည့်လိုက်သောအခါ လူသေအလောင်းနှင့် မြင်းစီးသူများကို တွေ့ချင်မှလည်း တွေ့ရတတ်သည်။ မတွေ့ရသည့်အခါလည်းရှိသည်။

လမ်းပေါ်တွင် မကြောက်မရွံ့သွားနေကြသူတွေက အချို့က အနီးကပ်မြင်ဖူးကြသည်။ ထိုသူများနှင့် ပါတ်သက်၍ စကားစပ်မိသူတွေက သည်အကြောင်းကို ပြောကြသည်သာ ဖြစ်၏။

"ခင်ဗျားမြင်လိုက်ရတာ သေချာလို့လား ဒေါ်လှကဲရဲ့"

"ငါ ...သေသေချာချာ မြင်လိုက်ရလို့ပေါ့ဟဲ့။ ငါ ဖောင်ကူးရွာဘက် ဈေးရောင်းပြီးအပြန်မှာ ဓိုင်းရောက်ခါနီး မယ်ဇလီပင်မှာ စာဆွဲပြီး တွဲလောင်းဆွဲထားတဲ့ အလောင်းကို မြင်လိုက်တော့ ငါလည်း ကြောက်သွားတာပေါ့။ မနက်ပိုင်း ငါသွားတုန်းက ဘာမျှ မရှိဘူး။ အပြန်မှ အဲဒီလူသေအလောင်းက ရှိနေတာကိုး ဖိုးရွှေနီရဲ့၊ ငါလည်း ကြောက်ပြီး ကြောင်ကြည့်နေတုန်း လူသေအလောင်းက လှုပ်လာတယ်။ လည်ပင်းကကြိုးကို သူ့ဟာသူ ဖြေချပြီး မြို့ထဲဘက်ပြန်ဝင်သွားတာကို ငါ တစ်အပ်မြင်လိုက်ရတာ။ ငါလည်း ကြောက်တာနဲ့ ဗိုးဇလပ်လယ်ပွဲဘက်က လှည့်ပြန်ပြီး အိမ်ကို ပြန်ပြေးခဲ့ရတာ"

"အင်း ...ကျုပ်က သေသေချာချာ ကိုယ်တိုင်တော့ မတွေ့ဖူးသေးဘူးဗျ။ ကျုပ်ညီ အေးပိုကတော့ တွေ့ဖူးတယ် တဲ့။ ကပ်ရောဂါနဲ့ သေလို့ သူကိုယ်တိုင်မြေမြှုပ်ခဲ့တဲ့ ဟိုအရှေ့ပိုင်းက ပေါက်စဆိုတဲ့ အကောင်ကို ဟိုတစ်နေ့ ညနေပိုင်းက အင်းလျားကုန်းလမ်းပေါ်မှာ လျှောက်သွားနေတာကို မြင်လိုက်ရသတဲ့။ အဝတ်အစားတွေလည်း စုတ်ပြတ်ပြီး မြေကြီးတွေ၊ ရွှံ့တွေ ပေပွနေတာပဲတဲ့ဗျာ"

ဂျပန်ခေတ်က ကင်ပေတိုင်အဖမ်းခံရပြီး ပြန်မလာကြသူတွေ အောင်ဘတို့အုပ်စုက ဖမ်းခေါ်သွားပြီး အတန်ကြာအောင် ပျောက်သွားကြသူတွေကို ပြန်တွေ့ကြရသည်ဟုလည်း ပြောကြသည်။ များသောအားဖြင့် မှောင်ရီပိုးတဝါးအချိန်မှ မနက်အရုဏ်တက်ချိန်အထိ ၎င်းတို့ကို တွေ့ရသည်ဟု ပြောကြသည်။ ရံဖန်ရံခါ နေ့ခင်းပိုင်းတွင်ပင် တွေ့နိုင်သည်ဟုလည်း ဆိုကြသည်။ အချိန်ပြည့် မဟုတ်သော်လည်း တစ်ခါတလေ ရက်ခြား (သို့မဟုတ်) ညတိုင်းလိုလို တွေ့ရသည်ဟုလည်း ပြောကြသည်။

သို့နှင့်ပင် ကုံကော်မြိုင်တန်းသည် သက်ရှိလူသားနှင့် မကျွတ်မလွတ်နိုင်ကြသေးသည့် ဝေမာနိကပြိတ္တာဘုံသားတို့ တစ်ခါတစ်ရံ ခွဲခြား၍ မရအောင် ရောထွေးနေလေသည်။

* * *

မွန်းလွဲချိန်လောက်တွင် သူကုံကော်မြိုင်တန်းသို့ ရောက်လာသည်။ မြို့အဝင်တံတားထိပ်ရှိ ကုက္ကိုပင်တွင် စာဆွဲထားသည့် လူသေအလောင်းတစ်လောင်း တွဲလောင်းဆွဲထားသည်ကို မြင်လိုက်ရသော်လည်း ညက သူ တည်းခိုခဲ့သည့်ရွာမှ ထမင်းဆိုင်ရှင် လူကြီး၏ ပြောပြချက်အရ ဒီလိုမြင်ကွင်းမျိုးကို မြင်ရလိမ့်မည်ဟု မျှော်လင့်ထားပြီးဖြစ်သဖြင့် တုန်လှုပ်မှု မဖြစ်မိချေ။

ကုံကော်မြိုင်တန်းသို့ ဝင်လိုက်သည်နှင့် သွေးညှီနံ့တွေ၊ ယမ်းငွေ့နံ့တွေ ရှူရှိုက်မိသည်ဟု စိတ်မှခံစားလိုက်မိသည်။ သူသည်မြို့တွင်းသို့မြင်းကိုအနေးစီး၍ လျှောက်ကြည့်စဉ်မြို့ခံလူများသည် လူစိမ်းမှန်းသိသာသော သူ့ကိုအထူးအဆန်းသဖွယ် စူးစမ်းသည့်အသွင်ဖြင့်ကြည့်ကြသလို စိုးရိမ်သည့်အသွင်ဖြင့်လည်း ကြည့်ကြသည်။ သူ့ကိုကြည့်ပြီး စိုးရိမ်သည့်အသွင်ဖြင့် တီးတိုးပြောနေကြသည်။

သူ တွေ့မိသူ မြင်မိသူအချို့မှာ ထူးခြားနေသည့်နယ် ရှိသည်။ ထိုသူတို့မှာ မျက်နှာအသွင်အပြင်မှာ ခံစားမှု အမူအရာ ကင်းမဲ့နေကြသည်။ နေရာတိုင်းတွင်တော့ မဟုတ်။ လူသူ ကင်းရှင်းသည့် နေရာအချို့တွင် ဖြစ်၏။ သူ့အနေဖြင့် ထိုသို့သော သူများကို မြင်ရသည်မှာ သိစိတ်ဖြစ်သော ဗဟိဒ္ဓစိတ်၌ ဘာမျှ မဖြစ်သော်လည်း အဇ္ဈတ္တစိတ်တွင်မူ တစ်မျိုးတစ်မည် ဖြစ်သွားသည်ဟု ထင်မြင်မိသည်။

လမ်းလေးခွဆုံ အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်သည်။ ထမင်းမစားမီ အရက်နှစ်ပက်ခန့်ကို ဖိမ်ဆွဲသောက်ရင်း ဆိုင်တွင်း အရက်ဝိုင်းများမှ ဆူညံစွာ ငြင်းခုံရင်း ပြောစကားများကို နားစွင့်ထားသည်။

မည်သို့ပင်ဖြစ်စေ သူသည် ကံ့ကော်မြိုင်တန်းသို့ ရောက်လာကတည်းက သည်စားသောက်ဆိုင်ထဲသို့ ဝင်ပြီး စားစရာ သောက်စရာများကို မှာသည်ကလွဲ၍ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မေးမြန်းစုံစမ်းခြင်း တစ်စုံတစ်ရာ မပြုရသေးသော်လည်း အရက်ဝိုင်းများမှ မူးမူးဖြင့် ပြောနေကြသည့် စကားများကို ဆန်းစစ်ကြည့်ခြင်းဖြင့် သူ သိရှိလိုသမျှ သိရပြီး ဖြစ်နေပြီ။ ထို့ကြောင့်လည်း သူ ကံ့ကော်မြိုင်တန်းသို့ လာရကျိုး နပ်ပါလေပြီ။

အချို့က ပရလောကမှ မိစ္ဆာများအကြောင်း ငြင်းခုန်နေကြသလို အချို့ကလည်း အောင်ဘာအကြောင်းအာပေါင်အာရင်းသန်သန်ဖြင့် ပြောနေကြသည်။ နေ့ခင်းကြောင်တောင်ပင် မြို့တွင်း တစ်နေရာမှ သေနတ်သံများ ကြားရသည်။ ထိုသေနတ်သံများ နောက်ကွယ်တွင် သက်ရောက်မှု တစ်ခုမကပင် ရှိနိုင်ကြောင်း အကဲခတ်မိသည်။ သူ့အနေဖြင့် သည်လို သေနတ်သံများ ကြားရသည်မှာ နည်းနည်းတော့ ထူးဆန်းသလို ရှိသော်လည်း ဆိုင်ထဲရှိ အရက်ဝိုင်းရှိ သောက်နေကြသူများ အနေဖြင့် ရိုးနေပြီ ဖြစ်သည့်အတိုင်း မည်သို့မျှ ရှိမနေကြချေ။

သူ စားသောက်ပြီး၍ ကျသင့်ငွေ ရှင်းပေးလိုက်ပြီး မြို့တွင်းရှိ နေရာများသို့ လှည့်ပတ်ကြည့်သည်။ ရပ်ကွက်များအတွင်းသို့လည်း စူးစမ်းသည့်အနေဖြင့် ဝင်ကြည့်သည်။ သူ့အမြင်တွင် ကံ့ကော်မြိုင်တန်းသည် မြို့အင်္ဂါရပ်နှင့် ပြည့်စုံမှု



မရှိသေးသည်ကို တွေ့ရသည်။ မြို့ ပျက်သာသာ အနေအထားမှာပင် ရှိနေသည်။ ဘုရားကျောင်းကန်များ ရှိနေသော်လည်း စစ်ဒဏ်ကြောင့် ယိုယွင်းပျက်စီးနေသည်။ ရဟန်းသံဃာတော်များပင် မရောက်ရှိကြသေးသဖြင့် လတ်တလော ကာလတွင် ဘာသာတရားနှင့် သိမ်မွေ့မှု ခလေ့စရိုက်များ ကွယ်ပျောက်နေသည့်နယ် ရှိသည်။

မြို့တွင်းအနှံ့ လျှောက်ကြည့်နေသဖြင့် အတော်ကလေးပင် အချိန်လင့်သွားသည်။ အရှေ့ဘက် မြို့အထွက်လမ်းဆီ ရောက်တော့ ညနေမှောင်းချိန်ပင် ရောက်နေပြီ။

မြို့အထွက်တံတားမှ နှစ်ဖာလုံခန့် ရောက်တော့ မြင်းပေါ်မှ ဆင်းလိုက်သည်။ မြင်းကို ခေတ္တလွှတ်ထားလိုက်ပြီး ကုက္ကိုပင်ခြေရင်းတွင် ခြေပစ်လက်ပစ်မှီ၍ ထိုင်ချလိုက်သည်။ ခပ်လှမ်းလှမ်း မနီးမဝေးနေရာတွင် အမိုးလန်နေသည့် အဆောက်အအုံပျက်တစ်ခု ရှိသည်။ မြေပုံနှင့် မှတ်တိုင်ယိုင်နဲ့နဲ့များ၊ အုတ်ဂူများ ရှိသဖြင့် သုသာန် တစပြင်ဖြစ်ကြောင်း သိလိုက်သည်။ မလှမ်းမကမ်း သစ်ပင်များတွင် တွဲလောင်းဆွဲချထားသည့် လူသေအလောင်းအချို့ ရှိနေသည်။

သူသည် တစ်စုံတစ်ယောက်ကိုမျှော်နေသည်။ သူ့အနေဖြင့် ကံ့ကော်မြိုင်တန်းသို့ လာရသည့် ရည်ရွယ်ချက်မှာလည်း ထို တစ်စုံတစ်ယောက်နှင့် တွေ့ရန်သာဖြစ်သည်။ သို့သော် နှစ်ဦးတွေ့ဆုံရန် ချိန်းဆိုထားခြင်းမျိုးကား မဟုတ်။ သူကသာလျှင် ထို တစ်စုံတစ်ယောက်ကို တွေ့ဆုံရန်သာ ဖြစ်ချေသည်။

ဝါခေါင်လ နှောင်းပိုင်းပင် ဖြစ်သော်လည်း မိုးမရွာသည်မှာ ကြာပြီဖြစ်၍ ပူလောင်အိုက်စပ်လျှက် ရှိနေသည်။ မြေပြင်မှာလည်း ခြောက်သွေ့နေသည်။ မြင်နေရသည့် မြေပြင်သည်။ ယခင်က လယ်ကွင်းယာခင်းများ ဖြစ်ခဲ့ရပုံရသည်။ စစ်အတွင်း ခေတ်ပျက်ကာလမှ ယနေ့အချိန်အထိ ထွန်ယက်စိုက်ပျိုးနိုင်ခြင်း မရှိသဖြင့် ဖုံးဆိုးတော မြေရိုင်းလွင်ပြင် ဖြစ်နေသည်။

သူ ကုက္ကိုပင်အောက်တွင် နေ့စဉ် အချိန်အတွင်း ထိုလမ်းပေါ်တွင် ဖြတ်သန်းသွားလာသူဟူ၍ တစ်ယောက်မျှ မရှိသေးသဖြင့် သူ့စိတ်ထဲတွင် ထိုလမ်း

မကြီးကို အသုံးပြုသူ ရှိမှရှိသေးရဲ့လားဟုလည်း တွေးနေမိသည်။ အချိန်တွေ ကုန်လာသည်နှင့်အမျှ စိတ်ထဲတွင်လည်း စိတ်မရှည်သလို ဖြစ်လာသည်။

သူ့နေရပ်မှ သည် ကံ့ကော်မြိုင်တန်းအထိ မိုင်ပေါင်းများစွာ ခရီးနှင်ခဲ့ပြီးမှ သူ စောင့်မျှော်နေရသူ လာအောင် မစောင့်နိုင်သဖြင့် ပြန်သွားပါလျှင် ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ အချည်းအနှီးပင် ဖြစ်သွားပေလိမ့်မည်။ သို့ဖြစ်၍လည်း ဝီရိယသည် သူ့အတွက် မရှိမဖြစ် လိုအပ်သလို၊ ဖွဲသည် သူ့အတွက် ရလဒ်ပင် ဖြစ်ရပေလိမ့်မည်။

သူ ထိုင်နေရာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် ရွာတစ်ရွာ ရှိသည်။ မြစ်ကမ်းဘေးတွင် ဖြစ်ပုံရသည်။ ထိုအခိုက် –

ထိုရွာကလေးဆီမှ သေနတ်သံ သုံးချက် ကြားလိုက်ရသည်။ အသံကို နားထောင်ခြင်းဖြင့် ထိုသေနတ်သံများသည် ခြောက်လုံးပြူး၊သို့မဟုတ် ပစ္စတိုစသည့် ပြောင်းတို သေနတ်သံ ဖြစ်ပုံရသည်။ သူသည် စိတ်ရှည်လက်ရှည်စွာ စောင့်ဆိုင်းနေပြန်သည်။ အချိန်များကား ကုန်သည်ထက် ကုန်သွားသည်။

သို့သော် ဤသို့ စောင့်ဆိုင်းနေခြင်းအတွက် အချိန်များ ကုန်သွားခြင်းသည် သူ့အတွက် အချည်းအနှီး မဖြစ်စေပါ။ သူ မျှော်နေသည့် အရှေ့ဘက်ဆီမှ မြင်းခွာသံ ကြားလိုက်ရသည်။ တဖြည်းဖြည်းနှင့် နီးလာသောအခါ မြင်းနက်ကြီးသည် လူတစ်ယောက်ကို ကျောပေါ်တင်၍ ဖုန်လုံးကြီးကို နောက်တွင်ချန်ထားလျက် ဒုန်းစိုင်းပြီး လာနေသည်ကို မြင်ရသည်။ သူသည် လမ်းဘက်သို့ ထွက်၍ တားလိုက်သည်။

"ဗိုလ်အောင်ဘ ဗိုလ်အောင်ဘ ရပ်ပါဦးဗျာ့"

မြင်းနက်ကြီးပေါ်မှလူသည် ဇက်သပ်၍ ရပ်လိုက်သည်။ သူ့ကို စူးစူးစိုက်စိုက်ကြည့်ယင်း –

"အောင်မယ် မင်းက ငါ့ကို ဘာကြောင့် ကားရတာလဲ။ ငါဟာ ဘယ်သူ ဘယ်ဝါဆိုတာ သိလို့လား"

"သိတာပေါ့ဗျာ။ ခြောက်လုံးပြူးနှစ်လက်ချိတ်ပြီး မြင်းနက်ကြီးစီးလာတာကို ကြည့်ရင် ခင်ဗျားဟာ ဖော့ဆိုတာနဲ့ ကွေ့နေတဲ့ မြစ်ကိုတောင်မှ ဖြောင့်သွား



စေနိုင်တဲ့ ဗိုလ်အောင်ဘဆိုတာ ကျုပ် သိတာပေါ့။ ပြီးတော့ ခြောက်လုံးပြူး ဒင်မှာ အေဘီဆိုတဲ့စာလုံး ထွင်းထားပြီး ငွေပြားကပ်ထားတာ ခင်ဗျားဟာ ဗိုလ်အောင်ဘ မဟုတ်လို့ ဘယ်သူ ဖြစ်ရဦးမလဲ"

"မင်းက ဘယ်သူလဲ။ ဘယ်ကလဲ။ ငါ့ကို ဘာကိစ္စနဲ့ စောင့်နေရတာလဲ။ ပြောစမ်းပါဦး"

"ကျုပ်နာမည်က မိုင်းညို ပုဂံညောင်ဦး တစ်ဖက်ကမ်းမြစ်ခြေက ခင်ဗျားဆီမှာ တပည့်ခံပြီး ကာကွယ်ရေးအဖွဲ့ထဲ ဝင်ချင်လို့ပါဗျာ။ ခင်ဗျားအဖွဲ့ဆီမှာ အကျိုးအကြောင်းပြောပြီး ထိုင်စောင့်နေရတာထက် ခင်ဗျားနဲ့ အခုလို တိုက်ရိုက်တွေ့ပြီးမှ အဖွဲ့ထဲဝင်ရင် ပိုအဆင်ပြေမယ်ထင်လို့ စောင့်နေတာဗျာ။ ပြီးတော့ ခင်ဗျား ဘယ်ကိုသွားပြီး ဘယ်အချိန် ပြန်လာမယ်ဆိုတာ ကံ့ကော်မြိုင်တန်း ရောက်လာကတည်းက လူပြော သူပြောတွေနဲ့ သိပြီးသားပါဗျာ"

"အေးလေ။ မင်းက ငါ့ဆီမှာ တပည့်ခံချင်တယ်ဆိုတော့ ဟုတ်ပြီလေ။ မင်း သတ္တိရှိရဲ့လား၊ မိုက်ရဲရဲ့လား"

"ဗျာ ခင်ဗျား ကျုပ်ကို အထင်သေးတာပဲဗျာ။ ကျုပ် ခေတ်မပျက်ခင် အင်္ဂလိပ်အစိုးရ လက်ထက်က ထောင်ထွက်တစ်ယောက်ပဲဗျ။ သတ္တိမရှိဘဲ မမိုက်ရဲပဲနဲ့ ခင်ဗျားဆီ တပည့်ခံပါ့မလား"

"မင်းကိုယ်မင်းသတ္တိရှိပါတယ်ဆိုပြီးကုတ္တိုပင်ပေါ်တက်ပြီးခုန်ချစမ်းပါလို့ ငါကခိုင်းရင် မင်း ခုန်ချရဲပါ့မလား။ ခုန်ချတယ်ပဲထားဦး၊ ဒါ သတ္တိလို့ မခေါ်ဘူး။ လူများအထင်ကြီးအောင် မိုက်ရူးရဲ စွန့်စားတာပဲ။ သတ္တိဆိုတာ အများအကျိုး၊ ကိုယ့်အကျိုး၊ ဖြစ်ထွန်းမှုမရှိအောင် အမြော်အမြင်၊ ယုံကြည်ချက်နဲ့ စွန့်စားတာမျိုးပဲကွ။ ထားပါတော့လေ။ မင်းက အဖွဲ့ထဲ ဝင်ချင်တယ်ဆိုရင် ကိုယ်ပိုင်သေနတ် ရှိရမယ်။ မြင်းရှိရမယ်။ အဖွဲ့ကတော့ ပေးမှာမဟုတ်ဘူး"

မိုင်းညိုသည် ဖျင်ကြမ်းလွယ်အိတ် ခပ်ညစ်ညစ်ထဲမှ အင်္ဂလန်နိုင်ငံထုတ်၊ သမ လေးငါးဝက်ဘလီ ခြောက်လုံးပြူးသေနတ်နှင့် စတင်းကျည်ကတ် ကို ထုတ်ပြလိုက်သည်။

"အောင်မယ်၊ တယ်ဟုတ်ပါလား။ ပွိုင့်လေးဆယ့်ငါးပြောင်းတို့ သေနတ်ကို စတင်းကျည်ဆန်နဲ့ ပစ်ရတယ်ဆိုတာ မင်းသိသားပဲ"

"သိတာပေါ့ဗျာ။ လွယ်အိတ်ထဲမှာ စတင်းဂန်း ကျည်ကတ်တွေ၊ ကျည်အပြည့်နဲ့ လေးငါးကတ်တောင် ရှိသေးတယ်"

"ဒါဆို မင်း သေနတ်ပစ် ပြန်ရမယ်။ ပစ်မှတ်ကို မချိန်ဘဲ ထိအောင် ပစ်နိုင်ရမယ်။ လက်ဖြောင့်ရမယ်ကွာ"

"ဟိုကပဟာတွေက ခင်ဗျားတို့သတ်ပြီး ဆွဲထားတဲ့ လူသေအလောင်းတွေမဟုတ်လား။ ကျုပ် သေနတ်နဲ့ပစ်ပြီး ဖြုတ်ချပြမယ်"

စကားဆုံးသည်နှင့် ရုတ်ခြည်းပင် မိုင်းညို၏ လက်ထဲမှသေနတ်သံလေးချက် ထွက်သွားသလို ခပ်လှမ်းလှမ်း ကုက္ကိုပင်တွင် တွဲလောင်းကျနေသည့် လူသေအလောင်း လေးလောင်းစလုံး မြေပေါ်သို့ ပြုတ်ကျသွားသည်။

"ဟေ တယ်ဟုတ်ပါလားကွ။ မင်းဟာ အရည်အချင်းစစ် စာမေးပွဲ တစ်ခု တော့ အောင်သွားပြီး နောက် အရည်အချင်းတစ်ခုကို မင်း ဘယ်လိုပြမလဲ"

"ကျုပ် ခင်ဗျားကို လက်တွေ့ဓားပြတိုက်ပြမယ်ဗျာ"

"တယ်ဟုတ်ပါလား။ ဘယ်မှာ ဓားပြတိုက်မှာလဲကွ"

"မြို့ထဲမှာဗျ။ အောင်သစ္စာရပ်ကွက်မှာ နေ့ခင်းက သေသေချာချာ လေ့လာခဲ့ပြီးပြီ"

"မင်းဟာ သေချာရဲ့လားကွာ"

"သေချာတာပေါ့ဗျာ။ အဲသည်အိမ်က နှစ်ထပ်တိုက်ဗျ။ အင်္ဂလိပ်ခေတ်တုန်းက ပခုက္ကူခရိုင် စက်ရှင်တရားသူကြီးဟောင်း ဖြစ်ခဲ့ဖူးတဲ့ ဦးငွေတိုးတဲ့ဗျ။ တရားလိုဆီက လာဘ်စားပြီး သက်သေ အခိုင်အလုံမရှိဘဲ ကျုပ်ကို မတရား ထောင်ချလိုက်တာပေါ့။ ဒါကြောင့် ကျုပ်အနေနဲ့ သမိုင်းပေး တာဝန်အရ ရာဇဝင်ကြွေးဆပ်ရမယ့် ဝတ္တရားရှိတယ်"

"အဲသည် အဘိုးကြီးများရဲ့ အခြေအနေက ဘယ်လိုရှိသလဲကွ။ မင်း စနည်းနာပြီးပြီလား"



"အဘိုးကြီးက သည် ကံ့ကော်မြိုင်တန်းဇာတိဗျ။ အဲသည်အဘိုးကြီးက ကျန်းမာရေးကတော့ သိပ်မကောင်းဘူး။ သူ့သမီးနဲ့ သားအဖနှစ်ယောက် တည်းနေတယ်။ ကျုပ်လည်းဂျပန်ခေတ်တစ်ခေတ်လုံးမှာအဲသည်အဘိုးကြီး အကြောင်းကိုစုံစမ်းတော့သတင်းမရဘူး။ စစ်ပြီးခါနီးမှသည်ကိုပြန်ရောက်နေတယ်ဆိုတာသိရတယ်။ သူတို့မှာရွှေငွေပစ္စည်းတွေလည်းအတော်ရှိတယ်ဆိုတာ သိရတယ်။ ပြီးတော့ သည် ကံ့ကော်မြိုင်တန်းမှာ ဗိုလ်အောင်ဘဆိုတဲ့ ခင်ဗျား ရှိနေတယ်ဆိုတာလည်း သိရလို့ ခင်ဗျားဆီမှာ တပည့်ခံပြီး အဲသည် အဘိုးကြီးဦးငွေတိုးကိုဓားပြတိုက်ရအောင်လို့စုလိုကံ့ကော်မြိုင်တန်းကိုကျုပ် အရောက်လာခဲ့တာပေါ့ဗျာ။ အခု သူတို့ သားအဖတစ်တွေ နေကြတဲ့ ပတ်ဝန်းကျင်မှာ လုံးဝလူမနေဘဲ အိမ်ပျက်တွေပဲ ရှိတယ်။ လူတွေနေတဲ့အိမ်တွေ ရှိရင်လည်း ဘာမျှကိစ္စမရှိဘူး။ ခင်ဗျားတစ်ယောက်လုံးပါနေတာပဲ။ ကဲ မှောင်စပြီးပြီဗျာ။ သွားကြစို့"

သူတို့နှစ်ယောက်စကားတပြောပြောနှင့်မြင်းကိုကိုယ်စီခပ်မှန်မှန်စီးလာကြရင်း မြို့ပျက်ပမာ ခြောက်ကပ်နေသည့် လူနေရပ်ကွက်များကို ဖြတ်လာကြသည်။ ကာကွယ်ရေးအဖွဲ့၏ ကြမ်းကြုတ်စွာ အုပ်ချုပ်နေဆဲ ကာလဖြစ်၍ မာရှယ်လောအမိန့်မထုတ်ရပါဘဲနှင့်လူနေအိမ်မှန်သမျှတံခါးပိတ်ထားပြီးကြ ပါလေပြီ။

သို့သော် ဝါခေါင်၏ လသာညဈ ညဦးပိုင်းဖြစ်သည့်အတိုင်း လမ်းမီးများ မရှိသော်လည်း လင်းထိန်နေသည်။ လမ်းပေါ်တွင် မိုင်းညိုတို့နှစ်ယောက်မှ လွဲ၍ လူသူကင်းရှင်းလျက် ရှိသည်။

ထိုအခိုက် မြို့တွင်းတစ်နေရာဆီမှ ဆူညံသော သေနတ်သံများ ရုတ်တရက် ကြားလိုက်ရသည်။ အတွဲလိုက် ပစ်လိုက်သံများပါ ကြားရသည်။ မိုင်းညို အနေဖြင့် ရုတ်တရက်ကြောင်သွားသော်လည်းအောင်ဘဆိုသူကမူ ဖုတ်လေသည့်ငါးပိ ရှိသည်ဟု မထင်သည့်ပမာ တုန်လှုပ်မရှိသည်ကို မြင်ရသည်။

ထို သေနတ်သံများသည် သိပ်မကြာလိုက်ဘဲ တိတ်ဆိတ်သွားလေသည်။ သူတို့နှစ်ယောက် မြို့လယ်ကောင် လမ်းလေးခွအရောက်တွင် တောင်

ဘက်သို့ ဦးတည်၍ မှိုင်းညိုကပင် ဦးဆောင်၍ ခပ်သွက်သွက်ပင် နှင်လိုက်သည်။

"ကဲ သည်မှာတင်ပဲ ရပ်လိုက်ကြစို့ဗျာ။ သိပ်မဝေးတော့ပါဘူး။ လျှောက်သွားလိုက်ရင် ခဏပဲဗျ"

သူတို့မြင်းဖက်သတ်လိုက်ပြီး ဗာဒံပင်တွင် ချည်လိုက်ကြသည်။ ပြီးတော့ ခပ်လှမ်းလှမ်း၍ လရောင်အောက်တွင် မြင်နေရသည့် နှစ်ထပ်တိုက်ရှိရာသို့ လာခဲ့ကြသည်။ အိမ်ရှေ့ခြံဝတွင် အောင်ဘဆိုသူက စောင့်နေရစ်ခဲ့ပြီး မှိုင်းညို တစ်ယောက်တည်းပင် ဝင်လာခဲ့သည်။

တိုက်အိမ်ကြီး၏ ပြတင်းပေါက်များမှာ အစက မှန်ပြတင်းများ ဖြစ်ခဲ့သော်လည်း ယခုမူ စက်သေနတ် ကျည်ဆန်များနှင့် ဗုံးဆန်များ ထိမှန်ထားသဖြင့် ကွဲရှ ပေါက်ပြဲနေသည်။ ယခုတော့ ဂျပ်စက္ကူများ၊ ရရာ ပျဉ်ပြားများဖြင့် ဖြစ်သလို ဖာထေးထားသည်။ အိမ်ထဲတွင် လက်ဆွဲ ရေနံဆီမီးအိမ် ထွန်းညှိထားသည်။ အိမ်ထဲမှ စကားပြောသံများ ကြားရသဖြင့် နားစွင့်လိုက်သည်။

"သမီး မေနွယ်ဦး မြင်းခွာသံတွေ ကြားလိုက်သလားလို့ အိမ်ရှေ့တံခါး ပိတ်လိုက်ပါလား"

"နန်းကလိန်ချောင်းဘက် သွားကြတာ ဖြစ်မယ် ဖေဖေ။ အခု မကြားရတော့ဘူး။ ကိစ္စမရှိပါဘူး ဖေဖေ။ ဆေးထပ်သောက်လိုက်ဦးနော် ဖေဖေ။ နေရထိုင်ရတာ သက်သာတယ် မဟုတ်လား"

"သက်သာပါတယ် သမီး ငါ့သမီးလေးလည်း ဖေဖေ့ကို ပြုစုရတာ ပင်ပန်းလှပြီ သမီးမေမေသာ ရှိခဲ့ရင် အင်း"

"ဟာ ဖေဖေကလည်း အားမငယ်စမ်းပါနဲ့။ ဖေဖေ့ကို သမီး ပြုစုခွင့်ရတာ သမီးအတွက် ကုသိုလ်ထူးတဲ့ အခွင့်အရေးပါ။ စစ်ကြီး ပြီးဆုံးသွားပေမဲ့ အခြားဒေသတွေမှာတော့ မသိဘူး။ သည် ကံ့ကော်မြိုင်တန်းက မတည်ငြိမ်သေးတော့ ကိုကိုသာရှိနေရင် သမီးတို့ ဘာကိုမျှ ကြောက်စရာမလိုဘဲ လုံလုံခြုံခြုံ စိတ်ချလက်ချ နေရမှာပဲနော် ဖေဖေ"



"သားကြီး မောင်ရန်နိုင်လည်း ပြန်လာတော့မှာပါ။ ဟိုနေ့ကတင် လူကြ
နဲ့ ပေးလိုက်တဲ့စာ ရပြီးပြီပဲ သမီးရယ်။ ကံ့ကော်မြိုင်တန်းမှာ မငြိမ်မသက်
တောကြောင်တွေ သောင်းကျန်းနေတယ်ဆိုတာ သားကြီးလည်း သိပြီးဖြစ်မှ
ပါ။ ဂျပန်တော်လှန်ရေး တိုက်ပွဲတွေပြီးလို့ တပ်ကထွက်ပြီး အမြန်ဆုံး ပြန်လ
မယ်လို့ စာထဲမှာ ပါတယ်မဟုတ်လား။ ဒါနဲ့ ဖေဖေ ပြန်စစ်ခိုင်းထားတဲ့ ပစ္စည်
တွေ ပြီးသွားပြီလား သမီး"

"ပြီးသွားပြီ ဖေဖေ။ အခုပဲ ထုပ်ပိုးပြီး ပြန်သိမ်းတော့မှာပါ"

မှိုင်းညိုသည် ခပ်ဟဟ စေ့ထားသည့် အိမ်ရှေ့တံခါးကို ဆွဲဖွင့်လိုက်
လက်ထဲက သေနတ်ဖြင့် ချိန်လိုက်သည်။

"ဟင် ရှင် ရှင်ဘယ်သူလဲ ဘာလုပ်ဖို့လဲ"

"ခုလို အချိန်မတော် သေနတ်နဲ့ချိန်ပြီး ဝင်လာတယ်ဆိုကတည်းက ကျ
ကစားပြပဲပေါ့ဗျာ။ ဓားပြတိုက်ရအောင် လာတာကို မရိပ်မိဘူးလား။ သည်မှာ
ဦးငွေတိုးဆိုတဲ့ တတရားသူကြီးမင်း ခင်ဗျားဟာ မြေပိုင်ရှင် သူဌေးသားဆိ
မတရား လာဘ်ငွေယူပြီး သက်သေအခိုင်အလုံ အခြေအမြစ်မရှိတဲ့ သေန
ကျည်ဆံတစ်တောင့် ပြဿနာနဲ့ အမှုဆင်ပြီး ထောင်ချခဲ့တာ ခင်ဗျား မှတ်
ချင်မှ မှတ်မိပေလိမ့်မယ်။ ဒါပေမဲ့ ကျုပ်ကတော့ မမေ့နိုင်ဘူး ထားပါတေ
ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ အင်္ဂလိပ်နယ်ချဲ့ ကိုလိုနီခေတ် တစ်လျှော
လုံး မတရား လာဘ်စားပြီး စုဆောင်းထားတဲ့ ရွှေ၊ ငွေ၊ လက်ဝတ်လက်စ
ပစ္စည်းတွေ သေတ္တာထဲ မထည့်ခင် ကျုပ်ကို ပေးမပေးရင်"

"မောင်ရင်ရယ် ဦးအနေနဲ့ ခုလို"

"ဆက်မပြောနဲ့ လူကြီးမင်း။ ကျန်းမာရေးမကောင်းသူပီသစွာနဲ့ ငြိမ်နေ
ကျုပ်ဟာ လူမသတ်ချင်လို့ ဓားပြပဲ တိုက်နေတာဗျ။ သေနတ်ထဲမှာ ကျည်ဆ
အပြည့်ရှိနေသဗျနော်။ ဟိုအမျိုးသမီး စောစောက စစ်ဆေးပြီး ထုပ်ပိုးထ
တဲ့ ပစ္စည်းထုပ် အဲ ခင်ဗျား နည်းနည်းကလေးမျှ မလှုပ်နဲ့နော်"

"ဩော် ရှင်က အတော်ကို သတ္တိကောင်းနေမှကိုး နာတာရှည် လူမ
ကြီးနဲ့ အားနွဲ့တဲ့ မိန်းမသား သားအဖနှစ်ယောက်ကို သေနတ်ပြခြိမ်းခြောက်

ဓားပြတိုက်နေတာ ရှင် မရှက်ဘူးလား။ ရှင်ဟာ ယောကျ်ားဆိုတဲ့ ဂုဏ်သိက္ခာ မရှိတော့ဘူးလား။ အခု ရှင် ဓားပြတိုက်တာကို ဗိုလ်အောင်ဘတို့ရဲ့ကာကွယ်ရေး အဖွဲ့ကို တိုင်လိုက်ရင် ရှင်ဟာ ဘယ်လိုနည်းနဲ့ သေသွားမလဲဆိုတာ ရှင်သိရဲ့လား ဟင်"

မှိုင်းညိုသည် အဘိုးကြီးဘေးတွင် ချထားသည့်အထုပ်ကို ကောက်ယူလိုက်ပြီး အဘိုးကြီး၏ သမီးဘက်သို့ သေနတ်ပြောင်းကို လှည့်လိုက်သည်။

"ကိုင်း ဟိုအမျိုးသမီး အော်ချင်ရင်လည်း အော်ပေတော့။ ခင်ဗျား အော်လိုက်တဲ့ ခွန်းကြီးခွန်းငယ်အသံနဲ့ ခင်ဗျားတို့ သားအဖနှစ်ယောက်ကို ပစ်မယ့် သေနတ်သံ နှစ်ချက်ဟာ ဘယ်အသံက ဘယ်လို သက်ရောက်မှု ရှိမလဲဆိုတော့ သိချင်ရင် အော်ကြည့်လိုက်ပေါ့"

မှိုင်းညိုက ပစ္စည်းအထုတ်ကို လှမ်းပေးလိုက်ရင်း -

"သွားစို့လေ။ ဗိုလ်အောင်ဘ ပြေးကြစို့လေဗျာ"

"ဘာကွ ဘာဖြစ်လို့ ပြေးရမှာလဲ ငါတစ်ယောက်လုံးရှိနေတာ ဓားပြတိုက်ပြီး ထွက်ပြေးရင် အဓိပ္ပာယ်ရှိပါဦးမလား။ မင်းက သတ္တိရှိတယ်။ မိုက်ရဲတယ်ဆိုကွ။ ဒါနဲ့များ ငါ့ဆီမှာ တပည့်ခံချင်သေးတယ်။ ကဲ လာကွာ အဲသည်ကို ပြန်သွားရအောင်"

"ခင်ဗျားက ဘာလုပ်ဦးမှာလဲဗျ"

"ဓားပြတိုက်ခံရတဲ့အဘိုးကြီးနဲ့ သူ့သမီး ဘယ်လိုပူဆွေးသောကရောက်နေကြတယ်ဆိုတာချောင်းနားထောင်ရင်းရယ်ရအောင်။ငါကအားရပါးရပဲ တိုက်မရယ်ရတာ အတော်ကြာသွားပြီကွ"

မှိုင်းညိုသည် မငြင်းသာတော့ဘဲ ၎င်း ဦးဆောင်ရာသို့ လိုက်ခဲ့ရသည်။

"သမီး မေနွယ်ဦး ဖေဖေ တစ်သက်လုံး ရှာဖွေခဲ့ပြီး သွားလေသူ သမီးမေမေ သိမ်းဆည်းခဲ့သမျှ ဂျပန်ခေတ်တစ်လျှောက်လုံး ပုန်းရင်း ပြေးရင်း လုံခြုံခဲ့သလောက် အခုတော့ ဓားပြတိုက်ခံရလို့ အားလုံး ကုန်သွားပြီ။ စောစောက ငါ့သမီး ရေတွက်ထားတာ ဘယ်လောက်ရှိသလဲ"



"အင်္ဂလိပ်ငွေစက္ကူ တန်ဖိုး တစ်သောင်းနှစ်ထောင်၊ ရွှေတုံးရွှေခဲက နှစ်ပိဿာနီးနီး၊ စိန်လက်ကောက်၊ စိန်ဘယက်၊ ဆွဲကြိုး၊ လက်ဝတ်လက်စားအားလုံး အကုန်လုံးပဲ ဖေဖေ"

အဘိုးကြီးက ဟီးချ၍ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"ခေတ်ပြန်ကောင်းတဲ့အချိန်မှာ သမီးကို ဘွဲ့ရတဲ့အထိ ပညာ ဆက်သင်ပေးပြီး အိမ်ကိုပြန်ပြင်ဖို့ ဖေဖေ ရည်မှန်းသမျှ ခုတော့ ရင်းနှီးစားသောက်ဖို့ ထုခွဲစရာတောင် မကျန်တော့ဘူးဆိုတော့ မျှော်လင့်ချက်တွေ ကုန်သွားပြီ သမီးရယ်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ ကြည့်မနေကြပါနဲ့။ စောင့်ရှောက် ကူညီပေးတော်မူကြပါ"

"ဘယ်တတ်နိုင်ပါ့မလဲ ဖေဖေ။ ဘဝ ဝဋ်ကြွေးပေးဆပ်လိုက်ရတယ်ဆိုပြီး စိတ်ကိုဖြေပါ ဖေဖေ။ သမီး စိတ်မကောင်းဖြစ်မိတာက ဖေဖေ့ရဲ့ ကျန်းမာရေးအတွက် ဆေးကုပေးဖို့ ဘာမျှ မကျန်တော့တာကိုပဲ ဝမ်းနည်းမိတာပါ"

အဘိုးကြီးက ဝမ်းနည်းကြေကွဲပြီး စိတ်ထိခိုက်ကြေကွဲနေသော်လည်း သမီးဖြစ်သူကမူ စိတ်ဓာတ်ခိုင်မာပုံရတယ်။ စောစောက ဓားပြတိုက်ခဲ့စဉ်ကပင် မှိုင်းညိုကို ကက်ကက်လန်အောင် ရန်တွေ့ခဲ့ရပြီးကတည်းကသိခဲ့ပြီးဖြစ်သည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ ဖေဖေ။ သမီး ပြန်ရှာလို့ရနိုင်ပါတယ်"

ဟင် ရှင် ပြန်လာပြီလားဟင်။ ကျွန်မတို့မှာ ဘာမျှ မကျန်တော့ဘူး။ စောစောကပဲ ဓားပြတိုက်သွားလို့ ကုန်ပြီ။ နောက်ထပ်လိုချင်ရင် ကျွန်မနဲ့ ကျွန်မအဖေ လူမမာကြီးကို သတ်သွားရုံပဲ ရှိတယ်။



"ဘယ်ပုံ ဘယ်နည်းနဲ့ ရှာလို့ ရနိုင်မှာတဲ့လည်း သမီးရယ်"

"အလုပ်တွေ မရှားပါဘူး ဖေဖေ။ မြို့ကလည်း ပြန်ပြီး စည်ကားလာတော့မှာပါ။ အခု သမီး အင်္ကျီဖုံးပြီး ဝတ်ထားတဲ့ ဆွဲကြိုးတစ်ကုံး ရှိနေပါသေးတယ်။ မြို့ပြန်စည်ကားလာရင် ရပ်ကွက်တွေထဲက အိမ်တွေမှာ ထမင်းချက်၊ အဝတ်လျှော်၊ အိမ်စေအလုပ်တွေလုပ်ပြီး ငွေပြန်စုမှာပေါ့"

သမီးဖြစ်သူ၏ စကားကို ကြားလိုက်ရသဖြင့် အဘိုးကြီးက ဝမ်းပန်းတစ်နည်း ငိုချလိုက်ပြန်သည်။

"ဖေဖေ ငါ့သမီးလေးကို ပညာတွေသင်ပေးခဲ့တာ သမီးရဲ့ဘဝအတွက် အောက်တန်းကျတဲ့ အိမ်စေအလုပ် လုပ်ဖို့မှ မဟုတ်ဘဲ"

အဘိုးကြီးပြောလိုက်သည့် ထိုစကားကြောင့် မှိုင်းညို၏ရင်ထဲတွင် နင့်ခနဲနေအောင် ခံစားလိုက်ရသည်။ စိတ်ထဲတွင်လည်း ထိခိုက်သွားသည်။ သူ လုပ်ဆောင်ချက်များကို ပြန်၍ စဉ်းစားမိသည်။

အဘိုးကြီးကို ကလဲ့စားချေ ဓားပြတိုက်ရန် စစ်အတွင်းကပင် စုံစမ်းရှာဖွေလာရာ စစ်ပြီးမှာ ခြေရာခံမိပြီး ကံ့ကော်မြိုင်တန်းသို့ ရောက်လာခဲ့၏။ မှိုင်းညို၏ ရည်ရွယ်ချက်က အောင်မြင်သည်ဟု ဆိုရပေမည်။

ဒီအဘိုးကြီးကို သူ အငြိုးထားခဲ့သည်မှာ အမှန်ပင် ဖြစ်သော်လည်း စစ်အတွင်းကဒုက္ခရောက်ခဲ့သူအများစုထဲတွင် သည်အဘိုးကြီးမိသားစုသည်လည်းဒုက္ခရောက်ခဲ့ကြရသည်မှာလည်းအမှန်ပင်ဖြစ်ကြောင်းမှိုင်းညိုဉာဏ်မီသလောက် အတွေးဖြင့် စဉ်းစားမိလေသောအခါတွင် ကိုယ်ချင်းစာနာစိတ်လွှမ်းမိုးလာမိသည်။ ဆိုးချင် မိုက်ချင်သောစိတ်များသည်လည်း ပျောက်ဆုံးသွားလေပြီ။

ဤသို့ စဉ်းစားနေခိုက်မှာပင် -

"ဟားဟားဟားဟားဘယ်လိုလဲကွ။အဘိုးကြီးကြေကွဲဝမ်းနည်းပြီးငိုနေတာ ရယ်စရာမကောင်းဘူးလား။ ဒုက္ခရောက်နေရတဲ့အထဲ အရင်က လောဘကြီးခဲ့သမျှ အခုတော့ ကုန်းကောက်စရာ မရှိအောင် မွဲပြာကျသွားပြီလေကွာ ဟား ဟား ဟား ဟား"



"ကျုပ် ဒီပစ္စည်းတွေကို မလိုချင်တော့ဘူးဗျာ။ ပြန်ပြီး ပေးလိုက်တော့မယ်"

"ဘာ ဘာကွ။ မင်း ဓားပြတိုက်ခဲ့တာ ပြန်ပေးဖို့မှ မဟုတ်ပဲ။ ငါက ပြန်မပေးဘူး ဆိုရင်ကောကွာ"

မှိုင်းညို ဘာမျှ ပြောမနေတော့ဘဲ ၎င်းလက်ထဲမှ ပစ္စည်းထုပ်ကို ဆတ်ခနဲဆွဲယူလိုက်ပြီး အိမ်ရှေ့ဝင်ပေါက်သို့ အပြေးလာခဲ့သည်။ သေနတ်သံနှင့်အတူ ခဲတောင့်ပူ ကျည်ဆန်ထိပ်ဖူးတွေက သူ့ကျောကို ထိုးဖောက်ဝင်လာလိမ့်မည်ဟု မှိုင်းညို မျှော်လင့်ထားပြီးဖြစ်သည်။ သည်လို ဆုံးဖြတ်ပြီး သည်လိုပြုမူပြီးဖြစ်၍ မတတ်နိုင်တော့ချေ။

သို့သော် -

"ဟင် ရှင် ပြန်လာပြန်ပြီလားဟင်။ ကျွန်မတို့မှာ ဘာမျှ မကျန်တော့ဘူး။ စောစောကပဲ ဓားပြတိုက်သွားလို့ ကုန်ပြီ။ နောက်ထပ် လိုချင်ရင် ကျွန်မနဲ့ ကျွန်မအဖေ လူမမာကြီးကို သတ်သွားရုံပဲရှိတယ်"

အမျိုးသမီးက သူ့ကို ရန်တွေ့နေစဉ်မှာပင် မှိုင်းညိုက အထုပ်ကို ပစ်ပေးလိုက်သည်။

"ဟင် ဒါက ဘာသဘောလဲ"

အမျိုးသမီးက ပစ္စည်းအထုပ်ကို ဖမ်းယူလိုက်ရင်း နားမလည်နိုင်စွာ ရှိနေစဉ် သူ့နောက်က ဝင်လာသူကို မြင်လိုက်ရသဖြင့် အံ့အားသင့်ပြီး ကြက်သေ သေနေရာမှ -

"ဟင် ဒါက ဘာသဘောလဲ"

အမျိုးသမီးကပစ္စည်းအထုတ်ကိုဖမ်းယူလိုက်ရင်းနားမလည်နိုင်စွာရှိနေစဉ် သူ့နောက်က ဝင်လာသူကိုမြင်လိုက်ရသည်နှင့် အံ့အားသင့်ပြီးကြက်သေသေနေရာမှ -

"ဟင်၊ ကိုကို ကိုကို ပြန်လာပြီ။ ဖေဖေရေ ကိုကို ပြန်ရောက်လာပြီ။ ဖေဖေ"

မှိုင်းညိုသည် နောက်ပြန်လှည့်၍ ကြည့်လိုက်ရာ မမျှော်လင့်သော မြင်ကွင်းကြောင့် ထိတ်လန့်တကြားဖြင့် -

"ဟင် ခင်ဗျား ခင်ဗျားဟာ ဗိုလ်အောင်ဘ ဘယ်လိုကနေ ဘယ့်နှယ် ဖြစ်ရတာတဲ့လဲ"

"ကိုကို စောစောက ဒီလူပေါ့။ ညီမလေးတို့ဆီက ပစ္စည်းတွေ ခါးပြတိုက်သွားတာ။ ကိုကို သူ့ကို ဖမ်းလာတာလားဟင်"

"ခင်ဗျားဟာ ကာကွယ်ရေးခေါင်းဆောင် ဗိုလ်အောင်ဘ မဟုတ်ဘူးလား"

အဘိုးကြီးသည်အိပ်ရာထဲမှလူးလွန့်၍အားယူပြီးထလိုက်သည်။နောက်မှ ဝင်လိုက်လာသူသည် ခုတင်ပေါ် တင်ပါးလွှဲထိုင်လိုက်ပြီး ဖခင်ဖြစ်သူ၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"သား ငါ့သားကြီးရန်နိုင် ပြန်လာပြီလား။ ဝမ်းသာလိုက်တာ ငါ့သားကြီးရောက်မလာသေးခင် ဖေဖေတို့ အတွင်းပစ္စည်းတွေ ခါးပြတိုက်သွားလို့ကွာ။ ဟင် ဟိုကောင်ဟာ စောစောက ခါးပြကောင်ပဲ။ ငါ့သားကြီးက သည်ခါးပြကောင်ကို ဖမ်းခဲ့တာလား"

"ခင်ဗျားက ဗိုလ်အောင်ဘ မဟုတ်ရင် ဘယ်သူလဲဗျာ။ ကျုပ်ကတော့ နားမလည်နိုင်တော့ဘူး"

"ရှင်က သူခိုး ခါးပြ လူယုတ်မာ အောင်ဘနဲ့ ကျွန်မအစ်ကိုနဲ့များ မှားမှားတတ်ပါလေရှင်"

အဘိုးကြီး၏သား ရန်နိုင်သည် မှိုင်းညိုကို စေ့စေ့ကြည့်လိုက်သည်။ ပြီးတော့ မှိုင်းညို၏ပခုံးကို အသာအယာပုတ်လိုက်ရင်း -

"မင်းကို ငါက ငါဟာ အောင်ဘပါလို့ ပြောသေးလို့လား"

"ဒါဖြင့် အေဘီလို ငွေပြားကပ်ထားတဲ့ ဗိုလ်အောင်ဘရဲ့ ခြောက်လုံးပြူးသေနတ်နဲ့ အောင်ဘ စီးနေကျ မြင်းနက်ကြီးကကောဗျာ။ ကျုပ်ကတော့ နားမလည်နိုင်အောင် ဖြစ်နေပြီဗျာ"



"ငါက သည် ကံ့ကော်မြိုင်တန်းကို မြစ်ကြောင်းကနေ ပြန်လာခဲ့တာကွ။ ညနေပိုင်းမှာ မြင်သာရွာကို ရောက်တော့ အောင်ဘနဲ့ သူ့နောက်လိုက်နှစ်ယောက်ကို တွေ့တယ်။ ဒီကောင်တွေက ငါ့ကို မိုက်မိုက်မည်းမည်း စိန်ခေါ်တာနဲ့ သုံးယောက်နဲ့တစ်ယောက် သေနတ်ချင်း ယှဉ်ပစ်တယ် ဒီကောင်တွေက သူတို့ရဲ့ သေနတ်မောင်း မညှစ်ခင်မှာ ငါက အဲသည်ကောင်တွေရဲ့ ရင်ဘတ်တွေထဲ ကျည်ဆန်တစ်တောင့်စီ ပစ်သွင်းပြီး သူတို့ရဲ့ ဝိညာဉ်တွေကို ထုတ်ပစ်ပေးခဲ့တယ်။ အမှတ်တရအဖြစ် အောင်ဘရဲ့ ခြောက်လုံးပြူးကိုယူပြီး သည်ကောင်ရဲ့ မြင်းနက်ကြီး စီးခဲ့ပြီး ငါ့အဖေနဲ့ ညီမလေးတို့ဆီကို ပြန်အလာလမ်းမှာ မင်းကိုတွေ့တာပဲကွာ"

"ဒါတောင်ခင်ဗျားဟာကျုပ်ကခင်ဗျားအဖေနဲ့ခင်ဗျားညီမဆီခါးပြတိုက်နေတာကို အသာလေးကြည့်နေနိုင်တာများ အံ့သြမိပါရဲ့ဗျာ"

"အေးလေကွာ။ ခါးပြတိုက်တဲ့ပစ္စည်းတွေကို မင်းက ငါ့ကို အောင်ဘလို့ ထင်ပြီး ပေးလိမ့်မယ်ဆိုတာ ငါက ကြိုသိနေတယ်လေ။ မင်းနဲ့ငါတွေ့စ တရားသူကြီးဟောင်းဦးငွေတိုးဆိုတဲ့ငါ့အဖေအိမ်ခါးပြတိုက်မယ်လို့ပြောတော့မင်းအကြောင်းနဲ့ မင်းရဲ့စိတ်ဓာတ်ကို သိချင်လို့ အထိုက်အလျောက် ဆက်ဆံပြီး မျှောလိုက်နေတာကွ"

"ဒါနဲ့ ကိုကို ကာကွယ်ရေးဆိုတဲ့ လူမိုက်အုပ်စုက သူတို့ ခေါင်းဆောင်အောင်ဘကို ကိုကိုက ရှင်းလိုက်ပြီဆိုတော့ ရန်ရှာနေဦးမှာလားဟင်"

"ကိစ္စမရှိပါဘူး။ ငါ ဒီကောင် မှိုင်းညိုဆိုတဲ့ကောင်နဲ့ လာရင်း လမ်းဆုံမရောက်ခင် တပ်မတော်ကချေမှုန်းလိုက်ပြီးပါပြီဟေ့။ မင်းလည်းကြားမှာပေါ့။ သေနတ်သံတွေ ကြားတယ်မဟုတ်လား။ ကျည်အတွဲလိုက် ပစ်လိုက်တဲ့အသံတွေလည်း ပါတယ်ကွာ"

"ခင်ဗျား ဘယ်လိုလုပ်ပြီး သိတာလဲဗျာ"

"အဲသည် တပ်မတော်က တပ်စုဟာ ငါနဲ့အတူတူ လာခဲ့တာကွ။ တပ်ခွဲက ကျိုက်ကုန်းကတစ်ဆင့် ကံ့ကော်မြိုင်တန်းကို မြောက်ဘက်ကဝင်ပြီး ကာကွယ်

ရေး စခန်းကိုဝင်ပြီး စီးနင်းလိုက်တာပဲ။ သည်တော့ အခုချိန်ကစပြီး ကုံကော်မြိုင်တန်းလည်းငြိမ်းချမ်းသာယာတော့မှာပါ။ ငါကတော့ တစ်က ထွက်ခဲ့ပြီးပြီ။ ပေ့ကောင် မှိုင်းညို မင်းလိုစိတ်ဓာတ်မျိုးနဲ့ ဓားပြတိုက်ပြီး လူဆိုးလူမိုက် လုပ်စားရင်လည်း ဖြစ်မယ့်အကောင်မျိုး မဟုတ်ပါဘူး။ ဒီတော့ သေနတ်ပစ်ဝါသနာပါပြီး လက်ဖြောင့်တဲ့မင်းကို မနက်ဖြန် အဲဒီ တပ်မတော်မှာ အမှုထမ်းဖို့ငါလိုက်အပ်ပေးမယ်။ ဒီည မင်းဒီမှာ နားလိုက်ပေါ့ကွာ။ ဗြောင်ညီမလေး မေနွယ်ဦး အစ်ကိုနဲ့ ဒီကောင်အတွက် ညစာ ထမင်းပြင်ပေးပါဦးကွာ"

မေနွယ်ဦးသည် မှိုင်းညိုကို မကျေမချမ်းဖြင့် ဘုကြည့်ကြည့်လိုက်ပြီး မီးဖိုခန်းဆီသို့ ဝင်သွားလေသည်။

ဝန်ခံချက်။ ။ တဍ္ဍသိုလ်မောင်သန့်စင် (မြန်မာစာပါမောက္ခဦးဇမောင်) ၏ ပတ္တမြားကျောက်စီဓားကိုမှီး၍ ခံစားရေးဖွဲ့ပါသည်။

⇨ ဖာမ်ရိုးဇော်ထြည်





ဦးဘခက်မှာ အသက် (၆၀) ကျော်၊ ကိုယ်တစ်ခြမ်း လေဖြတ်ထား၍ တဲပေါ်နှင့် တဲအောက်ဝန်းကျင်သာ လှုပ်ရှားသွားလာနိုင်သည်။ မိခင်ဖြစ်သူ ဒေါ်သန်းတင်သည် ဦးဘခက်ကို အနီးကပ် စောင့်ရှောက်ပြုစုသည်။ သမီး ခင်တုတ်က ဒီလုံး၊ ခေါင်းကြီးတို့အကူဖြင့် တောတွင်းဝင်၍သစ်ခုတ်သည်။ထင်းဖြတ်သည်။ တဲရှေ့တွင် ပုံ၍ကုန်သည်တို့ကိုရောင်းချသည်။ ဆန်၊ ဆီ၊ ဆား၊ အဝတ်တို့နှင့် ဖလှယ်သည်။ ရေထွက်ပစ္စည်း၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် တောထဲမှရသော အမဲကောင်တို့အသားကိုလည်း တောမှထွက်၍ ရွာများသို့သွား၍ ရောင်းချသည်။

"ကျုပ် ...သားကြီး သံချောင်းသေတဲ့အတွက် ကျုပ်ကို လေတစ်ခြမ်းဖြတ်လို့ မလှုပ်နိုင်တဲ့အပြင် ကျန်တဲ့ကိုယ်တစ်ခြမ်းပါ သားကြီးနဲ့အတူ သေပြီလို့ ထင်မိတယ်ဗျာ။ ကျုပ်တို့ အားကိုးရတဲ့ သားတစ်ယောက်ကို အစားထိုးစရာ မရှိတော့ပါဘူး"

အဘိုးအို၏စကားကို ကိုအောင်သိန်း ကြားယောင်နေသည်။

ဒီလုံးနှင့် ခေါင်းကြီးတို့သည် ငယ်ရွယ်တက်ကြွ၍ သန်မာဖျတ်လတ်ပြီး ထုသားပေသား ခံနိုင်ရည်ရှိသော ဝါသနာတူမုဆိုးများဖြစ်၍ ကိုအောင်သိန်း သဘောကျသည်။ အသက် ၂၈ နှစ်အရွယ်အစ်ကိုတွေကြားတွင် ယောကျ်ားစိတ်၊ ယောကျ်ားဟန်နှင့် အားမာန်ပါပါ လှုပ်ရှားတိုက်ခိုက်တတ်ပြီး သတ္တိလည်းကောင်းသော ခင်တုတ်ကိုလည်း နှမလေးကဲ့သို့ ကိုအောင်သိန်း သံယောဇဉ်ဖြစ်ရသည်။ ဖခင်ဦးဘခက်သည် မြို့ဆင်ခြေဖုံးတွင် နေခဲ့သူဖြစ်သည်။ ခေတ်အမျိုးမျိုးကို ကြုံခဲ့သည်။ အင်္ဂလိပ်လက်အောက် ကျရောက်နေသော ကာလ၊ မျိုးချစ်စိတ်ဓာတ်ရှိသူတိုင်း အချိန်အခါ မရောက်သေး၍ ကျိတ်ပြီး ဓားသွေးနေရချိန်ဖြစ်သည့်အတိုင်း ကိုယ့်ထီးကိုယ့်နန်းနှင့် မြန်မာတို့ ရပ်တည်နိုင်အောင် ကာကွယ်ထိန်းသိမ်းခဲ့သော မြန်မာ့ဓားရေးလှံရေး အတတ်တို့ကို အတော်အတန် သင်ယူထားသူဖြစ်သည်။ ထို့ကြောင့် သူ့သားသမီးအားလုံး ဖခင်၏ထံမှ ဓားရေးလှံရေးအတတ်တို့ကို သင်ယူထားကြရသည်။ ခင်တုတ်သည် ဓားရေးခေသူမဟုတ်ကြောင်း ကိုအောင်သိန်းလက်တွေ့သိထားပြီး ဖြစ်ပါသည်။

"ကျုပ်တို့ အစ်ကိုကြီး မရှိတော့ ခင်ဗျားက အစ်ကိုကြီးပေါ့။ ခင်တုတ်တို့ အစ်ကိုကြီးကို သတ်ခဲ့တဲ့ ဝက်ခါးပတ်ကျားကောင်ကို ခင်တုတ်တို့ လက်နဲ့ သတ်ရမှ ကျေနပ်မယ်။ လက်စားချေရမယ်။ အစ်ကိုကြီးက ခင်တုတ်တို့ကို နည်းလမ်းသင်ပေးပါ။ ခင်တုတ်တို့ ဘယ်လိုလုပ်ရမလဲ"

"ဟုတ်ပါ့ဗျာ၊ ကျုပ်တို့အစ်ကိုကြီး အဖြစ်နဲ့ အားကိုးပါတယ်။ အစ်ကိုကြီး ကိုအောင်သိန်းက ခိုင်းပါ။ ကျုပ်တို့လုပ်ပါ့မယ်။ ဘယ်လို ခင်းကို ဖမ်းနိုင်တယ်ဆိုတာ စီစဉ်ပေးပါ။ အတွေ့အကြုံလည်းရ ပညာလည်း သင်ရတာပေါ့ဗျာ"

သူတို့မောင်နှမဆိုသည့်အတိုင်း ကိုအောင်သိန်း စီစဉ်ရပါသည်။ သူတို့ အစ်ကိုကြီး ကိုသံချောင်းကို ဝက်ခါးပတ်ကျား ပက်၍ ဗိုက်ပွင့်သေဆုံးပြီးနောက် အခြေအနေကို စောင့်ကြည့်နေခဲ့သည်မှာ သုံးလခန့်ကြာပြီ။ အလွန်ပါးနပ်သော ခါးပတ်ကျားဝက်ကြီးသည် ယခင်ဆင်းနေကျ ကိုသံချောင်း ထောင်ခဲ့သည့် ထောက်ချောက်ရှိသော လမ်းကြောင်းသို့ ဆင်းမလာတော့ပါ။

ယခု သုံးလကျော်မှ ထောက်ချောက်များသိမ်းထားသော ထိုလမ်းကြောင်းသို့ ဝက်များ ဆင်းလာကြောင်း ခြေရာစောင့်ကြည့်ရင်း သိလိုက်ကြသည်။

"သိပ်ပါးတဲ့ကောင်ကြီး၊ သုံးလကျော်တဲ့အထိ သူနဲ့ အပေါင်းအဖော်တွေပါ ဒီလမ်းကို မဆင်းဘူး။ ဒီသစ်ဥ၊ သစ်ဖုမျိုးစုံပေါတဲ့ ဒီချောင်းဖျား ရေအိုင်ကို မလာဘူး။ တခြားဘက်တွေကို သွားနေတယ်။ ဘယ်နေရာအတိအကျလို့သာ မသိရတယ်။ ဒီပြင့်အကောင်ထက် ကြီးထွားပြီး ဖောင်းတွေအတက်တွေနဲ့ ချွန်ထက်တဲ့ စွာရာကြီးတွေကို ဒီအကောင်ကြီးခြေရာဖြစ်ကြောင်းတော့ သိထားပါတယ်။ နေရာအနှံ့ရောက်တယ်။ ပုံမှန်လမ်းကြောင်း မထားခဲ့ဘူးကွ။ အခု ဒီလမ်းကြောင်းတော့ စောင့်ကြည့်တာ ငါးရက်တစ်ခါလောက် ဆင်းတယ်။ ဒါ့ကြောင့် တို့ဒီလမ်းကြောင်းက ထောင်ချောက်လုပ်မယ်"

"အစ်ကိုကြီးကိုအောင်သိန်း ပြောတာ ဟုတ်တယ်ဗျ။ ကျုပ်လည်း နေရာ အနှံ့ တောတိုးလေ့လာနေခဲ့တာပဲ။ ပုံသေလမ်းကြောင်းရယ်လို့ အစ်ကိုကြီး ပြထားတဲ့ မြေရာမျိုးနဲ့ ဆင်းတာတက်တာ နေရာ မမှန်ဘူးဗျ။ ဒီသုံးလေးနေ ရာမှာ တွေ့ကပြီး နောက်ကြည့်တာ မလာတော့ဘူး။ ကုန်းတန်းထဲမှာ ရှိတာ တော့ သေချာတယ်။ ကျုပ်လည်း သူ့ကိုရှာရင်း ဖွေရင်းနဲ့ အင်္ဂလိပ်ကောင်တွေ ရဲ့ အရိုးစုတွေထင်ပါရဲ့။ တွေ့ခဲ့သေးတယ်။ ဒီပြင်ဟာသာ မကြောက်တာ၊ ဒီ လို အရိုးစုတော့ တစ္ဆေကောင်အမှတ်နဲ့ ကျုပ်ကကြောက်တယ်။ ရုတ်တရက် တွေ့တွေ့ချင်း အသံထွက်အောင် လန့်အော်မိတယ်ဗျာ။ နောက်မှ သတိထား ပြီး အကျိုးအကြောင်း သိချင်တာနဲ့ အနားရောက်အောင် အရဲစွန့်သွားခဲ့တယ်။ နှစ်လံသုံးလံအကွာလောက်ပါပဲ။ အဲဒီနားက **ဟောဒီ** ကျည်ဆန်လေးတောင့် ရခဲ့တယ်ဗျာ။ ပြောင်ပြောင်လေးတွေ မြင်လို့ လှတာနဲ့ မြေကြီးထဲက ကော် ထုတ်ပြီး ကောက်ခဲ့တာ"

ကုန်းတန်းကျောမှ အနည်းငယ်နိမ့်သော နေရာကို ထောက်ချောက်တူး ရန် ကိုအောင်သိန်း သတ်မှတ်ထားသည်။ အလျား ၆ တောင်၊ အနံ ၄ တောင် သတ်မှတ်၍ ကာလရှည်မြင့်စွာ ကုန်းတန်းပေါ်မှ ဝက်များ ရေအိုင်သို့ ဆင်းရာ လမ်းကြောင်းပေါ်တွင် ထောင်ချောက်နေရာ သတ်မှတ်၍ တူးစေသည်။ ကိုအောင်သိန်း နေရာ စီစဉ်သတ်မှတ်နေချိန်တွင် ခေါင်းကြီးသည် သစ်ခွဲ သမားများထံမှ သစ်လုံးလေးဖက် အကာချခွဲထားသော ပျဉ်အကာခြမ်းများ ကို လှေနှင့် တင်၍ ယူလာခဲ့သည်။ ကိုအောင်သိန်း အနားသို့ သွား၍ မကြာခင် က တောတွင်းမှ ရရှိခဲ့သော ရိုင်ဖယ်ကျည်ဆန်လေးတောင့်ကို ပြသည်။ မနီး မဝေးတွင် မီးဖိုတစ်ခုဖို၍ ဖွဲနှင့်ပက်သကဲ့သို့ လူကို ကိုက်ခဲသွေးစုပ်သော ခြင်ပိုးလောင်းတို့ကို မီးခိုးမှိုင်းတိုက်ပေးနေသော ခင်တုတ်က အနီးသို့ ရောက်လာပြီး ငုံ့ကြည့်သည်။ ခေါင်းကြီးက လက်ဝါးပေါ် ကျည်ဆန်တောင့် ကိုတင်၍ပြသည်ကို ကိုအောင်သိန်းနှင့် ဒီလုံးတို့လည်း ဝိုင်းကြည့်ကြသည်။

"လှလို့ ... ယူလာတာက အကြောင်း မဟုတ်ဘူးကွ။ အင်္ဂလိပ်အကောင် တွေ သိရင် လက်နက်ပုဒ်မနဲ့ ဖမ်းသွားလိမ့်မယ်"





**ဘယ်ရမလဲ အစ်ကိုခေါင်းကြီးရာ၊ အစ်ကို ကြီး ကိုအောင်သိန်း ဉာဏ်ကောင်းလို့။ အဲဒီ ကျည်ဆန်တွေ ခါးပိုက်ထဲမှာထားပြီး ပြေးနေရတဲ့ အစ်ကိုခေါင်းကြီး ခင်တုတ် မွေးထားတဲ့ မီးဖိုထဲထည့်လို့ပါနော်။**

"ဟုတ်တယ်ကွ။ မင်းက ...ဘာမသိညာမသိနဲ့ ပြီးတော့ တောထဲလည်း အနှံ့ရောက်သလို လူတွေရှိတဲ့ ရပ်ထဲရွာထဲလည်း ရောက်ချင်ရောက်သွား တတ်တဲ့အကောင်။ လက်ပူးလက်ကျပ်နဲ့သာ မိရင် မလွယ်ဘူး"

ကိုအောင်သိန်း အပြောကို ဒီလုံးဟာ ထောက်ခံပြောရင်း ညီဖြစ်သူကို အပြစ်တင်နေသည်။ ခင်တုတ်ကမူ မည်သို့မျှ မဆိုတတ်သလို အားလုံးကို မော့ကြည့်ရင် နှုတ်ဆိတ်နေသည်။

"ဟာဗျာ ...အစ်ကိုတို့ သိအောင် ဝှက်ထားရာက တမင်ယူလာပြတာပါ။ ကျုပ်က လှတာကာသိအောင် ပြောပုံမလား။ ကျည်ဆန်တွေကို ထည့်ပစ်စရာ သေနတ်လည်း မရှိပါဘူးဗျာ။ လှလို့ သိမ်းထားမိတာပါ"

"အေးပါ၊ မင်းပဲ သိမ်းထား။ အခု ငါမှာတဲ့ အကာခြမ်းရခဲ့ပြီလား။ ကိုဒီလုံး လည်း ရှစ်တောင်လောက် အရှည်နဲ့ အရင်းထွာဆိုင်နီးပါး မျောတိုင်ရှစ်လုံး လောက် ခုတ်ထားရဲ့လား"

"အဆင်သင့်ပါပဲ။ မျောတိုင်တွေဟိုဘက်နားမှာပုံထားတယ်။ အကာခြမ်း တွေလည်း အဲဒီနားပဲ ထားမယ်"

ဒီလုံးက ပြန်ပြောသည်။ ခေါင်းကြီးနဲ့အတူ ခပ်လှမ်းလှမ်း ချောင်းထဲရှိ လှေပေါ်မှ သစ်တုံးအကာခြမ်းများကို သယ်တင်ကြသည်။ ကိုအောင်သိန်း သည် ပေါက်တူးနှင့် လှည့်ပတ်အရာပေး သတ်မှတ်သည်။ ကိုယ်တိုင်စ၍ တူးသည်။ ခင်တုတ်သည် မီးဖိုထဲသို့ ထင်းများကို ဖြည့်ထည့်ပြီး တဲမှယူခဲ့

သော ဆတ်သားခြောက်ဖုတ်နှင့် ကောက်ညှင်းပေါင်းတို့ကို စားသောက်ရန် ပြင်ဆင်သည်။ သူမနှင့် ဆယ်လံအကွာ ကုန်းတန်းအမြင့်ပေါ်တွင် ကိုအောင်သိန်း တစ်ယောက် ပေါက်ပြားတစ်လှည့်၊ တူးရွင်းတစ်လှည့်ဖြင့် မြေကြီးကို တူးနေသည်။

"အစ်ကိုတို့ ... မနက်စောစော အစာစားပြီးမှ ဆက်လုပ်တာပေါ့။ အားလုံး ပြင်ထားပြီးပြီ။ လာရင်လာနော်။ မလာရင် အကုန်စားပစ်လိုက်မယ်"

ခင်တုတ်က လှမ်း၍အသံပြုသည်။ မကြာမီ ကိုအောင်သိန်း၊ ဒီလုံး၊ ခေါင်းကြီးတို့ ရောက်လာကြသည်။ သူမ ပေါင်းယူလာသော ကောက်ညှင်းပေါင်းနှင့် ဆတ်သားခြောက် မီးဖုတ်ကို ပန်းကန်တစ်ချပ်စီနှင့် ထည့်၍ ခင်တုတ်က လှမ်းပေးသည်။ ခြင်ပိုးလောင်းတို့သည် ခင်တုတ်၏မီးဖိုမှ မီးခိုးတို့ကြောင့် အဝေးသို့ ထွက်ပြေးကြသည်။

* * *

"အလျားရှစ်တောင် နှစ်လံပေါ့ကွာ။ အနံက လေးတောင် တစ်လံပေါ့ ကွာ။ ဇောက်အနက် ခြောက်တောင် တူးရမယ်ကွာ။ ဒီပုံစံက အကြမ်းလျာထားတဲ့ပုံစံပါ။ တူးရွင်းနဲ့အခြေအနေအရဒီထက်ပိုနက်အောင်လုပ်သင့်လည်း လုပ်ရမယ်။ သံနန်းကြိုးကို ကိုယ်လုံးအားနဲ့ ဖိရန်းပြီး ဒေါင်ဒေါင်မြည်တင်းတော့မှ ချိုတွေကို ကားထွက်နေတဲ့ ဘောက်ဘောက်မြည်အောင် မာန်သွင်းသွေးထားတဲ့ အစွယ်နဲ့ ကျွဲခတ်သလို ပက်ခတ်ဖြတ်နိုင်တဲ့ ဝက်ခါးပတ်ကျား။ ငါပြောတဲ့ တွင်းထဲရောက်ရင် သံနန်းကြိုးအစား သံမှိန်းတွေ၊ သံလုံ့တွေနဲ့ တွေ့ရမှာပေါ့ကွာ"

ကိုအောင်သိန်းက မာကျစ်သော မြေသားကို စတင်တူးနေသော ဒီလုံးနှင့် ခေါင်းကြီးတို့ကို ကြည့်ပြီး ပြောသည်။ ခင်တုတ်သည် တူးပြီး မြေစိုင်ခဲတို့ကို တောင်းနှင့်ထည့်၍ သယ်ပြီး ခပ်လှမ်းလှမ်း မြေနိမ့်ချိုင့်တစ်ခုထဲ သွန်ရသည်။

"သဲကုန်းတန်းမြေက အကြောလိုက် မာကျောတယ်ဗျာ။ ကျုပ်တို့ တောထဲ နှင်းရတဲ့နန်းက ပျော့အိနေတယ်"



ခေါင်းကြီးက တူးသလောက် ခရီးမတွင်သော မြေမာတို့ကို ပေါက်တူးနှင့် ပေါက်ရင်းပြောသည်။

"အဲဒီကုန်းတန်း မြေကြောသဘောကို ငါမြို့ရောက်စဉ်က ငါ့သားနှစ်ယောက် စာသင်တဲ့ကျောင်းအုပ်ဆရာနဲ့ မေးကြည့်တယ်ကွ။ မြေအောက်က တုန်လှုပ်မှု၊ တိုးတိုက်မှုတွေကြောင့် မြုပ်ကွယ်နေတဲ့ တောင်ကြောကြီးတွေရဲ့ အကြောအမျှင်နဲ့ တူတဲ့ မြေသား အကြောမာတွေ မောက်တက်ဖြစ်ထွန်းတယ်လို့ ပြောတယ်ကွ။ အသေအချာ ဟုတ်မဟုတ်တော့ မသိဘူးကွာ။ အဲဒီသက်ရင့် မြေသားထု အကြောမာတွေဟာ တောင်တန်းလို ရှည်လျားတဲ့ အတွက် ကုန်းပေါ်မှာ တောင်ကုန်းမြင့်ကြီးတွေဖြစ်သလို နိမ့်ပြီး ငုပ်လျှိုသွားလိုက် ပေါ်တဲ့နေရာ ပေါ်လိုက်နဲ့ ပင်လယ်အောက်ကိုလည်း ရောက်သတဲ့။ နောက်တစ်ခါ မြေအောက်က အလွှာထုအက်ကြောင်းတွေအရှိန်နဲ့ ဖိတိုက်လို့ သိမ့်သိမ့်ခါအောင် တုန်လှုပ်သွားတဲ့အခါ အဲဒီတုန်းတန်းချောတွေ မြုပ်ပြီး ပျောက်သွားတာလည်း ရှိတယ်။ အခြားတစ်နေရာမှ ထွက်ပေါ်တာလည်း ရှိတယ်။ နှစ်ပေါင်း နှစ်ရာသုံးရာကြာရင် မြေအနေအထား ပုံစံတွေ ပြောင်းလွှဲသွားတယ်လို့လည်း ပြောတယ်ကွ"

ကိုအောင်သိန်း ပြောသမျှကို သူတို့အားလုံး ယုံကြည်လေးစားစွာ ငေး၍ နားထောင်ကြသည်။ မြေကြီး ရွက်သယ်ပေးသော ခင်တုတ်ပင် အနားတွင် ငေးရင်း နားထောင်သည်။

"ဖြောင်း ... အုန်း ... အုန်း"

နံနက် ၉ နာရီခန့်ဖြစ်၍ နေရောင်ခြည်က သစ်ပင်အားလုံးပေါ် ရွှန်းသစ်ဖြာကျနေသည်။ သစ်ကိုင်းသစ်ရွက်တို့အကြားမှ နေခြည်နွေးနွေးတို့ မြေပေါ် ရောက်လာကြသည်။ ဆောင်းလေဇော့တိုင်း နှင်းမှုန်တို့ တိုးဝင်၍ အေးမြသော ကိုယ်ပေါ်သို့ နေခြည်နွေးနွေးတို့ ကျသောအခါ ရင်ထဲသို့တိုင် အနွေးဓာတ်က တိုးဝင်သွားသည်။ ထိုအချိန်တွင် ကုန်းတန်း၏ အရှေ့ဘက်နေပြောက်ပင် မထိုးနိုင်သော သစ်ပင်အုပ်တို့အကြားမှ သစ်ကိုင်းကျိုးသံများ၊ သစ်ကိုင်းကြီးများ တစ်နေရာဆီသို့ပြင်းထန်သောအရှိန်နှင့် လွင့်စဉ်ထိခိုက်သံများ၊ တစ်ခဲ

နက် ထွက်ပေါ်လာသည်။ ငှက်ကြီးများနှင့် မျောက်တို့အလန့်တကြား အော်သံလည်း ဆူညံသွားသည်။

ကိုအောင်သိန်း သတ်မှတ်ထားသော အကျယ်အဝန်းပေါ်တွင် ခြောက်လက်မခန့် ပေါက်တူးတစ်လွှာစာမျှပင် တူး၍ မပြီးသေးပါ။ အားလုံး အသံကြားရာဆီသို့ အာရုံရောက်သွားသည်။ လျင်မြန်ဖျတ်လတ်သော ခင်တုတ်သည် မီးဖိုအနီးသစ်ပင်တစ်ပင်တွင် ချိတ်ထားသော သူ၏ဒူလေးနှင့် မြားတံထည့်ဘူးကို ပြေးယူသည်။ မားမြောင်ရှည်ပါသော ခါးစည်းကြိုးကို သူ၏ဖျင်ဘောင်းဘီဝတ်သော ခါးစည်းကြိုးပေါ်မှ ထပ်ပတ်စည်းနှောင်သည်။ ဝါးကျည်တောက် မြားဘူးကို ပခုံးတွင် လွယ်၍ သီးသန့်အဆိပ်လူးထားသော မြားတံကို ယူပြီး ဒူးလေးကို အသင့်ပြင်ထားသည်။

"ဒီလုံးရေ...ဒါဘာသံလဲကွ။ သစ်ကိုင်းတွေကို ချိုးပြီး လွှင့်ပစ်တဲ့အသံကွ။ အင်မတန် အားကြီးတဲ့ တိရစ္ဆာန်တစ်ကောင်ကောင်ဟာ သူ့သွားလမ်းလာလမ်း မလွတ်တဲ့၊ အပင်တွေ၊ အကိုင်းတွေကို ချိုးယူပြီး စိတ်မရှည်သလို ပစ်ပေါက်တဲ့ အသံမျိုးကွ"

"ဟုတ်တယ် အစ်ကိုကြီး၊ ကိုအောင်သိန်းရဲ့ ကျုပ်လည်း အဲဒီလိုပဲ ထင်တယ်ဗျာ။ တောထဲမှာ ဒီလောက်ကြီးတဲ့ သတ္တဝါဆိုလို့ ဘယ်လိုအကောင်မျိုး ဖြစ်မလဲ"

"ဟာကွာ ...၊ အစ်ကိုဒီလုံးကလည်း ဟိုအနောက်ဘက် ကုန်းတန်းကြီးတွေက မြစ်ချောင်းတွေ ဖြတ်ကူးလာတဲ့ လူဝံကောင်၊ မျောက်ဝံကောင်ကြီးတွေလားမှ မသိပဲကွ"

ကိုအောင်သိန်းက အသံကြားရာဆီသို့ ငေးမောရင်း ပြောသည်။ ဒီလုံးကလည်း တွေးတွေးဆဆနှင့် ပြန်ပြောနေသည်။ ခေါင်းကြီးက ပြောင်စပ်စပ်ကြည့်ရင်း ပြောနေသည်။ ခင်တုတ်ကမူ ဒူးလေးအသင့်နှင့် သူတို့အနီး ရောက်လာပြီ။

"မင်းကလည်း နေရာတကာ ပြောင်ချော်ချော်နဲ့ကွာ။ မင်းအဘ လူဝံက ဘယ်တုန်းက ရောက်လာဖူးတယ်လို့ ဘယ်သူပြောသလဲ။ အခုဟာက မင်းအဘ မဟုတ်ပဲ"



ဒီလုံး ရုတ်တရက် နှုတ်ပိတ်သွားသည်။ ကိုအောင်သိန်းက သူ့ပခုံးကို လှမ်းပုတ်လိုက်သည်။ ပြီးတော့ ခပ်သုတ်သုတ် တိုးတိုးပြောလိုက်သည်။

"အဘ မဟုတ်ဘူးဟေ့၊ ဘိုးတော် ...ဘိုးတော်"

"ဗျာ ...ဘိုးတော် ဟုတ်လား"

"အေးဟုတ်တယ်။ ဘိုးတော်ဆိုတာ သိတယ်မဟုတ်လား။ ဆင်ကွ၊ မြန်မြန် ပြေးကြစို့"

"ဖြောင်း ဖြောင်း ...ဝုန်း ...ဝုန်း ...ဝုန်း"

သူတို့အားလုံး မြင်ရပါသည်။ ခင်လှမ်းလှမ်း ကုန်းတန်းပေါ်တွင် အလေ့ကျ သစ်ပင်မျိုးစုံတို့သည် ပြည့်ညပ်စွာ ပေါက်ကြသည်။ အပင်မြင့်ကြီးများရှိသကဲ့သို့ မြေပေါ်ကိုင်းကျသော အခက်အလက် ရှုပ်ထွေးသည့် အပင်မျိုးစုံတို့လည်း ရှိသည်။ ထိုအပင်တို့ကို သူ့အရပ် ကိုယ်လုံးဖြင့် မလွတ်သဖြင့် မြင့်မားသော အရပ်နှင့် တောဆင်ရိုင်းကြီးတစ်ကောင်သည် သစ်ပင်အကိုင်းအခက်တို့ကို လိမ်ချိုးသည်။ စိတ်မရှည်သလို ပစ်ပေါက်သည်။ တစ်တောလုံး ဟိန်း၍ ဆူညံနေသည်။ ကိုအောင်သိန်းတို့ သူ့ကို မြင်လိုက်ချိန်တွင် သူကလည်း လှမ်းမြင်သဖြင့် ခုန်ရပ်၍ ကြည့်လိုက်သည်။ ကျည်ခနဲ၊ ကျည်ခနဲ ညွှစ်အော်သည်။ ရန်ပြုတော့မည်ကို ကြွေးကြော်ခြင်းဖြစ်သည်။

"ရင်ဆိုင်လို့ မဖြစ်ဘူးကွ။ ဘို့မှာ ဓားနဲ့ ဒူးလေးပဲ ရှိတယ်။ အကောင်းဆုံးကတော့ လေ့ပေါ်ဆင်းပြီး လွတ်အောင် ပြေးကြတာ ကောင်းတယ်။ ရွှံ့နုန်းမြေထဲကို ရုတ်တရက် မဆင်းပါဘူး။ ပြေးကြစို့"

သို့သော် ဆင်ရိုင်းကြီးက လျင်မြန်သည်။ သစ်ပင်သစ်ကိုင်းအချို့တို့ကို ဟောခနဲ တိုးတိုက်ပြီး တစ်ဟုန်တိုး ပြေးလာသည်။ စွယ်စုံဖြူဖွေးဖွေးနှင့် ကြီးမားသော ဆင်ကြီးကို တစ်ချက်မျှ လှည့်ကြည့်ပြီး မှုဆိုးကျော် ကိုအောင်သိန်းလည်း ကုန်းတန်းအမြင့်မှ ဆင်းပြေးခဲ့သည်။ ဒီလုံး၊ ခေါင်းကြီးနှင့် ခင်တုတ်တို့လည်း သူ့နောက်မှ ဆင်းပြေးကြသည်။ ဆင်ကြီးကလည်း ကုန်းတန်းအပေါ်ဆီမှ တစ်ရှိန်ထိုး ပြေးလာသည်။ ကိုအော သိန်း အော်လိုက်သည်။

"လူစုခွဲပြေးဟေ့။ တစ်ယောက်တစ်နေရာစီ ခွဲပြေး"

ခင်တုတ်သည် လျင်မြန်ဖျတ်လတ်သည်။ နုန်းမြေများကို ကျော်လွှား၍ သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းဟွင် ကပ်ရပ်ပြီး ဒူးလေးကို မောင်းတင်သည်။ မြားလမ်းကြောင်းပေါ်သို့ အဆိပ်လူးမြားကို အကျအန တင်လျက် အသင့်ပြင် စောင့်နေသည်။ ဒီလုံးက ဝက်များ ညအခါ စံပျော်ခဲ့ရာ ရေအိုင်ကြီးတစ်ဖက် စီတွင် လုံ့ကိုကိုင်ရင်း စောင့်နေသည်။ ကိုအောင်သိန်း ပြေးရင်း တစ်စုံတစ်ခု ကို သတိရသည်။ သို့ကြောင့် သူနှင့် အတူယှဉ်ပြေးနေသော ခေါင်းကြီးကို လှမ်းဆွဲသည်။

"ဟေ့ကောင် ...ခေါင်းကြီး စောစောက မင်းပြတဲ့ ကျည်ဆန်တွေ ဘယ်မှာ လဲ"

"ဒီ ...မှာ ခါးပိုက်ထဲမှာပါ အစ်ကိုကြီး"

"အေး ဟုတ်ပြီ။ အဲဒီ ကျည်ဆန်လေးခုကို ခင်တုတ်ရဲ့ မီးပုံအလယ်ထဲ အသေအချာ ရောက်အောင် ပစ်ထည့်ပြီး ပြန်ပြေးခဲ့။ ငါ့အနားရောက်တာနဲ့ မြေကြီးပေါ် ဝပ်ချလိုက်နော်"

ကိုအောင်သိန်းက နောက်ကို တစ်ချက် ငဲ့ကြည့်သည်။ ခေါင်းကြီးလက် ထဲမှ ကျည်ဆန်လေးတောင့်ကို အသေအချာ ဆုပ်ကိုင်စေပြီး မီးဖိုဆီသို့ ခေါင်း ကြီးကို တွန်းလွှတ်သည်။

"ဟုတ် ...၊ ဟုတ်ကဲ့ဗျ"

ခေါင်းကြီးသည် ထင်းတုံးအချို့နှင့် အရှိန်ကောင်းစွာ မီးခိုးအူထွက်နေ သော ခင်တုတ်၏ မီးပုံဆီ ပြေးသည်။ ကိုအောင်သိန်းမှာသည့်အတိုင်း ကျည် ဆန်လေးတောင့်ကို မီးပုံအလယ်ကောင် ပစ်ချပြီး ကိုအောင်သိန်းထံ ပြေး သည်။ ပြေးလိုက်လာသော ဆင်ကြီးနှင့်ကား မဝေးလှပါ။

ကိုအောင်သိန်းက ကနစို ချုံပုတ်တို့ကို ပြေး၍ ကျော်သွားပြီး ပါးပျဉ်းကြီး များ ခြံရံထားသော ကနစိုပင်ကြီးခြေရင်းတွင် ဝပ်လိုက်သည်။ ချက်ချင်း ခေါင်းကြီး ပြေးလာသည်။ ဝပ်သည်။ တစ်ရှိန်ထိုး ပြေးလာသော ဆင်ရိုင်းကြီး သည် သူ့ရှေ့တွင် တွေ့ရနေရသော မီးဖိုကြီးကို တစ်ချက် ကြည့်သည်။ မီးဖို အနီးတွင် ကောက်ညှင်းပေါင်းထည့်အိုးနှင့် လိုလိုမယ်မယ် ခင်တုတ်ယူလာ ခဲ့သော ရေခပ်သံပုံးကြီးနှစ်ပုံးကို တွေ့နေသည်။ ဒေါသတကြီးဖြင့် မီးပုံအနီးမှ



ထိုပစ္စည်းတို့ထံ ဆင်ကြီး ခြေလှမ်းပြင်လိုက်ချိန်တွင် မီးဖိုထဲမှ ရုတ်တရက် အသံတစ်ခု ထွက်လာသည်။

"ဖွတ် ...ရှူး"

ဆင်ကြီးမီးပုံကို တွေ့၍ရပ်ပြီး စိုက်ကြည့်နေသည်။ ဆယ်လံခန့်အကွာမှ ကိုအောင်သိန်းနှင့် ခေါင်းကြီးတို့သည် အသက်မရှူဝံ့ဘဲ ဆင်ကြီးကို ငြိမ်သက် ၍ ကြည့်နေမိသည်။ သူတို့လက်ထဲတွင် ဓားတစ်ချောင်းစီသာ ရှိသည်။ ဆင် ကြီး သူတို့ဘက်လှည့်လာလျှင် မည်သို့ ပြေးရမည်ကို အပြေးအလွှား တွေးနေ မိသည်။

"ဒိုင်း ..."

"ဝူး ..."

ပြင်းထန်သော ပေါက်ကွဲသံနှင့်အတူ မီးပွားများ လွင့်စဉ်သွားသည်။ ခြေ လှမ်းပြင်၍ တွေကြည့်နေသော ဆင်ကြီးသည် အံ့ဩထိတ်လန့်စွာ နှာမောင်း ကို ရှေ့သို့တန်း၍ ခါးကုန်းသည်အထိ ဗူးရှူစွာ အော်လိုက်သည်။ ချက်ချင်းလာ လမ်းဘက် ကုန်းတန်းဆီသို့ သူ့ကိုယ်လုံးကြီးကို လှည့်လိုက်သည်။

"ဒိုင်း ...ဝုန်း"

ထပ်မံ၍ ပေါက်ကွဲသော ကျည်ဆန်၏ ထိပ်ဖူးသည် မီးဖိုအနီးရှိ ရေဆွဲ သံပုံးကြီးကို မှန်သည်။ မြောက်တက်ပြီး ပြန်ကျလျှင် ဆင်ကြီးသည် နောက် တစ်ကြိမ် ဝူး ခနဲ အော်၍ပြေးသည်။

"ဒိုင်း"

နောက်ဆုံး ကျန်သော ကျည်တစ်တောင့်သည် မီးဖိုထဲမှ ပေါက်ကွဲ၍ မီးဖိုတစ်ခုလုံး လွင့်စဉ်ထွက်သွားသည်။

"ဝူး ...ဝူး ...ဝူး ... ဖြောင်း ... ဝုန်း ...ဝုန်း ...ဝုန်း"

ကြီးမားသော ဆင်ရိုင်းကြီးသည် သူလာခဲ့သော လမ်းကြောင်းအတိုင်း တိုးဝှေ့တိုက်ခိုက်ရင်း လျင်မြန်စွာ ထွက်ပြေးသွားသည်။ ကုန်းတန်းတစ်ခု လုံး ဟိန်း၍ ထွက်သော သေနတ်ကျည်ဆန်ပေါက်ကွဲသံများနောက်တွင် ဆင် ကြီး ပြေးလွှားသံများမှာ သိမ့်သိမ့်ခါလျက် ရှိပါသည်။

သစ်ပင်အသိုက်များဆီမှ ငှက်များလန့်၍အော်ရင်းပြန်ကြသည်။ မျောက် နှင့် ရှဉ့်တို့သည် အော်ဟစ်ဆူညံစွာ ပြေးလွှားရင်း ပုန်းကြသည်။ ဆောင်းလေ

အေး တသုန်သုန်မြူး၍ နေခြည်ဝင်းလက်တောက်ပသဖြင့် နှင်းစက်တို့နှင့် လှပသော စိမ်းညို့ညို့တောသည် တစ်စတစ်စနှင့် ငြိမ်သက်သွားပါသည်။

ကိုအောင်သိန်းနှင့် ခေါင်းကြီးတို့သည် မီးဖိုဆီသို့ ပြေးသွားကြရသည်။ လွင့်စဉ်ပြန့်ကျဲနေသော မီးခဲများကို ရွှံ့များနှင့် ဖုံး၍ ငြိမ်းသတ်ရသည်။ မကြာမီ ဒီလုံးနှင့် ခင်တုတ်တို့သည် ရောက်လာကြသည်။ အားလုံး သက်ပြင်း ကိုယ်စီ ချမိသည်။

"ဘယ့်နှယ်လဲ ကျွန်တော် မောင်ခေါင်းကြီးလေး လှလို့ ကောက်လာခဲ့တဲ့ ရာဇဝတ်မှုမကင်းဘူးဆိုတဲ့ ကျည်ဆန်လေးတောင့်က ကယ်ပေလို့ပေါ့။ ဒီလို မှ မဟုတ်ရင် ခုချိန်ဆိုရင် ဘယ်လို အခြေအနေ ဖြစ်နေကြပြီလဲ တွေးတောင် မတွေးဝံ့ပါဘူးဆင်ဗျာ"

ခေါင်းကြီးက လက်မကိုထောင်၍ ခပ်တင်းတင်း ပြုံးရင်း ပြောလိုက် သည်။ ဒီလုံးနှင့် ကိုအောင်သိန်းက ရယ်ကြသည်။

"ဘယ်ရမလဲ အစ်ကိုခေါင်းကြီးရာ၊ အစ်ကိုကြီး ကိုအောင်သိန်း ဉာဏ် ကောင်းလို့ အဲဒီ ကျည်ဆံတွေ ခါးပိုက်ထဲမှာထားပြီး ပြေးနေတဲ့ အစ်ကိုခေါင်း ကြီး ခင်တုတ်မွေးထားတဲ့ မီးဖိုထဲထည့်လို့ပါနော်။ အဲဒီလို မဟုတ်ရင်လည်း ခင်တုတ်က အသင့်ပါပဲ။ တစ်ဆွေ့ခုန် အဆိပ်လူးထားတဲ့ မြားတစ်စင်း အဲဒီ အကောင်ကြီး နှာမောင်းအထက်က ဦးကင်းမို့မို့ကြီးကို အသေအချာ ချိန်ပစ် ထည့်လိုက်ရင် မြားတံတစ်ဝက်လောက် ဝင်သွားမယ်။ အဲဒီအကောင်ကြီး ခြေဘယ်နှစ်လှမ်း ပြေးနိုင်မလဲ။ မြားအဆိပ်တွေ ဦးနှောက်ထဲရောက်ပြီး ချောသွားစေရမယ်။ မိန်းမမုဆိုး ခင်တုတ် ဒီအကောင်ကြီးကို ဒူးလေးနဲ့ မပစ် လိုက်ရတာ နာတယ်ကွာ။ အမှတ်တရလေးဖြစ်သွားရအောင်ပါ"

သူမ အပြောကို အားလုံးက ဝိုင်းသဘောကျစွာ ရယ်ကြသည်။

"ကိုင်း ...၊ တို့အလုပ်လည်း သိမ်းကြစို့၊ ထောင်ချောက်ဆင်မယ့်နေရာ ဒီပုံတူလားလို့တော့ သိပ်ကိစ္စ မရှိတန်ပါဘူး။ ဒါပေမဲ့ ကျည်ဆန်ပေါက်ကွဲတဲ့ အရှိန်နဲ့ ဒီပတ်ဝန်းကျင်အပင်တွေမှာ ယမ်းနံ့စွဲသွားပြီ။ အလွန်ပါးနပ်တဲ့ ဝက် ခါးပတ်ကျားက အဲဒီအနံ့ကို လေထဲက ရတာနဲ့ပဲ ဒီနေရာကို လာမယ် မထင် ဘူး။ အဲဒီတော့ ပုံမှန် အခြေအနေရောက်အောင် ခဏတော့ စောင့်ကြည့်ကြ ဦးစို့။ သယ်လာခဲ့တဲ့ ပျဉ်ချပ်တွေနဲ့ မျောတိုင်တွေကို အဲဒီနေရာမှာပဲ ထားခဲ့ ကြ။ တစ်ပတ်လောက်နေရင် လာကြည့်ကြတာပေါ့။ တခြား လမ်းကြောင်း တွေ့သလားလို့ ရှာကြတာပေါ့"

ကိုအောင်သိန်းက တွေးတွေးဆဆနှင့် ပြောပါသည်။ သူ့ကို အားလုံးက ငေးကြည့်နေကြသည်။ သူ့အစီအမံအတိုင်း လိုက်ရှာကြည်ကြမည့်သူများ ဖြစ်ပါသည်။ ခေါင်းကြီးကမူ သူ၏ကြီးမားသော ဆံပင်တို့ကို ဖုံးထားသည့် ယယ်ထိပ်ကို ကုတ်လျက် ပြောသည်။

"ဒီနေ့ ဒီအချိန်မှ ဒီဘိုးတော်ကလည်းဗျာ ဒီနေရာကို တိုက်တိုက်ဆိုင် ဆိုင် ရောက်လာတယ်။ ဒီလို အနှောင့်အယှက် ဖြစ်ရတာ။ အစ်ကိုကြီးကို အောင်သိန်းတို့များ ထောင်ချောက်မြေကျင်းတူးဖို့ မြေခံနဲ့ ရက်ရာဇာလေး ဘာလေး မရွေးခဲ့ဘူး ထင်ပါရဲ့ဗျာ"

"ဒီအကောင်ကွာ ...ပေါက်ကရ ပြောတော့မယ်"

ကိုအောင်သိန်းသည် အသံထွက်အောင်ရယ်ပြီး ခေါင်းကြီး၏ပခုံးကို ပုတ်လိုက်သည်။ အားလုံး ပြုံးမိကြသည်။ မုဆိုးကျော်ကြီးများသည် သူတို့ တောတွင်း ဓလေ့အခေါ် ဘိုးတော်ဟူသော ဆင်ရိုင်းကြီး၏ ဘေးမှ ကြံကြံ ဖန်ဖန် ခေါင်းကြီးစပ်ဆော့ မိ၍ ကျည်ဆန်များ ယူလာခဲ့သဖြင့် လွတ်မြောက် လာကြသည်ကို တွေးရင်း ပြောရင်း ရယ်မောရင်းဖြင့် ထိုနေရာမှ ပြန်ခဲ့ကြပါ သည်။

⇨ ဖျာပုံလှမိုးနွယ်

# သည်းထိတ်ရင်ခုန်

"ကဲ ... ဖော်ဦး၊ မင်းဒီနေ့ အိမ်ပြန်ဖို့သာ ပြင်ပေတော့"

ထောင်ကျရုံးထောင်မှူးဦးအေးကိုထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် ဖော်ဦးပါးစပ် ဟောင်းလောင်း ပွင့်သွားသည်။

"ခင်ဗျာ ...ကျွန် ...ကျွန်တော် ဒီနေ့အိမ် ...အိမ်ပြန်ရမယ် ...ဟုတ်လားဆရာ"

ဖော်ဦးက မယုံတစ်ဝက်ဖြင့် မဝံ့မရဲ ပြန်မေးမိသည်။ တစ်ခါတစ်ရံ ကောင်းစွာ မကြားတတ်သော မိမိနားကို သံသယဝင်မိ၍လည်း ဖြစ်၏။



ထောင်မှူးဦးအေးကိုက ဇော်ဦးကို ခပ်ပြုံးပြုံးပြန်ကြည့်ပြီးမှ ---

"ဒီလိုကွာ ဇော်ဦး၊ မင်း အတွင်းအပယူခံနိုင်တဲ့ အမိန့်စာအခုပဲ ရတယ်။ မင်းကို ချက်ချင်း လွှတ်ပေးမယ်။ ဒါကြောင့် မင်းဒီနေ့ အိမ်ပြန်ရမယ်လို့ ပြောတာကွ။ ကဲ ...သိမ်းစရာရှိတာ မြန်မြန်သိမ်းပြီး ငါ့ရုံးခန်းလာခဲ့ပေ့"

ကြားလိုက်ရသော စကားကြောင့် ဇော်ဦး တစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုများ ရုတ်ခြည်းအရှိန်မြင့်တက်သွားသလို ထင်မိသည်။ ရင်ဝကို ဖြတ်၍ ဦးနှောက်ဆီသို့ ပြေးဆောင့်တက်လာသော ဝမ်းသာမှုကြောင့် ကျေးဇူးစကားပင် မဆိုလိုက်နိုင်။ ထောင်မှူးဦးအေးကိုကို ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း မိမိအိပ်ဆောင်သို့ ခြေလှမ်းကျဲကြီးများဖြင့် လှည့်ပြေးလာခဲ့သည်။

"ဘယ့်နှယ်လဲ ဇော်ဦး၊ ခုတော့ ငါပြောတဲ့ စကားကမှန်နေပြီ မဟုတ်လားကွ"

သူပစ္စည်းသိမ်းနေရာအနီး လာရပ်ကာ ပြောလိုက်သော အဆောင်မှူး ထောင်မှူးဦးမိုးကျော်အား မော့ကြည့်လိုက်မိသည်။

"ဘာကိုလဲ ဆရာ"

"ဘာကိုရမှာလဲကွ။ မင်းကသာ မင်းဘဝတစ်ခုလုံးကို ကကြီးက အအထိ အားလုံးမှတ်မိနေတယ်၊ အတိတ်မေ့နေတာ မဟုတ်ဘူးလို့ ဘယ်လောက်ပဲ ပြောနေနေ အခု မင်းအယူခံနိုင်တာကိုပဲ ကြည့်လေကွာ။ ငါ အဲဒီ အတိတ်မေ့ရောဂါကို အခြေခံပြီး ရေးပေးလိုက်လို့ အောင်မြင်တာ မဟုတ်ဘူးလားကွ ဇော်ဦး"

ထောင်မှူးဦးမိုးကျော် စေ့စေ့ပေါက်ပေါက် မေး၍တင်ပေးလိုက်သော အတွင်းအယူခံကြောင့် ယနေ့ထောင်မှ လွှတ်ရမည်ကို ရင်ထဲမှ အထူးကျေးဇူးတင်နေမိသော်လည်း မိမိအား အတိတ်မေ့နေသူအဖြစ် စွပ်စွဲနေသည်ကိုတော့ ဇော်ဦး လက်မခံချင်။ သူ ထောင်ထဲရောက်စက အယူခံရေးရန် အမှုဖြစ်စဉ်ကို ပြောပြပြီးကတည်းက ထောင်မှူးဦးမိုးကျော်က သူ့အား အတိတ်မေ့နေသူအဖြစ် တရားသေယူဆထားခဲ့ခြင်းပင်။



သူက မိမိမှာ အတိတ်က အဖြစ်ပျက်မှန်သမျှ တစ်ခုမကျန် လုံးစေ့ပတ်စေ့ မှတ်မိနေသူဖြစ်ကြောင်း၊ လုံးဝအတိတ်မေ့နေသူ မဟုတ်ကြောင်း အမျိုးမျိုး သက်သေသာဓကပြ၍ ရှင်းပြခဲ့သော်လည်း ထောင်မှူးဦးမိုးကျော်က ခေါင်းကိုသာ တွင်တွင် ယမ်းခါပြခဲ့သည်။ လက်မခံခဲ့။ သို့တစေ သူမှတစ်ပါး တစ်ဆောင်လုံးရှိ ဝန်ထမ်းနှင့် အကျဉ်းသားများကမူ သူ့အား ဘယ်သူကမျှ အတိတ်မေ့ရောဂါရှိသည်ဟု မစွပ်စွဲ။ သာမန် သူလို ငါလို လူကောင်းတစ်ယောက်အနေနှင့်သာ ရင်းရင်းနှီးနှီး ဆက်ဆံကြသည်။

တကယ်ဆိုလျှင် လူဆိုသည်မှာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးသာ ဖြစ်၏။ ဤလောက၌ ဇော်ဦးအကြောင်းကို ဇော်ဦးမှတစ်ပါး အခြားသူ ပိုသိနိုင်ပါမည်လား။

ကြည့်၊ မိမိ၏ဖြစ်ရပ်က မဆန်း။ ဖြစ်ရိုးဖြစ်စဉ် ရိုးရိုးလေးသာ။

ထိုနေ့က သူ အသောက်လွန်သွားခဲ့သည်။ သာမန်ရေချိန်ထက် နှစ်ဆ ...နီးနီးပိုသွားလိမ့်မည်ထင်သည်။ စားသောက်ဆိုင်တစ်ခုတွင် တစ်စားပွဲ ...တည်းထိုင်မိသော လူတစ်ယောက်နှင့် စကားများခဲ့ကြခြင်းဖြစ်၏။

ပထမတော့ သူတစ်ခွက် ကိုယ်တစ်ခွက်သောက်ရင်း ရောက်တတ်ရာ ...ာ ပြောခဲ့ကြခြင်းသာ။ နောက်တော့ စကားလုံး အသုံးအနှုန်းတွေက မြင့် ...ာသည်။ သဘောတရားတွေ၊ သီအိုရီတွေ၊ လောကအမြင်တွေပါလာ ...သည်။

* * *

တဖြည်းဖြည်း ဆွေးနွေးပွဲမှ ငြင်းခုံပွဲအသွင် ဆောင်လာသည်။ ငြင်းခုံ ...မှ စကားနိုင်လုပွဲအဆင့် ရောက်သွားသည်။ ထိုနောက်ပိုင်း ဘာတွေ ဘယ်လို ...ပ်ပျက်ခဲ့သည်ကို မမှတ်မိတော့။

သူသတိပြန်ရလာသော အချိန်တွင်ကား အချုပ်ခန်းတစ်ခု၏ သံတိုင် ...းနောက်တွင် ရောက်နေသည်ကို တွေ့လိုက်ရ၏။ လူရိုက်မှု၊ စားသောက် ...ိုင်အတွင်း ရမ်းကားဖျက်ဆီးမှုဖြင့် အရေးယူခံရကြောင်း သိရသည်။ သူနှင့်

စကားများခဲ့သူမှာ ဒဏ်ရာပြင်း၍ ဆေးရုံတင်ထားရသည်တဲ့။ နှစ်ယောက်စလုံး မူးနေ၍ ရိုက်ကြသည်မှာ အပြန်အလှန် ဖြစ်ပေမည်။ ထိုလူသာ ဒဏ်ရာရ၍ ဆေးရုံရောက်သွားသည်။ ဒဏ်ရာမပေါ်သော သူမှာမူ အချုပ်ခန်းသို့ အပို့ခံခဲ့ရသည်။

ဩော် ...တစ်ခုတော့ ရှိသည်ပေ့ါလေ။

စားသောက်ဆိုင်တွင် သူနှင့် စကားများခဲ့သူ၏ နေရပ်လိပ်စာ၊ အလုပ်အကိုင်တို့ကို မဆိုထားဘိ။ ထိုသူ၏ နာမည်ကိုပင် သူမပြောပြနိုင်။ သိလည်း



**ဇော်ဦး၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ အလွန်လည်းစိတ်ဝင်စားသွားသည်။ ကြည့်စမ်း၊ သိန်းငါးရာဆိုပါလား။ မိမိတစ်သက်နှင့် တစ်ကိုယ်ရှာ၍ မရနိုင်သော ငွေကြေးပမာဏ။**

လုံးဝ မသိခဲ့။ ခုမှ အရက်ဝိုင်းတွင် တစ်ခါမျှ ဆုံဖူးသူ၏ အကြောင်းကို မည်သို့သိနိုင်ပါမည်နည်း။ ပြီးတော့ သူ ထိုနေ့က ရေချိန်လွန်ကာ တအားမူးနေခဲ့သည် မဟုတ်ပါလား။

သည်အတွက်ကြောင့်များ ထောင်မှူးဦးမိုးကျော်က သူ့အား အတိတ်မေ့သူ အဖြစ်သမုတ်လေရော့သလား မသိ။

"ရော့ ...ဇော်ဦး ... ထောင်လွတ်လက်မှတ် ...မင်းသွားနိုင်ပြီ"

ထောင်ဘူးဝရုံးခန်းရှိ ထောင်ပိုင်ကြီးက လိုအပ်သည်များ စစ်ဆေးပြီးသည်နှင့် ထောင်မှူးဦးအေးကိုက လွတ်လက်မှတ်ထုတ်ပေးသည်။

"ဟုတ်ကဲ့ ...ဒါဆို ကျွန်တော် သွားတော့မယ်နော် ဆရာ"



"အေး ..."

ထောင်ပိုင်ကြီးရုံးခန်းမှ နေ၍ တံခါးကြီးထဲ အဆင်းတွင် ခပ်ပြုံးပြုံးရပ်ကြည့်နေသော ထောင်မှူးဦးမိုးကျော်အား တွေ့ရသည်။

"ကျွန်တော်ဒီနေ့လွတ်တာ ဆရာ့ကျေးဇူးကြောင့်ပါ ဆရာ။ ကျွန်တော် ကန်တော့ပါရစေ"

ဇော်ဦးက ထောင်မှူးဦးမိုးကျော်ရှေ့တွင် ပုဆစ်ဒူးတုပ်ထိုင်လျက် ကန်တော့လိုက်သည်။ ပြီးမှ မတ်တတ်ထကာ –

"ကျွန်တော့်ကို ခွင့်ပြုပါဦးဆရာ"

"အေး ...နောက်ထပ် ဘယ်တော့မျှ ပြန်မလာနဲ့တော့။ ပြီးတော့ မူးရင်လည်း မရမ်းနဲ့ပေ့ါကွာ"

"ဟုတ်ကဲ့ဆရာ"

ဇော်ဦးက ခေါင်းညိတ်ပြရင်း အသင့်ဖွင့်ပေးသော ထောင်တံခါးလေးမှငုံ့၍ အပြင်သို့ လှမ်းထွက်လိုက်သည်။

တစ်နှစ်နီးပါးခန့် ကင်းကွာနေခဲ့သော အပြင်လောကကြီးက သူ့ကို နွေးထွေးပျူငှာစွာ ကြိုဆိုလိုက်သလို ခံစားမိသည်။ အေးမြသော လတ်ဆတ်သော လေပြည်ကို အဆုတ်အတွင်းသို့ အားပါးတရ ရှူသွင်းကာ အင်းစိန်ဗဟိုအကျဉ်းထောင် အမိပတီလမ်းမကြီးအတိုင်း တရွေ့ရွေ့လှမ်းလျှောက်လာခဲ့သည်။

နေလုံးညိုညိုကား အနောက်မိုးကုပ်စက်ဝိုင်းဆီသို့ တဖြည်းဖြည်း နိမ့်ဆင်းလာနေသည်။

သူအင်းစိန်ဈေးကြီးရှေ့ မြမန်းမေ ခေါက်ဆွဲဆိုင်အရောက်တွင် ဗိုက်ထဲက တကြုတ်ကြုတ်မြည်လာသည်။ အိတ်ကပ်ထဲတွင် ရန်ကုန်မြို့တွင်းအရောက် ဘတ်စ်ကားခမျှသာပါမှန်းသိလျက်နှင့် လက်ကယောင်ယမ်းစမ်းကြည့်မိသေးသည်။ ပြီးမှ သက်ပြင်းမောတစ်လုံး စိတ်ပျက်စွာ မှုတ်ထုတ်လိုက်မိသည်။

ထိုအခိုက် အဖြူရောင် စူပါရှစ် ကားလေးတစ်စီး သူ့ရှေ့တည့်တည့်တွင် ထိုးရပ်လိုက်သည်ကို တွေ့ရ၏။ ယာဉ်မောင်းသူဘက်မှ တံခါးတစ်ချပ်ပွင့်လာကာ အသက်ငါးဆယ်ကျော် ထိပ်ပြောင်ပြောင် ဗိုက်ရွှဲရွှဲနှင့် လူဝကြီးတစ်ယောက် ခပ်သွက်သွက် ဆင်းကာ သူ့ထံ လျှောက်လာသည်။ သူ့အနီးသို့ အရောက်တွင် လူဝကြီးက ရင်းနှီးဖော်ရွေစွာ ပြုံးပြလိုက်ကာ -

"စိတ်တော့ မရှိပါနဲ့ မောင်ရင်။ ကိုယ့်စိတ်ထဲ ရင်းရင်းနှီးနှီး သိနေလို့ပါ။ ဟိုလေ မောင်ရင့် နာမည် ဘယ်သူများလဲ"

သူက လူဝကြီးအား နားမလည်နိုင်စွာ ငေးမောကြည့်ရင်း ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

"ဇော်ဦး"

လူဝကြီး မျက်မှောင်ကြုတ်သွားကာ သူ့နာမည်ကို ဆီမန်းမန်းသလိုလို ရေရွတ်နေသည်။ ပြီးမှ သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်သလို ကြည့်ကာ -

"အင်း ...မောင်ရင့်ကို ကိုယ်တစ်ယောက်ယောက်နဲ့များမှားနေသလား မသိဘူး။ တူတာတော့ တထေရာတည်းပဲ။ မျက်နှာရော ကိုယ်လုံးကိုယ်ပေါက်ကော အတော့်ကို တူနေတာပျ။ အဲ ...ဟိုလေ ...မောင်ရင့်နာမည် ထွန်းအေးဇော်များဖြစ်နေမလားလို့"

ထွန်းအေးဇော်။

သူ ချက်ချင်း ခေါင်းခါပြလိုက်သည်။ သူ၏ တစ်သက်တာတွင် တစ်ကြိမ် တစ်ခါမျှ မကြားခဲ့ဖူးသော နာမည်ပါပေ။ လူဝကြီး၏ မျက်နှာပြင်ပေါ်ဝယ် ဒုံ သြရိပ်များမတွေ့ရ။ တွေ့ရလိမ့်မည်ဟုလည်း သူမထင်။ အဘယ့်ကြောင့် ဆိုသော် ဇော်ဦးနှင့် ထွန်းအေးဇော်မှာ ဘယ်လိုမျှ ဆက်စပ်၍ မရ။ မည်သည့် အဓိပ္ပာယ်မျှမရှိ။

"မဟုတ်ပါဘူး။ ကျွန်တော့်နာမည်က ဇော်ဦးပါ"

သူတိုးညင်းစွာ ဖြေလိုက်သည်။ သို့တစေ လူဝကြီးက အပြုံးပျက် မသွားသည့်အပြင် သူနှင့်ပို၍ နီးကပ်အောင် တိုးလာသည်။



"အေးလေ ...ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ကိုယ်တော့ မောင်ရင့်ကို စိတ်ဝင်စားမိတာ အမှန်ပဲ။ ဒီလိုလုပ်ပါလား၊ မောင်ရင် အားရင် ကိုယ်တို့နဲ့ ခဏ လောက်လိုက်ခဲ့ပါလား။ တစ်ခုခု စားသောက်ရင် စကားပြောကြရအောင်ပေါ့"

လူဝကြီး၏ ကိုယ်တို့ ဆိုသောစကားကြောင့် ဇော်ဦးကားဆီသို့ စောင်းငဲ့ကြည့်မိသည်။ ကားရှေ့ခန်းတွင် အမျိုးသမီးတစ်ဦးထိုင်နေသည်ကို ကားနောက်ဘက်လေကာမှန်ကို ဖောက်ထွင်း၍ မြင်ရ၏။ သူမကလည်း ဇော်ဦးဘက်သို့ နောက်လှည့်ကာ မျက်လုံးရွှဲကြီးများဖြင့် စူးစိုက်ကြည့်နေသည်။ အကြည့်ချင်းဆုံမိသည့်ခဏ၌ ဇော်ဦးရင်ထဲ နွေးခနဲ ခံစားလိုက်ရ၏။

ဇော်ဦးက လူဝကြီးကို ပြန်ကြည့်သည်။

"ခုမှ တွေ့ဖူးတဲ့ ကျွန်တော်နဲ့ စကားပြောရအောင် ဘာအကြောင်းများရှိလို့လဲ"

လူဝကြီးက မိန်းမပျိုဆီ တစ်ချက်လှမ်းကြည့်ရင်း ပြုံးပြလိုက်ပြန်သည်။

"ဒီလိုပါ။ မောင်ရင်သာ သဘောတူမယ်ဆိုရင် မောင်ရင့်အတွက် အလွန်အကျိုးရှိမယ့် အလုပ်ကိစ္စတစ်ခု ဆွေးနွေးတိုင်ပင်ချင်လို့ပါ။ လက်ခံတာ လက်မခံတာက မောင်ရင့်သဘောတစ်ခုပါ။ အဲ ...ကိုယ့်နာမည်က ဦးအောင်ကောင်းတဲ့။ အလုပ်အကိုင်ကတော့ ရှေ့နေဆိုပါတော့။ ဟို ...ကားပေါ်က ပါလာတဲ့ မိန်းကလေးက ကိုယ့်တူမပါ။ ဒေါက်တာ မြသီတာတဲ့"

ဇော်ဦး ခဏတော့ တွေဝေသွားသည်။ မိမိ ခုမှ မြင်ဖူးသော လူနှစ်ယောက်။ တစ်ယောက်က ရှေ့နေ၊ နောက်တစ်ယောက်က ဆရာဝန်မ။ လူကြီးလူကောင်းများပါပေ။ မိမိကို အန္တရာယ်ပြုမည့် သူများတော့ မဟုတ်တန်ရာ။ လောလောဆယ် မိမိဘဝကို မည်သို့ ပြန်စရမှန်း မစဉ်းစားရသေးမီ သူတို့နှင့် ခဏလိုက်သွားကြည့်ခြင်းက မိမိအတွက် အကျိုးမယုတ်တန်ကောင်းပေ။ ပြီးတော့ ဗိုက်ကလည်း တကြုတ်ကြုတ် မြည်နေသည်လေ။

သူက နှုတ်မှမပြောဘဲ ဦးအောင်ကောင်းအား စိုက်ကြည့်ကာ ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည်။ လူဝကြီး မျက်နှာဝင်းလက်သွားကာ ဇော်ဦးအား

ကားရပ်ထားရာဆီသို့ လက်ငွေ့ယမ်းပြလိုက်သည်။ ဇော်ဦးကား နောက်ခန်း
တွင်း ငြိမ့်ခနဲ ဝင်ထိုင်လိုက်ပြီးသည်နှင့် ဦးအောင်ကောင်းက ကားတံခါးက
ဂျိမ်းခနဲ ပြန်ပိတ်ပေးလိုက်လေသည်။

✹ ✹ ✹

ကမာရွတ်ရှိ စားသောက်ဆိုင်ကြီးတစ်ခု၏ သီးသန့်ခန်းတွင် နေရာယူ
ပြီးကြချိန်တွင် ဦးအောင်ကောင်းက စတင်ရှင်းပြသည်။

"ကိုယ်က ထွန်းအေးဇော်ရဲ့ အဘိုးဦးသိန်းလှဇော်ရဲ့ မိသားစုရှေ့နေပါ။
သူ့မြေးထွန်းအေးဇော် မူးယစ်ဆေးစွဲပြီး အိမ်က ပျောက်သွားခဲ့တာ အခုဆို
ရင် ခြောက်နှစ်တောင် ကျော်နေပြီ။ ထွန်းအေးဇော် ကိုးနှစ်ကတည်းက မိဘ
တွေ လေယာဉ်ပျက်ကျရာမှာပါသွားလို့ အဘိုးဖြစ်သူကပဲ တစ်ဦးတည်း
သော အမွေစားအမွေခံသားအဖြစ် မွေးစားထားခဲ့ရတာဗျ။ အဲ ...လွန်ခဲ့တဲ့
နှစ်နှစ်လောက်က ဦးသိန်းလှဇော် နှလုံးရောဂါနဲ့ ကွယ်လွန်ခဲ့ရှာပါတယ်။
အဲဒီကတည်းက ထွန်းအေးဇော်ရဲ့ အဘွားဒေါ်သူဇာ စစ်ကိုင်းချောင်မှာပဲ
အနေများလာတော့တယ်။ ကျန်ခဲ့တဲ့ အမွေပစ္စည်းအားလုံးကို ထွန်းအေး
ဇော်ကို ရှာပြီး စာချုပ်စာတမ်းနဲ့ တရားဝင်လွှဲပေးဖို့ ကိုယ့်ကို ပစ္စည်းထိန်းတာ
ဝန်ပေးအပ်ခဲ့တယ်။ ကိုယ်လည်း တာဝန်ရှိတဲ့အတိုင်း ထွန်းအေးဇော်ကို
မြန်မာပြည်တစ်ပြည်လုံး အနှံ့ရှာဖွေစုံစမ်းခဲ့ရတယ်"

ထိုအခိုက် စားပွဲထိုးက စားစရာနှင့် ဘီယာပုလင်းများ လာချနေသဖြင့်
စကားပြတ်သွားသည်။ ဒေါက်တာ မြသီတာက ဖန်ခွက်နှစ်လုံးတွင် ဘီယာ
များထည့်ကာ ဦးအောင်ကောင်းနှင့် ဇော်ဦးတို့ရှေ့တွင် အသင့်ချပေးထား
သည်။ ဦးအောင်ကောင်းက ဘီယာခွက်ကို လေထဲကိုင်ကာ ဇော်ဦးအား မေ
ထိုးပြသည်။ ဇော်ဦး ဘီယာခွက်ကို လေထဲသို့ မြှောက်ချိန်ဝယ် ဖန်ခွက်နှစ်
လုံးထိရိုက်သံ ဂွပ်ခနဲ မြည်သွားသည်။

ထိုအသံမှာ မည်သို့သော အထိမ်းအမှတ်အတွက် ဖြစ်သည်ကိုကာ
ဇော်ဦးတွေးမရသေး။



ခါးသက်သက် ရှတတ အရသာသည် ဇော်ဦး၏ လည်ချောင်းမှတစ်ဆင့်
ိုင်ထဲသို့ စီးဝင်သွားသည်။ တစ်နှစ်တာမျှ အကျဉ်းကျနေခဲ့ပြီး ယနေ့မှ လွတ်
ာသော ဇော်ဦးအဖို့ တစ်သက်နှင့် တစ်ကိုယ် ဤမျှအရသာထူးသော စည်း
မ်ကို တစ်ကြိမ်သာ ခံစားရဖူးသေးသည်ဟုပင် ထင်မိ၏။

ဦးအောင်ကောင်းက ဘီယာခွက်ကို ချကာ စကားဆက်သည်။

"လွန်ခဲ့တဲ့ ခြောက်လလောက်က ကိုယ် ထွန်းအေးဇော်ကို ပြန်တွေ့ခဲ့
ာယ်။ ဒါပေမဲ့ ကိုယ် သူ့ကိုတွေ့တဲ့အချိန်မှာ သူ အသက်မရှိတော့ဘူး။ သေ
ပြီလေ"

"ဟုတ်လားဗျ။ ဒါဆို သူ့အဘွား ဒေါ်သူဇာကို အသိပေးခဲ့ရမှာပေါ့"

ဇော်ဦးက မေးသည်။ ဦးအောင်ကောင်းက ခေါင်းခါပြသည်။

"ကိုယ် ဒေါ်သူဇာကို အသိမပေးခဲ့ဘူး"

"ဘာဖြစ်လို့လဲဗျ"

ဇော်ဦးက နားမလည်စွာ မေးသည်။ ဦးအောင်ကောင်းက ချက်ချင်း
ဖြေဘဲ ဘီယာတစ်ကျိုက်မော့သောက်ကာ အမြည်းတစ်ဖတ် ကောက်ဝါး
ိုက်သေးသည်။ ဇော်ဦးလည်း ဘီယာခွက်ကို မြှောက်၍သောက်မည်ပြု
 သူ့ကို စူးစူးရဲရဲ စိုက်ကြည့်နေသော မြသီတာ၏ မျက်လုံးရွဲကြီးများ
ကြောင့် တုံ့ခနဲ ရပ်သွားမိသည်။ အသက်အစိတ်သာသာခန့် နဖူးကျဉ်းကျဉ်း၊
တံစင်းစင်း၊ မျက်နှာ သွယ်သွယ်နှင့် မြသီတာ၏ မျက်လုံးအကြည့်က ရဲ
င်းလွန်းလှပါကလား။

"ဒီလိုမောင်ရင်"

ဦးအောင်ကောင်းက သူ့စကားကို ပြန်ဆက်သည်။

"ကိုယ်က ထွန်းအေးဇော်ရဲ့ အမွေကို ထိန်းသိမ်းရတာဆိုတော့ လစဉ်
မွေထိန်းစရိတ်က ကောင်းကောင်းပေးထားတာလေ။ တကယ်လို့သာ ထွန်း
းဇော်သေသွားတဲ့အကြောင်း ဒေါ်သူဇာကို အသိပေးလိုက်ရင် ကိုယ်ဒီ
ွင့်အရေး လက်လွှတ်သွားမှာပေါ့။ ပြီးတော့ စာချုပ်အရ ဒေါ်သူဇာရဲ့ တူမ
ျိုကြီးလက်ထဲ အမွေအားလုံး လွှဲပေးလိုက်ရမှာဆိုတော့ ..."

"ဒါပေမဲ့လည်း ထွန်းအေးဇော်က တကယ်သေသွားခဲ့ပြီဆိုမှတော့ ဒီကိစ္စကို ကြာရှည်ဖုံးထားလို့ ရပ့ါမလား။ တစ်နေ့ ပေါ်လာတော့မှာပေါ့"

ဦးအောင်ကောင်းက မထီမဲ့မြင် ပြုံးလျက် ခေါင်းခါယမ်းပြသည်။

"ဘယ်တော့မျှ မပေါ်နိုင်ဘူး မောင်ရင်"

"ဗျာ ...ဘယ်တော့မျှ မပေါ်နိုင်ဘူးတဲ့လား ဦးအောင်ကောင်း။ ဘာကြောင့် ဒီလို ပြောနိုင်ရတာလဲ"

ဇော်ဦးက အံ့အားတသင့် မေးသည်။

"ဟုတ်တယ် ...မပေါ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကိစ္စကို ကိုယ်နဲ့ ကိုယ့်တူမကလွဲပြီး ဒီလောကမှာ သိနိုင်တဲ့လူ မရှိလို့ပဲ။ ဒီလို မောင်ရင် ကိုယ်တို့ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်ထဲရောက်သွားတော့ ကားတိုက်ခံရလို့ သေနေတဲ့ အမည်မသိအလောင်းတစ်လောင်း တွေ့ခဲ့ရတယ်။ အဲဒါ ထွန်းအေးဇော် အစစ်ပဲ။ကိုယ်တို့ သူ့မျက်နှာကို သေချာစစ်ဆေးခွင့်ရခဲ့တယ်လေ။ နောက်တော့ ပိုင်ရှင်မဲ့ အလောင်းအနေနဲ့ ဆေးရုံကပဲ သင်္ဂြိုဟ်ပေးလိုက်ရတယ်ဆိုတော့ ထွန်းအေးဇော် သေသွားပြီဆိုတာ ကိုယ်တို့နှစ်ယောက်ကလွဲပြီး ဘယ်သူသိနိုင်ဦးမှာလဲ"

ဇော်ဦးက စိမ်ပြေနပြေ ရှင်းပြနေသော ဦးအောင်ကောင်း၏ မျက်နှာကို ခပ်တွေတွေငေးကြည့်နေမိသည်။ အမည်ဖော်ပြရန် ခက်ခဲသော ဝေဒနာတစ်ခု ရင်ထဲသို့ စီးဝင်လာသလို ခံစားမိသည်။ ဘာကြောင့် သည်လိုဖြစ်ရသည်ကို သူဉာဏ်ရည်က လိုက်မီအောင် မတွေးတတ်နိုင်။

ဦးအောင်ကောင်း၏ စကားများ ယုတ္တိတန်သလိုတော့ ရှိသည်။ ထွန်းအေးဇော် တကယ်သေပြီမှန်း ဒေါ်သူဇာသိလျှင် ဦးအောင်ကောင်း လစဉ်ရနေသော အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးသွားရတော့မည်။ ပြီးတော့ ဒေါ်သူဇာကလည်း အမွေအားလုံးကို တူမအပျိုကြီးထံ လွှဲအပ်ကာ စစ်ကိုင်းချောင်သို့ သွားပေတော့သည်။

သို့တစေ ထိုအကြောင်းကိစ္စများသည် မိမိနှင့် မည်သို့ သက်ဆိုင်နေပါသနည်း။ သူတို့ တူဝရီးနှစ်ယောက်၏ လျှို့ဝှက်ချက်ကို မိမိကိုမှ အဘယ့်ကြောင့် မခြွင်းမချန်လာပြောပြနေရပါသနည်း။



ထို့ကြောင့် -

"ဦးအောင်တို့ပြောနေတာကတော့ ဟုတ်ပါပြီလေ။ ဒါပေမဲ့ သေသွားတဲ့ ထွန်းအေးဇော်ကိစ္စက ကျွန်တော်နဲ့ ဘယ်လို သက်ဆိုင်နေလို့လဲဗျ"

"ဟ ...သိပ်ဆိုင်တာပေါ့ မောင်ရင်ရာ။ သိပ်ဆိုင်တာပေါ့။ ထွန်းအေးဇော် တကယ်မသေခဲ့သေးဘူးဆိုရင်တောင်မှ သိပ်မကြာတော့တဲ့အချိန်မှာ ဒေါ်သူဇာက သူ့တူမကို လွှဲပေးခဲ့ရတော့မှာဗျ။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ကို ခုနစ်နှစ်ပြည့်တဲ့အထိ ပြန်ရှာမတွေ့ရင်၊ သူ့အကြောင်းကိုလည်း မကြားရရင် ဥပဒေအရ အဲဒီလူကို သေပြီးဆိုပြီး သတ်မှတ်ထားလို့ပဲ မောင်ရင်"

"ဟုတ်လား"

"ဟုတ်တယ် ...ဒါကြောင့် ကိုယ်ရထားတဲ့ အခွင့်အရေးတွေ လက်လွှတ်မခံရအောင် လုပ်ဖို့က တစ်နည်းပဲရှိတော့တယ်"

"ဘယ်လိုနည်းများလဲ ဦးအောင်ကောင်း"

ဦးအောင်ကောင်းက အာခြောက်သွားဟန် ဘီယာကို တစ်ကျိုက်မော့သောက်ရင်း မြသီတာကို စွေစောင်းကြည့်သည်။ မြသီတာက ဖြူဖွေးဝင်းလက်သော သွားစွယ်များပေါ်လာသည်အထိ ပြုံးပြလိုက်ကာ ဇော်ဦးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဒီလိုပါ ကိုဇော်ဦး၊ ကျွန်မတို့ ကိုဇော်ဦးနဲ့ မတွေ့ခင်မှာ ထွန်းအေးဇော်နဲ့ ရုပ်ချင်းအလွန်ဆင်တဲ့ လူနှစ်ယောက်ကို တွေ့ခဲ့ပြီးပြီရှင့်။ ဒါပေမဲ့ တစ်ယောက်က သိပ်ပြီး လည်ပတ်ကောက်ကျစ်လွန်းပြီး ကျန်တစ်ယောက်ကျတော့လည်း အလွန်ရိုးအလွန်းလို့ အလုပ်မဖြစ်ခဲ့ကြဘူး။ အခု ကိုဇော်ဦးကတော့ ဟိုနှစ်ယောက်နဲ့စာရင် ထွန်းအေးဇော်နဲ့ ပိုတူလွန်းတဲ့အပြင် အပေးအယူမျှမယ့် စိတ်ဓာတ်မျိုးရှိလိမ့်မယ်လို့ ကျွန်မထင်မိတယ်လေ"

ဇော်ဦး လက်တစ်ဖက် လေထဲသို့ မြောက်ဘက်သွားကာ -

"နေပါဦး၊ ကျွန်တော်က ထွန်းအေးဇော်နဲ့ ပိုတူတယ် ပြောရအောင် ခင်ဗျားတို့ ထွန်းအေးဇော်ကို မြင်ဖူးကြလို့လား"

မြသီတာက ဦးအောင်ကောင်းကို တစ်ချက် ငဲ့စောင်းကြည့်ကာ ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း၊ ကျွန်မတော့ မမြင်ဖူးပါဘူး"

"ဒါဖြင့် ဦးအောင်ကောင်းရော"

"ကိုယ်လည်း သူငယ်ငယ် ကိုးနှစ်အရွယ် သူ့အဘိုးစာချုပ်စာတမ်းနဲ့ မွေးစားတုန်းကတော့ သေချာမြင်ဖူးခဲ့တာပေါ့ဗျာ။ နောက်ပိုင်း အလယ်တန်းကျောင်းသားဘဝအထိတော့ ရံဖန်ရံခါမြင်ဖူးခဲ့သေးတယ်လေ။ အဲ ...သူ အထက်တန်းကျောင်းတက်၊ အိမ်သိပ်မခြတော့ သူ့အိမ်က ပျောက်သွားတဲ့အထိ ကိုယ်နဲ့မတွေ့တော့ သလောက်ပဲ"

"ဟ ...ဦးအောင်ကောင်းနယ်၊ ဒါနဲ့များတောင် ကျွန်တော်နဲ့ ပိုတူတယ်လို့ ဘာကြောင့် ပြောနိုင်ရတာလဲဗျ"

ဦးအောင်ကောင်းက နှုတ်မှ မဖြေဘဲ သူ့အတက်ရှုံချီကော့စ်ကို လှမ်းယူကာ ချောက်ခနဲ ဖွင့်လိုက်သည်။ ပြီးမှ ပို့စကတ်ဆိုက် ဓာတ်ပုံတစ်ပုံကို ဇော်ဦးအား လှမ်းပေးသည်။

"အဲဒါကြောင့်ပဲ မောင်ရင်"

ဇော်ဦးက ဓာတ်ပုံကို ထောင်ကြည့်လိုက်မိသည်။

"ဟင်"

ဇော်ဦးတစ်ကိုယ်လုံး အေးစက်လာကာ သွေးလှည့်ပတ်မှုများ ရုတ်ခြည်း ရပ်တန့်သွားသလို ခံစားမိလိုက်၏။ မျက်လုံးများ အဆမတန် ပြူးကျယ်ကာ ပါးစပ်ပါ ဟောင်းလောင်းပွင့်သွားမိ၏။ ကိုယ့်မျက်စိကိုယ် မယုံကြည်နိုင်စွာ လက်ဖြင့် အကြိမ်ကြိမ်ပွတ်သပ်ကြည့်နေမိသည်။

"ဒါ ...ဒါ ထွန်းအေးဇော်ပုံလား"

ဓာတ်ပုံကိုကြည့်ရင်း အထစ်ထစ် အငေါ့ငေါ့ မေးမိသည်။

"ဟုတ်တယ်မောင်ရင်၊ ဒါလွန်ခဲ့တဲ့ ခြောက်နှစ်က ထွန်းအေးဇော် ပျောက်သွားတဲ့အချိန်က သူ့အဘိုး ဦးသိန်းလှဇော်ကိုယ်တိုင် ပေးခဲ့တဲ့ ထွန်းအေးဇော်ရဲ့ဓာတ်ပုံပဲလေ။ ဘာဖြစ်လို့လဲ မောင်ရင်"



"ဟို ...ဒီ ...ဒီ ဓာတ်ပုံကို ကြည့်ရတာ ကျွန်တော့်ကိုယ်ကျွန်တော် မှန် ...မှန်ထဲ ပြန်မြင်ရသလို ဖြစ်နေလို့ပါ"

ထိုအခါ မြသီတာ ဝင့်ခနဲ ပြုံးပြကာ -

"အဲဒါကြောင့် ကိုဇော်ဦးကို ထွန်းအေးဇော်နဲ့ တူလွန်းတယ်လို့ ကျွန်မ ပြောတာပေါ့ရှင့်။ ကဲ ရှင်းပြီလား"

ဇော်ဦးမှာ ဓာတ်ပုံကိုကြည့်နေရင်း ခေါင်းထဲ တစစ်စစ်ကိုက်လာကာ ရင်ထဲ၌လည်း တဒိတ်ဒိတ်မြည်လာ၍ ဆက်မကြည့်တော့ဘဲ ဦးအောင်ကောင်းထံ ကမ်းပေးလိုက်သည်။ ခြေဖျားလက်ဖျားများ တုန်တုန်ယင်ယင် ဖြစ်လာ၍ ဘီယာလက်ကျန်ကို ကုန်အောင် မော့သောက်လိုက်မိသည်။

"တကယ်လို့ ကိုဇော်ဦးသာ ကျွန်မတို့နဲ့ လက်တွဲဖို့ သဘောတူမယ်ဆိုရင် အမွေသိန်းငါးရာကျော်ချမ်းသာတဲ့ ထွန်းအေးဇော်ရဲ့ စည်းစိမ်ဥစ္စာတွေကို ခံစားရမှာ အမှန်ပဲရှင့်"

"ဗျာ"

ဇော်ဦး၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ အလွန်လည်း စိတ်ဝင်စားသွားသည်။ ကြည့်စမ်း၊ သိန်းငါးရာဆိုပါလား။ မိမိတစ်သက်နှင့် တစ်ကိုယ် ရှာ၍မရနိုင်သော ငွေကြေးပမာဏ။ မိမိဘဝတွင် အိပ်မက်ပင် မမက်ဖူးသေးသော ကိန်းဂဏန်း။

သို့တစေ ယခုကိစ္စမှာ သွေးရိုးသားရိုးတော့ မဟုတ်တန်ရာ။ သူတစ်ပါး ငွေကြေးကို မလိမ့်တပတ်ဖြင့် လိမ်ညာလှည့်ပတ်၍ အပိုင်ကြံစည်ကြမည့်ပင်။ အန္တရာယ်ကလည်း သေးမည်မဟုတ်။ အဆင်မသင့်လျှင် ထောင်ထဲ ပြန်ဝင်ရမည့် ရာဇဝတ်မှုမျိုးဖြစ်နိုင်သည်။

သို့ဖြစ်သည့်တိုင် သိန်းငါးရာဆိုသော အရေအတွက်က မက်မောစရာ။ လက်လွှတ်မခံသင့်သော အခွင့်အရေးပါပင်။ တစ်ခုတော့ ရှိသည်။ သူတို့၏ ဟာစီမံကိန်းတွင် မိမိက မည်သည့်အခန်းကဏ္ဍမှ ပါဝင်ရပါမည်နည်း။

"ထားပါတော့လေ၊ ကျွန်တော်က မြသီတာတို့နဲ့ လက်တွဲပြီဆိုပါတော့။ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ"

"ဒါက ရှင်းပါတယ်ရှင်။ ကိုဇော်ဦးအနေနဲ့ ထွန်းအေးဇော် အိမ်ပြန်လာတဲ့ ပုံစံနဲ့ ပါဝင်သရုပ်ဆောင်ပေးရမှာပေါ့။ ဒါမှ အမွေသိန်းငါးရာက ကိုဇော်ဦးလက်ထဲ ရောက်လာမှာလေရှင့်"

"အာ …ကျွန်တော်မှ ထွန်းအေးဇော်ကို မမြင်ဖူးပဲဗျ။ ပြီးတော့ သူ့အကြောင်းသူ့အသိုင်းအဝိုင်းအကြောင်းတွေ ဘာမှ မသိဘဲနဲ့"

မြသီတာက နီထွေးသောနှုတ်ခမ်းကို ကွေးညွတ်၍ပြုံးပြလိုက်သည်။

"အဲဒါတွေကို လုံးဝမပူနဲ့ ကိုဇော်ဦး။ အားလုံး ကျွန်မတာဝန်ထား။ အဲ … ကိုဇော်ဦး လုပ်ပေးရမှာ တစ်ခုပဲ ရှိတယ်ရှင့်"

"ဘာများလဲ"

"ဘာလဲဆိုတော့ ကိုဇော်ဦးက အတိတ်မေ့ရောဂါစွဲကပ်နေတဲ့ ထွန်းအေးဇော်အဖြစ်နဲ့ သရုပ်ဆောင်ပေးရုံပါပဲ"

"ဗျာ"

ဇော်ဦး၏ မျက်လုံးများ ပြူးကျယ်ကာ ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ စိတ်ထဲ၌ ထောင်မှူးဦးမိုးကျော်၏ မျက်နှာ ဖျတ်ခနဲ မြင်ယောင်လာသည်။ မိမိအား အတိတ်မေ့နေသူအဖြစ် ထောင်မှူးဦးမိုးကျော်ကပင် စွပ်စွဲခဲ့သည် မဟုတ်ပါလား။ ယခု တစ်ဖန် မြသီတာက မိမိကို အတိတ်မေ့နေသူအဖြစ် သရုပ်ဆောင်ပေးရန် တောင်းဆိုနေပြန်သည်။

တိုက်ပဲတိုက်ဆိုင်လွန်းပေစွ။ သည် အတိတ်မေ့ရောဂါသည် အဘယ့်ကြောင့် မိမိနှင့်လာ၍ မကြာခဏ ပတ်သက်နှီးနွယ်နေရပါလေသနည်း။

ခက်တော့ အခက်သား။ အတိတ်မမေ့ဖူးသူက အတိတ်မေ့ရောဂါသည် ယောင်ဆောင်ရမည်ဆိုတော့ ဘယ်လိုနည်းနဲ့မှ သဘာဝကျနိုင်မည်မဟုတ်။

"ဟာဗျာ …ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်။ ကျွန်တော်မှ အတိတ်မမေ့ဖူးတာပဲ။ ဘယ့်နှယ်လုပ်ပြီး အတိတ်မေ့ရောဂါသည်ယောင်ဆောင်နိုင်ပါ့မလဲ"

ဦးအောင်ကောင်းက လက်ကာပြကာ –



"ဒါတွေ တွေးပူမနေစမ်းပါနဲ့ မောင်ရင်ရာ။ ဒီကိစ္စ အားလုံး မြသီတာ တာဝန်ယူပါ့မယ်လို့ ကတိပေးထားပြီးပဲဟာ။ သူက ဒါမျိုး ကျွမ်းပြီးသားလေ မောင်ရင်ရဲ့"

"ဗျာ …ဘယ်လို …"

"ဩော် …ကိုယ့်တူမ မမြသီတာက တခြားမဟုတ်ဘူး။ စိတ်ရောဂါအထူးကုဆရာဝန်လေ။ မောင်ရင့်ကို သူအနီးကပ်သင်ပေးပါလိမ့်မယ်"

"ဟုတ်လား"

ဇော်ဦးက မြသီတာအား တအံ့တဩ လှည့်ကြည့်လိုက်သည်။ သူက စိတ်ရောဂါအထူးကု ဆရာဝန်ဆိုပါလား။ သူက မိမိကို အတိတ်မေ့နေသူ ထွန်းအေးဇော်ဖြစ်အောင် အနီးကပ်သင်ပေးမည်တဲ့။

သူက မြသီတာကို သတိထား၍ ကြည့်မိသည်။ အရောင်တလက်လက် တွက်နေသော သူမ၏ မျက်လုံးအကြည့်က ရဲတင်းစူးရှလှပါဘိ။ သူမ၏ မျက်လုံးများက လူနာကိုကြည့်သော ဆရာဝန်၏ အကြင်နာ မျက်လုံးမျိုးမဟုတ်။ သားကောင်ကို ခုန်အုပ်ရန် အသင့်ချောင်းနေသော ကျားသစ်မတစ်ကောင်၏ မျက်ဝန်းများနှယ် ခံစားထင်မြင်လာမိသည်။

ထိုအခိုက် သူ့ခေါင်းထဲ၌ လင်းခနဲ မိုက်ခနဲ ဝေဒနာတစ်ခု ရုတ်ခြည်း ပေါ်လာသည်။ မြင်ကွင်းသည် တစ်ခဏအတွင်းမှာပင် ဝိုးတိုးဝါးတားဖြင့် တရိပ်ရိပ်ဖြစ်လာသည်။ လက်တစ်ကမ်းအကွာရှိ မြသီတာပင် အဝေးဆီသို့ နောက်ပြန်ဆုတ်သွားသယောင်ယောင် ဖြုန်းခနဲ ရှေ့သို့ ပြန်နီးလာသလိုလို ထင်မိသည်။ ပုံရိပ်များသည် ရိုးတိုးရိပ်တိပ်ဖြင့် မပြတ်မသား အထပ်ထပ် ဖြစ်လာသည်။

မိမိခုမှ ဘီယာတစ်ခွက်သာ သောက်ရသေးသည်။ ဤမျှအထိ မမူးသစ်နိုင်သေး။ ဘီယာနှင့် တစ်နှစ်နီးပါးမျှ ကင်းကွာခဲ့သဖြင့် အူရှိုင်းသွား၍ များပေလား။ သို့တစေ မြသီတာ၏ အသံကိုတော့ ပီသစွာ ကြားနေရသည်။

"ဘယ်လိုလဲ ကိုဇော်ဦး၊ ကျွန်မတို့နဲ့ လက်တွဲဖို့ သဘောတူပြီလားရှင့်"

မည်သို့ဖြစ်သည်မသိ။ ဇော်ဦး အလိုလို ခေါင်းညိတ်လိုက်မိသည်။

"အဲ တစ်ခုတော့ ရှိတယ် ကိုဇော်ဦး။ ရှင်ရမယ့် သိန်းငါးရာထဲက တစ်ဝက်တိတိကိုတော့ ကျွန်မတို့ကို အကျိုးဆောင်ခပေးရလိမ့်မယ်ရှင့်။ ဒါကို ရော သဘောတူနိုင်ရဲ့လား"

သူ ကစဉ့်ကလျား ဖြစ်နေသော အာရုံများကို အနိုင်နိုင် စုစည်းထိန်းချုပ်လျက် စဉ်းစားသည်။ သိန်းငါးရာ၏ ထက်ဝက်ဆိုတော့ သိန်းနှစ်ရာ့ငါးဆယ်။ အင်း …မိမိကလည်း သိန်းနှစ်ရာ့ငါးဆယ်ရမည်ပဲ။ အေးလေ ငွေသိန်းနှစ်ရာ့ငါးဆယ်ဆိုတာ မိမိဘဝမှာ ဘယ်နည်းလိမ့်မလဲ။ သူတို့ကိုယ်တိုင် ရှာကြံထားတဲ့ ခွင်ဖြစ်နေတော့လည်း ဘာတတ်နိုင်ပါတော့မလဲ။ သူတို့တောင်းသလို ပေးရတော့မှာပေါ့လေ။

ဇော်ဦး ဆတ်ခနဲ ခေါင်းညိတ်လိုက်မိသည်။

"ကျွန် …ကျွန်တော် သဘောတူပါတယ်ဗျာ"

"အိုကေ"

ဦးအောင်ကောင်းက လက်ဖျောက်တစ်ချက်တီးလိုက်ကာ နေရာမှ ထရပ်ကာ ဇော်ဦးဆီသို့ လက်တစ်ဖက်ကမ်းပေးသည်။ ဇော်ဦး လက်ဆွဲ နှုတ်ဆက်ရန် ထလိုက်စဉ် သူ၏ကိုယ်ကို မထိန်းနိုင်ဘဲ မြသီတာရှိရာသို့ ယိမ်းယိုင်သွားသည်။ မြသီတာက လက်နှစ်ဖက်ဖမ်းထိန်းထားလိုက်သော်လည်း ဇော်ဦး၏ ခန္ဓာကိုယ်အလေးချိန်ကို မနိုင်ဘဲ ကိုယ်လုံးချင်း ပူးကပ်သွားမိလေသည်။

အရက်က မူးသည်လား။ လူက မူးသည်လား။ မသိ။ မသိ။ မသိ။ ဇော်ဦး ဘာမျှ မသိတော့။ သူနောက်ဆုံး သိလိုက်သည်ကား မြသီတာ၏ မွှေးပျံ့ချိုအီသော ကိုယ်သင်းနံ့ပင် ဖြစ်ပါလေတော့၏။

✸ ✸ ✸

"အောင်မယ်လေး ထွန်းအေးဇော်ရယ်၊ မသေကောင်းမပျောက်ကောင်း သားရယ်။ မေမေကြီး တစ်သက် မင်းကို ပြန်မှတွေ့ရပါတော့မလားလို့ စိုးရိမ်လိုက်ရတာ။ အေး …ခုလို သေးမသီ ရန်မခ ပြန်တွေ့ရတာ ဘာကြောင့်လဲ



သိလား။ မေမေကြီးရဲ့ သီလ၊ သမာဓိ၊ မေမေကြီးရဲ့ နေ့စဉ်ပို့သတဲ့ မေတ္တာတွေကြောင့် နတ်ကောင်းနတ်မြတ်တွေက စောင်မကြည့်ရှုလိုက်တာပဲကွယ့်"

ကျလုလု မျက်ရည်များကို အနိုင်နိုင်ထိန်းရင်း ဒေါ်သူဇာက ဇော်ဦးကို ဝမ်းနည်းဝမ်းသာပွေ့ဖက်ကာ ပြောလိုက်ခြင်းဖြစ်၏။

ဒေါ်သူဇာကား အသက်ခြောက်ဆယ်ခန့် ဖြူဖြူဝဝအမျိုးသမီးကြီးပါပေ။ သူမ၏ တူမဖြစ်သူ ဒေါ်မြမြဆိုသည်မှာ အသက်လေးဆယ်ကျော်ခန့်တော့ ရှိမည်ဟု ဇော်ဦးထင်သည်။ ဒေါ်မြမြက ပီတိဖြာဝေသော မျက်လုံးများဖြင့် ဇော်ဦးအား ရွှန်းရွှန်းစားစား ကြည့်သည်။

"မမလည်းလေ …မင်းမေမေကြီး စစ်ကိုင်းရှောင်သွားကတည်းက တစ်ခါတည်း လိုက်သွားချင်လိုက်တာ။ လူကို တစ်ပိုင်းသေနေပြီ။ မင်းကို ရှာရမယ့် တာဝန်က ရှိနေသေးလို့ စိတ်လျှော့နေခဲ့ရတာ။ ခုမှပဲ မမဆန္ဒပြည့်တော့တယ်။ ဒီတစ်ခါတော့ အမွေကိစ္စအားလုံးပြီးတာနဲ့ မမ ဒေါ်လေးနဲ့ လိုက်ရဖို့ သေချာသွားပြီလေကွယ်"

ဒေါ်မြမြ ဝမ်းသားအားရပြောရင်း ဇော်ဦး၏ လက်တစ်ဖက်ကို တယုတယ ဆွဲယူကာ ဆုပ်နယ်နေသည်။ ဇော်ဦးကား ဘာစကားဆို၍ဆိုရမှန်း မသိ။ ထွေအနေသူပမာ အမျိုးသမီးကြီးနှစ်ဦးအား ကြောင်တက်တက် ပြန်ကြည့်နေမိသည်။ ဦးအောင်ကောင်းနှင့် မြသီတာတို့၏ဟန်ဆောင် မျက်နှာများပေါ်တွင် စိုးရိမ်ပူပန်သော အရိပ်လက္ခဏာများ ယှက်သန်းလျက်ရှိသည်။

ဒေါ်သူဇာက ပါးချိုင့်ကလေးနှစ်ဖက် ချိုင့်ဝင်သွားသည်အထိ ပြုံးပြလိုက်ကာ ဇော်ဦး၏ လက်မောင်းနှစ်ဖက်ကို လှုပ်ယမ်းလိုက်သည်။

"မေမေကြီးကို ပြောစမ်းပါ။ သားနာမည် ဘယ်သူလဲ၊ ထွန်းအေးဇော် မဟုတ်လားကွယ် …ပြောလေသား"

ဇော်ဦးက အနီးကပ် စူးစိုက်ကြည့်ရင်း မေးနေသော ဒေါ်သူဇာ၏ မျက်လုံးဒဏ်မှ လွှဲရှောင်ကာ မြသီတာအား မသိမသာ စွေစောင်းကြည့်လိုက်သည်။ မြသီတာက အသာအယာ ခေါင်းခါပြသည်။

"မ …မဟုတ်ပါဘူးခင်ဗျား"

ဇော်ဦး ကြိုးစားဖြေလိုက်သည်။

"အို ...ထွန်းအေးဇော်မဟုတ်ဘူးတဲ့လား၊ ကောင်းပြီ၊ ဒါဆို သားက ဘယ်သူလဲ"

ဇော်ဦး၏ ခေါင်းထဲ ဒေါက်တာမြသီတာ၏ အတိတ်မေ့ဝေဒနာသည် သင်ခန်းစာများ အစီအရီဝင်လာသည်။

"ကျွန် ...ကျွန်တော် ဘယ်သူလဲဆိုတာ မ ...မသိပါဘူး ခင်ဗျား"

ဒေါ်သူဇာက ဇော်ဦးအား ဆုပ်ကိုင်ထားသော လက်များကို ဖြေလျှော့လိုက်ကာ ရှည်လျားသော သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ကာ ခေါင်းခါယမ်းလိုက်သည်။ ပြီးမှ ဇော်ဦးကို ရင်းရင်းနှီးနှီး စိုက်ကြည့်ကာ –

"ဒီမယ်သား၊ အသားနည်းနည်းညိုသွားတာ၊ အသံနည်းနည်းပြာသွားတာ၊ လူနည်းနည်းပိန်သွားတာကလွဲပြီး သားဟာ လွန်ခဲ့တဲ့ ခြောက်နှစ် အိမ်ကထွက်သွားတဲ့ပုံစံအတိုင်းပဲ။ ဘာမျှ ထူးထူးခြားခြား ပြောင်းလဲသွားတာ မဟုတ်ဘူးကွယ့်။ မေမေကြီး ပြောတာ သေချာမှတ်ထားစမ်းသား။ မင်းဟာ ထွန်းအေးဇော်မှ ထွန်းအေးဇော်အစစ်ပဲ။ မေမေကြီး ဝမ်းနဲ့ မလွယ်ရရုံပဲ ရှိတယ်။ သားကို ငယ်ငယ်ကတည်းက ကျွေးမွေးသုတ်သင်လာတဲ့ မေမေကြီးပဲ။ ဘယ့်နယ်လုပ်ပြီး မသိဘဲနေပါ့မလဲ။ သားကို မြင်လိုက်တာနဲ့ တန်းသိတာပေါ့။ အေး ...တစ်ခုတော့ ရှိသပေါ့ကွယ်။ သားဟာ မူးယစ်ဆေးတွေ စွဲခဲ့တဲ့ဒဏ်ကြောင့် အာရုံကြောတွေချို့ယွင်းပြီး မှတ်ဉာဏ်အားနည်းနေတယ်။ ဒါကိုလည်း ဘာမျှမပူနဲ့သား။ ဟောဒီက စိတ်ရောဂါ အထူးကုဆရာဝန် ဒေါက်တာမြသီတာကာ အစွမ်းကုန် ကုသပေးပါလိမ့်မယ်။ ဒါကြောင့် သားလေးဟာ အားလုံးကို ပြန်သတိရလာလိမ့်မယ်လို့ မေမေကြီး ယုံကြည်တယ်ကွယ့်"

ဇော်ဦးက ခေါင်းမညိတ်ခေါင်းမခါ၊ ကြောင်အမ်းအမ်း အမူအရာဖြင့် ငေးကြည့်နေသည်။ ဒေါ်သူဇာက ဦးအောင်ကောင်းဘက် လှည့်လိုက်သည်။

"ကဲ ...ဦးအောင်ကောင်း၊ သွားလေသူ ကျွန်မခင်ပွန်းရဲ့ဆန္ဒအတိုင်း ဟော ဒီတိုက်နဲ့ မီးခံသေတ္တာထဲရှိတဲ့ ငွေသိန်းငါးရာကို သားနာမည်နဲ့ တရားဝင်လွှဲ



ပြောင်းဖို့ အမြန်စီစဉ်ပါ။ ကျွန်မ ဒီမှာ ကြာကြာမနေနိုင်ဘူးရှင့်။ ဟိုမှာ တရားစခန်းဝင်မယ့်ကိစ္စ၊ သီလရှင်ဝတ်မယ့် ကိစ္စတွေ ရှိနေသေးတယ်ရှင့်"

"ဟုတ် ...ဟုတ်ကဲ့ပါ ဒေါ်သူဇာ။ စိတ်ချလက်ချသာနေပါ။ ဒီနေ့ပဲ စာချုပ်မှာ လက်မှတ်ထိုးလိုက်ကြပြီး မနက်ဖြန် မနက်မှာ စာချုပ်စာတမ်း မှတ်ပုံတင် ရုံးသွားလိုက်ပါ့မယ်"

ဦးအောင်ကောင်းကပျာယီးပျာယာဖြင့် ပုတ်သင်ညိုတစ်ကောင်နယ် ခေါင်းတဆတ်ဆတ် ညိတ်လျက် ပြောသည်။ ဦးအောင်ကောင်းနှင့် မြသီတာ တို့ကား ရင်ထဲမှ တလိပ်လိပ်တက်လာသော ဝမ်းသာမှုကို မျက်နှာပေါ် မရောက်အောင် ကြိုးစားထိန်းချုပ်ထားသည့်တိုင် သူတို့၏ မျက်ဝန်းများတွင် ပီတိလွှမ်းသော မျက်ရည်ကြည်များ ရစ်ဝဲပြည့်လျှံနေကြပါလေသည်တကား။

✸ ✸ ✸

မျက်လှည့်ဆရာက ဘာမျှမရှိသော ဦးထုပ်ထဲမှ ယုန်ဖြူလေးတစ်ကောင်ကို လျှပ်တစ်ပြက် ဆွဲထုတ်ပြလိုက်သည့်နယ် အနာဂတ်အတွက် ဘာမျှ မည်မည်ရရ မရှိသော ထောင်ထွက်ဇော်ဦးတစ်ယောက် နေချင်းညချင်း ဆိုသလို အမွေသိန်းငါးရာ ပိုင်ဆိုင်သော သူဌေးသား ထွန်းအေးဇော် ဘဝသို့ မမျှော်လင့်ဘဲ ကူးပြောင်းသွားခဲ့ရ၏။

သို့တစေ အမွေလွှဲပြောင်းမှုကိစ္စ အားလုံးပြီးစီး၍ ဒေါ်သူဇာနှင့် ဒေါ်မြမြ တို့ စစ်ကိုင်းချောင်သို့ ထွက်သွားကြသည်နှင့် ဦးအောင်ကောင်းကနန်းဇာတိ ရုပ်ကိုပြပါလေတော့၏။

"ရော့ ...မီးခံသေတ္တာ သော့တစ်ချောင်း ...ကျန်သော့တစ်ချောင်းကို တော့ ကိုယ်ယာယီထိန်းသိမ်းရမယ်။ ဒီ မီးခံသေတ္တာက သော့နှစ်ချောင်းနဲ့မှ ဖွင့်လို့ရတာဆိုတော့ ကိုယ်တို့နှစ်ယောက်ဆုံမှ ဖွင့်လို့ရမယ့် သဘောပေါ့။ ဒါမှ ငွေတွေခွဲဝေတဲ့အခါ ကိုယ်တို့သဘောတူထားကြတဲ့အတိုင်း မှန်မှန် ကန်ကန် ဖြစ်နိုင်မယ် မဟုတ်လား မောင်ရင်"

ဇော်ဦးက အင်းမလုပ် အဲမလုပ်ဘဲ ဦးအောင်ကောင်းကိုသာ စူးစိုက် ကြည့်နေခဲ့သည်။ ယခုကိစ္စမှာ ထွန်းအေးဇော်အတုက အမွေလိမ်ထုတ်ယူ

ရန်ပူးပေါင်းကြံစည်ခဲ့သော ဥပဒေနှင့် မညီသည့်လုပ်ရပ်ဖြစ်နေလေရာ လောလောဆယ် သည်အတိုင်းငြိမ်၍ အခြေအနေကို စောင့်ကြည့်သည်က အကောင်းဆုံးဟု သူထင်သည်။

"ဦးလေးက သော့တစ်ချောင်း၊ ကိုဇော်ဦးက သော့တစ်ချောင်းကိုင်ထား ကြတာကိုတော့ ကျွန်မ ဘာမျှ ကန့်ကွက်စရာမရှိပါဘူး။ ဒါပေမဲ့ ကျွန်မ မသိ ဘဲနဲ့တော့ မီးခံသေတ္တာကို လုံးဝမဖွင့်ရဘူးနော် ဒါပဲ"

မြသီတာက တစ်စခန်းထလာပြန်သည်။ သူလည်း ဤ မသမာမှုမှာ အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့သူဖြစ်လေတော့ သူမ အနေနှင့်လည်း ရပိုင်ခွင့်ရှိနေသည်ပေါ့လေ။

ဦးအောင်ကောင်းကတော့ ဘာမျှ ခွန်းတုံ့မပြန်။ သူ့တူမကိုသာ မချိုမချဉ် ပြုံးလျက် ကြည့်နေခဲ့သည်။ ဇော်ဦး စိတ်ထဲမတော့ ထိုအပြုံးကို မြေခွေး တစ်ကောင်၏ကောက်ကျစ်ပြုံးဟု ထင်မိသည်။

"ခုတော့ မောင်ရင် ဟန်မပျက်ခဏနေဦးပေါ့။ စားစရာသောက်စရာ အပြင် ငွေတစ်သိန်းလည်း အသေးသုံးဖို့ ရှိနေသားပဲ။ အဲ ...ဒီနေ့ကစပြီး တစ်လပြည့်တဲ့နေ့မှာတော့ ကိုယ်လာခဲ့မယ်။ အဲဒီတော့မှ ကတိပြုထားတဲ့ အတိုင်း တစ်ဝက်စီခွဲယူကြတာပေါ့"

ဇော်ဦးက သဘောတူ၏၊ မတူ၏ ဘာမျှ ပြန်မပြောခဲ့။ တရွေ့ရွေ့ထွက် သွားကြသော ဦးအောင်ကောင်းနှင့် မြသီတာတို့ကိုသာ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့သည်။ အချိန်တစ်လကြီးများတောင် ရှိနေသေးတာပဲလေ။ ပြီးတော့ ငွေသိန်းငါးရာရှိနေသော မီးခံသေတ္တာက မိမိလက်ထဲမှာ ရှိနေသည်ပဲ။ မိမိ ကထုတ်ပေးမှသာ သူတို့ရမည်ပေါ့။

ဇော်ဦးစိတ်ထဲ ဦးအောင်ကောင်းအား ငွေသိန်းနှစ်ရာငါးဆယ်ထုတ် ပေးရမည်ကို တွန့်ဆုတ်နေမိသည်။ မစားဖူးသော အစားအစာ၊ မသောက်ဖူး သော အရက်အကောင်းစားများဖြင့် စည်းစိမ်ယစ်ကာ သူ့ကိုယ်သူအမွေရ သူဌေးသား ထွန်းအေးဇော်လို နေချင်လာမိသည်။ ထွန်းအေးဇော်ပိုင် အမွေ



သိန်းငါးရာလုံးကို မိမိတစ်ဦးတည်းပိုင်ဆိုင်လိုသော လောဘစိတ်များတဖွား ဖွားပေါ်ပေါက်လာသည်။

သို့တစေ ဇော်ဦးမှာ ထူးဆန်းသော ဝေဒနာတစ်ခုကို တစ်နေ့တခြားခံ စားလာရသည်။ ထွန်းအေးဇော်၏ တိုက်တွင်နေကာ ထွန်းအေးဇော် ဟန် ဆောင်၍ ထွန်းအောင်ဇော် အိပ်ရာထက် အိပ်နေရသော ဇော်ဦးစိတ်ထဲ မသိုး မသန့် ဖြစ်လာသည်။ ဤလောကဌ် မရှိတော့၊ သူတစ်ယောက်၏ စည်းစိမ် ဥစ္စာကို ထိုသူ အယောင်ဆောင်၍ မတရားသိမ်းပိုက်ခံစားနေရသည်ကိုပင် လိပ်ပြာမလုံသလိုဖြစ်လာသည်။

တစ်ခါတစ်ရံ ညအိပ်နေစဉ် ဆေးရုံကြီးရေခဲတိုက်မှ ထွန်းအေးဇော်၏ အလောင်းထလာကာ မိမိလည်ပင်းကို အတင်းလာညှစ်သလို အိပ်မက်ဆိုး များမှ လန့်နိုးကာ ကယောင်ချောက်ချားဖြစ်လာသည်။ ညအိပ်မပျော်တိုင်း အရက်ဖိသောက်၍ အိပ်ခဲ့သည့်တိုင် သန်းခေါင်ကျော်လျှင် အိပ်ရာမှ ပြန်းခနဲ နိုးလာတတ်သော ဝေဒနာဆိုးကြောင့် ဇောချွေးများ ပြန်ကာ ထိတ်လန့်တုန် လှုပ်ခဲ့ရသည့်ညများပင် ရှိလာသည်။

ထိုအခါ သည်တိုက်နှင့် ငွေများကို အပြီးအပိုင် စွန့်လွှတ်ကာ လွတ်ရာ ကျွတ်ရာသို့ ထွက်ပြေးသွားလိုက်ချင်သည်အထိ စိတ်ဖိစီးမှု ပြင်းထန်လာ ကာ မိမိ၏ အရေခြုံဘဝကို ရွံမုန်းစက်ဆုပ်လာမိတော့၏။

အချိန်တစ်လတိတိပြည့်သောနေ့တွင် ဦးအောင်ကောင်း ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာလေသည်။

"ကဲ ...အမွေခွဲကြမယ်မောင်ရင်၊ သော့ထုတ်ပါ"

ဦးအောင်ကောင်းက ရှေ့နေတို့ တတ်အပ်သော ပညာဖြင့် လှည့်ပတ် သွယ်ဝိုက်ပြောမနေတော့ဘဲ ရောက်သည်နှင့် လိုရင်းကိုတဲ့ တိုးပြောချလိုက် သည်။ ဇော်ဦးစိတ်ထဲ ဦးအောင်ကောင်း လက်ထဲ အမွေတစ်ဝက်မပြောနှင့်။ တစ်ပြားတစ်ချပ်မှပင် မရောက်စေချင်။

ထို့ကြောင့် ...

"အမွေပိုက်ဆံတွေ ခွဲကြတာတော့ ရပါတယ်။ ဒါပေမဲ့ ဦးအောင်ကောင်းပဲ စဉ်းစားကြည့်လေဗျာ။ အချိန်တစ်လအတွင်းမှာ ဘာလုပ်ငန်းမျှ မပြုနိုင်ဘဲ အမွေ ငွေ သိန်း ၂၅၀ တိတိ ကုန်သွားတယ်ဆိုရင် ဘယ်သူက ယုံမှာလဲဗျ"

ဇော်ဦး၏ ကန့်ကွက်ရိုပ်ပါသော စကားကြောင့် ဦးအောင်ကောင်း၏ မျက်နှာကြော ရုတ်တရက် တင်းမာသွားသည်။

"နေစမ်းပါဦး မောင်ရင်ရဲ့။ စာချုပ်စာတမ်းအရ မောင်ရင်ဟာ အမွေရသူဧည့်သည်ထွန်းအေးဇော် တရားဝင်ဖြစ်နေပြီပဲဟာ။ ငွေ သိန်း ၂၅၀ မကလို့ သိန်း ၅၀၀ လုံး ကုန်အောင် သုံးပစ်လိုက်ဦးတော့ မောင်ရင့်ကို ဘယ်သူက လာပြီး စစ်လား ဆေးလားလုပ်နိုင်မှာမို့လို့လဲ။ ပြောစမ်းပါဦး"

ဦးအောင်ကောင်း၏ အသံကျယ်သလို လေသံကလည်း မာသည်။ ဇော်ဦးကလေအေးအေးဖြင့် တည်ငြိမ်စွာ မေးသည်။

"အင်း ...ဦးအောင်ကောင်း မေ့နေပြီထင်ပါရဲ့။ သုံးလေးလတစ်ခါ လောက်တော့ ရန်ကုန်ဆင်းလာပြီး ထွန်းအေးဇော်ရဲ့ အတိတ်မေ့ရောဂါ အခြေအနေကို လာကြည့်ဦးမယ်လို့ ဒေါ်သူဇာ ပြန်ခါနီး ပြောသွားတဲ့စကား လေဗျာ"

ဦးအောင်ကောင်းက သောက်လက်စ ဆေးပြင်းလိပ်ကို ပြာခံခွက်ထဲ ဆောင့်ကြီးအောင့်ကြီး ထိုးချေပစ်လိုက်ကာ -

"ဟ ...မောင်ရင်ပြောတဲ့အတိုင်းဆိုရင် ကိုယ်က ဒီအဘွားကြီး အသုဘ ချပြီးလို့ ရက်လည်တဲ့နေ့အထိတောင် ထိုင်စောင့်နေရဦးမယ်ဆိုတဲ့ သဘောပေါ့။ ဟုတ်လား။ မရဘူးမောင်ရင်၊ အောင်ကောင်းကို ဒီလိုအပေါက်မျိုးလာ ချိုးလို့မရဘူး။ ကဲ ...ဒီနေ့ ဘာနေ့လဲ၊ တနင်္ဂနွေပဲ။ ဟုတ်ပြီ၊ မောင်ရင့်ကို စဉ်းစားဖို့ အချိန်တစ်ပတ်ပေးမယ်။ လာမယ့်တနင်္ဂနွေနေ့မှာ ကိုယ်လာမယ်။ အဲဒီနေ့မှ ကိုယ်တို့ကတိကဝတ်ပြုထားတဲ့ ကိစ္စမပြတ်ရင်တော့ ကိုယ့်အဆိုး မဆိုနဲ့နော် ...ဒါပဲ"

ပြောပြီးသည်နှင့် နေရာမှ ဆတ်ခနဲထကာ ဒေါသတကြီး ဆောင့်နင်း ထွက်သွားလေတော့၏။ ဇော်ဦးက ဦးအောင်ကောင်းလို ဉာဏ်နီဉာဏ်နက်



များပြီး ဥပဒေလည်း ကျွမ်းကျင်သော လူကြီးလူမိုက်ကြီးနှင့် မည်သို့ရင်ဆိုင်ရမည်ကို တွေးလျက် ကျန်ရစ်သည်။

ဦးအောင်ကောင်းရာဇသံပေးခဲ့သော တနင်္ဂနွေနေ့ရောက်ရန် တစ်ရက်အလို စနေနေ့ နံနက်စောစောစီးစီး လုံးဝမျှော်လင့်မထားသူ တစ်ဦးရောက်လာသည်။ တခြားသူတော့မဟုတ်၊ ဒေါက်တာမြသီတာ ကိုယ်တိုင်ပင်ဖြစ်၏။

"အလို မြသီတာပါလား၊ တစ်ယောက်တည်းပါလားဗျ။ ဦးအောင်ကောင်း မပါဘူးလား"

မြသီတာက ချက်ချင်းပြန်မဖြေဘဲ သုန်မှုန်နေသော မျက်နှာဖြင့် အသာဝင်ထိုင်၏။ ပြီးမှ သူမလာရသည့်အကြောင်းကို တဖြည်းဖြည်း ရှင်းပြသည်။ သူမ၏ စကားအရ ပြဿနာမှာ ထင်ထားသည်ထက်ပင် တစ်စတစ်စ ပိုရှုပ်ထွေးလာပါတော့၏။

"ဗျာ ...ဒါဆို ...မြသီတာနဲ့ ဦးအောင်ကောင်း တူဝရီးဆိုတာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူးကိုဇော်ဦး၊ ဟို ...အင်းလေ ...ခုမှတော့ မထူးတော့ပါဘူး။ တကယ်တော့ ကျွန်မဟာ ဦးအောင်ကောင်းရဲ့ တတိယမြောက် မယားငယ် ပါရှင့်။ ဦးအောင်ဆိုတဲ့လူက သစ္စာလည်း မရှိဘူး။ အကျင့်စာရိတ္တကောင်းတဲ့ လူလည်း မဟုတ်ဘူး။ ရှေ့နေကျင့်ဝတ် ဖောက်ဖျက်မှုနဲ့ လိုင်စင် အသိမ်းခံထားရတာတောင် နှစ်နှစ်လောက်ရှိနေပြီရှင့်"

"ဟုတ်လား ဒါဆို ဒါကို ဒေါ်သူဇာတို့ မသိဘူးလား"

"မသိလို့ပေါ့ရှင်။ နို့မို့ဆို ဒီအမွေထိန်းတာဝန် ဘယ်ပေးထားပါ့မလဲ။ ကိုဇော်ဦးကို ဒီအလုပ်ထဲ ပါလာအောင် စည်းရုံးခဲ့တုန်းကတော့ ကျွန်မက သိပ်ကို အရေးပါခဲ့တာပေါ့ရှင်။ အဲ ... ခု ...ဒီကိစ္စတွေလည်း အောင်မြင်သွားရော ကျွန်မကိုတောင် သိပ်အဖက်မလုပ်ချင်တော့ဘူးလေ။ သူတစ်ယောက်တည်း ကျိတ်ပြီး ဆင်ကြံကြံနေတယ်ဆိုတာ ကျွန်မသိတယ်ရှင့်"

"ဘယ်လို ဆင်ကြံကြံနေတာလဲဗျ"

ဇော်ဦးက နားမရှင်း၍မေးသည်။

"ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကြည့်လေ၊ ကိုဇော်ဦး။ ရှင့်ဆီကို ကျွန်ကို မခေါ်ဘဲ သူတစ်ယောက်တည်း လာခဲ့တာ မဟုတ်လား။ ကျွန်မက သူ့မိန်းမဖြစ်နေလို့ သူ့အလုပ်တွေကို မလွှဲမရှောင်သာ လိုက်လုပ်ပေးနေရပေမဲ့ ကျွန်မကို ပထုတ်ပြီး ဒီလိုမျိုး မတရားကြံစည်နေတာကိုတော့ လုံးဝသည်းမခံနိုင်ဘူးရှင့်။ ဒီနေ့ ကျွန်မ ကိုဇော်ဦးဆီလာတာ အကြောင်းထူးရှိလို့ပဲရှင့်။ ရှင့်ကို အရေးကြီးတဲ့ သတင်းတစ်ခုပေးစရာရှိတယ် ကိုဇော်ဦး"

"ဟုတ်လား၊ ဘယ်လို အရေးကြီးတဲ့ သတင်းလဲဗျ"

"ကျွန်မပြောင်ဖွင့်ပြောရရင် ဦးအောင်ကောင်းက ရှင့်ကို လုပ်ကြံပြီး ငွေသိန်း၄ါးရာလုံးကို သူတစ်ယောက်တည်း မောင်ပိုင်စီးဖို့ ကြံနေပြီရှင့်"

ဇော်ဦး အလွန်အမင်းအံ့အားသင့်သွားသည်။

"ဟင် ...ဒီအတိုင်း အမှန်ပဲလား မြသီတာ"

"ကျွန်မ သိရသလောက်တော့ အမှန်ပဲရှင့်။ ဟိုတုန်းက သူ့မှာ လက်နက်ဆိုလို့ အပ်တစ်ချောင်းတောင် ရှိတာ မဟုတ်ဘူး။ မနေ့ကတော့ သူ့အတက်ချိုကေ့စ်ထဲမှာ ပစ္စတိုသေနတ်တစ်လက်ကို မထင်မှတ်ဘဲ တွေ့လိုက်ရတယ်။ အဲဒါရှင့်ကိုသတ်ပြီး အမွေအားလုံး အပိုင်သိမ်းဖို့ကလွဲပြီး ဘာဖြစ်နိုင်မှာလဲ ကိုဇော်ဦး"

ဇော်ဦးက စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်၍ မီးခိုးလုံးများကို အပေါ်သို့ မှုတ်ထုတ်လိုက်သည်။ မြသီတာ၏ ဂနာမငြိမ်သော မျက်လုံးများကို မီးခိုးငွေ့များကြားမှ အကဲခတ်ကြည့်မိသည်။

တကယ်ဆိုလျှင် ယခုကိစ္စတွင် မြသီတာသည် ဦးအောင်ကောင်းနှင့် ကြံဖော်ကြံဖက်များ ဖြစ်သည်။ ဤလုံကြွတ်ဇာတ်လမ်း၏ အစ၊ အလယ်၊ အဆုံးကို ခရေစေ့တွင်းကျ သိထားသူလည်း ဖြစ်၏။ သူမကသာ မကျေနပ်လျှင် မိမိရော ဦးအောင်ကောင်းပါ အုတ်ရိုးများ နောက်သို့ရောက်သွားနိုင်သည့် အခြေအနေမျိုးဖြစ်၏။

ဦးအောင်ကောင်းကား အလွန်လျင်၊ အလွန်ပါးနပ်၍ ဉာဏ်နီဉာဏ်နက်ကြွယ်ဝသူပါပေ။ ရရှိသော အမွေဝေစုထဲမှ မြသီတာအား နောက်ရန်အေး



အောင် စို့စို့ပို့ပို့ ပေးထားမည့် လူစားမျိုးဖြစ်၏။ အကယ်၍ တစ်ပြားတစ်ချပ်မျှ မပေးလိုတော့လျှင်မူ မြသီတာအား အသက်နှင့် ကိုယ်မမြဲအောင် ရှင်းလင်းပစ်မည့် လက်မရွံ့လည်းဖြစ်ပေမည်။

လက်ရှိအခြေအနေတွင် ဦးအောင်ကောင်းသည် မိမိကိုသာမက မြသီတာကိုပါ နှုတ်ပိတ်ပစ်လိုက်နိုင်သည်။ သို့သော် ထိုကိစ္စများသည် သူ့လက်ထဲသို့ အမွေအားလုံး မရောက်မချင်း မဖြစ်နိုင်သေးတန်ရာ။

မြသီတာမှာ မိမိနှင့်ဆိုလျှင် တစိမ်းပြင်ပြင်ဖြစ်သင့်ပါလျက် အဘယ့်ကြောင့် ဦးအောင်ကောင်းက မိမိအား အကောက်ကြံမည့်ကိစ္စကို ကြိုကြိုတင်တင် လာသတိပေးနေရပါသနည်း။

"ကောင်းပြီလေ၊ မြသီတာ သတိပေးသလို ဦးအောင်ကောင်းက ကျွန်တော့်ကို သတ်ဖို့ ကြိုးစားပြီဆိုပါတော့ ကျွန်တော်ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ဇော်ဦးက အကဲစမ်းသော မေးခွန်းတစ်ခု မေးလိုက်သည်။

"ဒါက ရှင့်အပေါ်မှာ မူတည်တယ် ကိုဇော်ဦး။ ကျွန်မကတော့ ရှင်တို့အရင်က သဘောတူထားခဲ့တဲ့အတိုင်း ပြေပြေလည်လည် ဖြစ်စေချင်တာပါပဲ"

ဇော်ဦး ရင်ထဲက ကျိတ်၍ ပြုံးမိသည်။ အာဂမြသီတာ ပါတကား။ မိမိမှာရှိသော မီးခံသေတ္တာသော့တစ်ချောင်းကို အသာတကြည်ထုတ်ပေးစေရန် တစ်ဖက်လှည့်ဖြင့် ကြိုးစားနေခြင်းသာ ဖြစ်ခြိမ့်မည်။

"ဒါပေမဲ့ တစ်ခုတော့ ရှိတယ် ကိုဇော်ဦး။ ငွေသိန်း ၂၅၀ လုံးကို ဦးအောင်ကောင်းလက်ထဲ မအပ်ဘဲ ကိုဇော်ဦး ကိုယ်တိုင် နှစ်ပုံပုံပြီး ကျွန်မကိုတော့ တစ်ပုံအပ်ရလိမ့်မယ်နော်"

ဇော်ဦး အလွန်သဘောကျသွားကာ ရယ်မိမတတ်ပင် ဖြစ်သွားသည်။ အခုမှ မြသီတာ မိမိထံ လာရသည့် စိတ်ရင်းအမှန်ကို ရိပ်စားမိလိုက် ဖြစ်၏။ စင်စစ် မြသီတာသည် မိမိအား စေတနာဖြင့် သတိပေးစကားဆိုယောင်ပြု

ကာ ဦးအောင်ကောင်းထံမှ ဝေစုတစ်ဝက်ကိုအရ သိမ်းပေးရန် လှုံ့ဆော်လာ ဗွားနေခြင်းပါတကား။

အခုအချိန်တွင် မိမိအနေဖြင့် ဦးအောင်ကောင်းကို အလစ်ပေးလို့ မဖြစ် သလို မြသီတာကိုလည်း မိန်းမသားဆိုကား ယုံစား၍မဖြစ်ပေ။ အားလုံး၏ အာရုံသည် မီးခံသေတ္တာထဲက အမွေသိန်းငါးရာအပေါ်တွင်သာ စူးစိုက်ကြည့် နေကြခြင်း ဖြစ်လေရာ မိမိအနေနှင့် သူတို့နှစ်ယောက်ကြား ညပ်မသွား အောင် အထူးသတိထားရပေမည်။

"သိပ်လည်း စိတ်ပူမနေပါနဲ့ မြသီတာရယ်။ ကျွန်တော်အားလုံး အဆင် ပြေအောင် စီစဉ်ပေးပါ့မယ်ဗျာ"

ဇော်ဦး၏ ရှေ့ပြည်အေးစကားကြောင့် မြသီတာ မျက်နှာဝင်းလက်သွား သည်။

"တကယ်ပြောတာနော် ကိုဇော်ဦး"

"တကယ်ပေါ့ မြသီတာရယ်။ မြသီတာလို ဆရာဝန်မကြီးတစ်ယောက် ကို ကျွန်တော် ဘယ်လိမ်ရဲပါ့မလဲဗျာ"

"ဒါဆို ကျွန်မပြန်မယ်ကိုဇော်ဦး"

မြသီတာက ဇော်ဦးအား ကျေနပ်စွာ ပြုံးပြရင်း နေရာမှထကာ လှပ်လီ လှပ်လဲ့ လျှောက်သွားသည်။ မြသီတာ ထွက်သွားသည်နှင့် ဇော်ဦး တတ္တစီ တစ်စီးငှားကာ အရေးတကြီး ထွက်လာခဲ့မိသည်။ တံတားလေးရှိ စိတ်ရောဂါ အထူးကုဆေးရုံကြီးဆီသို့ ဖြစ်ပါလေသည်။

* * * •

"ထိုင်ပါဦးအောင်ကောင်း၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့ ဗျာ"

တနင်္ဂနွေနေ့ နံနက် ကိုးနာရီပင် မထိုးတတ်သေး။ ဦးအောင်ကောင်း တစ်ယောက် ပေါက်ချလာတော့သည်။ ဇော်ဦးက အိမ်ရှင်ပီပီ ဆက်တီတစ် လုံးကို ညွှန်ပြသည်။ ဦးအောင်ကောင်းက သူ၏အတက်ချိုကြောစ်ကို ကုလား ထိုင်တစ်လုံးပေါ်အသာလှမ်းချိတ်၍ အသာဝင်ထိုင်သည်။



ဇော်ဦးက ဂျော်နီဝါကားပုလင်းအသစ်ကို ဖောက်၍ ဖန်ခွက်နှစ်လုံး တွင် ထည့်ရင်း မေးသည်။

"ဪ ...ဒါနဲ့ ဦးအောင်ကောင်းရဲ့တူမတစ်ယောက်ကော မပါပါလား"

ဦးအောင်ကောင်းက ဆေးပြင်းလိပ်ကို မီးညှိရင်း အေးစက်စက်ဖြေ သည်။

"မြသီတာလား ...သူဒီနေ့ ဆေးရုံမှာ တာဝန်ကျတယ်လေ။ မအားဘူး။ ဒါကြောင့် ကိုယ်တစ်ယောက်တည်း လာခဲ့ရတာ"

ဇော်ဦးက မသိမသာပြုံးရင်း ဖန်ခွက်များထဲ ရေခဲနှင့် ဆိုဒါများ ရောစပ် နေသည်။ ပြီးမှ သူ၏ဖန်ခွက်ကို ကောက်ကိုင်လိုက်သည်။

"ကဲ ...ဦးအောင်ကောင်း"

ဦးအောင်ကောင်းက ဖန်ခွက်ကို လှမ်းယူကာ ဇော်ဦး၏ ဖန်ခွက်နှင့် လေထဲတွင် ဂွပ်ခနဲ ထိရိုက်လိုက်သည်။ ဇော်ဦး စိတ်ထဲ ဦးအောင်ကောင်းနှင့် ပထမဆုံးတွေ့စဉ် ကမာရွတ်စားသောက်ဆိုင်၌ ဖန်ခွက်ချင်း ထိခတ်သံကို ပြန်လည်ကြားယောင်မိလိုက်သည်။

"ဒါနဲ့ ဦးအောင်ကောင်း၊ ကျွန်တော်တို့ ဒီနေ့ ဝေစုခွဲကြမှာဆိုတော့ မြသီ တာ မပါဘဲဖြစ်ရဲ့လားဗျ။ သူက သူမသိဘဲ မီးခံသေတ္တာ မဖွင့်ရဘူးလို့ ပြော ထားတာဆိုတော့ ..."

ဇော်ဦးက သွေးတိုးစမ်းစကားဆိုကြည့်သည်။

"ဟာ ...ဒီမိန်းမက အရေးမကြီးပါဘူး မောင်ရင်၊ ထားလိုက်စမ်းပါ။ ဒါကျုပ်ကိစ္စပါ။ ကျုပ်ဘာသာ ကျုပ်ရှင်းမယ်။ မောင်ရင်နဲ့ ကျုပ်ကိစ္စ ဒီနေ့ပြတ် မှဖြစ်မှာနော်"

ဦးအောင်ကောင်းက ပြောနေကျ ကိုယ် အစား ကျုပ်ဟု အပေါစီးဆန် သော အသုံးအနှုန်းဖြင့် လေသံပါ မာလာသည်။ ယခင်အပတ်ကတည်းက ပြီးထားဟန်တူသည်။ ဇော်ဦး ဖန်ခွက်တစ်ဝက်ရောက်သည် အထိ တစိမ့်စိမ့် မော့သောက်သည်။ ပြီးမှ စီးကရက်ဘူးကို လှမ်းယူသည်။ ဦးအောင်

ကောင်းက ဇစ်ပိုမီးခြစ်ကို ချောက်ခနဲ အသံမြည်အောင်ခြစ်ကာ ဆေးပြင်းလိပ်တိုကို မီးညှိနေသည်။

တဒင်္ဂအားဖြင့် ဧည့်ခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြခြင်းပဲ ဖြစ်၏။ စီးကရက်နှင့် ဆေးပြင်းလိပ် မီးခိုးငွေ့များကသာ မျက်နှာကြက်ဆီသို့ တလိပ်လိပ် ပျံတက်နေသည်။

"ကိစ္စ အားလုံးပြီးရင် မောင်ရင် ဘာလုပ်ဖို့ စိတ်ကူးထားလဲ"

ဇော်ဦးက စီးကရက် ပြာတစ်ပွင့်ကို ပြာခံခွက်အတွင်း ခြွေချသည်။

"ဒါတော့ ကြည့်လုပ်ရမှာပဲ။ အကောင်းဆုံးကတော့ ဒီတိုက်ကြီးကို ရောင်းပြီး တစ်နေရာရာမှာ လွတ်လွတ်လပ်လပ် သွားနေချင်တယ်"

"ထွန်းအေးဇော် နာမည်နဲ့ပဲလား"

"ဘယ်ဟုတ်မလဲဗျ၊ ဇော်ဦးဟာ ဇော်ဦးပဲ ဖြစ်ရမှာပေါ့"

"ဟ ...ဒီလို ဖြုန်းစားကြီး လုပ်လိုက်လို့ ဖြစ်ပါ့မလား။ မောင်ရင့် အစီအစဉ်က ကိုယ်တို့ လုပ်ဇာတ်တွေ ပေါ်သွားနိုင်တယ်ဆိုတာ သတိထားဦးမှပေါ့။ ဘာပဲဖြစ်ဖြစ် ထွန်းအေးဇော်အဖြစ်နဲ့ပဲ ဆက်နေသင့်တယ်နော်"

ဇော်ဦးက အရက်လက်ကျန်ကို တစ်ရှိန်ထိုး မော့သောက်ချလိုက်သည်။ ပြီး ဖန်ခွက်ထဲသို့ အရက်နှစ်ပက်ခန့် ထပ်ဖြည့်ကာ ရေခဲတုံးများထည့်၍ ဆိုဒါ ရောစပ်နေသည်။ ထို့နောက် အရက်တစ်ပက်ခန့် မော့သောက်လိုက်ပြန်သည်။

"ဦးအောင်ကောင်းက ဘာမျှ မသိဘဲ စွတ်ပြောနေတာကိုးဗျ။ ကျွန်တော့်ဝေဒနာက အတော့်ကို အခံရခက်တာဗျ။ ထွန်းအေးဇော်ဆိုတဲ့ အရိပ်မည်းကြီးက ကျွန်တော့်ကို ဘယ်လောက် လွှမ်းမိုးထားတယ်မှတ်သလဲ။ ညသန်းခေါင်ကျော်တာနဲ့ ဒီကောင် အိပ်မက်ထဲပေါ်လာပြီး ကျွန်တော့်ကို အမျိုးမျိုး ဒုက္ခပေးတော့တာဗျ။ သိလား၊ ကြာရင် ညညအိပ်မပျော်တဲ့ စိတ္တဇရောဂါ စွဲကပ်ပြီး တကယ့်ကို အတိတ်မေ့ဝေဒနာသည်ဖြစ်သွားနိုင်တယ် ဦးအောင်ကောင်း။ အိုဗျာ ... ဒီထွန်းအေးဇော်ဆိုတဲ့ နာမည်ကို လုံးဝမကြားချင်တော့ဘူးဗျာ"



ဇော်ဦး ပြောပြီးသည်နှင့် လက်ကျန် အရက်ကို တစ်ကျိုက်တည်းဖြင့် မော့သောက်ပစ်လိုက်ပြန်သည်။

"ဟ မောင်ရင်သောက်တာ ကြမ်းလှချည်လား။ ဖြည်းဖြည်းလုပ်မှပေါ့"

"မရတော့ဘူး ဦးအောင်ကောင်း၊ မရတော့ဘူး၊ ညညအိပ်မပျော်တိုင်း အရက်ချည်း ဖိသောက်နေရလို့ အကျင့်ပါနေပြီဗျ။ အဲ ဒီကောင့်နာမည်ကြားရင် ပိုဆိုးသေးတယ်"

ဇော်ဦးက ဖန်ခွက်ထဲသို့ အရက်လက်လေးလုံးခန့် ထပ်ဖြည့်ပြန်သည်။ စီးကရက်ကိုလည်း နွားငတ်ရေကျ အငမ်းမရရှိုက်ဖွာရင်းက ကုလားထိုင်ပေါ်တွင် နောက်ပစ်၍ မှီချလိုက်သည်။ အရှိန်နည်းနည်းပြင်းသွား၍လည်းမသိ၊ ကုလားထိုင်၏ ရှေ့ခြေနှစ်ချောင်းသည် အပေါ်သို့ ကြွတက်သွားကာ ပြန်အကျတွင် ဒုန်းခနဲ မြည်သွားသည်။

ဇော်ဦး မူးစပြုပြီဟု ဦးအောင်ကောင်း သဘောပေါက်လိုက်သည်။ သိပ်မမူးခင် လုပ်ငန်းစမှ ဖြစ်မည်ဟုလည်း တွေးမိသည်။ ထို့ကြောင့် အင်္ကျီအိတ်ကပ်ထဲရှိ မီးခံသေတ္တာသော့ကို အသာစမ်းကြည့်ကာ -

"ကဲ ...မောင်ရင့် မီးခံသေတ္တာသော့ ဘယ်မှာလဲ၊ ကိုယ်တို့ လုပ်ငန်းစလိုက်ကြရအောင်"

ဇော်ဦးက စီးကရက်တိုကို ပြာခံခွက်ထဲသို့ ချေကာ အရက်တစ်ကျိုက်ကို ရေမရောဘဲ နိုသောက်လိုက်သည်။ ရှုံ့မဲ့သော မျက်နှာဖြင့် ပန်းကန်ပြားထဲက မြေပဲ သုံးလေးလုံးကောက်ဝါးသည်။ စီးကရက်အသစ်တစ်လိပ် မီးညှိကာ မီးခိုးငွေ့များကို ဦးအောင်ကောင်း၏ မျက်နှာတည့်တည့်သို့ မှုတ်ထုတ်လိုက်သည်။

"ဖြည်းဖြည်းပေါ့ ဦးအောင်ကောင်းရယ်၊ မြသီတာမှ မလာသေးပဲဗျာ။ ဟဲ ...ဟဲ ...ဟဲ"

ဦးအောင်ကောင်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"အာ ...မောင်ရင်ကလည်း မြသီတာဆေးရုံမှာ တာဝန်ကျနေတယ်လို့ ကိုယ်ပြောပြီးပြီပဲ။ ဘယ်လာနိုင်ပါ့မလဲ"

ဇော်ဦးက နေရာမှ ဆတ်ခနဲထရပ်ကာ ဧည့်ခန်းထောင်သို့ ဒယီးဒယိုင်ဖြင့် ယိမ်းထိုး၍ လျှောက်သွားသည်။ ပြီးမှ စင်ပေါ်ရှိ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ဦးအောင်ကောင်းနေရာမှ ရုတ်တရက်ထကာ ဇော်ဦးဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လိုက်လာသည်။

"မောင်ရင် ...ဒါ ...ဒါ ဘာလုပ်မလို့လဲ"

"မြသီတာဆီ ဆက်မလို့လေ။ သူ့ကိုဖုန်းဆက်ပြီး ခေါ်ရမယ်ဗျ"

ဇော်ဦးက ပြောရင်း တယ်လီဖုန်းဒိုင်ခွက်ကို တစ်ချက်ချင်း လှည့်နေသည်။

"မောင်ရင်နဲ့တော့ ခက်နေပါပြီ။ သူတာဝန်ကျနေပါတယ်ဆိုမှ ဖုန်းဆက်ခေါ်လည်း လာနိုင်မှာမဟုတ်ဘူး"

ဇော်ဦးက ဒိုင်ခွက်ကိုသာ ဆက်လှည့်နေသည်။

"ဒီမယ် မောင်ရင်၊ မဆက်ပါနဲ့လို့ ကျုပ်ပြောနေတယ်နော်"

ဇော်ဦးက အရေးမစိုက်ဘဲ ဖုန်းခွက်ထဲ စကားစပြောသည်။

"တံတားလေး စိတ်ရောဂါအထူးကုဆေးရုံကြီးကပါလား ခင်ဗျား။ ကျွန်တော် ဒေါက်တာမြသီ ..."

ဇော်ဦးစကားမဆုံးမီမှာပင် ဦးအောင်ကောင်းက တယ်လီဖုန်းကို အတင်းဆွဲလုကာ ပြန်တင်ထားလိုက်သည်။

"ဒါဘာလုပ်တာလဲ ဦးအောင်ကောင်း"

"ဘာလုပ်တယ်လို့ မောင်ရင်ထင်လဲ။ ဒီကောင်မကို ခေါ်စရာ မလိုဘူးလို့ ကျုပ်ဘယ်နှစ်ခါပြောရမလဲ"

"အို ...မြသီတာ မပါဘဲနဲ့တော့ မီးခံသေတ္တာသော့ကို လုံးဝ ထုတ်မပေးနိုင်ဘူးဗျာ"

"ဩော် ...မောင်ရင်က ဒီလိုကိုး"

ဦးအောင်ကောင်းက ပြောရင်း သူ၏ အတက်ချိုကွေ့စ်ရှိရာသို့ အမြန်လျှောက်သွားသည်။ ဇော်ဦးက ပြေးလိုက်သွားကာ ဦးအောင်ကောင်းလက်



ထဲမှ အတက်ချိုကွေ့စ်ကို အတင်းဝင်လုသည်။ ဦးအောင်ကောင်က အပါမခံဘဲ တအားပြန်ဆွဲသည်။

"ဒေါက်"

ထိုအခိုက် ဒေါက်ခနဲ အသံကြား၍ နှစ်ယောက်စလုံး ငုံ့ကြည့်လိုက်ကြသည်။ ကြမ်းပြင်ပေါ်တွင် ပစ္စတိုသေနတ်တစ်လက်ကို တွေ့ရ၏။ အတက်ချိုကွေ့စ် ပွင့်ပြီး ထွက်ကျလာခြင်းဖြစ်သည်။

ဦးအောင်ကောင်းက ပစ္စတိုကို အမြန်ကုန်းကောက်သည်။ ဇော်ဦးက ခြေဖြင့် ဆတ်ကန်လိုက်ရာ သေနတ်မှာ လျှောခနဲ ရှပ်တိုက်ကာ စားပွဲအောက်သို့ရောက်သွားသည်။ ဦးအောင်ကောင်း သေနတ်ဆီသို့ ပြေးအသွားတွင် ဇော်ဦးက ခြေတစ်ဖက် ထိုးခံထားလိုက်သည်။

လေထဲသို့ အရှိန်ဖြင့် မြောက်တက်သွားသော ဦးအောင်ကောင်း၏ ခန္ဓာကိုယ်ကြီးသည် စားပွဲပေါ်သို့ အတားအဆီးမဲ့ ဝုန်းခနဲ ဟပ်ထိုးပစ်ကျသွားလေသည်။ စားပွဲပေါ်မှ ဂျော်နီဝါကားပုလင်း၊ ဖန်ခွက်များ အမြည်း ပန်းကန်များနှင့် ပြာခံခွက်တို့ ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ပြန့်ကျဲကျသွားကြသည်။

ဦးအောင်ကောင်းလည်း နေရာမှ အားယူ၍ ပြန်ထကာ ဇော်ဦးဘက်လှည့်လိုက်သည်။ သူ့လက်ထဲတွင် ဂျော်နီဝါကားပုလင်းကို ခပ်တင်းတင်း ဆုပ်လျက်သား တွေ့ရသည်။ ဦးအောင်ကောင်းက ဂျော်နီဝါကား ပုလင်းကို လေထဲတွင် မြှောက်လိုက်ကာ ရှေ့တိုးတက်လာသည်။ ဇော်ဦး ခြေတစ်လှ
အဆုတ်တွင် ဦးအောင်ကောင်း နှစ်လှမ်းတက်သည်။ ...းက ညာဘက်သို့ တစ်လှမ်းရွှေ့သည်။ ဦးအောင်ကောင်းက ဘယ်ခြေလှမ်းကျဲကြီးများဖြင့် ဖြုန်းခနဲ ပြေးတက်ကာ လွှဲရိုက်ချလိုက်သည်။ ဇော်ဦးက ညာခြေ... နောက်တစ်လှမ်းဆုတ်၍ ငုံ့ရှောင်သည်။ ရိုက်ချက်မှာ မလ...တွင် ဝိုးခနဲ မြည်ကာ လွဲချော်သွားသည်။

ဇော်ဦးက ရှေ့သို့ လျှပ်တစ်ပြက်ပြေးတက်ကာ အရက်ပုလင်းကို ဝင်လုရန် ကြိုးစားသည်။ သို့သော် ဇော်ဦး ဟန်ချက်လွဲကာ လက်ဝဲဘက်ချိုစောင်းတွင် ပူခနဲခံစားလိုက်ရ၏။ ခေါင်းထဲ၌ မိုက်ခနဲ ဖြစ်သွားစဉ် ညာဘက်ချိုစောင်း

ပေါ်သို့ ထပ်မံကျလာသော ပြင်းထန်သည့် ရိုက်ချက်ကြောင့် ဖော်ဦး မျက်လုံးထဲ မီးရောင်စုံပွင့်သွားသည်။ ထို့နောက် ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့ဘဲ ခွေယိုင်ကာ နောက်ပြန်လဲကျသွားသည်။ မိမိအုတ်ဆက်နှင့် နံရံ ရိုက်မိသံကိုသာ နောက်ဆုံးကြားလိုက်ရပြီး တစ်လောကလုံး မှောင်အတိ ကျသွားလေတော့၏။

ပိန်းပိတ်အောင်မှောင်နေသော မြင်ကွင်းထဲတွင် စိန်ပွင့်ကလေးများပမာ တောင်ရှန်းသော အလင်းရောင်တန်းများကို နီးတစ်ခါဝေးတစ်လှည့်၊ မှောင်တစ်ခါ လင်းတစ်လှည့်ဖြင့် မပီဝိုးဝါးပုံရိပ်အချို့ကို မြင်နေရသည်။

ပထမပုံရိပ်မှာ ညရထားကြီးတစ်စီး၏ အထက်တန်း အိပ်ခန်းတွဲအတွင်းဟု ထင်ရသည်။ ဆံတို ကုတ်တဲ၊ နှုတ်ခမ်းနီတာရဲနှင့် ကောင်မလေးတစ်ယောက်ကို မြင်ရသည်။ သူမက စီးကရက်တစ်လိပ်ကို မျက်စိစုံမှိတ်၍ ဖိမ်ခံရှိုက်ဖွာနေသည်။ ခဏအကြာတွင် မျက်လွှာများပွင့်လာကာ သူမနံဘေးမှ ဆံရှည်ကိုယ်တော်၏ နှုတ်ခမ်းဖျားတွင် စီးကရက်ကို တပ်ပေးလိုက်သည်။ ဆံရှည်ကိုယ်တော်ကမျက်လုံးများမှေးစင်းကာအားပါးတရဖွာရှိုက်နေသည့်ပုံဖြစ်၏။

ဒုတိယပုံရိပ်မှာ မာစီဒီးကားနက်ကြီးတစ်စီး၏ရှေ့ခန်းတွင် လူငယ်တစ်ဦးထိုင်နေသည်ကို တွေ့ရ၏။ ကားနောက်ခန်းထဲတွင် မျက်မှန်နက်တပ်ထားသော လူရွယ်တစ်ဦးနှင့် ဆံရှည်ကိုယ်တော်တို့ ရှိနေသည်။ သူတို့နှစ်ဦးကြား ဆိုဖာပေါ်ရှိ အတက်ချိုကျေ့စ်ကို မျက်မှန်နက်နှင့် လူက ဖွင့်ပြသည်။ အတွင်း၌ ဖြူဖြူမှုန့်များပါသော ပလတ်စတစ်အထုပ် ကလေးများ အစီအရီရှိနေသည်။

ထိုအခိုက် သူတို့ရှေ့တည့်တည့်မှ အပြာရောင် ဗီလီဂျစ်ကားတစ်စီး ဖြန်းခနဲ ပေါ်လာသည်။ ရှေ့ခန်းမှ လူငယ်က ကားကို ချက်ချင်းစက်နှိုးကာ ဂ ငယ်ကွေ့ အမြန်ကွေ့လိုက်ပြီး အရှိန်ပြင်းစွာ မောင်းထွက်လိုက်သည်။ အပြာရောင် ဗီလီဂျစ်က နောက်မှ တရကြမ်းမောင်းလိုက်လာသည်။



တောင်ကြောလမ်းတစ်ခုဖြစ်၍ တထောင်းထောင်းထနေသော ဖုန်တန်းရှည်ကြီးနှစ်ခုကို အတိုင်းသား မြင်နေရသည်။ ကားတစ်စီးနှင့် တစ်စီး ကိုက်ငါးဆယ်ခန့်သာ ကွာတော့သည်။

ထိုစဉ် ထောင့်ချိုးတစ်ခု ရိပ်ခနဲ ပေါ်လာသည်။ တစ်ဆစ်ချိုးအန္တရာယ်ကွေ့ဖြစ်၏။ ကားမောင်းသူက လက်ကိုင်ခွေကို လက်ဝဲဘက်သို့ အဆုံးထိချိုးကွေ့နေသည်။ သို့သော် ပြင်းလွန်းသော အရှိန်ကြောင့် ကားဘီးများ မြေကြီးမှ လွတ်ကာ လေထဲသို့ သိမ့်ခနဲ ခုန်တက်သွားလေသည်။ တစ်ချိန်တည်းမှာပင် ကျယ်လောင်သော ဝုန်းခနဲ ဒုန်းခနဲ ပေါက်ကွဲသံကြီးများ ကြားလိုက်ရပြီး မည်းမှောင်သော မီးခိုးလုံးများကြားဝယ် ထိုပုံရိပ်များ နစ်ဝင်ပျောက်ကွယ်သွားလေတော့၏။

"ဖော်ဦး၊ မင်းဟာ အတိတ်မေ့နေတဲ့ လူပဲ"

- အမှောင်ထဲမှ ကြည်လင်ပီသသော အသံတစ်ခုကို နားနှင့် ဆတ်ဆတ်ကြားလိုက်ရသည်။ ထိုအသံရှင်မှာ သူ့ကို အယူခံ ရေးပေးခဲ့သော ထောင်မှူးဦးမိုးကျော်၏ အသံမှန်း ဖော်ဦး ကောင်းစွာ သိလိုက်သည်။ ထိုအခါမှ ထောင်မှူးဦးမိုးကျော်အပေါ် ကျေးဇူးတင်လွန်းသော စိတ်ဆန္ဒများ တဖွားဖွားပေါ်လာတော့သည်။ တကယ်ဆိုလျှင် မိမိအား ထောင်မှူးဦးမိုးကျော် စွပ်စွဲခံသော စကားများသည် -

"ဗွမ်း"

ခေါင်းနှင့် မျက်နှာပေါ်တွင် အလွန်အေးစက်သော အထိအတွေ့ကြောင့် ဖော်ဦး အိပ်ရာမှ လန့်နိုးသူလို ဖြစ်သွားသည်။ သူက မျက်လုံးကို ကြိုးစားပြီး ဖွင့်ကြည့်သည်။

ပထမတွင် မြင်ကွင်းက မပီပြင်သေး။ ဝိုးတဝါး ဖြစ်နေသည်။ နောက်မှ တဖြည်းဖြည်း ကြည်လင်လာသည်။ ပြတ်သားလာသည်။

ဦးအောင်ကောင်း ရေပုံးတစ်ပုံးကိုင်၍ ရပ်နေသည်ကို မြင်ရသည်။ ဦးအောင်ကောင်းဘေးတွင် ရပ်နေသော မြသီတာကို မြင်လိုက်ရ၍ ဖော်ဦး

အလွန်အံ့အားသင့်သွားသည်။ အဘယ့်ကြောင့်ဆိုသော် မြသီတာက သူ့ရင်ဝကို ပစ္စတိုသေနတ်ဖြင့် ထိုးချိန်ထား၍ဖြစ်လေသည်။

"ကဲ ..သတိရပြီလား မောင်ရင်"

သူ့ကို သတိပြန်လည်အောင် ရေလောင်းခဲ့ဟန်တူသော။ ဦးအောင်ကောင်းက ငုံ့ကြည့်၍ မေးသည်။ သူက အသာပြန်မော့ကြည့်သည်။

"ကဲ ...ပြော မောင်ရင် ...မီးခံသေတ္တာသော့ ဘယ်မှာလဲ"

ဦးအောင်ကောင်းက အပေါ်စီးရထားသော လေသံဖြင့် မေးသည်။ ဇော်ဦး မျက်လုံးများ ဝေ့ဝဲကြည့်မိသည်။ ဧည့်ခန်း၊ အိပ်ခန်းနေရာအနှံ့ရှိ ပစ္စည်းများ ဖရိုဖရဲ ပြန့်ကျဲနေသည်။ အိပ်ခန်းထဲမှ အိပ်ရာခင်းနှင့် ခေါင်းအုံးများ ပုံပျက်ပန်းပျက် ဖြစ်နေသည်။ မိမိ သတိမေ့နေစဉ် တစ်အိမ်လုံး မွှေနှောက်ကာ မီးခံသေတ္တာသော့ကို ရှာဖွေခဲ့ခြင်း ဖြစ်ပေမည်။

"ပြောလေ ကိုဇော်ဦး၊ မီးခံသေတ္တာသော့ ဘယ်မှာလဲ"

မြသီတာ၏ အသံက မာသည်။ ပြတ်သည်။ မနေ့က နံနက်စောစော သူ့ထံတစ်ယောက်တည်း လာခဲ့စဉ်ကလို ကန္တေ့ကလျှမျိုး မဟုတ်တော့။ လက်ထဲ တင်းတင်း ဆုပ်ကိုင်ထားသော ပစ္စတိုသေနတ်ကပင် သူမ၏သွေးကို ပြောင်းလဲစေခဲ့သလားမသိ။

ဇော်ဦး အခြေအနေအရပ်ရပ်ကို အမြန်ဆုံး စဉ်းစားသည်။ ပြတ်တောက်နေသော အတွေးကွင်းဆက်များကို အဆက်မပြတ် ဆက်ကြည့်သည်။ ကျဉ်ခနဲဖြစ်သွားသော ခေါင်းကို အသာမေးကိုင်ထားရင် သက်ပြင်းတစ်လုံး ခပ်မျှဉ်းမျှဉ်းရှူထုတ်လိုက်သည်။ နောက်စေ့တွင် အတော်ဖူးရောင်နေသောဒဏ်ရာကို စမ်းလျက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

ဇော်ဦးနေရာမှအားယူထကာ အိမ်အဝင်ဗီနပ်စင်ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားသည်။ ဦးအောင်ကောင်းနှင့် မြသီတာတို့ ဇော်ဦး၏ လှုပ်ရှားမှုကို မျက်တောင်မခတ်စိုက်ကြည့်နေကြ၏။ ဇော်ဦးက ရှူးဖိနပ်တစ်ဖက်ကို လှမ်းယူကာ ဖိနပ်အောက်ခံခွာကို ဘေးသို့ တွန်းရွှေ့လိုက်သည်။ ထိုအခါ မီးခံသေတ္တာသော့ကို တွေ့ရ၏။





ဒီမယ် ဦးအောင်ကောင်း၊ ဟောဒီ ကျူပ်မျက်နှာကို သေသေချာချာကြည့်လိုက်စမ်းပါ။ ခင်ဗျားရေခဲတိုက်မှာ တွေ့ခဲ့တဲ့ ဗွွန်းအေးဇော်ရဲ့ အလောင်းကောင်နဲ့တူမှ တူရဲ့လားလို့၊ ဟား ...ဟား ...ဟား ...ဟား

"ရော့ ...ခင်ဗျားတို့ သိပ်လိုချင်နေတဲ့ မီးခံသေတ္တာသော့"

ဇော်ဦးက သော့ကို ဦးအောင်ကောင်းနှင့် မြသီတာတို့ နှစ်ယောက်ကြား ကြမ်းပြင်ဆီသို့ ပစ်ပေးလိုက်သည်။ ဦးအောင်ကောင်းက သော့ကို ကုန်းကောက်ရန်ပြင်သည်။

"သော့ကို လုံးဝမထိပါနဲ့။ ရှင်နောက်ဆုတ်လိုက်ပါ"

မြသီတာထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသော အမိန့်သံကြောင့်ခါးကိုင်းလျက် အနေအထားဖြင့် ဦးအောင်ကောင်းက တအံ့တသြမော့ကြည့်သည်။ စောစောကပင် ဇော်ဦးကို ချိန်ထားခဲ့သော သေနတ်ပြောင်းဝသည် အခုတော့ ဦးအောင်ကောင်း၏ ရင်ဝဆီသို့ ဦးတည်နေလေပြီ။

"ဩော် ...နင်က ဒီလိုလား"

ဦးအောင်ကောင်းက ပြောပြောဆိုဆို ကိုယ်ကို ပြန်အမတ်တွင် သေနတ်ကိုင်ထားသော မြသီတာ၏လက်ကို သူ့လက်တစ်ဖက်ဖြင့် လျှပ်တစ်ပြက်လွှဲရိုက်ပစ်လိုက်၏။ သေနတ်မှာ လေထဲသို့ မြောက်တက်သွားကာ ဇော်ဦး၏ ရှေ့တည့်တည့် ကြမ်းပြင်ပေါ်သို့ ဒုတ်ခနဲ ကျသွား၏။

ဇော်ဦးက သေနတ်ကို အမြန်ကောက်ကိုင်လျက် -

"ကဲ …ခင်ဗျားတို့နှစ်ယောက် ရှေ့တိုးပြီး ဟောဒီနေရာမှာ အေးအေး ဆေးဆေး ထိုင်ကြစမ်း"

ဦးအောင်ကောင်းနှင့် မြသီတာတစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း တွေ၍ရပ်နေကြသည်။

"ပြောနေတာ မကြားဘူးလား"

ဇော်ဦးက သေနတ်မောင်းကို ချောက်ခနဲ ဆွဲတင်လိုက်သည်။ ထိုအခါမှ ရှေ့သို့ တဖြည်းဖြည်း တိုးလာကြသည်။

"ဒီလိုမှပေါ့။ ဟုတ်ပြီ။ ကြမ်းပြင်ပေါ်မှာ ဖင်ချထိုင်ချကြ။ တစ်ယောက်နဲ့ တစ်ယောက် မပူးနဲ့။ ခပ်ခွာခွာနေ။ ငြိမ်ငြိမ်လေးနေကြနော်။ လှုပ်တာနဲ့ ပစ် ထည့်လိုက်မယ်၊ ဘာမှတ်လဲ"

ဇော်ဦးက သူတို့ကို သေနတ်နှင့် ချိန်ထားရင်း ဧည့်ခန်းထောင့်သို့ ဆုတ် သွားသည်။ ပြီးမှ နံရံကို မှီ၍ရပ်ကာ စင်ပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်ပြီး ဒိုင်ခွက်ကို အမြန်လှည့်လိုက်သည်။

"ဟဲလို …မြို့နယ် ရဲတပ်ဖွဲ့စခန်းကပါလား ခင်ဗျား"

ဇော်ဦး၏ အပြုအမူကြောင့် ဦးအောင်ကောင်းနှင့် မြသီတာတို့မှာ နေရာ မှ ထခုန်မတတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဒီမယ် မောင်ရင်၊ စဉ်းစဉ်းစားစားလုပ်ပါ။ ခုကိစ္စက မောင်ရင်ရော၊ ကျုပ်တို့ပါ ဒုက္ခရောက်သွားနိုင်တယ်ဆိုတာကိုလည်း သတိထားဦးလေ"

ဇော်ဦးက သေနတ်ဝကို ဦးအောင်ကောင်းဘက် လှည့်လိုက်သည်။

"ငြိမ်ငြိမ်နေပါဦး ဦးအောင်ကောင်း၊ ဟဲလို …စခန်းမှူး ဦးစိုးညွန့်ပါလား ခင်ဗျား"

"……………………"

"ဟုတ်ကဲ့၊ ကျွန်တော် ထွန်းအေးဇော်ပါ"

"……………………"

"ဟုတ်ကဲ့၊ သိပ်အရေးကြီးတဲ့ကိစ္စပါ။ ကျွန်တော့်အိမ်ကို အမြန်ဆုံးလာ ခဲ့စေချင်ပါတယ်"



"……………………"

"ဟုတ်ကဲ့၊ အဲဒီလိပ်စာအတိုင်းပါပဲ။ အဲဒါတော့ ဒီရောက်မှပဲ အသေး စိတ် ရှင်းပြပါရစေ"

"……………………"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျေးဇူးပဲ စခန်းမှူး"

ဇော်ဦး စကားပြောခွက်ကို ပြန်ချလိုက်သည်။

"မင်း …ဒါ …ဒါ ဘာလုပ်တာလဲ ဇော်ဦး။ မင်းစိတ်မှ ကောင်းသေးရဲ့လား။ ဒီကိစ္စပေါ်သွားရင် ကျုပ်တို့သုံးယောက်လုံး ထောင်ထဲရောက်သွားမယ်ဆို တာ မသိဘူးလား။ မဖြစ်ဘူး၊ ကျုပ်တော့ လုံးဝအဖမ်းမခံနိုင်ဘူး။ လာမြသီတာ၊ သွားကြမယ်"

"လုံးဝ မလှုပ်ပါနဲ့ ဦးအောင်ကောင်း၊ နေရာမှာ ပြန်ထိုင်နေပါ။ ထွန်းအေး ဇော်ရဲ့လက်က ဘယ်တော့မျှ မနေးတတ်ဘူးနော်"

ဇော်ဦးက ဦးအောင်ကောင်းကို သေနတ်ဖြင့် ချိန်ထားရင်း ရှေ့တိုးလာ ကာ ပြောလိုက်သည်။

"ဘာကွ၊ ဘယ်လို …ထွန်းအေးဇော် ဟုတ်လား။ ထို့ ရာရာစစ လမ်းဘေး က ကလေကချေထောင်ထွက်ကောင်ကများ မင်းက ထွန်းအေးဇော်ဟန် ဆောင်ထားတဲ့ကောင်၊ အရေခြုံထားတဲ့ အတုအယောင်ကွ။ တောတ် … ငါမွေးတဲ့မျောက်ကများ ငါ့ကို ပြန်ခြောက်ချင်သေးတယ်။ ဒီမယ် ဇော်ဦး … မင်းက ငါ့ဝေစုကို မပေးချင်တိုင်း မင်းကိုယ်မင်း ထွန်းအေးဇော်နာမည်ခံပြီး ငါ့ကို ရဲလက်အပ်လို့ရမယ်များ ထင်နေလားကွ"

"ဟား …ဟား …ဟား …ဟား …ဟား …ဟား"

ဇော်ဦးက မျက်ရည်ထွက်ကျလုမတတ် အားရပါးရ ရယ်မောနေလိုက် သည်။ ပြီးမှ -

"ဦးအောင်ကောင်း …ဦးအောင်ကောင်း ခင်ဗျားဟာ အင်မတန် ပြယုဂ် ကောင်းခဲ့တဲ့ လူယုတ်မာကြီးပါလား။ အလွန်နားထောင်လို့ကောင်းတဲ့ ပုံပြင် တစ်ပုဒ် လုပ်ကြံဖန်တီးပြီး ကျုပ်အမွေတွေကို မတရားခေါင်းပုံဖြတ်ဖို့ ကြိုးစား

ခဲ့တဲ့ လူလိမ်လူညာကြီးပဲဗျ။ ဒီမယ် ဦးအောင်ကောင်း၊ ဟောဒီ ကျုပ်မျက်နှာကို သေသေချာချာကြည့်လိုက်စမ်းပါ။ ခင်ဗျားရေခဲတိုက်မှာ တွေ့ခဲ့တဲ့ ထွန်းအေးဖော်ရဲ့အလောင်းကောင်နဲ့တူမှ တူရဲ့လားလို့၊ ဟား ...ဟား ...ဟား ဟား"

ဦးအောင်ကောင်း၏ မျက်လုံးများ အဆမတန် ပြူးကျယ်သွားကာ ဖော်ဦးအား နားမလည်ဟန် စူးစိုက်ကြည့်သည်။

သူ၏ နဖူးပြင်တွင် ချွေးသီးချွေးပေါက်များ တစိမ့်စိမ့်ထွက်လာသည်။ ဖော်ဦးက သေနတ်ပြောင်းဝကို မြသီတာဘက် လှည့်လိုက်သည်။

"မြသီတာ ...မြသီတာ ...ဒေါက်တာ မြသီတာ ... စိတ်ရောဂါ အထူးကုဆရာဝန်မတဲ့။ ဟုတ်လား၊ ကျုပ်က အတိတ်မေ့နေတဲ့ ထွန်းအေးဖော်ဟန်ဆောင်ရမယ်။ ခင်ဗျားက ဒီရောဂါကို ကုပေးမယ့် ဆရာဝန်လို သရုပ်ဆောင်ရမယ်။ ပြီးတော့ ထွန်းအေးဖော်ရဲ့ အမွေတွေကို မတရားမောင်ပိုင်စီးပြီး တစ်ဝက်စီ ခွဲယူကြမယ်။ ကောင်းလိုက်တဲ့ မဟာစီမံကိန်းဗျာ။ ကျုပ်မနေ့က ခင်ဗျားတာဝန်ကျနေတဲ့ စိတ်ရောဂါအထူးကုဆေးရုံကြီးမှာ စုံစမ်းကြည့်တော့ သူတို့ဆရာဝန်တွေထဲမှာ မြသီတာဆိုတာ ကြားတောင် မကြားဖူးဘူးတဲ့ဗျ။ ကဲ ...ကြည့်စမ်း၊ ခင်ဗျားကလည်း ဆရာဝန်ယောင်ဆောင်ပြီး ကျုပ်အမွေတွေကို မတရားယူဖို့ ကြံစည်တဲ့ မိန်းမယုတ်ပဲ"

မြသီတာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာသဖြင့် ခေါင်းငုံ့ထားလိုက်မိသည်၊ ပါးပြင်တစ်လျှောက် ဒလဟောစီးကျလာသော မျက်ရည်များကို သုတ်ရင်းက တရှုပ်ရှုပ်ငိုရှိုက်သံ ပေါ်လာသည်။

"အခု တကယ်လက်တွေ့မှာတော့ စိတ်ရောဂါအထူးကုဆရာဝန်ဟာ မြသီတာ မဟုတ်ဘဲ ဦးအောင်ကောင်းကိုယ်တိုင် ဖြစ်နေတာကိုးဗျ။ သိလား။ ကြည့်လေ ဦးအောင်ကောင်း၊ ခင်ဗျားရဲ့ လက်စွမ်းပြရိုက်ချက်ဟာ အရမ်းကို ထိမိလှသဗျာ။ တကယ့်ကို အတိတ်မေ့ရောဂါ ကုထုံးသစ်ပဲဗျ။ လွန်ခဲ့တဲ့ခြောက်နှစ်က ဘိန်းဖြူအရောင်းအဝယ်လုပ်နေတုန်း ရဲတွေလိုက်လို့ ထွက်အပြေးမှာ ကားချောက်ထဲကျပြီး အတိတ်မေ့သွားခဲ့တဲ့ ကျုပ်ဟာ ခုတော့ ခင်ဗျားကြီးရဲ့ ကျေးဇူးကြောင့် ကိုယ့်ကိုယ်ကိုယ် ထွန်းအေးဖော်အစစ်မှန်း သိလိုက်ရပါပြီ။ ဟောဟိုနံရံပေါ်က ဓာတ်ပုံဟာ ကျုပ်ပဲပေါ့"

ဦးအောင်ကောင်းနှင့် မြသီတာ ပြိုင်တူ မော့ကြည့်လိုက်ကြသည်။ နံရံပေါ်က ဓာတ်ပုံထဲတွင် ဆံရှည်ကိုယ်တော် ထွန်းအေးဖော်ကို တွေ့ကြရ၏။


ထိုအခိုက် အိမ်ရှေ့တွင် အပြာရောင်ဝီလီဂျစ်တစ်စီး ထိုးဆိုက်လာကာ စခန်းမှူးနှင့် ရဲဝန်ထမ်းသုံးယောက်ဆင်းလာကြသည်။ ထွန်းအေးဖော်က ကြိုဆိုညှဉ့်ခံကာ မှုခင်းဖြစ်ရပ်ကို အသေးစိတ် ရှင်းပြလိုက်သည်။ နောက်ဆုံးတွင် ရဲများနောက်သို့ လက်ထိတ်တန်းလန်းနှင့် ပါသွားကြသော ဦးအောင်ကောင်းနှင့် မြသီတာတို့ကို ထွန်းအေးဖော်စိတ်မသက်သာစွာ မြင်လိုက်ရလေသည်။

"ဖော်ဦး၊ မင်းဟာ အတိတ်မေ့နေတဲ့လူပဲ"

သူ၏ ကျေးဇူးရှင် ဆရာထောင်မှူး ဦးမိုးကျော်၏အသံကို ထွန်းအေးဖော် နားထဲ ပြန်လည်ကြားယောင်မိပြန်သည်။ ထောင်မှူးဦးမိုးကျော် မိမိအား စွပ်စွဲပြောဆိုခဲ့သော စကားများ အခုတော့ အမှန်ပင် ဖြစ်ခဲ့လေပြီ။ သူ့ဆရာအား ထိုက်တန်စွာ ကျေးဇူးဆပ်ရပေဦးမည်။

တကယ်ဆိုလျှင် မိမိ၏ အတိတ်မေ့ရောဂါကို အခြေခံကာ သူကြံစားရေးပေးခဲ့သော အယူခံနိုင်ခြင်းကြောင့်သာ အမွေသိန်းငါးရာ ချမ်းသာသော သူဌေးသား ထွန်းအေးဖော်၏ ဘဝအမှန်ကို လက်မတင်ကလေးပြန်လည်ရရှိနိုင်ခဲ့သည် မဟုတ်ပါလား။

⇨ ဇတိုဇော



# လူမသိ နှင့် ဝံမသိ

ဝင်းလိုး ဇေယျဝတီ

မိုးဥတုမှာ စိုက်ပျိုးလုပ်ကိုင်လာခဲ့ရသော လယ်လုပ်ငန်းများက ဆောင်းအကုန် နွေအကူးသို့ ရောက်ရှိလာခဲ့သည်နှင့် လက်စသတ်ကာ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ နွေဘက်ကူးလာခဲ့ပြီဖြစ်၍ ပူပြင်းလာ၏။ လယ်ကွက်များထဲတွင် မြက်များသည် မရှိသလောက် ခြောက်သွေ့နေကြပြီ။ သစ်ပင်၊ တောတောင်များမှာ ရွက်ပေါင်းကြွေပြီး ရွက်သစ်လဲခဲ့ကြသဖြင့် ရိုးတံကျဲကျဲနှင့်ပင်။ ချောင်း၊ မြောင်း၊ အင်း၊ အိုင်တို့မှာ ရေခန်းခြောက်နေကြပြီဖြစ်သည်။

သည်လို နွေရာသီအချိန်တွင် ကျွဲများမွေးထားသော ကိုသာလှအဖို့ အခက်တွေ့ရတော့သည်။ ကျွဲများက နွားများလောက် နေပူဒဏ်ကို မခံနိုင်ကြပေ။ မိုးဘယ်လောက်ရွာရွာ၊ ကြိုက်သလောက် ရွာနေစေကာမူ သူတို့မမှုကြ။ ကွင်းပြင်ထဲတွင် မြက်စားလိုက် ရွှံ့လူးလိုက်ဖြင့် ပျော်မြူးနေတတ်ကြသည့် တိရစ္ဆာန်များ ဖြစ်သည်။ တောတောင်နှင့်မနီးသော ဒေသများတွင် ကျွဲမွေးထားပါက နံနက်စောစောစားကျက်ကွင်းထဲလွှတ်ကျောင်းကြရသည်။ နေမွန်းမတည့်မီ အိမ်ပြန်မောင်းကာ ရေတွင်းမှ ရေခပ်၍ ပက်ပေးကြရ၏။ ပြီးလျှင် အရိပ်ကောင်းသော သစ်ပင်ရိပ်တွင် ချည်ပေးထားရလေသည်။

ကိုသာလှတို့နေထိုင်သောရွာကလေးကတောင်ခြေနှင့်နီးသောကျွဲမကူးရွာကလေးဖြစ်သည်။ နွေဘက်တွင် ကွင်းထဲ၌ ကျွဲနွားများအတွက် အစာရှားပါးချိန်တွင် တောင်ခြေတောထဲသို့ ကျွဲများကို မောင်းတင်ထားနိုင်၏။ တောင်ခြေတောထဲဖြစ်ခြင်းကြောင့် သစ်ရိပ်ဝါးရိပ်များရှိသည်။ စိမ့်စမ်းများ ပေါများသည်။ ထိုစိမ့်စမ်းများအတွင်း၌ တစ်နွေလုံး ရေမခန်းနိုင်သော အိုင်ကြီးများရှိလေသည်။ တောထဲလွှတ်တင်ထားသော ကျွဲတို့မှာ တောတောင်လျှိုမြောင်တောင်ကုန်းများတွင် ပေါက်နေသော မြက်များ၊ သစ်ရွက်နုများ၊ ဝါးရွက်နုများကို လိုက်လံ စားသောက်ကာ နေ့ခင်းပူလာလျှင် စိမ့်စမ်းအိုင်များအတွင်း ဆင်း၍ ခရစိမ်၍အိပ်နေကြ၏။ သစ်ရိပ်ဝါးရိပ်များရှိခြင်းကြောင့် အပူဒဏ်ကို သူတို့ ခံနိုင်ကြလေသည်။

"သားရေ၊ မင်းကျွဲတွေကို တောထဲသွားမောင်းပို့ရင် တောစပ်မှာ တင် မထားခဲ့နဲ့ဟေ့။ တောထဲတောင်တော်ရောက်အောင် မောင်းပို့ခဲ့ဟေ့၊ ဒီ ကောင်တွေက တောစပ်တင်မောင်းထားခဲ့ရင် နောက်ရင်းပြန်လာပြီး ကွင်းထဲ က စိုက်ခင်းတွေ ဝင်စားမယ်ကွ"

"ဟုတ်ကဲ့ပါအဖေ၊ ကျွန်တော် တောထဲတော်တော်နက်တဲ့အထိ မောင်း ပို့ခဲ့ပါမယ်ဗျာ"

သားဖြစ်သူ သံချောင်းက ကျွဲများကို ခလောက်တွဲပေးကာ ရွာမှစောစော မောင်းထွက်လာလေသည်။ တောစပ်နားရောက်သည်နှင့် မှက်များက ဆီး၍ ကြိုဆိုကြလေပြီ။ ကျွဲများတွင် ယင်ရဲကြီးများ၊ မှက်ကြီးများက လာရောက်နား ကြပြီး အမွေးပါးသော ကျွဲသားရေကို မညှာမတာထိုးဖောက်ကိုက်ခဲ၍ သွေး စုပ်ကြလေ၏။ သွေးဝ၍ ထပျံသွားကြလျှင် ကျွဲကိုယ်လုံးတွင် သွေးစက်ယိုစီး ကျန်ခဲ့၏။ အမြီးနှင့် မီးရာကို ရိုက်သဖြင့် တချို့မှက်တွေ သေကြရ၏။ မှက်နှင့် ယင်ရဲများကလည်း ပါးနပ်ကြသည်။ ကျွဲအမြီးရိုက်၍ မမီနိုင်သော ကိုယ်လုံး နံဘေးများအတွင်သာ လာနား၍ ကိုက်ခဲကြလေသည်။

"ဟာ မှက်ကြီးတွေ မတရား ကိုက်နေကြပါလား"

"ကျွဲတွေ ခေါင်းတခါခါ အမြီးတယမ်းယမ်းနဲ့ သနားစရာပဲ"

သံချောင်း သူ့ကျွဲတွေကို ကြည့်ပြီး သနားနေသည်။ ထို့ကြောင့် အရွက် ပါသော သစ်ကိုင်းသုံးလေးကိုင်း ချိုးယူလိုက်သည်။ ပြီးလျှင် ထိုသစ်ကိုင်းများ ကို စုပေါင်းကိုင်ကာ ကျွဲနံဘေးများတွင် ကိုက်ခဲနေကြသော မှက်ကြီးများကို ရိုက်ချပေးနေလေသည်။ မောင်းလာနေရင်းက တဖြည်းဖြည်း တောစပ်ထဲ ရောက်လာခဲ့၏။ ထိုအခါ ကျွဲများသည် မှက်၊ ယင်တို့၏ရန်က ကင်းဝေးနိုင်ရန် လှည်းလမ်းအတိုင်း မသွားကြတော့ဘဲ လမ်းဘေးချုံတောများထဲသို့ တိုးဝင် ပြီး သွားကြလေသည်။ ထိုသို့ တိုးဝင်သွားကြခြင်းဖြင့် မှက်နှင့် ယင်များ ကျွဲကိုယ်ကို မကပ်နိုင်ကြပေ။ သံချောင်းကတော့ နောက်က ခပ်လှမ်းလှမ်း မှ လိုက်ကာ တောထဲရောက်အောင် ဝေါက်သံပေးမောင်းနေရလေသည်။



"ဟင်...ကျွဲတွေတောထဲတိုးသွားနေရင်းကပြေးထွက်လာနေကြပါလား၊ ဘာကို တွေ့လို့ လန့်ပြေးလာကြသလဲ မသိဘူး"

"ဟာ ... ပျားတွေလိုက်တုပ်လို့ ပြေးထွက်လာကြတာကိုး"

"ဟင် ... ငါ့ဆီကိုလည်း ပျားကောင်တွေ တချို့ပျံသန်းလာကြပါလား"

"အို ...တုပ်ပဟ"

"ဟင် ...ပျားတွေများလာပြီ"

"ဟာ မဖြစ်တော့ဘူး၊ ပြေးတော့မှ လွတ်မှာပဲ"

သံချောင်းနောက်ရင်းသို့ ဒုန်းပြေးလာခဲ့သည်။ သူ့နောက်က ပျားအုပ် ကြီးက သည်းသည်းမည်းမည်းလိုက်ကာ တုပ်ကြလေသည်။ သံချောင်းလည်း ပြေးနေရင်းက သူဖြတ်ကူးလာခဲ့သော ချောင်းကို သတိရလာ၏။ ချောင်းထဲ တွင် ရေအိုင်ရှိ၏။ ထိုရေအိုင်သို့အရောက် ပြေးလာခဲ့၏။ လှည်းလမ်းအတိုင်း ဒုန်းပြေးလာခဲ့သည်မှာ တရိပ်ရိပ်နေ၏။ သည်မျှ အပြေးနှုန်းမျိုးဆိုလျှင် မာရသွန်ပြေးပွဲဝင်ပြိုင်ပါက ပထမရမှာ သေချာလောက်ပေသည်။ မကြာမီ ချောင်းထဲရောက်လာကာ ရေအိုင်ထဲသို့ ခုန်ဆင်းလိုက်သည်။ ရေထဲရောက် လျှင် ကမန်းကတမ်း ရေငုပ်နေလိုက်၏။ ပြေးလာရသည်က သေလုမျောပါး မို့ မောနေသဖြင့် ရေကြာကြာမငုပ်နိုင်ဘဲ ခေါင်းပြန်ဖော်၏။ ထိုအခါ ပျားတို့က အပေါ်မှ ပတ်ဝဲ၍ သူ၏မျက်နှာ၊ နားရွက်တို့ကို ဝိုင်းတုပ်ကြပြန်၏။ ထိုအခါမှ သံချောင်းသတိရကာ သူ့ပုဆိုးကို ခေါင်းမြီးခြုံထားလိုက်လေသည်။ ပျားများ အချိန်တော်တော်ကြာ ဝဲပျံနေကြပြီးမှ သံချောင်းကို မတွေ့ရတော့ဘဲ လက် လျှော့ကာ နောက်ရင်း ပျံသွားခဲ့ကြလေသည်။ သူ၏ ကျွဲများလည်း ပျားများ တုပ်သဖြင့် တောထဲဝင်ပြေးသွားခဲ့ကြပေပြီ။

သံချောင်းတစ်ကိုယ်လုံး ပျားတုပ်ထားသော အဖုအပိမ့်များနှင့် အိမ်ပြန် ရောက်လာခဲ့၏။

"ဟင် ...သား၊ မင်းဘာဖြစ်လာတာလဲ"

"ဟာ ...အဖေရာ၊ ကျွန်တော်ကို ပျားတွေလိုက်တုပ်လို့ ပြေးလာခဲ့ ရတာဗျ"

"ဟာ ...မင်း တစ်ကိုယ်လုံးလည်း အဖုအပိန့်တွေ ထနေပါလား"

သံချောင်း၏ကိုယ်မှ အဖုအပိမ့်များမှ ပျားတုပ်၍ ကျန်နေခဲ့သော ဆူးများ မွေးညှပ်ဖြင့် ဆွဲနုတ်ပေးကြသည်။ သံချောင်းမောလည်းမော၊ ပျားတုပ်ဒဏ်ရာများကြောင့် အိမ်ရောက်ပြီး ခဏအကြာတွင် အိပ်ရာထဲ၌ အိပ်ပျော်သွားခဲ့တော့သည်။

ညနေဘက်တွင် သံချောင်းဖျားချင်ချင်ဖြစ်နေ၍ ကိုသာလှ ကျွဲလိုက်ထွက်ခဲ့ရသည်။ သူ့ကျွဲများကို ရှာ၍ အိမ်ပြန်မောင်းရန်ဖြစ်သည်။ တောထဲရောက်လျှင် သံချောင်းကို ပျားလိုက်တုပ်သောနေရာကို လိုက်လံကြည့်မိသည်။ ပျားအုံကိုမတွေ့ရချေ။ ထိုသို့လိုက်ကြည့်ရင်း တစ်နေရာအရောက်တွင် သစ်ပင်ကြီးတစ်ပင်ကို တွေ့၍ အပေါ်သို့မော့ကြည့်လိုက်ရာ သစ်ခေါင်းတစ်ခေါင်းကို လှမ်းတွေ့ခဲ့သည်။ ထိုသစ်ခေါင်းအဝကို အသေအချာကြည့်လိုက်မိသောအခါ ပျားကောင်များ ဝင်လိုက်ထွက်လိုက်လုပ်နေကြသည်ကို တွေ့မြင်လေသည်။

"ဩော် ...လက်စသတ်တော့ ပျားတွေက ဒီသစ်ခေါင်းထဲမှာကိုး"

သစ်ခေါင်းထဲတွင် ပျားဝင်စွဲနေကြခြင်းဖြစ်သည်။

"အင်း ...ကျွဲတွေက မှက်ယင်တွေကိုက်တော့ ဒီသစ်ပင်ကို ကိုယ်လုံးနဲ့ပွတ်ကြပါလိမ့်မယ်။ ဒါကြောင့် ပျားတွေက သူတို့ရဲ့ရန်သူအမှတ်နဲ့ ကျွဲတွေကိုဝိုင်းတုပ်ကြတာဖြစ်မယ်။ နောက်က လိုက်မောင်းတဲ့ သံချောင်းကိုလည်း အလွတ်မပေးဘဲ တုပ်ခဲ့ကြတာပဲ ဖြစ်မယ်"



**ဝက်ဝံကြီးမှာ အသံနက်ကြီးနှင့် တအား အော်ကာ သူ၏လက်နှစ်ဖက်နှင့် ရဲတင်းခုတ်မိသော သူ၏ နာနရိုးကြီးအား ကိုင်လိုက်စဉ်တွင် သစ်ပင်ထက်မှ အောက်သို့ ဇောက်ထိုးကျသွားခဲ့လေတော့သည်။**



ကိုသာလှ ပျားခေါင်းကို တွေ့မြင်ပြီး ပြန်စဉ်းစားကြည့်နေခြင်းဖြစ်သည်။ ပျားများက သူတို့တည်ဆောက်ထားသော ပျားအုံကို ရန်ရှာမည့်ရန်သူများကို အသေခံ၍ ဝိုင်းဝန်းတုပ်တတ်ကြလေသည်။ ကိုသာလှသည် ထိုပျားခေါင်းရှိသော သစ်ပင်ကို အသေအချာ မှတ်သားကာ တောထဲတင်ထားသော သူ၏ကျွဲများကို လိုက်ရှာ၍ ရွာသို့ပြန်မောင်းလာခဲ့လေတော့သည်။

* * *

ကိုသာလှ မိုးချုပ်မှ အိမ်သို့ပြန်ရောက်လာခဲ့သည်။ သူ့ကျွဲများတွင်လည်း ပျားတုပ်ခံထားရသဖြင့် ဖူးရောင်နေကြလေသည်။ သူ့သားသံချောင်းကတော့ အိပ်ရာထဲတွင် ကိုယ်တွေပူပြီးဖျားနေလေပြီ။ ပျားဆိပ်က ပြင်းလှသည်။ တစ်ကောင်စနှစ်ကောင်စတုပ်ရုံမျှနှင့် ပျားဆိပ်တက်ပြီး မဖျားနိုင်သော်လည်း ပျားတော်တော်များများအတုပ်ခံရလျှင်တော့ ပျားဆိပ်တက်ကာ ဖျားနိုင်၏။ သူ့သားအား ကိုယ်ပူကျစေရန် ဆေးတိုက်ပေးကြရလေသည်။

နောက်နေ့မနက်တွင် သံချောင်းကိုယ်ပူကျ၍ အဖျားသက်သာသွားခဲ့တော့သည်။

"မင်းကို ပျားတွေက ဘယ်လိုကြောင့် တုပ်ကြတာလဲကွ"

"ကျွန်တော်က ကျွဲတွေနောက်က မောင်းလိုက်နေတော့ ကျွန်တော့်ကိုလည်း မြင်ကြရော ဝိုင်းပြုလာပြီး တုပ်ကြတော့တာပဲဗျ"

"ဒါတောင် ချောင်းထဲအရောက်ပြေးပြီး ရေအိုင်ထဲမှာ ဆင်းထိုင်ပြီးငုပ်နေလို့၊ ရေအိုင်သာမတွေ့ရင် အိမ်အထိတောင်လိုက်တုပ်ကြမလား မသိဘူးဗျ။"

"ရေအိုင်ထဲဆင်းထိုင်နေတော့ မတုပ်ကြတော့ဘူးလားကွ"

"ဟာ ...ရေပေါ်က ပျံဝဲပြီး တုပ်ကြတာပေ့ါ။ ကျွန်တော်က ရေစိုနေတဲ့ ပုဆိုးကို ခေါင်းမြီးခြုံထားလို့ သူတို့လူကို မတွေ့တော့ဘဲ လှည့်ပျံသွားကြတာ"

"ဒီလောက်ပဲ အတုပ်ခံရတာ တော်သေးတာပေ့ါကွာ။

"မင်းကို လိုက်တုပ်တဲ့ ပျားတွေကို အဖေညနေက သေသေချာချာ လိုက်ရှာကြည့်ခဲ့ပြီးပြီကွ။ ဒင်းတို့နေတဲ့နေရာလည်း အဖေတွေ့ခဲ့တယ်"

"ဘယ်နားမှာ တွေ့လာခဲ့လဲအဖေ"

"အဲဒီတောထဲက သစ်ပင်ကြီးတစ်ပင်ရဲ့ အခေါင်းထဲမှာကွဲငါသား ဘာမျှမပူနဲ့။ မင်းနဲ့ ငါကျွဲတွေကို ဝိုင်းတုပ်ခဲ့တဲ့ ဒီပျားတွေကို အဖေရအောင် လုပ်ကြမယ်ကွ"

"အဲဒီအခါကျရင် သားလည်း လိုက်ခဲ့မယ်နော်"

"ဟာ ...မင်းလိုက်လို့ မဖြစ်ဘူးကွ၊ တော်ကြာ မင်းကို ပျားထပ်တုပ်ရင် ပြန်ဖျားနေဦးမယ်"

ကိုသာလှ သူ့သားနှင့် ယူ့ကျွဲများကို တုပ်လွှတ်လိုက်သော ပျားများကို လက်စားချေလိုနေသည်။ သူတို့ကို ဖွပ်ယူပြီး သူတို့စုဆောင်းသိုလှောင်ထားသော ပျားရည်ကိုရအောင် ယူလိုသည်။ ပျားသလက်တွင် ရှိနေသော ပျားကောင်အစုများကို အိမ်သို့ယူလာပြီး ကြော်၍ အောင်သေအောင်သားစားလိုလှသည်။ ထို့ကြောင့် နောက်နေ့ ကျွဲများကို သူကိုယ်တိုင်တောထဲ မောင်းပို့ပြီးပျားခေါင်းမှ ပျားအုံအောင်မအောင်သိရန် လေ့လာကြည့်မည်ဟု တွေးထားခဲ့သည်။

နောက်နေ့မနက်တွင် ကျွဲများအား စောစောလွှတ်၍ တောထဲသို့ မောင်းလာခဲ့သည်။ တောထဲ တော်တော်ဝေးရောက်သည်အထိ ခလောက်ဆွဲပေးကာ မောင်းတင်ခဲ့ပြီးနောက် ပျားခေါင်းရှိသော သစ်ပင်ဆီသို့ သူသတိနှင့် ချဉ်းကပ်လာခဲ့လေသည်။

ခပ်လှမ်းလှမ်းသို့ရောက်လျှင် ပျားခေါင်းရှိရာသို့ မော့ကြည့်လိုက်သည်။ ပျားကောင်များဝင်လိုက်ထွက်လိုက်လုပ်နေသည်ကို တွေ့ရ၏။ တဖြည်းဖြည်း သစ်ပင်အနီးသို့ ကပ်သွားကာ သစ်ပင်အားနားနှင့်ကပ်၍ နားထောင်ကြည့်၏။ သစ်ခေါင်းထဲတွင် တဝီဝီဒ တံမြည်နေကာ သစ်ခေါင်းသံကြီးကိုပါ ကြားရ၏။ ထိုအသံများကြောင့် ပျားလပို့အောင်နေကြောင်း သိရလေသည်။ ပျားလပို့အောင်နေလျှင် ပျားကောင်များ ငြိမ်ငြိမ်ကပ်နေ၍မရ။ ပျားလပို့ပတ်လည်တွင် ပျံဝဲနေကြရ၏။ ထိုအသိကြောင့် ကိုသာလှ ထိုပျားခေါင်းအား ဖွပ်ယူ၍ရနိုင်ပြီကိုသိရတော့သည်။



ညနေဘက်တွင် ထိုပျားခေါင်းအား လာရောက်ဖွပ်ယူနိုင်ရန် သူအိမ်ကို ပြန်လာခဲ့၏။ လိုအပ်မည့် ပစ္စည်းများ အဆင်သင့်ပြင်ဆင်ထားရှိသည်။

"အဖေ ...ပျားဖွပ်သွားရင် ကျွန်တော်လည်း လိုက်ခဲ့မယ်"

"ဟာ ...မင်းလိုက်လို့ မဖြစ်ဘူးကွ။ အခု ပျားခေါင်းက ဂပါက်ယူရမှာ။ အောက်စောင့်မလိုဘူး။ သိပ်လည်းမဝေးတော့ ငါတစ်ယောက်တည်းပဲ ဖွပ်လို့ရတယ်။ ပြီးတော့ မင်းက နေသိပ်ကောင်းသေးတာ မဟုတ်ဘူးလေ"

ညနေစောင်းအချိန်တွင် အကျီလက်ရှည်အနက်၊ ဘောင်းဘီရှည်အနက်ကို ဝတ်ဆင်ကာ ပစ္စည်းပစ္စယများကို ပလိုင်းတစ်လုံးနှင့်လွယ်ပြီး ရဲတင်းတစ်လက်ကိုထမ်းကာ ထွက်လာခဲ့တော့သည်။ လမ်းတွင် တောထဲမှ ပြန်လာသူများ၊ နွားများ ပြန်မောင်းသွင်းလာကြသော နွားကျောင်းသမားများကို သူတွေ့ရသည်။ တောထဲမှာ လူအကုန်နှင့် သူပျားဖွပ်မည့်အချိန် အံကိုက်ဖြစ်နေပေတော့သည်။ တဖြည်းဖြည်း လျှောက်လာခဲ့ရာ လမ်းတွင် လူသူလေးပါး မမြင်တွေ့ရတော့။ တောင်ခြေတောစပ်တစ်နေရာမှ ချေဟောက်နေသံကိုပင် သူကြားနေရသည်။ တောတိရစ္ဆာန်များက ညနေစောင်းမှ ညဘက်အထိ တစ်နေကုန် တောထဲပုန်းအောင်းနေကြရာမှ လူသူကင်းရှင်းသည့်အချိန်အခါတွင် သူတို့ အစာရှာဖွေစားသောက်ကြရန် ထွက်လာခဲ့ကြခြင်းဖြစ်သည်။

ကိုသာလှ တောထဲ တိုးဝင်လာခဲ့ရာ မကြာမီ ပျားခေါင်းရှိသော သစ်ပင်ကြီးသို့ ရောက်လာခဲ့သည်။ ရှေးဦးစွာ ပလိုင်းထဲသို့ သစ်ရွက်ခြောက်များ အပြည့် ထည့်လိုက်သည်။ ပြီးလျှင် ပလိုင်းကိုလွယ်ကာ ရဲတင်းကိုလွယ်ပြီး သစ်ပင်ပေါ်သို့ သူတဖြည်းဖြည်းတက်လာခဲ့သည်။ ထိုသို့ တက်လာစဉ် ပျားကောင်တချို့က သူ့မျက်နှာနားက ဖြတ်ပျံသန်းသွားကြ၏။ ရန်သူပေလားဟူ၍ ကင်းလာထောက်ခြင်းဖြစ်သည်။ ကိုသာလှဆက်မတက်ဘဲ အသာငြိမ်နေလိုက်သည်။ သူ့အနားတွင် ပျားကောင်များ မတွေ့ရမှ ဆက်တက်ခဲ့လေသည်။ ပျားခေါင်းရှိရာ သစ်ပင်ကိုင်းဆုံကြီးပေါ်သို့ သူရောက်လာခဲ့သည်။ သစ်ခေါင်းထဲတွင် ပျားများ ဝဲပျံနေသံကို သစ်ခေါင်းဂလိုင်သံကြီးနှင့် ခပ်ကျယ်ကျယ် ကြားနေရသည်။

ကိုသာလှသည် ပလိုင်းထဲမှ သစ်ရွက်ခြောက်လက်တစ်ဆုပ်စာကို ယူကာ ပျားခေါင်းပေါက်အား ဆို့လိုက်သည်။ ပြီးလျှင် မီးခြစ်ကို ထုတ်၍ မီးတော့ပေးလိုက်သည်။ သစ်ရွက်ခြောက်များ မီးလောင်ကြကာ သစ်ခေါင်းတွင်းမှ ပျားကောင်များ ထိုမီးကို ဗိုင်းတုပ်နေကြတော့သည်။ သစ်ရွက်ခြောက်များကို အဆက်မပြတ်ထပ်ထပ်ပြီးထည့်ပေးနေလိုက်သည်။ သိပ်မကြာမီ အချိန်မှာပင် သစ်ခေါင်းထဲ၌ ပျားများပျံဝဲသံ မကြားရတော့ချေ။ အခေါင်းဝက မီးကို လာရောက်တုပ်ကြရင်း အကောင်များကို မီးလောင်ကာ သစ်ခေါင်းအောက်ဘက်သို့ ကျသွားကြပြီဖြစ်သည်။

ပျားကောင်များ မရှိကြတော့မှ အတွင်းက ပျားလပို့ကို လက်နှိုက်ပြီး ဖဲ့ယူရန် သစ်ခေါင်းပေါက်ကို ရဲတင်းနှင့်ခုတ်၍ အနည်းငယ်ချဲ့လိုက်သည်။ လက်နှိုက်သာတော့မှ အတွင်းက ပျားလပို့ကို လှမ်းဖဲ့ယူပြီး သူ့အိမ်မှ အသင့်ယူလာခဲ့သော သံပုံးထဲသို့ ထည့်နေလေသည်။

"ချွတ် ...ချွတ် ...ချွတ်"

"ဟာ ...အောက်ဘက်က ဘာသံများပါလိမ့်"

ကိုသာလှ ပျားလဘို့နှိုက်ယူနေရာမှ ခေတ္တရပ်ကာ သစ်ပင်အောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။

"ဟာ၊ ဝက်ဝံတစ်ကောင် သစ်ပင်ပေါ် ကုတ်တွယ်တက်လာနေပါလား။ သြော် ...ဒီအကောင်ကလည်း ဒီပျားခေါင်းကို သိနေတာကိုး"

ထိုဝက်ဝံက ပျားခေါင်းကိုတက်ကာ သူ၏ပါးစပ်ဖြင့် သစ်ခေါင်းပေါက်ကို ကိုက်ဖဲ့ပြီး အတွင်းက ပျားလပို့ကို စားသောက်ရန် တက်လာနေခြင်းဖြစ်သည်။ သူတို့ကိုယ်ပေါ်မှာက အမွေးရှည်ကြီးတွေရှိနေတော့ ပျားတုပ်မည်ကို မစိုးရိမ်ရပေ။ ပျားများလာတုပ်လျှင်လည်း သူတို့၏အမွေးများကြားတွင်သာ နား၍ ရလေသည်။ ဝက်ဝံက မျက်စိမှိတ်ထားပြီး ပျားခေါင်းရှိရာသို့ တက်လာနေသဖြင့် ကိုသာလှ သစ်ပင်ခွဆုံပေါ်တွင် ရှိနေသည်ကို မတွေ့မြင်ခြင်းဖြစ်သည်။ ကိုသာလှမှာလည်း သစ်ပင်ပေါ်တွင် ဖြစ်နေ၍ ပြေးထွက်ရန် မဖြစ်နိုင်တော့သဖြင့် ကြောက်ကန်ကန်ရန်သာ ရှိတော့သည်။



"ကဲ ...မင်းနဲ့ငါကတော့ ပျားလိုက်မှဆိုး အချင်းချင်းတွေကြပြီပေါ့ကွာ။ မင်းနဲ့ ငါ ဒီညနေတော့ ကံဆိုးကံကောင်းပဲပေါ့"

ကိုသာလှ ထိုသို့ စိတ်ထဲက အောက်မေ့ကာ သူ၏ရဲတင်းအား တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး အဆင်သင့်အနေအထားနှင့် သစ်ပင်၏ခွဆုံတွင် အသေအချာ နေရာယူ၍ ကြိုစောင့်နေခဲ့သည်။

ဝက်ဝံမှာ သူ့မျက်နှာအား ပျားကောင်များ တုပ်မည်စိုးသောကြောင့် မျက်စိမှိတ်ပြီး တဖြည်းဖြည်း ကုပ်တွယ်တက်လာနေခြင်းဖြစ်သည်။ သူတို့မျက်နှာတွင် မျက်ခွံနေရာ အမွေးမရှိဘဲ ပါးနေသဖြင့် ပျားတုပ်နိုင်လေသည်။ ထို့ကြောင့် မျက်စိမှိတ်ကာ မျက်ခွံမှအမွေးများက အုပ်နေစေကာ အပေါ်သို့ တက်လာနေခြင်းဖြစ်လေသည်။ အပေါ်သို့တက်လာလိုက် သစ်ပင်၏ ပင်စည်ကို နားနှင့်ကပ်ပြီး နားထောင်လိုက်ဖြင့် ပျားအုံရှိရာ ပျားခေါင်းသို့ ရောက်ရန် တက်လာနေခြင်းပင်။

ကိုသာလှကတော့ လက်နှစ်ဖက်ဖြင့် ရဲတင်းတွင် ခိုင်ခိုင်မြဲမြဲ ရပ်နေကာ လက်နှစ်ဖက်ဖြင့် ဆီးခုတ်ရန် အရိုးကို တင်းတင်းဆုပ်ကိုင်ထားပြီး ဆီးခုတ်ရန် အဆင့်သင့်အနေအထားဖြင့် စောင့်ကြိုနေလေသည်။ သူလုံးဝမလှုပ်ရှားဝံ့ခဲ့ပေ။ အနည်းငယ်လှုပ်လိုက်သည်နှင့် ဝံက လူရောက်နေမှန်း သိကာ လူကိုရန်မူချင်လည်း မူလာမည်။ အောက်ကို ဆင်းပြေးချင်လည်း ပြေးသွားမည်ဖြစ်သည်။

ဝက်ဝံကတော့ သူပျားခေါင်းပေါက်ကို ရောက်လိုဇောကြောင့် ဝန်းကျင်ကို သတိထားမိပုံ မပေါ်ချေ။ အပေါ်ကိုသာ တဖြည်းဖြည်း ကုပ်တွယ်တက်လာနေခြင်းဖြစ်သည်။ မကြာမီပင် ကိုသာလှ ရောက်ရှိနေတော့ သစ်ပင်ခွဆုံနားသို့ ရောက်လာခဲ့လေသည်။ လက်လှမ်းမီလောက်သို့ ဝက်ဝံရောက်လာခဲ့သောအခါ ကိုသာလှ သူအဆင်သင့်ကိုင်ထားသော ရဲတင်းဖြင့် ဝက်ဝံ၏နှာနရိုးအား အသားကုန်လွှဲ၍ ခုတ်ချလိုက်လေတော့သည်။

"ဒီလောက်တောင် ဖြစ်လှတာ၊ ကဲကွာ"

"ဒုတ်"

ကိုသာလှ၏ အနီးကပ်ခုတ်ချက်က ဝက်ဝံကြီး၏ နှာနရိုးကို မိမိရရကြီးပင် ခုတ်မိခဲ့လေတော့သည်။

"ဝူး ...ဝူး ...ဝူး"

"အူး ...အူး ...အူး"

ဝက်ဝံကြီးမှ အသံနက်ကြီးနှင့် တအားအော်ကာ သူ၏လက်နှစ်ဖက်နှင့် ရဲတင်းခုတ်မိသော သူ၏ နှာနုရိုးကြီးအား ကိုင်လိုက်စဉ်တွင် သစ်ပင်ထက်မှ အောက်သို့ ဖောက်ထိုးကျသွားခဲ့လေတော့သည်။

ကိုသာလှကလည်း အောက်သို့ ကျသွားသော ဝက်ဝံကြီးကို မျက်စိတစ်ဆုံးငုံ့ကြည့်နေလေသည်။ အကယ်၍ ဝက်ဝံကြီးသစ်ပင်ပေါ်သို့ တစ်ဖန်ပြန်တက်လာကာ သူ့အားရန်မူခဲ့လျှင် အဆင်သင့်တိုက်ခိုက်နိုင်ရန် ဖြစ်လေသည်။အောက်သို့ ဖောက်ထိုးကျသွားသော ဝက်ဝံကြီးမှာ အောက်ကမြေကြီးအမာတောင်ကမူပေါ်သို့ ခေါင်းစိုက်ကျခဲ့ခြင်းကြောင့် မိအေးနှစ်ခါနာဖြစ်ကာ နေရာမှာတင် မလှုပ်မယှက် ငြိမ်သက်၍ နေပေတော့သည်။

"အင်း ...အန္တရာယ်ပေးမယ့် အကောင်တော့ ရှင်းသွားပြီ။ ငါ မမှောင်ခင် ပျားလပို့တွေ အပြီးဖွဲ့ထည့်ယူတော့မှပဲ"

ကိုသာလှ ပုံးထဲသို့ ပျားလပို့များကို ဖွဲ့ထည့်ပြီးသောအခါ ပုံးကိုကြိုးချည်၍ အောက်သို့ တဖြည်းဖြည်း လျှောချခဲ့သည်။ ပုံးအောက်မြေကြီးပေါ်ရောက်မှ ကြိုးကို ပစ်ချခဲ့သည်။ ပြီးလျှင် သူသစ်ပေါ်မှာ အလျင်အမြန် ဆင်းလာခဲ့သည်။ ငြိမ်သက်နေသော ဝက်ဝံကြီးနားသွားကြည့်သောအခါ ဝက်ဝံကြီးမှာ ရဲတင်းခုတ်ချက်၊ သစ်ပင်ထက်မှ ဖောက်ထိုးကျခဲ့ခြင်းဒဏ်ကြောင့် အသက်ပျောက်နေလေပြီ။

ထိုအခါမှ ကိုသာလှ သစ်သားချောင်းတောင်တောင့်တစ်ချောင်း ခုတ်ယူလိုက်ပြီး တစ်ဖက်က ပျားလပို့ထည့်ထားသောပုံးကို ချည်လိုက်သည်။ ကျန်တစ်ဖက်က ဝက်ဝံကြီး၏ ခြေလက်များ ပူးချည်ကာ သစ်သားချောင်းတစ်ဖက်တွင် ခိုင်ခိုင်ချည်လိုက်သည်။ ပြီးမှ မနိုင်မနင်းဖြင့်ထမ်းကာ အိမ်သို့ နားနားပြီး ထမ်းလာခဲ့တော့သည်။

"အင်း ...ဒီနေ့တော့ ငါပျားရည်လည်းရ၊ ငါ့သားကို ဝိုင်းတုပ်ခဲ့တဲ့ပျားတွေကိုလည်း အနိုင်ရ၊ ဝက်ဝံသားပါ အဆစ်ရလိုက်တော့ ငါတော်တော် ကံကောင်းခဲ့တာပါကလား"

⇨ တပွံ့ထူး (ဗေဗျူဝတီ)





ဇင်းဘောင်တောတန်းသည် အလွန်သာယာလှပသော ဒီရေရောက် ကြိုးဝိုင်းသစ်တောတစ်ခု ဖြစ်ပါသည်။ မဒမ၊ လမု၊ ဖြူးစသည့် ရေငန်ကြိုက်သစ်ပင်များဖြင့် အုံ့ဆိုင်းလျက်ရှိပြီး တောဝက်၊ မြေခွေးစသည့် အသေးစားတောတွင်းတိရစ္ဆာန်များသာ ထိုတောထဲတွင် နေထိုင်ကျက်စားလေ့ရှိသည်။သို့သော် မြေအောက်တွင် မြွေပွေးတွေ အမြောက်အမြား နေထိုင်ကျက်စားသည်ကိုတော့ ဒေသခံများပင် သိသူ အလွန်ရှား၏။ တစ်ခါတစ်ရံ၌သာ စပါးကြီးမြွေကို တွေ့ရတတ်သည်ဟု လူအများကြားဖူးနေကြသည်။

တစ်နေ့တွင် ထိုရွာသို့ ကိုညွန့်အောင်ဆိုသူ မြွေဖမ်းသမားရောက်လာမှ သည်ဇင်းဘောင်တောထဲ မြွေပွေးတွေများများစားစား ရှိကြောင်း သိကြရသည်။ ကိုညွန့်အောင်သည် နေ့စဉ်လိုလို သည်တောထဲမှ မြွေပွေးများ လိုက်လံရှာဖွေဖမ်းယူ၍ မြို့ပေါ်တက်ရောင်းလေ့ရှိသည်။ တစ်နေ့တွင် စပါးကြီးမြွေခပ်ကြီးကြီးတစ်ကောင် ဖမ်းယူလာသဖြင့် ရွာသားများ ဝိုင်းအုံကြည့်ခဲ့ကြရသည်။

ကိုညွန့်အောင်တွင် နီကျော်ဆိုသည့် တပည့်တင[illegible]က်လည်း ရှိသေးသည်။ ကိုညွန့်အောင်သည် မြွေဖမ်းသွားတိုင်း နီကျော့်ကို ခေါ်သွားရစမြဲ။ နီကျော်ပါမှ အလုပ်ဖြစ်သည်။ မြွေသည် တစ်ဦးတစ်ယောက်တည်း ဖမ်း၍ မဖြစ်ကြောင်း ကိုညွန့်အောင် အမြဲပြောလေ့ရှိ၏။

ဖမ်းဆီးရမိသော မြွေများကို သံပခြုပ်ထဲတွင် လှောင်ထားလေ့ရှိပြီး တစ်ပတ်တစ်ခါ ရန်ကုန်အထိ တက်ရောင်းလေ့ရှိသည်။ မြွေပွေးတစ်ကောင်လျှင် ထိုစဉ်က တစ်သောင်းခန့်ရရှိသဖြင့် ဆယ်ကောင်ရသည်ထားဦး တစ်ပတ်လျှင် သိန်းနှင့်ချီ၍ရလေသည်။

မြွေဖမ်းကောင်းသဖြင့် ကိုညွန့်အောင်မှာလည်း မြွေဝိဇ္ဇာဘွဲ့ကို အလိုလို ရရှိသွားလေသည်။ တစ်နယ်လုံးက မြွေဝိဇ္ဇာကိုညွန့်အောင်ဆိုလျှင် မသိသူ မရှိချေ။ ဤသည်ကို အားကျနေသည်မှာ သိန်းမင်းဆိုသည့် လူငယ်တစ်ယောက်ဖြစ်သည်။



သိန်းမင်းသည် အသက်အရွယ်အားဖြင့် ၁၈ နှစ်သာ ရှိသေးသော်လည်း မိဘများမှာ ဆင်းရဲသဖြင့် ရရာအလုပ်ကို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရသူ ဖြစ်သည်။ သူသည် လောလောဆယ်တွင် ဝင်ငွေများရာနောက်သို့ လိုက်နေသူလည်းဖြစ်သည်။

တစ်နေ့တွင် သိန်းမင်းအတွက် အားတက်ဖွယ်ရာ သတင်းတစ်ခုကိုကြားလိုက်ရသည်။ နီကျော် ငှက်ဖျားဖြစ်နေသဖြင့် ကိုညွန့်အောင် မြွေဖမ်းရန်အတွက် လူငှားတစ်ယောက်ကို လိုအပ်နေကြောင်းနှင့် မြွေဖမ်းလိုက်ရဲသူ လူငယ်တစ်ယောက်ကို ငှားရမ်းလိုကြောင်း ဖြစ်သည်။ ထိုသတင်းကြားကြားချင်း ကိုညွန့်အောင်ထံ သိန်းမင်း အရောက်ပြေးလေသည်။ သူ မြွေဖမ်းလိုက်မည်ဟု ပြောသောအခါ ကိုညွန့်အောင်က –

"မြွေဖမ်းတယ်ဆိုတာ သိပ်တော့ မလွယ်လှဘူး။ ဖမ်းနည်းရှိတယ်။ သတ္တိလည်း ရှိရမယ်။ ကိုယ်က မြွေထက်လည်း လျင်နေရမယ်။ ပြီးတော့ သန်လည်း သန်စွမ်းရမယ်။ မင်းက သန်လည်းသန်၊ လျင်လည်းလျင်ဆိုတာတော့ ငါသိပြီးသား၊ သတ္တိရှိမယ်လို့လည်း ငါယုံကြည်တယ်၊ အဲ ...မြွေဖမ်းနည်းကတော့ ငါသင်ပေးမယ်"

ဤသို့ဖြင့် နီကျော့်ကိုယ်စား သိန်းမင်းတစ်ယောက် မြွေဖမ်းလိုက်ခွင့်ရခဲ့သည်။ တောထဲမဝင်ခင် ကိုညွန့်အောင်ကလည်း သိန်းမင်းကိုင်တွယ်ဖမ်းဆီးရမည့် မြွေအမြီးပိုင်းအနေအထားကို ပြောပြသည်။ ဖမ်းဆီးရမိထားသော မြွေများထဲမှ အားနည်းပြီး အကောင်သေးသည့် မြွေများဖြင့် သိန်းမင်းအား သရုပ်ပြ လေ့ကျင့်ပေး၏။

နှစ်ရက်သုံးရက်ခန့် လေ့ကျင့်ပြီးသော် သိန်းမင်းလည်း အသင့်အတင့်ကျွမ်းကျင်သွားလေသည်။ ထို့နောက် ဆရာတပည့်နှစ်ယောက် ဇင်းဘောင်တောထဲ ဝင်သွားကြ၏။

သူတို့သည် နွံဗွက်အိုင်ကြီးတစ်ခုကို ဖြတ်သန်းပြီးနောက် တောလယ်ဘစ်နေရာအရောက်တွင် ကုန်းမို့မို့တစ်ခုကို တွေ့ကြရလေသည်။

"ဟောဒီကုန်းက ဒီရေလွတ်တဲ့ နေရာမျိုးကွ၊ ဒီတော့ ဒီကုန်းရဲ့ မြေကြီးထဲမှာ မြွေပွေးတွေ အောင်းနိုင်တယ်။ ကဲ ...တူးရွင်းငန်းပြားတွေ ယူခဲ့"

သူတို့ဆရာတပည့်နှစ်ယောက် မြေကြီးပေါ် နှစ်ချက်၊ သုံးချက်စီမျှ တူးဆွလိုက်ရုံဖြင့် မြွေတွင်းတစ်တွင်းကို စတွေ့ရတော့သည်။

"တွေ့လား ဒီမှာ မြွေတွင်း၊ ခဏနေဦး"

ကိုညွန့်အောင်က မြွေတွင်းကို အကဲခတ်လိုက်သည်။ နှာခေါင်းဖြင့်လည်း ဘယ်ပြန်ညာပြန် နမ်းရှုနေ၏။

"မြွေက ဒီဘက်မှာကွ၊ ဒီဘက် ဆက်တူး၊ အသာကလေးတူး"

ကိုညွန့်အောင် အမိန့်ပေးသလို ဆက်တူးလိုက်ရာ အိပ်ပျော်ငြိမ်သက်နေသော မြွေပွေးတစ်ကောင်ကို အခန့်သားတွေ့လိုက်ရသည်။

ထိုအခါ ကိုညွန့်အောင်က တူးရွင်းကို အသာချလိုက်ပြီး သူ့အိတ်ထဲမှ မီးခြစ်ကို ထုတ်ယူ၍ ရေနံချေးမီးတုတ်တွင် မီးညှိလိုက်လေသည်။ ထို့နောက် မီးတုတ်မှ ထွက်ပေါ်လာသော မီးခိုးများကို မြွေတွင်းထဲ အားကုန်မှုတ်သွင်းလိုက်လေသည်။

မီးညွန့်ရော မီးခိုးများပါ တွင်းထဲဝင်သွားသဖြင့် မြွေပွေးမှာ ပူလောင်မွန်းကျပ်လာပြီး အပြင်သို့ တိုးထွက်လာလေသည်။ ထိုစဉ် မြွေထွက်လာ၍ တွင်းဝမှာ အမြီးမကျွတ်သေးခင် ကိုညွန့်အောင်သည် ဘယ်ဘက်လက်ဖြင့် မြွေကို ဟန်ပြလိုက်လေသည်။

မြွေပွေးသည် သူ့ကို ဘယ်ဘက်လက်ဖြင့် ဖမ်းမည်အထင်နှင့် ပြန်ကိုက်ရန် အသင့်ပြင်နေစဉ် ကိုညွန့်အောင်၏ ညာဘက်လက်က မြွေ၏လည်ပင်းကို ရုတ်တရက် ဆုပ်ကိုင်လိုက်လေသည်။ ညာဘက်လက်က ဆုပ်ကိုင်မိလိုက်သည်နှင့် ဘယ်ဘက်လက်ကလည်း လျှပ်တစ်ပြက်မျှ၍ ဝင်ဆုပ်ကိုင်လိုက်လေသည်။

ထိုအခါ မြွေသည် ရန်သူ့လက်တွင်းကျရောက်သွားသည်ကို သဘောပေါက်သွားပြီး အမြီးဖြင့် ပတ်၍ရိုက်ရန် အားယူလိုက်သည်။ သို့သော် သူ၏အမြီးမှာ တွင်းထဲက မကျွတ်သေးသဖြင့် ဘာမျှ လုပ်မရဖြစ်နေသည်။ ထို့ကြောင့် မြွေသည် ရန်သူကို ပြန်လည်တိုက်ခိုက်ရန်တွင်းထဲမှ သူ၏အမြီးကို ဆွဲထုတ်ရလေသည်။

ထိုစဉ် စနစ်တကျ လေ့ကျင့်ပြီးသား သိန်းမင်းက တွင်းဝမှကျွတ်ထွက်လာသော မြွေအမြီးကို အမြန်ဆုပ်ကိုင်ဖမ်းချုပ်ထားလိုက်သည်။

ထိုသို့ မြွေအမြီးကို ဆုပ်ကိုင်ဖမ်းချုပ်ရာတွင် အမြီးရင်းရော အမြီးဖျားပါ အမိအရ ဆုပ်ကိုင်ထားရ၏။ အကယ်၍အမြီးရင်းသာ ဆုပ်ကိုင်ထားမည်ဆိုပါက မြွေသည် လွတ်နေသော အမြီးဖျားဖြင့် ကိုင်ထားသော လက်ကို ထိုးခွာတတ်သည်။ ထိုအခါ ကိုင်ထားသောလက်မှာ လွတ်သွားပြီး မြွေအမြီးပိုင်းတစ်ခုလုံး လွတ်မြောက်သွားတတ်သည်။



"ဒီအလုပ်သောက် တွက်ခြေကိုက်တာ ဘယ်မှာမျှ မရှိနိုင်ပါဘူး။ မြွေတစ်ကောင်ကို တစ်သောင်းကျော်၊ ဆယ်ကောင်လောက်ရဦးတော့ တစ်သိန်းကျော်"

ထို့ပြင် တစ်ဝ အမြီးဖျားသာ ဆုပ်ကိုင်ထားမည်ဆိုပါကလည်း မြွေသည် ဆတ်ခနဲ ဆွဲခါပစ်လိုက်ခြင်းဖြင့် သူ၏အမြီးတစ်ခုလုံးကို လွတ်မြောက်စေမည်ဖြစ်သည်။

အမြီးပိုင်းတစ်ခုလုံး လွတ်မြောက်သွားပြီဆိုပါက ဦးခေါင်းပိုင်းကို ကိုင်ထားရသူအတွက် အန္တရာယ်နှင့် ကျိန်းသေရင်ဆိုင်ရတော့သည်။

အကယ်၍အမြီးပိုင်းလွတ်သွားလျှင်မြွေသည်သူ၏ဦးခေါင်းကိုကိုင်ထားသူအား အမြီးဖြင့်လည်း တိုက်ခိုက်နိုင်သည်။ အမြီးဖျားဖြင့်လည်း လူ့ဝမ်းဗိုက်ကို ထိုးဖောက်ပစ်နိုင်သည်။ လူ့ခန္ဓာကိုယ်ကို ပတ်ပြီးလည်း ဆွဲဆန့်ပစ်လိုက်နိုင်သည်။ အမြီးသာ လွတ်သွားပါက ခေါင်းပိုင်းကလူ သေဖို့သာ ရှိသည်။

ဤသည်ကို သူ့ဆရာသင်ကြားပေးထားသဖြင့် သိန်းမင်းသဘောပေါက်ထားပြီးသား ဖြစ်သည်။ ထို့ကြောင့် အမြီးဖျားရော အမြီးရင်းပါ သေသေချာချာ ဆုပ်ကိုင်ထားလိုက်သည်။ သို့သော် မြွေသည် လွန့်လွန့်လူးမျှ တွန့်လိမ် ရုန်းကန်နေသည်။

မြွေသည် အလွန်သန်မာသော သတ္တဝါဖြစ်သည်။ သူ့ကိုဖမ်းမိသည်နှင့် အတင်းရုန်းကန်ထွက်ပြေးတတ်သည်။ သူ၏အစွယ်ဖြင့်လည်း ပြန်လည် ကိုက်ခဲတတ်လေသည်။ ထို့ကြောင့် မြွေဖမ်းသူသည် အလွန်သန်မာထားရသည်။ သတ္တိနှင့် သတိလည်း ရှိရမည်။

မြွေရုန်းကန်နေစဉ် အချိန်အတွင်း၌ လူလဲမကျသွားအောင် ခြေနှစ်ဖက်ကို သိုင်းသမားများကဲ့သို့ အတန်ငယ်ကား၍ ထားရပြီး မြေပေါ် ခြေမြဲအောင် တောင့်ရပ်ရ၏။ ထို့အပြင် မိမိခြေထောက်ချသည့်နေရာတွင် အခြားမြွေပါးကင်းပါးတွေရှိမရှိ မျက်စိကလည်း လျင်လျင်ကြည့်နေရသေးသည်။ သည်မြွေကို ဖမ်းနေတုန်း အခြားမြွေတစ်ကောင်က အန္တရာယ်ပြုနိုင်သည်။

အခုတော့ ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုသလို ကိုညွန့်အောင်၏ သင်ကြားပြသမှုကြောင့် သိန်းမင်းတစ်ယောက်မြွေအမြီးကိုမလွှတ်တမ်း ဆုပ်ကိုင်ထားနိုင်လေသည်။ ဆရာဖြစ်သူကလည်း ဦးခေါင်းပိုင်းကို အသေဆုပ်ကိုင်ထားနိုင်ပြန်သဖြင့်လက်လံတစ်လံကျော်မျှရှိသော မြွေပွေးတစ်ကောင်သည် ဆရာတပည့်နှစ်ဦးကြားမှာ တန်းလန်းကြီး ဖြစ်နေလေသည်။

ထိုစဉ် ဆရာတပည့်နှစ်ယောက် တိုင်ပင်ထားသည့်အလား သစ်ပင်ခြေရင်းတွင် ကြိုးဖြင့် ပူးချည်ထားသော သံဆန်ခါအစိပ်ဖြင့် ပြုလုပ်ထားသောပချုပ်နားသို့ မြွေကို ယူဆောင်သွားလေသည်။ ထိုပချုပ်ထဲသို့ မြွေကို ထည့်သွင်းရန်ဖြစ်သည်။

ထိုပချုပ်သည် သစ်ပင်ခြေမှာ ကြိုးဖြင့် ချည်နှောင်ထားရသည်။ ထိုသို့ ပြုလုပ်ထားရခြင်းမှာ မြွေထည့်သွင်းစဉ် ပချုပ်မှောက်ကျမသွားရန် ဖြစ်သည်။ အကယ်၍ မြွေထည့်လိုက်စဉ် ပချုပ်လဲမှောက်သွားပါက မြွေသည်လည်း ထိုပချုပ်ထဲမှ လွတ်မြောက်သွားနိုင်သည်။

ထိုစဉ် ကိုညွန့်အောင်သည် ပချုပ်တွင် ဖုံးထားသောအဖုံးကို သူ၏ခြေဖျားဖြင့် လှန်၍ ဖွင့်လိုက်သည်။ အဖုံးသည် ပတ္တာဖြင့် ပြုလုပ်ထားသဖြင့် အလိုက်သင့်ပွင့်သွားလေသည်။ ထို့နောက် သိန်းမင်းကိုင်ထားသော အမြီးပိုင်းမှစ၍ ထည့်သွင်းလေသည်။

မြွေကို ပချုပ်သွင်းရာတွင် ဦးခေါင်းပိုင်းမှ စ၍မသွင်းရ။ ဦးခေါင်းပိုင်းမှ စသွင်းလျှင် မြွေသည် သူ၏ခန္ဓာကိုယ်ကို တွန့်လိုက်ခြင်းအားဖြင့် သူ၏ဦးခေါင်းကို ပချုပ်ဝနှင့် လွတ်မြောက်စေပြီး အမြီးပိုင်းမှ လူကို ပြန်ပြီး ကိုက်တတ်သည်။ ထို့ကြောင့် မြွေကို အမြီးပိုင်းမှ စသွင်းရသည်။

သိန်းမင်းက မြွေအမြီးကို ပချုပ်ထဲ အသာသွင်းပြီး လက်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဦးခေါင်းကို ကိုင်ထားသော ကိုညွန့်အောင်ကလည်း မြွေ၏ဦးခေါင်းကို ပချုပ်ထဲ ဆောင့်ချလိုက်လေသည်။ ထိုသို့ ဆောင့်ချလိုက်သဖြင့် မြွေသည် ခေါင်းထောင်ရန် အားယူချိန်ပင် မရလိုက်ဘဲ ပချုပ်ထဲတွင် လျောင်ပိတ်လျက်သား ဖြစ်သွားလေသည်။

ထို့နောက် ဆရာတပည့်နှစ်ယောက် ပချုပ်ကို တုတ်လျှိုထမ်းကာ ရွာသို့ ပြန်လာကြလေသည်။

* * *

သည်လိုနှင့် နီကျော် ငှက်ဖျားဝင်နေစဉ် သိန်းမင်းတစ်ယောက် မြွေဖမ်းလိုက်ခဲ့သည်မှာ တစ်လကျော်ကြာသွားလေသည်။ အကောင်အရေအတွက်ကလည်း မနည်းလှတော့ချေ။

သိန်းမင်းသည် မြွေဖမ်းရသည်ကို အလွန်ဂုဏ်ယူဝင့်ကြွားနေ၏။ တစ်နေ့သူလည်း မြွေဖမ်းဝိဇ္ဇာ ဖြစ်လာရမည်ဟုလည်း ယုံကြည်နေလေသည်။

သို့သော် မကြာမီ နီကျော် နေကောင်းလာသဖြင့် သိန်းမင်း မြွေဖမ်းသည့်အလုပ်မှ အနားယူရလေသည်။ ထို့ကြောင့် သူသည် အလုပ်လက်မဲ့ ဖြစ်သွား၏။ သူ၏စိတ်ထဲတွင်လည်း ကသိကအောက် ဖြစ်သွားပုံရသည်။

တစ်နေ့တွင် ဇင်းဘောင်ရွာထဲသို့ မျက်လှည့်ဆရာတစ်ယောက် ရောက်လာလေသည်။ သူ့တွင် မျက်လှည့်ပြရန် မြွေများလည်း ပါလာ၏။ ရွာလယ် တစ်နေရာတွင် ခင်းကျင်း၍ မျက်လှည့်ပြလိုက်သည်။ သိန်းမင်းသည်လည်း အများနည်းတူ ထိုမျက်လှည့်ပွဲသို့ သွားကြည့်လေသည်။ မျက်လှည့်ဆရာသည် မျက်လှည့်ကွက်များကို လာရောက်ကြည့်သူ ပရိတ်သတ်အား ဆွဲဆောင်ပြသနေလေသည်။

ထိုမျက်လှည့်ကွက်များအနက် မြွေဖြင့် ပြသသော မျက်လှည့်ပြကွက်ကို သိန်းမင်းအကြိုက်ဆုံး ဖြစ်သည်။ မျက်လှည့်ဆရာသည် မြွေကို ပိုင်ပိုင်နိုင်နိုင်ကိုင်၍ သံဘူးတောင်းထဲထည့်ကာ မြွေကို ဖျောက်ပြသည်။ ခေါ်ထုတ်ပြသည်။ ထို့အပြင် သူ၏လက်ကိုဆုပ်၍ မြွေပါးစပ်နား ထိုးကပ်ပေးလိုက်ပြီး -

"တွေ့လား၊ ဒီလောက် အစွယ်ပြူးနေတဲ့ မြွေက ကျုပ်တော့ကို မကိုက်ဘူးခင်ဗျ။ ဘယ်ကိုက်မလဲ၊ ဟောဒီမှာ တွေ့လား၊ နဂါးနိုင်ဂမုန်းနဲ့ စီရင်ထားတဲ့ မြွေမကိုက်ဆေး၊ ဘယ်လောက် အဆိပ်ပြင်းတဲ့ မြွေဖြစ်ပါစေ၊ ယူလာခဲ့၊ ဟောဒီဆေးနဲ့သာ တွေ့ ထောင်နေတဲ့ ပါးပျဉ်း ငုံ့သွားစေရမယ်"

မျက်လှည့်ဆရာသည် မျက်လှည့်ပြရင်း မြွေမကိုက်ဆေးကို ကြော်ငြာလေသည်။ ထိုအခါ သိန်းမင်း၏ မျက်လုံးများ ဝင်းလက်သွားလေသည်။

သူသည် ယခင်ကလို မြွေဖမ်းချင်နေသည်မှာ ကြာပြီ ဖြစ်သည်။ သူ့ဆရာက မခေါ်၍သာ မြွေမဖမ်းရဘဲ ရှိနေသည်။ သူကိုယ်တိုင် ဦးဆောင်ပြီး မြွေဖမ်းရအောင်ကလည်း သူ့တွင် ဆေးကောင်းဝါးကောင်း မရှိခဲ့။ သူသည် ယခုလို မြွေမကိုက်နိုင်သည့် ဆေးတောင့်မျိုး ရရှိပါက မြွေကို ကောင်းစွာ ဖမ်းဆီးနိုင်မည်ဟုလည်း တထစ်ချ ယုံကြည်ထားလေသည်။

ထို့ကြောင့် သူသည် ဘာကိုမျှ စဉ်းစားမနေတော့ဘဲ မျက်လှည့်ဆရာ ရောင်းသည့် မြွေမကိုက်ဟုဆိုတော့ ဆေးတောင့်များကို ဝယ်ယူလိုက်လေသည်။

ထိုနေ့မှစ၍ သူနှင့်အတူ မြွေဖမ်းရန် လူတစ်ယောက်ကို လိုက်ရှာလေသည်။ သို့သော် သူ့ကို ဘယ်သူမျှ စိတ်ချယုံကြည်မှု မရှိကြသဖြင့် မလိုက်ရဲကြချေ။ သုံးလေးရက်ကြာသော်လည်း လူတစ်ယောက်တလေမျှ ခေါ်မရခဲ့ပေ။



သို့သော် မဲလုံးဆိုသော လူငယ်တစ်ယောက်နှင့် တွေ့ရာ သိန်းမင်းက သူဟာ မြွေဝိဇ္ဇာဆရာ ကိုညွှန့်အောင်ထံမှာ မြွေဖမ်းပညာ သင်ထားကြောင်း၊ လက်တွေ့ဂျကျ တစ်လကျော် တောထဲမှာ မြွေဖမ်းဖူးခဲ့ကြောင်း၊ ပြီးတော့ သူ့မှာ မျက်လှည့်ဆရာဆီက ဝယ်ထားလိုက်သည့် မြွေမကိုက်ဆေးလည်း ရှိကြောင်း အဆွယ်ကောင်းသဖြင့် ထိုလူငယ်နှင့် အဆင်ပြေသွားလေသည်။

ထို့နောက် သိန်းမင်းသည် မိဘများထံ ခွင့်ပန်လေ၏။ ထိုအခါ သူ့မိဘများက သားဖြစ်သူအပေါ် စိတ်မချလှချေ။

"သားရယ်၊ ဒီလောက်အန္တရာယ်များတဲ့အလုပ်ကို မလုပ်ပါနဲ့လား၊ အခြား အလုပ်တွေ ပေါပါတယ်"

"အမေရယ်၊ ဒီအလုပ်လောက် တွက်ခြေကိုက်တာ ဘယ်မှာမျှ မရှိနိုင်ပါဘူး။ မြွေတစ်ကောင်ကို တစ်သောင်းကျော်၊ ဆယ်ကောင်လောက်ရဦးတော့ တစ်သိန်းကျော်"

သားဖြစ်သူက အသေအချာ ရှင်းပြနေစဉ် သူ့မိဘများက အားမလိုအားမရဖြင့် -

"သားရယ်၊ မင်း မြွေဖမ်းတာတော့ ဟုတ်ပါပြီ၊ မြွေကို ကျွမ်းကျွမ်းကျင်ကျင် ဖမ်းနိုင်ရဲ့လား၊ ဒါမျိုးက ကျွမ်းကျင်မှ ကောင်းတာနော်"

"အဖေကလည်း သား ကိုညွှန့်အောင်ဆီမှာ မြွေဖမ်းနည်းကို စနစ်တကျ သင်ထားတာ အဖေလဲသိသားနဲ့။ ပြီးတော့ တောထဲမှာ လက်တွေ့မြွေဖမ်းခဲ့တာလည်း တစ်လကျော်၊ ပိုင်ပါတယ်အဖေရာ။ သားမှာ မြွေမကိုက်တဲ့ ဆေးတောင့်တွေလည်း ရှိပြီးသား"

"အေးလေ၊ မင်းဆရာ ကိုညွှန့်အောင်ဆိုတာလည်း မြွေဝိဇ္ဇာတစ်ယောက်ပဲ။ သူ့လောက် မကျွမ်းကျင်တာတောင် သူ့ခြေရာလောက်တော့ နင်းနိုင်မှာပေါ့၊ ကဲ ...ဒီလောက် သွားချင်တယ်ဆိုလည်း သွားပေါ့ကွာ"

သည့်လိုနှင့် သိန်းမင်းတစ်ယောက် မဲလုံးကိုခေါ်ပြီး ဇင်းဘောင်တောထဲ မြွေဖမ်းသွားရန် စီစဉ်လေသည်။ ထိုသတင်းကို ကိုညွန့်အောင်ကြားသွားသောအခါ နီကျော်ကို လွှတ်၍ အခေါ်ခိုင်းသည်။ သို့သော် သိန်းမင်းက လိုက်မသွား၊ သူတို့မြွေဖမ်းသွားမည့်ကိစ္စအား တားမြစ်မည်ကို ကြိုသိထားသောကြောင့်ဖြစ်သည်။

ထို့နောက် နီကျော် နောက်ထပ်တစ်ခါ ရောက်ရှိလာပြီး သူ့ဆရာက မသွားရန် မှာကြားလိုက်ကြောင်းဆို၏။

"ဒီနေ့ မဟာရက်ကြမ်းကြီးတဲ့၊ ပြီးတော့ နဂါးလှည့်လည်း မကောင်းဘူးတဲ့။ မသွားဖို့ ဆရာကတော့ မှာလိုက်တာပဲ၊ သွားချင်ရင် နောက်နေ့ကျမှ သူနဲ့လိုက်လို့ပြောတယ်"

သိန်းမင်းသည် နီကျော်ကို ဘာမျှ ပြန်မပြောဘဲ အသာငြိမ်နေလိုက်သည်။ သူလုပ်စရာရှိသည်များကိုသာ ဆက်လုပ်နေ၏။ မကြာမီ နီကျော် ပြန်သွားလေသည်။

ထို့နောက် သိန်းမင်းတို့နှစ်ယောက် ဇင်းဘောင်တောထဲ ဝင်သွားကြလေသည်။

✹ ✹ ✹

သိန်းမင်းတို့အိမ်တွင် လူများစုဝေးရောက်ရှိလာကြလေသည်။ အချို့လူများကလည်း သိန်းမင်းမြွေရလာပြီအထင်နှင့် အပြေးရောက်လာကြပြန်သည်။သို့သော် သိန်းမင်းတို့အိမ်တွင်ကား မြွေဟူ၍ တစ်ကောင်မျှ မတွေ့ရဘဲ ငိုသံများသာ တရှုတ်ရှုတ်ကြားနေရလေသည်။

"အမလေး၊ ဖြစ်ရလေသားရယ်၊ အတန်တန်တားနေလျက်သားနဲ့၊ ခုတော့ ကိုယ်ကျိုးနည်းရပြီပေါ့ ဟီး ...ဟီး ...ဟီး"

သိန်းမင်းအမေ ငိုသံကြားမှ အားလုံး သဘောပေါက်သွားကြလေသည်။ သိန်းမင်းတစ်ယောက် သည့်နေ့မနက်မှ ဇင်းဘောင်တောထဲ မြွေဖမ်းထွက်ရင်း မြွေကိုက်ခံရ၍ သေဆုံးခဲ့ရလေသည်။ သူနှင့်အတူ လိုက်သွားသော



မဲလုံးက သူ့အလောင်းကို ပြန်သယ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် တစ်အိမ်လုံး ကျက်ကျက်ညံအောင် ငိုယိုသံများကြားနေရခြင်း ဖြစ်သည်။

ထိုသတင်းကို ကိုညွန့်အောင်ကြားသဖြင့် သိန်းမင်းတို့အိမ် ရောက်လာလေသည်။ ထိုအခါ ကိုညွန့်အောင်ကို မြင်သွားသော ပရိသတ်က လမ်းဖွင့်ပေးသဖြင့် ကိုညွန့်အောင် အိမ်ပေါ်သို့ တက်သွားလေသည်။ အိမ်ပေါ်သို့ ရောက်သွားသောအခါ သိန်းမင်း၏ မိဘများက ကိုညွန့်အောင်အား အပြစ်တင်သလိုလိုနဲ့ ငိုယိုပြောဆိုလေသည်။

"ဆရာရယ်၊ ဆရာတပည့်ကို ကြည့်ပါဦး၊ ဆရာသင်ပေးလိုက်တဲ့ ပညာကြောင့် ခုတော့ ကျွန်မသားလေးဆုံးရှုံးရရှာပြီရဲ့။ ဆရာက ဆရာ့တပည့်ကို ကျွမ်းကျင်အောင်မှ သင်မပေးခဲ့တာကိုး။ ဆရာစားချန်လွန်းတယ်။ ခုတော့ ကိုယ်ကျိုးနည်းရပြီ ဆရာရေ"

ထိုအခါ ကိုညွန့်အောင်၏မျက်နှာသည် နီခနဲ ဖြစ်သွားလေ၏။ သူသည် ထိုအကြောင်းအရာကို အားလုံး သဘောပေါက်အောင် ရှင်းပြမှ ဖြစ်တော့မည်ကိုလည်း သူနားလည်လိုက်သည်။ ထို့ကြောင့် သူရှင်းပြရမည့်အကြောင်းအရာများကို ခေတ္တမျှ ငြိမ်သက်၍ စဉ်းစားနေလေသည်။ နောက်မှ သူ၏ နှုတ်က ထုတ်ဟလာလေသည်။

"သူ့ကို ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင် သင်မပေးတာ မဟုတ်ပါဘူး။ ကျွမ်းကျွမ်းကျင်ကျင် ဖြစ်အောင်ကို သင်ပေးခဲ့တာပါ။ ဒါပေမဲ့ သူဟာ မြွေမကိုက်ခေးဆိုတာကို အားကိုးခဲ့တာလည်း အမှန်ပါပဲ။ ပြီးတော့ ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင် သင်ပေးလိုက်တယ်ဆိုတဲ့ ပညာကလည်း မြွေအမြီးပိုင်းကို ကိုင်တဲ့နည်းကိုပဲ ကျွမ်းကျင်အောင် သင်ပေးနိုင်သေးတာ၊ မြွေခေါင်းကိုင်နည်းကိုမှ လုံးဝမသင်ပေးရသေးပဲ"

"ဟင်"

"ဩော်"

"ဒီလိုကြောင့်ကိုး"

လူအုပ်ထဲမှ အသံမျိုးစုံ ထွက်ပေါ်လာလေသည်။ လူအများလည်း အတော်သာဘောပေါက်သွားပုံရလေသည်။ ထို့နောက် ကိုညွှန့်အောင်က ဆက်လက်၍-


"ခု သူက ခေါင်းဆောင်လုပ်ပြီး မြွေဖမ်းရမှာဆိုတော့ သူက ဦးခေါင်းပိုင်းကို ကိုင်ရတော့တာပေါ့၊ မြင်သာမြင်ဖူးပြီး မသင်ဖူးတဲ့ပညာနဲ့ သွားလုပ်တော့ ခုလိုဖြစ်သွားရတာပေါ့ဗျာ"

လူအများက ကိုညွှန့်အောင်၏စကားကို ငြိမ်သက်စွာ နားထောင်နေကြလေသည်။ ကိုညွှန့်အောင် စကားရပ်သွားသည်အထိ ငြိမ်သက်နေဆဲ ဖြစ်သည်။ သည်တော့မှ သိန်းမင်း၏အမေသည် ပြောရင်းဆိုရင်းဖြင့် ထငိုလေတော့၏။

"ဟင်း ...ပညာတစ်ပိုင်းနဲ့ ထင်ရာစိုင်းတဲ့ကောင်၊ ခုတော့ ဒုက္ခလှလှကြီးတွေ့ပြီမဟုတ်လား ဟင့် ဟင့် ဟင့်"

ထို့နောက် ရွာသူရွာသားများလည်း သိန်းမင်း၏ ရုပ်ကလာပ်ကို စနစ်တကျပြင်ပေးလိုက်ကြတော့သည်။

**⇨ တင်နိုင်ဝင်း (ထမင်းဈေး)**




Happy Time ကလေးရုပ်စုံစာစောင် လစဉ် မှာယူဖတ်ရှုလိုသူများ
ဆုံပြည့်ရုံထွန်းစာပေ
အမှတ် (၅၁၈/၅၁၂)၊ (၂-ခ) လွှာ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းဒေါင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃